
သက်မှူးသူဇာ
အောင်ခန့်
The Celtic Princess
By
John Macford Morgan
ဒုတိယအကြိမ်

စာအုပ်အမှတ် ( ၁၉၂ )

**Quality Publishing House**

အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၇၀၆၄၁၄၊ ၃၈၃၆၆၄၊ ၂၈၂၆၀၄။

## — ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## — ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## — နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## — စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## — လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အောင်ခန့်

# သင်္ကပူးမူဇ

# THE CELTIC PRINCESS

by John Macford Morgan

စာမူခွင့်ပြုချက်အမှတ် - ၁၃၂၁ /၂၀၀၃ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၆ /၂၀၀၄ (၂)

❖

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် - (၂၀၀၇၊ အောက်တိုဘာလ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - ကိုဆန်း
ကွန်ပျူတာစာစီ - ***Quality***
အတွင်းဖလင် - ***Quality***

❖

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြို) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၁၀၀၀ - ကျပ်



## ဆရာ အောင်ခန့်

၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက် (ဗုဒ္ဓဟူးနေ့) တွင် ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာ၌ အဖဦးအောင်သန်းခင်၊ အမိ ဒေါ်သန်းကြည်တို့မှ မွေးဖွားသည်။ အမည်ရင်းမှာ ဝင်းမြင့်၊ ဝင်းဆွေ ဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပဲခူးမြို့အစိုးရအထက်တန်းကျောင်းက ဖြေဆိုအောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်ပညာသင်ယူဆည်းပူးရာ၊ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်း အပိုင်း (ခ) ၌ 'မြန်မာစာပထမ' ရရှိပြီး၊ ၁၉၅၉ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်၌ သာဒိုးအောင်ဆုကို တက်ရောက်ယူရသည်။

၁၉၆၀ ပြည့်နှစ်၊ မတ်လတွင် ဝိဇ္ဇာ (အထွေထွေဂုဏ်ထူးတန်း) ကို ဒုတိယတန်း၊ ပထမဆင့်မှ အောင်မြင်ပြီး မော်လမြိုင်ကောလိပ် မြန်မာစာဌာနတွင် နည်းပြဆရာအဖြစ် စတင် အမှုထမ်းသည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်ဆေးတက္ကသိုလ် (၂)၊ မြန်မာစာဌာန၌ လက်ထောက်ကထိကနှင့် ဌာနမှူးတာဝန်ကို ထမ်းဆောင်သည်။ ၁၉၇၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (အရည်အချင်းလိုက် ပထမ) ရရှိသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် မြစ်ကြီးနားဒီဂရီကောလိပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

Quality Publishing House

၁၉၈၀ ပြည့်နှစ် မတ်လတွင် ပညာရေးဝန်ကြီးဌာန၏ ရွေးချယ်စေလွှတ်ချက်အရ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တော် နိုင်ငံခြားဘာသာသိပ္ပံကျောင်း၌ မြန်မာစာပေပညာရှင် (ဧည့် - ပါမောက္ခ) အဖြစ် ၂ နှစ် တာဝန်ထမ်းဆောင်သည်။

၁၉၈၆ ခုနှစ် မတ်လတွင် ကထိကနှင့် ဌာနမှူးအဖြစ် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) တွင် တာဝန်ထမ်းဆောင်သည်။

အဝေးသင်တက္ကသိုလ် စတင်တည်ထောင်သောအခါ၌ ကထိကနှင့် မြန်မာစာဌာနမှူးတာဝန်ကို ၁၉၉၂ ခု၊ မေလတွင် ပြောင်းရွှေ့တာဝန်ယူရသည်။

၁၉၉၃ ခု၊ နိုဝင်ဘာလတွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌၊ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာဌာနမှူး တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ဆန်းတွင် အငြိမ်းစားယူသည်။

ယခုအခါ မြန်မာစာကျွမ်းကျင်သူအဖြစ် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ ဆက်လက်တာဝန်ထမ်းဆောင်ပြီး၊ မြန်မာစာပါရဂူ သင်တန်းသားများအား စာပေပို့ချလျက်ရှိသည်။

၁၉၅၉ ခု မတ်လတွင် စာပေစတင်ရေးသားသည်။ စာပေရေးသားရာ၌ မြန်မာစာပေ၊ မြန်မာယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ စာအုပ်များကို **တက္ကသိုလ်ဝင်းမွန်** ကလောင်အမည်ဖြင့် ရေးသားသည်။ ၁၉၆၈ ခုနှစ်တွင် ရေးသားသော **ခေတ်သစ်ကဗျာမိတ်ဖွဲ့** စာအုပ်ဖြင့် အမျိုးသားစာပေ၊ စာပဒေသာဆုကို ရရှိခဲ့သည်။

ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ရာ၌ **အောင်ခန့်** ကလောင်အမည်ဖြင့် မြန်မာပြန်သည်။ ၁၉၆၈ ခုနှစ်တွင် ဆာဝေါလတာစကော့၏ Quentin Durward ဝတ္ထုကို **ရဲသွေးနီနီ** အမည်ဖြင့် မြန်မာပြန်ရာ၊ ထိုဘာသာပြန်ဝတ္ထုဖြင့် ၁၉၆၈ ခုနှစ်၊ အမျိုးသားစာပေ၊ ဘာသာပြန်စာပေဆုကို ရရှိခဲ့သည်။

အောင်ခန့် ကလောင်အမည်ဖြင့် ဆာ ရိုက်ဒါဟက်ဂတ် ဝတ္ထုအမြောက်အမြားနှင့် အခြားကမ္ဘာ့ဝတ္ထုဆရာကြီးများ၏ ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို မြန်မာပြန်ခဲ့သည်။

# မြန်မာပြန်သူ၏ အမှာ

ဆာရိုက်ဒါဟာတ်ဂတ်၏ **အလန်နှင့်ရှေးဘာဝ** ဒုတိယစာအုပ်ကို မြန်မာပြန်အပြီး၊ အာဖရိကတိုက် တောင်ရိုဒီးရှားပြည် ဇမ်ဘာဘွေမြို့တော်ကြီး တိမ်ကောပျက်စီးသွားရခြင်းအကြောင်းရင်းကို အဆန်းတကြယ် ရေးဖွဲ့ထားသည့် ဆာရိုက်ဒါဟာက်ဂတ်၏ **သမုဒယသူဇာ** ဝတ္ထုကို မြန်မာပြန်ရန် ကြိုးပမ်းအားထုတ်နေဆဲ၊ ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် လမ်းဘေးစာအုပ်အဟောင်းဆိုင်မှ ရာဇဝင်စွန့်စားခန်းဝတ္ထုတစ်အုပ်ကို ဝယ်ယူရရှိခဲ့ပါသည်။ ထိုဝတ္ထုအမည်မှာ The Celtic Princess ဖြစ်ပြီး၊ ဝတ္ထုဆရာမှာ **ဂျွန်မက်ဖို့ မော်ဂင်** ဖြစ်ပါသည်။ နယူးယောခ်မြို့ နယူးအမေရိကန် စာကြည့်တိုက်မှ ထုတ်ဝေသော A Signet Book (တံဆိပ်တော် စာအုပ်တစ်အုပ်) ဖြစ်ပြီး၊ ၁၉၅၉ ခု ဩဂုတ်လက ပထမအကြိမ်ထုတ်ဝေကြောင်း သိရှိရပါသည်။

ထိုဝတ္ထုကို ရရှိပြီး မကြာမီ ဖတ်ရှုကြည့်ရာ ‘အလက်ဇန္ဒာ ဒူးမတ်၊ ဆာဝေါ့လတာ စကော့၊ ဆာရိုက်ဒါဟာက်ဂတ်’တို့၏ ဝတ္ထုကြီးများကဲ့သို့ ဇာတ်အိမ်ဇာတ်လမ်း ခမ်းနားထယ်ဝါပြီး စိတ်ဝင်စားဖွယ်ကောင်းလှကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း နောင်အလျဉ်းသင့်သော တစ်နေ့တွင် မြန်မာပြန်ရန် ရည်သန် ဆုံးဖြတ်ထားခဲ့ပါသည်။

တကယ့်တကယ် မြန်မာပြန်ရန် ထပ်မံဖတ်ရှုသောအခါ၌ ရှေးဟောင်း ဗြိတိန်ရာဇဝင် သမိုင်းနောက်ခံဝတ္ထုဖြစ်၍၊ မြန်မာပြန်မည့်သူသည် ရှေးဟောင်း ဗြိတိန်ရာဇဝင် သမိုင်းကို အတော်အသင့်လေ့လာထားဖို့ လိုကြောင်းတွေ့ရှိရပါသည်။ ဝတ္ထု၌ ဖော်ပြထားသော မြို့ရွာဒေသ အမည်များဖြစ်၍ ယခုခေတ်ကာလ အခေါ်အဝေါ်နှင့် တည်နေရာအရပ်ဒေသတို့ကို သိရှိ

ထားဖို့လိုကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း မြန်မာမပြန်ခင် သက်ဆိုင်ရာ စာအုပ်စာတမ်းများကို ရှာဖွေလေ့လာ ဖတ်ရှုရပြန်ပါသည်။ ရှေးဟောင်းမြေပုံစာအုပ်ကြီးများကို လှန်လှောကြည့်ရှု လေ့လာရပြန်ပါသည်။

ထိုသို့ ရှာဖွေလေ့လာဖတ်ရှုသော စာအုပ်စာတမ်းများအနက် အမေရိကန်ပြည်၊ မေရီလင်းတက္ကသိုလ်က 'ဒေးဗစ် ဂရင်းဝု' ပြုစုသော **အင်္ဂလန်သမိုင်း** (၁၉၆၇) စာအုပ်နှင့် အင်္ဂလန်ပြည်၊ ကင်းဘရစ်တက္ကသိုလ်က 'ဂျော့မက္ကောလေး ထရီဗဲယန်း' ပြုစုသော **အင်္ဂလန်သမိုင်း** (၁၉၂၆) စာအုပ်တို့သည် ကြီးစွာသော အထောက်အကူပေးသည့် စာအုပ်များ ဖြစ်ကြပါသည်။

ထိုစာအုပ်များ၏ ကျေးဇူးကြောင့်လည်း ချောချောမောမော မြန်မာပြန်နိုင်ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် 'ဂျော့မက္ကောလေး ထရီဗဲယန်း' ပြုစုသော **အင်္ဂလန်သမိုင်း**တွင် အလွန်ရှားပါးပြီး အသုံးဝင်လှသည့် 'ကဲ့နှင့် ရောမဗြိတိန်' မြေပုံပါ ပါရှိပါသည်။

'ဂျူးလီးယက်ဆီဇာ' လက်ထက် ဘီစီ ၅၅ ခုနှစ်မှစ၍ ဗြိတိန်ကျွန်းကြီးကို နှစ်ပေါင်း ငါးရာနီးပါးမျှ ရောမတို့ စိုးမိုးအုပ်ချုပ်ခဲ့ပြီး၊ အေဒီ ၄၁၀ တွင်မှ ရောမတို့ အာဏာစက် ပျက်ပြယ်ဆိတ်သုဉ်းသွားခဲ့ပါသည်။ ဤ **သက်မွှေးသူစာ** ဝတ္ထုသည် ထိုအချိန်ကာလတွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သော အဖြစ်အပျက် အခြေအနေများအကြောင်းကို စိတ်ဝင်စားစဖွယ် သင်ခန်းစာယူဖွယ် ရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ထို့ကြောင့် ရှေးဟောင်း ရာဇဝင်စွန့်စားခန်းကို နှစ်သက်စွဲမက်ကြသော စာဖတ်ပရိသတ်တို့သည် ဤဝတ္ထုကိုလည်း နှစ်သက်စွဲမက်ကြလိမ့်မည်။ သမိုင်းရာဇဝင်ဆိုင်ရာ ဗဟုသုတအချို့ကို ဖတ်ရှုမှတ်သားရရုံမျှမက လူ့သဘော လူ့သဘာဝဆိုင်ရာ ဘဝသင်ခန်းစာ အချို့ကိုပါ ခံစားရယူကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။

**အောင်ခန့်**

၁၉၇၅ခု၊ ဇန်နဝါရီလ၊ ၁၀ရက်။



ပစ်ဒေသ
အင်တိုးနီးယပ်တံတိုင်း
ဟာဒရီယန်တံတိုင်း
အီဗိုရာကမ်
တာရာ
အိုင်ယာလန်
လင်ဒမ်း
ဒေဝ
ရတေး
ကာမူးလိုဒူနန်း
ဂလီဗမ်
ဗီရူလာမီယမ်
အစ်ကာ
လန်ဒီးနီးယမ်း
ဒေါ်နိုဗာရီးယား
နိုဗီအိုမာဂတ်

# ၁

# ယဇ်ပလ္လင်ထက်ဝယ်

ပြာလဲ့ကြည်စင်သော ကောင်းကင်ပြင်ထက်၌ တိမ်မျှင်ဖွေးဖွေးတို့သည် ဟိုတစ်စသည်တစ်စ လွင့်မျောနေပြီး နေရောင်ခြည်သည်လည်း ဝင်းပပူနွေးနေပေသည်။ ထိုသို့ကြည်နူးဖွယ်ကောင်းလှသော အချိန်အခါသမယမျိုးတွင် လူသားတစ်ဦးအနေနှင့် လောကလူ့ဘုံကို စွန့်ခွာရန် လုံးဝမသင့်တော်ပါပေ။ သို့သော် အကျွန်ုပ် **မားကပ် ဩရီယပ် ဗာရီယမ်**ကား လောကလူ့ဘုံကို စွန့်ခွာသွားရတော့မှာပါတကား။

ကျွန်ုပ်၏ အဝတ်အစားအားလုံးကို ချွတ်ပြီးလျှင် ဝက်သစ်ချပင်ကြီးအောက်ရှိ ကျောက်သားယဇ်ပလ္လင်ထက်၌ ကျွန်ုပ်ကို တင်ကာ မလှုပ်သာမလွန့်သာအောင် လက်နှင့်ခြေတို့ကို သားရေကြိုးတို့ဖြင့် အခိုင်အခံ့ တုပ်နှောင်ထားခဲ့ကြပေပြီ။ ထို့ပြင် ယဇ်နတ်ဆရာကြီးသည်လည်း ကျွန်ုပ်၏ ရင်ကိုခွဲကာ အသည်းနှလုံးတို့ကို ထုတ်ယူရန်အတွက် ငွေဓားမြှောင်ကို ပင့်မြှောက်ထားရင်း ဂါထာမန္တန်တို့ကို တတွတ်တွတ်ရွတ်ဖတ်နေပေပြီ။

ကျွန်ုပ်သည် စစ်ပွဲ၌ မွေ့လျော်သော ယောကျ်ားကောင်းတစ်ယောက်ဖြစ်၍ ရောမတပ်မတော်ကြီးတွင် ဝင်ရောက်အမှုထမ်းခဲ့ရာမှ တိုင်းအတည်တည်ပြည်အစိုစို မြို့အခန်းခန်းသို့ အနှံ့အပြားလှည့်လည်ရောက်ရှိခဲ့ပါ၏။ တိုက်ပွဲပေါင်း ရာထောင်ချီပြီး ပါဝင်တိုက်ခိုက်ခဲ့ပါ၏။ သို့သော် ကျွန်ုပ်ကား မည်သည့်အခါတွင်မှ ဒဏ်ရာအနာတရ ကြီးကြီးကျယ်ကျယ်မရခဲ့ပေ။ သို့သော် ယခုအခါ၌ကား ကျွန်ုပ်ကို ကူညီစောင့်ရှောက်နေခဲ့ကြသော **ကလိုသို့၊ လာချီစစ်၊ အက်**

တရိုပို့ အမည်နာမရှိကြသည့် နတ်ဒေဝီသုံးပါးတို့သည် ကူညီစောင့်ရှောက်ခြင်း မပြုကြဘဲ မျက်နှာလွှဲနေကြယောင်တကား။ ကျွန်ုပ်ကား ယဖ်နတ်ဆရာကြီး၏ ဓားချက်ကြောင့် လောကလူ့ဘုံကို အပြီးတိုင် စွန့်ခွာသွားရတော့မှာပါတကား။

၁၁၀ (ယခု ချက်စတာနယ်) တောင်ကုန်းများဘက်မှ တသုန်သုန် ဆော်သွေးတိုက်ခတ်လာသော လေပြေအေးကြောင့် ယဖ်နတ်ဆရာကြီး၏ မုတ်ဆိတ်ဖြူကြီးနှင့် ဝတ်ရုံဖြူကြီးသည် တဖျတ်ဖျတ်လွင့်ခါလျက်ရှိ၏။ ယဖ်နတ်ဆရာကြီးကား ကျွန်ုပ်ကို စိန်းစိန်းကြည့်ရင်း ဂါထာမန္တာန်တို့ကို တတွတ်တွတ် ရွတ်နေရာမှ လက်တွင်းရှိ ငွေဓားမြှောင်ဖြင့် ကျွန်ုပ်နှလုံးသားကို တည့်တည့် မတ်မတ်ကြီး ချိန်ရွယ်လျက်ရှိ၏။ ထို့ကြောင့် ပြောင်လက်နေသော ငွေ ဓားမြှောင်ပေါ်တွင် အနီးဝန်းကျင်ရှိ ဝက်သစ်ချပင်တို့၏ အရိပ်သည် ထင်း ထင်းကြီး ထင်နေပေ၏။ ဤဝက်သစ်ချပင်တို့အား ယဖ်နတ်ဆရာကြီးတို့ အလေးအမြတ်ထားသော သစ်ပင်ကြီးများဖြစ်၍ ဝက်သစ်ချတောအုပ်အတွင်း၌ ယဖ်နတ်ဆရာကြီးတို့သည် မိမိတို့ ကိုးကွယ်ယုံကြည်နေသော **ဘားလ်** နတ် မိစ္ဆာကြီးကို လူသား အရှင်လတ်လတ်၏ အသည်းနှလုံးကို ထုတ်ပြီး ယဖ်ပူဇော် ပသလေ့ရှိကြပေသည်တကား။

ကျွန်ုပ်သည် ထိုသို့ တွေးတောမိရာမှ အကြောက်အကန် အပြင်း အထန် ရုန်းကန်လိုက်မိသည်။ ထိုအခါ ခြေနှင့်လက်တို့ကို အခိုင်အခံ့တုပ်နှောင် ထားသော သားရေကြိုးတို့ကြောင့် ခြေနှစ်ဖက်နှင့် လက်နှစ်ဖက်တို့သည် ပွန်းပဲ့ ကာ သွေးတို့ တသွင်သွင် စီးကျလာသည်။ သို့သော် သားရေကြိုးကား ပြတ် ထွက်မည့် အရိပ်အယောင်မျှပင် မပေါ်ချေ။ ထို့ကြောင့် ကျွန်ုပ်လည်း ဆက် လက် ရုန်းကန်ခြင်းမပြုတော့ဘဲ စိတ်ပျက်ပျက်နှင့် ငြိမ်သက်နေလိုက်မိ၏။

ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ အသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ထို့ပြင် ကျောက်တုံးကျောက်ခဲများပေါ်သို့ တရကြမ်းဖြတ်သန်းပြီး တဟုန်ထိုး မောင်းနှင်လာသော မြင်းရထားသံတို့ကိုလည်း ကြားလိုက်ရသည်။ ကျွန်ုပ် နည်းတူပင် ထိုအသံတို့ကို ကြားလိုက်ဟန်ဖြင့် ယဖ်နတ်ဆရာကြီးသည် ဂါထာ မန္တာန်တို့ကို ပြီးဆုံးသွားရလေအောင် ခပ်လောလော ရွတ်ဆိုနေသည်။ ဂါထာ မန္တာန်ဆုံးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ ရင်ကိုခွဲကာ အသည်းနှလုံးကို ထုတ်ယူရန် ရည်ရွယ်ဟန်ဖြင့် ငွေဓားမြှောင်ကိုလည်း အပေါ်သို့ ပင့်မြှောက် လိုက်သည်။

ထိုအခိုက်တွင်ပင် ကျွန်ုပ်တို့အပါးသို့ မြင်းနှစ်ကောင်စီး ကထားသော ရထားနှစ်စင်းသည် ဝုန်းခနဲ ထိုးဆိုက်လာသည်။

မြင်းရထားတစ်စီးကား ဗြိတိန်ကျွန်းသား လူမျိုးစုများဖြစ်သော ကဲ့

(Celt) လူမျိုးနွယ်ဝင် **အိုက်နီ** (Iceni) လူမျိုးစုဘုရင်၏ မြင်းရထားကြီးဖြစ်ပြီး၊ သူရိယနေမင်း၏ တံဆိပ်ကို ရေးခြယ်ထားသည်။ အခြားမြင်းရထားကား မည်သည့်တံဆိပ် အမှတ်အသားကိုမှ မရေးခြယ်ထားဘဲ၊ ဆေးဖြူတို့ဖြင့်သာ ဆွတ်ဆွတ်ဖြူနေအောင် ရေးခြယ်ထားသည်။

သူရိယနေမင်းတံဆိပ်ကို ရေးခြယ်ထားသော မြင်းရထားထက်မှ ကဲ့ လူမျိုးစုဘုရင်လည်း ရထားထိုးဆိုက်ဆိုက်ချင်း

"တဲတိန်း၊ ဆိုင်းပါဦး ဆိုင်းပါဦး"ဟု အော်ဟစ်ပြောကြားလိုက်ရာ ယဇ်နတ်ဆရာကြီး တဲတိန်းသည် အသာသက်ပြင်းချလိုက်ပြီးနောက် ကျွန်ုပ်၏ မျက်နှာကို ငုံ့ကြည့်ရာမှ

"ကဲ့ဘုရင် **ကာရာနေ့** ပါကလား။ အင်း . . . ရှေးအခါသမယတုန်းကတော့ ငါတို့ ယဇ်နတ်ဆရာကြီးတွေက ဗြိတိန်ကျွန်းက လူမျိုးစုဘုရင်တို့ကို အမိန့်ပေးခဲ့ကြရတယ်။ အခုတော့ ငါတို့တတွေက အမိန့်ပေးတာကို ပြန်ပြီး နာခံနေရပါပကော"ဟု ခပ်တိုးတိုး မကျေမနပ် ရေရွတ်လိုက်သည်။ ထို့နောက် ငွေဓားမြှောင်ကို ဓားအိမ်အတွင်း ပြန်သွင်းကာ မိမိအပါးသို့ လျှောက်လာသော ယောကျ်ားကြီးနှင့် မိန်းမချောလေးတို့ဘက်သို့ အသာမျက်နှာမူလိုက်သည်။

ကဲ့ဘုရင် ကာရာနေ့ကား သားမွေးစစ်အင်္ကျီကို ဝတ်ဆင်ထားပြီး၊ လည်ပင်း၌ ဝက်ဝံလက်သည်းတို့ကို ဖောက်သီထားသော လည်ဆွဲကို ဆင်မြန်းထားသည်။ ခါးတွင် ငွေပြားခါးပတ်ကို ပတ်ထားပြီး၊ ဓားမြှောင်တစ်လက်ကို ချိတ်ဆွဲထားသည်။ ထို့ပြင် သိုးမွေးခြေအိတ်ကြီးကိုလည်း ဒူးဆစ်ရောက်သည်အထိ ဝတ်ဆင်ထားသည်။ ဘုရင်ကာရာနေ့၏ ဆံပင်မှာ အညိုရောင်ဖြစ်ပြီး၊ တိုက်ပွဲခိုက်ပွဲများ၌ အနှောင့်အယှက်မဖြစ်ရလေအောင် နောက်ဖက်၌ စုထုံးထားသည်။

ကျွန်ုပ်ကား ဘုရင်ကာရာနေ့ကဲ့သို့သော လူမျိုးစုခေါင်းဆောင်များ၊ ဘုရင်များကို မြောက်ဘက် **'အင်တိုးနီးယပ်တံတိုင်း'** (ယခု စကော့တလန်နှင့် အိုင်ယာလန် မြောက်ပိုင်းဒေသ) အံလွန်တွင် တည်ရှိသော ပစ် (Picts) လူမျိုးတို့ ဒေသတွင် တွေ့ဖူးမြင်ဖူးပြီးသား ဖြစ်ပါ၏။

ခရစ်သက္ကရာဇ် ၄၁၀ ပြည့်နှစ်ဖြစ်သော ဤအချိန် ဤအခါ၌ ဗြိတိန်ကျွန်းတွင် လူမျိုးစုပေါင်းအမြောက်အမြားရှိပြီး၊ လူမျိုးစုအသီးသီး၌လည်း ကိုယ့်ခေါင်းဆောင်နှင့်ကိုယ်၊ ကိုယ့်အကြီးအကဲနှင့်ကိုယ်၊ ကိုယ့်ဘုရင်နှင့်ကိုယ် ဖြစ်နေကြသည်။ သူတစ်လူငါတစ်မင်း ဖြစ်နေကြပေသည်။

ကာရာနေ့ကဲ့သို့သော လူမျိုးစုဘုရင်တို့ကို ကျွန်ုပ်တွေ့ဖူးမြင်ဖူးသော်လည်း ထိုယောကျ်ားကြီး၏နောက်ဘက်မှ ကပ်ပြီးလျှောက်လာသည့် မိန်းမချော

လေးကဲ့သို့သော လူမျိုးကိုမူ မတွေ့ဖူးမမြင်ဖူးပါပေ။ မိန်းမချောလေးကား ဆွတ်ဆွတ်ဖြူနေသော လက်တိုအကျႌကို ဝတ်ထားပြီး၊ ရွှေကြယ်သီးများ စီခြယ်ထားသော ဝတ်ရုံနီကို လွှမ်းခြုံထားသည်။ ဆံပင်တို့မှာ နက်မှောင်နေပြီး၊ ရွှေဆံထိုး ရွှေဆံကျင်တို့ ထိုးထားပေသည်။ ထို့ပြင် ပြည့်ဖြိုးဝင်းမှည့်နေသော လက်မောင်းကစ်ကစ်လေး တွင်လည်း ရွှေလက်ကြပ်ကို ဆင်မြန်းထားသည်။ မိန်းမချောလေး၏ မျက်လုံးအစုံမှာ ပြာလဲ့နေပြီး မာန်မာနကြီးသည့်အသွင်ဖြင့် တလက်လက်တောက်ပနေသည်။

ကျွန်ုပ်၏ အပါးသို့ ရောက်သောအခါ မိန်းမချောလေးလည်း ကျွန်ုပ်၏ ဖုထစ်ထွားကျိုင်းပြီး အချိုးအဆစ်ပြေပြစ်လှသည့် ကိုယ်ခန္ဓာကြီးကို ရှက်ရွံ့ခြင်းလုံးဝကင်းသော အမူအရာဖြင့် ငေးမောစူးစိုက်ကြည့်နေသည်။

ထိုအခိုက်တွင် ယဇ်နတ်ဆရာကြီးလည်း ဘုရင်ကာရာနေ့ကို လှမ်းကြည့်ရင်း

"အရှင်ရဲ့ စစ်သားတွေက ဟောဒီရောမကောင်ကို **လန်ဒီးနီးယမ်း** (ယခု လန်ဒန်) မြို့တော်ကို ဦးတည်ပြီး ချီတက်နေတုန်း **ရတေး** (ယခု လီစက်စတာ) မြို့အနားမှာ ဖမ်းမိလာခဲ့ပါတယ်။ ဒီရောမကောင်ရဲ့ အသည်းနှလုံးကို ထုတ်ပြီး ဘားလ်နတ်မင်းကြီးကို ပူဇော်ပသရင်း အရှင့်အကြံအစည်တော် အောင်မြင်နေကြောင်း ဆုမွန်ကောင်းတောင်းမလို့ ကျုပ်စီမံနေတာပါ"ဟု ပြောကြားရာ၊ ကျွန်ုပ်၏ အပါးသို့ လျှောက်လာသော ဘုရင်ကာရာနေ့က

"ဆရာကြီးရဲ့ လုပ်ငန်းကို ကျုပ်မနှောင့်ယှက်ချင်ပါဘူးဗျာ၊ ဒီရောမကောင်ရဲ့ အသည်းနှလုံးကို ထုတ်ပြီး ဘားလ်နတ်မင်းကြီးကို ပူဇော်ပသတာကိုလည်း ကျုပ်မြင်ရှေ့ရှက်ရှေ ကြည့်ချင်တဲ့စိတ်ရှိပါတယ်။ ဒါပေမဲ့ အီဒိန်း ကြောင့် အခုလိုဝင်ပြီး ဆရာကြီးကို တားဆီးရတာပါ"

ဟု ပြောကြားလိုက်သည်။

ထိုအခါ ယဇ်နတ်ဆရာကြီးက

"အီဒိန်းဆိုတာ အရှင့်ရဲ့ ညီမတော် မဟုတ်လား"ဟု မေးလိုက်ရာ၊ ဘုရင်ကာရာနေ့က

"ဟုတ်ပါတယ် ဆရာကြီး။ လွန်ခဲ့တဲ့ သုံးရက်မြောက်ညမှာ ရောမစစ်သည်တစ်စုဟာ **ရိုလီဗမ်** မြို့အနီးမှာ ရှိနေကြတဲ့ ကျုပ်တို့ လူမျိုးစုတွေကို အလစ်ဝင်ပြီး တိုက်ပါတယ်။ ပြီးတော့ ညီမတော်လေးကိုလည်း ဖမ်းဆီးသွားခဲ့ကြပါတယ်။ ရောမစစ်သည်တွေဟာ ညီမတော်လေးကို သူတို့ရဲ့ လန်ဒီးနီးယမ်း မြို့တော်ကို ဖမ်းဆီးသွားပြီး ကျွန်အဖြစ် လေလံတင် ရောင်းချကြလိမ့်မယ်ဆိုတဲ့ သတင်းကို မကြာမီကပဲ ကြားသိခဲ့ရပါတယ်"ဟု ပြောကြားလိုက်သည်။

ထို့နောက် အပါးရှိ မိန်းမချောလေးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ၊ မိန်းမချောလေးက ကျွန်ုပ်ကို စိတ်ဝင်စားစွာ ငေးမော စူးစိုက်ကြည့်နေသည်ကို တွေ့မြင်သွားသည်။ ထိုအခါ ဘုရင်ကာရာနေ့၏ မျက်နှာလည်း အလိုမကျဟန်ဖြင့် ညိုပုပ်သွားရာမှ ဒေါသတကြီး ရေရွတ်ကြိမ်းမောင်းလိုက်သည်။ သို့သော် မိန်းမချောလေးက မည်သို့မှ အမှုမထားဟန်ဖြင့် ကဲ့ဘုရင်ကို ပြုံးစိစိဖြင့် လှမ်းကြည့်လိုက်သည်။ ထို့နောက် ကျွန်ုပ်ကို စိတ်ဝင်စားသော အမူအရာဖြင့် ထပ်မံစိုက်ကြည့်နေပြန်ရာ၊ ကျွန်ုပ်လည်း မိန်းမချောလေး၏ ပြာလဲ့ရွှန်းလက်နေသော မျက်လုံးအစုံကို အတန်ကြာအောင် ရွှန်းရွှန်းစားစား စိုက်ကြည့်လိုက်သည်။

ထိုအခိုက်တွင် မိန်းမချောလေးက

"ကာရာနေ့ရယ်၊ ကျွန်မဖြင့် ရောမတွေကို တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ အခုအကြိမ်ဟာ ပထမဆုံးအကြိမ် တွေ့မြင်ရတာပဲ"ဟု ပြောကြားလိုက်ရာ၊ ကာရာနေ့က

"ရောမကောင်တွေဟာ ကျုပ်တို့လူမျိုးတွေနဲ့ ဘာမှမထူးပါဘူး၊ အေး . . . ဒါပေမဲ့ တစ်ခါတစ်ခါမှာတော့ ဒီရောမကောင်တွေမှာ အသည်းနှလုံး ရှိရဲ့လားလို့ ကျုပ်တွေးတွေးနေမိတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ မိန်းမချောလေးက

"အသည်းနှလုံး ရှိသလား မရှိသလားတော့ ကျွန်မမသိဘူးလေ။ ဒါပေမဲ့ ဟောဒီ ရောမလူချောကြီးကို ထောက်ချင့်ရင်တော့ ရောမတွေဟာ ရင်အုပ်ကျယ်ပြီး ခန္ဓာကိုယ်အချိုးအဆစ်ပြေပြစ်ကျနတယ်၊ ကြံ့ခိုင်တောင့်တင်းတယ်လို့ ဆိုချင်ပါတယ်။ ဒီလူတစ်ယောက်ကို ယဇ်ပူဇော်ပစ်တာဟာ အတော့်ကို နှမြောစရာကောင်းလှပါတယ်ရှင်"ဟု ပြန်ပြောလိုက်ရာ၊ ကာရာနေ့လည်း မကျေမနပ်ဖြင့် အံကို ကြိတ်လိုက်ပြီးမှ ယဇ်နတ်ဆရာကြီးဘက်သို့ လှည့်ကာ

"ရောမတွေ ဖမ်းမိသွားတဲ့ အီဒိန်းကို ကျုပ်တို့ ဖမ်းမိထားတဲ့ ဟောဒီ ရောမကောင်နဲ့ သုံ့ပန်းချင်း လဲတဲ့အနေနဲ့ လဲရရင်ကောင်းမလားလို့ ကျုပ်တွေးနေတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ယဇ်နတ်ဆရာကြီးက

"အရှင့်အကြံတော်ကတော့ မဆိုးပါဘူး။ ဒါပေမဲ့ ရောမကောင်တွေက အရှင့်ကို သူတို့ မြို့တော်တံတိုင်းအပါးကိုတောင် အကပ်ခံပါ့မလား"ဟု ပြောကြားလိုက်ရာ၊ ကာရာနေ့က

"ဆရာကြီး ပြောတာ ဟုတ်ပါတယ်။ ရောမကောင်တွေက သူတို့ မြို့တော် တံတိုင်းအပါးကိုတောင် ကျုပ်တို့ကို အကပ်ခံမှာ မဟုတ်ပါဘူး။ ဒီတော့ ဟောဒီရောမကောင်ကိုပဲ စေလွှတ်ပြီး ကျုပ်ရဲ့ညီမလေးကို ကျုပ်ဆီ

အရောက်ပြန်ခေါ်ခိုင်းလိုက်ပါ့မယ်။ ကျုပ်ဆီကို ညီမလေး ပြန်ရောက်တဲ့အခါမှာ ဟောဒီရောမကောင်ကို ပြန်လွှတ်လိုက်တာပေါ့"ဟု ပြောကြားလိုက်သည်။

ထိုအခါ ယဇ်နတ်ဆရာကြီးက

"ဒီရောမကောင်ကို အရှင်လွှတ်လိုက်တဲ့အခါမှာ ဒီရောမကောင်က အရှင့်ဆီကို ပြန်လာပါတော့မလား၊ ရောမကောင်တွေမှာ အသည်းနှလုံးမရှိဘူးလို့ ခုတင်က အရှင်မိန့်ကြားခဲ့တယ် မဟုတ်လား"ဟု မေးလိုက်ရာ၊ ကာရာနေ့က

"ရောမကောင်တွေမှာ အသည်းနှလုံးရှိချင်မှ ရှိပါလိမ့်မယ်။ ဒါပေမဲ့ ရောမကောင်တွေဟာ ကတိသစ္စာတော့ အလွန်တည်ပါတယ်။ သူတို့မိရိုးဖလာကိုးကွယ်နေတဲ့ **ဂျူပီတာ** နတ်မင်းကြီးနဲ့ အခုမှစတင်ပြီး ကိုးကွယ်နေတဲ့ **ယေရှု** ခရစ်တော်ကို တိုင်တည်ပြီး ကတိသစ္စာဆိုခိုင်းလိုက်ရင် အဲဒီကတိသစ္စာအတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်မှာ သေချာတယ်"ဟု ပြောကြားပြီးနောက် ကျုပ်ဘက်သို့ လှည့်ကာ

"ကျုပ်ပြောတဲ့ စကားကို နားလည်ပါသလား ရောမကြီး"ဟု မေးလိုက်သည်။

ကျွန်ုပ်ကား ရောမစစ်သေနာပတိ **ဖလားဗီယပ် စတီလီချို**၏ လက်အောက်တွင် အမှုထမ်းစဉ်ကာလ၊ လွန်ခဲ့သော ဆယ်နှစ်ကပင် ဘုရင်ကာရာနေ့ပြောကြားသော လက်တင်ဘာသာစကားနှင့်အခြားသော လူမျိုးစုဘာသာစကားတို့ကို လေ့လာတတ်မြောက်ပြီးဖြစ်ပါ၏။ ထို့ပြင် ကျုပ်ငယ်စဉ်တောင်ကျေးကလေးဘဝက ဆက်ဆွန်ကမ်းရိုးတန်း မြို့ကြီးတစ်မြို့ဖြစ်သော ကာမူးလိုဒူနန်း (ယခု–ကလိုချက်စတာ) မြို့ကြီး၌ မွေးဖွားကြီးပြင်းခဲ့ရုံမက ကျွန်ုပ်၏ ဖခင်မှာလည်း ထိုဒေသ၏ 'နယ်စားကြီး'တစ်ဦးဖြစ်လေရာ၊ ကျွန်ုပ်မှာ ဗြိတိန်ကျွန်းသားလူမျိုးစုများတို့၏ ဘာသာစကားအမျိုးမျိုးတို့နှင့် ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်ပါ၏။ ထို့ကြောင့်လည်း ကျွန်ုပ်က ဘုရင်ကာရာနေ့အား

"ကျုပ်အပေါ်မှာ အခုလို ထောက်ထားညှာတာတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ဗျာ။ ခင်ဗျားရဲ့ အလိုဆန္ဒတော်အတိုင်း မင်းသမီးလေး အီဒိန်းကို လန်ဒီးနီးယမ်းမြို့တော်မှာသွားပြီး မတွေ့တွေ့အောင် ရှာခဲ့ပါ့မယ်။ ပြီးတော့ ခင်ဗျားဆီကို ဘေးမသီရန်မခဘဲ ချောချောမောမော ရောက်ရှိလာအောင် ဆောင်ကျဉ်းပေးပါ့မယ်"ဟု ပြောကြားလိုက်သည်။

ထိုသို့ ကဲ့ဘာသာစကားဖြင့် သွက်သွက်လက်လက် ရည်ရည်မွန်မွန် ပြန်ပြောကြားသည်ကို ကြားရသောအခါ၊ မိန်းမချောလေးလည်း မိမိပြောကြား

ခဲ့သော စကားတို့ကို ကျွန်ုပ်တစ်လုံးမကျန် နားလည်သွားကြောင်း သိရှိသွားသည့်အတွက် ရက်ရွဲ့သွားဟန်ဖြင့် ပါးနှစ်ဖက်၌ သွေးရောင် လွှမ်းသွားတော့သည်။ သို့သော် မိန်းမချောလေးသည် ကျွန်ုပ်ကို ယခင်အတိုင်းပင် စိတ်ဝင်စားစွာဖြင့် ရွှန်းရွှန်းစားစား စိုက်ကြည့်မြဲ စိုက်ကြည့်နေပေသည်။

ထို့နောက်မှ

"ရောမဟာ သူတို့အောင်နိုင်တဲ့ ဒေသက လူမျိုးစုတွေရဲ့ ဘာသာစကားကို ဒုက္ခခံပြီး တတ်မြောက်အောင် သင်ကြားကြလိမ့်မယ်လို့ မထင်ခဲ့ဘူး" ဟု ခပ်တိုးတိုး ပြောကြားလိုက်ရာ၊ ကျွန်ုပ်က

"ကြမ်းတမ်းတဲ့ တောလမ်းခရီးမှာ ရထားဖြူကြီးကို တရကြမ်း မောင်းနှင်လာနိုင်တဲ့ မိန်းမချော မိန်းမလှရဲ့ ချီးကျူးစကားကို ဘယ်လို စကားမျိုးနဲ့ ပြန်ပြောကြားရမှန်းတောင် မသိပါဘူးဗျာ"ဟု ပြောကြားပြီး ပြုံးနေလိုက်မိသည်။

ထိုအခါ မိန်းမချောလေးက ရယ်မောပြီး

"ရှင့်အဖြေကတော့ နားဝင်ချိုပါပေ့"ဟု ပြောကြားပြီးနောက် ဘုရင်ကာရာနေ့အား

"ကာရာနေ့။ ဟောဒီ ရောမကိုလူချောကြီးကို လန်ဒီးနီးယမ်းမြို့တော်ကို စေလွှတ်ဖို့ ဆုံးဖြတ်ပြီးရင် သူ့ရဲ့ ချပ်ဝတ်တန်ဆာတွေနဲ့ ဓားကို ပြန်ပေးဖို့ အချိန်တန်ပါပြီ"ဟု ပြောလိုက်သည်။ ထိုအခါ ကာရာနေ့က မိန်းမချောလေးကို ပြုံးကြည့်ရင်း

"ဟုတ်တယ်။ ဟောဒီ ရောမရဲ့ ချပ်ဝတ်တန်ဆာတွေနဲ့ ဓားကို ကျုပ်အမြန်ဆုံးပြန်ပေးလိုက်ပါ့မယ်။ ဒါကိုမပေးခင်မှာ ဟောဒီရောမရဲ့ ကိုယ်လုံးကိုယ်ထည်ကို မင်းပဲ အရှက်အကြောက်မရှိ တစ်ဝကြီး အားရပါးရ ကြည့်လိုက်စမ်းပါ"ဟု ပြောကြားလိုက်ရာ၊ မိန်းမချောလေးလည်း ပခုံးကို ဟန်ပါပါတွန့်လိုက်ပြီးနောက်၊ ခပ်လှမ်းလှမ်းသို့ ချာခနဲ လှည့်ထွက်သွားသည်။

ထိုအခိုက်တွင် ကာရာနေ့လည်း ခါးမှ ဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီးနောက်၊ ကျွန်ုပ်၏ ခြေနှင့်လက်တို့ကို အခိုင်အခံ့တုပ်နှောင်ထားသော သားရေကြိုးတို့ကို ဓားမြှောင်ဖြင့် ဖြတ်ချလိုက်သည်။ ထို့နောက် ကျွန်ုပ်၏ လက်ကို ဆောင့်ဆွဲကာ ထိုင်ခိုင်းလိုက်ပြီးလျှင် ကျွန်ုပ်၏အတွင်းခံအဝတ်ကို ပစ်ပေးလိုက်သည်။ ထိုအခါ ကျွန်ုပ်လည်း အတွင်းခံအဝတ်ကို ခါးပေါ်သို့ တင်ရင်း ထုံကျင်နေသော လက်ကောက်ဝတ်ကို သွေးလျှောက်စေရန် ပွတ်သပ်ပေးနေမိသည်။

ထိုအခိုက်တွင် လူတစ်ယောက်သည် ချပ်ဝတ်တန်ဆာတို့ကို ယူ

ဆောင်လာပြီး ခြေရင်းဘက်၌ ပစ်ချလိုက်သည်။ ဤတွင် ကျွန်ုပ်လည်း အတွင်းခံအဝတ်ကို ကောက်ဝတ်ပြီးနောက် အပေါ်မှ သားရေအင်္ကျီကို ထပ်ဝတ်လိုက်သည်။ ထို့နောက် အပေါ်မှ သံချပ်အင်္ကျီကို ထပ်ဝတ်လိုက်သည်။ ထို့နောက် ခြေအိတ်ရှည်ကြီးကို ကောက်စွပ်ပြီးလျှင် သားရေဖိနပ်ကြီးကို စီးလိုက်သည်။ ထို့နောက် သားရေခါးပတ်ကို ပတ်ကာ ရောမစစ်ဖက်အရာရှိကြီးများ ကိုင်ဆောင်လေ့ရှိသော ဓားအိမ်ကို ခါးတွင် ချိတ်လိုက်သည်။

ထိုအခိုက်တွင် ဘုရင် ကာရာနေ့သည် ကျွန်ုပ်၏ ဓားရှည်ကြီးကို လက်တွင် ကိုင်ထားရာမှ

"ခင်ဗျားရဲ့ ဓားရှည်ကြီးကို ပြန်မပေးခင်မှာ ခင်ဗျားဆီက ကတိသစ္စာစကားကို ကျုပ်ကြားလိုပါတယ်"ဟု ကျွန်ုပ်ကို စေ့စေ့ကြည့်ရင်းပြောကြားလိုက်ရာ၊ ကျွန်ုပ်က

"ကောင်းပါပြီ။ ဘယ်နတ်ဘုရားတွေကို တိုင်တည်ပြီး ကတိသစ္စာပြုရမယ်ဆိုတာသာ ပြောပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က

"ဘယ်နတ်ဘုရားကို ခင်ဗျားကိုးကွယ်ပါသလဲ"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"ရောမဧကရာဇ် **သီအိုဒိုးစီးယပ်** (အေဒီ ၃၄၆–၃၉၅) လက်ထက်တော်အခါမှာ ရောမအင်ပါယာဟာ ခရစ်ယာန်ဘာသာကို တရားဝင် ကိုးကွယ်လာကြပါတယ်။ ကျုပ်ရဲ့မိခင်ဟာ ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်ပါတယ်။ ကျုပ်ရဲ့ဖခင်ကတော့ နတ်ဘုရားများကို ကိုးကွယ်ဆည်းကပ်မြဲ ဆည်းကပ်နေပါတယ်"ဟု ပြောကြားလိုက်သည်။

ထို့နောက် ယေရှုခရစ်တော်၏ အမည်နာမတော်နှင့် 'မား'စစ်နတ်ဘုရားတို့၏ အမည်နာမတော်တို့ကို တိုင်တည်ပြီး ကတိသစ္စာပြုကာ ကျိန်ဆိုလိုက်ရာ၊ ကာရာနေ့လည်း ကျွန်ုပ်၏ ဓားရှည်ကြီးကို ပြန်ပြီးပေးအပ်တော့သည်။

ထိုအခါ ကျွန်ုပ်က

"ခင်ဗျားရဲ့ ညီမတော်ကို ကျုပ်မရရအောင် အပါဆောင်ကျဉ်းလာခဲ့ပါ့မယ်။ ဒီလိုဆောင်ကျဉ်းလို့ မရရင်တောင် ကျုပ်ဟာ ခင်ဗျားဆီကို အရောက်ပြန်လာခဲ့ပါ့မယ်။ ခင်ဗျား ညီမတော်ဟာ ဘယ်သူ့လက်ထဲမှ မကျရောက်သေးဘဲ ကျွန်ဈေးတန်းမှာပဲ ရှိဦးမယ်ဆိုရင်တော့၊ ခင်ဗျားရဲ့ ညီမတော်ကို တောင်းတဲ့ဈေးနဲ့ ပေးဝယ်ပြီး တစ်ပတ်အတွင်း ဆောင်ကျဉ်းလာပေးပါ့မယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ ညီမတော်ဟာ လူတစ်ဦးတစ်ယောက်ရဲ့ လက်ထဲရောက်သွားပြီး

အဲဒီလူကလည်း ပြန်မရောင်းဘူးလို့ တင်းခံနေကောင်း နေပါလိမ့်မယ်။ ဒီလို ဆိုရင် ခင်ဗျားရဲ့ ညီမတော်ကို ပြန်ရဖို့အတွက် အချိန်အတော်ယူရပါလိမ့်မယ်။ ဒီလိုဆိုရင်တော့ ကျုပ်ကို အချိန်ပေးရလိမ့်မယ်"ဟု ပြောကြားလိုက်ရာ၊ ကာရာ နေ့က အသာခေါင်းညိတ်လိုက်သည်။

ထို့နောက် သူရိယနေမင်းတံဆိပ်ရေးခြယ်ထားသော မြင်းရထားရှိရာ ဘက်သို့ လျှောက်သွားရာမှ ချာခနဲ လှည့်လိုက်ပြီးလျှင်

"မကြာခင် မှောင်ရီသန်းလာလိမ့်မယ်။ ဒီတော့ လန်ဒီးနီးယမ်းကို ချက်ချင်းခရီးဆက်လို့ မသင့်တော်သေးဘူး။ ကျုပ်တို့နဲ့အတူ ဒီမှာပဲ စခန်းချ နားနေကြတာပေါ့။ မနက်စောစောကျမှပဲ လန်ဒီးနီးယမ်းကို ကျုပ်တို့ ခရီးဆက် ကြမယ်"ဟု ပြောကြားသည်။

ထိုအခိုက်တွင် ဘုရင်ကာရာနေ့၏ နောက်လိုက်နောက်ပါများသည် တောအုပ်အတွင်းမှ အိုးများနှင့် အသားခြောက်များကို သယ်ကာ ထွက်လာကြ သည်။ ထို့နောက် ဝက်သစ်ချတောအုပ်အတွင်းရှိ မြေကွက်လပ်တွင် မီးဖိုကာ ချက်ပြုတ်နေကြသည်။

ဤဗြိတိန်ကျွန်းသားများသည် မိမိတို့ကိုယ်ကို မိမိတို့ **အိုက်နီ၊ ဘရီ ဂင်းတစ်၊ ကော်နီဗီး** စသည်ဖြင့် လူမျိုးစု အမည်အသီးသီးမှည့်ထားကြသော် လည်း စားသောက်နေထိုင်မှုနှင့်တကွ ဓလေ့ထုံးစံအတွေးအခေါ်တို့မှာ လူမျိုးစု တစ်စုနှင့်တစ်စု မကွာခြားလှပါပေ။ မတိမ်းမယိမ်းသာ ရှိကြပါပေသည်။ များ သောအားဖြင့် သိုးသားကို နှစ်သက်ပြီး ကိတ်မုန့်ကို ကြိုက်ကြပေသည်တကား။

ဤကဲ့သို့ ဘုရင်ကာရာနေ့နှင့် နောက်လိုက်နောက်ပါများ ချက်ပြုတ် နေကြခိုက်တွင် ဆံပင်နက်နက် မျက်ဝန်းလဲ့ပြာပြာနှင့် မိန်းမချောလေးသည် ထိုအုပ်စုနှင့် လုံးဝ ရောနှောခြင်း မပြုဘဲ မိမိနောက်လိုက်နောက်ပါ တစ်စုနှင့် အတူ ခပ်လှမ်းလှမ်းတစ်နေရာသို့ သွားရောက်ပြီး မီးဖိုနေကြသည်။ ထို့နောက် ကြေးအိုးကြီးတစ်လုံးထဲသို့ ရေအပြည့်ထည့်ပြီးလျှင် အသားခြောက်များ၊ ဟင်း သီးဟင်းရွက်များကို ပစ်ထည့်ပြီး ချက်ပြုတ်နေကြသည်။

မိန်းမချောလေးနှင့် ပါလာကြသော နောက်လိုက်နောက်ပါတို့မှာ တစ်ကျိပ်ကျော်ကျော်သာရှိပြီး လူအားလုံးပင် သန်စွမ်းထွားကျိုင်းကာ ကြံ့ခိုင် တောင့်တင်းလှပေသည်။ ထို့ပြင် ဝတ်စားထားသော အဝတ်အစားမှာလည်း သစ်လွင်တောက်ပပြီး ခမ်းနားထယ်ဝါလှပါပေသည်။ လူအားလုံးပင် ကိုယ် ကြပ်အကျီအဖြူကို ဝတ်ဆင်ထားပြီး၊ အပေါ်မှ အပေါ်ရုံ ဝတ်ရုံစိမ်းကို ဆင်မြန်း ထားကြသည်။ ထိုဝတ်ရုံစိမ်း၌ အနီစင်းများ ရှိနေရုံမက ငွေကြယ်သီးများလည်း

စီခြယ်ထားပေသည်။ ထို့ပြင် အကောင်းစား သားရေခါးပတ်တို့ကို ပတ်ကာ ဓားရှည်ကြီးများကို ချိတ်ဆွဲထားကြသည်။ ထို့ကြောင့် 'ဤလူများ၏ ဝတ်စားတန်ဆာများမှာ ကဲ့လူမျိုးစုတို့ထက် အဆများစွာ သာလွန်ပါပေသည်'ဟုပင် ချီးကျူးပြောဆိုလောက်ပါပေသည်။

ဆံပင်နက်နက် မျက်ဝန်းလဲ့ပြာပြာနှင့် မိန်းမချောလေးသည် ထိုနောက်လိုက်နောက်ပါတစ်ကျိပ်နှင့် မလှမ်းမကမ်းတွင် ထိုင်ရင်းချက်ပြုတ်လုပ်ကိုင်နေသည်ကို ငေးကြည့်နေပေသည်။ ထိုအခိုက်တွင် ကျွန်ုပ်လည်း မိန်းမချောလေးကို စေ့စေ့စပ်စပ် လှမ်းကြည့်နေရာ ဝတ်ရုံနီကို ခြုံလွှမ်းထားလင့်ကစား ဆွတ်ဆွတ်ဖြူနေသော လက်တိုအင်္ကျီအောက်မှ ခန္ဓာကိုယ်အချိုးအဆစ်အလွန်တရာ ပြေပြစ်ကျနပြီး၊ ယောကျ်ားတို့၏ စိတ်နှလုံးကို ယူကျုံးဆွဲငင်ပိုင်စွမ်းရှိသည်ကိုလည်း ခံစားသတိပြုမိသည်။

ကျွန်ုပ်သည်လည်း မိန်းမချောလေးကို အတန်ကြာအောင် ငေးကြည့်နေရာမှ ဖျတ်ခနဲ မော့ကြည့်လိုက်သော မိန်းမချောလေး၏ အကြည့်နှင့် မျက်လုံးချင်း ဆုံသွားတော့သည်။

ထိုအခါ ကျွန်ုပ်လည်း ထူးခြားလှသော မိန်းမချောလေးနှင့် နောက်လိုက်နောက်ပါ လူတစ်ကျိပ်အကြောင်းကို သိရှိစုံစမ်းလိုသောကြောင့် မိန်းမချောလေးရှိရာသို့ လျှောက်လာခဲ့တော့သည်။ ထိုအခါ မိန်းမချောလေးက ပြုံးတုံးတုံး အမူအရာဖြင့် ကျွန်ုပ်ကို ခေါင်းဖျားခြေဆုံး ကြည့်နေရာမှ

"လာပါ။ ကျွန်မတို့နဲ့အတူ စားသောက်ပါလား"ဟု ဖိတ်ခေါ်လိုက်သည်။

ထိုအခါ ကျွန်ုပ်လည်း မိန်းမချောလေး အပါးတွင် ရုတ်တရက် ဝင်မထိုင်သေးဘဲ အပါးတွင်ရပ်ရင်း မျက်နှာလှလှလေးကိုသာ ရွှန်းရွှန်းစားစား စိုက်ကြည့်နေမိရာ မိန်းမချောလေးက

"ဪ ရှင်က ကျွန်မတို့နဲ့အတူ မစားမသောက်ချင်ဘူးထင်ပါရဲ့၊ ကျွန်မတို့နဲ့အတူ စားသောက်ရင် ရှင်တို့ ရောမလူမျိုးတွေရဲ့ ဂုဏ်သိက္ခာ ကျဆင်းတယ်လို့ ထင်နေတယ်ပေါ့"ဟု ခပ်ထေ့ထေ့ပြောလိုက်သည်။

ထိုအခါ ကျွန်ုပ်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီးနောက် ပုံ့ပုံ့ကလေး ထိုင်နေသော မိန်းမချောလေး၏ လက်မောင်းအိုးကစ်ကစ်လေးကို ဆတ်ခနဲ ဆွဲယူလိုက်ရာ မိန်းမချောလေးလည်း ထိုင်နေရာမှ အလိုက်သင့်ထလိုက်သည်။ ကျွန်ုပ်လည်း မိန်းမချောလေး၏ လက်မောင်းကို ဆုပ်ကိုင်ရင်း တောအုပ်၏ တစ်ဖက်စွန်းရှိ ကျောက်ဖျာကြီးရှိရာသို့ နှစ်ယောက်အတူ လျှောက်လာခဲ့ကြသည်။

## ၂
## လှုပ်ရှားနေသော အင်အားစု

ဆံပင်နက်နက် မျက်ဝန်းလဲ့ပြာပြာ မိန်းမချောလေးနှင့် ကျွန့်ပ်လည်း တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်လာကြပြီးနောက် တောအုပ်၏ တစ်ဖက်စွန်းရှိ ကျောက်ဖျာကြီးပေါ်တွင် နှစ်ယောက်အတူ ထိုင်လိုက်ကြသည်။

ထိုအခါ ကျွန့်ပ်လည်း မိန်းမချောလေးကို ရွှန်းရွှန်းစားစားစိုက်ကြည့်ရင်း

"မိန်းမချောလေးရယ် . . . မင်းရဲ့အမည်နဲ့ မင်းအကြောင်းကို ကျုပ်ကြားချင် သိချင်လှပါတယ်"ဟု ပြောကြားလိုက်ရာ မိန်းမချောလေးက ကျွန့်ပ်ကို ဖျတ်ခနဲ စိုက်ကြည့်ပြီးမှ

"ကျွန်မရဲ့ အမည်က ဒါဒရီပါတဲ့ရှင်။ ကျွန်မရဲ့ ဇာတိချက်ကြွေမွေးရပ်မြေကတော့ အိုင်ယာလန်ကျွန်းပါ။ ကျွန်မရဲ့ ဖခမည်းတော်ကတော့ အိုင်ယာလန်ပြည့်ရှင် **နီအော** ဘုရင်မင်းမြတ်ဖြစ်ပါတယ်။ ကျွန်မရဲ့ အစ်ကိုတော်ကတော့ **ဒါထီ** မင်းသားပါ။ ကျွန်မရဲ့ ဖခမည်းတော်ကြီး နတ်ရွာစံသွားတာ ငါးနှစ်တောင်ရှိပါပြီ။ အခုအိုင်ယာလန်ကို ကျွန်မရဲ့ အစ်ကိုတော် ဒါထီ အုပ်စိုးနေပါတယ်ရှင်"ဟု ပြောကြားလိုက်သည်။

ထိုစကားကိုကြားလျှင် ကျွန့်ပ်လည်း အခြေအနေအရပ်ရပ်ကို အတော်အသင့် နားလည်သဘောပေါက်လာခဲ့တော့သည်။ အိုင်ယာလန်ကျွန်းကြီးကို အုပ်စိုးသော ဒါထီဘုရင်၏ နှမတော် မင်းသမီးလေး ဒါဒရီနှင့် ဘုရင်ကာရာနေ့တို့ နှစ်ဦးသားသည် ဗြိတိန်ကျွန်းကို လာရောက်စိုးမိုးအုပ်ချုပ်နေကြ

သော ရောမတို့ကို ဗြိတိန်ကျွန်းကြီးပေါ်မှ တိုက်ခိုက်မောင်းထုတ်ရန်အတွက် ပူးပေါင်းမဟာမိတ်ပြုကြခြင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း မင်းသမီးလေး ဒါဒရီသည် ဗြိတိန်ကျွန်းကြီးပေါ်သို့ လာရောက်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

မင်းသမီးလေး ဒါဒရီ၏ ဖခမည်းတော် နီအော ဘုရင်မင်းမြတ်သည် ဗြိတိန်ကျွန်းကြီးပေါ်မှ ရောမတို့ကို တိုက်ခိုက်မောင်းထုတ်ရန်အတွက် ဗြိတိန်ကျွန်းကြီးပေါ်သို့ နောက်ပါ စစ်သည်တော်အများနှင့် လာရောက် တိုက်ခိုက်ခဲ့ဖူးပေသည်။ သို့သော် အောင်ပန်းကိုကား မဆင်မြန်းခဲ့ရ။ သေခြင်းတရားကိုသာ ရင်ဆိုင်သွားခဲ့သည်။ ဤသို့ ဖခမည်းတော် နီအောဘုရင်မင်းမြတ်အောင်မြင် မသွားခဲ့သော ကိစ္စတစ်ရပ်ကို မင်းသမီးဒါဒရီသည် အောင်မြင်ရလေအောင် လာရောက်ကြိုးပမ်းခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့ ရောမများသည် ဤအိုင်ယာလန် ကျွန်းသားများအကြောင်းကို ထိုခေတ်ထိုအခါက သေချာဂဃ မသိကြသေးပေ။ အိုင်ယာလန်ကျွန်းသားတို့သည် ထူးဆန်းသော နတ်ဘုရားများကို ကိုးကွယ်ကြပြီး ယဇ်နတ်ဆရာကြီးများမှာ အလွန်တန်ခိုးကြီးကြကြောင်း၊ ထို့ပြင် ဗြိတိန်ကျွန်းကြီးဆီသို့ လှေကြီးများဖြင့် လာရောက်ကြပြီး **ဒေါ်နီဗာရီးယား** (ယခု ဒေါ်ချက်စတာ) နှင့် **ဂျီလီဗမ်** (ယခု ကလောက်စတာ) မြို့ကြီးများကို မကြာမကြာ ဝင်ရောက်တိုက်ခိုက်လေ့ရှိကြောင်းတို့ကိုသာ ကြားသိရဖူးလေသည်။ ထို့ကြောင့် ကျွန်ုပ်လည်း အလွန်အမင်း စိတ်ဝင်စားလာကာ

"ဩော် ဒါဖြင့် မင်းက ဘုရင့်နမတော် မင်းသမီးလေးတစ်ပါးကိုး။ ဒီဗြိတိန်ကျွန်းကြီးကို ရောက်လာတာကတော့ သူတစ်လူ ငါတစ်မင်းနဲ့ စိတ်ဝမ်းတွေ ကွဲနေတဲ့ လူမျိုးစုတွေကို စုစည်းနိုင်ဖို့အတွက် ဖြစ်တယ်။ ဘုရင်ကာရာနေ့ကို 'စည်းရုံးခြင်း၏ ခွန်အား'အကြောင်းကို သဘောပေါက် လက်ခံလာအောင် ပြောကြားနားချဖို့အတွက် ဖြစ်တယ်ဆိုပါတော့"ဟု မေးလိုက်ရာ၊ မင်းသမီးလေး ဒါဒရီလည်း အသံသာသာဖြင့် ရယ်နေပြီးမှ

"ရှင်ဟာ လူအ,လူနတစ်ယောက် မဟုတ်ဘဲ အတော်ပါးရည်နပ်ရည်ရှိတဲ့ လူတစ်ယောက်ပါပဲလား။ ဒီလို ပါးရည်နပ်ရည်ရှိတဲ့အတွက်ကြောင့်လဲ ရှင်တို့ ရောမလူမျိုးတွေဟာ ကမ္ဘာအရပ်ရပ်မှာ အောင်ပန်းသရဖူကို ဆွတ်ခူးနိုင်ကြတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ရှင်တို့ဟာ ကျွန်မတို့ အိုင်ယာလန်ကိုတော့ ဘယ်တော့မှ တိုက်ခိုက်သိမ်းပိုက်နိုင်မှာ မဟုတ်ဘူး"ဟု ပြောကြားလိုက်သည်။

ထို့နောက် ဆက်၍

"ဟုတ်တယ်။ ရှင်ထင်တဲ့အတိုင်းပါပဲ။ ဟောဒီ ဗြိတိန်ကျွန်းကြီးကို ကျွန်မရောက်လာရတဲ့ အဓိကရည်ရွယ်ချက်ကတော့ သူတစ်လူငါတစ်မင်းနဲ့

စိတ်ဝမ်းတွေကွဲနေကြတဲ့ ဗြိတိန်ကျွန်းသားတွေကို တစ်စုတည်း စုစည်းပေးဖို့အတွက် ဖြစ်ပါတယ်။ အကွဲကွဲအပြားပြား ဖြစ်နေတဲ့ လူမျိုးစုတွေဟာ တစ်စိတ်တည်း တစ်ဝမ်းတည်း သွေးစည်းညီညွတ်တာနဲ့ တစ်ပြိုင်နက် ကျွန်မတို့ ဗြိတိန်ကျွန်းကြီးကို နယ်ချဲ့ပြီး လာရောက်သိမ်းပိုက်ထားတဲ့ ရှင်တို့ ရောမတွေကို ပင်လယ်ရေအောက်ထဲ ရောက်သွားတဲ့အထိ တိုက်ခိုက်မောင်းထုတ်ပစ်နိုင်မှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ကျွန်မဟာ လူယုံတော် တစ်ကျိပ်နဲ့အတူ ဟောဒီကျွန်းကြီးကို အထူးတာဝန်အရ ရောက်ရှိနေခြင်း ဖြစ်ပါတယ်"ဟု ဖွင့်ဟ ပြောကြားသည်။

မင်းသမီးလေး ဒါဒရီနှင့် ဘုရင်ကာရာနေ့တို့၏ အကြံအစည်ကား လျော်ကန်သင့်မြတ်ရုံမက အကြံကောင်းအစည်ကောင်းပင် ဖြစ်ပါ၏။

ကျွန်ုပ်တို့ ရောမများသည် 'သွေးခွဲ၍ အုပ်စိုးရေးဝါဒ'ကို ကျင့်သုံးခဲ့သူများ ဖြစ်ပါ၏။ ကျွန်ုပ်တို့ အောင်နိုင်ခဲ့သော တိုင်းနိုင်ငံအသီးသီးတွင် ကျွန်ုပ်တို့ ကြိုးဆွဲတိုင်းကမည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၊ ဘုရင်များကို ဆက်လက်ခန့်ထား၍ အုပ်စိုးစေခြင်းဖြင့် အချင်းချင်း စိတ်ဝမ်းကွဲအောင် သွေးကွဲအောင် ပြုဆောင်ခဲ့ကြသည်။ ထိုတိုင်းနိုင်ငံရှိ လူမျိုးစုအသီးသီးတို့ ကိုးကွယ်ယုံကြည်သော ဘာသာရေးအယူဝါဒ အသီးသီးတို့ကို မြှောက်ထိုးပင့်ကော်ပြုခြင်းဖြင့် အချင်းချင်း စိတ်ဝမ်းကွဲအောင် သွေးကွဲအောင် ပြုဆောင်ခဲ့ကြသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့ အောင်နိုင်ခဲ့သော တိုင်းနိုင်ငံအသီးသီးတို့ကို ကျွန်သက်ရှည်အောင် ပြုဆောင်နိုင်ခဲ့ကြလေသည်။

ထို့ပြင် ကျွန်ုပ်တို့ လက်အောက်ခံဘဝသို့ ရောက်နေခိုက်တွင် ကျွန်ုပ်တို့သည် စစ်ရှုံးတိုင်းနိုင်ငံ အသီးသီးတို့ကို ကျွန်ုပ်တို့ ရောမတို့နှင့် တစ်သားတည်းဖြစ်သွားအောင် ကျွန်ုပ်တို့၏ အနေအထိုင် အစားအသောက်၊ အတွေးအခေါ်နှင့် ယုံကြည်ချက်တို့ကို နှစ်သက်မြတ်နိုးပြီး လက်ခံလာအောင် အစွမ်းကုန်ဆောင်ရွက်ခဲ့သည်။

ဤသို့အားဖြင့် ကျွန်ုပ်တို့ လက်အောက်ခံ စစ်ရှုံးနိုင်ငံအမြောက်အမြားတို့သည် ကျွန်ုပ်တို့ ရောမများကဲ့သို့ ဖြစ်လာသည်။ ကျွန်ုပ်တို့ ယုံကြည်ကိုးကွယ်သော ဘာသာအယူဝါဒများကို ကိုးကွယ်လာကြသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ ရောမအင်ပါယာကြီးတွင် ဂရိလူမျိုး၊ ဂေါလ်လူမျိုး၊ ဗြိတိန်လူမျိုး၊ အာဖရိကဲလူမျိုးဟူ၍ လူမျိုးအသီးအခြား မရှိတော့။ မျိုးရိုးဇာတ်အားဖြင့် ကဲ့ပင်ဖြစ်ဖြစ်၊ ဆီးရီးယားပင်ဖြစ်ဖြစ်၊ ထိုသူ၏ မျိုးရိုးဇာတ်သည် မထင်ရှားတော့။ ရောမအင်ပါယာကြီးအတွင်းရှိ လူအားလုံးသည် 'ရောမ'သာ ဖြစ်သွားတော့သည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့ ရောမအင်ပါယာကြီးသည် စည်းလုံး

ညီညွတ်လာခဲ့သည်။ လူမျိုးစုအသီးသီး၊ တိုင်းနိုင်ငံအသီးသီးတို့ စုစည်းပေါင်းဆုံထားသော သွင်ပြင်လက္ခဏာတို့လည်း ကွယ်ပျောက်လာခဲ့သည်။

သို့သော် ဤကဲ့သို့ ကျွန်ုပ်တို့ ပြုဆောင်ခြင်းကို လွတ်လပ်ရေးကို မြတ်နိုးသော၊ ကိုယ့်တိုင်းကိုယ့်ပြည်နှင့် ကိုယ့်ယဉ်ကျေးမှု ပျောက်ပျက်တိမ်ကောသွားမည်ကို စိုးရွံ့နေကြသော လက်အောက်ခံ စစ်ရှုံးနိုင်ငံအချို့သည် အကြီးအကျယ် မကျေမနပ် ဖြစ်နေကြသည်။ နာကျည်းနေကြသည်။ အခွင့်သာပါက ကျွန်ုပ်တို့ကို တော်လှန်အံတုရန်လည်း ကြံစည်ကြိုးစားနေကြသည်။

ကျွန်ုပ်လည်း ထိုအကြောင်းကို တွေးတောကာ ငေးငိုင်နေမိသည်။

ထိုအခိုက်တွင် မင်းသမီးလေး ဒါဒရီ၏ ကျွန်ယုံတော်များသည် အငွေ့တထောင်းထောင်း ထနေသော ဟင်းချိုပန်းကန်များနှင့် နပ်နပ်စဉ်းထားသော အသားကြော်များကို သစ်သားဗျပ်ကြီးတစ်ခုပေါ်တင်ကာ သယ်မလာကြသည်။ ထိုအခါ ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီလည်း အစားအစာများကို နှစ်ယောက်အတူစားရင်း စကားလက်ဆုံကျသွားတော့သည်။

မင်းသမီးလေး ဒါဒရီသည် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော အိုင်ယာလန်ကျွန်းအကြောင်းနှင့် ဖခမည်းတော် နီအောဘုရင်ကြီးအကြောင်းကို စိတ်ဝင်စားဖွယ် တတွတ်တွတ်ပြောကြားနေသည်။ ထိုအခိုက်တွင် မင်းသမီးလေး ဒါဒရီ၏ ကျွန်ယုံတော်များသည် ကျွန်ုပ်တို့နည်းတူ အစားအသောက်များ စားသောက်ပြီးဟန်ဖြင့်၊ ကျွန်ုပ်တို့နှင့် အလှမ်းဝေးသော တောအုပ်တစ်နေရာ၌ အတူထိုင်ကာ အချင်းချင်း ရယ်ရယ်မောမော စကားပြောနေကြသည်။ တချို့လည်း စကားပြောရင်း မိမိတို့ ဓားများ၊ လှံများကို အရောင်တလက်လက်ထွက်အောင် ပွတ်တိုက်နေကြသည်။ မြနေအောင် သွေးနေကြသည်။

မင်းသမီးလေး ဒါဒရီက စိတ်ဝင်စားဖွယ် စကားတတွတ်တွတ်ပြောနေခိုက်တွင် မင်းသမီးလေး၏ ပြည့်တင်းနူးညံ့သော ပခုံးသားသည် ကျွန်ုပ်၏ ကိုယ်ခန္ဓာနှင့် ထိနေပေသည်။ ထို့ပြင် မင်းသမီး၏ ဖွံ့လန်းတပ်မက်ဖွယ်ကောင်းသော ကိုယ်ရနံ့သည်လည်း အပါး၌ကပ်ထိုင်နေသော ကျွန်ုပ်၏ နှာဝ၌ သင်းပျံ့ထုံမွှေးနေသည်။ နှာဝကို ချူနေသည်။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်နှလုံးသည် တဖြည်းဖြည်း လှုပ်ရှားလာသည်။ ကျွန်ုပ်၏ သွေးသားသည်လည်း တဖြည်းဖြည်း ဆူပွက်လာသည်။ နောက်ဆုံး၌ ကျွန်ုပ်လည်း ကိုယ့်စိတ်ကိုယ်ကို ထိန်းချုပ်ခြင်းငှာ မစွမ်းသာသောကြောင့် မင်းသမီးလေး၏ ပခုံးကို အသာဖက်ပြီး ကိုယ်လုံးလှလှလေးကို ရင်ခွင်တွင်းသို့ ဆတ်ခနဲ သွင်းလိုက်မိသည်။

ထိုအခါ ရွှန်းမြသော လရောင်အောက်တွင် မင်းသမီးလေး ဒါဒရီ၏ ထိတ်လန့်သွားသော မျက်နှာဝင်းပပလေးကို မြင်လိုက်ရသည်။ နီမြန်းပြည့်

တင်းနေသော နှုတ်ခမ်းအစုံတို့ တဆတ်ဆတ်တုန်သွားသည်ကို မြင်လိုက်ရသည်။ ထိုအခိုက်တွင်ပင် မင်းသမီးလေးသည် ကျွန်ုပ်၏ ရင်ခွင်တွင်းမှ တအားကုန် လူးလွန့်ရုန်းထွက်တော့သည်။ သို့သော် ကိုယ်ငွေ့နွေးနွေးကြောင့် သွေးသားတို့ လှိုက်လှိုက်ဆူနေသော ကျွန်ုပ်လည်း မင်းသမီးလေးကို လွှတ်မပေးဘဲ တိုး၍ပင် တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားလိုက်မိသည်။ ထိုအခါ မင်းသမီးလေးလည်း လူးလွန့်ရုန်းကန်နေရာမှ

"ရောမအရှုးကောင် . . . တစ်ခွန်းလောက်အော်လိုက်ရုံနဲ့ ငါ့လူယုံတော်ရဲ့ လှံဖျားမှာ နင်အသက်ပျောက်သွားနိုင်တယ်ဆိုတာကို လုံးဝမတွေးတောမိဘူးလား"ဟု ပြောကြားလိုက်ရာ၊ ကျွန်ုပ်က

"မင်းသမီးလေးရယ် . . . မင်းလူတွေက ကျုပ်ကို ဘယ်လိုသတ်ချင်ပေမဲ့ ကာရာနေ့ကတော့ ခွင့်ပြုမယ် မထင်ဖူးပါဘူး။ ကျုပ်ဟာ ကာရာနေ့အဖို့ အဖိုးမဖြတ်နိုင်တဲ့လူတစ်ယောက်ဖြစ်နေတယ် မဟုတ်လား"ဟု ပြောကြားလိုက်သည်။

ထို့နောက် ကျွန်ုပ်လည်း လူးလွန့်ရုန်းကန်နေသော မင်းသမီးလေး ဒါဒရီကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားရာမှ လက်တစ်ဖက်ဖြင့် မျက်နှာကို အတင်းဆွဲမော့လိုက်သည်။

ထိုအခိုက်တွင် မင်းသမီးလေးသည် ကျွန်ုပ်အား မီးထွက်မတတ် တဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ဒေါသတကြီး စိုက်ကြည့်နေပါသည်။ ကျွန်ုပ်သာ တစ်ကိုယ်လုံးကို ပွေ့ဖက် ချုပ်ကိုင်မထားပါက ခါးတွင် ချိတ်ထားသော ဓားမြှောင်ကို ဖျတ်ခနဲ ထုတ်ပြီး ကျွန်ုပ်၏ ရင်ညွန့်တွင်းသို့ ထိုးနှစ်လိုက်မည်မှာ သေချာနေပါတော့သည်။

ကျွန်ုပ်က ဒေါသအမျက်ချောင်းချောင်း ထွက်နေသော မင်းသမီးလေးကို ရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း

"မင်းသမီးရယ် . . . ကျုပ်ကို ခွင့်လွှတ်ပါနော်။ ကိုယ့်စိတ်ကိုကိုယ် အစိုးမရနိုင်ဘဲ သတိလက်လွတ်ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်။ အမှန်အတိုင်း ဖွင့်ဟဝန်ခံရရင် မင်းသမီးလေးကို မြင်မြင်ချင်းပဲ ကျုပ်ပြင်းပြင်းထန်ထန် စွဲလမ်းတပ်မက်မိပါတယ်"ဟု ပြောကြားတောင်းပန်လိုက်သည်။ သို့သော် မင်းသမီးလေး ဒါဒရီကား လုံးဝကျေနပ်ပုံမပေါ်ဘဲ အံကြိတ်ရင်း ဆက်လက်လူးလွန့်ရုန်းကန်နေရာ၊ ကျွန်ုပ်က

"မင်းသမီးလေးက အိုင်ယာလန်ကျွန်းရဲ့ အရှင်သခင်ဖြစ်တဲ့ ဘုရင့်နှမတော်ဖြစ်ပြီး ကျုပ်ကတော့ ရောမတစ်ယောက် ဖြစ်နေပါတယ်။ ဒါကြောင့် မင်းသမီးလေးနဲ့ ကျုပ်နဲ့ဟာ ဘဝချင်းမတူပါဘူး။ အလွန်ကွာခြားလှပါတယ်။

ဘဝချင်းပေါင်းဆုံဖို့ဆိုတာလည်း မဖြစ်နိုင်စကောင်းပါဘူး။ ဒါပေမဲ့ မင်းသမီးလေးရယ် . . . ကျုပ်ရဲ့ ဘဝသက်တမ်းတစ်လျှောက်မှာတော့ မင်းသမီးလေးကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး။ အမြဲသတိရနေမှာပါ။ အောက်မေ့တသပြီး ဆွတ်ပျံ့လွမ်းမောနေမှာပါ။ ကျုပ်လိုပဲ မင်းသမီးလေးကလည်း ကျုပ်ကို အမြဲပဲ သတိရနေလိမ့်မယ်လို့ ထင်ပါတယ်"ဟု လှိုက်လှိုက်လှဲလှဲ ပြောကြားလိုက်မိသည်။ ထို့နောက် ကျွန်ုပ်လည်း ပွေ့ဖက်ထားရာမှ အသာလျှော့ဖြေပေးလိုက်ရာ မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်၏ ရင်ခွင်တွင်းမှ ကုန်းရုန်းထပြီးနောက် မလှမ်းမကမ်းရှိ ကျောက်တုံးတစ်တုံးဆီသို့ ဒရောသောပါးလျှောက်သွားသည်။ ထို့နောက် ကျောက်တုံးပေါ်သို့ ဆတ်ခနဲ ထိုင်ချပြီးလျှင် ခပ်လှမ်းလှမ်း၌ ထိုင်နေကြသော လူယုံတော်များဘက်သို့ လှမ်းမျှော်ကြည့်နေရင်း၊ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ အတန်ကြာသောအခါမှ ကျွန်ုပ်ကိုဒေါသတကြီး စိုက်ကြည့်ရင်း

"ဒီမှာ နားထောင်စမ်း ရောမလူကြမ်းကြီး၊ ကျွန်မဟာ အစ်ကိုတော် ဒါထိကို ချစ်ခင်လေးစားတာကြောင့် အစ်ကိုတော်ပေးအပ်လိုက်တဲ့ တာဝန်တွေကို ကျေပွန်အောင် ဆောင်ရွက်ဖို့ ဗြိတိန်ကျွန်းကြီးကို လာရောက်ခဲ့ခြင်းဖြစ်တယ်။ အခုအခါမှာတော့ ကိုယ်လက်ကို မစောင့်စည်းနိုင်ဘဲ လက်ရုံးအားကိုးနဲ့ အနိုင်ကျင့်တတ်တဲ့ ရှင်နဲ့ ရှင်တို့ ရောမတွေကို မုန်းတီးတဲ့စိတ်ပါ ကျွန်မမှာ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာခဲ့ပြန်တယ်။ ဒါကြောင့် ကျွန်မဟာ သူတစ်လူငါတစ်မင်းဖြစ်နေတဲ့ လူမျိုးစုတွေကို သွေးစည်းညီညွတ်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်တော့မယ်။ ပြီးတော့ ရှင်တို့ရဲ့ လန်ဒီးနီးယမ်းမြို့တော်တိုင်းကြီးကို ဖြိုဖျက်ပြီး ရှင်တို့ရောမတွေကို တစ်ယောက်မကျန် သုတ်သင်သတ်ဖြတ်မယ်။ အဲဒီအခါမှာ ရှင့်ကို ကျွန်မကိုယ်တိုင် လက်ရဖမ်းပြီး တစ်ပတ်တိတိ နည်းအမျိုးမျိုးနဲ့ ညှဉ်းပန်းနှိပ်စက်မယ်။ ညှဉ်းပန်းနှိပ်စက်လို့ ဝတဲ့အခါကျမှ ကျွန်မကို စော်ကားခဲ့တဲ့ ရှင့်ကို သုတ်သင်သတ်ဖြတ်မယ်"ဟု ကြိမ်းဝါးပြောကြားသည်။ ထိုအခါ ကျွန်ုပ်က ပြုံးပြီး

"မင်းသမီးလေး စိတ်ဆိုးတုန်းခဏမှာမို့ ဒီစကားတွေ ပြောနေတာပါ။ တကယ်တော့ ကျုပ်ကို မင်းသမီးလေး မသတ်ရက်ပါဘူး။ ကျုပ်ကို သတ်မိရင်လည်း ဘဝတစ်သက်တာလုံး မင်းသမီးလေး နောင်တရလို့ မဆုံးပါဘူး။ တကယ်တော့ မင်းသမီးလေးဟာ ကျုပ်ကို မေ့နိုင်မှာ မဟုတ်ပါဘူး။ ကျုပ်ရဲ့ ချိုမြိန်တဲ့ အနမ်းလက်ဆောင်ကိုလည်း တသသ သတိရနေမှာပါ။ ကျုပ်အနေနဲ့လည်း အခါသင့်လို့ အခွင့်သာတဲ့တစ်နေ့မှာ မင်းသမီးလေးကို ချိုမြိန်တဲ့ အနမ်းလက်ဆောင်ကို ထပ်ပြီး ကမ်းပါဦးမယ်"ဟု ပြောကြားလိုက်သည်။

မင်းသမီးလေးလည်း တိုး၍ ဒေါသအမျက် ထွက်သွားဟန်ဖြင့် ကျွန်ုပ်၏ ပါးပြင်ကို လက်သည်းဖြင့် ကုတ်ခြစ်ရန် ဝုန်းခနဲ ထလိုက်သည်။ ထို့နောက် ကိုယ့်စိတ်ကိုယ်ကို အနိုင်နိုင်ချုပ်တည်းရသည့် အမူအရာဖြင့် အနီးရှိ ဝတ်ရုံနီကို ဆတ်ခနဲ ဆွဲယူလိုက်ပြီးလျှင် ကျွန်ုပ်၏ မျက်နှာကို စိန်းစိန်းကြီး စိုက်ကြည့်နေသည်။

ထို့နောက်မှ

"ဒီမှာ ရောမလူကြမ်းကြီး၊ ရှင့်စကားကို ရှင်ကောင်းကောင်းမှတ်ထားပါ။ ကျွန်မရဲ့ လက်ခုပ်တွင်းက ရေဖြစ်လာတဲ့ တစ်နေ့ကျတော့မှ တောင်းပန် အသနားခံဖို့ မကြိုးစားပါနဲ့။ ကျွန်မဟာ ရှင့်ရဲ့ အလိုဆန္ဒကို ဖျော်ဖြေတဲ့ ရောမမိန်းမပျက်တစ်ယောက်မဟုတ်ပါဘူး။ ဒါပေမဲ့ ရှင်ဟာ ကျွန်မကို မိန်းမ ပျက်တစ်ယောက်လို ဆက်ဆံပြောဆိုခဲ့တယ်ဆိုတာကို အမြဲ အမှတ်ရနေပါ"ဟု ခပ်ထန်ထန်ပြောကြားကာ၊ ခပ်လှမ်းလှမ်း၌ ထိုင်နေကြသော ဓူယုံတော်များရှိ ရာသို့ ဒေါကြီးမောကြီးနှင့် ထွက်ခွာသွားတော့သည်။

ကျွန်ုပ်လည်း မင်းသမီးလေး ဒါဒရီ၏ ကျောပြင်ကို ငေးစိုက်ကြည့် နေရာမှ "ကျွန်ုပ်၏ ကံကြမ္မာလမ်းကြောင်းနှင့် ဤမိန်းမချောလေး၏ ကံကြမ္မာ လမ်းကြောင်းတို့သည် ဤဘဝတစ်သက်တာ၌ ရောထွေးယှက်တင် ဖြစ်တော့ မှာပါတကား"ဟု စိတ်တွင်း၌ အလိုလိုသိရှိခံစားနေမိသည်။ ကျွန်ုပ်နှင့် ဤ မိန်းမချောလေးတို့၏ ဘဝဇာတ်လမ်းသည် အမုန်းနှင့်ပင် အဆုံးသတ်ရမည် လော။ အချစ်နှင့်ပင် အဆုံးသတ်ရမည်လော။ ကျွန်ုပ်ကြိုတင် မှန်းဆမရခဲ့ပေ။ ကံ ဇာတ်ဆရာကြိုးဆွဲသည့်အတိုင်းသာ ကျွန်ုပ်တို့ ဆက်၍ ကရပေတော့မည်။

ကျွန်ုပ်လည်း ထိုသို့တွေးတော ငေးငိုင်နေပြီးမှ၊ ဝတ်ရုံကို ခြုံကာ ကျောက်ဖျာကြီးပေါ်၌ လဲလျောင်းလိုက်ရာ၊ စိတ်မောကိုယ်မောဖြစ်ကာ အပန်း ကြီးပန်းနေသောကြောင့် ချက်ချင်းပင် အိပ်မောကျသွားခဲ့သည်။ ထိုသို့ အိပ်မော ကျနေစဉ်ကာလတွင် ကျွန်ုပ်၏ နှလုံးသည်းပွတ်၌ စွဲငြိကွန်းခိုနေပြီဖြစ်သော မင်းသမီးလေး ဒါဒရီနှင့် ပတ်သက်ဆက်နွယ်နေသည့် အိပ်မက်လှလှတို့ကို လွမ်းမောတသဖွယ် မြင်မက်နေမိပါသတည်း။

နောက်တစ်နေ့ နေအရုဏ်မတက်မီအချိန်တွင် အိပ်ရာမှ နိုးထလာခဲ့ သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး မြူနှင်းတို့ ဝေဆိုင်းနေသည်။ ကျွန်ုပ်တစ်ကိုယ် လုံးလည်း အအေးဒဏ်ကြောင့် ဆိုင်းတွလေးလံနေသည်။ ကျွန်ုပ်၏ အပေါ်တွင် လည်း ဘုရင်ကာရာနေ့သည် မားမားမတ်မတ်ရပ်တံ့နေသည်။

"ကျုပ်တို့ ချက်ချင်းခရီးဆက်ကြရလိမ့်မယ်။ ဒီလိုခရီးဆက်ရင် နေ့

လယ်ခင်းမှာ လန်ဒီးနီးယမ်းမြို့တော်အပါးကို ရောက်လိမ့်မယ်။ ဒီမှာ ရောမကြီး။ ခင်ဗျားရဲ့ ကတိသစ္စာစကားကို အမြဲအမှတ်ရပါ။ ကတိသစ္စာစကားအတိုင်း ညီမတော်လေးကို ကျုပ်ဆီကို အပါဆောင်ကျဉ်းခဲ့ပါ။ ကတိသစ္စာစကားအတိုင်း မဆောင်ကျဉ်းဘဲ ပျက်ကွက်မယ်ဆိုရင်တော့ ခင်ဗျားနောက်ကို အရိပ်ပမာ လိုက်လံပြီး ကျုပ်လှလှကြီး လက်စားချေရလိမ့်မယ်"ဟုလည်း ပြောကြားသည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း ဘုရင်ကာရာနေ့ အပါးတွင် မင်းသမီးဒါဒရီကို တွေ့မြင်ရမည်လောဟု လှည့်ပတ်ကြည့်ရှုသေး၏။ သို့သော် မင်းသမီးလေး ဒါဒရီ၏ အရိပ်အယောင်ကိုမျှ မတွေ့ရပေ။ ဤတွင် ကျွန်ုပ်လည်း အသာသက်ပြင်းချလိုက်ပြီးနောက်

"ကာရာနေ့။ ခင်ဗျားကို ကျုပ်လုံးဝ မလိမ်မညာပါဘူးဗျာ။ ကျုပ်ပေးတဲ့ ကတိသစ္စာစကားအတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်မှာပါ။ စိတ်ချသာနေတော်မူပါ"ဟု ပြောကြားလိုက်ပါသည်။

ထိုအခါ ဘုရင်ကာရာနေ့၏ တင်းမာနေသော မျက်နှာထားသည် အနည်းငယ် ပျော့ပျောင်းနူးညံ့သွားသည်။ ထို့နောက်

"ညီမတော် အီဒိန်းဟာ ကျုပ်နဲ့အမွှာ ညီမတော်ဖြစ်တယ်။ ဒါကြောင့် ကျုပ်တို့ဟာ သာမန်မောင်နှမတွေထက် ပိုပြီး တစ်ဦးကိုတစ်ဦး ခင်မင်တွယ်တာကြတယ်။ ပြီးတော့ ကျုပ်တို့ရဲ့ ဓလေ့ထုံးစံအရ ညီမတော် အီဒိန်းကို ကျုပ်ရဲ့ မိဖုရားကြီးအဖြစ် တင်မြှောက်ဖို့ ကြံရွယ်ထားခဲ့တယ်"ဟု ပြောကြားသည်။

ထိုစကားကို ကြားလျှင် ကျွန်ုပ်လည်း ထောင်းခနဲ ဒေါသအမျက်ထွက်လာမိသည်။

"မင်းက မင်းရဲ့ညီမအရင်းကို မိဖုရားမြှောက်ဖို့ ကြံရွယ်ထားသလို၊ မင်းသမီးလေး ဒါဒရီကိုလည်း မိဖုရားမြှောက်ဖို့ ကြံရွယ်ထားတယ်မဟုတ်လား"ဟုလည်း စိတ်တွင်းမှနေ၍ ရေရွတ်ပြောကြားလိုက်မိသည်။ မကျေမနပ်ဖြစ်နေမိသောကြောင့်လည်း ဘုရင်ကာရာနေ့ကို လုံးဝအမှုမထားဘဲ အနီးအနားရှိ မီးပုံကြီးဘက်သို့ လှည့်ထွက်လာခဲ့မိသည်။ ထိုအခိုက်တွင် ဘုရင်ကာရာနေ့လည်း ဒေါသအမျက်ပြင်းစွာထွက်ခြင်း၊ မုန်းတီးစက်ဆုပ်ခြင်းတို့ ရောယှက် တောက်ပြောင်နေသော မျက်လုံးအစုံဖြင့် ကျွန်ုပ်၏ ကျောပြင်ကို စူးစူးဝါးဝါး စိုက်ကြည့်နေကြောင်းကို ကျွန်ုပ်အလိုလို ခံစားသိရှိရသည်။

အတန်ကြာသောအခါ ကျွန်ုပ်တို့လည်း ခရီးထွက်ရန်အတွက် လှုပ်လှုပ်ရှရှပြင်ဆင်ကြသည်။ ထိုအခိုက်တွင် ဘုရင်ကာရာနေ့သည် မင်းသမီး

လေး ဒါဒရီရှိရာသို့ ကျွန်ုပ်ကို ခေါ်သွားသည်။ ထို့နောက် 'အခြားသော မြင်းရထားများမှာ နောက်လိုက်နောက်ပါ စစ်သည်တော်များနှင့် အပြည့်ဖြစ်နေသောကြောင့်၊ မင်းသမီးလေး တစ်ပါးတည်း စီးနင်းမည့် မြင်းရထားတွင် ကျွန်ုပ်ကို ခေါ်ဆောင်စီးနင်းခွင့် ပြုစေချင်ပါကြောင်း' ပြောကြားသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီလည်း သဘောတူ လက်ခံသည့် အနေဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ သို့သော် ကျွန်ုပ်ကိုကား စကားတစ်ခွန်းမှ မပြောပေ။ ကျွန်ုပ်၏ မျက်နှာကို မာနရောင်လွှမ်းသော မျက်လုံးအစုံဖြင့် တစ်ချက်စိုက်ကြည့်ပြီး ပခုံးကို တစ်ချက်တွန့်ပြလိုက်သည်။

ထို့နောက် ကျွန်ုပ်တို့လည်း လန်ဒီးနီးယမ်းမြို့တော် တည်ရှိရာတောင်စူးစူးသို့ ဦးတည်ကာ စတင်ခရီးထွက်လာခဲ့သည်။ ထိုသို့ ခရီးထွက်ခိုက်တွင် "ကျွန်ုပ်သည် ရထားစီး သူရဲကောင်းတစ်ယောက် မဟုတ်ကြောင်း"ကို ရိပ်စားမိဟန်ဖြင့် မင်းသမီးလေး ဒါဒရီသည် အကြမ်းတမ်းဆုံး အဆိုးဝါးဆုံးလမ်းတို့ကို တမင်ရွေးကာ ဒရကြမ်းမောင်းနှင်လာခဲ့သည်။ မင်းသမီးလေး၏ လက်ရွေးစင်မြင်းကြီးများလည်း ခရီးလမ်းကြမ်းကို သွားလာရသည်မှာ ကျင့်သားရပြီးသဖြင့် ခေါင်းတမော့မော့နှင့် ကဆုန်စိုင်းလျက်ရှိရာ၊ မြင်းရထားမှာ အသည်းတအေးအေး ရင်တဖိုဖိုဖြစ်လောက်အောင် တရိပ်ရိပ်ပြေးနေတော့သည်။ ကျွန်ုပ်လည်း လှုပ်ခါယိမ်းထိုးနေသော ရထားထက်မှ အောက်သို့လွင့်စဉ်ပြီး မကျသွားရလေအောင် သတိဝီရိယကြီးစွာထားပြီး လက်တန်းတို့ကို လက်ဖြင့် တင်းတင်းကြပ်ကြပ်ဆုပ်ထားရသည်။ မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်၏အဖြစ်ကို ကြည့်ပြီး ကျေနပ်သဘောကျဟန်ဖြင့် ခပ်ထေ့ထေ့ပြုံးနေလေသည်။

ဤသို့ဖြင့် ခရီးလမ်းကြမ်းကို တရကြမ်းနှင်လာခဲ့ရာ၊ နေမွန်းတည့်ချိန်တွင် **ဗိရှလာမိယမ်** (ယခု စိန့်အယ်ဗန်) မြို့ကို ကျော်လွန်လာခဲ့ပြီးနောက် လန်ဒီးနီးယမ်းမြို့တော်နှင့် ငါးမိုင်ခန့်အကွာသို့ ရောက်ရှိလာခဲ့သည်။ ထိုအခါ ဘုရင်ကာရာနေ့နှင့် မင်းသမီးလေး ဒါဒရီတို့ လူသိုက်လည်း ဆက်လက်ခရီးမဆက်ကြဘဲ ခေတ္တရပ်နားလိုက်ကြသည်။ မင်းသမီးလေး ဒါဒရီလည်း ရထားပေါ်မှ အောက်သို့ လွှားခနဲ ခုန်ဆင်းရင်း

"အောက်ကို ဆင်းပါဦး ရောမလူကြမ်းကြီးရဲ့။ ရှင့်အဖို့ ရထားပေါ်မှာထက် မြေကြီးပေါ်က ပိုပြီး ဘေးကင်းပါတယ်။ ရထားပေါ်မှာက အောက်လိမ့်ကျသွားမှာကို စိုးရိမ်ရပါသေးတယ်"ဟု ခပ်ထေ့ထေ့ ပြောကြားသွားသည်။ ထို့နောက် မနက်စာအတွက် ပြင်ဆင်နေကြသော မိမိနောက်လိုက် နောက်ပါများရှိရာသို့ ခပ်ကြော့ကြော့ လျှောက်သွားသည်။

အစားအသောက်များ ချက်ပြုတ်ပြီးသောအခါ ဘုရင်ကာရာနေ့က

ကျွန်ုပ်ကို ပေါင်မုန့်တစ်လုံးနှင့် အမဲကင်များကို ပေးရာ၊ ကျွန်ုပ်လည်း ပလုပ်ပလောင်း စားသောက်လိုက်သည်။ ထိုအခိုက်တွင် ဘုရင်ကာရာနေ့နှင့် မင်းသမီးလေး ဒါဒရီတို့လည်း အပါးတွင် မားမားမတ်မတ် ရပ်နေကြရာမှ ကျွန်ုပ်ကို ငေးစိုက်ကြည့်နေကြသည်။ ထိုသို့ ငေးစိုက်ကြည့်နေရာမှ ဘုရင် ကာရာနေ့သည် မိမိလက်တွင်းရှိ ဓားရှည်ကြီးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ရင်း "ဒီမှာ ရောမကြီး။ ကျုပ်ရဲ့ ညီမတော်လေးအသက်ကို ကယ်တင်ဖို့အတွက် ခင်ဗျားရဲ့အသက်ကို ချမ်းသာပေးခဲ့မိတယ်။ ဒါပေမဲ့ ခင်ဗျားကြောင့် ကျုပ်ရဲ့ ညီမတော်လေး အသက်ဆုံးရှုံးလိမ့်မယ်လို့တောင် ကျုပ်စိတ်ထဲမှာ အခုအခါ ထင်နေမိပြန်တယ်"ဟု ပြောကြားလိုက်ရာ မင်းသမီးလေး ဒါဒရီက မထိတရီ ပြုံးလိုက်ရင်း

"ဒီလို ထင်နေရင်လည်း ဒီရောမကောင်ကို ဘာကြောင့် လွှတ်ပစ်တော့မလဲ။ တစ်ခါတည်းသာ အဆုံးစီရင်လိုက်ပေါ့"ဟု ဝင်ရောက် ပြောကြားလိုက်သည်။ မင်းသမီးလေး ဒါဒရီမှာ ယမန်နေ့ညက ကျွန်ုပ်၏ချပ်ဝတ်တန်ဆာများနှင့် ဓားကို ပြန်ပေးရန်အတွက် ဘုရင်ကာရာနေ့အား ကျွန်ုပ်ဘက်မှနေ၍ ကူညီပြောကြားခဲ့ဖူးပေသည်။ ထို့ကြောင့် ဘုရင်ကာရာနေ့လည်း မိမိကြားလိုက်ရသော စကားကို မယုံကြည်နိုင်ဟန်ဖြင့် မင်းသမီးလေးကို တအံ့တဩ ငေးကြည့်နေမိသည်။ ထို့နောက်

"မင်းသမီးလေးရဲ့ စကားက မနေ့ကနဲ့ လုံးဝမတူဘဲ ခြားနားနေပါကလား။ ပြီးတော့ မင်းသမီးလေးရဲ့ လေသံမှာလည်း ဟောဒီရောမကို ခါးခါးသီးသီး မုန်းတီးနေတာပေါ်လွင်နေပါကလား။ ဒါက ဘယ်လိုဖြစ်သွားတာပါလဲ။ ဒီလို မင်းသမီးလေး စိတ်ထားပြောင်းသွားတဲ့အတွက် ကျုပ်အနေနဲ့ ဝမ်းပဲသာရမလား။ ဝမ်းပဲနည်းရမလားလို့တောင် ဝေခွဲမရ ဖြစ်သွားမိတယ်"ဟု ခပ်ထေ့ထေ့ ပြောကြားလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက

"ရှင် ဝမ်းနည်းချင်နည်း၊ ဝမ်းသာချင်သာ၊ ကျွန်မအရေးမစိုက်ဘူး။ ဒါပေမဲ့ ဝေ့လည်လည်တော့ လုပ်မနေပါနဲ့။ ရှင့်ရဲ့ မျက်နှာထားက ပြုံးနေပေမဲ့ ရှင့်ရဲ့အတွင်းစိတ်ရင်းမှာတော့ ဟောဒီရောမကြီးကို နုပ်နုပ်စဉ်းပြီး သတ်ချင်နေတယ်မဟုတ်လား။ ရှင့်ရဲ့ ညီမတော်လေးအတွက် ရှင့်စိတ်ကို အနိုင်နိုင်ချုပ်ထားရပြီး အပေါ်ယံ ဟန်ဆောင်ပြီး ပြုံးနေရတာ မဟုတ်လား"ဟု ပြောကြားချေပလိုက်သည်။

ထိုအခါ ဘုရင်ကာရာနေ့လည်း ချက်ကျ လက်ကျ ချေပပြောကြားသော စကားကြောင့် မျက်နှာမထားတတ်တော့ဘဲ မျက်နှာအမ်းတန်းတန်း ဖြစ်သွားသည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း 'ဘုရင်ကာရာနေ့သည် မင်းသမီးလေး ဒါဒရီ၏ ဤကဲ့သို့ ချက်ကျ လက်ကျ ပြောဆိုချေပခြင်းကို ရှေးယခင်ကလည်း အကြိမ်ပေါင်းများစွာ ခံခဲ့ရဖူးပေလိမ့်မည်'ဟု တွေးတောနေမိသည်။ ထို့ပြင် 'အလွန်တရာ စိတ်ထက်လှသော မင်းသမီးဒါဒရီကို ကဲ့ဘုရင်သည် ပွေ့ဖက်နမ်းရှုပ်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာသော်မှ ပွေ့ဖက်နမ်းရှုပ်ဝံ့ပါမည်လော'ဟုလည်း တွေးတောနေမိသည်။

ထိုသို့ တွေးတောရင်း ကျွန်ုပ်လည်း တစ်မနက်ခင်းလုံး ခရီးကြမ်းနှင်လာခဲ့သည့်အတွက် တကျိုကျိုနှင့် မြည်နေသော ဝမ်းဗိုက်ပြည့်လေအောင် အစားအစာကိုသာ ပလုပ်ပလောင်း ဆက်၍ စားနေမိသည်။ ဤသို့ ဝမ်းဝသောအခါမှ ငါးမိုင်ခန့် ဝေးသေးသော လန်ဒီးနီးယမ်း မြို့တော်သို့အရောက် ကျွန်ုပ်တစ်ကိုယ်တည်း လမ်းလျှောက် ခရီးဆက်နိုင်မည် မဟုတ်ပါလော။

ဘုရင်ကာရာနေ့လည်း မျက်မှောင်ကြုတ်ထားရာမှ မင်းသမီး ဒါဒရီကို တစ်လှည့်၊ ကျွန်ုပ်တို့ တစ်လှည့် စေ့စေ့ကြည့်နေသည်။ ထိုအခါ မင်းသမီးလေး ဒါဒရီ၏ မထီတရီနိုင်လှသော အမူအရာနှင့် ကျွန်ုပ်၏ တုန်လှုပ်ခြင်း အလျဉ်းကင်းသော အေးတိအေးစက် အမူအရာတို့ကို တွေ့မြင်သတိပြုမိသွားတော့သည်။ ဤတွင် ကာရာနေ့လည်း တိုး၍ အမျက်ဒေါသထွက်လာဟန်ဖြင့် မင်းသမီး ဒါဒရီကို စူးစူးဝါးဝါးကြည့်ရင်း

"ဒါဒရီ။ အခုအချိန်ဟာ စကားနိုင်လုပြောရမယ့် အချိန်အခါ မဟုတ်ဘူး။ ဒီတော့ မင်းနဲ့ဆက်ပြီး ကျုပ်စကားနိုင်မလုပ်တော့ဘူး။ အခု ကျုပ်တို့ဟာ ရောမတွေအနီးကို ရောက်နေကြပြီ။ ဒီတော့ ကင်းလှည့်ထွက်လာတဲ့ ရောမစစ်သည်တွေနဲ့ ကျုပ်တို့မတိုးရလေအောင် ဒီနေရာက အမြန်ဆုံး ထွက်ခွာဖို့ လိုတယ်"

ဟု ပြောကြားလိုက်ပြီးမှ၊ ကျွန်ုပ်ကို မျက်မှောင်ကြုတ်ကြည့်ရင်း

"ဒီမှာ ရောမကြီး၊ ဟောဟို တောအုပ်ရဲ့အနောက်ကို ကျော်သွားရင် လန်ဒီးနီးယမ်းမြို့တော်ကို ဦးတည်နေတဲ့ လမ်းမကြီးကို တွေ့ရလိမ့်မယ်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်လည်း ချပ်ဝတ်အင်္ကျီစနှင့် လက်ကို သုတ်လိုက်ရင်း

"ဒီလမ်းခရီးကြောင်းကို ကျုပ်ကောင်းကောင်းကြီးသိပါတယ်။ ခင်ဗျားညီမတော်ကို ကျုပ်အပါခေါ်ဆောင်လာတဲ့အခါ ခင်ဗျားနဲ့ ဘယ်နေရာမှာ တွေ့ရမယ်ဆိုတာကိုသာ ပြောခဲ့ပါ"ဟု ပြောကြားလိုက်ရာ၊ ကာရာနေ့က

"လန်ဒီးနီးယမ်း မြို့တော်ကနေပြီး ကာမူးလိုဒူနန်းမြို့ဘက်သွားတဲ့ လမ်းမကြီးဘေးမှာ ရောမစစ်သချိုင်းတစ်ခုရှိတယ်။ အဲဒီ ရောမစစ်သချိုင်းထဲမှာ

အလောင်းကောင်တွေကို ဖုတ်သင်း သင်္ဂြိုဟ်တဲ့ သုဘရာဇာတွေရဲ့ တဲလေးတွေ ရှိတယ်။ အဲဒီတဲတစ်တဲမှာ ကျုပ်ရဲ့ လူယုံတော်တစ်ယောက်ကို ဒီနေ့ကစပြီး စောင့်ထားခိုင်းမယ်။ ညီမတော်ကို ကယ်ဆယ်ရရှိတဲ့အခါမှာ အဲဒီတဲကို ခေါ်လာပြီး ကျုပ်ရဲ့လူယုံတော်လက်ထဲကို အပ်လိုက်ပါ။ အဲဒီ လူယုံတော်က ကျုပ်ကို ရှာဖွေပြီး ညီမတော်ကို ကျုပ်ဆီ အရောက်ပို့ပေးပါလိမ့်မယ်"ဟု ပြောကြားပြီးနောက် ကာရာနေ့လည်း ချာခနဲ လှည့်ကာ ထွက်သွားသည်။

ထိုအခိုက်တွင် ကျွန်ုပ်၏ အပေါ်တွင် ရပ်တဲ့ ကျန်ရစ်နေသော မင်းသမီးလေး ဒါဒရီက ကျွန်ုပ်ကို စိုက်ကြည့်နေရာမှ

"ဒီမှာ ရောမလူကြမ်းကြီး၊ ရှင့်အသက်ကို နှမြောရင် ကာရာနေ့ရဲ့ ညီမတော်ကို ရှင်ရှာဖွေတွေ့ရှိလို့ ရှင့်ရဲ့ ကတိစကားအတိုင်း ကာရာနေ့ရဲ့ လက်ထဲကို ပေးအပ်ပြီးတာနဲ့ တစ်ပြိုင်နက်၊ ကြိုးရာသဘော်ကိုစီးပြီး ရောမမြို့တော်ကို ပြန်သွားပါတော့။ ဘာကြောင့်လဲဆိုတော့ ဗြိတိန်ကျွန်းမှာရှိတဲ့ လူမျိုးစုအားလုံးဟာ လန်ဒီးနီးယမ်းမြို့တော်ကို မကြာမီ ဝိုင်းဝန်းပြီး တိုက်ခိုက်ကြတော့မယ်။ ဒီတော့ လန်ဒီးနီးယမ်း မြို့ရိုးတံတိုင်းကြီး ပြိုပြီး မြို့တော်ကြီးကျဆုံးမှာ သေချာနေတယ်။ အဲဒီအခါမှာ ရှင့်ကို တွေ့ရဆုံရရင်တော့ ရှင့်ရဲ့ အသက်ကို ချမ်းသာမပေးတော့ဘူး။ အသေဆိုးနဲ့ မရှုမလှ သေဆုံးသွားရလေအောင် ညှဉ်းပန်းနှိပ်စက်ပြီး သတ်ရပါလိမ့်မယ်"ဟု ပြောကြားသည်။

ထို့နောက် ခါးတွင် ချိတ်ထားသော ဓားမြှောင်ကို ဆတ်ခနဲ တစ်ဝက်လောက် ဆွဲနုတ်ပြီးလျှင်၊ ဒိုင်းခနဲ ပြန်ဆောင့်ပိတ်လိုက်သည်။ ထို့နောက် ချာခနဲ လှည့်ကာ ကျွန်ုပ်၏ အပေါ်မှ ဒေါနှင့် မောနှင့် ထွက်ခွာသွားသည်။

ထိုအခိုက်တွင် လေအေးသည် တောတန်းများကို ဖြတ်သန်းပြီး တသုန်သုန်တိုက်ခတ်နေရာ မင်းသမီးလေး ဒါဒရီ၏ ဝတ်ရုံမှာ လေထဲတွင် တလူလူလွင့်နေသည်။ မင်းသမီးလေး၏ ကော့ရွှန်းနက်မှောင်သော ဆံကေသာတို့သည်လည်း လေထဲတွင် တလူလူလွင့်နေသည်။

ကျွန်ုပ်လည်း မင်းသမီးလေးကို ငေးကြည့်နေရာမှ ကျွန်ုပ်၏ ဘဝကံကြမ္မာကို တွေးနေမိသည်။ ကျွန်ုပ်သည် မရဏာသေမင်း၏ လက်တွင်းမှ ပွတ်ကာသီကာ လက်မတင်လေး လွတ်မြောက်ခဲ့သည်ကား မှန်ပါ၏။ သို့သော် ရှေ့ဆက်ရမည့် လမ်းခရီးတွင် မရဏာသေမင်းသည် ကျွန်ုပ်အား ငံ့လင့်ကြိုဆိုနေယောင်တကား။

ကျွန်ုပ်နှင့် ငါးမိုင်ခန့်အကွာတွင် လန်ဒီးနီးယမ်းမြို့တော်ကြီးတည်ရှိပြီး၊ ထိုမြို့တော်ကြီးအတွင်း၌ ကျွန်ုပ်အသက်စွန့် ကယ်တင်ပါမည်ဟု ကတိသစ္စာဆိုခဲ့သော ဘုရင်ကာရာနေ့၏ ညီမတော် အီဒိန်းရှိနေလေသည်တကား။

## ၃
## အတိတ်၏ ရုပ်ပုံလွှာ

အီတလီပြည်ရှိ ရောမရွှေမြို့တော်ကြီးကား တောင်ကုန်းခုနစ်ခုပေါ်တွင် တည်ဆောက်ထားအပ်သော မြို့တော်ကြီး ဖြစ်ပြီး၊ ဗြိတိန်ကျွန်းကြီးပေါ်ရှိ လန်ဒီးနီးယမ်းမြို့တော်ကြီးကား တောင်ကုန်းနှစ်ခုပေါ်တွင် တည်ဆောက်ထားအပ်သော မြို့တော်ဖြစ်လေသည်။ တောင်ကုန်းနှစ်ခုကြားတွင် မြစ်ကြီးတသွင်သွင်စီးဆင်းနေပြီး၊ မြို့တော်၏ မြောက်ဘက်၌ စိမ်းညို့သော တောအုပ်ကြီး ဆိုင်းဆိုင်းဆို့ဆို့ တည်ရှိနေပေသည်။

ကျွန်ုပ်လည်း တောအုပ်ကို ဖြတ်ကျော်ကာ ကျောက်တုံးကျောက်ခဲထူထပ်သော လမ်းတို့ကို ဖြတ်သန်းပြီး တစိုက်မတ်မတ် လျှောက်လာခဲ့ရာ၊ နောက်ဆုံး၌ လန်ဒီးနီးယမ်း မြို့တော်ကြီးအပါးသို့ ရောက်ရှိလာခဲ့တော့သည်။

ကျွန်ုပ်၏ ရှေ့တူရူရှိ လန်ဒီးနီးယမ်းမြို့တော်ကြီးကား ပေနှစ်ဆယ်မြင့်၍ ရှစ်ပေထူသော တံတိုင်းမြို့ရိုးများ ပတ်ပတ်လည် ကာရံထားအပ်သောမြို့တော်ကြီး ဖြစ်ပေသည်။ မြို့တော်တွင်း၌ ခန့်ညားထယ်ဝါလှသော ကျောက်ဖြူစံအိမ်တော်ကြီးများ၊ အဆောက်အဦးကြီးများတို့ အမြောက်အမြား တည်ရှိနေပေသည်။ ထို့ပြင် ဝင်းပသော နေရောင်ခြည်အောက်၌ တပြောင်ပြောင်တဝင်းဝင်း တောက်ပနေသော ခန့်ညားထယ်ဝါလှသည့် နတ်ကျောင်းကြီးများလည်း အသီးသီးတည်ရှိပေသည်။ လန်ဒီးနီးယမ်းမြို့တော်သူ မြို့တော်သားတို့သည် အမျိုးမျိုးသော နတ်ဘုရားတို့ကို ကိုးကွယ်နေကြဆဲဖြစ်လေရာ၊ လနတ်ဘုရားမ ဒိုင်ယာနာ၏ နတ်ကျောင်း၊ **အိုက်စစ်** မယ်တော်ကြီး၏ နတ်ကျောင်း၊

အချစ်နတ်ဘုရားမ **ဗီးနပ်စ်**၏ နတ်ကျောင်း၊ နတ်ဘုရား မယ်တော်ကြီး **စီဗီလီ**၏ နတ်ကျောင်း . . . အစရှိသည့် နတ်ဘုရားကျောင်းကြီးများကို နေ့ရာအနှံ့တွေ့မြင်ရပေတော့သည်။ ထို့ပြင် မြို့သူ မြို့သားတို့ အများအပြား အသုံးပြုကြသော လူထုရေချိုးကန်များကိုလည်း အမြောက်အမြားတွေ့မြင်ရပေသည်။

ကျွန်ုပ်လည်း **အက်** မြို့တံခါးကြီးသို့ ရှေ့ရှုကာ ခန့်ခန့်ထည်ထည်ကြီး လျှောက်လာခဲ့သည်။ အက်မြို့တံခါးမကြီးကား ထုထည်ကြီးမားသောသစ်သားတို့ဖြင့် အခိုင်အခံ့ ဆောက်ထားပြီး တံခါးမကြီးအနီး၌ ရောမစစ်သည် တစ်ကျိပ်ခန့် စောင့်ကြပ်နေပေသည်။ ထိုစစ်သည် တစ်ကျိပ်တို့မှာ သံခမောက်ထုကို ဆောင်းထားကြပြီး လက်တွင် ဓားတိုလေးများနှင့် ဒိုင်းများကိုကိုင်စွဲထားကြသည်။ စစ်သည်အားလုံးပင် ပျင်းရိငြီးငွေ့နေကြသော အသွင်ဖြင့်မြို့တံခါးမကြီးအနားတွင် ပျင်းတိပျင်းတွဲ မှီနေကြသည်။

ထိုအခိုက်တွင် မြင်းရထားတစ်စီးသည် မြို့တွင်းသို့ မောင်းဝင်သွားသဖြင့်လည်း အမှတ်မထင် လှမ်းကြည့်လိုက်ရာ မြင်းရထားပေါ်ရှိ သားမွေးထိုင်ခုံပေါ်၌ ခန့်ခန့်ကြီးထိုင်လိုက်သွားသော သူဌေးကြီးတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။ ကျွန်ုပ်လည်း ထိုမြင်းရထားဝင်သွားပြီးနောက် မြို့တွင်းသို့ခပ်အေးအေးလှမ်းဝင်လာခဲ့ရာ တံခါးမကြီးအပါးရှိ စစ်သည်များသည် ကျွန်ုပ်ကို အမှတ်မထင် လှမ်းကြည့်လိုက်ကြသည်။ ထိုအခါ ကျွန်ုပ်ဆင်မြန်းထားသော ချပ်ဝတ်တန်ဆာနှင့် ရွှေလင်းယုန် တံဆိပ်များကို တွေ့မြင် သတိပြုမိသွားကြသည်။

ထိုအခါ စစ်သည်တော်များလည်း 'တစ်ကိုယ်လုံး ဖုန်မှုန့်အလိမ်းလိမ်းနှင့် ညစ်ပတ်ပေရေနေပြီး လူသာမန်တစ်ဦးကဲ့သို့ ခြေကျင်လျှောက်လာသည့်အဖြစ်ကို'တအံ့တသြ ငေးမောတွေဝေကြည့်နေကြသည်။ ထို့နောက်မှ စစ်သည်တော်တစ်ဦးလည်း ဖျတ်ခနဲ အမှတ်ရဟန်ဖြင့် ကျွန်ုပ်အပါးသို့ တရိုတသေလျှောက်လာပြီးလျှင်

"အရှင့်အတွက် မြင်းတစ်ကောင် ယူဆောင်ပေးပါရစေ အရှင်"ဟု ပြောကြားလိုက်သည်။ ထို့နောက် အနီးအနားရှိ ကောင်းပေ့ ကြော့ပေသော မြင်းကြီးကို သွားရောက်ယူဆောင်လာသည်။

ထိုအခိုက်တွင် အခြားစစ်သည်တော်တစ်ဦးက ဝိုင်အရက်ဘူးကို ကပျာကယာယူပြီး ပေးဆက်ရာ ကျွန်ုပ်လည်း စိတ်ပေါ့လက်ပေါ့ ရယ်မောပြီး တကွပ်ကွပ် မော့သောက်လိုက်သည်။ ထို့နောက် လေးစားကြည်ညိုသော အမူအရာဖြင့် ငေးကြည့်နေသော ထိုစစ်သည်တော်ကို စိုက်ကြည့်ရင်း

"တပ်မဟာခြောက်က စစ်ကဲမင်းကို မင်းတို့ တွေ့လိုက်ကြသလား

ဟော့၊ ငါပြောတဲ့ စစ်ကဲမင်းဆိုတာက စစ်မြေပြင်ထွက်တဲ့အခါမှာ အမွှေးနံ့သာ ဆွတ်ပြီး ဆံပင်ကို တသသပြုပြင်တတ်တယ်လေ။ ငါ့လို ဘယ်တော့မှ ဖုန်မှုန့် အလိမ်းလိမ်း အကပ်ခံတဲ့ သူစားမျိုးမဟုတ်ဘူး။ သူ့နာမည် **တီတပ် ဆိုလီနပ်** လို့ခေါ်တယ်လေကွာ”ဟု ပြောကြားလိုက်သည်။ ထိုအခါ စစ်သည်တော်လည်း အလွန်သဘောကျသွားဟန်ဖြင့် ဝါးခနဲ ရယ်လိုက်သည်။ သို့သော် ကျွန်ုပ်၏ အမေးကို ရုတ်တရက်မဖြေသေးဘဲ ‘ကျွန်ုပ်သည် တီတပ်ဆိုလီနပ်၏ မိတ်ဆွေလော။ ရန်သူလော’ဟု မှန်းဆတွေးတောဟန်ဖြင့် ကျွန်ုပ်၏ မျက်လုံးအစုံကို စေ့စေ့ကြည့်ပြီး အကဲခတ်နေရှာသည်။ သို့သော် မည်သို့မျှ အကဲခတ်၍ မရသောအခါ၌ စစ်သည်တော်လည်း ပခုံးကို တစ်ချက်တွန့်လိုက်ရင်း

“အရှင် အမိန့်ရှိတဲ့ စစ်ကဲမင်း တီတပ်ဟာ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ဟောဒီ အက်တံခါးမကြီးကို ဖြတ်ပြီးဝင်လာခဲ့ပါတယ်။ ပြီးတော့ စစ်သံမှူး ခေါင်းဆောင်လာတဲ့ ရောမတပ်ကို ဗြိတိန်ကျွန်းသား လူမျိုးစုများဖြစ်တဲ့ အိုက်နီ တွေက ရတေးမြို့အနီးမှာ အလစ်ဝင်ပြီး တိုက်တဲ့အတွက် စစ်သံမှူး ကျဆုံးသွား ခဲ့တယ်လို့လည်း ပြောကြားသွားခဲ့ပါတယ်”ဟု ကျွန်ုပ်ကို ငေးကြည့်ရင်း ပြောကြားသည်။ ထို့နောက် ဖျတ်ခနဲ အမှတ်ရဟန်ဖြင့် ကျွန်ုပ်ကို မျက်လုံးပြူး မျက်ဆံပြူးကြည့်ကာ

“အရှင် . . . အရှင်ဟာ ကျဆုံးသွားတယ်ဆိုတဲ့ စစ်သံမှူးမဟုတ်လား” ဟု မေးလိုက်ရာ ကျွန်ုပ်က

“အေး ဟုတ်တယ်။ ငါဟာ တီတပ်ဆိုလီနပ်က ကျဆုံးသွားတယ်လို့ ဆိုခဲ့တဲ့ စစ်သံမှူးပါပဲ။ ငါခေါင်းဆောင်သွားတဲ့ စစ်တပ်ကို အိုက်နီတွေက အလစ်ဝင်တိုက်တဲ့အတွက် ငါတို့ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ရတယ်။ ဒီလို တိုက်ခိုက်တုန်း ငါဟာ ကျောက်ခဲမှန်ပြီး လဲကျသွားခဲ့တယ်။ အဲဒီလို လဲကျသွားချိန်မှာ တီတပ်ဆိုလီနပ်ဟာ တပ်ကို နောက်ဆုတ်ဖို့ အမိန့်ပေးခဲ့တယ်။ ငါ့ကို ရန်သူလက်ထဲ ဝကွက်အပ်ခဲ့တယ်။ ဒီလို ယုတ်မာစဉ်းလဲတဲ့အမှုကို ပြုခဲ့ တဲ့ တီတပ်ဆိုတဲ့ လူယုတ်မာကို ငါလှလှကြီး လက်စားချေဆုံးမရမယ်။ ဒင်း လျှာကို အရင်းကနေ ဆွဲဖြတ်ပစ်ရမယ်”ဟု ကြိမ်းဝါးပြောဆိုလိုက်မိသည်။

ထိုအခိုက်တွင်ပင် ကျွန်ုပ်၏ စိတ်အာရုံ၌ လွန်ခဲ့သော နှစ်ရက်ကျော် ကာလက ဖြစ်ရပ်တို့သည် ပြက်ပြက်ထင်ထင် ပေါ်ထင်လာတော့သည်။

ကျွန်ုပ်သည် ရောမစစ်သံမှူးအဖြစ် စစ်သည်တော်များကို အုပ်ချုပ်ကာ မြောက်ဘက် အင်တိုးနီးယပ်တံတိုင်း (ယခု စကော့တလန်နှင့် အိုင်ယာလန်မြောက်ပိုင်းဒေသ)တွင် နေထိုင်ကြသော ပစ်လူမျိုးတို့ဒေသ၌ တပ်စခန်း

ချပြီး၊ ပုန်ကန်ထကြွနေကြသော ပစ်လူမျိုးတို့ကို နှစ်နှစ်တိုင်တိုင် မနေမနား တိုက်ခိုက် ချေမှုန်းခဲ့ရသည်။ ဤသို့ဖြင့် တိုင်းပြည့်တာဝန်ကို ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ ထမ်းဆောင်ကြပြီးနောက် လန်ဒီးနီးယမ်းမြို့တော်ကို ပြောင်းရွှေ့ အမှုထမ်းရန် အထက်မှ အမိန့်စာ သဝဏ်လွှာ ရောက်ရှိလာခဲ့သည်။

ထိုသို့ အမိန့်စာ သဝဏ်လွှာ ရောက်ရှိလာသောအခါ၊ ကျွန်ုပ် အပါ အဝင် စစ်သည်တော်အားလုံးပင် အတိုင်းမသိ ဝမ်းမြောက်သွားကြတော့သည်။ "အစားဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း ဒုက္ခတို့မှ ကင်းဝေး ကာ ကောင်းကောင်းစား၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်း နေရပေတော့ မည်"ဟုလည်း တွေးတောကြည်နူးနေမိကြသည်။

ကျွန်ုပ်လည်း လန်ဒီးနီးယမ်းမြို့တော်ကို ရောက်ရှိပါက ပြည်သူ့ရေ ချိုးခန်းတွင် ဖိမ်ခံပြီး တစ်ဝကြီး ရေချိုးလိုက်မည်။ အိစက်ညက်ညောသော မွေ့ရာထက်၌ သက်သောင့်သက်သာ လဲလျောင်း အပန်းဖြေလိုက်မည်။ အနံ့ အရသာနှင့် ပြည့်စုံသော စားကောင်းသောက်ဖွယ် အမျိုးမျိုးကို အရသာခံပြီး သုံးဆောင်လိုက်မည်။ ကကြိုးကကွက်အမျိုးမျိုးကို တတ်မြောက် ကျွမ်းကျင် လှသော ကချေသည် ပျိုဖြူချောတို့၏ စိတ်နှလုံးကို နှိုးဆွသော ရမ္မက်အကတို့ ကို မျက်စိအရသာခံပြီး အားရပါးရ ကြည့်ရှုလိုက်မည်။ ထို့ပြင် ထို့ပြင် . . . လွန်ခဲ့သော ရှစ်နှစ်ကာလက ရောမရွှေမြို့တော်ကြီးမှ ကျွန်ုပ်ဝယ်ယူထားသော ကြေးနီရောင်အသားရှိပြီး၊ လုပစွဲမက်ဖွယ်ကောင်းသည့် အီဂျစ်သူမိန်းမချော လေး **မီနာ နီဖတ်**နှင့် ကာမဂုဏ်အရသာထူးကို ပျော်မြူးခံစားလိုက်မည်။ ကျွန်ုပ်ကို စွဲလန်းချစ်ခင်နေသော အီဂျစ်သူ မိန်းမချောလေး မီနာသည်လည်း ကျွန်ုပ်ကို တမ်းတစောင့်မျှော်နေလိမ့်မည်။ . . . စသည် စသည်ဖြင့် (ကျွန်ုပ် ၏ စစ်သည်တော်များတို့ စိတ်ကူးအယဉ်ကြီး ယဉ်နေကြသည့်အတိုင်း)စိတ်ကူး အယဉ်ကြီး ယဉ်နေမိသည်။

ဤသို့ဖြင့် ကျွန်ုပ်ဦးဆောင်လာသော ရောမစစ်သည်တော်များသည် စိတ်ကူးလေး တယဉ်ယဉ်နှင့် လန်ဒီးနီးယမ်းမြို့တော်သို့ ဦးတည်ကာ ခရီး ဆက်လာခဲ့ကြသည်။

ကျွန်ုပ်တို့တတွေ စိတ်ကူးယဉ်ကောင်းတုန်း ရဲတေးမြို့အနီးတွင် ဗြိတိန်ကျွန်းသား အိုက်နီလူမျိုးစုများတို့သည် ရုတ်တရက် အလစ်ဝင်ပြီး တိုက် ခိုက်ကြတော့သည်။

လေဟုန်ကို ဝှီးခနဲ မြည်အောင် ဖြတ်သန်းလာသော မြားတစ်စင်း၏ အသံ၊ စစ်သည်တစ်ဦး၏ နားထင်ကို ဒုတ်ခနဲ မြည်အောင် ထိမှန်သွားသော ကျောက်ခဲတစ်လုံး၏ အသံ၊ လေးညှို့ကို ပြိုင်တူတင်လိုက်သံ၊ ခြုံပုတ်ကြားမှ

တစ်ဟုန်ထိုး တိုးထွက်လာသော ခြေသံတို့ကို ကျွန်ုပ်တို့ တစ်ပြိုင်နက် ကြားလိုက်ရသည်။ ထိုခဏ၌ပင် ကျွန်ုပ်တို့ စစ်သည်သုံးယောက် မြေကြီးပေါ်သို့ လဲကျသွားတော့သည်။

ခြုံခိုပြီး အလစ်ဝင်တိုက်ခြင်းကို ကျွန်ုပ်တို့ ခံရလေပြီဟု သိမြင်ရသော ခဏ၌ပင် ကျွန်ုပ်တို့သည် ဒိုင်းများကို အသင့်ကာပြီးဖြစ်၍ ဓားများကို ပြိုင်တူဆွဲထုတ်ပြီး ဖြစ်တော့သည်။ ကျွန်ုပ်လည်း ဓားကို အသင့်ကိုင်စွဲပြီး ခြုံပုတ်များကို တိုးဝှေ့ကာ အိုက်နီများရှိရာသို့ တစ်ဟုန်ထိုး ပြေးဝင်သွားရာ၊ ကျွန်ုပ်၏ တပည့်ကျော် စစ်သည်တစ်ကျိပ်ကျော်သည်လည်း ကျွန်ုပ်အပါးမှ ကပ်ပြီး လိုက်ပါလာခဲ့ကြသည်။

ဗြိတိန်ကျွန်းသားလူမျိုးစုများကား ဒိုင်းနှင့်ဓားကို ဧနစ်တကျ သုံးစွဲတိုက်ခိုက်လေ့ရှိသော ကျွန်ုပ်တို့ ရောမစစ်သည်တော်များနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့တွေ့ဆိုင်ဆိုင် ယှဉ်ပြိုင်ပြီး မတိုက်ဝံ့ကြပါပေ။ ယှဉ်ပြိုင်တိုက်ခိုက်တိုင်းလည်း မရှုမလှ ရှုံးနိမ့်သွားကြသည်ချည်းသာ ဖြစ်၏။ ထို့ကြောင့် ဗြိတိန်ကျွန်းသား လူမျိုးစုများသည် ကျွန်ုပ်တို့အား ခြုံခိုပြီးသာ အလစ်ဝင်တိုက်တတ်ကြပေသည်။ ထို့နောက် ချက်ချင်းပင် ကိုယ်ရောင်ဖျောက်ပြီး ဆုတ်ခွာသွားလေ့ရှိသည်။

သို့သော် . . . သို့သော် . . . ယနေ့တိုက်ပွဲ၌မူ အိုက်နီများသည် လူသူအင်အား အတန်ငယ်များသောကြောင့်လော မသိ။ ချက်ချင်း ကိုယ်ရောင်ဖျောက်ကာ ဆုတ်ခွာသွားခြင်း မပြုကြဘဲ ကျွန်ုပ်တို့ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ခိုက်ကြသည်။ ထို့ကြောင့် ကျွန်ုပ်လည်း လက်တွင်းမှ ဓားကို ပင့်ကာမြှောက်ကာဖြင့် အိုက်နီတို့ တစ်ယောက်ပြီးတစ်ယောက် အတုံးအရုံး လဲကျသေဆုံးသွားအောင် ရှပ်ရှပ်ချုံချုံတိုက်ခိုက် ချေမှုန်းနေရတော့သည်။ ထိုအခိုက်တွင် အိုက်နီတို့ လောက်လွှဲဖြင့် အဝေးမှ လှမ်းပစ်လိုက်သော ကျောက်ခဲကြီးတစ်လုံးသည် မေးရိုးကို အရှိန်အဟုန်ပြင်းပြင်းဖြင့် ဒုတ်ခနဲ မြည်အောင် လာရောက်ထိမှန်ရာ၊ ကျွန်ုပ်လည်း စစ်ပုဆိန်ဖြင့် ပိုင်းဖြတ်ခြင်းခံရသော သူကဲ့သို့ မြေပြင်ထက်သို့ လဲကျသွားတော့သည်။

ဤတွင် ကျွန်ုပ်၏ တပည့်ကျော် စစ်သည်များလည်း ကျွန်ုပ်အတွက် အလွန်အမင်း စိုးရိမ်ပူပန်သွားကြပြီးလျှင် ဘေးလွတ်ရာသို့ ဆောင်ယူသွားရန် ကျွန်ုပ်ကို ဝိုင်းဝန်းသယ်မကြသည်။ ထိုအခိုက်တွင် ကျွန်ုပ်၏ တပ်တွင် ပါလာသော စစ်ကဲမင်း တီတပ်ဆိုလီနပ်က စစ်သည်တော်များကို နောက်သို့ အလျင်အမြန်ဆုတ်ကြရန် အမိန့်ပေးလိုက်သံကို ကြားရသည်။ ထိုအမိန့်ကို ကြားရသောအခါ ကျွန်ုပ်ကို ဝိုင်းဝန်းသယ်မနေကြသော စစ်သည်တော်များအနက်

က တစ်ဦးက မကြားတကြား ဆဲရေးလိုက်ပြီး၊ တစ်ဦးကမူ စစ်သံမှူးမှာ ဒဏ်ရာရရုံသာရ၍၊ အသက်မသေသေးကြောင်း ပြောကြား ကန့်ကွက်လိုက်သည်။

ထိုအခါ တီတပ်က

"ဘာပဲဖြစ်ဖြစ် ထားသာ ပစ်ခဲ့ကွာ။ သူ့တစ်ယောက်အတွက်ကြောင့် ငါတို့အားလုံး အဖမ်းခံနေရဦးမယ်"

ဟု ဟစ်အော်ပြောကြားရာမှ

"ရောမစစ်သည်အပေါင်းတို့၊ နောက်ဆုတ်ကြ။ ဒိုင်းများဖြင့် ကိုယ်ကို ကာကွယ်ရင်း နောက်ဆုတ်ကြ။ နောက်ဆုတ်ကြ"ဟု ဟစ်အော် အမိန့်ပေးလိုက်သည်။

ဤတွင် ကျွန်ုပ်ကို ဝိုင်းဝန်း သယ်မနေသော စစ်သည်တော်များလည်း အထက်အမိန့်ကို နာခံသောအားဖြင့် ကျွန်ုပ်ကို ပြန်ချလိုက်ကြရရှာသည်။ ထို့နောက် နောက်သို့ အလျင်အမြန် ဆုတ်ခွာသွားကြသော စစ်သည်တော်တို့၏ ခြေသံတဝုန်းဝုန်းနှင့် ဒိုင်းသံ၊ ဓားသံ တချွင်ချွင်တို့ကို ကြားရသည်။ ထို့နောက်တွင်ကား ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

ကျွန်ုပ်မှာ မေးရိုးကို ကျောက်ခဲကြီး ထိမှန်သွားသောကြောင့် တစ်ကိုယ်လုံး မလှုပ်နိုင် မရှားနိုင်ရုံမက၊ စကားပင် ဟဟမပြောနိုင်ပါပေ။ သို့သော် သတိကား လုံးဝမလစ်ခဲ့ပေ။ ကျွန်ုပ်၏ ပတ်ဝန်းကျင်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ အားလုံးကို ကြားနေ သိနေတော့သည်။

ရောမစစ်သည်တော်များ၏ ခြေသံပျောက်၍ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက် အတန်ကြာသောအခါ ချုံပုတ်တစ်ခုအတွင်းမှ အိုက်နီတစ်ယောက်၏ ခေါင်းတစ်လုံးပြူထွက်လာသည်။ ထို့နောက် ကျွန်ုပ်ကို စူးစူးဝါးဝါး စိုက်ကြည့်နေပြီးနောက်၊ ချုံပုတ်အတွင်းမှ ထွက်လာကာ ကျွန်ုပ်၏ အနားသို့ နီးနီးကပ်ကပ် လာကြည့်သည်။ ထို့နောက်တွင်ကား အိုက်နီတို့၏ယဇ်နတ်ဆရာကြီးသည် ဝမ်းသာအားရ ပြုံးရင်း ကျွန်ုပ်အပါးသို့ ရောက်ရှိလာသည်။

ထို့နောက် အိုက်နီတို့သည် တစ်ကိုယ်လုံး မလှုပ်နိုင် မရှားနိုင်ဖြစ်နေသော ကျွန်ုပ်ကို ဝိုင်းဝန်း သယ်မပြီး ခေါ်ဆောင်သွားကြသည်။ တောအုပ်တွင်းကို ဖြတ်ကာ ခေါ်ဆောင်လာခဲ့ရာ၊ နောက်ဆုံးတွင် ဝက်သစ်ချတောအုပ်သို့ ရောက်လာခဲ့သည်။ ထို့နောက် ဝက်သစ်ချပင်ကြီးအောက်ရှိ ယဇ်ပလ္လင်ထက်၌ ကျွန်ုပ်ကိုတင်ကာ ခြေနှင့်လက်တို့ကို မလှုးသာ မလှုပ်သာအောင် သားရေကြိုးနှင့် အခိုင်အခံ့တုပ်နှောင်ထားခဲ့ကြသည်။ ထို့နောက် ကျွန်ုပ်၏

ရင်ကို ခွဲကာ အသည်းနှလုံးကို ထုတ်ယူပြီး ဘားလ်နတ်မိစ္ဆာကြီးကို ယဇ်ပူဇော်ရန် ပြင်ဆင်ကြတော့သည်။

အကယ်၍သာ ဘုရင်ကာရာနေ့၏ ညီမတော် မင်းသမီးလေး အီဒိန်းကို ဂျိုလီဗမ်မြို့အနီး၌ ရောမစစ်သည်တော်တစ်စု ဖမ်းဆီးသွားမိခြင်း မရှိပါက ကျွန်ုပ်လည်း အိုက်နီတို့၏ လက်တွင်းမှ မည်သည့်နည်းနှင့်မှ လွတ်မြောက်တော့မည်မဟုတ်ပေ။ အိုက်နီတို့၏ ယဇ်နတ်ဆရာကြီးသည် ကျွန်ုပ်၏ ရင်ကို ခွဲကာ အသည်းနှလုံးကို ထုတ်ယူပြီး ဘားလ်နတ်မိစ္ဆာကြီးအား ယဇ်ပူဇော်မည်မှာ သေချာလှပေတော့သည်။

ဤသို့သော အဖြစ်ဆိုးများကို ကြုံရလေအောင် ရန်သူတို့လက်တွင်းသို့ ကျွန်ုပ်ကို ဝကွက်အပ်ခဲ့သူကား စစ်ကဲမင်း တီတပ်ပင် ဖြစ်တော့သည်။ ထို့ကြောင့် တီတပ်နှင့် စာရင်းရှင်းရန် ကျွန်ုပ်သည် အခိုင်အမာ သံဓိဋ္ဌာန်ချထားမိခဲ့သည်။

ကျွန်ုပ်လည်း တတွေးတောတောနှင့် မြင်းကို အေးအေးလူလူစီးလာခဲ့ရာ မြစ်ကမ်းနဘေး၌ တည်ရှိနေသော ကျွန်စျေးတန်းအပါးသို့ ရောက်လာခဲ့တော့သည်။ ကျွန်စျေးတန်းတစ်နေရာတွင် အဖြူနှင့်အနီကြား ရွက်ထည်များမိုးထားသော တဲကြီးတစ်လုံးရှိပြီး ထိုတဲကြီးတွင်း၌ ကျောက်တုံးကျောက်ခဲတို့ဖြင့် ဆောက်ထားသော စင်မြင့်တစ်ခုရှိနေသည်။ ထိုစင်မြင့်အနီးတွင်မူ ကျွန်ဝယ်မည့်သူများဖြင့် ပြည့်ကျပ်နေသည်။

ထိုတဲကြီးအပါးသို့ ကျွန်ုပ်ရောက်သွားခိုက်တွင် ကျွန်ကုန်သည်၏ လူယုံတော်ကြီးသည် မိန်းမချောလေးတစ်ဦးကို အတင်းအဓမ္မတရွတ်တိုက်ဆွဲလာပြီးလျှင် စင်မြင့်ထက်သို့ အတင်းထိုးတင်လိုက်သည်။ ကျွန်အဖြစ် ရောင်းချခြင်းခံရမည့် မိန်းမချောလေးမှာ ကိုယ်ခန္ဓာ အချိုးအဆစ်ပြေပြစ်ကောင့်တင်းရုံမက အသားအရောင်မှာလည်း ဖြူနုနေပေသည်။ ဆံပင်မှာမူလည်း ရွှေရောင်တောက်နေသည်။ ကျွန်ုပ်သည် ဤမိန်းမချောလေးကဲ့သို့သောသူမျိုးကို တွေ့ဖူးမြင်ဖူးခဲ့ပေသည်။ ဤမိန်းမချောလေးကား အလွန်အေးသော ဗြိတိန်ကျွန်း၏ မြောက်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသတွင် မွေးဖွားကြီးပြင်းခဲ့သူပင် ဖြစ်ရပေမည်။

ဤသို့ ယောကျ်ားတို့၏ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်သော မိန်းမချောလေးကို တွေ့ရမြင်ရသောအခါ ကျွန်ဝယ်လာကြသူများလည်း မိန်းမချောလေးရှိရာ စင်မြင့်အနီးသို့ သူ့ထက်ငါစုပြုံတိုးဝှေ့သွားကြတော့သည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းပြီးနောက်

တဲကြီးတစ်နေရာ၌ ခန့်ခန့်ကြီးထိုင်နေသော ကျွန်ကုန်သည် သူဌေးကြီး **ဖိလစ်ယူပီယပ်**အပါးသို့ လျှောက်သွားသည်။

ကျွန်ုပ်ကို ရုတ်တရက် တွေ့မြင်သတိပြုမိသောအခါ ကျွန်ကုန်သည်ကြီး၏ မျက်လုံးအစုံသည် လက်ခနဲ အရောင်တောက်သွားသည်။ ထို့နောက် အလွန်တရာ အံ့သြဝမ်းမြောက်သော အမူအရာဖြင့်

"မားကပ်ပါလား။ အရှင့်ကို အိုက်နီတွေ ဖမ်းသွားတယ်လို့ ကျုပ်တို့ ကြားသိနေရတယ်။ အခုလို မသေမပျောက် တွေ့ရတဲ့အတွက် ဝမ်းသာလှသဗျာ"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"တီတပ်ယုတ်မာတဲ့အတွက် အိုက်နီတွေရဲ့လက်ထဲကို ကျရောက်ခဲ့တာပါဗျာ။ ဒီကိစ္စအတွက် တီတပ်နဲ့ မကြာခင် စာရင်းရှင်းရလိမ့်မယ်။ ဒီလို စာရင်းမရှင်းခင်မှာ ကျုပ်အတွက် အရေးအကြီးဆုံး ကိစ္စတစ်ရပ်ကို ဆောင်ရွက်စရာရှိသေးတယ်။ ဒီတော့ ဖိလစ်ရေ၊ ကျုပ်ကို တစ်ဆိတ်ကူညီစမ်းပါဦး။ မကြာခင် ရက်တွေက ရောမစစ်သည် တစ်စုဟာ အိုက်နီမိန်းမချောလေးတွေကို ဂျီလီဗမ်မြို့အနီးမှာ ဖမ်းဆီးရခဲ့တယ် မဟုတ်လား။ အဲဒီအိုက်နီမိန်းမချောလေးတွေထဲမှာ အိုက်နီတွေရဲ့ အကြီးအကဲဖြစ်တဲ့ ဘုရင်ကာရာနေ့ရဲ့ ညီမတော်တစ်ပါးလည်း ပါလာခဲ့တယ်။ အမည်က အီဒိန်းတဲ့။ သူ့အကြောင်း သိစမ်းပါရစေ"ဟု ပြောကြားလိုက်ရာ၊ ကျွန်ကုန်သည်ကြီးလည်း လက်နှစ်ဖက်ကို ပွတ်ကာ အတန်ကြာအောင် စဉ်းစားနေသည်။ ထို့နောက်မှ ပြန်လည်အမှတ်ရလာဟန်ဖြင့်

"အရှင်ပြောတဲ့ မိန်းမချောလေးကို ကျုပ်ကောင်းကောင်းမှတ်မိပါပြီ။ အဲဒီ မိန်းမချောလေးရဲ့ ဆံပင်က ရွှေရောင်တောက်နေတယ်။ အသားကလည်း မွတ်ညက်ပြီး နို့နှစ်ရောင်လို ဝါဝင်းနေတယ်။ ကျုပ်တွေ့ဖူးသမျှ မိန်းမချောလေးတွေအနက် အချောဆုံးလို့ ဆိုရမယ့်သူကလေးပါပဲ။ အဲဒီမိန်းမချောလေးကို မြင်ရကတည်းက ငါတော့ ရတနာပုံဆိုက်ပြီလို့ တွေးလိုက်မိပါတယ်။ ကျုပ်တွေးထင်တဲ့အတိုင်းပါပဲ၊ အဲဒီမိန်းမချောလေးကို ဘုရင်ခံချုပ်ကတော် **ကော်နီလီယာ**က ငွေငါးသောင်းပေးပြီးတော့ ဝယ်သွားပါတယ်"

ဟု ပြောကြားပြီးမှ

"ဘာကြောင့် အဲဒီမိန်းမချောလေးအကြောင်းကို စုံစမ်းတာလဲ အရှင်၊ အရှင်က အဲဒီမိန်းမချောလေးကို ပိုင်ဆိုင်ချင်လို့လား"ဟု မေးလိုက်သည်။

ထိုအခါ ကျွန်ုပ်က ကုန်သည်ကြီး၏ စကားကို ပြန်မဖြေဘဲ

"ဘုရင်ခံချုပ်ကတော် ကော်နီလီယာက ဝယ်သွားတယ်ဟုတ်စ။ ဘယ်ကော်နီလီယာပါလိမ့်"ဟု သိလိုသောအချက်ကိုသာ ထပ်ပြီး မေးလိုက်ရာ၊

ကုန်သည်ကြီးလည်း အလွန်သဘောကျသွားဟန်ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ ထို့နောက်မှ ကိုယ့်နဖူးကို ကိုယ်ဖြန်းခနဲ ရိုက်လိုက်ရင်း

"အရှင်က လန်ဒီးနီးယမ်းမြို့တော်ကို ခွဲခွာပြီး တစ်ရပ်တစ်မြေကို ရောက်နေတာ နှစ်နှစ်တောင် ကြာသွားပြီပဲ။ အဲဒီအချက်ကို ကျုပ်မေ့သွားတဲ့ အတွက် ကျုပ်ကို ခွင့်လွှတ်ပါဗျာ။ အခု လန်ဒီးနီးယမ်းမြို့တော်မှာ ဘုရင်ခံ ချုပ်အသစ် ရောက်နေပါတယ်။ အမည်ကတော့ **ဖလာဗီးယပ် ကလောဒီးယပ် ကွန်စတိုင်နီးယပ်** ပါတဲ့။ အဲဒီဘုရင်ခံချုပ်ရဲ့ ကတော်ကတော့ ဆွေကြီးမျိုးကြီး ထဲကပါပဲ။ ရုပ်လည်းအတော့်ကို ချောပါတယ်။ အမည်ကတော့ **ကော်နီလီယာ ဟာမိုဂျင်နီးယပ်** ပါတဲ့။ အဲဒီဘုရင်ခံချုပ်ကတော်ဟာ နန်းတော်ထဲမှာ ထူးဆန်း တဲ့ ပါတီပွဲတွေ ခဏခဏကျင်းပတတ်တယ်လို့ သတင်းထွက်ထွက်နေပါ တယ်"ဟု ပြောကြားသည်။

ထို့နောက် ကုန်သည်ကြီးလည်း ဘုရင်ခံချုပ်ကတော် ကျင်းပသည့် ထူးဆန်းသည့် ပါတီပွဲများအကြောင်းကို ဆက်၍ ပြောပါတော့သည်။ ထိုသို့ တတွတ်တွတ်ပြောကြားနေခိုက်တွင် ကျွန်ုပ်၏နားထဲ၌ **'ကော်နီလီယာ။ ကော်နီလီယာ'**ဟူသော ဘုရင်ချုပ်ကတော်၏ အမည်သည် ပဲ့တင်ထပ်နေသည်။ ထို့အတူ မေ့ပျောက်နေသော အတိတ်ကာလက ရုပ်ပုံလွှာတို့သည်လည်း ကျွန်ုပ် ၏ မှတ်ဉာဏ်တွင်း၌ ပြန်လည်ပေါ်ထင်လာပြန်တော့သည်။

ယခု ဘုရင်ခံချုပ်ကတော် ဖြစ်နေသော ကော်နီလီယာနှင့် ကျွန်ုပ်တို့ သည် တိုင်ဗာမြစ်ကမ်းပေါ်၌ တည်ရှိနေသော ရောမရွှေမြို့တော်၏ ဆိပ်ကမ်း မြို့ကြီးဖြစ်သည့် **အော့စတီးယား**မြို့ကြီးတွင် စတင်တွေ့ဆုံခဲ့ကြသည်။ ထိုစဉ်က ကော်နီလီယာ၏ အသက်မှာ တစ်ဆယ့်ငါးနှစ်သာ ရှိပါသေးသည်။ သို့သော် ကိုယ်ခန္ဓာမှာ အစွမ်းကုန် ဖွံ့ဖြိုးကြီးထွားနေလေပြီ။

ထိုစဉ်အခါက ကျွန်ုပ်သည် (ဂျာမန်အမျိုးအနွယ်ဖြစ်သော) ဗိစီ ဂေါ့လ်ဟုခေါ်သော အနောက်ဂေါ့လ်တို့နှင့် တိုက်ခိုက်ရသည့် စစ်ပွဲတစ်ပွဲတွင် ဒဏ်ရာအနာတရရလာသောကြောင့် တပ်မှ ဆေးခွင့်ယူပြီး အော့စတီးယားမြို့ ရှိ စံအိမ်တော်သို့ လာရောက်အပန်းဖြေအနားယူချိန်ဖြစ်သည်။ ကျွန်ုပ်၏ စံအိမ်တော်မှာ ကော်နီလီယာ၏ စံအိမ်တော်နှင့် ကပ်လျက်တည်ရှိရကား ကျွန်ုပ် နှင့် ကော်နီလီယာတို့လည်း မြားမကြာခင် ခင်မင်ရင်းနှီးသွားခဲ့တော့သည်။ ထို့နောက် ချစ်သူဘဝသို့ ရောက်ရှိသွားပြီး အော့စတီးယားမြို့ပြင်ရှိ လူသူ လေးပါးကင်းရှင်းသော မြက်ခင်းပြင် စိမ်းလဲ့လဲ့တို့သို့ အတူတကွ သွားရောက် ကာ တစ်ဦးနှင့်တစ်ဦး လွန်လွန်ကျူးကျူး ထူးထူးကဲကဲ ချစ်မေတ္တာမျှလေ့ရှိ

သည်။ အော့စတီးယား ကမ်းစပ်သို့ အတူသွားပြီး ရေကူးမြူးထူးလေ့ရှိသည်။ ရောမစာဆိုတော်ကြီးများ ရေးစပ်ခဲ့သည့် အချစ်ကဗျာများကို ခေါင်းချင်းဆိုင်ဖတ်ပြီး ပျော်ရွှင်လေ့ရှိသည်။

ဤသို့ဖြင့် ကျွန်ုပ်နှင့် ကော်နီလီယာတို့သည် ချစ်သူဘဝဖြင့် တစ်နေ့လုံး အပျော်ကြီးပျော်ခဲ့ကြသည်။ အရွှင်ကြီး ရွှင်ခဲ့ကြသည်။ အမြူးကြီးမြူးခဲ့ကြသည်။ ကျွန်ုပ်က ကော်နီလီယာကို စွဲစွဲလန်းလန်း မြတ်နိုးစုံမက်ပြီး လက်ထပ်ထိမ်းမြားရန် ဆန္ဒရှိသကဲ့သို့၊ ကော်နီလီယာကလည်း ကျွန်ုပ်ကို စွဲစွဲလန်းလန်း မြတ်နိုးစုံမက်ပြီး လက်ထပ်ထိမ်းမြားရန် ဆန္ဒရှိခဲ့ပေသည်။ 'ကျွန်ုပ်တို့ လက်ထပ်ထိမ်းမြားပါက ပျော်ရွှင်ချမ်းမြေ့ကြလိမ့်မည်'ဟုလည်း ကျွန်ုပ်တို့နှစ်ဦးစလုံး မျှော်လင့်ယုံကြည်ထားကြပေသည်။

ထိုသို့ ကျွန်ုပ်တို့ ပျော်ရွှင်ကြည်နူးစိတ်ကူးအယဉ်ကြီး ယဉ်နေခိုက်တွင် အနောက်ဂေါ့လ်ဘုရင် **အေလာရစ်** (အေဒီ ၃၇၀–၄၁၀)သည် ရောမမြို့တော်ကြီးကို တိုက်ခိုက်သိမ်းပိုက်ရန် အလုံးအရင်းနှင့်တကွ ချီတက်လာတော့သည်။ ထိုအခါ အနောက်ဂေါ့လ်တို့ကို တွန်းလှန်ချေမှုန်းရန်အတွက် ကျွန်ုပ်အမှုထမ်းသော တပ်မဟာခြောက်သည် အီတလီမြောက်ပိုင်းရှိ **ဗာရိုနာ** မြို့ကြီးသို့ အလျင်အမြန် ချီတက်သွားရတော့သည်။ ကျွန်ုပ်သည်လည်း တပ်မဟာခြောက်နှင့်အတူ စစ်ချီထွက်သွားခဲ့ရသည်။

ဤသို့ဖြင့် ကျွန်ုပ်နှင့် ကော်နီလီယာတို့ မလွှဲသာမရှောင်သာဘဲ ကွဲကွာသွားခဲ့ရသည်။ ကျွန်ုပ်လည်း တိုင်းပြည်အတွက် ရှုပ်ရှုပ်ချုံချုံ အားသွန်ခွန်စိုက် တိုက်ခိုက်အမှုထမ်းနေရသောကြောင့် ကော်နီလီယာနှင့် အဆက်အသွယ်ပြတ်သွားခဲ့ရသည်။ ထိုအခိုက်တွင် ကော်နီလီယာသည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလှသော သူဌေးကြီးတစ်ဦးနှင့် လက်ထပ်ထိမ်းမြားလိုက်သည့် သတင်းစကားကို ကြားသိရသည်။ ကော်နီလီယာ၏ ခင်ပွန်းသူဌေးကြီးမှာ အစားအသောက် အသစ်အဆန်းတို့ကို နှစ်သက်ခုံမင်ပြီး အလွန်အကျွံလည်း စားသောက်တတ်ကြောင်း ကြားသိရသည်။ ထို့နောက် ကော်နီလီယာ၏ခင်ပွန်းသူဌေးကြီးသည် ဝက်အူချောင်းတို့ကို အဆမတန် စားသုံးရာမှ စားပိုးနင့်ပြီး ကွယ်လွန်သွားကြောင်း ကြားသိရသည်။

ထိုသို့ ပထမခင်ပွန်း ကွယ်လွန်ပြီးနောက် အိုးအိမ်ထောင်မထူသေးဘဲ မုဆိုးမဘဝ၌ရှိစဉ် ကော်နီလီယာနှင့် ကျွန်ုပ်သည် ရောမရွှေမြို့တော်၌ ရက်သတ္တတစ်ပတ်မျှ တွေ့ဆုံခဲ့ကြပြန်သည်။ ထိုသို့တွေ့ဆုံစဉ်ကာလတွင် ကော်နီလီယာနှင့် ကျွန်ုပ်တို့လည်း ရှေးယခင် ချစ်သူဘဝအတိုင်း လွှန်လွှန်ကျူးကျူးထူးထူးကဲကဲ အချစ်ကြီး ချစ်ကြပြန်သည်။ အပျော်ကြီးပျော်၍ အမြူးကြီး မြူး

ကြပြန်သည်။ ထိုစဉ်ကာလတွင် ကော်နီလီယာသည် ကွယ်လွန်ခဲ့သော ပထမ ခင်ပွန်းထံမှ လေ့လာတတ်သိထားသော ပညာမျိုးစုံဖြင့် ကျွန်ုပ်ကို ဦးဆောင်သွားခဲ့သည်။ အစွဲကြီး စွဲအောင် ပြုဆောင်ခဲ့ပေသည်။

သို့သော် ကျွန်ုပ်ကား ရက်သတ္တတစ်ပတ် ပြည့်သည်နှင့်တစ်ပြိုင်နက် ရောမရွှေမြို့တော်ကြီးကို ခွာ၍ ကျွန်ုပ်အမှုထမ်းနေသော တပ်မဟာခြောက်ရှိရာ မြို့သို့ ပြန်ရပြန်သည်။ ဤနည်းဖြင့် ကျွန်ုပ်နှင့် ကော်နီလီယာတို့သည် တစ်ဦးနှင့်တစ်ဦး ခွဲခွာလာခဲ့ရပြန်ပါသည်။ အဆက်အသွယ် ပြတ်သွားခဲ့ပြန်သည်။

နောက်တစ်ကြိမ် ကော်နီလီယာနှင့် ကျွန်ုပ်တို့ ကြုံကြိုက်တွေ့ဆုံသော အခါ၌ ကော်နီလီယာမှာ နောက်အိမ်ထောင်ထူပြီး ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ဆုံကြသော မြို့ကား အီတာလီပြည်တောင်ပိုင်း ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်သော **ဘိုင်ယား** မြို့၌ ဖြစ်လေသည်။ ဘိုင်ယားမြို့ရှိ လူအပေါင်းတို့ကား အကျင့်သိက္ခာကို လေးစားရိုသေကြသောသူများ မဟုတ်ဘဲ ကာမဂုဏ်ရမက်ဆိုး၌ မွေ့ပျော်ကာ အပျော်ကျူးနေကြသူများဖြစ်ကြသည်။ မကောင်းမှု ဒုစရိုက်မျိုးစုံကို ကျူးလွန်ရန် ဝန်မလေးကြသူများ ဖြစ်ကြသည်။ ရောမဧကရာဇ် နီရိုးဘုရင် လက်ထက်တော်အခါက ရောမမြို့သူ မြို့သားများတို့ အပျော်ကျူးကြသည်ထက်ပင် ဘိုင်ယားမြို့ရှိ မြို့သူမြို့သားတို့သည် ပို၍ လွန်၍ ကဲ၍ အပျော်ကျူးကြပေသည်။ ကျွန်ုပ်နှင့် ကော်နီလီယာတို့လည်း ဘိုင်ယားမြို့၌ ကြုံကြိုက်တွေ့ဆုံကြစဉ် ခဏ၌ အများနည်းတူ အပျော်ကြီးပျော်၍ အမြူးကြီး မြူးခဲ့ကြသည်။

ဘိုင်ယားမြို့တွင် တွေ့ဆုံခဲ့ကြပြီးနောက် ကျွန်ုပ်နှင့် ကော်နီလီယာတို့သည် တစ်ဦးနှင့်တစ်ဦး ထပ်မံမတွေ့ဆုံကြတော့ပေ။ ကော်နီလီယာ၏ သတင်းစကားကိုပင် ကျွန်ုပ် မကြားသိခဲ့ရပေ။ ယခုအခါမှ ကော်နီလီယာ၏ သတင်းစကားကို စတင် ကြားသိရခြင်းဖြစ်၏။

ကော်နီလီယာကား ဒုတိယအိမ်ထောင်နှင့် မဟုတ်မူ၍ တတိယ အိမ်ထောင်သစ်နှင့် ဖြစ်နေပါတကား။ ကော်နီလီယာ၏ တတိယ ခင်ပွန်းကား ဗြိတိန်ကျွန်း၏ ဘုရင်ခံချုပ် ဖြစ်၍ ကော်နီလီယာကား ဘုရင်ခံချုပ်ကတော် ဖြစ်နေပါကလား။ ထို့ပြင် . . . ထို့ပြင် ကျွန်ုပ်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးလှသော ဘုရင်ကာရာနေ့၏ ညီမတော် မင်းသမီးလေး အီဒိန်းကိုလည်း ကော်နီလီယာသည် ငွေငါးသောင်းပေး၍ ဝယ်သွားသည် ဆိုပါကလား။

ဘုရင်ခံချုပ်ကတော် ကော်နီလီယာသည် မိမိဝယ်ထားသော မင်းသမီးလေး အီဒိန်းကို ကျွန်ုပ်အား အလွယ်တကူကြည်ကြည်သာသာ ပြန်၍ ရောင်းပါမည်လား။ မရောင်းဘဲထားသော် မည်သို့ ပြုရပါအံ့နည်း။

ကျွန်ုပ်လည်း ဤသို့ တွေးတောစိတ်မောနေရာမှ ဘုရင်ခံချုပ်ကတော် ကော်နီလီယာအကြောင်းကို မိမိကြားသိထားသမျှ တတွတ်တွတ်ပြောကြားနေသော ကျွန်ကုန်သည် သူဌေးကြီး ဖီလစ်ယူပီယပ်၏ ပခုံးကို တရင်းတနှီးပုတ်ကာ နှုတ်ဆက်ပြီးနောက် အပေါ်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။

ထိုအခိုက်တွင် စင်မြင့်ထက်၌ ရွှေရောင်ဆံပင်နှင့် မိန်းမချောလေး မရှိတော့ပြီ။ ရွှေရောင်ဆံပင်နှင့် မိန်းမချောလေးကို အဖိုးကြီးပေး၍ ကျွန်အဖြစ်တစ်ဦးတစ်ယောက်က ဝယ်သွားပြီးခဲ့ပေပြီ။ ယခုအခါ၌ ရွှေရောင်ဆံပင်နှင့် မိန်းမချောလေးအစား စင်မြင့်ထက်၌ ကိုယ်ခန္ဓာ သန်မာထွားကျိုင်းတောင့်တင်းလှသော ယောကျ်ားကြီးတစ်ယောက် ရောက်ရှိနေပေသည်။ ထိုယောကျ်ားကြီး၏ သွင်ပြင်မူရာကို ထောက်ချင့်ခြင်းအားဖြင့် စစ်သည်ကောင်းတစ်ယောက်ဖြစ်ဟန်တူပြီး၊ ကျောက်ဆောင် ကျောက်ကမ်းပါး ထူထပ်သော ဗြိတိန်ကမ်းရိုးတန်းဒေသသားတစ်ယောက်ဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။

ကျွန်ုပ်လည်း ကိုယ်ခန္ဓာ သန်မာထွားကျိုင်း တောင့်တင်းလှသော ထိုယောကျ်ားကြီးကို ငေးကြည့်နေရာမှ 'ကျွန်ဝယ်လာကြသော သူများသည် ဤယောကျ်ားတောင့်ကြီးအား သတ္တုတွင်းများ၌ ခိုင်းစေရန်အတွက် ဝယ်မည်လော။ သို့တည်းမဟုတ် အိပ်ရာစကက်ခန်းများ၌ ဖျော်ဖြေအသုံးချခိုင်းရန်အတွက် ဝယ်မည်လော'ဟု ခေတ္တမျှ တွေဝေ တွေးတောနေမိသေးသည်။ ထို့နောက်မှ ကျွန်ဝယ်လာသူများကို တိုးဝှေ့ဖြတ်ကျော်ပြီး ထွက်ခွာလာခဲ့သည်။

## ၄
## ချစ်မြတ်နိုးရသည့်သူရယ်

ကျွန်ုပ်လည်း ကျွန်ဈေးတန်းမှ ထွက်ခွာလာခဲ့ပြီးနောက် မင်းလမ်းမကြီးပေါ်၌ တည်ရှိသော ကျွန်ုပ်၏ စံအိမ်တော်သို့ ဦးတည်လာခဲ့သည်။ စံအိမ်တော်ကြီးကား ကျယ်ဝန်းအေးချမ်းသော ခြံဝင်းကြီးအတွင်း၌ ကြီးမားခန့်ထယ်စွာ တည်ရှိနေပေသည်။

ဤစံအိမ်တော်ကြီးကို ကျွန်ုပ်၏ အဖိုး **ဖေးဗီးယပ် အူလစ် ဗာရီယန်**သည် ရောမဧကရာဇ် **ဆက်တီမက် ဆာဗီးယပ်** (အေဒီ ၁၀၆-၁၀၇)၏ လက်အောက်၌ တရားသူကြီးအဖြစ် အမှုထမ်းစဉ်ကာလက ပြောင်မြောက်ခန့်ထယ်လှသော ရောမဗိသုကာ ပညာတို့ကို အစွမ်းကုန် အသုံးပြု တည်ဆောက်ထားခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်၏ စံအိမ်တော်ဝင်းကြီးအတွင်းသို့ မြင်းကို အေးအေးလူလူ စိုင်းနှင်သွားပြီးနောက် မုခ်ဆောင်အနီးတွင် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းကာ၊ ပိတ်ထားသော အိမ်မကြေးနီတံခါးကို အသာခေါက်လိုက်သည်။ ထိုအခါ အိမ်အတွင်းမှ အပြေးအလွှားလာသော ခြေသံတို့ကို ကြားရပြီးနောက်၊ ကြေးနီတံခါးကြီး ရုတ်တရက် ပွင့်သွားပြီးလျှင် လူယုံတော်ကြီး **ဗြိတိကပ်**၏ မျက်နှာသည် ဘွားခနဲ ထွက်ပေါ်လာသည်။

လူယုံတော်ကြီး ဗြိတိကပ်ကား ဆက်ဆွန်ကမ်းရိုးတန်းဒေသ မြို့တစ်မြို့ဖြစ်သော ကာမူး လိုဒူနန်းမြို့ကြီး၌ နယ်စားကြီး၏အဖြစ် ကျွန်ုပ်၏ ဖခင်ဆောင်ရွက်စဉ်အခါကပင်၊ လူယုံတော် အိမ်တော်ကျွန်အဖြစ် အမှုတော်ထမ်းခဲ့

သူဖြစ်ပြီး၊ ကျွန်ုပ်ကိုလည်း သားအရင်းသဖွယ် ချစ်ခင်လေးစားသူဖြစ်ပေသည်။ အိုက်နီတို့လက်တွင်းသို့ ကျွန်ုပ်ကျဆင်းပြီးနောက်၊ အိုက်နီတို့၏ သတ်ဖြတ်ခြင်းကို ခံရရှာလေပြီဟူသော သတင်းစကားကိုလည်း အမှန်တကယ်ဟု မှတ်ထင်ယုံကြည်ဟန်ရှိသည်။ ထို့ကြောင့်လည်း ကျွန်ုပ်အတွက် ဝမ်းနည်းပူဆွေးသော အထိမ်းအမှတ်ဖြင့် အဝတ်အစားနက်များကို တစ်ကိုယ်လုံး ဆင်မြန်းထားရုံမက ဦးထုပ်နက်ကို ဆောင်းထားပေသည်။

ဤသို့အားဖြင့် ကျွန်ုပ်ကို သေဆုံးပြီဟု လုံးဝမှတ်ထင်ထားသော ဗြိတိကပ်သည် ကျွန်ုပ်ကို မျက်ဝါးထင်ထင် ရုတ်တရက်တွေ့မြင်လိုက်ရသော အခါ အလွန်အမင်း အံ့ဩဝမ်းမြောက်သွားတော့သည်။ ကျွန်ုပ်၏ ခြေရင်းတွင် ဒူးထောက်ချလိုက်ရင်း

"သခင်ရယ် . . . သခင်ရယ်။ သခင် မသေဘူးနော်။ သခင့်ကို အိုက်နီတွေက ဖမ်းသွားပြီး သတ်ပစ်လိုက်တယ်လို့ ဦးလေးတို့ ကြားနေရတယ်။ ဒါကြောင့် သခင့်အတွက် အတိုင်းမသိ ဝမ်းနည်းပူဆွေးနေကြပါတယ်"ဟု တုန်တုန်ရီရီပြောကြားရာ၊ ကျွန်ုပ်လည်း ဗြိတိကပ်၏ ပခုံးကို တရင်းတနှီး ဆုပ်ကိုင်ကာ၊ အသာမထူပေးရင်း

"ဦးလေးက လူလိမ်လူကောက်ရဲ့ စကားကို အဟုတ်ကြီးထင်ပြီး ယုံနေတာကိုး။ ကျွန်တော့်ကို အိုက်နီတွေ ဖမ်းမိသွားတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကံကောင်းထောက်မတဲ့အတွက် လူလိမ်လူကောက် တွေးတော မှတ်ထင်ထားသလို ကျွန်တော် အသတ်မခံရပါဘူး"ဟု ပြောကြားလိုက်သည်။

ထို့နောက်

"ဒီအကြောင်းတွေကို နောက်တော့ အသေးစိတ် ပြောပါ့မယ်။ အခု လောလောဆယ်မှာတော့ ရေလည်းချိုးချင်တယ်။ အစားကောင်း အသောက်ကောင်းလည်း စားသောက်ချင်ပါတယ်။ အမကြီး **ဟော့တီးယား** ကောရှိတယ် မဟုတ်လား။ ကျွန်တော်ကြိုက်တတ်တဲ့ ကိတ်မုန့်ကိုကော ဖုတ်တတ်သေးတယ် မဟုတ်လား။ ပြီးတော့ ကျွန်တော့် အကြိုက်ဆေးစပ်ပေးတတ်တဲ့ **လူစီကာန်**ကော ရှိရဲ့မဟုတ်လား။ ကျွန်တော်သောက်ဖို့ ဆေးတစ်အိုးလောက် အသင့်စပ်ခိုင်းထားပါ။ ပြီးတော့ မီနာကောရှိရဲ့လားဟင်။ ကျွန်တော့်အချစ်တော်လေး **မီနာ နီဖတ်လေ**"

ဟု အဆက်မပြတ်ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ဗြိတိကပ်သည် အလွန်ဝမ်းမြောက်ဟန်ဖြင့် ကျွန်ုပ်၏ လက်ကို တုန်တုန်ရီရီ ဆုပ်ကိုင်ထားရာမှ တမြတ်တနိုးနမ်းရှုပ်ရင်း၊ နှုတ်မှ တိုးတိုးတိုးတိုး ရေရွတ်နေသည်။

လူယုံတော်ကြီး ဗြိတိကပ်မှာ ကျွန်ုပ်ဖခင်ကို နှစ်ပေါင်းများစွာ သစ္စာရှိရှိ အမှုထမ်းခဲ့သောကြောင့် ကျွန်ုပ်ဖခင်က ဗြိတိကပ်ကို ကျွန်ဘဝမှ လွတ်မြောက်ခွင့်ပေးပြီး မိမိဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်လိုက ပြန်ပါရန် ခွင့်ပေးခဲ့သည်။ သို့သော် ကျွန်ုပ်တို့အပေါ် သံယောဇဉ် တွယ်နေပြီဖြစ်သော ဗြိတိကပ်သည် မိမိဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ပစ်ဒေသသို့ မပြန်တော့ဘဲ၊ ကျွန်ုပ်တို့ဆီမှာသာ ဆက်၍ နေထိုင်ခဲ့သည်။ ကျွန်ုပ်၏ လက်ထက်တွင်လည်း လူယုံတော်ကြီးအဖြစ် ဆက်လက်နေထိုင်ခဲ့သည်။ ကျွန်ုပ်ကို သခင်ကဲ့သို့ လေးစားမြတ်နိုးသကဲ့သို့ တူကဲ့သို့လည်း ချစ်ခင်ကြင်နာရှာလေသည်။

ဗြိတိကပ်သည် အလွန်တရာပျော်ရွှင်ဝမ်းမြောက်နေရာမှ မိမိတာဝန်ကို ဖျတ်ခနဲ အမှတ်ရဟန်ဖြင့် လက်ခုပ်တစ်ချက်တီးလိုက်သည်။ ထိုအခါ ကျွန်ုပ်၏ အိမ်တော်အမှုထမ်းများဖြစ်သော လူစီကန်နှင့် ပရီမိုတို့ ဝမ်းသာအားရ အပြေးအလွှား ရောက်လာသည်။ ထိုအခါ ဗြိတိကပ်က ကျွန်ုပ်ရေချိုးဖို့အတွက် အသင့်ပြင်ထားရန် အမိန့်ပေးလိုက်သည်။ ထို့နောက် စိန်းမချောကြီး ဟော့တီးယားရောက်လာရာ၊ ကျွန်ုပ်အတွက် အကောင်းဆုံး အစားအသောက်များ ချက်ပြုတ်ရန် ဆက်လက် အမိန့်ပေးခန့်ခွဲလိုက်ပြန်သည်။

ထို့နောက် ကျွန်ုပ်လည်း ဗြိတိကပ်နှင့်အတူ စံအိမ်တော်အတွင်းသို့ စကားတပြောပြောနှင့် လျှောက်လာသည်။ အိပ်ခန်းဆောင်သို့အရောက် ကျွန်ုပ်တစ်ယောက်ထဲရှိခိုက် ကိုယ်တွင် ဝတ်ထားသောချပ်ဝတ်တန်ဆာများ၊ ဝတ်ရုံများကို ချွတ်ချပြီးနောက် ခါးတွင် ချိတ်ထားသော ဓားရှည်ကြီးနှင့်တကွ ခါးပတ်ကို ချွတ်ပစ်လိုက်သည်။ ထို့နောက် ပေါ့ပေါ့ပါးပါး အဝတ်အစားများကို လဲဝတ်လိုက်သည်။ ထိုအခါ ကျွန်ုပ်၏ စိတ်လည်း လေးလံနေရာမှ အတန်ငယ်ပေါ့ပါးသွားသည်။

ထိုအခိုက်တွင် ကျွန်ုပ်ရှိရာသို့ မိန်းမလှလေး မီနာလည်း အပြေးဝင်ရောက်လာပြီး ကျွန်ုပ်၏ တစ်ကိုယ်လုံးကိုလည်း သိမ်းကျုံးပွေ့ဖက်လိုက်သည်။

"သခင်ရယ် . . . နတ်ဘုရားတွေ မတာပဲနော်။ မသေကောင်း မပျောက်ကောင်း ကံကောင်းလို့ တွေ့ရတော့တယ်ကွယ်"ဟုလည်း နှုတ်မှ တတွတ်တွတ်ရွတ်ရင်း ဝမ်းမြောက် ကြည်နူးသွားဟန်ဖြင့် မျက်ရည်တတွေတွေ ကျနေရာမှ၊ မျက်ရည်တို့ဖြင့် စွတ်စိုနေသော သူ၏ပါးပြင်နှင့် ကျွန်ုပ်၏ ပါးပြင်ကို အတန် ကြာအောင် ဖိကပ်ထားရှာသည်။

မိန်းမလှလေး မီနာကား အီဂျစ် ကခြေသည်မလေးဖြစ်ပြီး၊ ရောမရွှေမြို့တော်ကြီး၌ ကျွန်ုပ်နေထိုင်စဉ်ကာလက ကျွန်ဈေးတန်းမှ ကျွန်ုပ်ကိုယ်တိုင် စိတ်ကြိုက်ရွေးပြီး ဝယ်ယူလာခဲ့ခြင်းဖြစ်သည်။ ရောမဧကရာဇ် သီအိုဒိုးစီးယပ်

နတ်ရှာစ်ပြီးနောက်၊ သားတော် **ဟောနိုးရီးယပ်** (အေဒီ ၃၉၅-၄၂၃) နန်းတက်လာရာ၊ နန်းတက်ပြီး နှစ်များမကြာမီ သက္ကရာဇ် ၄၀၈ ခုနှစ်တွင် စတီလီချိုကို သတ်ဖြတ်သုတ်သင်ခဲ့ရုံမက၊ ရောမစစ်သေနာပတိ ဖလာဗီးယပ် စတီလီချိုနှင့် ပတ်သက်ရာ ပတ်သက်ကြောင်း မိတ်ဆွေ သင်္ဂဟများ၊ ဗိုလ်မှူးများကိုပါ လိုက်လံအပြစ်ရှာသည်။

ဤတွင် ရောမစစ်သေနာပတိ ဖလာဗီးယပ်စတီလီချို၏ လက်အောက်၌ တပ်မှူးအဖြစ် အမှုထမ်းခဲ့ဖူးသော ကျွန်ပ်လည်း ရောမရွှေမြို့တော်တွင် အကြာအရှည်မနေဝံ့တော့ဘဲ၊ ဗြိတိန်ကျွန်းသို့ ပြောင်းရွှေ့လာခဲ့တော့သည်။ ထိုသို့ ပြောင်းရွှေ့လာခဲ့ရာတွင် ကျွန်ပ်ကိုယ်တိုင် စိတ်ကြိုက်ရွေးပြီး ဝယ်လာခဲ့သော မိန်းမလှလေး မီနာကိုပါ တစ်ပါတည်း ခေါ်လာခဲ့သည်။ မီနာကို ကျွန်ပ်ဝယ်လာခဲ့စဉ်က မီနာ၏အသက်မှာ တစ်ဆယ့်လေးနှစ်သာ ရှိပေသေးသည်။ ယခုအခါ၌မူ မီနာသည် အမွေးအတောင် စုံလင်လာသော ငှက်ပျိုမလေးကဲ့သို့ အလှသွေး စုံလင်တောက်ပနေပေပြီ။ အလှကြီးလှ၍၊ အချောကြီးချောနေပေပြီ။

ကျွန်ပ်လည်း မိန်းမလှလေး မီနာကို တစိမ့်စိမ့်ကြည့်ရာမှ၊ ကျွန်ပ်ကို ပွေးကပ်ဖက်တွယ်နေသော မီနာ၏ကိုယ်လုံးလှလှလေးကို ဖုထစ်သန်မာလှသော လက်မောင်းအစုံဖြင့် တင်းတင်းကြပ်ကြပ်ပွေ့ဖက်လိုက်ပါသည်။

"သခင်ရယ် . . . သခင်သာ လူ့လောကမှာ မရှိဘူးဆိုရင် ကျွန်မလေ လူ့လောကမှာ ဘယ်လိုမှ ဆက်ပြီး နေနိုင်တော့မယ်မထင်ပါဘူးကွယ်။ ဒါကြောင့်လည်း သခင် သေဆုံးသွားပြီဆိုတဲ့ သတင်းစကားကြောင့် ကျွန်မ အသည်းနှလုံးကို ကျွန်မဓားမြှောင်နဲ့ထိုးပြီး အဆုံးစီရင်ဖို့တောင် ကြံရွယ်နေမိပါတယ်ရှင်။ သခင့်ရဲ့ အသံကို ကြားရတော့မှ ဒီအကြံကို လက်လွှတ်လိုက်တာပါ။ သခင်ရယ် . . . ကျွန်မကို ခွဲပြီးသွားတာ ကြာလှချည်လားကွယ်။ အခုကော ကျွန်မကို ခွဲသွားဦးမှာလား ရှင်ရယ်"ဟုလည်း သနားစဖွယ် ချစ်စဖွယ် တတွတ်တွတ် ပြောကြားနေသည်။

ထိုအခါ ကျွန်ပ်က

"မီနာအချစ်ရယ် . . . သခင့်အတွက် စိုးရိမ်ကြောင့်ကြမနေပါနဲ့တော့ကွယ်။ ကိုယ့်အိမ်ကိုယ့်ယာမှာ အေးအေးလူလူ နားနေခွင့်ကို အခု သခင်ရပါပြီ။ အရင်နှစ်နှစ်တုန်းကလို ရပ်ဝေးမြေခြားက တပ်စခန်းမှာနေပြီး တိုင်းရင်းသား လူမျိုးစုတွေကို တိုက်ခိုက်ရတဲ့တာဝန်ကို ဆက်လက်ပြီး မထမ်းဆောင်ရတော့ပါဘူး"ဟု ပြောကြား ဖြေသိမ့်ပြီးမှ

"မီနာအချစ်ရယ်၊ သခင်ရေချိုးသန့်စင်ချင်တယ်။ သခင့်ကို ကိုယ်

တိုင် ရေးချိုးပေးပါလား။ ပြီးတော့ စားကောင်းသောက်ဖွယ်တွေနဲ့ ကိုယ်တိုင် ပြင်ဆင်ခူးခပ်ကျွေးပါလား"ဟု ပြောကြားလိုက်ရာ၊ မိန်းမလှလေး မီနာက

"စိတ်ချပါ သခင်ရယ်၊ သခင့်ကို ကျွန်မကိုယ်တိုင် ရေချိုးပေးပါ့မယ်။ ပြင်ဆင်ခူးခပ်ကျွေးပါ့မယ်။ မရဏာနိုင်ငံက ရှင်ပြန်ထမြောက်လာတဲ့ **အိုဆီရစ်** နတ်ဘုရားကြီးကို **အိုက်စစ်** မယ်တော်ကြီးက ပြုစုသလို၊ သခင့်ကိုလည်း ကျွန်မ ကိုယ်တိုင်ကိုယ်ကျ လိုလေသေးမရှိ ပြုစုပါ့မယ် သခင်ရယ်"ဟု ပြောကြားသည်။

ထို့နောက် မိန်းမလှလေး မီနာသည် စက်ခန်းဆောင်ထောင့်ရှိ ဆီမီးခွက်ကို သွားရောက် ထွန်းညှိပြီးနောက်၊ ဝက်သစ်ချသား သစ်တောကြီးထဲမှ ရေသုတ်တဘက်ကြီးတစ်ထည်ကို ထုတ်ယူလိုက်သည်။ ထို့နောက် ကျွန်ုပ်ကို ပွေ့ဖက်ကာ ရေကန်ရှိရာသို့ တွဲမှီခေါ်သွားသည်။

ကျွန်ုပ်တို့ ရေကန်ကား ကျောက်ဖြူသားဖြင့် ပြုလုပ်ထားပြီး ကျွန်ုပ် ရေချိုးရန်အတွက် ရေကိုလည်း မပူမအေး ခပ်နွေးနွေးဖြစ်နေအောင် ပြင်ဆင်ထားပေးသည်။ ကျွန်ုပ်လည်း ရေကန်အတွင်း၌ တစ်ကိုယ်လုံး စိမ်ကာ အားရပါးရ ချိုးပြီးနောက် ရေကန်ဘောင်တွင် အသာရပ်နေလိုက်ရာ၊ မိန်းမလှကလေး မီနာလည်း အပါးလာပြီး ကြေးညှော်များကို တယုတယပွတ်တိုက်ပေးသည်။ ထို့နောက် အနီးအနားရှိ ရေပုံးဖြင့် ကျွန်ုပ်ကိုယ်ပေါ်သို့ လောင်းချလိုက်သည်။ ထိုရေတို့မှာ အေးစက်စိမ့်ကျင်နေရကား ကျွန်ုပ်လည်း လန့်ပြီး လွှတ်ခနဲ အော်လိုက်မိရာ မိန်းမလှလေးမီနာလည်း အလွန်တရာ သဘောကျသွားဟန်ဖြင့် ခိုးခိုးခစ်ခစ် ရယ်မောနေသည်။

ထို့နောက်

"သခင်ရယ်၊ ဒီလို ရေအေးနဲ့ချိုးမှ တစ်ကိုယ်လုံး လန်းသွားမှာပေါ့" ဟုလည်း ပြောကြားသည်။

ကျွန်ုပ်တစ်ကိုယ်လုံးကိုလည်း ပွတ်သပ်ကိုင်တွယ်နေသည်။

"သခင် အတော့်ကို ပိန်သွားတယ်နော်။ သိပ်ပင်ပန်းလို့လားကွယ်" ဟုလည်း ကရုဏာစကား ဆိုရှာသည်။

ကျွန်ုပ်ကား ပစ်တို့ဒေသတွင် နှစ်နှစ်တိုင်တိုင် ပင်ပင်ပန်းပန်း အမှုတော်ထမ်းခဲ့ရကား ယခင်က ဖြူနုနေသော အသားတို့မှာ နေဒဏ်လေဒဏ်တို့ကြောင့် ညိုမှောင်လာခဲ့တော့သည်။ အီဂျစ်ပြည်သူ မိန်းမလှလေး မီနာ၏ အသားအရောင်ကဲ့သို့ပင် ကြေးဝါရောင် ပေါက်လာတော့သည်။

မိန်းမလှလေး မီနာလည်း ကျွန်ုပ်တစ်ကိုယ်လုံးရှိ ကြေးညှော်တို့ကို

ပွတ်တိုက်ပေးပြီးသောအခါ၊ သူ၏ကိုယ်ရှိ အဝတ်အစားတို့ကို ချွတ်ခဲ့ပြီးနောက်၊ ကျွန်ုပ်၏လက်ကို ဆွဲကာ ရေကန်ထဲသို့ နှစ်ယောက်အတူ ပြိုင်တူခုန်ချလိုက်သည်။ ထို့နောက် ရေကန်ထဲတွင် ပေါ့ပါးမြူးရွှင်စွာ ကူးခတ်နေရာမှ၊ လန်ဒီးနီးယမ်းမြို့တော်ကြီးက သတင်းစကားမျိုးစုံတို့ကို တတွတ်တွတ်ပြောကြားပါတော့သည်။ အထူးသဖြင့် ဗြိတိန်ကျွန်းဘုရင်ခံချုပ် နန်းတော်နှင့် ပတ်သက်သော သတင်းစကားအမျိုးမျိုးတို့ကို ကြားထား သိထားသမျှ တစ်စမချန် ပြောကြားပါတော့သည်။

ဗြိတိသျှကျွန်း၏ ဘုရင်ခံချုပ်ဖြစ်သော **ဖလာဗီးယပ်**သည် ကိုယ့်ကိုယ်ကို အလွန်တရာ အထင်ကြီးသူတစ်ယောက်ဖြစ်ပြီး 'ရောမ ဧကရာဇ် ဟောနိုးရီးယပ်ထက်ပင် မိမိက အရည်အချင်း အစွမ်းအစ ပိုမိုပြည့်ဝသည်'ဟု မှတ်ထင်နေကြောင်း။ ဗြိတိန်ကျွန်းရှိ ဘုရင်ခံချုပ်တို့သည် ရောမကို အာခံပြီး မိမိတို့ တပ်ကြီးဖြင့် ရောမကို သွားရောက်တိုက်ခိုက် သိမ်းယူကြသည့် အစဉ်အလာရှိခဲ့ကြောင်း။ လွန်ခဲ့သော နှစ်ရာစုကလည်း ဗြိတိန် ဘုရင်ခံချုပ် **ကလိုဒီးယပ် အယ်ဘီးနပ်**သည် ရောမကို တိုက်ခိုက်သိမ်းယူဖို့ ကြိုးစားခဲ့သေးကြောင်း။ ဤသို့ ကြိုးစားသော်လည်း အကြံမအောင်မြင်ရှာ၍ ကိုယ့်ကိုယ်ကိုသာ အဆုံးစီရင်သွားခဲ့ရကြောင်း။ သို့သော် အကြံအောင်မြင်သွားသူများလည်း အမြောက်အမြားရှိခဲ့ပါကြောင်း။ အထူးသဖြင့် ရောမဧကရာဇ်ဖြစ်ခဲ့သော **သီအိုဒိုစီးယပ်**သည် ဗြိတိန်ကျွန်းကို ခြေကုပ်ယူပြီးနောက်၊ ရောမကို အံတုဖက်ပြိုင်ကာ အနိုင်ရသွားခဲ့သူဖြစ်ကြောင်း ရောမဧကရာဇ် သီအိုဒိုစီးယပ် နတ်ရွာစံပြီးသောအခါတွင် သားတော်နှစ်ပါးသါးသညာမလက်နက်နိုင်ငံတော်ကြီးကို နှစ်ပိုင်းခွဲကာ အသီးသီးအုပ်ချုပ်နေခြင်းဖြစ်ကြောင်း။ သားတော် **အာကေးဒီးယပ်**က ဘိုင်ဇင်တိုင်းနိုင်ငံတော်ကြီးကို အုပ်ချုပ်ပြီး၊ သားတော် ဟောနိုရီးယပ်က ရောမနိုင်ငံတော်ကြီးကို အုပ်ချုပ်ကြောင်း။ ကိုယ့်ကိုယ်ကို အထင်ကြီးနေသော ဘုရင်ခံချုပ် ဖလာဗီးယပ်သည် ရောမဧကရာဇ် ဟောနိုးရီးယပ်ကို အထင်မကြီးရကား အခွင့်သာသည်နှင့် တပြိုင်နက် ရောမကို တိုက်ခိုက်သိမ်းပိုက်ရန် ချီတက်တော့မည်ဖြစ်ကြောင်း ကောလာဟလ သတင်းစကား ဖြစ်ပွားနေသည်ကိုလည်း ပြောကြားသည်။

ထို့ပြင် ဘုရင်ခံချုပ်ကတော် **ကော်နီလီယာ**သည် ရောမရွှေမြို့တော်မှ အတော်ဆုံးအပ်ချုပ်သည်များကို တကူးတကန့် ဆင့်ခေါ်ကာ အဆန်းပြားဆုံး အဝတ်အစားများကို ကြော့နေမော့နေအောင် ချုပ်ခိုင်းပြီး၊ တစ်နေ့တစ်မျိုး မရိုးအောင် အလဲအလှယ်ဝတ်နေကြောင်း။ ထို့ကြောင့် လန်ဒီးနီးယမ်း မြို့တော်ရှိ အထက်တန်းလွှာများသည် ဘုရင်ခံချုပ်ကတော် ကော်နီလီယာကို မျက်ခြည်

မပြတ် ကြည့်ရှုမှတ်သားပြီး ဂုဏ်တုဂုဏ်ပြိုင် လိုက်လံတုပဝတ်စားနေကြ ကြောင်းကိုလည်း ပြောကြားပါသေးသည်။

ထို့ပြင် စစ်ကဲမင်း **တီတပ် ဆိုလီနုပ်**ကို ဘုရင်ခံချုပ် ဖလာဗီးယပ်သည် လက်ရုံးသဖွယ် အားကိုးယုံစားနေပြီး၊ ဗြိတိကျွန်းရှိ ရောမစစ်သည် အပေါင်းတို့ကို ကြီးမှူးအုပ်ချုပ်ရသော တပ်ပေါင်း ဗိုလ်ချုပ်ခန့်အပ်ရန် ရည်ရွယ်ထားကြောင်း။ ထို့ကြောင့် တီတပ်မှာ ယခုအခါ အလွန်တရာ တန်ခိုးအာဏာ ထက်မြက်နေကြောင်း။ ဤသို့ တီးတပ်ကို မြှောက်စားခြင်းဖြင့် ဗြိတိန်ကျွန်းရှိ ရောမတပ်တို့အပေါ် လုံးဝအာဏာလွှမ်းမိုးရန် ကြံဆောင်ခြင်းဖြစ်ကြောင်းကိုလည်း ပြောကြားပါသည်။

ဤသို့သော သတင်းစကားအမျိုးမျိုးကို တတွတ်တွတ်ပြောကြားနေရာမှ မိန်းမလှလေး မီနာသည် ကျွန်ုပ်ကို ရေဖြင့် ပက်ကာကလူကျီစယ်လိုက်၊ ကျွန်ုပ်က လိုက်ဖမ်းသောအခါ ခိုးခိုးခစ်ခစ် ရယ်ရင်း ရှောင်တိမ်း ကူးခတ်ပြေးလိုက်နှင့် အရှင်ကြီး ရွှင်နေရှာသည်။ ဤသို့ဖြင့် ကျွန်ုပ်လည်း မိန်းမလှလေး မီနာနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားရင်း အပျော်ကြီး ပျော်နေမိသည်။

ထိုအခိုက်တွင်ပင်

"ဤကဲ့သို့ ရောမ မင်းဧကရာဇ် ဖြစ်ချင်လောက်သည့်အထိ ဘုရင်ခံချုပ် ဖလာဗီးယပ် ရည်ရွယ်ချက်ကြီးမားသွားရခြင်းမှာ ဘုရင်ခံချုပ်ကတော် ကော်နီလီယာကြောင့်များ ဖြစ်လေမလော။ ကော်နီလီယာ ကြိုးဆွဲတိုင်း ကနေခြင်းများ ဖြစ်လေမလော"ဟု တွေးတော စဉ်းစားနေမိသည်။

## ၅
## ဘုရင်ခံချုပ်၏ စံနန်းတော်၌

ဗြိတိကျွန်း၏ ဘုရင်ခံချုပ် ဖလာဗီးယပ်၏ စံနန်းတော်ကြီးကား လန်ဒီးနီးယမ်းမြို့တော်ရှိ ဈေးလယ် ကွက်လပ်ကျယ်ကြီး အနီးတွင် တည်ရှိပေသည်။ စံနန်းတော်ကြီးကား ကျောက်ဖြူဖြင့် ဆောက်လုပ်ထားပြီး အဆောင်ဆောင်အခန်းခန်းတို့ဖြင့် ခမ်းနားကြီးကျယ်လှပေသည်။ စံနန်းတော်ဝင်းကြီးအတွင်း၌လည်း လှပဆန်းကြယ်သော ပန်းတို့ ရောင်စုံဖူးပွင့် ဝေဆာနေသည့် ပန်းဥယျာဉ်ကြီးများ အစီအရီတည်ရှိနေပေသည်။

ကျွန်ုပ်လည်း ကြေးနီတံခါးမကြီးကို ဖြတ်ကာ စံနန်းတော်ဝင်းအတွင်းသို့ ဝင်ရောက်လာခဲ့ရာ၊ မုခ်ဦးဆောင်သို့ အရောက်တွင် အသင့်စောင့်နေသော အိမ်တော်ကျွန်တစ်ယောက်က "ဘုရင်ခံချုပ်ထံသို့ ဝင်ရောက်ခစားလိုသည့်အကြောင်းကို သွားရောက် သံတော်ဦးတင်ပါဦးမည်။ ခေတ္တ စောင့်စားပါ"ဟု ပြောကြားပြီး ကျွန်ုပ်အပါးမှ ထွက်ခွာသွားသည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း မုခ်ဦးဆောင်တွင် တစ်ကိုယ်တည်း ရပ်တုံ့ရင်း လေသာပြတင်းမှ တစ်ဆင့်လှမ်းမြင်နေရသော လှပဆန်းကြယ်သည့် ပန်းဥယျာဉ်ကြီးကို ငေးကြည့်နေမိပေသည်။ ထိုအခိုက်တွင် အတွင်းဆောင်ဘက်မှ စောင်းသံနှင့် ရယ်မောသံသဲ့သဲ့တို့ ပျံ့လွင့်ထွက်ပေါ်နေသည်။

ထိုအခိုက်တွင်ပင် ထွက်ခွာသွားသော အိမ်တော်ကျွန် ပြန်ရောက်လာပြီး ကျွန်ုပ်ကို ဦးညွတ် အရိုအသေပြုကာ "ကျွန်တော်မျိုးနောက်က

လိုက်ခဲ့ပါပြော့ အရှင်"ဟု ပြောကြားသည်။ ထို့နောက် ဘုရင်ခံချုပ်ရှိရာ စားတော်ဆောင်သို့ ခေါ်ဆောင်သွားသည်။

စားတော်ဆောင်ကား ကြီးကျယ်ခမ်းနားလှပြီး၊ စားတော်ဆောင်တွင်း ရှိ သလွန်ညောင်စောင်း အနိမ့်လေးများထက်၌ အထက်တန်းလွှာ မှူးကြီး မတ်ရာများ၊ သူဌေးကြီးများနှင့် ကတော်ကြီးများသည် အစီအရီထိုင်ရင်း မလှမ်း မကမ်းမှနေ၍ တူရိယာပညာရှင်များ ဖျော်ဖြေတီးမှုတ်နေသည့် စောင်းညှင်း ပတ်သာတူရိယာသံတို့ကို နားသောတဆင်နေကြသည်။

စားတော်ဆောင်တွင်းသို့ ကျွန်ုပ် ဝင်ရောက်သွားသည်နှင့် တပြိုင် နက် ထိပ်ပြောင်ကာ ဗိုက်ထွက်နေသော လူထွားကြီးတစ်ယောက်က လက်ကို ပင့်မြှောက်ကာ

"မားကပ် ဩရီးယပ် ဗာရီယန်။ လိုက်လိုက်လှဲလှဲ ကြိုဆိုလိုက်ပါ တယ်။ ဘေးမသီရန်မခဘဲ ရောက်ရှိလာတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါ တယ်"ဟု ပြောကြား နှုတ်ဆက်လိုက်သည်။ ထိုသို့ ပြောကြား နှုတ်ဆက်လိုက် သော သူကား အခြားမဟုတ် ဘုရင်ခံချုပ် ဖလာဗီးယပ်ပေတည်း။ ဘုရင်ခံချုပ် အပါးတွင်ကား ဘုရင်ခံချုပ်ကတော် ကော်နီလီယာ ခပ်နွဲ့နွဲ့လေး ထိုင်နေသည်။

ဘုရင်ခံချုပ် ဖလာဗီးယပ်သည် ကျွန်ုပ်၏ အချိုးအဆစ် ပြေပြစ်ကျန ၍ သန်စွမ်းတောင့်တင်း ထွားကျိုင်းလှသော ကိုယ်ခန္ဓာကို မနာလို မရှုစိမ့်သည့် အမူအရာဖြင့် ခေါင်းဆုံးခြေဖျားကြည့်ရှု အကဲခတ်နေလေသည်။ ဖလာ ဗီးယပ်မှာ ရောမစစ်သေနာပတိ ဖလားဗီးယပ် စတီလီချို၏လက်အောက်၊ စပိန်ပြည်၌ ကျွန်ုပ်အမှုထမ်းနေစဉ်ကာလက ကျွန်ုပ်ထက် ရာထူးအဆင့် အတန်း နိမ့်သော အရာရှိတစ်ဦးဖြစ်ခဲ့ရုံမက၊ အလွန်တရာလည်း ရန်လိုသော လူတစ်ယောက်ဖြစ်ခဲ့ကြောင်း ကျွန်ုပ်အမှတ်ထင်ထင် သတိရမိပါ၏။

ယခုအခါ၌ ဗြိတိန်ကျွန်း၏ ဘုရင်ခံချုပ်ဖြစ်နေသော လူထွားကြီး ဖလာဗီးယပ်သည် ကြီးမားသော မြလက်စွပ်ကြီးကို လက်မတွင် ဝတ်ထားပြီး၊ ကျိုးတိုးကျဲတဲသာ ရှိသော ဆံကေသာ၌ အရောင်တဖျပ်ဖျပ်တောက်နေသော စိန်ကြီးတစ်လုံးကို ဆင်မြန်းထားသည်။

ကျွန်ုပ်လည်း ဘုရင်ခံချုပ် ဖလာဗီးယပ်အား လက်တွင်းရှိ အစီရင် ခံစာသဝဏ်လွှာကို ကမ်းပေးရင်း

"ဟောဒီ စာသဝဏ်လွှာထဲမှာ အင်တိုးနီးယပ် တံတိုင်းနဲ့ ဟာဒရီယန် တံတိုင်းဝန်းကျင်ဒေသမှာရှိတဲ့ ပစ်လူမျိုးတွေအကြောင်း အသေးစိတ် အစီရင်ခံ ထားပါတယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ ဘုရင်ခံချုပ် ဖလာဗီးယပ်လည်း ကျွန်ုပ်ကမ်းပေးသော စာသဝဏ်လွှာကို လှမ်းယူပြီးနောက် မိမိအပါးတွင် ထိုင်နေသော တပ်ပေါင်းစုံလိပ်ချုပ် တီတပ်ဘက်ကို လှမ်းပစ်ပေးရင်း

"တီတပ်ရေ ရော့။ ဒီမှာ မင်းတာဝန်။ ဒီအစီရင်ခံစာကို ဖတ်ပြီး ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ ကျုပ်ကို အကြံပေးစမ်းပါ"ဟု ပြောကြားလိုက်သည်။

တီတပ်လည်း လှမ်းပစ်ပေးသော စာသဝဏ်လွှာကို တမင်မိအောင် မဖမ်းဘဲ ထားလိုက်ရာ၊ စာသဝဏ်လွှာလည်း တီတပ်၏ ဒူးကို ထိပြီးနောက် အောက်သို့ ကျသွားတော့သည်။ တီတပ်လည်း အောက်သို့ကျနေသော စာသဝဏ်လွှာကို ကောက်မယူသေးဘဲ ဝိုင်အရက် လိုက်ဖြည့်ပေးနေသော ကျွန်မလေးကို မိမိလက်တွင်းရှိ ဝိုင်ခွက်အား ကမ်းပေးရင်း၊ ဝိုင်အရက် ထပ်ဖြည့်ခိုင်းနေသည်။ ထို့နောက် ဝိုင်အရက်ကို တကျိုက်ကျိုက်ရင်း ကျွန်ုပ်၏ မျက်နှာကို စေ့စေ့လှမ်းကြည့်နေသည်။ ကျွန်ုပ်ကား ခိုက်ရန်ဒေါသဖြစ်ပွားရမည့် အချိန်အခါ မဟုတ်သေးသောကြောင့် တလှိုက်လှိုက် လှိမ့်တက်လာသော ဒေါသအမျက်ကို အနိုင်နိုင်ချုပ်တည်းထားရသည်။

ထိုအခိုက်တွင် တီးတပ်က ဘုရင်ခံချုပ်ဘက်သို့ လှည့်ကာ

"ဒီမှာ အရှင်။ မားကပ်ဇာရီယန်ကို လူရိုင်းတွေက တောထဲကို အတင်းဝိုင်းပြီး ဆွဲခေါ်သွားတာ ကျုပ်မျက်ဝါးထင်ထင် မြင်ခဲ့ရပါတယ်။ ဒါကြောင့် အခု မြင်ရတာဟာ မားကပ်ရဲ့ ဝိညာဉ်ပဲ ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ်ဘဲ အသက်ထင်ရှားဖြစ်တယ်ဆိုရင်တော့ လူရိုင်းတွေ လက်ထဲက အသက်မသေဘဲ ဒီလို လွတ်မြောက်လာတာဟာ အံ့စရာကောင်းလှပါတယ်။ ဒီအံ့စရာကောင်းတဲ့အကြောင်းကို ကျွန်တော်မျိုးတို့ ကြားနာချင်ပါတယ်"ဟု ခပ်ထေ့ထေ့ ပြောကြားလိုက်သည်။

ထိုအခါ ကျွန်ုပ်က တည်ငြိမ်အေးဆေးသော အမူအရာဖြင့်

"ကြားချင်ရင် ကြားရပါတယ် တီတပ်ရယ်။ ကျုပ်ပြောမယ့် အကြောင်းထဲမှာ သတ္တိကြောင်ပြီး သရဲဘောနည်းလှတဲ့ အရူးတစ်ယောက်လည်း ပါပါတယ်" ဟု ပြောကြားလိုက်ရာ၊ တီတပ်ဆိုလီနပ်၏ မျက်နှာသည် ရဲခနဲနီမြန်းသွားသည်။ ထို့နောက် တီတပ်က မောက်မာလှသော မျက်နှာဖြင့်

"ကျုပ်ဟာ ရောမစစ်သည်တော်များရဲ့ အသက်ဘေးရန် လုံခြုံမှုကို ကြည့်ရမယ်။ လူတစ်ယောက်အတွက် လူအများရဲ့ အသက်ကို မစွန့်စားနိုင်ဘူး"ဟု ပြောကြားလိုက်ရာ ကျွန်ုပ်က

"မင်းရဲ့ အသက်ဘေးရန် လုံခြုံမှုအတွက် စစ်သည်တော်တွေရဲ့ အ

စောင့်အရောက်ကိုယူပြီး လန်ဒီးနီးယမ်းမြို့ရိုးတံတိုင်းရဲ့ နောက်ဘက်ကို ရှောင်တိမ်းသွားတာ မဟုတ်ဘူးလားကွာ”ဟု ပြောကြားချေပလိုက်သည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ်က

“တော်ကြစမ်းကွယ်ရို။ ကျုပ်ရဲ့ရှေ့မှောက်မှာ အချီအချ စကားမများကြပါနဲ့။ ခိုက်ရန်ဒေါသ မဖြစ်ပွားကြပါနဲ့။ ကျုပ်ရှေ့မှောက်မှာ စကားများရန်ဖြစ်တာကို လုံးဝသည်းမခံနိုင်ဘူး”ဟုပြောကြားပြီးမှ

“ဘာပဲဖြစ်ဖြစ် ဒီလို မားကပ် လွတ်မြောက်လာတဲ့အတွက် ကျုပ်တို့အားလုံး ဝမ်းသာကြပါတယ်။ မားကပ်ရေ၊ စပိန်ပြည်ကလာတဲ့ ဟောဒီ ငါးသလောက်ဥကြော်ကို စားကြည့်စမ်းပါဦး။ ကျုပ်တကူးတကန့် မှာယူထားတဲ့အစားအစာပါပဲ။ ဒီအစားအစာတွေကို စားရင်း ထူးထူးဆန်းဆန်း လွတ်မြောက်လာတဲ့အကြောင်းကို ပြောပြပါလား”ဟု ပြောကြားသည်။

ကျွန်ုပ်လည်း လောလောဆယ်အခြေအနေအရ တပ်နှင့် စာရင်းရှင်း၍ မရသေးသည်က တစ်ကြောင်း၊ ဘုရင်ခံချုပ်၏ စံနန်းတော်တစ်နေရာ၌ ရှိနေမည်ဖြစ်သော မင်းသမီးလေး အီဒိန်းကို ကျွန်ုပ်၏လက်တွင်းသို့ ပြန်ရောက်အောင် ဆောင်ရွက်ရမည့် အရေးတွင် ဘုရင်ခံချုပ်၏ အကူအညီကို ရယူရမည်ဖြစ်၍၊ ဘုရင်ခံချုပ်နှင့် အတိုက်အခံပြုရန် မသင့်သေးသည်က တစ်ကြောင်းတို့ကြောင့် ကျွန်ုပ်လည်း တလှိုက်လှိုက်တက်နေသော ဒေါသအမျက်ကို အတင်းချုပ်တည်းလိုက်သည်။ ထို့နောက် ကျွန်ုပ်၏ ဝတ်ရုံနီကို ချွတ်ကာ အနီးရှိ ကျွန်မလေးကို ကမ်းပေးပြီးနောက် အနီးအနားရှိ လူများကို ပြုံးရွှင်သော မျက်နှာပေးဖြင့် ခပ်အေးအေးကြည့်လိုက်လေသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ် ဖလာဗီးယပ်က ကော်နီလီယာနှင့် မိတ်ဆက်ပေးရာ၊ ကော်နီလီယာက ကျွန်ုပ်ကို သရော်တော်တော် အမူအရာဖြင့် မခိုးမခန့် ကြည့်ရင်း

“မားကပ်နဲ့ ခင် သိကျွမ်းခဲ့တာဟာ နှစ်ပေါင်းများစွာတည်းကပါ မောင်တော်ရယ်။ ဒါကြောင့်များ မားကပ်က ခင့်ကို မေ့နေသလား မသိပါဘူး။ ဒါမှမဟုတ်ရင်လည်း ခင်နဲ့ သိကျွမ်းခဲ့တာကို မောင်တော့်ရှေ့မှာ ထုတ်ဖော်ပြောတာဟာ ယေဥ်ကျေးဘူးလို့ ထင်နေသလားမှ မသိတာ”ဟု ပြောကြားလိုက်သည်။

ထိုအခါ ဘုရင်ခံချုပ် ဖလာဗီးယပ်လည်း အလွန်သဘောကျဟန်ဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ဤသို့ ရယ်မောနေခိုက်တွင် ဘုရင်ခံချုပ်၏ မျက်နှာရိပ်မျက်နှာထားသည် မသိမသာပြောင်းလဲသွားခဲ့သည်။ သို့သော် ချက်ချင်းပင် မျက်နှာထားကို ပြင်လိုက်ပြီး အံ့သြသည့် အမူအရာဖြင့်

"ဟုတ်ရဲ့လားခင်။ ခင်က မားကပ်နဲ့ အရင်ကတည်းက သိကျွမ်းခဲ့သလား"ဟု မေးလိုက်သည်။

ထိုအခါ ကော်နီလီယာက အသာပြုံးရင်း

"ဟုတ်ပါတယ် မောင်တော်။ အော့စတီးယားမြို့ကြီးက ခင်တို့ရဲ့ စံအိမ်တော်နဲ့ မားကပ်တို့ရဲ့ စံအိမ်တော်ဟာ အိမ်ချင်းကပ်လျက် ရှိပါတယ်" ဟုပြောကြားလိုက်သည်။

ဤသို့ပြောကြားလိုက်ခြင်းမှာ 'ကော်နီလီယာက မိမိ၏ အမျိုးအနွယ်သည် ကျွန်ုပ်၏ အမျိုးအနွယ်နည်းတူ ရောမအင်ပါယာ၌ ရှေးကျပြီး မြင့်မြတ်သော အမျိုးအနွယ်ဖြစ်ကြောင်း'သွယ်ဝိုက်ဖွင့်ဆိုလိုက်ခြင်းဖြစ်ရာ မျိုးရိုးဇာတိအားဖြင့် မမြင့်မားလှရှာသော ဘုရင်ခံချုပ် ဖလာဗီးယပ်သည် အလိုလို သိမ်ငယ်သွားဟန်ဖြင့် မျက်နှာညှိုးသွားသည်။ ထို့နောက် အနီးရှိ ဝိုင်အရက် ဖြည့်ပေးနေရသော ကျွန်မလေးအား ဝိုင်အရက်ခွက်ကို ထိုးပေးရင်း 'ဝိုင်မြန်မြန် ထည့်ရန်'ခပ်ထန်ထန်ငေါက်ပြီး ဝိုင်ခွက်ကို မော့သောက်ရင်း

"ဒီအကြောင်းကို သိရတဲ့အတွက် ဝမ်းသာပါတယ် ခင်၊ မားကပ်နဲ့ ခင်တို့က ငယ်ကျွမ်းဆွေတွေဆိုတော့ ငယ်ငယ်တုန်းက ခင်နဲ့ မားကပ်တို့ အပျော်ကြီးပျော်ခဲ့ကြမှာပေါ့နော်"ဟု ခပ်ထေ့ထေ့ပြောလိုက်ရာ ကောနီလီယာက နှစ်နှစ်ခြိုက်ခြိုက် ပြုံးရင်း

"သိပ်ပျော်တာပေါ့ မောင်တော်ရယ်"ဟု ပြောကြားပြီးနောက် ကျွန်ုပ်အား ရွှန်းလဲ့သော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်သည်။ ကော်နီလီယာ၏ မျက်လုံးအစုံတွင် ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသော အတိတ်ဖြစ်ရပ်၏ အရိပ်သည် ပေါ်ထင်နေလေသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ် ဖလာဗီးယပ်သည် မည်သို့မျှ ထပ်မံမပြောကြားတော့ဘဲ ဝိုင်ခွက်နှင့် မျက်နှာအပ်ကာ တစ်ကျိုက်ပြီးတစ်ကျိုက် အဆက်မပြတ်မော့နေသည်။ ကော်နီလီယာမှာမူ သလွန်ညောင်စောင်းထက်၌ လက်တစ်ဖက်ထောက် တစောင်းလဲလျောင်းနေရာမှ ကျွန်ုပ်တစ်ကိုယ်လုံးကို ရွှန်းရွှန်းစားစား ငေးကြည့်နေသည်။ ထို့နောက် အပါးရှိ ကျွန်မလေးတစ်ဦးအား

"မားကပ်ဖို့ အစားအစာတွေ သွားယူခဲ့စမ်း"ဟု စေခိုင်းလိုက်ရာ၊ ကျွန်ုပ်က

"အစားအစာ မစားတော့ပါဘူး။ ဝိုင်ကောင်းကောင်းပဲ သောက်ပါတော့မယ်"ဟု ပြောကြားကာ ကော်နီလီယာအား ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ ထိုအခါ ကျွန်ုပ်အား ရွှန်းရွှန်းစားစားစိုက်ကြည့်နေသော ကော်နီလီယာ

၏ မျက်ဝန်းအစုံနှင့် တည့်တည့်ကြီး ပေါင်းဆုံသွားတော့သည်။ ကော်နီလီယာကား ရှေးယခင်အတိုင်း ချောမြချော လှမြလှဆဲပါတကား။

ကော်နီလီယာလည်း ကျွန်ုပ်ကို ရွှန်းရွှန်းစားစား စိုက်ကြည့်နေကြောင်း ကျွန်ုပ်တွေ့မြင်သွားသည့်အတွက် အနည်းငယ် ရှက်အန်းအန်းဖြစ်သွားရာမှ

"မားကပ်ရေ . . . ရှင်သောက်ချင်တဲ့ ဝိုင်ကောင်းကောင်းကို သောက်ရပါစေ့မယ်။ မောင်တော် ဖလာဗီးယပ်မှာ ဝိုင်ကောင်း မကောင်းသိတတ်တဲ့ အရည်အချင်းထူးတစ်ခု ရှိတာတော့ အမှန်ပါပဲ"ဟု ပြောကြားလိုက်သည်။

ထိုအချိန်တွင် ဘုရင်ခံချုပ် ဖလာဗီးယပ်သည် မိမိသလွန်တော် အပါးရှိ ကျွန်မချောချောလေး၏ ခါးကို လက်တစ်ဖက်ဖြင့် လှမ်းပွေ့ထားသည်ကို တွေ့ရသည်။ ကျန်လက်တစ်ဖက်၌ ကိုင်ထားသော ဝိုင်ခွက်၌လည်း ဝိုင်လုံးဝ မရှိတော့ပေ။ ကျွန်မလေးလည်း ပြုံးရယ်သော မျက်နှာထားဖြင့် အသာရှန်းဖယ်ရင်း ဘုရင်ခံချုပ်၏ ဝိုင်ခွက်တွင်းသို့ ဝိုင်ထပ်ဖြည့်ပေးသည်။

ဘုရင်ခံချုပ် ဖလာဗီးယပ်နှင့် ကျွန်မချောချောလေးတို့၏ ထွေးလားလုံးလားအဖြစ်ကို ကော်နီလီယာတွေ့မြင် သတိပြုမိသော်လည်း၊ မျက်နှာပေါ်၌ စိတ်ခံစားမှုတို့ အရိပ်အယောင်မျှပင် မပေါ်ထင်ခဲ့ပေ။ 'ဒေါသထွက်နေသလော၊ ကျေနပ်နေသလော'ဟု တွေးတောမှန်းဆ၍ မရပေ။

ကော်နီလီယာလည်း မောင်တော်ဖလာဗီးယပ်တို့ကို ဖျတ်ခနဲ လှမ်းကြည့်ရာမှ တည်ငြိမ်ချိုအေးသော အသံဖြင့်

"မားကပ်ရေ . . . မောင်တော် ဖလာဗီးယပ်ကတော့ သူ့ဟာသူ အလုပ်ရှုပ်နေပြီ။ အတော်ကြာအောင် ဆက်သောက်နေဦးမှာပဲ။ ဒီတော့ ကျွန်မအနားကို လာပြီး ကပ်ထိုင်စမ်းပါ"ဟု ပြောကြားလိုက်သည်။

ဤတွင် ကျွန်ုပ်လည်း ကော်နီလီယာ၏ ရွှန်းလဲ့နေသော မျက်လုံးအစုံကို စိုက်ကြည့်လိုက်မိသည်။ နီထွေးပြည့်တင်းနေသော နှုတ်ခမ်းအစုံကို စိုက်ကြည့်လိုက်မိသည်။ ထိုအခါ ရင်တဒိတ်ဒိတ်ခုန်လာသည်။ သွေးတိုးလည်း မြန်လာသည်။ ပါးပြင်သည်လည်း သွေးရောင်သန်းလာသည်။

ထိုအခိုက်တွင် တီတပ်သည် ကျွန်ုပ်နှင့် ကော်နီလီယာတို့ကို မသိမသာ အကဲခတ်နေရာမှ

"ဒီမှာ မားကပ်၊ ခင်ဗျားကို ကျုပ်နောက်ဆုံးတွေ့မြင်ရတဲ့ အခါမှာတော့ အိုက်နီတွေက ခင်ဗျားကို ဆွဲပြီး ခေါ်သွားကြတယ်မဟုတ်လား။ ဒီလို အိုက်နီတွေရဲ့ အဖမ်းကို ခံရပြီးမှ အသက်မသေဘဲ ဘယ်လိုလွတ်မြောက်လာခဲ့သလဲ။ ခင်ဗျားကို ဘယ်နတ်ဘုရားများက ကယ်မစောင့်ရှောက်လိုက်သလဲ။

ဒီအကြောင်းကို ကျုပ်တို့ကို ပြောပြပါမယ်လို့ ကတိပြုခဲ့တယ်။ ကိုင်း အခု ပြောပြစမ်းပါ။ နားဆင်ပါရစေ"ဟု ဆိုလိုက်သည်။

ထိုအခါ ကော်နီလီယာလည်း အနှောင့်အယှက်အဆီးအတားကြုံရသည့်အတွက် စိတ်မသက်မသာဖြစ်သွားဟန်ဖြင့် သက်ပြင်းချလိုက်ပြီးလျှင် သလွန်ညောင်စောင်းကို ပြန်မှီလိုက်သည်။ ထို့နောက်မှ ချိုအေးသော အသံဖြင့်

"ဟုတ်တယ် မားကပ်ရယ်။ ရှင့်ရဲ့ အံ့ဖွယ်သရဲဖြစ်ရပ်ကို ကျွန်မတို့ကို ပြောပြစမ်းပါ"ဟု တိုက်တွန်းလိုက်ရာ၊ ကျွန်ုပ်က ပြုံးလိုက်ရင်း

"အံ့ဖွယ်သရဲဖြစ်ရပ် မဟုတ်ပါဘူးဗျာ။ သာမန်ဖြစ်ရိုးဖြစ်စဉ်လေး တစ်ခုပါ။ သုံ့ပန်းချင်းလဲလှယ်တဲ့ သဘောဆိုပါတော့။ ကျုပ်နဲ့ အိုက်နီမိန်းမပျိုလေးတစ်ယောက်တို့ လဲလှယ်ဖို့ သဘောတူကြပြီး လွတ်မြောက်လာခဲ့တာပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ တီတပ်က

"အိုက်နီမိန်းမပျိုဟုတ်လား"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က ပြုံးရယ်ရင်း

"ဟုတ်ပါတယ်ဗျာ။ အဲဒီ အိုက်နီမိန်းမပျိုရဲ့ အမည်က အီဒိန်းပါတဲ့။ အဲဒီမိန်းမပျိုလေးကို ကျုပ်တို့ ရောမစစ်သည်တစ်စုက ဂိုလီဇမ်မြို့အနီးမှာ ဖမ်းမိလာခဲ့ပါတယ်။ ပြီးတော့ ကျွန်ဈေးတန်းမှာ တင်ပြီး ရောင်းချလိုက်ပါတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ တီတပ်လည်း အသာပခုံးတွန့်ပြီးလျှင် ဝိုင်ခွက်ကို ဆန့်တန်းပေးလိုက်ရာ ကျွန်မလေးတစ်ယောက်က ဝိုင်ထပ်ဖြည့်ပေးရသည်။ ထိုအခိုက်တွင်

"သတင်းကောင်းကြားရတဲ့အတွက် ဝမ်းသာပါတယ်ဗျာ။ လန်ဒီးနီးယမ်းမြို့တော်မှာ ရှိနေတဲ့ ကျွန်မလေးတစ်ယောက်ကို ပြန်ပြီး ဝယ်ယူဖို့ဆိုတာ ခင်ဗျားအဖို့ ဘာအခက်အခဲမှ မရှိနိုင်ပါဘူး"ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ကော်နီလီယာသည် မျက်ခုံးကို မသိမသာပင့်ရင်း ကျွန်ုပ်ကို ခပ်ပြုံးပြုံး ကြည့်နေလေသည်။ ကော်နီလီယာက စကားတစ်ခွန်းမှ မဟလင့်ကစား၊ ကော်နီလီယာ၏ အမူအရာကို ထောက်ချင့်ခြင်းအားဖြင့် ကျွန်ုပ်ရည်ညွှန်းသော အိုက်နီမိန်းမပျိုလေးကို ကောင်းကောင်းအမှတ်ရနေကြောင်း ထင်ရှားသိသာလှပေသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ်ဖလာဗီးယပ်က၊ ကျွန်ုပ်ဘက်သို့ မသိမသာ စောင်းငဲ့ကြည့်ရင်း

"ခင်ဗျားပြောတဲ့ အိုက်နီမိန်းမပျိုလေးကို ဝယ်ပြီးပလား"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"မဝယ်ဖြစ်ပါဘူးခင်ဗျာ။ ကျွန်ဈေးတန်းမှာ သွားရာတဲ့အခါ အဲဒီမိန်းမပျိုလေးကို ဝယ်သွားပြီးပြီလို့ သိရပါတယ်"ဟု ပြောလိုက်သည်။

ထိုအခါ ဘုရင်ခံချုပ် ဖလားဗီးယပ်က အတန်ကြာ တွေဝေစဉ်းစားနေပြီးမှ "ဘယ်သူဝယ်သွားသတဲ့လဲ"ဟု ထပ်မံမေးပြန်ရာ၊ ကျွန်ပ်က

"အရှင့်ရဲ့ စံအိမ်တော်အတွက် ဝယ်သွားတယ်လို့ သိရပါတယ် အရှင်။ အခုဆိုရင် အရှင့်ရဲ့ ကျေးကျွန်တော်များနဲ့အတူ ရှိနေပါလိမ့်မယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ တီတပ်လည်း ဟက်ဟက်ပက်ပက် ရယ်မောရင်း ဝိုင်ခွက်ကို အကုန်မော့သောက်ပြီးနောက်

"စံအိမ်တော်ကြီးမှာ ရှိနေတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ အဲဒီမိန်းမပျိုလေးကို ဘယ်သူပိုင်သလဲဆိုတဲ့ ပြဿနာတော့ ကျန်ရှိနေပါသေးတယ်။ ဘုရင်ခံချုပ်ပဲ ပိုင်သလား။ ဘုရင်ခံချုပ်ကတော်ပဲ ပိုင်သလား"ဟု ပြောကြားလိုက်သည်။

ထိုစကားကို ကြားရသောအခါ အခန်းတစ်ခုလုံး ရုတ်တရက် ခေတ္တတိတ်ဆိတ်သွားတော့သည်။ ကော်နီလီယာလည်း ကြောင်၏ အသံကို ကြားရသော ကြွက်ဝမ်းပူလေးကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားသည့် အသွင် ပေါ်ထင်လာသည်။ ထိုအခိုက်တွင် ဘုရင်ခံချုပ် ဖလာဗီးယပ်သည် တီတပ်၏ စကားကို မနှစ်သက်သည့်အသွင်ဖြင့် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။ ထို့နောက် အသံသြသြကြီးဖြင့်

"စစ်သံမှူး မားကပ်။ ခင်ဗျားဟာ အလွန်တရာ ဝေးလံလှတဲ့ အင်တိုးနီးယပ်တံတိုင်းက တပ်စခန်းမှာ နှစ်နှစ်တိုင်တိုင် အပင်ပန်းအဆင်းရဲခံပြီး အမှုတော်ထမ်းခဲ့တယ်။ ဒါကြောင့် ကျုပ်ရဲ့ စံအိမ်တော်ကြီးမှာရှိနေတဲ့ အိုက်နီမိန်းမပျိုကို မောင့်ကို ဆုအဖြစ် ပေးသနားပါတယ်"ဟု ပြောကြားလိုက်သည်။ ထိုအခါ ကော်နီလီယာက အသံသာသာဖြင့် ရယ်မောလိုက်ပြီး

"မောင်တော်ရယ် . . . အဲဒီမိန်းမပျိုလေးကို ပိုင်တာက ခင်ပါ။ မောင်တော်မဟုတ်ပါဘူး။ ဒါကြောင့် အဲဒီမိန်းမပျိုလေးကို မောင်တော်ပေးလိုက်လို့ မဖြစ်ပါဘူး။ ခင်က အဲဒီမိန်းမပျိုလေးကို ဘယ်သူ့မှ မပေးဘဲ ထားချင်ပါသေးတယ်"ဟု ပြောကြားကာ ကျွန်ုပ်ကို စိန်ခေါ်လိုက်သည့်အလား၊ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ဤတွင် ကျွန်ုပ်က ပြုံးရုံပြုံးလိုက်ပြီး ကော်နီလီယာကို ဦးညွှတ်လိုက်သည်။ ထိုအခါ ကော်နီလီယာလည်း စိတ်ရှုပ်သွားဟန်ဖြင့် မျက်ခုံးတွန့်သွားရာမှ

"မားကပ်ရယ် . . . ရှင်ဟာ အခုဆိုရင် အိုက်နီတွေရဲ့ လက်တွင်းက လွတ်မြောက်နေပြီပဲ။ အိုက်နီမိန်းမပျိုကို ရဖို့မလိုတော့ပါဘူး"ဟု ပြောကြားလိုက်သည်။ ထို့နောက် ဆက်၍

"ရှင်လိုချင်နေတဲ့ အိုက်နီမိန်းမပျိုလေးဟာ တော်လှန်အံတုလိုတဲ့ စိတ်ဓာတ်အပြည့်ရှိနေတယ်။ ဒီလိုသူမျိုးကို ဦးကျိုးသွားအောင်၊ ကျိုးနွံနာခံတဲ့ စိတ်မျိုး ကိန်းဝပ်သွားအောင် ကျွန်မ ဆုံးမသွန်သင်ချင်တယ်။ ကျွန်ဈေးတန်းက ဝယ်ယူရတဲ့ ကျွန်မတွေဟာ များသောအားဖြင့် သတ္တိကြောင်တဲ့သူတွေပဲ။ ထစ်ခနဲရှိ ငိုဖို့တတ်တဲ့သူတွေပဲ။ သူ့လို စိတ်ဓာတ်မျိုး မရှိကြဘူး။ ဒါကြောင့် ရှင်လိုချင်နေတဲ့ အိုက်နီမိန်းမပျိုလေးကို ကျွန်မလက်ထဲမှာ ထားချင်တာပါ" ဟု ပြောကြားရာ၊ ကျွန်ုပ်က

"ဘုရင်ခံကတော်ရဲ့ စိတ်အလိုတော့်အတိုင်းပါပဲခင်ဗျာ"ဟု ရိုရို သေသေ ပြောလိုက်သည်။

ထိုအခိုက်တွင် တီတပ်က စိတ်ဝင်စားသော အမူအရာဖြင့်

"ဒီမှာ မားကပ် ခင်ဗျား လွတ်လာခြင်းဟာ သံ့ပန်းချင်း လဲလှယ်တဲ့ သဘောမျိုးနဲ့ လွတ်လာတာ မဟုတ်လား။ ဒီတော့ အိုက်နီအမျိုးသမီးလေးကို သူ့နောင်တော်ထံကို ရောက်အောင် ပြန်မပို့နိုင်ဘူးဆိုရင် ခင်ဗျားအနေနဲ့ ဘာ လုပ်မလဲ။ ဘာဖြစ်မလဲ"ဟု ဝင်မေးလိုက်ရာ၊ ကျွန်ုပ်က

"အိုက်နီအမျိုးသမီးလေးကို ပြန်မပို့နိုင်ဘူးဆိုရင် ကတိစကားရှိတဲ့အ တိုင်း ကျုပ်ကို ဖမ်းမိခဲ့တဲ့ သူ့နောင်တော်ဆီကို ပြန်သွားရုံရှိတာပေါ့။ အဲဒီအခါ ကျရင် အိုက်နီတွေက ကျုပ်ကို သတ်ပစ်မှာ သေချာပါတယ်။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်အနေနဲ့ကတော့ ကတိကို အပျက်မခံချင်ဘူး။ ဂုဏ်သိက္ခာကို အထိပါး မခံနိုင်ဘူး။ ကတိအတိုင်း ဆောင်ရွက်ရမှာပဲ"ဟု ပြောကြားသည်။

ထိုအချိန်တွင် ဘုရင်ခံချုပ် ဖလာဗီးယပ်သည် မိမိပြောကြား ကတိ ပြုခဲ့သော စကားကို ပြန်ပြောင်းအမှတ်မရလောက်အောင် မူးနေပြီဖြစ်ရကား၊ အရက်သံလေးလေးကြီးဖြင့်

"ခင်ရေ . . . ဒီလိုဆိုရင် မားကပ်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးနေတဲ့ အိုက်နီမိန်းမပျိုလေးကို မားကပ်ကို ပေးလိုက်ပါကွာ။ မဟုတ် ဘူးလား"ဟု ဝင်ရောက် ပြောကြားလိုက်ရာ၊ ကော်နီလီယာက ကျွန်ုပ်ကို တစေ့ တစောင်း အကဲခတ်နေရာမှ

"ဒီကိစ္စက မားကပ်အပေါ်မှာ တည်နေပါတယ်။ မားကပ်နဲ့ ခင် ညှိနှိုင်း ဆွေးနွေးကြည့်ပါဦးမယ်"ဟု ပြောကြားလိုက်သည်။

၆

## ကြောက်စရာ အကြံကြီးပါပေ့

ညဥ့်နက်လာခဲ့ပေပြီ။ စားတော်ဆောင်အတွင်းရှိ လူတို့လည်း အသီးသီး အသက ထွက်ခွာသွားခဲ့ကြပေပြီ။ ကျွန်ုပ်အနေနှင့် နှစ်ယောက်ချင်း တွေ့ဆုံပြီး စာရင်းရှင်းရန် တေးထားသော တီတပ်ဆိုလီနပ်သည် ရုပ်အဆင်း ချောမောလှပသော ဂရိကျွန်မလေးကို ပွေ့ဖက်ကာ မိမိအိမ်သို့ ပြန်သွားခဲ့လေပြီ။ ဘုရင်ခံချုပ်ဖလာဗီးယပ်သည် လက်တစ်ဖက်က ဝိုင်ခွက်ကို ကိုင်ကာ လက်တစ်ဖက်က ကျွန်မချောချောလေးကို ပွေ့ဖက်ပြီး ဒယိမ်းဒယိုင်ဖြင့် စက်ခန်းဆောင်မှ ထွက်ကြွသွားခဲ့လေပြီ။

ရယ်သံမောသံ ပြောသံဆိုသံတို့ဖြင့် သောသောညံနေသော ဘုရင်ခံချုပ်၏ စံအိမ်တော်ကြီးကား ယခုအခါ၌ တိတ်ဆိတ်ငြိမ်သက်စပြုနေလေပြီတကား။ ထိုအချိန်တွင် ကျွန်ုပ်နှင့် ဘုရင်ခံချုပ်ကတော် ကော်နီလီယာတို့သည် စက်ခန်းဆောင်နှင့် မလှမ်းမကမ်းရှိ ပန်းဥယျာဉ်တော်အတွင်း၌ နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ကာ တစ်ယောက်ကို တစ်ယောက် ငေးမောကြည့်ရှုရင်း အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ ဥယျာဉ်တော်အတွင်း၌ ဖူးပွင့်နေကြသော ပန်းမျိုးစုံတို့၏ မွှေးရနံ့သည် ညလေအေးတွင် သင်းပျံ့ထုံသင်းနေပေသည်။

ကော်နီလီယာသည် ကျွန်ုပ်ကို ငေးမောကြည့်ရှုနေရာမှ

"မားကပ်ရယ် . . . ကျွန်မကို ရက်စက်တယ်လို့များ ထင်နေသလားရှင်" ဟု လေသံသဲ့သဲ့ဖြင့် ခပ်နွဲ့နွဲ့မေးလိုက်ရာ၊ ကျွန်ုပ်က

"မထင်ပါဘူး ကော်နီလီယာ၊ ဟိုလွန်ခဲ့တဲ့ ကာလတွေတုန်းက အော့စတီးယားမြို့မှာ မင်း ကျီစယ်ခဲ့သလို၊ အခုလည်း ကျုပ်ကို ကျီစယ်နေတာပဲလို့ ထင်ပါတယ်"ဟု ဖြေလိုက်သည်။

ထိုအခါ ကော်နီလီယာလည်း သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီးနောက် မိုးကောင်းကင်ထက်က တလက်လက်တောက်ပနေသော ကြယ်တာရာများကို မော့ငေးကြည့်နေသည်။ ထို့နောက်

"အော့စတီးယား . . . အော့စတီးယား။ အဲဒီမြို့မှာတုန်းက ကျွန်မ သိပ်ပျော်တာပဲရှင်။ တတ်များ တတ်နိုင်ရင် အဲဒီအတိတ်ကာလကို ဆွဲပြီးယူထားချင်ပါရဲ့"ဟု ရေရွတ်ပြီးမှ

"အော့စတီးယားမြို့မှာတုန်းက ကျွန်မကို ရှင်လက်ထပ်ခွင့်တောင်းခဲ့တယ်နော်"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"အော့စတီးယားမြို့မှာတင် မဟုတ်ပါဘူး ကော်နီလီယာရယ်။ ရောမရွှေမြို့တော်မှာရော၊ ဘိုင်ယာမြို့မှာပါ လက်ထပ်ခွင့်တောင်းခဲ့ပါတယ်"ဟု ဖြေလိုက်သည်။

ထိုအခါ ကော်နီလီယာလည်း သက်ပြင်းထပ်မံချပြီးနောက်

"မားကပ်ရယ် . . . အဲဒီတုန်းက ကျွန်မဟာ အတော့်ကို ရူးခဲ့မိုက်ခဲ့တာပဲ ရှင်။ အခုတော့ အရင်ကလို မဟုတ်တော့ပါဘူး။ တွေးတတ်တောတတ် ဆင်ခြင်တတ်ပါပြီ"ဟု ပြောကြားလိုက်ရာ ကျွန်ုပ်က

"ဒါဖြင့်ရင် အိုက်နီမိန်းမပျိုလေးကို ကျုပ်ကိုပေးတော့မှာပေါ့"ဟု ပြောကြားလိုက်သည်။ သို့သော် ကော်နီလီယာလည်း မကြားဟန်ဆောင်ကာ ထိုင်ခုံလက်တန်းကို လက်ဖြင့် ပွတ်နေပြီးမှ

"ဒီမှာ မားကပ်၊ မောင်တော် ဖလားဗီးယပ်အပေါ် ရှင်ဘယ်လိုမြင်သလဲ"ဟု ရုတ်တရက် မေးလိုက်သည်။

ထိုမေးခွန်းမှာ လုံးဝမတွေးတော မထင်မှတ်ထားသော မေးခွန်းဖြစ်ရကား၊ ကော်နီလီယာကို တအံ့တသြ ငေးမော ကြည့်ရှုနေမိသည်။ ကော်နီလီယာကား ရှေးယခင်က ကျွန်ုပ်တွေ့ဖူး ဆုံဖူးသော ပေါ့ရှပ်ရှပ် မိန်းမပျိုလေး မဟုတ်တော့ပေ။ ရည်ရွယ်ချက် ထက်သန်ကြီးမားပြီး၊ အတွေ့အကြုံရင့်ကျက်သည့် တကယ့်မိန်းမကြီး ဖြစ်နေလေပြီတကား။

ဤသို့ တွေးတော ငေးမောနေခိုက်တွင် ကော်နီလီယာက ပြုံးတုံးတုံး အမူအရာဖြင့်

"မားကပ်ရယ် . . . အခုအချိန်အခါမှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းပဲ ရှိပါတယ်။ မောင်တော် ဖလားဗီးယပ်ဆိုရင် လက်တစ်ဖက်က ဝိုင်ခွက်ကိုင်ပြီး

လက်တစ်ဖက်က မိန်းမချောလေးကို ပွေ့ဖက် မွေ့လျော်နေမှာပါ။ ကျွန်မနဲ့ ရှင့်အကြောင်းကို ယောင်လို့တောင် တွေးနေမိမှာ မဟုတ်ပါဘူး"ဟု ပြောကြားပြီးမှ

"ကိုင်းပါ မားကပ်ရယ်၊ ကျွန်မ အမေးကို ဖြေစမ်းပါဦး။ မောင်တော် ဖလာဗီးယပ်အပေါ် ရှင်ဘယ်လို မြင်သလဲ"ဟု ထပ်မေးပြန်ရာ၊ ကျွန်ုပ်က

"ဘုရင်ခံချုပ် ဖလာဗီးယပ်ဟာ ဝိုင်ကို တစ်ခွက်ပြီးတစ်ခွက် ထည့်ပေးလို့ မဆုံးအောင် သောက်ပစ်တာကို တွေ့ရတယ်။ အစားအသောက်လည်း အလွန်အကျူး ခုံမင် နှစ်သက်ပုံရတယ်"ဟု ဖြေကြားလိုက်သည်။

ကော်နီလီယာလည်း ကျွန်ုပ်၏မျက်နှာကို မသိမသာ အကဲခတ်နေပြီးမှ

"ဟုတ်တယ်၊ မောင်တော် ဖလာဗီးယပ်ဟာ အလွန်အကျွံသမားတစ်ယောက်ပဲ။ အလွန်အကျွံသမား မှန်သမျှဟာ သက်တမ်းတိုတတ်ပါတယ်။ အထူးသဖြင့် ကျန်းမာရေးညံ့နေတဲ့ မောင်တော် ဖလာဗီးယပ်လိုလူစားမျိုးဟာ အလွန်အကျွံလုပ်ဖို့ မသင့်ဘူး။ အလွန်အကျွံလုပ်တာကြောင့် အသက်မြန်မြန်တိုမှာ သေချာတယ်။ အင်း မောင်တော် ဖလာဗီးယပ် သက်တမ်းတိုတာကြောင့် ကျွန်မလည်း မုဆိုးမ မြန်မြန်ဖြစ်တော့မှာပဲ"ဟု ညည်းတွားပြောဆိုသည်။ ထို့နောက်

"ဘယ့်နှယ်လဲ မားကပ်၊ ကျွန်မ မုဆိုးမဖြစ်တဲ့အခါမှာ ကျွန်မအပေါ် ရှင်ဘယ်လို သဘောထားမလဲ"ဟု ရုတ်တရက် မေးလိုက်ရာ၊ ကျွန်ုပ်က အသာရယ်မောပြီး

"ကော်နီလီယာရယ် . . . မင်းတို့ ကျုပ်တို့က တကယ့်မျိုးကြီးဆွေကြီးတွေ မဟုတ်လား။ ဒီတော့ ရောမအင်ပါယာတစ်ခုလုံး အကျော်ဒေယျဖြစ်သွားမှာပေါ့။ ရောမဧကရာဇ် ဟောနိုးရီးယပ်ကိုယ်တော်တိုင်တောင် ကျုပ်တို့ကို မင်္ဂလာလက်ဆောင်ပစ္စည်းတွေ ပေးပို့မှာ သေချာတယ်"ဟု ခပ်သောသော ဖြေလိုက်သည်။

ထိုအခါ ကော်နီလီယာက

"ဟောနိုးရီးယပ်ရဲ့ မင်္ဂလာလက်ဆောင်ဟာ ရာဇပလ္လင်ပဲ ဖြစ်ရမယ်"ဟု အလေးအနက် ပြောကြားလိုက်ရာ၊ ကျွန်ုပ်က ထပ်မံ ရယ်မောလိုက်ပြီး

"ဒီလိုဆိုရင် ကျုပ်က ရောမဧကရာဇ် မားကပ်ဩရီယပ် ဗာရီယန်ပေါ့။ မင်းက ဧကရီမိဖုရားကြီး ကော်နီလီယာပေါ့"ဟု ပြောကြားလိုက်သည်။

ထို့နောက် ကျွန်ုပ်လည်း ကော်နီလီယာ၏ ကိုယ်လေးကို ရုတ်တရက် ပွေ့ဖက်ပြီး ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်သည်။ သို့သော် ကော်နီလီယာက အလိုက်သင့် ယိမ်းမလာဘဲ ကိုယ့်ကို တောင့်ထားလိုက်ပြီးနောက်

"ဒီမှာ မားကပ် ရောမရွှေမြို့တော်ကြီးကို ရှေးရှေးတုန်းက **မားကပ် ဩရီယပ်** (အေဒီ ၁၆၁–၁၈၀)ဆိုတဲ့ မင်းဧကရာဇ်တစ်ပါးအုပ်စိုးခဲ့ဖူးပါတယ်။ အဲဒီ မင်းဧကရာဇ်ထက် ရှင်က ပိုပြီး ကြီးကျယ်ထင်ရှားတဲ့ မင်းဧကရာဇ် ဖြစ်ကို ဖြစ်ရပါလိမ့်မယ်။ ရှင်ဟာ ရောမတပ်မတော်ကြီးမှာ နှစ်ပေါင်းများစွာ အမှုထမ်းခဲ့တဲ့သူဖြစ်တယ်။ ရောမစစ်သေနာပတိချုပ် စတီလီချိုရဲ့ လက်အောက်မှာ အမှုထမ်းကတည်းက ထင်ရှားတဲ့ တပ်မှူးတစ်ယောက်ဖြစ်ခဲ့ပါတယ်။ ပြီးတော့ အင်တိုးနီးယပ် တံတိုင်းဒေသကို ရှင်သွားရောက်ပြီး အမှုထမ်းတုန်းကလည်း လူသူအင်အား အဆမတန်များပြားတဲ့ ပစ်လူမျိုးတွေကို ကစဉ့်ကလျား ဖြစ်သွားတဲ့အထိ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် ရှင့်ကို ရောမစစ်သည်တော်များက သူ့ရဲကောင်းကြီးအဖြစ် ကိုးကွယ်ကြည်ညိုကြတယ်။ ရောမတပ်မတော်ကြီးကလည်း ရှင့်ကို လေးစားထောက်ခံကြတယ်။

"အို . . . မားကပ်ရယ်၊ ရှက်မနေစမ်းပါနဲ့။ ကျွန်မ မြှောက်ပင့်ပြီး ပြောနေတာ မဟုတ်ပါဘူး။ ရောမစစ်သည်တွေကိုရော တပ်မှူးတွေကိုပါ တွေ့ဆုံပြီး သူတို့ရဲ့ စိတ်ဆန္ဒသဘောထားကို ကျွန်မ အစ်အောက်မေးမြန်းပြီးမှ ပြောတာပါ"ဟု စိတ်အားထက်သန်စွာ ပြောကြားသည်။ ထို့နောက် ကျွန်ုပ်၏ လက်ကို ဆွဲဖယ်ရင်း

"ရှင်က ကျွန်မရဲ့ စကားကို အပျော်အပြက်လို သဘောထားနေတယ်။ ဒါပေမဲ့ ကျွန်မကတော့ အလေးအနက်ကို သဘောထားတယ်။ ကျွန်မဟာ ဧကရီဘုရင်မကြီး ဖြစ်ကိုဖြစ်ရမယ်။ ဒီလို ဧကရီ ဘုရင်မကြီး ဖြစ်တော့မှ ကျွန်မလုပ်ချင်တာကို လုပ်ပိုင်ခွင့်ရှိမှာပေါ့"

ဟု ပြောကြားသည်။

ထိုအခိုက်တွင် ကျွန်ုပ်က ကော်နီလီယာ၏လည်တိုင်ကို တမြတ်တနိုးငုံ့နမ်းရင်း

"ကော်နီလီယာရယ် . . .စကားတတွတ်တွတ်ပြောရတဲ့အတွက် မမောဖူးလားကွယ်။ ဒီအကြောင်းတွေကို ခဏမေ့ထားပြီး စိတ်နှလုံး ဆွတ်ပျံ့ကြည်နူးမယ့်အကြောင်းတွေကို ပြောကြရအောင်"ဟု ပြောလိုက်ရာ၊ ကော်နီလီယာလည်း ကိုယ်ကို တင်းခံထားရာမှ လျှော့ဖြေချလိုက်ရင်း ကျွန်ုပ်၏ ရင်ခွင်တွင်းသို့ ကနွဲ့ကလျ မှီလိုက်သည်။ ထို့နောက် ချိုအေးသာယာသော အသံဖြင့်

"မားကပ်ရယ် . . .ရှင်ကြားချင်လှတဲ့ အကြောင်းတွေကို ပြောပါတော့မယ်။ ဒါပေမဲ့ မားကပ်ရယ်...ဒီအကြောင်းတွေကို မပြောခင်မှာ ရှင့်ဆီက ကတိစကားတစ်ခွန်းတော့ ရယူလိုချင်ပါတယ်။ အဲဒီကတိစကားကတော့ ကျွန်မနဲ့ရှင် လက်ထပ်တဲ့ မင်္ဂလာပွဲရက်မှာ ရှင့်ကိုယ်ရှင် ရောမဧကရာဇ်အဖြစ် ခံယူ

ကြောင်း လူထုပရိသတ်ကို အတိအလင်း ကြေညာပါ့မယ်ဆိုတဲ့ စကားပဲဖြစ်ပါ တယ်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်လည်း ကော်နီလီယာ၏ တောင့်တင်းဖွံ့ထွားလှသော တင်သားကို ခပ်ရွရွပွတ်သပ်နေရာမှ

"ကော်နီလီယာရယ် . . . မင်းမှာ ကာမပိုင်လင်ယောကျ်ားကြီးရှိနေပါ တယ်။ အဲဒီ ကာမပိုင်လင်ယောကျ်ားကလည်း ရောမ ကေရာဇ်နဲ့ အလွန်ကရာ ခင်မင်ကျွမ်းနီးလှတဲ့ ဗြိတိန်ဘုရင်ခံချုပ် ဖြစ်နေတယ်။ ပြီးတော့ ကျုပ်က ရောမ ကေရာဇ်ရဲ့ သုတ်သင်သတ်ဖြတ်ခြင်းကို ခံလိုက်ရတဲ့ ရောမစစ်သေနာပတိ စတီလီချို ယုံကြည်အားထားခြင်းခံရတဲ့ တပ်မဟာမှူးတစ်ယောက် ဖြစ်နေပါ တယ်။ ဒါကြောင့်လည်း အခု ရောမကေရာဇ် ဟောနီးရီးယပ်ရဲ့ သက်ထက်မှာ ကျုပ်ဟာ မထင်မရှားနဲ့ ဓာတ်မြုပ်နေခြင်း ဖြစ်တယ်။ ကျုပ်တစ်ခုခုလုပ်လိုက် တာနဲ့ တစ်ပြိုင်နက် ရောမကေရာဇ်ဟာ ကျုပ်ကို အပြစ်ရှာပြီး သုတ်သင်သင် ဖြတ်မှာ သေချာနေပါတယ်"ဟု ပြောကြားသတိပေးလိုက်သည်။

ထိုအခါ ကော်နီလီယာက လေသံသဲ့သဲ့ဖြင့်

"မားကပ်ရယ် . . . ရှင်ဟာ ကျွန်မရဲ့ အမေးကို တည့်တည့်မဖြေဘဲ ဝေ့လယ်လယ်လုပ်ပစ်နေတယ်။ ကိုင်းပါ၊ ကျွန်မမေးတာကို အတိအလင်း ခပ်ပြတ်ပြတ် ဖြေစမ်းပါ။ ကျွန်မ မုဆိုးမဖြစ်ရင် ကျွန်မကို ရှင်လက်ထပ်ယူမ လား"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"မင်းကို လက်ထပ်မယူချင်ဘူးလို့ ငြင်းပယ်ရင် ကျုပ်အရူးဖြစ်သွား တော့မှာပေါ့ကွယ်"ဟု ဖြေလိုက်သည်။

မှန်ပေသည်။ 'ကော်နီလီယာကို လက်မထပ်လိုပါ'ဟု ကျွန်ုပ်ငြင်းပယ် လိုက်ပါက ကျွန်ုပ်သည် အရူးပင်ဖြစ်တော့သည်။ အရူးထက်ပင် ဆိုးဝါးသော အခြေအနေသို့ ဆိုက်ရောက်နိုင်ပေသည်။ အကြောင်းသော်ကား ကော်နီလီယာ သည် ကျွန်ုပ်၏ အသက်ကဲ့သို့ တန်ဖိုးရှိလှသော မင်းသမီးလေး အီဒိန်းကို ပိုင်ဆိုင်ထားသောသူဖြစ်နေသောကြောင့်ပေတည်း။ ကော်နီလီယာကသာ 'အီဒိန်းကို ကျွန်ုပ်အား မပေးအပ်ပါ"ဟု တင်းခံနေပါက၊ ဘုရင်ကာရာနေ့ထံ၌ ကျွန်ုပ်ထားရှိခဲ့သော ကတိစကားအတိုင်း ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို သွားမျိုး ပြီး အသတ်ခံရပေတော့မည် မဟုတ်ပါလော။

ဤသို့ ကျွန်ုပ်တွေးတောစဉ်းစားနေခိုက်တွင် ကော်နီလီယာက ကျွန်ုပ် ကို ကနွဲ့ကလျ မှီထားရာမှ

"မားကပ်ရယ် . . . ရှင်နဲ့ ကျွန်မလက်ထပ်တဲ့ မင်္ဂလာညကျတော့ ရှင်အလိုရှိတဲ့ အိုက်နီမိန်းမပျိုလေးကို မင်္ဂလာလက်ဆောင်အဖြစ် ရှင့်ကို

ပေးပါ့မယ်။ ရှင်ကျေနပ်ရဲ့မဟုတ်လား"ဟု ပြောကြားလိုက်ရာ၊ ကျွန်ုပ် စိတ်နှလုံးလေးလံသွားရာမှ "ကျေနပ်ပါတယ်"ဟု ဖြေကြားရင်း ကျွန်ုပ်အဖြေစကားကြောင့် ဘုရင်ခံချုပ် ဖလာဗီးယပ်၏ အသက်သည် စိုးရိမ်ရမည့် အခြေအနေဆိုးသို့ ရောက်သွားချေတော့မည်လော ဟု တွေးတောမိလိုက်သည်။

ထိုအခိုက်တွင် ကော်နီလီယာသည် ကျွန်ုပ်၏ ဆံပင်ကို ခပ်ဖွဖွ ကစားနေရာမှ

"ရှင်နဲ့ ကျွန်မ လက်ထပ်ပြီးတဲ့အခါကျတော့ ဒီဗြိတိန်ကျွန်းမှာ တစ်ပတ်လောက် ပျော်ပျော်ကြီး နေကြတာပေါ့။ **နိုဗီရိုမဂတ်** (ယခု ပို့စ်မောက်)ဆိပ်ကမ်းမြို့က စံအိမ်တော်ဟာ နှလုံးမွေ့လျော်ပျော်စရာ အတန်ကောင်းတယ်။ ရှုခင်းတွေလည်း သိပ်သာယာတာပဲ။ အဲဒီစံအိမ်တော်မှာ ကျွန်မတို့ စခန်းချကြတာပေါ့။ ဒီအတောအတွင်းမှာတော့ တီတာပ်ဆိုလီနပ်က ရောမရွှေမြို့တော်ကို ချီတက်တိုက်ခိုက်သိမ်းယူဖို့အတွက် တပ်အသီးသီးကို အသင့်ပြင်ထားပါလိမ့်မယ်"ဟု ပြောကြားသည်။

ထို့နောက် အသေးစိတ် အကြံအစည်ကို ဆက်လက်ပြောကြားပြန်သည်။ ထိုအကြံမှာ "ကျွန်ုပ်နှင့်အတူ ရောမစစ်သေနာပတိ စတီလီချို၏ လက်အောက်၌ အမှုတော်ထမ်းခဲ့သော တပ်မဟာမှူးများ၊ တပ်မှူးများထံသို့ လူယုံတော်များ တိတ်တဆိတ်စေလွှတ်ပြီး အကြောင်းကြားထားမည်။ ကျွန်ုပ်က လက်ရှိ ရောမဧကရာဇ် ဟောနိုးရီးယပ်ကို စတင်ထောင်ထားခြားနားသည်နှင့် တစ်ပြိုင်နက် အနယ်နယ်အရပ်ရပ်၌ တပ်စခန်းချနေကြသော ထိုတပ်မဟာမှူးများ၊ ဗိုလ်မှူးများကလည်း ကျွန်ုပ်ကို ထောက်ခံကူညီသောအားဖြင့် ထောင်ထားခြားနားရမည်။ ထို့နောက် ကျွန်ုပ်တို့တပ်အသီးသီးသည် ရောမရွှေမြို့တော်ကြီးသို့ ချီတက် သိမ်းပိုက်ကြပြီးလျှင် လက်ရှိ ရောမ ဧကရာဇ် ဟောနိုးရီးယပ်ကို သုတ်သင်သတ်ဖြတ်ရမည်။ ထို့နောက် ရောမဧကရာဇ်အဖြစ် ရာဇသရဖူကို ကျွန်ုပ်က ဆောင်းရမည်"ဟူ၍ဖြစ်တော့သည်။

ဤအကြံကား လေထဲ၌ တိုက်အိမ်ဆောက်သော အကြံမဟုတ်ပါပေ။ အမှန်တကယ်ဖြစ်နိုင်သော အကြံပင်ဖြစ်ပါ၏။ ရောမဧကရာဇ်အဖြစ် ဟောနိုးရီးယပ် နန်းသက်ရှည်နေခြင်းမှာ ဟောနိုးရီးယပ်ကို တော်လှန်ပုန်ကန်ပြီး ဖြုတ်ချနိုင်သည့်အထိ အင်အားမတောင့်တင်းခြင်းနှင့် အနယ်နယ်အရပ်ရပ်ရှိ ရောမတပ်များကို စည်းရုံးခေါင်းဆောင်နိုင်သောသူ မထွက်ပေါ်လာသေးခြင်းတို့ကြောင့် ဖြစ်ပါ၏။ အနယ်နယ်အရပ်ရပ်ရှိ ရောမတပ်များကို စည်းရုံးခေါင်းဆောင်ပြီး၊ ဟောနိုးရီးယပ်ကို တော်လှန်ပုန်ကန်တိုက်ခိုက်ပါက ဟောနိုးရီးယပ်သည် ရောမဧကရာဇ်အဖြစ်မှ ချက်ချင်းပြုတ်ကျမည် ဖြစ်ပေသည်။ ထို့ကြောင့်

ကော်နီလီယာ၏ အကြံအစည်သည် လက်တွေ့၌ အမှန်တကယ်ဖြစ်နိုင်သော အကြံအစည်ဖြစ်ကြောင်းမှာ ထင်ရှားလှပါပေ၏။

သို့သော် . . . သို့သော် . . . ထိုအကြံအစည်ကို အချိန်မီ အကောင်အထည်ဖော်ရာ၌ တစ်စုံတစ်ရာသော အနှောင့်အယှက်အဟန့်အတားသည် ရှိနေပေသည်။ ထိုအနှောင့်အယှက် အဟန့်အတားကား ကော်နီလီယာ၏ ကာမပိုင်လင်ယောကျ်ားဖြစ်သော ဘုရင်ခံချုပ် ဖလာဗီးယပ် မကွယ်လွန်သေးဘဲ အသက်ထင်ရှားရှိနေခြင်းတည်း။

ထိုသို့ ကျွန်ုပ်တွေးတော စိုးရိမ်နေခိုက်တွင် ကော်နီလီယာသည် ကျွန်ုပ်၏ နှုတ်ခမ်းကို ညင်ညင်သာသာ တမြတ်တနိုး နမ်းလိုက်ရင်း

"မားကပ်ရယ်။ မောင်တော် ဖလာဗီးယပ်အတွက် ဘာမှ မတွေးတော မစိုးရိမ်နေပါနဲ့ကွယ်။ မကြာခင် ကျွန်မ ညစာခံပွဲကျင်းပပါ့မယ်။ အဲဒီပွဲမှာ အစားအသောက် ခုံမင်တပ်မက်တဲ့ မောင်တော် ဖလာဗီးယပ်ဟာ စားပိုးနင့်ပြီး သေဆုံးသွားပါလိမ့်မယ်။ ဒီလို မောင်တော် ဖလာဗီးယပ် ကွယ် လွန်သွားပြီးတဲ့ အခါမှာတော့ ကျွန်မဟာ ထုံးစံအတိုင်း ဝမ်းနည်းကြေကွဲဟန်နဲ့ ရက်အတန်ကြာ နေရဦးမှာပေါ့။ ပြီးတော့မှ ရှင်နဲ့ ကျွန်မတို့ တရားဝင်လက်ထပ် ကြမယ်လေ"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"ကော်နီလီယာရယ်။ မင်းပေးတဲ့ ညစာခံပွဲမှာ ဖလာဗီးယပ်က အစားအသောက်တွေ အလွန်အကျွံစားသောက်ရုံနဲ့ စားပိုးနင့်ပြီး သေပါ့မလား"ဟု မေးလိုက်ရာ၊ ကော်နီလီယာက မျက်နှာထားတင်းတင်းနှင့်

"အ,လိုက်ပါဘိ မားကပ်ရယ်။ မောင်တော် ဖလားဗီးယပ် အလွန်နှစ်သက်တဲ့ အစားအသောက်ထဲမှာ ကျွန်မတစ်ခုခု ထည့်လိုက်မှာပေါ့။ ဒီနည်းနဲ့ မောင်တော် ဖလာဗီးယပ်ဟာ စားပိုးနင့်ပြီး သေဆုံးသွားပါလိမ့်မယ်။ စားပိုးနင့်ပြီး မသေဆုံးမှာကို လုံးဝမပူပါနဲ့ရှင်။ ကျွန်မတာဝန်ထားပါ"ဟု ပြောကြားလိုက်သည်။

၇

## ပျံ့လွင့်နေသောစိတ်

ထိုနေ့ညက ကျွန်ုပ်သည် စက်ခန်းဆောင်ရှိ သလွန်ထက်၌ လျောင်းစက်ကာ အိပ်ပျော်ရန် ကြိုးစားသော်လည်း အိပ်၍မရဘဲ မျက်စိကြောင်နေပေသည်။

ထိုအခိုက်တွင် ခမ်းနားကြီးကျယ်လှသော ရောမရွှေမြို့တော်ကြီးကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ရဘိသကဲ့သို့ မျက်စိတွင်း၌ ပြက်ပြက်ထင်ထင် တွေ့မြင်လျက်ရှိရာမှ တောတွေးတောင်တွေးဖြင့် အတွေးနယ်ချဲ့နေမိသည်။

ရောမရွှေမြို့တော်ကြီးကား ဤကမ္ဘာလောကကြီးကို စိုးမိုးအုပ်ချုပ်ရာ ဗဟိုဒေသပင်ဖြစ်၏။ ကမ္ဘာလောက၏ အရှင်သခင်အဖြစ် ကိုးစားပြုရာ သင်္ကေတပင် ဖြစ်၏။ ရောမရွှေမြို့တော်ကြီးရှိ ရာဇပလ္လင်ထက်၌ စံမြန်းပြီး မကိုဋ်သရဖူဆောင်းထားသော သူသည် ဤကမ္ဘာလောကကြီး၏ အရှင်သခင်ပင်ဖြစ်၏။

ရောမရွှေမြို့တော်ကြီးရှိ ရာဇပလ္လင်ထက်၌ စံမြန်းပြီး မကိုဋ်သရဖူကို ဆောင်းရသောသူသည် ဤကမ္ဘာလောကတွင် တန်ခိုးအာဏာအကြီးမားဆုံးသောသူဖြစ်သည်။ ထိုသူ၏ အမိန့်တော်ကို လူအားလုံးရိုရိုသေသေ လေးလေးစားစား လိုက်နာကြရသည်။ ထိုသူအလိုတော်ရှိသည့်အတိုင်း ရောမတပ်မတော်ကြီးသည် ရွေ့လျားနေရသည်။ သက်စွန့်ကြိုးပမ်း တိုက်ခိုက်နေရသည်။

အကယ်၍ ကျွန်ုပ်သာ ရောမဧကရာဇ်ဖြစ်လာပါလျှင် ကျွန်ုပ်အပေါ်

မိတ်ဆွေကောင်းမပီသသော၊ ကောက်ကျစ်ယုတ်မာသော၊ သူရဲဘောကြောင်သော တီတပ်ဆိုလီနပ်ကို နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းပြီး သတ်ဖြတ်ဆုံးမနိုင်မည်။ ခြသေ့်သားရဲတွင်းထဲသို့ပင် ပစ်ချမည်လော။ မီးကျီးခဲရဲရဲဖြင့် ဖိုကျင်ထိုးသတ်မည်လော။ ဝမ်းဗိုက်ပေါ်သို့ပင် မီးအိုးပူ တင်မည်လော။ ကျွန်ုပ်စိတ်တိုင်းကျ ဆောင်ရွက်နိုင်မည်သာဖြစ်သည်။

ထို့ပြင် ကမ္ဘာအရပ်ရပ်ရှိ တိုင်းနိုင်ငံအသီးသီးမှ ကုန်သည်ကြီးများသည်လည်း အမျိုးမျိုးသော လက်ဆောင်ပဏ္ဏာများကို သယ်ဆောင်ကာ ကျွန်ုပ်၏ ခြေတော်စုံကို ဦးခိုက်ဆက်သကန်တော့ကြမည်သာ ဖြစ်သည်။ စိန့်တိုင်း(တရုတ်ပြည်)မှ ကျောက်စိမ်းများ၊ ဆင်စွယ်များသည်လည်းကောင်း၊ မဇ္ဈိမတိုင်းနှင့် ပါသီးယားပြည်တို့မှ ပိုးခန်းဆီးများ၊ ဖဲကန့်လန့်ကာများ၊ ပန်းချီပိတ်ကားများသည်လည်းကောင်း၊ အာဖရိကတိုက်မှ အရောင်တဖိတ်ဖိတ်လက်နေသော စိန်များ၊ ကျောက်မျက်ရတနာများသည်လည်းကောင်း ကျွန်ုပ်၏ ရှေ့တော်မှောက်၌ စုပုံနေကြမည်သာ ဖြစ်သည်။

ရောမတပ်မတော်ကြီးသည် ကျွန်ုပ်၏ အမိန့်တော်အတိုင်း နိုင်ငံအသီးသီးကို တိုက်ခိုက်ဖျက်ဆီးခြင်းကိုလည်းကောင်း၊ ပြုပြင်တည်ဆောက်ခြင်းကိုလည်းကောင်း ဆောင်ရွက်ကြမည်သာ ဖြစ်သည်။ ထို့ပြင် ကမ္ဘာပေါ်ရှိ အချောဆုံး အလှဆုံးသော မိန်းမပျိုလေးများသည်လည်း ကျွန်ုပ်အပါး၌ ဝိုင်းဝိုင်းလည်နေကြမည်သာ ဖြစ်သည်။

ရောမဧကရာဇ်တည်းဟူသော တန်ခိုးအာဏာကိုသာ ကျွန်ုပ်စိုးမိုးပိုင်သပါက ဤကမ္ဘာလောကကြီးတွင် ကျွန်ုပ်စိတ်ဆန္ဒရှိသည့် အရာခပ်သိမ်းကို ဆောင်ရွက်နိုင်မည်သာဖြစ်သည်။ ထို့ကြောင့် ရောမဧကရာဇ်ဖြစ်ရန် အခွင့်အလမ်းပေါ်နေခိုက်တွင်ကျွန်ုပ်သည် တွေဝေဆိုင်းငံ့နေ၍ မဖြစ်ပေ။ ခွင့်သာခိုက်တွင် ပေးလာသော အခြေအနေအခွင့်အရေးကို အရယူရမည်သာဖြစ်သည်။ ကော်နီလီယာ အကြံပေးသည့်အတိုင်း နှောင့်နှေးတွန့်ဆုတ်ခြင်းမရှိဘဲ ဆောင်ရွက်ရမည်သာဖြစ်သည်။

ဤသို့ဆိုသော် ကျွန်ုပ်၏ ကြီးပွားတိုးတက်ရေးလမ်းခရီးတွင် အတားအဆီးအဟန့်အတားဖြစ်နေသော ကော်နီလီယာ၏ကာမပိုင် လင်ယောကျ်ားဘုရင်ခံချုပ် ဖလာဗီးယပ်ကို ရှင်းပစ်ရပေတော့မည်။ သို့သော် ဖလာဗီးယပ်နှင့်ကျွန်ုပ်မှာရန်ငြိုးရန်စရှိကြသောသူများ မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် ရန်ငြိုးရန်စလုံးဝမရှိသော ဖလာဗီးယပ်ကို သုတ်သင်သတ်ဖြတ်ရန် အရေး၌ သင့်မသင့်၊ ရာမရာ ချိန်ဆနေမိပါတော့သည်။ စိတ်ထဲ၌ နှောင့်နှေး ဆိုင်းငံ့နေမိပါသည်။

ဤသို့လျှင် ကျွန်ုပ်သည် မျက်စိကြောင်နေရာမှ ဇော်ထွေး တောင်တွေး အတွေးနယ်ချဲ့နေမိသည်။ အိပ်ရာထက်၌ တလူးလူးတလွန့်လွန့် ဖြစ်နေမိသည်။ ညဥ့်အတော်နက်သောအခါမှ မျက်တောင်စဉ်းကာ အိပ်ပျော်သွားပါတော့သည်။

ဤသို့အိပ်ပျော်သွားရာ နောက်တစ်နေ့ နံနက် မိုးသောက်၍ လူယုံတော်ကြီး ဗြိတိကပ် လာရောက်ပြီး လှုပ်နှိုးသောအခါမှ အိပ်ရာမှ နိုးပါတော့သည်။

အိပ်ရာမှ နိုးပြီးနောက် ကျွန်ုပ်လည်း မိန်းမလှလေး မီနာနှင့်အတူ မနက်စာကို အတူ သုံးဆောင်ကြသည်။ ထို့နောက် မီနာလည်း ကျွန်ုပ်ကို နှုတ်ဆက်ပြီး ဈေးဝယ်ထွက်သွားသည်။ ထိုအခိုက်တွင် ဗြိတိကပ်သည် စာရင်းအင်း စာချုပ်စာတန်းများကို ကိုင်ကာ ဝင်လာပြီးနောက်

"ဒီမှာ သခင်၊ ဟောဒီမှာ သခင်ပိုင်တဲ့ လုပ်ငန်းကိစ္စအဝဝနဲ့ ပတ်သက်တဲ့ စာရွက်စာတန်းတွေ စာရင်းအင်းတွေပဲ။ ဒါတွေကို သခင်လေ့လာထားဖို့ လိုတယ်။ ဒါမှ သခင့်မိဘဘိုးဘွားတွေ ရှာဖွေစုဆောင်းလာတဲ့ ပစ္စည်းဥစ္စာရတနာအမွေအနှစ်တွေဟာ သခင့်လက်ထဲမှာ မဆုတ်ယုတ်မလျော့ပါးဘဲ တဖြည်းဖြည်း တိုးတက်လာမှာ ဖြစ်တယ်"ဟု ပြောကြားသည်။

ထို့နောက် ကျွန်ုပ်ကို စာကြည့်ဆောင်သို့ အတင်းခေါ်ကာ ကျွန်ုပ်ပိုင်ဆိုင်သော ပစ္စည်းဥစ္စာရတနာများ၊ ကျွန်ုပ်တို့ လုပ်ဆောင်နေသော လုပ်ငန်းဆောင်တာများနှင့် ပတ်သက်ပြီး သိသင့်သိထိုက်သော အချက်အလက်များကို ရှင်းပြသည်။ သက်ဆိုင်ရာ စာချုပ်စာတန်းများကို လေ့လာကြည့်ရှုခိုင်းသည်။

ဤသို့ဖြင့် ကျွန်ုပ်လည်း စိတ်လက်မပါလင့်ကစား ဗြိတိကပ်၏ အလိုဆန္ဒကို လိုက်လျောကာ စာရင်းအင်းများ၊ စာချုပ်စာတန်းများကို အောင့်အီးပြီး လေ့လာကြည့်ရှုနေရသည်။

အတန်ကြာသောအခါတွင်မူ ဈေးဝယ်မှ ပြန်လာသော မိန်းမလှလေး မီနာလည်း ကျွန်ုပ်ရှိရာ စာကြည့်ဆောင်သို့ ကြော့ကြော့လေး ဝင်ရောက်လာပြီးလျှင် "ကျွန်ုပ်ကို စာရွက်စာတန်းကြားတွင် နစ်မြုပ်ခိုင်းရမည်လော"ဟု ဗြိတိကပ်ကို ပြစ်တင်ကြိမ်းမောင်းတော့သည်။ ထို့ပြင် မိမိဝတ်ထားသော အဝတ်အထည်ဆန်းများ လှမလှ၊ မိမိနှင့် လိုက်မလိုက်ကို တတွတ်တွတ်မေးရင်း၊ ကျွန်ုပ်ထိုင်နေသော ကုလားထိုင်ရှေ့တွင် ဒူးထောက်ထိုင်ချပြီး မျက်နှာကို မော့ကြည့်နေသည်။ ထို့နောက် ကျွန်ုပ်၏ ပေါင်ပေါ်သို့ ပါးလေးကို ဖွဖွလေး တင်ရင်း

"သခင်ရယ် . . . ဘာကြောင့်များ မျက်နှာထားတော် ညှိုးရတာလဲ။ သခင်မကြိုက်တာကိုများ ကျွန်မပြုမိလို့လား ရှင်ရယ်"ဟု မေးရှာသည်။

ထိုအခါ ကျွန်ုပ်က အသာပြုံးရင်း မီနာ၏ မေးစေ့ကို လက်ဖြင့်မကာ

"သခင်မကြိုက်တာကို မင်းဘာမှ မပြုပါဘူးကွယ်"ဟု ပြောလိုက်ရာ၊ မီနာက

"ဒါဖြင့်ရင် သခင်က ဂုဏ်သရေရှိ ရောမမိန်းမပျိုတစ်ဦးဦးနဲ့များ လက်ထပ်တော့မှာလားရှင်"ဟု မေးလိုက်သည်။

ထိုအခါ ကျွန်ုပ်က မီနာ၏ ပခုံးသားလေးကို လက်ဖြင့် တယုတယ ပွတ်ရင်း

"မစိုးရိမ်ပါနဲ့ မီနာရယ် . . . လက်ထပ်ဖို့ စိတ်ကူးထဲတောင် မထည့်သေးပါဘူးကွယ်။ သခင့်အဖို့မှာ မီနာတစ်ယောက်တည်းကိုပဲ စွဲလန်းမြတ်နိုးပါတယ်"

ဟု ပြောကြားဖြေသိမ့်လိုက်သည်။

ထိုအခါ မီနာက ထပ်မံ၍

"ဒါဖြင့်ရင် ကျွန်မအပေါ် သခင့်မကျေနပ်တာ မရှိဘူးလားဟင်"ဟု စိုးရိမ်တကြီး ထပ်မေးလိုက်ရာ၊ ကျွန်ုပ်က မီနာ၏ ကိုယ်လုံးကလေးကို ပွေ့ယူလိုက်ရင်း

"မကျေနပ်တာ မရှိပါဘူးကွယ်။ ဒါပေမဲ့ ဒီလိုသာ ထပ်တလဲလဲ မေးနေရင်တော့ သခင်စိတ်ဆိုးရလိမ့်မယ်"ဟု ပြောလိုက်သည်။

ထိုအခါ မီနာလည်း လန်းဆန်းရွှင်ကြည်သော အမူအရာဖြင့် ရယ်မောနေရာ၊ မလှမ်းမကမ်းရှိ စားပွဲကြီးတွင် စာရွက်စာတန်းများ၊ စာရင်းဇယားများတို့ဖြင့် တကုပ်ကုပ် အလုပ်ရှုပ်နေသော ဗြိတိကပ်ပင် ရုတ်တရက် ခေါင်းထောင်ကြည့်သည်။ ထို့နောက် စိတ်ပျက်သော အမူအရာဖြင့် အသာသက်ပြင်းချလိုက်ရင်း

"အင်း . . . မိန်းမတွေဟာ လှဖို့ ပဖို့ ဝတ်ဖို့စားဖို့ရယ်၊ နွဲ့ဖို့ တာဖို့ ခရာဖို့ရယ်ပဲ သိတယ်။ ဒီ့အပြင် သူတို့ သိတာဆိုလို့ ဘာမှ မရှိဘူး"ဟု ရေရွတ်လိုက်သည်။

ထိုအခါ မီနာလည်း ဟက်ဟက်ပက်ပက်ရယ်မောနေရာမှ မျက်နှာပိုးသတ်လိုက်သည်။ ကျွန်ုပ်လည်း မီနာ၏ လက်ကို တယုတယ ဆွဲကာ

"မီနာရေ . . . အဘိုးကြီးရှေ့မှာ ကြာကြာနေလို့ မဖြစ်ဘူး။ ကြာရင် သခင်တို့ကို မျက်စိနောက်ပြီး ပေါက်တတ်ကရ ပြောတော့မယ်။ ဒီတော့ အဘိုးကြီးကို အလုပ်ပုံတွေကြားမှာ တစ်ယောက်တည်း ထားပြီး သွားကြပါစို့"

ဟု လူယုံတော် ကြီး ဗြိတိကပ်ကို ခပ်ထေ့ထေ့ပြောပြီး မိန်းမလှလေး မိနာ၏ ပခုံးကို ဖက်ကာ စာကြည့်ဆောင်တွင်းမှ ထွက်ခွာလာခဲ့သည်။

ထိုနေ့မှစ၍ တစ်ပတ်လုံးလုံးပင် ကျွန်ုပ်သည် ဗြိတိကပ်ကြောင့် လုပ်ငန်းကိုင်ငန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများ၊ စာရင်းဇယားများကို လေ့လာမှတ်သားနေရသည်။

ဗြိတိကပ်နှင့်အတူ သိမ်းမြစ်အတွင်း၌ ကျောက်ချရပ်နားပြီး ကုန်တင်နေကြသော ကျွန်ုပ်ပိုင် ကုန်သဘော်ကြီး ရှိရာသို့ သွားရောက်၍ ကြည့်ရှု စစ်ဆေးရသည်။ သဘော်ကပ္ပတိန်နှင့်လည်းကောင်း၊ သဘော်သားများ၊ အလုပ်သမားများနှင့်လည်းကောင်း စကားစမြည် ပြောကြားဆွေးနွေးရသည်။ တစ်ခါတစ်ရံ၌ သဘော်ကပ္ပတိန်နှင့်အတူ ညစာကို စားသောက်ကြရသည်။

လူယုံတော်ကြီး ဗြိတိကပ်နှင့် သဘော်ကပ္ပတိန်တို့ လုပ်ငန်းကိစ္စအဝဝကို အလေးအနက် ဆွေးနွေးနေခိုက်တွင် ကျွန်ုပ်၏ နားထဲ၌ စစ်ချီစစ်တက်အမိန့်ပေးသံများ၊ တိုက်သံခိုက်သံများကို ကြားနေရသည်။ ထို့ပြင် ဘုရင်ကာရာနေ့နှင့် အကျဉ်းခံ ညီမတော် မင်းသမီးလေး အီဒိန်းတို့အကြောင်းကိုလည်း တွေးတောနေမိသည်။ ထို့အတူ ဘုရင်ခံချုပ်ကတော် ကော်နီလီယာ အကြောင်းကိုလည်း အမှတ်ရနေသည်။ 'ကော်နီလီယာသည် မိမိကာမပိုင် လင်ယောကျ်ား ဖလာဗီးယပ်အလွန် နှစ်သက်သော အစားအစာထဲ၌ထည့်ရန်အတွက် အဆိပ်တစ်မျိုးကို ဖော်စပ်၍ ပြီးပြီလော။ ဘုရင်ခံချုပ် ဖလာဗီးယပ် ကွယ်လွန်သွားပါက အလိုရမ္မက်ကြီးလှသော မုဆိုးမကော်နီလီယာကို မိမိအမှန်တကယ်လက်ထပ် ထိမ်းမြားနိုင်ပါမည်လော'ဟုလည်း တွေးတောနေမိသည်။

ဤသို့ ကျွန်ုပ် စိတ်နှလုံးပျံ့လွင့်ကာ အလေးအနက် ဆွေးနွေးနေသော လုပ်ငန်းကိစ္စတွင် စိတ်မဝင်စားသည့်အဖြစ်ကို ဗြိတိကပ်သည် သဘော်ကပ္ပတိန်နှင့် ဆွေးနွေးပြောဆိုနေရာမှ သတိပြုရိပ်စားမိသွားသည်။ ထို့ကြောင့် စကားလက်စကို သတ်ပြီးလျှင် သဘော်ကပ္ပတိန်ကို နှုတ်ဆက်ကာ စံအိမ်တော်သို့ ပြန်လာခဲ့သည်။ ထိုသို့ ပြန်လာခိုက်တွင် ဗြိတိကပ်က

"သခင်ရယ်။ သခင်ရဲ့ အလုပ်ကိစ္စအဝဝကို သခင်ကိုယ်တိုင် စိတ်ဝင်စားမှ ဖြစ်မှာပေါ့။ ဟောဒီမြို့တော်က သူဌေးကြီးတွေ ကုန်သည်ကြီးတွေဟာ သူတို့ရဲ့ အလုပ်ကိစ္စအဝဝကို သူတို့ ကိုယ်တိုင် စိတ်ဝင်စားစွာနဲ့ ဆောင်ရွက်ကြပါတယ်။ တချို့များဆိုရင် ဆိပ်ကမ်းက ကုန်ရုံတွေမှာ တစ်ညလုံးလုံး ထိုင်ပြီး အလုပ်လုပ်ကြပါတယ်"ဟု ပြောကြား အပြစ်တင်ရာ၊ ကျွန်ုပ်က

"ဒါကတော့ ဦးလေးရယ်။ သူတို့မှာ ကျွန်တော့်လို ယုံကြည်စိတ်ချရတဲ့၊ မျက်နှာလွှဲရတဲ့သူမရှိလို့ ဖြစ်မှာပေါ့။ ပြီးတော့ သူတို့က စီးပွားရေးလုပ်ငန်းမှာပဲ သူတို့ရဲ့ဘဝကို မြှုပ်နှံထားတာကိုး။ ဥစ္စာဓနကိုပဲ ဘဝလို့ မှတ်ထင်ကိုးကွယ်နေကြတာကိုး။ ဒီတော့ အရှုံးမခံနိုင်ဘဲ အမြတ်ပေါ်အောင် အမြဲကြိုးစားနေရတာပေါ့။ ဝိသမလောဘ တိုက်နေရတာပေါ့။ ဒီလိုနဲ့ သူတို့တစ်တွေဟာ ရလေလိုလေဖြစ်ပြီး ဥစ္စာဓနရဲ့ ကျေးကျွန်ဖြစ်လာတယ်။ ငွေ၏ ကျေးကျွန်ဖြစ်လာတယ်။ ကျွန်တော်ဖြင့် သူတို့ကြည့်ပြီး အားကျတဲ့ စိတ်တွေ မပေါ်မိပါဘူး။ သနားတောင် လာမိပါတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ဗြိတိကပ်လည်း မည်သို့မှ ပြန်မပြောဘဲ သက်ပြင်းချလိုက်ရာ ကျွန်ုပ်က ဆက်၍

"ဦးလေးရေ . . . သူတို့အကြောင်းကို ဘေးဖယ်ပြီး ကျွန်တော်တို့အကြောင်းကို ပြောကြရအောင်။ ကျွန်တော့်အနေနဲ့ မီနာနဲ့ အိမ်တော်ကျွန်တွေကို ကျွန်အဖြစ်ကနေပြီး လွတ်ငြိမ်းခွင့်ပေးချင်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး လိုအပ်တဲ့အချက်အလက်တွေကို အမြန်ဆုံး စီစဉ်ထားပေးပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ရဲ့ ဘဝရှေ့ရေးဟာ ဘယ်လိုဖြစ်လာမယ်ဆိုတာ မသေချာလို့ပါပဲ"ဟု အလေးအနက် ပြောကြားလိုက်သည်။

ထိုအခါ ဗြိတိကပ်၏ မျက်နှာသည် ဖြူပျော့သွားတော့သည်။ ထို့နောက်မှ "ဦးလေး သိပါတယ် သခင်ရယ်၊ ဦးလေး သိပါတယ်။ သခင့်အပေါ်ကို ဘေးရန် အန္တရာယ်ဆိုးကြီး အရိပ်ထိုးနေတာကို ဦးလေးရိပ်စားမိပါတယ်"ဟု တုန်တုန်ရီရီပြောကြားရာ၊ ကျွန်ုပ်က

"မဟုတ်ပါဘူး ဦးလေးရယ်။ ကျွန်တော့်အပေါ်မှာ ဘယ်ဘေးရန်အန္တရာယ်ဆိုးကြီးမှ အရိပ်ထိုးမနေပါဘူး။ အခုလောလောဆယ်မှာ ကျွန်တော့်အဖို့ စကားလေးတစ်ခွန်းကို ပြောသင့်မပြောသင့်သာ ချိန်ဆတွေးတောနေရတာပဲ ရှိပါတယ်"ဟု ပြောကြားလိုက်သည်။

မှန်ပါ၏။ ကျွန်ုပ်အဖို့ ကော်နီလီယာအား 'ဘုရင်ခံချုပ်ကို အဆိပ်ခတ်ပါ'ဟူသော စကားလေးတစ်ခွန်းကိုသာ ပြောကြားလိုက်ရုံသာ ရှိနေပေသည်။ ထိုစကားလေးတစ်ခွန်းကို ပြောကြားလိုက်ရုံနှင့် ကျွန်ုပ်သည် ရောမအင်ပါယာ၏ အရှင်သခင် မင်းဧကရာဇ်ဘဝအထိပင် ရောက်ရှိနိုင်သည့် အခြေအနေအလားအလာတွင် ရှိနေပေသည်။ သို့သော် တကယ်လက်တွေ့၌ ထိုစကားလေးတစ်ခွန်းကို မပြောကြားရက်ပေ။ မပြောကြားချင်ပေ။ ပြောကြားရမှာ ဝန်လေးနေမိသည်။ ထိုသို့သော စိတ်မျိုး ဖြစ်ပေါ်နေမိသည့်အတွက် ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုပင် အံ့ဩနေမိသည်။

"အရှုး၊ ဘာကြောင့် ချီတုံချတုံ ဖြစ်နေရတာလဲ။ ပြောရမယ့်စကားကို ပြောကြားလိုက်ပါလား"ဟုပင် ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည်။

ကျွန်ုပ်နှင့် လူယုံတော်ကြီး ဗြိတိကပ်တို့လည်း သဘော်ဆိပ်ကမ်း ရှိရာမှ စကားတပြောပြောနှင့် ပြန်လာခဲ့ရာ၊ စံအိမ်တော်သို့ အရောက်တွင် ဘုရင်ခံချုပ်ဖလာဗီးယပ်၏ မင်းမှုထမ်းတစ်ဦး အသင့်စောင့်ဆိုင်းနေသည်ကို တွေ့ရသည်။

ထိုမင်းမှုထမ်းက 'နတ်ဖုရား မယ်တော်ကြီး စီဗီလီ၏ ပွဲတော်သို့ တက်ရောက်ရန်' ဖိတ်ကြားသော ဖိတ်စာကို ပေးသည်။ ထို့ကြောင့် ကျွန်ုပ်လည်း ခေတ္တနားနေ အပန်းဖြေပြီးနောက် ရေမိုးချိုးကာ ဘုရင်ခံချုပ် ဖလာဗီးယပ်၏ စံနန်းတော်သို့ ထွက်ခွာလာခဲ့တော့သည်။

ကျွန်ုပ်ထွက်ခွာလာချိန်၌ ညမှောင်ရည် သန်းနေပေပြီ။ ထိုစဉ်အခါ လန်ဒီးနီးယမ်းမြို့တော်တစ်ခွင်၌ လူလေလူလွင့်များ၊ ဓားပြသူခိုးများတို့ ပေါ များနေပြီး၊ ညအချိန်မတော် ခရီးသွားသော ခရီးသည်များကို အခွင့်သာတိုင်း လုယက်တိုက်ခိုက်လေ့ရှိ၏။ ထို့ကြောင့် လူယုံတော်ကြီး ဗြိတိကပ်သည် ကျွန်ုပ် အတွက် စိတ်မချဖြစ်ကာ တပည့်ကျော် လူစီကန်နှင့် ပရီမိုတို့ကို ခေါ်ပြီး ကျွန်ုပ် နှင့်အတူ အဖော်လိုက်လာခဲ့ကြသည်။

ဘုရင်ခံချုပ် စံနန်းတော်သို့ ကျွန်ုပ်ရောက်သွားသောအချိန်၌ ဥယျာဉ် တော်တွင်း၌ ပရိသတ်ဗိုလ်ပုံ စုံလင်နေပေပြီ။ 'လန်ဒီးနီးယမ်းမြို့တော်ရှိ လူဦး ရေ တစ်ဝက်ခန့်မျှ တက်ရောက်လာကြသလော'ဟု မှတ်ထင်လာအောင် ကျိတ် ကျိတ်တိုး စည်ကားနေပေပြီ။ ဝတ်ကောင်းစားလှ ဆင်မြန်းထားသော ရောမ အထက်တန်းလွှာမှ မူးကြီးမတ်ကြီးများ၊ တပ်မှူးဗိုလ်မှူးများနှင့် မင်းကတော် စိုးကတော်တို့လည်း အချင်းချင်း အုပ်စုလိုက် အုပ်စုလိုက်စုပြီး ရယ်ကာ မောကာ မျက်နှာငွေလ ရွှင်ပပဖြင့် စကားပြောနေကြသည်။ ရယ်ပွဲဖွဲ့နေကြသည်။

ကျွန်ုပ်ရောက်သွားသည်နှင့်တစ်ပြိုင် ဘုရင်ခံချုပ် ဖလာဗီးယပ်သည် လူအုပ်ကြီးကို တိုးဝှေ့လာပြီး ကျွန်ုပ်၏ လက်မောင်းကို ဆုပ်ကိုင်ကာ လန်ဒီး နီးယမ်းမြို့တော်ရှိ အချမ်းသာဆုံး ကုန်သည်ကြီးများရှိရာသို့ ဆွဲခေါ်သွားသည်။ ထို့နောက် ကဲ့လူမျိုးများ၏ လက်တွင်းမှ ကျွန်ုပ်ထူးထူးဆန်းဆန်း လွတ်မြောက် လာသည့်အကြောင်းကို ပြန်ပြောင်းပြောကြားခိုင်းရာ၊ ကျွန်ုပ်လည်း ငြင်းပယ် ရန် မတတ်သာသောကြောင့် အသေးစိတ် ပြန်ပြောင်း ပြောကြားလိုက်ရသည်။

ကျွန်ုပ်၏ စကားဆုံးသောအခါ ကုန်သည်ကြီးတစ်ဦးက စိတ်ဝင်စား စွာဖြင့်

"ဒါဖြင့် အိုက်နီမိန်းမပျိုလေးကိုကော ဘုရင်ခံချုပ်ကတော်က ခင်ဗျားကို ပြန်ရောင်းမတဲ့လား"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က ပခုံးကို ဟန်ပါပါ တွန့်ရင်း

"အနေးနဲ့ အမြန် ပြန်ရောင်းပါလိမ့်မယ်။ ဒါမှ ပြန်မရောင်းဘူးလို့ တင်းခံနေရင်လည်း အခွင့်သာတဲ့ညမှာ စံနန်းတော်ကို တိတ်တဆိတ်ဝင်ရောက်ပြီး အဲဒီအိုက်နီမိန်းမပျိုလေးကို ကျွန်တော်ကိုယ်တိုင် ခိုးယူရတာပေါ့"ဟု ခပ်သောသော ဖြေလိုက်သည်။

ထိုအခါ ဘုရင်ခံချုပ် ဖလာဗီးယပ်ရော၊ အနီးဝန်းကျင်ရှိ ကုန်သည်ကြီးများပါ ကျွန်ုပ်၏အဖြေကို သဘောကျသွားပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကြသည်။

ထိုအခိုက်တွင် စံနန်းတော်တွင်းမှ ဒူခနဲ မောင်းသံတစ်ချက် ထွက်ပေါ်လာရာ၊ ဥယျာဉ်တော်တွင်းရှိ သီးသန့် ဧည့်သည်တော်များလည်း စံနန်းတော် စားတော်ဆောင်ရှိရာသို့ တပျော်တပါး ဝင်ရောက်သွားကြသည်။

စားတော်ဆောင်တွင်း၌ သလွန်ညောင်စောင်းပုလေးများ၊ စားပွဲနိမ့်လေးများ အပြည့်ခင်းထားပြီး၊ သလွန်ညောင်စောင်း ပုလေးများထက်၌ မိန်းမချောချောနှင့် ယောကျ်ားချောချောများ အသီးသီးရှိကြပေသည်။ သလွန်ညောင်စောင်းပုလေးများ ရှိရာသို့ သီးသန့် ဧည့်သည်တော် ယောကျ်ားများရော မိန်းမများပါ ရယ်ရယ်မောမောနှင့် သွားရောက်နေရာယူကြပြီးလျှင် အသင့်ရှိနေသော ဝိုင်ခွက်များကို ယူကာ အသီးသီး မော့သောက်ကြသည်။ မိမိတို့ ကျရာ အဖော်ကို ပွေ့ဖက်ပြီး ကျီစယ်ရယ်မောနေကြသည်။

ထိုအခိုက်တွင် နတ်ဖုရားမယ်တော်ကြီး စီဗီလီကို ရည်မှန်းကျင်းပသည့် ပွဲတော်ကြီး စတင်သောအားဖြင့် တီးမှုတ်အပ်သော တူရိယာ ဂီတသံသည် သာယာငြိမ့်ညောင်းစွာ ပေါ်ထွက်လာပေသည်။

ဘုရင်ခံချုပ် ဖလာဗီးယပ်လည်း တောင့်တင်းဖွံ့ထွားလှသော စပိန်သူမိန်းမချောချောလေးကို ပွေ့ဖက်ထားရာမှ ဝိုင်ခွက်တွင်းသို့ ဝိုင်ထပ်ထည့်ပေးရန် ပြောကြားနေသည်။ ထိုအခိုက်တွင် ဘုရင်ခံချုပ်ကတော် ကော်နီလီယာလည်း ကျွန်ုပ်ရှိရာသို့ ရုတ်တရက် လာရောက်ပြီး

"မားကပ်။ ရှင့်အတွက် သီးသန့်နေရာ ပြင်ထားတယ်။ ရှင့်ကို ပျော်ဖြေဖို့အတွက် ကျွန်မချောချောလေးလည်း သီးသန့်ရွေးထားတယ်"ဟု ပြောကြားကာ ကျွန်ုပ်၏လက်မောင်းကို ဆွဲပြီး သလွန်ညောင်စောင်းပုလေးတစ်ခုရှိရာသို့ ခေါ်လာခဲ့သည်။

ကျွန်ုပ်ကို ခေါ်လာသောနေရာမှာ ကော်နီလီယာ၏ သလွန်ညောင်

စောင်းပုလေးနှင့် ကပ်ရက်နေရာဖြစ်ပြီး၊ ကျွန်ုပ်အတွက် သီးသန့်ပြင်ဆင်ထားသည်ဆိုသော သလွန်ညောင်စောင်းပုလေးထက်၌ ကျွန်မချောချောလေး တစ်ယောက် လဲလျောင်းနေသည်။

ကျွန်မချောချောလေး၏ အသားအရောင်မှာ နို့နှစ်ကဲ့သို့ ဖြူဝင်းနေပြီး နှုတ်ခမ်းအစုံမှာလည်း ပြည့်တင်းနီရဲနေပေသည်။ ဆံပင်ရောင်မှာမူ သွေး၏ အဆင်း ချင်းချင်းနီရဲနေပေသည်။ မိန်းမချောလေးသည် မျက်စိကို မှိတ်ပြီး ထားသည်။ သို့သော် အသက်ရှူတိုင်း လည်ချောင်းမှ သွေးကြောစိမ်းတို့ လှုပ်ရှားနေသည်ကို အတိုင်းသား မြင်နေရသည်။ ဤမိန်းမချောချောလေးကား ကျွန်ုပ်အလိုရှိပါက ယနေ့ညအဖို့ ကျွန်ုပ်၏ စိတ်နှလုံးကို ဖျော်ဖြေရမည့်သူပါတကား။

ကျွန်ုပ်လည်း မိန်းမချောလေးကို စေ့စေ့ကြည့်ပြီးနောက် ကော်နီလီယာဖက်သို့ လှမ်းကြည့်လိုက်ရာ ကော်နီလီယာ၏ သလွန်ညောင်စောင်းပုလေးထက်၌ အခြားသော ဧည့်သည်တော် မိန်းမများ၏ သလွန်ညောင်စောင်းပုများတွင် ရှိနေသကဲ့သို့ ယောကျာ်းချောချောဟူ၍ လုံးဝမရှိသည့်အဖြစ်ကို တွေ့မြင်သတိပြုမိသည်။ ထိုအခိုက်တွင် ကော်နီလီယာက

"ဒီမှာ မားကပ်၊ ကျွန်မဟာ ဒီညအဖို့ အခြားသူတွေ ကျီစယ်ပျော်ပါးနေတာကိုပဲ ကြည့်ဖို့ စိတ်ကူးထားတယ်။ ကိုယ်တိုင် ကိုယ်ကျ မပျော်ပါးမမြူးရွှင်ဘူးလို့လည်း ဆုံးဖြတ်ထားတယ်။ ဒီအတိုင်းပဲ ရှင်လည်း ရှင့်စိတ်ကို ချုပ်တည်းပြီး နေစမ်းပါ"ဟု ပြောကြားသည်။

ထို့နောက် မိမိအပါးရှိ ငွေခရားအတွင်းမှ ဝိုင်အရက်ကို ဝိုင်ခွက်တစ်ခုထဲသို့ ငှဲ့ထည့်ပြီးလျှင်၊ ကျွန်ုပ်၏ သလွန်ညောင်စောင်းထက်ရှိ မိန်းမချောလေးကို ကမ်းပေးလိုက်ရာ မိန်းမချောလေးလည်း ဝိုင်ခွက်ကို မော့သောက်လိုက်ရရှာသည်။ ထိုအခါ ကျွန်ုပ်ကလည်း လက်တွင်းရှိ ဝိုင်ခွက်ကို ကော်နီလီယာဖက်သို့ ထိုးပေးလိုက်သည်။ သို့သော် ကော်နီလီယာက ငွေခရားတွင်းမှ ဝိုင်အရက်ကို လောင်းထည့်မပေးဘဲ ကျွန်ုပ်၏ မျက်နှာကို ခပ်ပြုံးပြုံးကြည့်ကာ"ဒီငွေခရားထဲက ဝိုင်အရက်မှာ တဏှာရာဂသွေး ပွက်ပွက်ဆူအောင် လှုပ်ရှား ထကြွစေတဲ့ ဆေးတစ်မျိုး ခတ်ထားတယ်။ ဒါကြောင့် ရှင့်အပါးက မိန်းမချောလေးဟာ မကြာခင် စိတ်လှုပ်ရှား ထကြွလာလိမ့်မယ်။ ဒါပေမဲ့ ရှင်နဲ့ ပျော်ပါးဖို့ကိုတော့ ကျွန်မ လုံးဝခွင့်မပြုဘူးလို့ သူ့ကို ကြိုတင်ပြီး တင်းတင်းကြပ်ကြပ် မှာထားတယ်။ ကျွန်မအနေနဲ့ကတော့ သူစိတ်လှုပ်ရှား ထကြွနေတာကို အရသာခံပြီး ကြည့်နေရမှာပဲ"ဟု ပြောကြားရင်း မိန်းမချောလေးကို စောင်းငဲ့ကြည့်လိုက်သည်။

ထိုအခါ ကျွန်ုပ်လည်း မည်သို့မျှ ပြန်မပြောဘဲ အနီးရှိ ဝိုင်ခွက်ကို ကောက်ယူပြီး မော့သောက်လိုက်သည်။ ထို့ပြင် အနီးရှိစားပွဲနိမ့်လေးပေါ်၌ အသင့်ရှိနေသော သိုးသားကျော်၊ ကြက်သားကျော်များကို ယူစားလိုက်သည်။

ထိုအခိုက်တွင် ကျွန်ုပ်၏ဘေးရှိ သလွန်ညောင်စောင်းပုလေးထက် လဲလျောင်းနေသော မိန်းမချောလေးသည် မျက်လုံးကို စုံမှိတ်ထားရာမှ လူးလူး လွန့်လွန့် ဖြစ်လာသည်။ ကျွန်ုပ်ကို ကျော်ပေးနေရာမှ ကျွန်ုပ်ဘက်သို့ ကိုယ်ကို လှည့်လိုက်သည်။ ထို့နောက် ကိုယ်ကို ကြွလိုက်ပြီးလျှင် သွယ်ပျောင်းလှပသော လက်မောင်းအစုံကို ဆန့်တန်းရင်း ပွေ့ဖက်မည့်အသွင် ပြုလိုက်သည်။

ထိုအခိုက်တွင် ကျွန်ုပ်တို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသော ကော်နီလီယာ၏ ကြိမ်းမောင်းဟန့်တားသံကြီး ထွက်ပေါ်လာသည်။ ဤတွင် ပွေ့ဖက်ရန် ဟန်ပြင်နေသော မိန်းမချောလေးသည် တစ်ချက်ညည်းတွားရင်း နောက်တွန့်သွားသည်။ သလွန်ညောင်စောင်းပေါ်သို့ ခွေခွေလေး လဲကျသွား သည်။

ထိုအခိုက်တွင် ကော်နီလီယာက ကျွန်ုပ်ကို စူးစူးဝါးဝါးစိုက်ကြည့် ရင်း

"ဟောဒီ ကျွန်မချော ဖွေးလက်ကို 'နင်ဘယ်လောက်ပဲ တဏှာရာဂ ပွက်ပွက်ထပစေ၊ ရှင့်ကိုတော့ ပွေ့လားဖက်လား ထိလား ကိုင်လား မလုပ်ရ ဘူးလို့ ကြိုတင်ပြီးမှာထားတယ်။ ဒီလို မှာထားတဲ့ကြားက အမိန့်ကို မနာခံပဲ ရှင့်ကို ပွေ့လားဖက်လား ထိလားကိုင်လား လုပ်ရင် အရှင်လတ်လတ် အရေ ဆုတ်ပြီး သတ်မယ်'လို့လည်း သတိပေးထားပါသေးတယ်"ဟု ပြောကြားသည်။

ဤတွင် ကျွန်ုပ်က ကော်နီလီယာကို စူးစမ်းသောအကြည့်ဖြင့် ကြည့် လိုက်ရာ၊ ကော်နီလီယာက

"ဒီကန့်သတ်ချက်ကို ဖွေးလက်အပေါ်မှာ ထားပေမဲ့ ရှင့်အပေါ်မှာ တော့ လုံးဝမထားပါဘူး။ ရှင့်သဘောဆန္ဒအတိုင်း ဖွေးလက်အပေါ်မှာ ပြု ဆောင်နိုင်ပါတယ်"ဟု ခပ်ပြုံးပြုံး ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က စူးစူးဝါးဝါး ပြန်ကြည့်ရင်း "ဖွေးလက်ရဲ့ အလို ဆန္ဒကို ဖြည့်တင်းပြီး တဏှာရာဂမီးကို ကျုပ်သဘောဆန္ဒအတိုင်း ငြိမ်းပေးမယ် ဆိုပါတော့။ ဖွေးလက်ကို နှိပ်စက်ညှဉ်းပန်းပြီး သတ်ပစ်မှာပဲ မဟုတ်လား"ဟု မေးလိုက်ရာ ကော်နီလီယာက ဟန်ပါပါနှင့် ပခုံးကို တွန့်ပြလိုက်သည်။

ကော်နီလီယာ၏ မလှမ်းမကမ်းတွင်မူ ဘုရင်ခံချုပ် ဖလာဗီးယပ် သည် မိမိသလွန်ညောင်စောင်းပုလေး ထက်ရှိ စပိန်သူမိန်းမချောလေးကို ပွေ့ ဖက် ကျီစယ်နေသည်။ စပိန်သူလေး၏ ဗါးစပ်တွင် ကိုက်ထားသော စွန်ပလွန်

သီးကို မိမိပါးစပ်ဖြင့် ပြန်ကိုက်ကာ ယူပြီး စားနေသည်။ ဖလာဗီးယပ်၏ လက်တစ်ဖက်တွင်လည်း ဝိုင်ခွက်ကို အသင့်ကိုင်ထားသည်ကို တွေ့ရသည်။

ကျွန်ုပ်လည်း ဖလာဗီးယပ်တို့ကို ငေးကြည့်နေရာမှ အပါးရှိ မိန်းမချောလေး ဖွေးလက်ကို ငုံ့ကြည့်လိုက်မိသည်။ မိန်းမချောလေးသည် မျက်စိကို မှိတ်ထားသည်။ အသက်ကိုလည်း ခပ်ပြင်းပြင်းရှူနေသည်။ လက်နှစ်ဖက်မှာ တဆတ်ဆတ်တွန့်နေပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရှာသည်။ ဤသို့ဖြင့် မိန်းမချောလေးသည် ကိုယ့်အလိုဆန္ဒကို အနိုင်နိုင် ထိန်းချုပ်ထားနေသည်။ ဤသို့ ထိန်းချုပ်ထားရင်း အသံသဲ့သဲ့ရှိုက်ညည်းနေသည်။

ကျွန်ုပ်လည်း 'အလွန်တရာ ညင်သာသိမ်မွေ့သော နည်းအားဖြင့် ပညာသားပါပါ ရက်စက်ညှဥ်းပန်းမှု'အတွက် စိတ်ထဲမှာ ကျိန်ဆဲနေမိသည်။

ရောမအင်ပါယာကြီးကား ရက်စက်ညှဥ်းပန်းမှုများ၊ မကောင်းမှုဒုစရိုက်များ၊ ထူးဆန်းသော၊ သဘာဝမဟုတ်သော အပျော်ကျူးမှုများတို့ဖြင့် ပြွမ်းပြွမ်းထနေခဲ့ပေပြီ။ စိတ်နေစိတ်ထားနှင့် အကျင့်စာရိတ္တတို့သည်လည်း အပျက်ကြီးပျက်နေပေပြီ။ ရှေးယခင်က ရောမတို့၏ ကောင်းမြတ်သော ဂုဏ်သိက္ခာ အရည်အသွေးနှင့် စည်းကမ်း ဥပဒေသတို့ကိုလည်း မေ့လျော့ဖောက်ဖျက်နေကြပေပြီ။ ယခုအခါ ရောမတို့အဖို့ တိုက်ခိုက်အောင်နိုင်ရမည့် တိုင်းပြည်နိုင်ငံများ မရှိသလောက် ဖြစ်နေပြီဖြစ်ရကား ရောမတို့သည် အချင်းချင်း တိုက်ခိုက် ဂုဏ်ပြိုင်နေကြသည်။ ငြူစူစောင်းမြောင်းနေကြသည်။ အကောက်ကြံ ရန်ပြုနေကြသည်။ ဤနည်းဖြင့် ရောမအင်ပါယာကြီးသည် အတွင်း လှိုက်စားနေခဲ့သည်။ 'ဆစ်ပိုး'အတွယ်ခံနေရသည်။

ထိုအခိုက်တွင် ရောမအင်ပါယာကြီး၏ ပတ်ပတ်လည် နယ်ခြားဒေသများတွင် ရှိကြသော လူရိုင်းများသည် အခါအခွင့်ကောင်းကို ချောင်းမြောင်း ငံ့လင့်နေကြသည်။ သို့သော် ရောမတို့ကား ထိုအချက်ကို လုံးဝသတိမပြုမိကြပေ။ အပျော်ကျူးမြဲကျူးနေကြသည်။ မကောင်းမှု ဒုစရိုက်တို့ကို ပြုမြဲပြုနေကြသည်တကား။

ကျွန်ုပ်လည်း ဤသို့တွေးတောကာ စိတ်နှလုံးလေးလံစွာဖြင့် သက်ပြင်းချလိုက်မိသည်။ ထို့နောက် စိတ်ပျက်လက်ပျက်နှင့် ဝိုင်ခွက်ကို ယူကာ မော့သောက်လိုက်မိသည်။

## ၈

## တောဝက်ရိုင်းနှင့် ကျားသစ်တိုက်ပွဲ

ထိုသို့ ကျွန်ုပ်တွေးတောငေးငိုင်နေခိုက်တွင် တခဲနက် ဟစ်အော်ကြွေးကြော်သံကြီး ရုတ်တရက် မြည်ဟိန်းထွက်ပေါ်လာသည်။ ထို့ကြောင့် ဆတ်ခနဲ မော့ကြည့်လိုက်ရာ၊ ကျယ်ဝန်းလှသော စားတော်ဆောင်အလယ်ရှိ ကွက်လပ်ကျယ်ကြီးရှိရာသို့ ဘီးတပ်ထားသော သံ့လှောင်အိမ်ကြီးနှစ်ခုအား တွန်းပြီးဝင်လာသည်ကို တွေ့လိုက်ရသည်။

သံလှောင်အိမ်ကြီးတစ်ခုအတွင်း၌ တောဝက်ရိုင်းကြီးတစ်ကောင် ရှိနေပြီး ရဲရဲနီနေသော မျက်လုံးအစုံဖြင့် စားတော်ဆောင်အတွင်းရှိ လူများတို့ကို ဒေါသတကြီး ကြည့်နေလေသည်။ တောဝက်ရိုင်းကြီးကား ဧရာမကြီးမားလှပြီး ပေါင်အလေးချိန်အားဖြင့် သုံးရာခန့်ရှိရုံမက အမြင့်အားဖြင့်လည်း သုံးပေကျော်ရှိပေသည်။ အရောင်မှာ ညိုမည်းနက်ပြောင်နေပြီး အစွယ်ကြီးများမှာလည်း ငေါငေါကြီး ပြူးထွက်နေပေသည်။

အခြား သံလှောင်အိမ်ကြီးတစ်ခုအတွင်း၌မူ အလွန်တရာ လှပခန့်ညားသော ကျားသစ်ကြီးတစ်ကောင်ရှိနေပြီး၊ သံလှောင်အိမ်ကြီးအတွင်း၌ လူးလာတုန့်ခေါက်လျှောက်နေရာမှ မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် စားတော်ဆောင်အတွင်းရှိလူများကို ဒေါသတကြီး ကြည့်နေ ကျားသစ်ကြီးကား အလျားခုနစ်ပေခန့်ရှည်ပြီး၊ ရွှေဝါရောင်ပေါ်တွင် နက်အပြောက်အစက်များ ရှိကာ ရှုမငြီးအောင် လှပခန့်ညားနေပါပေသည်။

သံလှောင်အိမ်ကြီးနှစ်ခုစလုံးပင် အလျားဆယ်ပေ၊ အကျယ်ရှစ်ပေ

ရှိပြီး အမြင့်မှာ ခြောက်ပေရှိပေသည်။ ထိုသံလှောင်အိမ်ကြီးနှစ်ခုမှာ အလျားတူ အနံတူ အရွယ်တူများဖြစ်ပြီး ဘေးတစ်ဖက်တစ်ချက်၌ သံတံခါးအရှင်များ ရှိပေသည်။ သံလှောင်အိမ်ကြီးနှစ်ခုကို ပူးကပ်ချိတ်တွဲပြီးနောက်၊ သံတံခါး အရှင်များကို ဖွင့်လိုက်ပါက သံလှောင်အိမ်ကြီးနှစ်ခုမှာ သံလှောင်အိမ်ကြီး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားနိုင်ပေသည်။

စားတော်ဆောင်အတွင်းရှိ လူများလည်း တော်ဝက်ရိုင်းကြီးနှင့် ကျားသစ်ကြီးကို အလွန်အမင်း စိတ်ဝင်စားစွာဖြင့် တအံ့တဩ ငေးမောကြည့်ရှု နေကြသည်။ ထိုအခိုက်တွင် ယောကျ်ားတစ်ယောက်က

"တောဝက်ရိုင်းကြီးဘက်က ငွေငါးသောင်း လောင်းတယ်"ဟု ထ အော်ပြီး၊ မိန်းမတစ်ယောက်က

"ရှင်အရူးပဲ၊ တောဝက်ရိုင်းကြီးကို ကျားသစ်ကြီးက အစိတ်စိတ် အမြွာမြွာကိုက်ဖြဲပစ်မှာပေါ့"ဟု အော်ပြီး ပြောလိုက်သည်။

ထို့နောက်တွင်ကား တောဝက်ရိုင်းကြီးဖက်မှ လောင်းသံနှင့် ကျားသစ်ကြီးဘက်မှ လောင်းသံတို့သည် သောသောညံအောင် ပေါ်ထွက်လာ တော့သည်။ ကျေးကျွန်များလည်း 'လောင်းသည့်ဘက်နှင့် လောင်းကြေး'ကို အပြေးအလွှားရေးမှတ်နေကြသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ်ကတော် ကော်နီလီယာသည် ကျွန်ပ်ကို ပြုံးစေ့စေ့အမူအရာဖြင့် စိုက်ကြည့်နေရာမှ နဖူးပေါ်သို့ ဝဲကျနေသော ဆံပင် များကို လက်ဖြင့် အသာသပ်တင်လိုက်သည်။ ထို့နောက် ကျွန်ပ်သလွန်ညောင် စောင်းဘေး၌ ခပ်သဲ့သဲ့ ရှိုက်ညည်းနေသော မိန်းမချောလေး ဖွေးလက်ကို ဖျတ်ခနဲ ကြည့်ပြီးနောက်

"ဒီမှာ မားကပ်၊ ရှင်ဟာ ဖွေးလက်ကို သံယောဇဉ် ရှိနေတယ်။ သနား နေတယ်မဟုတ်လား။ ဒီတော့ ရှင်နဲ့ ကျွန်မတို့ အလောင်းအစား လုပ်ကြရ အောင်။ ကျွန်မရှုံးရင် ဖွေးလက်ကို ရှင်ယူ။ ရှင်ရှုံးရင် ရှင့်အချစ်တော် မီနာကို ကျွန်မယူမယ်။ ဘယ့်နှယ်လဲ သဘောတူသလား"ဟု မေးလိုက်သည်။

ထိုစကားကို ကြားလျှင် ကျွန်ပ်၏ တစ်ကိုယ်လုံးအေးစက်သွားတော့ သည်။ 'ကော်နီလီယာကား လူသားတို့၏ ခံစားချက် အားနည်းချက်ကို သိရှိ က၊ ကောင်းကောင်းကြီး အသုံးချတတ်သူဖြစ်ရုံမက ကြောက်စရာကောင်း အောင် အေးစက်မာကျောသော နှလုံးသားရှိသူပါတကား'ဟုလည်း တွေးတော လိုက်မိသည်။

ကျွန်ပ်သည် ဖွေးလက်ကို အမှန်ပင် သနားကြင်နာမိပါ၏။ သို့သော် ကျွန်ပ်ကို အချစ်ကြီးချစ်နေသော မီနာကိုကား ကျွန်ပ်လက်မလွှတ်နိုင်ပါပေ။

အဆုံးမခံနိုင်ပါပေ။ ထို့ကြောင့် ကျွန်ုပ်လည်း ခေါင်းရမ်းပြီး ငြင်းပယ်ရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်တွင် ကျွန်ုပ်၏ဘေးရှိ မိန်းမချောလေး ဖွေးလက်က ကျွန်ုပ်ကို လှမ်းဖက်ရင်း

"သခင်ရယ် . . . သခင်ရယ်"ဟု လေသံသဲ့သဲ့ဖြင့် တောင်းပန်အသနားခံနေသည်။

ထိုအခိုက်တွင် ကော်နီလီယာလည်း ရုတ်တရက်ထလာပြီး ဖွေးလက်ကို ခြေထောက်ဖြင့် ဆတ်ခနဲ ကန်လိုက်သည်။ ထို့နောက် ဒေါသတကြီးဖြင့်

"ငါ့အတန်တန်သတိပေးထားရက်နဲ့ နင်က မားကပ်ကို ဖွေ့လားဖက်လားလုပ်တယ်ပေါ့လေ။ ဒီအပြစ်ကြောင့် နင့်ဗိုက်ပေါ်ကို မီးကျီးခဲတင်ပြီး အသေသတ်မယ် သိလား"

ဟု ကြိမ်းဝါးပြောဆိုသည်။

ဤတွင် ကျွန်ုပ်လည်း အခြားနည်းလမ်းရွေးစရာမရှိတော့ပြီဖြစ်၍ ကော်နီလီယာကို လှမ်းကြည့်ရင်း

"ကောင်းပြီ ကော်နီလီယာ၊ မင်းနဲ့ ကျုပ်နဲ့လောင်းဖို့ သဘောတူပါပြီ။ ကျုပ်ရှုံးရင် မီနာကို မင်းယူပါ။ မင်းရှုံးရင် ဖွေးလက်ကို ကျုပ်ယူမယ်။ သဘောတူရဲ့လား"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကော်နီလီယာက

"ကောင်းပြီလေ။ ဘယ်အကောင်ဘက်က လောင်းမယ်ဆိုတာတော့ ကျွန်မပဲ ဦးစားပေး ရွေးခွင့်ပြုပါနော်။ နေဦး . . . နေဦး။ ကျွန်မအခြေအနေကို အကဲခတ်လိုက်ဦးမယ်"ဟု ပြောကြားရင် သံလှောင်အိမ်ကြီးနှစ်ခုဘက်သို့ စိတ်ဝင်စားစွာ စိုက်ကြည့်နေသည်။

ယခုအခါ၌ သံလှောင်အိမ်ကြီးနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ပူးကပ်ချိတ်တွဲထားပြီးပေပြီ။ သို့သော် သံတံခါးရှင်များကိုကား မဖွင့်ရသေးပေ။ တောဝက်ရိုင်းကြီးနှင့် ကျားသစ်ကြီးတို့လည်း တစ်ကောင်နှင့်တစ်ကောင် ကြည့်ရင်းရန်စောင် ဟိန်းဟောက်နေကြသည်။ တောတွင်း၌ တောဝက်ရိုင်းကြီးနှင့် ကျားသစ်ကြီးတို့ တွေ့ဆုံတိုက်ခိုက်ကြပါက အသေအလဲ အပြင်းအထန် တိုက်ခိုက်ကြရသည်မှန်သော်လည်း နောက်ဆုံး၌ ပိုမိုလျင်မြန်သွက်လက်သော ကျားသစ်ကြီးသာ များသောအားဖြင့် အနိုင်ရတတ်ပေသည်။ သို့သော် ယခုကဲ့သို့ ကျဉ်းမြောင်းလှသော သံလှောင်အိမ်ကြီးအတွင်း၌ တွေ့ဆုံတိုက်ခိုက်ရပါက ကျားသစ်ကြီးမှာ အလိုလို တစ်ပန်းရှုံးနေပြီး တောဝက်ရိုင်းကြီးက တစ်ပန်းသာနေပါသည်။ ထို့ကြောင့် 'တောဝက်ရိုင်းကြီးပင် နိုင်မည်လော။ ကျားသစ်ကြီးပင် နိုင်မည်လော'ဟု မည်သူမှ ကံသေကံချ မပြောနိုင်ပါပေ။

ကော်နီလီယာလည်း အခြေအနေအရပ်ရပ်ကို လေ့လာအကဲခတ်ပြီး နောက် .

"မားကပ်ရေ၊ ကျွန်မတော့ တောဝက်ရိုင်းကြီးဘက်ကပဲ လောင်းမယ်။ တောဝက်ရိုင်းကြီးအနိုင်ရရင် ရှင့်အချစ်တော်မီနာကို ကျွန်မယူမယ်။ ကျားသစ်ကြီးအနိုင်ရရင်တော့ ရှင်သနားကရုဏာသက်နေတဲ့ ဟော်ဒီမိန်းမချော လေး ဖွေးလက်ကို ရှင်ယူပေတော့"ဟု ပြောကြားကာ ကျေးကျွန်တစ်ယောက်ကို ခေါ်ပြီး လောင်းကြေးကို မှတ်သားထားခိုင်းလိုက်သည်။

ယခုအခါ၌ သံတံခါးအရှင်များကို မတင်လိုက်လေပြီ။ သံလှောင်အိမ်ကြီးနှစ်ခုကြားရှိ အဆီးအတား လုံးဝမရှိတော့ပြီ။ သံလှောင်အိမ်ကြီးတစ်ခုတည်းကဲ့သို့ ဖြစ်သွားချေပြီ။

ထိုသို့ သံတံခါးရှင်များကို မတင်လိုက်သည်နှင့် တစ်ပြိုင်နက် တောဝက်ရိုင်းကြီးသည် ကျားသစ်ကြီးရှိရာသို့ ဒေါသတကြီးပြေးသွားပြီး အစွယ်ဖြင့် ကော်ထိုးလိုက်သည်။ တောဝက်ရိုင်းကြီးပြေးလာချိန်တွင် ကျားသစ်ကြီးသည် သံလှောင်အိမ်ထောင့်သို့ တဖြည်းဖြည်း ဆုတ်သွားပြီး မိမိကို တောဝက်ရိုင်းကြီးက အစွယ်ဖြင့် ကော်ထိုးချိန်တွင်မူ ကျားသစ်ကြီးသည် လေထဲသို့ လှပစွာခုန်လိုက်ရာ၊ တောဝက်ရိုင်းကြီး၏ ကျောဘက်သို့ ရောက်သွားတော့သည်။

ထိုအခိုက်တွင် တောဝက်ရိုင်းကြီးလည်း ပြန်လှည့်ကာ ဒေါသတကြီးဖြင့် ကျားသစ်ကြီးကို အစွယ်ဖြင့် ကော်ထိုးပြန်သည်။ ထိုအခါ မိမိ၏ အကျဉ်းအကြပ် အခက်အခဲ အခြေအနေတို့ကို ရိပ်စားမိသော ကျားသစ်ကြီးလည်း တောဝက်ကြီးကို အသာတိမ်းလိုက်ရင်း လက်သည်းရှည်ကြီးများကို ဆန့်ထုတ်ပြီး တောဝက်ကြီးအား လက်နှစ်ဖက်ဖြင့် ဘယ်ပြန်ညာပြန် ပုတ်ကာ တိုက်ခိုက်တော့သည်။ ဤသို့ အတိုက်အခိုက်ခံလိုက်ရသောကြောင့် တောဝက်ရိုင်းကြီး မျက်နှာတစ်ခြမ်း စုတ်ပြတ်ထွက်သွားရာ၊ စိတ်ဝင်စားစွာ တိုးဝှေ့ကြည့်နေကြသော လူအုပ်ကြီးအတွင်းမှ မိန်းမသားတစ်ဦးလည်း ကြောက်လန့်တကြားဖြင့် အသံကုန်အော်ဟစ်လိုက်တော့သည်။

မျက်နှာတစ်ခြမ်းစုတ်သွားသော တောဝက်ရိုင်းကြီးလည်း သွေးတသွင်သွင်စီးကျနေရာမှ ဒေါသတကြီးဖြင့် ကျားသစ်ကြီးကို တစ်ဟုန်ထိုးပြေးပြီး ကော်ထိုးလိုက်သည်။ တောဝက်ရိုင်းကြီးတိုက်ခိုက်မှုမှာ လျင်မြန်လွန်းရကား ကျားသစ်ကြီးမှာ မရှောင်မတိမ်းနိုင်တော့ဘဲ ကိုယ်၌ တောဝက်ရိုင်းအစွယ် စိုက်ဝင်သွားတော့သည်။ ထိုသို့ ကိုယ်၌ တောဝက်ရိုင်းအစွယ် စိုက်ဝင်ခြင်းခံရသော ကျားသစ်ကြီးလည်း အလွန်အမင်းနာကျင်သော ဝေဒနာကို ခံစားရ

ဟန်ဖြင့် အသံနက်ကြီးဖြင့် ဟစ်အော်လိုက်ပြီးလျှင် ရှုံးသွပ်သွားသည့်အလား တောဝက်ရိုင်းကြီး၏ နောက်ကျောကို လက်သည်းရှည်ကြီးဖြင့် ဘယ်ပြန်ညာပြန် ပုတ်ကာ တိုက်ခိုက်တော့သည်။ ထို့ကြောင့် တောဝက်ကြီး၏ နောက်ကျောမှာ အသားစတို့ တစ်တစ်ပြီးတစ်တစ် စုတ်ပြတ်ထွက်ကုန်တော့သည်။ သို့သော် တောဝက်ရိုင်းကြီးကား လဲကျ၍ မသွားသေးပေ။ ဦးခေါင်းကို ရမ်းကာ ကျားသစ်ကြီး၏ ကိုယ်၌ စိုက်ဝင်နေသော အစွယ်တို့ဖြင့် ဒေါသတကြီး ထိုးပက်မြဲ ထိုးပက်နေသည်။

စားတော်ဆောင်အတွင်းရှိ လူအားလုံးပင် မတ်တတ်ရပ်ကာ စိတ်လှုပ်ရှားစွာဖြင့် ဟစ်အော်အားပေးနေကြသည်။ အေးတိအေးစက်နှင့် မထီတရီနိုင်လှသော ကော်နီလီယာပင် အလွန်အမင်း စိတ်လှုပ်ရှားနေပြီး စိတ်ဝင်စားစွာဖြင့် ငေးစိုက်ကြည့်နေပေသည်။

ကျွန်ုပ်လည်း ဒေါမာန်ကြီးလှသော တောဝက်ရိုင်းကြီးကို ကြည့်ကာ 'ကျွန်ုပ်လောင်းကြေးရှုံးပြီး ကျွန်ုပ်အချစ်တော် အီဂျစ်သူလေး မီနာကို လက်လွှတ်ရတော့မည်လော'ဟု တွေးတောကြောင့်ကြနေမိသည်။

ထိုအခိုက်တွင် စိတ်ဝင်စားစွာ ကြည့်နေကြသော လူအုပ်ကြီးထံမှ "ကြည့်ပေဟ့၊ ကြည့်၊ တောဝက်ရိုင်းကြီးလဲသွားပြီ။ လဲသွားပြီ။ တောဝက်ရိုင်းကြီး ရှုံးသွားပြီ"ဟု တစ်ခဲနက် ဟစ်အော်ပြောကြားသံတို့ကို ဆူညံစွာ ထွက်ပေါ်လာသည်။

မှန်ပေစွ။ ဒေါမာန်ကြီးလှသော တောဝက်ရိုင်းကြီးသည် တဖြည်းဖြည်းလဲကျသွားပေပြီ။ ကိုယ်၌ တောဝက်ရိုင်းအစွယ်တို့ စိုက်ဝင်နေသော ကျားသစ်ကြီးလည်း စိုက်ဝင်နေသော အစွယ်တို့ကို အကြောက်အကန် ပြန်နုတ်ပြီးနောက်၊ တောဝက်ရိုင်းကြီးနှင့်ဝေးရာ တခြားတစ်ဖက်ရှိ သံလှောင်အိမ်ကြီးအတွင်းသို့ တလှုပ်လှုပ်ထွက်ခွာသွားပေပြီ။

ထိုအခိုက်တွင် ကျေးကျွန်တစ်ယောက်သည် လှံရှည်ကြီးတစ်ချောင်းကို ဆွဲကာ ပြေးလာပြီးနောက် သေလုနီးပါး ဒဏ်ရာရထားသော ကျားသစ်ကြီး၏ နံကြားကို လှံရှည်ကြီးဖြင့် တအားကုန် ထိုးစိုက်ပြီး သတ်ဖြတ်လိုက်သည်။ ထို့နောက်တွင်ကား ကျေးကျွန်အချို့ဝင်လာပြီး စားတော်ဆောင်အတွင်းမှ သံလှောင်အိမ်ကြီးနှစ်ခုကို ဆွဲထုတ်သွားကြသည်။ ရေပုံးများ ဆွဲလာပြီး သွေးတို့ ပေကျံညစ်ပတ်နေသော ကြမ်းပြင်ကို ဆေးကြောသန့်ရှင်းကြသည်။

စားတော်ဆောင်အတွင်းရှိ လူအားလုံးပင် စိတ်လှုပ်ရှားနေကြရကား ဝိုင်ခွက်များကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေကြသည်။ လူဝကြီး

တစ်ယောက်သည် မိမိပွေ့ဖက်ထားသော မိန်းမချောလေးကို ငုံ့ပြီးကိုက်လိုက်ရာ၊ မိန်းမချောလေးလည်း နာကျင်သွားဟန်ဖြင့် လွှတ်ခနဲ အော်လိုက်သည်။ ကျွန်ုပ်၏ သလွန်ညောင်စောင်းထက်၌ မိန်းမချောလေး ဖွေးလက်လည်း ကျွန်ုပ်ကို သွယ်ပျောင်းလှပသော လက်မောင်းအစုံဖြင့် လှမ်းပြီး ပွေ့ဖက်ထားလိုက်သည်။

ထိုအခိုက်တွင် ကော်နီလီယာသည် ဖွေးလက်ကိုဖျတ်ခနဲ စူးစူးဝါးဝါး ကြည့်ပြီးနောက် ကျွန်ုပ်ကို ပြုံးပြုံးကြည့်လိုက်သည်။ ထို့နောက် သာယာချိုအေးသော အသံဖြင့်

"မားကပ်ရယ် . . . ကျွန်မကို ရှင်အနိုင်ရလို့ ပိုင်သွားတဲ့ ဖွေးလက်ကို ပြန်ရောင်းပါလားရှင်။ ကျွန်မငွေတစ်သိန်းပေးပါ့မယ်။ ဒီငွေကို နည်းသေးတယ်ဆိုရင်လည်း နှစ်သိန်း သုံးသိန်းအထိ ပေးပါ့မယ်"

ဟု ပြောကြားသည်။

ကော်နီလီယာပေးသော ငွေကြေးပမာဏကား အတိုင်းမသိများပြားလှပါ၏။ သို့သော် ကျွန်တော်ကား ကော်နီလီယာကို အသာခေါင်းခါပြလိုက်သည်။ ထို့နောက် ကျွန်ုပ်ကို အမြတ်တနိုးပွေ့ဖက်ထားသော မိန်းမချောလေး ဖွေးလက်၏ ဖွံ့ထွားလှပသော ကိုယ်လုံးကျစ်ကျစ်လေးပေါ်သို့ ဝတ်ရုံစကို တယုတယ ခြုံလွှမ်းပေးလိုက်သည်။ ထိုအခိုက်တွင် ကျွန်ုပ်လည်း 'ကံကြမ္မာ ဖေးကူမှုကြောင့် ဤမိန်းမချောလေး ဖွေးလက်ကို ကျွန်ုပ်အပိုင်ရဘိသကဲ့သို့ ကဲ့ဘုရင် ကာရာနေ့၏ ညီမတော် အကျဉ်းစံမင်းသမီးလေး အီဒိန်းကိုလည်း ကျွန်ုပ်အလွယ်တကူ ရရှိပါမည်လော'ဟု တွေးတောစဉ်းစားမိသည်။

ထိုအခိုက်တွင် ကော်နီလီယာသည် ကျွန်ုပ်၏ အတွေးကို ရိပ်စားမိဟန်ဖြင့် နှုတ်ခမ်းကို အသာတွန့်လိုက်ပြီးနောက်

"ကိုင်းပါ မားကပ်ရယ် . . . ဖွေးလက်ကို ငွေနဲ့ပြန်ပြီး မရောင်းဘူးဆိုလည်း ရှိပါစေတော့။ ငွေနဲ့ ပြန်မရောင်းရင် နေပါ။ ရှင်လိုချင်နေတဲ့ အိုက်နီမိန်းမပျိုလေး အီဒိန်းနဲ့တော့ အလဲအလှယ် မလုပ်နိုင်ဘူးလား"ဟု မေးမြန်းလိုက်သည်။

ထိုစကားကို ကြားလျှင် ကျွန်ုပ်လည်း ရင်တဒိတ်ဒိတ် ခုန်သွားမိသည်။ အာခေါင်များပင် ခြောက်လာမိသည်။ ကော်နီလီယာ၏ မျက်လုံးအစုံကိုလည်း စိုက်ကြည့်လိုက်မိသည်။ ဤတွင် ဖွေးလက်ကို ပြန်လိုချင်သော ကော်နီလီယာ၏ အတွင်းစိတ်ရင်းအကြံကို ကောင်းကောင်းကြီး ရိပ်စားမိတော့သည်။ ထို့ကြောင့် ကျွန်ုပ်က အသာခေါင်းရမ်းပြရင်း

"အလဲအလှယ်တော့ မလုပ်ပါရစေနဲ့ ကော်နီလီ၊ဗိုက်၊ ကျုပ်ကို မင်းတကယ်ပဲ ခင်မင်ရင်းနှီးတယ်ဆိုရင် အိုက်နီမိန်းမပျိုလေး အီဒိန်းကိုသာ

ကျုပ်ကို ပြန်ရောင်းပါနော်။ ကျုပ် ငွေငါးသိန်းအထိ ပေးပါ့မယ်"ဟု ပြောကြား တောင်းပန်လိုက်သည်။

ထိုအခါ ကော်နီလီယာလည်း ခေါင်းရမ်းပြပြီးလျှင် ဝိုင်ခွက်ကိုသာ မော့သောက်လိုက်သည်။ ထို့နောက် မိမိကာမပိုင်လင်ယောကျာ်းဖြစ်သော ဘုရင်ခံချုပ် ဖလားဗီးယပ်ရှိရာဘက်သို့ ငေးမောကြည့်ရှုနေသည်။

ဖလာဗီးယပ်ကား တောဝက်ရိုင်းကြီးနှင့် ကျားသစ်ကြီးတို့၏ တိုက်ပွဲမြင်ကွင်းကြောင့် စိတ်အကြီးအကျယ် လှုပ်ရှားနေဟန်ဖြင့် ဝိုင်ခွက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေသည်။ ထို့ပြင် စပိန်သူမိန်းမချောလေးကို လည်း ပွေ့ဖက်ပြီး ပွတ်သပ်ဆုပ်နယ်နေသည်။ စပိန်သူ မိန်းမချောလေးက လည်း ဖလားဗီးယပ်ကို ပြန်လည် ပွေ့ဖက်ပြီး ပြန်လည်ပွတ်သပ် နှိုးဆွနေ သည်။

ထိုသို့ ဘုရင်ခံချုပ် ဖလာဗီးယပ်နှင့် စပိန်သူမိန်းမချောလေးတို့ စိတ်ကို မထိန်းနိုင်မသိမ်းနိုင်ဘဲ ဖက်လွတ်ပေးသကဲ့သို့ပင် အခြားသူများသည် လည်း ကိုယ့်အတွဲနှင့်ကိုယ် ပွေ့ဖက်ကျီစယ်ကာ အပျော်ကျူးစ ပြုလာတော့ သည်။

ထိုအဖြစ်အပျက်ကိုကြည့်ကာ ကျွန်ပ်လည်း စိတ်နှလုံး လေးလံ နောက်ကျိလာမိသည်။

"ဩော် . . . ဘယ်လို ပွဲလမ်းသဘင်မျိုးပါလိမ့်နော်"ဟုလည်း ရေရွတ် မိသည်။

ရောမအင်ပါယာကြီးအတွင်း ရောမတို့ အကြီးအကျယ် အကျင့် စာရိတ္တပျက်မှု၊ အပျော်အပါးကျူးလွန်မှုသည် ဤနေရာ၌ အထင်အရှားပေါ် လွင်နေတော့သည်။ လန်ဒီးနီးယမ်းရှိ ရောမတို့ကား ရောမရွှေမြို့တော်ရှိ ရောမတို့နှင့်မခြား အပျော်ကျူးကာ ပျက်စီးခြင်းမက ပျက်စီးနေလေပြီတကား။

ဤသို့ ပျက်စီးပျော်ပါးနေခိုက်တွင် ရောမပိုင် မြို့ရွာဒေသအပြင် ဘက်၌ ရှိကြသော ဗြိတိန်ကျွန်းသား တိုင်းရင်းသား လူမျိုးစု များသည် ဗြိတိန် ကျွန်းပေါ်သို့ လာရောက်အုပ်စိုးနေကြသော ရောမတို့ကို ဗြိတိန်ကျွန်းပေါ်မှ တိုက်ခိုက်မောင်းထုတ်ရန်အတွက် သစ်တောကြီးများအတွင်း၌ လှုပ်ရှားနေကြ ပေသည်။ ထို့အတူ ဂျာမန်မျိုးနွယ်ဖြစ်သော **ဆက်ဆွန်** လူမျိုးတို့သည်လည်း ဥစ္စာဓနကြွယ်ဝချမ်းသာသော ဤဗြိတိန်ကျွန်းကို မျက်စိကျနေပြီး ဗြိတိန်ကျွန်း ကို တိုက်ခိုက်သိမ်းယူရန်အတွက် ပင်လယ်ပြင်ကို ဖြတ်သန်းလာနေပေပြီ။

ဤသို့ ဗြိတိန်တိုင်းရင်းသားလူမျိုးစုများနှင့် ဆက်ဆွန်များတို့

တစ်ပြိုင်နက် တိုက်ခိုက်သည့် ရန်ကို ကြုံတွေ့ရင်ဆိုင်ရပါက ဗြိတိန်ကျွန်းရှိ ရောမတို့သည် မည်သို့ ခုခံတားဆီးကာကွယ်ကြပါမည်နည်း။ ဗြိတိကျွန်းရှိ ရောမတို့၌ စစ်တပ်ကြီးရှိသည်ကား မှန်ပါ၏။ သို့သော် ထိုစစ်တပ်မှာ ကြေးစား တိုင်းရင်းသား စစ်သည်များနှင့် ကြေးစားရောမစစ်သည်တော်များတို့ဖြင့်သာ ဖွဲ့စည်းထားသော စစ်တပ်ကြီးသာဖြစ်၍ တကယ့်အရေးအကြောင်း ပေါ်သော အခါ၌ ထင်သလောက် အားကိုးအားထား ပြုနိုင်ပါမည်လော။

ထို့ပြင် ဘုရင်ခံချုပ်ကတော် ကော်နီလီယာ၏ အကြံအတိုင်း လိုက် နာပြီး ဗြိတိန်ကျွန်းရှိ စစ်တပ်ကြီးကို ကျွန်ပ်ဦးဆောင်ပြီး ရောမရွှေမြို့တော်ကို ချီတက်သွားပါက ဤဗြိတိကျွန်းရှိ လူအပေါင်းတို့သည် အကာအကွယ်ကင်းမဲ့ ပြီး ကျန်ရစ်မည်သာ ဖြစ်သည်။ ဝိုင်းဝန်းတိုက်ခိုက်ရန် တာစူနေကြသော တိုင်း ရင်းသားလူမျိုးစုများသည် ကျန်ရှိနေသော လူအပေါင်းတို့ကို လာရောက် တိုက်ခိုက်သတ်ဖြတ်ကြမည်သာဖြစ်သည်။ ဗြိတိန်ကျွန်းကြီးသည်လည်း တိုင်း ရင်းသား လူမျိုးစုများလက်အောက်သို့ ကျရောက်သွားမည်သာဖြစ်သည်။

ဤသို့လျှင် ကျွန်ပ်လည်း ရောမတို့၏ နောင်ရေးကို တွေးတော တောနှင့် စိတ်မောရင်လေး နေမိပါတော့သည်။

# ၆
# သရုဏူနှင့် သေမင်း

ထိုသို့ တွေးတော စိတ်မောနေခိုက်တွင် သာယာငြိမ့်ညောင်းသော တူရိယာဂီတသံနှင့်အတူ ရုပ်အဆင်းချောမော ပြေပြစ်လှသော ကခြေသည် တစ်စုတို့ ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ ကခုန်ရင်း စားတော်ဆောင်အတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့ရသည်။

ကခြေသည် မိန်းမချောလေးများမှာ ပါးလွှာလှသော ပိုးဝတ်ရုံတို့ကိုသာ ဆင်မြန်းထားရာ ဝင်းအိနေသော ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့ကို အထင်းသား တွေ့မြင်နေရပေသည်။ အခန်းတွင်းရှိ လူအပေါင်းတို့ တရှိုက်မက်မက် ငေးမောကြည့်ရှုနေခိုက်တွင် ကခြေသည် မိန်းမချောလေးများသည် ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ကနေရာမှ သွက်သွက်လက်လက် မြူးမြူးရွှင်ရွှင် ကလာသည်။ ကြမ်းကြမ်းတမ်းတမ်း လှုပ်လှုပ်ရှားရှား ကလာသည်။ ပုထုဇဉ်လူသားတို့ စိတ်နှလုံးကို လှုပ်ခါနှိုးဆွသော အကတို့ကို ကလာသည်။

တောဝက်ရိုင်းကြီးနှင့် ကျားသစ်တို့၏ ရက်စက်ကြမ်းကြုတ်လှသော တိုက်ပွဲကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ရပြီး၊ စိတ်နှလုံး တုန်လှုပ် ချောက်ချားနေကြသော လူအပေါင်းတို့လည်း ငေးငိုင်နေကြရာမှ အမြူးကြီးမြူး အပျော်ကြီး ပျော်လာတော့သည်။ ဝိုင်ခွက်များကို တစ်ခွက်ပြီး တစ်ခွက် မော့သောက်နေရင်း မိမိတို့ဘေးရှိ မိန်းမချောလေးများကို ပွေ့ဖက် ကျီစယ်ကာ တခိုးခိုး တခစ်ခစ် ဖြစ်လာတော့သည်။ စားတော်ဆောင်ကြီးတစ်ခုလုံးကား ရယ်သံ မောသံ ကလူသံ မြူသံတို့ဖြင့် သောသောညံလာတော့သည်။

ထိုအခိုက်တွင် ဒူခနဲ မောင်းသံကြီး မြည်ဟီးထွက်ပေါ်လာသည်။ ထို့နောက် စားတော်ဆောင် အဝင်ဝ၌ မိန်းမပျိုတစ်ဦး ခန့်ထည်သော အမူအရာဖြင့် မားမားမတ်မတ် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

မိန်းမပျိုသည် ကြောက်ရွံ့ခြင်းကင်းသော အမူအရာဖြင့် ရှေ့တူရူသို့ စိုက်ကြည့်နေသည်။ အလွန်တရာမာနကြီးဟန်ဖြင့် ခေါင်းကိုလည်း မော့ထားသည်။

မိန်းမပျို၏ အသားအရေကား လှဲ့လှဲ့ပြာနေသည်။ သို့သော် ဆံပင်မှာမူ ရွှေဝါရောင်တောက်နေပြီး ပခုံးပေါ်သို့ ဖြာဝဲကျနေသည်။ မိန်းမပျိုကား ယောကျာ်းတို့၏ စိတ်နှလုံးကို တိမ်းမူးဆွတ်ကျင်စေသော အလုံးအဝန်း၊ အမို့အမောက်၊ အနိမ့်အရှိုက်တို့နှင့် ပြည့်စုံပြီး အချိုးအဆစ် ပြေပြစ်ကျနလှသည့် မိန်းမချော မိန်းမလှတစ်ဦး ဖြစ်လေသည်တကား။

'ပြာပြာ လတ်လတ်၊ မွတ်မွတ်ညက်ညက်၊ ရွှန်းရွှန်းစက်မျှ၊ ဝင်းလက်ရောင်ဝေ၊ အခေါင်ပေတည့်'ဟု ဆိုအပ်သော မိန်းမပျိုလှဲ့လှဲ့ပြာကို အခန်းတွင်းရှိ လူအားလုံးပင် မျက်တောင်မခတ်နိုင်အောင် တမေ့တမော ငေးကြည့်နေကြရာ၊ တစ်ခန်းလုံး ငြိမ်ကျသွားတော့သည်။

ထိုအခိုက်တွင် ကော်နီလီယာလည်း ကျွန်ပ်ဘက်သို့ လှည့်ကာ လေသံသဲ့သဲ့ဖြင့်

"မားကပ် . . . အခု မြင်ရတဲ့ မိန်းမပျိုဟာ ရှင်အလိုရှိနေတဲ့ အီဒိန်းဖြစ်တယ်။ ကျွန်မရဲ့ အကြံကို ရှင်လိုက်နာမယ်ဆိုရင် သေဘေးကလည်း လွတ်မြောက်သွားမယ်။ ပြီးတော့ ရောမအင်ပါယာရဲ့ အရှင်သခင် မင်းဧကရာဇ်ဘဝကိုလည်း ရရှိမယ်။ ကျွန်မနဲ့ရှင် လက်ထပ်တဲ့နေ့မှာ အီဒိန်းကို မင်္ဂလာလက်ဆောင်အဖြစ် ရှင့်ကို ပေးပါ့မယ်"ဟု နှစ်ကိုယ်ကြား ပြောကြားလိုက်ရှာသည်။

ထိုနောက် ကော်နီလီယာက လက်ပြပြီး အချက်ပေးလိုက်ရာ၊ အဝင်ဝ၌ ခန့်ထယ်သော အမူအရာဖြင့် မားမားမတ်မတ်ရပ်နေသော မိန်းမပျိုလှဲ့လှဲ့ပြာသည် အခန်းတွင်းသို့ အေးဆေးတည်ငြိမ်သော အမူအရာဖြင့် တစ်လှမ်းချင်း လှမ်းဝင်လာသည်။ ကျွန်ပ်၏ သလွန်ညောင်စောင်းရှေ့သို့ ရောက်သောအခါ ကော်နီလီယာက ရပ်နေရန် အမိန့်ပေးရာ မိန်းမပျိုလှဲ့လှဲ့ပြာလည်း ဆတ်ခနဲ ရပ်လိုက်သည်။

ထိုအခိုက်တွင် ကော်နီလီယာလည်း မင်သက်မိထားဘိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသော လူများကို ဖျတ်ခနဲ လှည့်ကြည့်ပြီးနောက်

"ဟောဒီ မိန်းမပျိုကို ငွေ သုံးသိန်းနဲ့ ရောင်းမယ်။ ဘယ်သူ ဝယ်မလဲ"ဟု ပြောပြီးမှ ကျွန်ပ်ဘက်သို့ လှည့်ကာ

"ဘယ့်နှယ်လဲ မားကပ်၊ ကျွန်မတောင်းတဲ့ တန်ဖိုးကို ရှင်ပေးနိုင်သလား"ဟု မေးလိုက်သည်။

ထိုစကားကို ကြားလျှင် မိန်းမပျို လှဲ့လှဲ့ပြာလည်း ကျွန်ုပ်၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ မိန်းမပျို၏ မျက်ဝန်း အစုံသည်လည်း မိန်းမပျို၏ အသားအရေကဲ့သို့ လှဲ့လှဲ့ပြာနေပြီး မာန်မာနအရောင်တို့ဖြင့် ပြည့်လျှမ်းတောက်ရှန်းနေသည်ဟု ခံစားမိတော့သည်။

ထို့အတူ ကော်နီလီယာက ငွေသုံးသိန်းဟု အများကြားအောင် ပြောလင့်ကစား၊ ကော်နီလီယာ၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ ငွေသုံးသိန်းမဟုတ်ကြောင်းကိုလည်း ကျွန်ုပ်ကောင်းကောင်းကြီး သိရှိလိုက်ပါတော့သည်။

ထိုအခိုက်တွင် ယောကျ်ားတစ်ယောက်က

"မားကပ်ရေ . . . မိန်းမပျိုတစ်ယောက်အတွက် ငွေသုံးသိန်းအကုန်ခံရမှာ များသဗျ။ မတန်ဘူးနော်။ စဉ်းစား"ဟု ပြောကြား သတိပေးလိုက်ပြီး၊ မိန်းမပျိုတစ်ယောက်ကလည်း

"မားကပ်ရယ် . . . ရှင်သာ အလိုရှိရင် ကျွန်မကို သုံးသိန်းမပေးနဲ့၊ သုံးရာတည်း ပေးပါ။ ရှင့်နောက်ကို အခု ချက်ချင်းလိုက်လာခဲ့ပါ့မယ်"ဟု ပြောကြားသည်။ အခြားတစ်ယောက်ကမူ

"မားကပ်ရေ . . . ကျွန်မကိုကော ရှင်စိတ်မဝင်စားဘူးလား။ ရှင်စိတ်ဝင်စားမယ်ဆိုရင် ဟောဒီမိန်းမပျိုလို ကျွန်မအသားရောင်ကို အပြာရောင် ခြယ်ပေးပါ့မယ်"

ဟု ပြောကြားသည်။

ထိုစကားများကြောင့် အခန်းတွင်းရှိ လူအပေါင်းတို့လည်း သောသောညံအောင် ရယ်မောလိုက်ကြသည်။ သို့သော် ကော်နီလီယာမူ လုံးဝ မရယ်ဘဲ တည်ငြိမ်လေးနက်သော မျက်နှာထားဖြင့် ကျွန်ုပ်၏ မျက်နှာကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း အဖန်တလဲလဲ စဉ်းစားဆုံးဖြတ်ထားပြီး ဖြစ်၍ တွေဝေဆိုင်းငံ့မနေတော့ဘဲ

"ကော်နီလီယာ၊ မင်းတောင်းတဲ့ဈေးကို ကျုပ်မပေးနိုင်ပါဘူး"ဟု ပြောကြားလိုက်သည်။

ကျွန်ုပ်စကားကို ကြားသောအခါ ကော်နီလီယာ၏ မျက်နှာသည် အပြောင်းအလဲများစွာ ဖြစ်သွားသည်။ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ထိုအခိုက်တွင် အခန်းတွင်းရှိ လူအချို့၏ ဝိုင်အရက်အော်တောင်း

သံ ထွက်ပေါ်လာသည်။ သာယာငြိမ့်ညောင်းသော တူရိယာသံသည်လည်း ထွက်ပေါ်လာသည်။

ကျွန်ုပ်လည်း ကော်နီလီယာ၏ အမူအရာကို ငေးကြည့်ရင်း 'လန်ဒီးနီးယမ်း မြို့တံတိုင်း၏ အပြင်ဘက်ရှိ တောအုပ်တွင်း၌ သေခြင်းတရားသည် ကျွန်ုပ်ကို ငံ့လင့်စောင့်စားနေပြီတကား'ကိုလည်း တွေးတောနေမိသည်။ ထို့ကြောင့်လည်း စိတ်နှလုံးလေးလံစွာဖြင့် ဝိုင်ခွက်ကိုသာ မော့ပြီး သောက်နေလိုက်မိသည်။

ထိုအခိုက်တွင် ကော်နီလီယာသည် မီးတဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ကျွန်ုပ်ကို စိုက်ကြည့်နေရာမှ

"ဒီမှာ မားကပ်။ ရှင့်ရဲ့အဖြေကို ပြန်ပြီး စဉ်းစားစမ်းပါဦး။ ကျွန်မတောင်းတဲ့ဈေးကို မပေးနိုင်ရအောင် ရှင်က ရှူးများနေသလား"ဟု ပြောကြားလိုက်ရာ၊ ကျွန်ုပ်က

"မရှူးပါဘူး ကော်နီလီယာ၊ ကျုပ်အချိန်ယူ စဉ်းစားပြီးမှ အဖြေပေးတာပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကော်နီလီယာလည်း အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးမှ

"ကောင်းပြီလေ၊ ရှင်အနိုင်ရလို့ ပိုင်ဆိုင်သွားတဲ့ ဖွေးလက်ကို ရှင့်စံအိမ်တော်ကို ပို့ခိုင်းလိုက်ပါ။ ပြီးတော့ ကျွန်မနောက်ကို ရှင်လိုက်ခဲ့ပါဦး၊ ရှင်နဲ့ အကြေအလည် ဆွေးနွေးစရာရှိနေပါသေးတယ်"ဟု ပြောကြားလိုက်ရာ ကျွန်ုပ်က

"ဒါဖြင့် ဖွေးလက်ကို ကျွန်ုပ်ပိုင်ဆိုင်သွားကြောင်း စာသဝဏ်လွှာ ထုတ်ပေးပါ။ ပြီးတော့ ကျုပ်ရဲ့ လူယုံတော်ကြီး ဗြတိကပ်နဲ့အတူ ဖွေးလက်ကို ပြန်ပို့ခိုင်းလိုက်ပါ့မယ်"ဟု ပြောလိုက်သည်။

ထိုအခါ ကော်နီလီယာလည်း ပခုံးကို မာန်ပါပါတွန့်ပြီးနောက် 'ဖွေးလက်ကို ကျွန်ုပ်ပိုင်ဆိုင်ပြီဖြစ်ကြောင်း' စာသဝဏ်လွှာကို ထုတ်ပေးသည်။ ကျွန်ုပ်လည်း ထိုစာသဝဏ်လွှာကို ဖွေးလက်၏ လက်ထဲသို့ ထည့်ပေးရင်း အိမ်တော်ကျွန်တစ်ယောက်ကို ခေါ်လိုက်သည်။ ထို့နောက်

"ဆင်ဝင်အောက်မှာ ကျွန်ုပ်ရဲ့ လူယုံတော် ဗြတိကပ်စောင့်နေတယ်၊ သူ့ဆီကို ခေါ်သွားပါ။ ပြီးတော့ ဗြတိကပ်ကိုလည်း စံအိမ်တော်ကို ပြန်နှင့်ဖို့ ပြောလိုက်ပါ"ဟု မှာကြားလိုက်သည်။

ထိုအခိုက်တွင် ကော်နီလီယာသည် မိန်းမပျို လဲ့လဲ့ပြာကို စားတော်ဆောင်တွင်းမှ သီးသန့်ခန်းဆောင်တွင်းသို့ ပြန်လွှတ်လိုက်သည်။ ထို့နောက်

သလွန်ညောင်စောင်းထက်မှထကာ စားတော်ဆောင်ကို ဖြတ်ပြီး ဥယျာဉ်တော်တွင်းသို့ လျှောက်သွားရာ၊ ကျွန်ုပ်လည်း မလှမ်းမကမ်းမှ ခွာပြီး လိုက်ပါသွားခဲ့သည်။

ထိုအချိန်တွင် ဘုရင်ခံချုပ် ဖလာဗီးယပ်သည် စပိန်သူ မိန်းမချောလေးကို ပွေ့ဖက်ကျီစယ်ရင်း ဝိုင်ခွက်ကို မော့သောက်နေရကား ကျွန်ုပ်နှင့် ကော်နီလီယာတို့ ထွက်ခွာသွားသည်ကို မြင်လိုက်ဟန်မတူပေ။ မြင်လိုက်ပါကလည်း အမှုထားမည် မဟုတ်ပေ။ သို့သော် တပ်ပေါင်းဗိုလ်ချုပ် တီတပ်မှာမူ ကျွန်ုပ်နှင့် ကော်နီလီယာတို့ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားသည်ကို သတိပြုမိရုံမက၊ စိတ်ဝင်စားသော အမူအရာဖြင့်လည်း စူးစူးဝါးဝါး စိုက်ကြည့်နေသည်ကို ကျွန်ုပ် သတိပြုလိုက်မိသည်။

ကော်နီလီယာသည် ဒေါ်မာန်ပါပါနှင့် ဥယျာဉ်တော်တွင်းသို့ လျှောက်သွားပြီးနောက် ဥယျာဉ်ထောင့်တစ်နေရာရှိ သစ်ပင်အောက်ရှိ ကျောက်ဖြူထိုင်ခုံပေါ်သို့ ဆတ်ခနဲ ထိုင်ချလိုက်ရာ ကျွန်ုပ်လည်း ကော်နီလီယာအပါးရှိနေရာ၌ အသာဝင်ထိုင်သည်။

ထိုအခါ ကော်နီလီယာလည်း ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်ရင်း

"ဒီမှာ မားကပ်။ . . . ကျွန်မပြောတဲ့ အကြံကို ရှင် မလိုက်နာမဆောင်ရွက်နိုင်ဘူးဆိုတာ တကယ်လားဟင်။ ကျွန်မကိုများ ကျီစယ်နေတာလား"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"ကျီစယ်တာ မဟုတ်ဘူး ကော်နီလီယာ၊ ကျုပ်အတည်ပြောတာပါ။ မင်းပြောတဲ့အကြံကို လိုက်နာဖို့ 'သင့် မသင့်၊ ရာ မရာ'ကို ကျုပ် အလေးအနက်စဉ်းစားခဲ့ပါတယ်။ ပြီးတော့ ကျုပ်ဟာ ကိုယ့်အသက် ကိုယ့်တက်လမ်းကိုပဲ တန်ဖိုးထားရမလား။ ကိုယ့်ရဲ့ ဂုဏ်သိက္ခာကိုပဲ တန်ဖိုးထားရမလားဆိုတာလည်း အဖန်တလဲလဲ စဉ်းစားခဲ့ပါတယ်။ ဒီလို စဉ်းစားပြီးတော့မှ ကျုပ်အဖြေပေးတာပါ"ဟု ဖြေလိုက်သည်။

ထိုအခါ ကော်နီလီယာက ခြေတစ်ချက်ဆောင့်လိုက်ရင်း

"မားကပ်ရယ် . . . အရေးထဲမှာ ဂုဏ်သိက္ခာဆိုတာကို ထည့်ပြီးစဉ်းစားရသေးတယ်။ ရှင့်ဂုဏ်သိက္ခာက ဘာများ အသုံးဝင်လို့လဲ"ဟု ပြောကြားပြီးမှ

"ဒီမှာ မားကပ်၊ ရောမကေရာဇ် ဟောနိုးရီးယပ်အပေါ် ရှင် သစ္စာစောင့်သိနေဖို့ လုံးဝမလိုပါဘူး။ ထောက်ထားစဉ်းစားဖို့ လုံးဝမလိုပါဘူး။ တကယ်တမ်းပြောရရင် ဟောနိုးရီးယပ်ဟာ ရှင့်ရဲ့ဆရာရင်းဖြစ်တဲ့ စစ်သေနာ

ပတိ စတီလီချိုကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့သူပါ။ ဒါကြောင့် ရှင်ခါးခါးသီးသီး တောင်မုန်းတီးဖို့ ကောင်းပါတယ်။ ပြီးတော့ ရှင့်အပေါ်မှာကော ဟောနီးရီး ယပ်က ကောင်းခဲ့လို့လား။ ရှင်သာ ဟောဒီပြတိန်ကျွန်းကို အချိန်မီ ရှောင် တိမ်းထွက်ခွာ မလာဘူးဆိုရင် ဟောနီးရီးယပ်က ရှင့်ကို အပြစ်ရှာပြီး သတ်လို့ အခုလောက်ဆိုရင် ရှင့်အရိုးဆွေးနေတာ ကြာပြီ"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က အသာပြုံးလိုက်ရင်း

"ဒါပေမဲ့ ကော်နီလီယာရယ်...ဟောနီးရီးယပ်ဟာ ရောမအင်ပါယာရဲ့ အရှင်သခင်မဟုတ်လား။ ပြီးတော့ ရောမကေရာဇ်သီအိုဒိုစီးယပ်ရဲ့ သားတော် အရင်း မဟုတ်လား။ ပြီးတော့ ဟောနီးရီးယပ်ဟာ သူ့ကို တော်လှန်အံတုနိုင် စွမ်းရှိတဲ့ သူတွေကိုလည်း ကြောက်ရွံ့နေရှာပါတယ်။ ဒီအတွက် ကျုပ်ရဲ့ ဆရာ ရင်း စစ်သေနာပတိ စတီလီချိုကို လုပ်ကြံသတ်ဖြတ်လိုက်တာပါ။ ဒီအတွက် ကျုပ်ဟာ ဟောနီးရီးယပ်ကို ခါးခါးသီးသီး မုန်းတီးရမှာလား"ဟု ပြောလိုက် ရာ၊ ကော်နီလီယာက

"ဟုတ်တယ်၊ ခါးခါးသီးသီးကို မုန်းတီးရမယ်။ ရှင့်ကိုယ်ရှင် တကယ့် သူတော်စင်တရားရှင်ကြီးများ မှတ်နေသလား။ ဒီမှာ မားကပ်။ အခြေအနေ မှန်ကို သိရှိနားလည်စမ်းပါ။ ဟောနီးရီးယပ်ဟာ သတ္တိမရှိတဲ့ လူကြောက်တစ် ယောက်ပါ။ ရှင်ကတော့ ရဲစွမ်းသတ္တိလည်း ရှိတယ်။ ကိုယ်ခန္ဓာရော၊ စိတ် ဓာတ်ပါ ခိုင်ကြံ့တယ်။ ရောမအင်ပါယာရဲ့ အရှင်သခင် မင်းကေရာဇ်ဖြစ်ထိုက် တဲ့ အရည်အသွေးတွေနဲ့ ပြည့်စုံနေပါတယ်"ဟု ပြောကြားရင်း၊ ကျွန်ုပ်အပါးသို့ တိုးကပ်လာသည်။ ထို့နောက် စိတ်အားထက်သန်သော အမူအရာဖြင့်

"မားကပ်ရယ်။ ရှင်ကတော့ ကျွန်မကို ကာမရမ္မက်ကြီးမား ပြင်းထန် တဲ့သူလို့ ထင်နေကောင်း ထင်နေပါလိမ့်မယ်။ ဒါကြောင့်လည်း အပျော်ကျူးတဲ့ အခုလို ပွဲမျိုးကျင်းပနေတာပဲလို့ ယူဆကောင်း ယူဆပါလိမ့်မယ်။ တကယ် တော့ အခုလိုပွဲမျိုး ကျင်းပရတာကို ကျွန်မ မနှစ်သက်ပါဘူး။ အပျော်ကျူးရတာ ကိုလည်း ဝါသနာမထုံပါဘူးရှင်။ ပြီးတော့ ရောမအင်ပါယာကြီးဟာ အစစ အရာရာ ယိုယွင်းပျက်စီးနေတယ်ဆိုတာကိုလည်း ကျွန်မသိပါတယ်။ ရောမ အင်ပါယာကြီးဟာ အရင်ကလို အင်အား မတောင့်တင်း မခိုင်ကြံ့တော့ဘဲ အင်အားနည်းပါး ချည့်နဲ့နေတယ်ဆိုတာလည်း ကျွန်မသိပါတယ်။ အခုလို အချိန်အခါမျိုးမှာ ဂေါလ်လူမျိုးစတဲ့ တိုင်းတစ်ပါးသား လူရိုင်းတွေက ကျွန်မတို့ ရောမအင်ပါယာကြီးကို အလုံးအရင်းနဲ့ ဝင်တိုက်မယ်ဆိုရင် ရောမအင်ပါယာ ကြီးဟာ ပြိုကွဲပျက်စီးသွားနိုင်တဲ့အခြေအနေဆိုးမှာ ရှိနေပါတယ်။ ဒီအဖြစ်ဆိုး မကျရောက် မကြုံတွေ့ရလေအောင် အချိန်မီ ကာကွယ်တားဆီးဖို့အတွက်

အကောင်းဆုံးနည်းကတော့ သင့်တော်လျော်ကန်တဲ့ သူ တစ်ဦးဦးက ရောမ အင်ပါယာကြီးရဲ့ အရှင်သခင် မင်းကေရာဇ်အဖြစ်ကို မကြောက်မရွံ့ နောက် မတွန့်ဘဲ ရဲရဲကြီးအရယူဖို့ ဖြစ်တယ်။ ပြီးတော့ ရှေး ယခင်အတိုင်း ရောမ အင်ပါယာကြီး တောင့်တင်းခိုင်ကြံ့အောင် ကြီးကျယ်ထယ်ဝါအောင် ဆောက်ချ ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရလိမ့်မယ်" ဟု ပြောကြားသည်။

ထိုသို့ စိတ်အားထက်သန်စွာ ပြောကြားနေခိုက်တွင် ကျွန်ုပ်လည်း ကော်နီလီယာ၏ မျက်နှာကို ငေးကြည့်နေမိသည်။ ထိုသို့ ငေးကြည့်နေရာမှ ကော်နီလီယာကို အပျော်ကျူးတတ်သော မိန်းမလေ မိန်းမပေါ့အဖြစ် မြင်ထား နေမိခဲ့သည့် ကျွန်ုပ်၏အဖြစ်သည် တဖြည်းဖြည်း ပြောင်းလဲလာမိသည်။ "ကော်နီလီယာကား ကျွန်ုပ်မှတ်ထင်ယူဆခဲ့သော မိန်းမစားမျိုး မဟုတ်ပါ တကား။ ရောမအင်ပါယာကြီး၏ နောင်ရေးကို အလေးအနက် တွေးနေသော သူပါတကား"ဟုလည်း ထင်မြင်ယူဆလာမိသည်။

ထိုအခိုက်တွင် ကော်နီလီယာက စိတ်အားထက်သန်လှသော အမူ အရာဖြင့် "ဒီမှာ မားကပ်၊ ရောမအင်ပါယာကြီးဟာ တဖြည်းဖြည်း ယိုယွင်း ပျက်စီးနေပြီ။ မကြာမီ ပြိုကွဲပျက်စီးသွားတော့မယ်။ ဒီလို ရောမအင်ပါယာကြီး ပြိုကွဲပျက်စီးသွားတာနဲ့ တစ်ပြိုင်နက် ကမ္ဘာအရပ်ရပ်ဟာလည်း ပြိုကွဲ ပျက်စီး သွားမှာ အမှန်ပဲ။ ဘေးဥပါဒ်အန္တရာယ်အပေါင်းကို ခါးစည်းပြီး ခံရမှာ အမှန်ပဲ။ ကျွန်မတို့ရဲ့ မြို့ရွာတွေကို လူရိုင်းတွေ ဝင်ရောက်ပြီး ဖျက်ဆီး တိုက်ခိုက်ကြ လိမ့်မယ်။ ကျွန်မတို့ ဆောက်ထားတဲ့ လမ်းကြီးတွေလည်း ပျက်စီးပြီး မြက်ပင် ရိုင်းတွေ ဖုံးလွှမ်းသွားလိမ့်မယ်။ ရောမမြို့တော်ကြီးကနေပြီး၊ ဟောဒီဗြိတိန် ကျွန်းကိုရော၊ အာဖရိကနဲ့ အာရှကိုပါ သွားလာကူးသန်းနေကြတဲ့ သင်္ဘော ကြီးတွေဟာလည်း ပင်လယ်ဓားပြတွေရဲ့ ရန်ကိုကြောက်ပြီး ဆိပ်ကမ်းက တောင် ခွာရဲထွက်ရဲကြမှာ မဟုတ်ဘူး။ ဒီလိုနည်းနဲ့ ကုန်စည်ကူးသန်း ရောင်း ဝယ် ဖောက်ကားမှုတွေဟာ အလိုလို ရပ်ဆိုင်းသွားလိမ့်မယ်။ လူတွေဟာ သူတို့ ဘဝ ရပ်တည်ရေး၊ အသက်ရှင်ရေးကိုသာ အာရုံစိုက်ပြီး လုံးပန်းနေကြရတာ ကြောင့်၊ အသိဉာဏ်ပညာ တိုးပွားရေးအတွက် ဘာမှ မဆောင်ရွက်နိုင်တော့ ဘူး။ ဒီလိုနည်းနဲ့ လူ့လောက လူ့ဘောင်ကြီးဟာ တဖြည်းဖြည်း နိမ့်ဆင်းသွား လိမ့်မယ်။ ပျက်စီးသွားလိမ့်မယ်"ဟု ပြောကြားရာမှ မျက်ရည်အသွယ်သွယ် စီးကျလာသည်။

ထို့နောက် ကျွန်ုပ်ကို မော့ကြည့်ကာ

"မားကပ်ရယ် . . . ဒီလိုအဖြစ်ဆိုးတွေက ကင်းဝေးအောင် ပြုဆောင် နိုင်တဲ့ အကျိုးကျေးဇူးနဲ့ ချိန်ထိုးကြည့်မယ်ဆိုရင် လူတစ်ယောက်ရဲ့ အသက်ကို

လုပ်ကြံသတ်ဖြတ်တာကို ရက်စက်ရာကျတယ်။ မလျော်ကန်မသင့်မြတ်ဘူးလို့ ဆိုနိုင်ပါ့မလားရှင်"ဟု ပြောကြားသည်။

ကော်နီလီယာကား အပျော်ကျူးခြင်း၊ အလိုရမ္မက်ကြီးခြင်း၊ ရက်စက်ခြင်းဟူသော မကောင်းသော စရိုက်များနှင့် ပြည့်လျှံနေသူတစ်ဦး ဖြစ်သော်လည်း ရောမအင်ပါယာ၏ နောင်ရေးကို တွေးတော မြော်မြင် ဆင်ခြင်နိုင်သော အရည်အသွေးနှင့်မူ ပြည့်စုံနေပေသည်။ ထို့အတူ အတိုင်းအဆမရှိအောင် ရည်ရွယ်ချက် မျှော်မှန်းချက်လည်း ကြီးမားပါပေသည်။

သို့သော် . . . သို့သော် ကျွန်ုပ်ကား ကော်နီလီယာကဲ့သို့ ကြီးမားသော ရည်ရွယ်ချက် ရည်မှန်းချက် မရှိပါပေ။ ထို့ပြင် တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကိုသာ ဦးထိပ်ထားပြီး ဆောင်ရွက်နေသော စစ်သည်တော်တစ်ယောက်ဖြစ်ရုံမက ယေရှုခရစ်တော်၏ အဆုံးအမဩ္ဝါဒလည်း သက်ဝင်ယုံကြည်နေသော သူလည်း ဖြစ်နေပေသည်။ ထို့ကြောင့် ကျွန်ုပ်က အသာခေါင်းရမ်းလိုက်ရင်း

"မဟုတ်သေးဘူး ကော်နီလီယာ။ ကျုပ်တို့ဟာ လူတစ်ယောက်ရဲ့ အသက်အပေါ်မှာ ကျုပ်တို့ရဲ့မျှော်လင့်ချက် ရည်ရွယ်ချက်တွေကို တည်ဆောက်နေတယ်။ ဒါဟာ မပြုလုပ်အပ်တဲ့ အရာသာ ဖြစ်ပါတယ်ကွယ်"ဟု ပြောကြားဖြောင်းဖျလိုက်သည်။

ထိုအခါ ကော်နီလီယာလည်း အရောင်တဖျပ်ဖျပ်တောက်နေသော ဒေါသမျက်လုံးအစုံဖြင့် ကျွန်ုပ်ကို စိုက်ကြည့်ရင်း

"ဒီမှာမားကပ်၊ ကျွန်မရဲ့ အကြံအစည်ကို ရှင်မလိုက်နာ မဆောင်ရွက်ရင်လည်း ရှိပါစေတော့။ ရှင်မလိုက်နာ မဆောင်ရွက်တဲ့အတွက် ကျွန်မရဲ့ ကာမပိုင် လင်ယောကျ်ားဖြစ်တဲ့ မောင်တော် ဖလာဗီးယပ်ကိုပဲ သွေးထိုးပြီး ဆောင်ရွက်ခိုင်းရတော့မယ်။ ရှင်နဲ့ ကျွန်မသာ အတူတကွ ပူးပေါင်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် ရောမအင်ပါယာကြီးဟာ ရှေးယခင် ကာလများကလို မကြာမီအတွင်းမှာပဲ တောင့်တင်းကြံ့ခိုင်လာလိမ့်မယ်။ ကြီးကျယ်ထယ်ဝါလာလိမ့်မယ်ဆိုတာ မလွဲမသွေ သေချာလှပါတယ်။ မောင်တော် ဖလာဗီးယပ်နဲ့ဆိုရင်တော့ ကျွန်မတစ်ယောက်တည်း ကိုယ်တိုင် ကျဲရမှာပေါ့။ မောင်တော် ဖလာဗီးယပ်ကတော့ တိုင်းပြည်ကောင်းစားရေးကို ရှင့်လို စိတ်ဝင်စားမယ့် လူမျိုးမဟုတ်ဘူး။ ဝိုင်ခွက်နဲ့ မိန်းမချောလေးတွေကိုသာ စိတ်ဝင်စားမယ့် လူမျိုးဖြစ်တယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်မကတော့ ကျွန်မရဲ့ အကြံအစည်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရမှာပဲ"

ဟု ပြောကြားပြီးမှ

"ဒီမှာ မားကပ်၊ ရှင်ဟာ ကျွန်မရဲ့ အကြံအစည်ကို မလိုက်နာ ဆောင်ရွက်နိုင်ပါဘူးလို့ ငြင်းပယ်ခဲ့တယ်နော်။ ဒီလို ငြင်းပယ်တဲ့အတွက် ရှင်အလိုရှိနေတဲ့ အီဒိန်းကို ရှင့်ကို ကျွန်မ လုံးဝမရောင်းတော့ဘူး။ ဒါကြောင့် ကတိသစ္စာနဲ့ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားတဲ့ ရှင်ဟာ ရှင့်ကတိအတိုင်း ပဲ အိုက်နီတွေဆီကိုသွားပြီး အသတ်ခံပေတော့။ ရှင်ဟာ ရောမအင်ပါယာရဲ့ အရှင်သခင်မင်းကေရာဇ်အဖြစ်ကို ငြင်းပယ်ခဲ့တဲ့ လူမိုက်ပဲ။ ဒီတော့ လူမိုက်ပီပီ လူမိုက်တို့ သွားရာလမ်းကို သွားပေတော့"ဟု ပြောကြားလိုက်သည်။

ထို့နောက် ကော်နီလီယာသည် ကျောက်ဖြူ ထိုင်ခုံထက်မှ ဆတ်ခနဲ ထကာ ကျွန်ုပ်ကို တွန်းဖယ်ကျော်ဖြတ်ပြီး စံနန်းတော်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။ ကျွန်ုပ်ကို တစ်ချက်မျှပင် လှည့်စောင်း၍ မကြည့်တော့ပေ။ စားတော်ဆောင် တံခါးဝအနီးသို့ ကော်နီလီယာအရောက်တွင် စားတော် ဆောင်တွင်းမှ မှုးမှုးရှူးရှူးနှင့် ဟာစ်အော်ရယ်လိုက်သော ရယ်သံကြီး ရုတ်တရက် ထွက်ပေါ်လာသည်။

ကျွန်ုပ်လည်း ကျောက်ဖြူထိုင်ခုံထက်၌ တစ်ယောက်တည်းထိုင်ကာ တွေဝေငေးငိုင်နေမိသည်။ ထိုအခိုက်တွင် ညလေပြေအေးသည် ရုတ်တရက် ဝေ့တိုက်လိုက်ရာ၊ သစ်ရွက်များ တရှဲရှဲမြည်သွားသည်။

ကျွန်ုပ်လည်း သစ်ပင်အုပ်ဆီသို့ အမှတ်မထင် စိုက်ကြည့်လိုက်ရာ၊ သစ်ပင်ကြီးတစ်ပင်၏ ပင်စည်နောက်တွင် ဖျတ်ခနဲ ပုန်းကွယ်လိုက်သော လူ တစ်ယောက်၏ အရိပ်ကို မှုန်ဝါးဝါး လရောင်ဖြင့် ရုတ်တရက် တွေ့မြင်လိုက် ရသည်။

ဤတွင် ကျွန်ုပ်က ထိတ်ခနဲ ဖြစ်သွားပြီး

"ဟေ့လူ၊ ပုန်းမနေနဲ့။ ခင်ဗျားကို ကျုပ်မြင်လိုက်ပြီ။ ထွက်လာခဲ့"ဟု အော်ပြောလိုက်သည်။ သို့သော် ပင်စည်နောက်တွင် ပုန်းနေသော သူကား လှုပ်ပင် မလှုပ်ပေ။ ထို့ကြောင့် ကျွန်ုပ်လည်း ထောင်းခနဲ ဒေါသအမျက်ထွက် လာပြီး ထိုင်ရာမှ ဝုန်းခနဲ ထကာ ထိုသစ်ပင်ကြီးနောက်ဖက်သို့ ဒရောသောပါး ပြေးလာခဲ့၏။ ထိုအခါ ပင်စည်နောက်တွင် ပုကပ်နေသော လူတစ်ယောက်ကို တွေ့မြင်ရလေရာ၊ ကျွန်ုပ်လည်း ဒေါသကို မထိန်းနိုင်ဘဲ ထိုလူ၏ ကုပ်ပိုးကို ဖမ်းဆွဲပြီး မြက်ခင်းပြင်ပေါ်သို့ ပစ်ချလိုက်မိသည်။

မြက်ခင်းပြင်ပေါ်သို့ ခြေကားယားလက်ကားယားနှင့် ကျသွားသော ထိုလူလည်း ကျွန်ုပ်ကို ကြောက်ရွံ့တုန်လှုပ်သော အမူအရာဖြင့် မော့ကြည့်ရာ ကျယ်လောင်သော အသံကြီးဖြင့်

"သစ္စာဖောက်၊ ဘုရင်ခံချုပ်ကိုရော၊ ရောမဧကရာဇ်ကိုပါ သစ္စာဖောက်တဲ့ သစ္စာဖောက်"ဟု ဟစ်အော်ပြောကြားလိုက်ပေသည်။

ထိုသူကား အခြားမဟုတ်။ ကျွန်ုပ်၏ ရန်သူဟောင်း တပ်ပေါင်းမှိုလ်ချုပ် တီတပ်ဖြစ်ကြောင်း အလင်းရောင်မှုန်ဝါးနေလင့်ကစား ကျွန်ုပ်ကောင်းကောင်းကြီး သိရှိနေပါ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဟက်ဟက်ပက်ပက် ရယ်မောပြီးနောက်

"အေး၊ ငါဟာ သစ္စာဖောက်တစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ မင်းလိုတော့ သတ္တိမရှိတဲ့ လူကြောက်တစ်ယောက်ဘယ်တော့မှ မဖြစ်ခဲ့ဘူး"ဟု ပြောကြားရင်း အင်္ကျီစကို အမိအရ ဆုပ်ကိုင်ကာ ဆွဲထူလိုက်ရာ၊ တီတပ်လည်း ငယ်သံပါအောင် ကြောက်လန့်တကြား အော်ဟစ်တော့သည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"မင်းဟာ တစ်ပါးသူတွေ လျှို့ဝှက်ပြီး နှစ်ကိုယ်ကြား ပြောကြားတဲ့ စကားတွေကို ခိုးပြီး နားထောင်တဲ့ လူယုတ်မာပဲ။ ဒီအတွက် မင်းကို ဟောဒီလို ဆုံးမတယ်ကွာ"ဟု ပြောရင်း မျက်နှာကို အားရပါးရ ဆင့်ဆင့်ပြီး ထိုးချလိုက်သည်။ သို့ ဆင့်ဆင့်ပြီး ထိုးနေခိုက်တွင်

"ရတေးမြို့အနီးမှာ အိုက်နီတွေနဲ့ တိုက်တုန်းက ငါ့ကို ရန်သူလက်တွင်း သက်ဆင်းရအောင် မင်းဟာ ယုတ်ယုတ်မာမာပြုမူခဲ့တယ်။ ဒီလိုယုတ်မာခဲ့တဲ့အတွက် မင်းကို ဟောဒီလို ဟောဒီလို ဆုံးမတယ်ကွာ"ဟုလည်း ပါးစပ်မှ တတွတ်တွတ် ပြောကြားလိုက်သည်။

တီတပ်လည်း ဟစ်အော်ရန်းကန်နေရာမှ ခါးတွင် ချိတ်ဆွဲထားသော ဓားမြှောင်ကို ဖြတ်ခနဲ ဆွဲထုတ်ပြီး ကျွန်ုပ်၏ ဗိုက်ကို ထိုးနက်ရန် ကြိုးစားသည်။ သို့သော် ကျွန်ုပ်က ဓားကိုင်ထားသော လက်ကို အချိန်မီ ပင့်ရိုက်လိုက်ရာ၊ တီတပ်၏ ဓားမြှောင်လည်း အဝေးသို့ လွင့်စဉ်ထွက်သွားတော့သည်။

ထိုအခါ တီတပ်လည်း ရှိုက်ညည်းရင်း အဝေးသို့ ကြောက်အားလန့်အားဖြင့် ထွက်ပြေးသွားရာ၊ ကျွန်ုပ်လည်း အတင်းပြေးလိုက်ပြီး လက်ကိုဆောင့်ဆွဲလိုက်ပြီးနောက် မျက်နှာကို တအားကျုံးပြီး ထိုးထည့်လိုက်ပါတော့သည်။ ထိုအခါ ခွပ်ခနဲ မြည်သံကြီးထွက်ပေါ်ကာ တီတပ်လည်း အောက်သို့ ပုံလဲသွားပါတော့သည်။

ကျွန်ုပ်လည်း ဒေါသမပြေသေးရကား တီတပ်ကို ထပ်မံဆုံးမရန် ဟန်ပြင်လိုက်ပါသည်။ ထိုအခိုက်တွင် စားတော်ဆောင်ဘက်မှ ပြေးထွက်လာသော အိမ်တော်ကျွန်လေးယောက်က ကျွန်ုပ်ကို ဝိုင်းပြီး ချုပ်ထားလိုက်ကြပါ

သည်။ ဒေါသအမျက်ကို သိမ်းရန်လည်း ပြောကြားတောင်းပန်ကြပါသည်။ သို့သော် ကျွန်ုပ်လည်း အိမ်တော်ကျွန်များ လက်တွင်းမှ လွတ်မြောက်ရန်သာ အတင်းရုန်းနေမိပါသည်။

ထိုအခိုက်တွင် ကျွန်ုပ်၏ အပေါ်သို့ လူအများ စုဝေးရောက်ရှိနေပေပြီ။ ဘုရင်ခံချုပ် ဖလာဗီးယပ်နှင့် ကော်နီလီယာတို့လည်း အပေါ်သို့ ရောက်ရှိနေပေပြီ။ ကော်နီလီယာလည်း မေ့မျောနေသော တီတပ်ကို လက်ညှိုးထိုးပြရင်း

"မောင်တော်ရေ . . . ဟောဒီတီတပ်က ရတေးမြို့အနားက တိုက်ပွဲမှာ မားကပ်ကို အိုက်နီတွေရဲ့ လက်ထဲ ကျဆင်းသွားအောင် ပြုခဲ့တယ်ဆိုတဲ့ အချက်ကို မောင်တော် အမှတ်ရမှာပေါ့။ ဒါကြောင့် မားကပ်က တီတပ်ကို လက်စားချေဆုံးမနေတာ ဖြစ်မှာပေါ့"ဟု ပြောကြားလိုက်သည်။

ထိုအခါ ဘုရင်ခံချုပ် ဖလာဗီးယပ်က

"အင်း ကိုယ်ရေးကိုယ်တာ ရန်ပွဲပါလား ခင်ရယ်။ ဒီတော့ မောင်တော်တို့ ဘာမှ ဝင်ရောက်စွက်ဖက်ဖို့ မလိုဘူးပေါ့"ဟု ပြောကြားပြီးမှ ကျွန်ုပ်ဘက်သို့ လှည့်ကာ "ဒါပေမဲ့ မားကပ်ရေ၊ ကိုယ့်စိတ်ကို ကိုယ်ထိန်းပါကွယ်။ တီတပ် ဆိုလီနပ်လည်း အတော်အထိနာသွားပါပြီ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကျွန်ုပ်က ဘုရင်ခံချုပ် ဖလာဗီးယပ်အား စံနန်းတော်တွင်း၌ ခိုက်ရန်ဖြစ်ပွားမိသည့်အတွက် ခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်လိုက်ရတော့သည်။

ထိုအခိုက်တွင် အိမ်တော်ကျွန်များလည်း သတိမေ့မျောနေသော တီတပ်ကို သယ်ထုတ်သွားကြသည်။ တီတပ်၏ မျက်နှာမှာ စုတ်ပြဲဖူးယောင်နေပြီး နှာခေါင်းလည်း ကျိုးသွားဟန်တူသည်။ တီတပ်ကား ယနေ့ည ရန်ပွဲကို မည်သည့်အခါမှ မေ့တော့မည် မဟုတ်ပေ။ ထို့ပြင် ကျွန်ုပ်အပေါ်၌လည်း နည်းအမျိုးမျိုးနှင့် အကောက်ကြံ ရန်ပြုတော့မှာ သေချာလှပေသည်။

ကျွန်ုပ်လည်း ဤသို့တွေးတောရင်း ဘုရင်ခံချုပ် ဖလာဗီးယပ်နှင့် ကော်နီလီယာတို့နှင့်အတူ စားတော်ဆောင်သို့ ပြန်ဝင်လာခဲ့ပေသည်။

စားတော်ဆောင်သို့ ရောက်သောအခါ ဝိုင်ခွက်ကို ယူပြီး တကွပ်ကွပ် မော့သောက်လိုက်သည်။ အစားအစာများကို ကောက်ယူဝါးစားလိုက်သည်။ သို့သော် ကျွန်ုပ်အဖို့ စား၍သောက်၍ ခံတွင်းမတွေ့တော့ပြီ။

ကျွန်ုပ်၏ စိတ်တွင်း ... လွန်ညှောင်စောင်းထကဲ၌ ပစ်လှဲပြီး တမေ့တမောအိပ်ပစ်လိုက်ချင်သည ဘုရင်ခံချုပ်ကတော် ကော်နီလီယာ၏ အလိုဆန္ဒကို မလိုက်လျောသည့်အတွက် ကော်နီလီယာက ကျွန်ုပ်ကို ရန်ငြိုးဖွဲ့တော့မည့်အကြောင်းကိုလည်းကောင်း၊ တီတပ်က ကျွန်ုပ်ကို လက်စားချေဖို့

အတွက် အကွက်ကောင်း ချောင်းနေမည့်အဖြစ်ကိုလည်းကောင်း လုံးဝမတွေး တောချင်ပါပြီ။ သို့သော် ထိုသို့ မတွေးတောဘဲ လုံးဝမနေနိုင်ပါပေ။ ကျွန်ုပ်၏ စိတ်တွင်း၌ တွေးတောတွက်ဆနေမိသည်။ ထိုသို့ တွေးတောတွက်ဆရာမှ ကျွန်ုပ်လည်း နောင်ရေးအတွက် ရင်လေး စိတ်မောနေမိပါတော့သည်။

# ၁၀

# လူထုရေချိုးကန်

ဘုရင်ခံချုပ် ဖလာဗီးယပ်၏ စံနန်းတော်တွင် ကျင်းပသော နတ်ဖုရား မယ်တော်ကြီး စီဗီလီ၏ ပွဲတော်ကို တက်ရောက်ပြီး နှစ်ရက်မြောက်သောနေ့တွင် ကျွန်ုပ်လည်း မိတ်ဆွေကြီး ပေါလပ်နှင့်အတူ နာမည်ကျော် မိုနီးကား လူထုရေချိုးကန်သို့ သွားရောက်ခဲ့သည်။

လန်ဒီးနီးယမ်း မြို့တော်တွင် ယောကျ်ားနှင့် မိန်းမ အတူတကွ ပူးတွဲရေချိုးနိုင်ကြသော လူထုရေချိုးကန်များ အမြောက်အမြားတည်ရှိနေသည်။ ထိုလူထုရေချိုးဆာန်များသို့ ရောမအထက်တန်းစား ယောကျ်ားမိန်းမတို့သည် နေ့စဉ်ပင် သွားရောက်ရေချိုးကြပြီး အချင်းချင်း စကားစမြည်ပြောကြဆိုကြသည်။ တိုင်းရေးပြည်ရေးနိုင်ငံရေး သတင်းများသာမက ချစ်ရေး ကြိုက်ရေး ပုဂ္ဂိုလ်ရေး အညီအဟောက်သတင်းများကိုပါမကျန် ပြောဆိုဝေဖန်တတ်ကြသည်။ သတင်းချင်း ဖလှယ်တတ်ကြသည်။

လန်ဒီးနီးယမ်းမြို့တော်သို့ ကျွန်ုပ်ပြန်ရောက်လာကတည်းက လူထုရေချိုးကန်သို့ နှစ်ခေါက်သာ ရောက်ခဲ့ဖူးလေရာ၊ ယခုအခေါက်သည် တတိယအခေါက်ပင် ဖြစ်လေသည်။

နာမည်ကျော် မိုနီးကား လူထုရေချိုးကန်ကြီးသို့ ကျွန်ုပ်နှင့် မိတ်ဆွေကြီးပေါလပ်တို့သည် ခိုင်ခံ့ကြီးမားသော ကြေးတံခါးမကြီးကို ဖြတ်ပြီး ဝင်ရောက်သွားခဲ့သည်။ အတွင်း၌ကား စိမ်းစိုကျယ်ပြန့်သော မြက်ခင်းပြင်ကြီးများနှင့် ဝေဆာလှပသော သစ်ပင်ပန်းမာလ်များတို့ကို တွေ့ရရုံမက၊ နားနေအပန်း

ဖြေစရာ ကျောက်ဖြူထိုင်ခုံများကိုလည်း အများအပြားတွေ့ရသည်။ ထို့ပြင် ရေချိုးလာကြသော ရောမအထက်တန်းစား ယောကျ်ားမိန်းမတို့ကိုလည်း အမြောက်အမြားတွေ့မြင်ရသည်။

ကျွန်ုပ်တို့လည်း ရေကူးကန်ကြီးအနီးရှိ အတွင်းဆောင်သို့ သွားကာ ကျွန်ုပ်တို့ အဝတ်အစားများကို ချွတ်လဲပြီး အစောင့်လုလင်တို့ လက်သို့ အပ်ထားခဲ့သည်။ ထို့နောက် ရေချိုးကန်ရှိရာသို့ လျှောက်လာခဲ့ရာ တာဝန်ကျ ကျေးကျွန်များလည်း ရေချိုးပြီး လိမ်းရန်ဆီများနှင့် ချေးတွန်းပေးရန် ပစ္စည်းတို့ကို ယူဆောင်ကာ နောက်မှ လိုက်ပါလာခဲ့ကြသည်။

ရေချိုးကန်ကား အလျားပေ ၂၀၀၊ အနံပေ ၁၀၀ ကျယ်ဝန်းသည်။ ရေမှာ ပူနွေးပြီး အငွေ့တထောင်းထောင်း ထနေကာ မြူနှင်းတို့နှင့် ရောထွေးနေသည်။ ရေချိုးကန်တွင်း၌ မိန်းမအချို့ ရေချိုးနေကြသည်။ ကျွန်ုပ်နှင့် မိတ်ဆွေကြီး ပေါလ်တို့ လျှောက်လာသည်ကို တွေ့သောအခါ ကျွန်ုပ်၏ ငယ်သူငယ်ချင်း ကုန်သည်ကြီး **ကောလု**၏ ဇနီးချော **ဂျူနီကာ**နှင့် သူငယ်ချင်းမ **လီဗီယာ**တို့က ဝမ်းသာအားရ လက်ပြပြီး နှုတ်ဆက်ကြသည်။ ထိုအခိုက် မိတ်ဆွေကြီးပေါလပ်က

"မားကပ်ရေ . . . မင်းနဲ့ပတ်သက်တဲ့ သတင်းစကားအချို့ကို ဂျူနီကာက မင်းကို နှစ်ကိုယ်ကြားပြောချင်နေတယ်။ မင်းသွားတွေ့ပြီး မေးကြည့်ပေတော့"ဟု ပြောကြားလိုက်သည်။

ထို့နောက် ကျွန်ုပ်နှင့် မိတ်ဆွေကြီးပေါလပ်တို့လည်း ရေချိုးကန်တွင်းသို့ ဆင်းကာ မိန်းမချောနှစ်ဦးရှိရာသို့ ကူးခတ်သွားကြသည်။ အပါးသို့ ရောက်သောအခါ ဂျူနီကာက ကျွန်ုပ်ကို ပြုံးကြည့်ရင်း

"မားကပ်ရေ . . . အရေးကြီးတဲ့ သတင်းစကားကို ပြောစရာရှိတယ်။ ကျွန်မအပါးကို တိုးလာခဲ့စမ်းပါ"ဟု ပြောကြားရာ၊ ကျွန်ုပ်လည်း ဂျူနီကာ၏ အပါးသို့ ပူးပူးကပ်ကပ်ရောက်ရှိသွားသည်အထိ ကူးခတ်သွားခဲ့သည်။ ထိုအခိုက်တွင် မိတ်ဆွေကြီး ပေါလပ်နှင့် မိန်းမချောလေး လီဗီကာတို့လည်း အခြားတစ်နေရာသို့ ထွက်ခွာသွားကြသည်။

ထိုအခါ ကျွန်ုပ်၏ ငယ်သူငယ်ချင်း ကုန်သည်ကြီး ကောလု၏ ဇနီးချော ဂျူနီကာလည်း ရေကူးကန်ထောင့်ဘောင်တွင် ကိုယ်ကို မှီထားရာမှ

"ဒီနေ့မနက်မှာ ရှင့်သူငယ်ချင်း ကောလုဟာ ကုန်ရောင်း ကုန်ဝယ် ကိစ္စတစ်ရပ်နဲ့ ပတ်သက်ပြီး ဘုရင်ခံချုပ် ဖလာဗီးယပ်ဆီကို သွားခဲ့တယ်။ ကုန်ရောင်းကုန်ဝယ်ကိစ္စကို ဆွေးနွေးပြောဆိုပြီးတဲ့အခိုက်မှာပဲ ဘုရင်ခံချုပ်ရှိရာကို တပ်ပေါင်းဗိုလ်ချုပ်တီတပ် ဝင်ရောက်လာခဲ့တယ်။ တီတပ်ရဲ့ မျက်နှာ

တစ်ခုလုံးဟာလည်း မြင်းအကန်ခံထားရသလို စုတ်ပြဲယောင်ကိုင်းနေတယ်တဲ့။ အဲဒါ ရှင့်ရဲ့ လက်ချက်ဆို"ဟု ပြောကြားကာ ကျွန်ုပ်၏ ဖုထစ် လုံးကြွနေသော ကြွက်သားကြီးများကို ခပ်ပြုံးပြုံး စိုက်ကြည့်နေသည်။ ဂျူနီကာ၏ မျက်လုံး အစုံတွင်လည်း ထူးဆန်းသော အရောင်တစ်မျိုး ရွှန်းလဲ့နေသည်။ ထို့နောက် ဂျူနီကာလည်း ခစ်ခနဲ ရယ်လိုက်ပြီးမှ

"မားကပ်ရယ် . . . တီတပ်ကို ရှင်ဆုံးမတုန်းက ရှင့်အပေါ်မှာ ရှိချင် လိုက်တာ။ ဒါပေမဲ့လေ အဲဒီ နတ်ဖုရားမယ်တော်ကြီး စီဗီလီရဲ့ ပွဲတော်တုန်းက ရှင့်သူငယ်ချင်း ကောလုက ကုန်ရောင်းကုန်ဝယ်ကိစ္စနဲ့ ခရီးထွက်နေရတယ်။ ဒါကြောင့် ကျွန်မလည်း ပွဲတော်ကြီးနဲ့ လွဲသွားခဲ့ရတယ်"ဟု ပြောရင်း ပူနွေး နေသော ရေအောက်၌ မြုပ်နေသည့် သူမ၏ ပေါင်သားနုနုကို ကျွန်ုပ်၏ပေါင် သားနှင့် လာရောက်ထိကပ် ပွတ်သပ်နေသည်။ ထိုသို့ ကလူကျီစယ်နေရာမှ

"ရှင့်သူငယ်ချင်း ကောလုဟာလေ အိမ်မှာ ကပ်တယ်လို့ကို မရှိဘူး။ ကုန်ရောင်းကုန်ဝယ်ကိစ္စနဲ့ ခရီးချည်းပဲ ထွက်ထွက်နေတယ်။ ဒါကြောင့် ကျွန်မ မှာ အဖော်ကင်းမဲ့ပြီး သိပ်ကို ပျင်းပျင်းနေတာပဲ။ ကောလုကိုပြောတော့ ကောလု က 'မင်းပျင်းရင် မားကပ်ကို အဖော်ပြုပြီး ပြဇာတ်လေး ဘာလေး သွားကြည့်ပါ လား'လို့ ပြောတယ်ရှင့်"ဟု စပြောကြားသည်။

ထိုအခါ ကျွန်ုပ်က အသာပြုံးရင်း

"ဒါပေမဲ့ ဂျူနီကာရယ်။ မင်းပြဇာတ်ကြည့်ချင်ရင် ကျုပ်လိုက်ပို့ပေး ပါ့မယ်။ အခုတော့ တီတပ်အကြောင်းကို ကြားစမ်းပါရစေ"ဟု ပြောကြားလိုက် ရာ၊ ဂျူနီကာက

"ကောလုက ပြောတယ်ရှင့်။ တီတပ်ဟာ ဒေါသအမျက်ချောင်း ချောင်း ထွက်နေတယ်တဲ့။ ပြီးတော့ ရှင့်ကိုလည်း အပြစ်ဒဏ်ပေးဖို့ တောင်းဆို နေတယ်တဲ့။ ဘုရင်ခံချုပ်က အသာပြုံးနေလေတော့ တီတပ်က 'ရှင့်ကို အပြစ် ပေးလောက်တဲ့ အကြောင်းတွေ ရှိနေပါတယ်၊ အဲဒီအကြောင်းကိုလည်း နှစ်ကိုယ်ကြား လျှောက်တင်ပါရစေ'လို့ ပြောတယ်တဲ့။ ရှင်သိတဲ့အတိုင်း ရှင့် သူငယ်ချင်း ကောလုက လူပါးတစ်ယောက်ပဲ။ ဒီတော့ ရှင်နဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ကိစ္စ တစ်ရပ်ရပ်တော့ ဖြစ်လာလိမ့်မယ်လို့ ချက်ချင်းတွေးမိတာ ပေါ့။ ဒါကြောင့် တီတပ်နဲ့ ဘုရင်ခံချုပ် ဘာတွေ ပြောဆိုဆွေးနွေးကြသလဲ ဆိုတာ သိရအောင် အိမ်တော်ကျွန်တစ်ယောက်ကို လာဘ်ထိုးထားခဲ့တယ်လေ။ ပြီးတော့မှ အလုပ်ကိစ္စပြီးတာကြောင့် ရှေ့တော်မှောက်က ပြန်လာခဲ့ရတယ်"ဟု ပြောကြားသည်။ ထို့နောက် ကျွန်ုပ်ကို ခပ်ပြုံးပြုံးကြည့်ရင်း

"အိမ်တော်ကျွန်ဆီက ကြားရတဲ့ သတင်းစကားက ရှင်ဟာ ဘုရင်ခံ

ချုပ် ဖလာဗီးယပ်ကို နန်းကချလိုက်ပြီး ရှင့်ကိုယ်ကိုရှင် ဗြိတိန်ကျွန်းရဲ့ ဘုရင်ခံချုပ်အဖြစ် ကြေညာလိုက်မယ်တဲ့။ ပြီးတော့ ဗြိတိန်ကျွန်းမှာရှိတဲ့ ရောမစစ်တပ်ကြီးကို ဦးဆောင်ပြီး ရောမဧကရာဇ် ဟောနိုးရီးယပ်ကို တော်လှန်ပုန်ကန်တိုက်ခိုက်မယ်တဲ့။ အဲဒီအကြံအစည်ကို တီတပ်က သူ့နားနဲ့ ဆတ်ဆတ် ကြားထားသိထားပါတယ်လို့ ဘုရင်ခံချုပ် ဖလာဗီးယပ်ကို လျှောက်တင်သတဲ့လေ” ဟု ပြောကြားရာမှ အလွန်တရာ စိတ်အားထက်သန်သော အမူအရာဖြင့်

“ဒီမှာ မားကပ်၊ အဲဒီသတင်းဟာ အမှန်ပဲလား။ ဒီအတိုင်း ရှင်ကြံစည်ထားသလား။ ဒီအတိုင်း ရှင်ကြံစည်ထားရိုးမှန်ရင်လည်း ဘာအခက်အခဲမှ မရှိဘဲ ရှင်အောင်မြင်လိမ့်မယ်လို့ ရှင့်သူငယ်ချင်းကောလုက ပြောနေတယ်။ ရှင်ဟာ အထက်တန်း အကျဆုံး မျိုးရိုးက ဆင်းသက်လာတဲ့ သူတစ်ယောက် ဖြစ်ရုံမကဘူး၊ ရောမစစ်တပ်တွေမှန်သမျှကလည်း ရှင့်ကို သူ့ရဲကောင်းကြီးအဖြစ် လေးစားကြည်ညိုနေကြတယ်။ ပြီးတော့ ရှင့်မှာ သူငယ်ချင်း အပေါင်းအသင်းတွေလည်း အများကြီးရှိတယ်။ ရှင့်သူငယ်ချင်း ကောလုအပါအဝင် လန်ဒီးနီးယမ်းမြို့တော်က ရှိရှိသမျှ သူဌေးသူကြွယ်ကုန်သည်တွေ အားလုံးကလည်း ရှင့်ကို လိုလေသေးမရှိ ထောက်ပံ့ ကူညီဖို့ သဘောတူနေကြတယ်တဲ့”

ဟုပြောကြားသည်။

ထိုအခိုက်တွင် ကျွန်ုပ်က

“ဒါထက် နေပါဦး ဂျူနီကာ . . . ဒီလိုတော်လှန်ပုန်ကန်တိုက်ခိုက်ဖို့ အကြံအစည်ကို ကျုပ်က ဘယ်သူနဲ့ တိုင်ပင်ဆွေးနွေးနေသတဲ့လဲ။ ကျုပ်နဲ့ တိုင်ပင်ဆွေးနွေးနေတဲ့ သူကိုကော တီတပ်က သိတယ်တဲ့လား”ဟု မေးလိုက်ရာ၊ ဂျူနီကာက အသာခေါင်းရမ်းလိုက်ရင်း

“ဒီမေးခွန်းမျိုးကို ဘုရင်ခံချုပ် ဖလာဗီးယပ်က တီတပ်ကို မေးပါတယ်တဲ့။ ဒီတော့ တီတပ်က ‘မားကပ်နဲ့ လူတစ်ယောက်တို့ တိုင်ပင်ဆွေးနွေးနေတာကို သူချောင်းနားထောင်လို့ ကြားရတာပါ။ သူအထင်အရှားထွက်ပြီး မကြည့်ဝံ့တဲ့အတွက် မားကပ်နဲ့ တိုင်ပင်ဆွေးနွေးနေတဲ့သူဟာ ဘယ်သူလဲဆိုတာကို သူမသိလိုက်ပါဘူး’လို့ လျှောက်တင်တယ်တဲ့”ဟု ပြောကြားသည်။ ထို့နောက် ကျွန်ုပ်၏အပါးသို့ ပူးကပ်လာရာမှ အလွန်စိတ်အားထက်သန်သော အမူအရာဖြင့်

“ဒီမှာ မားကပ် . . . ကျွန်မတို့ ကြားရတဲ့ သတင်းစကားအတိုင်း တော်လှန်ပုန်ကန်တိုက်ခိုက်မယ် မဟုတ်လားရှင်”ဟု မေးလိုက်ရာ ကျွန်ုပ်က

“ဂျူနီကာရယ် . . . မင်းက တိုက်တာခိုက်တာ သတ်တာဖြတ်တာကို

သိပ်စိတ်ဝင်စားနေသလားကွယ်။ သေကြေပျက်စီးတာ၊ သွေးချောင်းစီးတာကို မြင်ချင်သလားကွယ်"ဟု ပြောလိုက်သည်။

ထိုအခါ ဂျူနီကာက နှုတ်ခမ်းစူလိုက်ရင်း

"မားကပ်ရယ် . . . ကျွန်မကို ဒီလို အပြစ်မတင်ပါနဲ့။ ကျွန်မက ရှင် ကြီးပွားတိုးတက်တာကို မြင်ချင်လို့ပါ။ ရောမဧကရာဇ်ဖြစ်တာကို မြင်ချင်လို့ပါ"ဟု ပြောကြားရာ၊ ကျွန်ုပ်က

"မင်းကို အပြစ်တင်နေတာ မဟုတ်ပါဘူးကွယ်"ဟု ပြောကြား ဖြေသိမ့်ပြီးမှ

"ကြည့်စမ်း ဂျူနီကာ၊ ကျုပ်မိတ်ဆွေကြီး ပေါလပ်နဲ့ လီဗီယာတို့ ပျောက်နေပါလား။ ကျုပ်တို့ လိုက်ရှာကြရအောင်"ဟု ပြောကြားရင်း၊ ဂျူနီကာကို လက်ကမ်းပေးလိုက်သည်။

ထိုအခိုက်တွင် 'ဂျူနီကာထံမှ ကြားရသော သတင်းစကားအရ ဘုရင်ခံချုပ် ဖလာဗီးယပ်သည် ကျွန်ုပ်ကို အပြစ်ရှာပြီး ရန်ပြုတော့မည်။ ထိုသို့ ရန်မပြုမီ ကျွန်ုပ်ကို လေးစားကြည်ညိုနေသော လန်ဒီးနီးယမ်းမြို့တော်၌လည်း အသင့်ရှိနေသော တပ်မဟာခြောက်ကို ဦးဆောင်ကာ တော်လှန် ပုန်ကန်တိုက်ခိုက်ပြီး ဘုရင်ခံချုပ် ဖလာဗီးယပ်ကို ဖြုတ်ချရမည်ဖြစ်ကြောင်း'တွေးတောနေမိသည်။ ထိုသို့တွေးတောနေမိရာမှ 'ကျွန်ုပ်၏အဖိုးတန် အချိန်ကို ဂျူနီကာနှင့် ဖြုန်းတီးနေပါကလား'ဟုလည်း ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည်။ သို့သော် ကျွန်ုပ်ကား ဂျူနီကာနှင့်အတူ နေရသော သာယာမှု၌ ယစ်မူးမွေ့ရှင်နေမိခဲ့ပေပြီ။ ဂျူနီကာလည်း ကျွန်ုပ်ကမ်းပေးသော လက်ကို ဆွဲကာ ရေချိုးကန် ပေါ်သို့ တက်ခဲ့သည်။ ထိုအခိုက်တွင် ကျွန်ုပ်က

"ဂျူနီကာရေ။ ဟောဟို အပန်းဖြေဆောင်မှာ အခန်းတွေ အများကြီး ရှိတယ်မဟုတ်လား။ မိတ်ဆွေကြီးပေါလပ်နဲ့ လီဗီယာတို့လည်း အခန်းတစ်ခန်းထဲ ရောက်နေကြသလား မသိဘူး။ သွားချောင်းကြရအောင်"ဟု ပြောလိုက်ရာ၊ ဂျူနီကာ၏ မျက်လုံးအစုံလည်း အရောင်တလက်လက် ရှန်းလဲ့သွားပြီးမှ

"ဟုတ်တယ်။ ကျွန်မတို့ သွားချောင်းကြရအောင်"ဟု အားတက်သရော ပြောလိုက်သည်။

ထို့နောက် ကျွန်ုပ်နှင့် ဂျူနီကာတို့လည်း တစ်ယောက်နှင့် တစ်ယောက် ပူးကပ်တွဲမှီပြီး အပန်းဖြေဆောင်ရှိရာသို့ လျှောက်လာခဲ့ကြသည်။ အပန်းဖြေဆောင်၌ အခန်းပေါင်း မြောက်မြားစွာရှိရာ အချို့အခန်းများမှာ ခန်းဆီးများ ချထားပြီး အချို့အခန်းများမှာ တံခါးပိတ်ထားသည်ကို တွေ့ရသည်။ အခန်းအနည်းငယ်သာ တံခါးပွင့်နေပေသည်။

တံခါးပွင့်နေသော အခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ ဂျူနီကာက ကျွန်ုပ်ကို ပြုံးစေ့စေ့ အမူအရာဖြင့် ကြည့်ရင်း

"ဟောဒီ အခန်းထဲမှာများ လီဗီယာတို့အတွဲ ရှိကြမလား မသိဘူး။ ကျွန်မတို့ ဝင်ကြည့်ရအောင်"ဟု ခပ်မြူးမြူးပြောလိုက်ရာ ကျွန်ုပ်က

"ဟုတ်တယ်။ ဝင်ကြည့်ကြတာပေါ့"ဟု ပြောလိုက်သည်။

အခန်းတွင်းသို့ရောက်သည်နှင့်တပြိုင်နက် ဂျူနီကာလည်း တခစ်ခစ် ရယ်မောပြီး ကျွန်ုပ်ကို အတင်းလာဖက်ပါတော့သည်။

ထိုအခိုက်တွင် 'မိမိအပေါ်သို့ ကျရောက်လာအံ့သော အန္တရာယ်ဘေး ဆိုးမှ လွတ်မြောက်အောင် ကာကွယ်နိုင်မည့် နည်းလမ်းတို့ကို ရှာဖွေဆောင်ရွက် ခြင်းမပြုဘဲ၊ အချစ်ဆုံး ကျောင်းနေဖက် သူငယ်ချင်း၏ ဇနီးသည်နှင့် ဖောက် ပြန်မှားယွင်းသော အမှုကို ပြုနေမိပါတကား'ဟုလည်း ဖျတ်ခနဲ တွေးမိပါ သည်။

'ကျွန်ုပ်တို့ ခေတ်ကာလက လူများအားလုံးကား အကျင့်စာရိတ္တ ပျက်စီးယိုယွင်းကာ ရူးသွပ်နေကြသော အရူးများသာ များလှပေသည်။ ကျွန်ုပ် ကား ပို၍ အကျင့်စာရိတ္တ ပျက်စီးယိုယွင်းပြီး ပို၍ ရူးသော အရူးတစ်ယောက် ပါတကား'ဟုလည်း ဆင်ခြင်တွေးတောမိပါသည်။

ထိုနေ့ည အချိန်မတော်ကြီးတွင် ကျွန်ုပ်၏ စံအိမ်တော်တံခါးမကြီး ကို ဓားနှောင့်ဖြင့် တဝုန်းဝုန်းထုသံနှင့်အတူ ကျွန်ုပ်၏ အမည်ကို တကြော် ကြော် ဟစ်အော်ခေါ်သံတို့ ရုတ်တရက် ထွက်ပေါ်လာပါသည်။ ထို့ကြောင့် လူယုံတော်ကြီး ဗြိတိကပ်လည်း တံခါးမကြီးကို တုန်တုန်ရီရီဖြင့် ဖွင့်ပေးလိုက် ရာ ဘုရင်ခံချုပ် ဖလာဗီးယပ်၏ ကိုယ်ရံတော်တပ်မှ စစ်ဗိုလ်တစ်ဦးလည်း ခန့်ထည် တည်ငြိမ်သော အမူအရာဖြင့် ဝင်ရောက်လာပြီး ကျွန်ုပ်ကို စာသဝဏ် လွှာတစ်စောင် ကမ်းပေးပါသည်။

ကျွန်ုပ်လည်း ချိပ်တံဆိပ်ကို ခွာပြီး ဖတ်ကြည့်လိုက်ရာ ထိုစာသဝဏ် လွှာ၌ 'ရောမဧကရာဇ်ကို တော်လှန်ပုန်ကန်ရန် ကြံစည်မှု၊ ရောမအင်ပါယာ၏ အေးချမ်းသာယာမှုကို ဖျက်ဆီးရန် ကြံစည်မှု၊ ဘုရင်ခံချုပ် ဖလာဗီးယပ်ကို နန်းမှ ဖြုတ်ချရန် ကြံစည်မှု'တို့ဖြင့် ကျွန်ုပ်ကို စွပ်စွဲထားပြီး 'ကျွန်ုပ်၏ စာရွက် စာတန်းများကို စစ်ဆေးရှာဖွေရန်အတွက် ရှာဖွေရေးအဖွဲ့ကို စေလွှတ်ရခြင်း ဖြစ်ကြောင်း'ဖော်ပြထားသည်။

ထိုအခါ ကျွန်ုပ်က 'စွပ်စွဲချက်များအားလုံးမှာ မဟုတ်မမှန်ကြောင်း၊ ထို့ကြောင့် အရှာအဖွေ မခံနိုင်ကြောင်း'ပြောကြား ငြင်းဆန်လိုက်ပါ၏။ သို့

သော် ရှာဖွေရေးအဖွဲ့ကား ကျွန်ုပ်ငြင်းဆန်နေသည့်ကြားမှ ကျွန်ုပ်၏ အလုပ်စားပွဲသို့ အတင်းသွားပြီး စာရွက်စာတမ်းများကို သိမ်းကျုံးပြီး အဝတ်စကြီးတစ်ခုဖြင့် ထုပ်ယူနေကြသည်။ ထိုသို့ ထုပ်ပိုးပြီးသောအခါ ကိုယ်ရံတော်စစ်ဗိုလ်က

"ကျုပ်တို့ ရှာဖွေတဲ့အခါမှာ အရှာအဖွေ မခံနိုင်ဘူးလို့ ငြင်းဆန်တဲ့အကြောင်းကို အထက်ကို အစီရင်ခံရလိမ့်မယ်"ဟု ပြောကြားရာ၊ ကျွန်ုပ်က မထီတရီ ပြုံးရင်း

"အစီရင်ခံချင်သလောက်ခံပါ။ ကျုပ်မမှုပါဘူး။ ကျုပ်ကလည်း ကျုပ်အတန်တန် တားမြစ်နေတဲ့ကြားက ကျုပ်စာရွက်စာတမ်းတွေကို အတင်းအဓမ္မသိမ်းယူသွားတဲ့အကြောင်းကို ရောမဧကရာဇ် ဟောနိုးရီးယပ်ထံ ကျုပ်ကိုယ်တိုင်သွားပြီး တိုင်ကြားမယ်။ ဒီနေ့ထွက်မယ့် သင်္ဘောနဲ့ ရောမရွှေမြို့တော်ကို လိုက်သွားမယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကိုယ်ရံတော် စစ်ဗိုလ်က အံ့အားသင့်သော အမူအရာဖြင့် ကျွန်ုပ်ကို ငေးကြည့်ပြီးမှ

"ခင်ဗျားဟာ အကျွပ်ညှပ်ခံရတဲ့ ရောမစစ်သေနာပတိ စတီလီချိုရဲ့ လက်အောက်မှာ နှစ်ပေါင်းများစွာ အမှုထမ်းခဲ့တဲ့သူပဲ၊ ဒီတော့ စတီလီချိုရဲ့ တပည့်ရင်းဖြစ်တဲ့ ခင်ဗျားရဲ့ ကိစ္စကို ရောမဧကရာဇ်က ကူညီဆောင်ရွက်ပေးပါ့မလား"ဟု ပြောကြားကာ စစ်သည်တော်များနှင့်အတူ ပြန်လည်ထွက်သွားသည်။

ကိုယ်ရံတော်စစ်ဗိုလ်လေး ပြောကြားသွားသည့် စကားကားမှန်လေစွ။ ကျွန်ုပ်ကား ရောမစစ်သေနာပတိ စတီလီချို၏ တပည့်ရင်းတစ်ယောက်ဖြစ်သည့်အတွက် ရောမဧကရာဇ် ဟောနိုးရီးယပ်သည် ကျွန်ုပ်၏ ကိစ္စကို ကူညီဆောင်ရွက်မည်မဟုတ်ပေ။ မကူညီမဆောင်ရွက်ရုံသာမက ရောမရွှေမြို့တော်သို့ ခြေချမိသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ ဆရာရင်း ရောမစစ်သေနာပတိ စတီလီချိုနည်းတူ ကျွန်ုပ်ကို ဖမ်းပြီး သုတ်သင်သတ်ဖြတ်မည်သာ ဖြစ်တော့သည်။ ဤလန်ဒီးနီးယမ်းမြို့တော်၌ ဆက်၍ နေပါကလည်း ဘုရင်ခံချုပ်ဖလာဗီးယပ်က ကျွန်ုပ်ကို အပြစ်ရှာပြီး အပြစ်ပေးမည်မှာ သေချာလှသည်။ ထို့ပြင် လန်ဒီးနီးယမ်းမြို့တော်ကို ထွက်ခွာ၍ သွားပါကလည်း ညီမတော်မင်းသမီးလေး အီဒိန်းကို အပါမဆောင်ကျဉ်းနိုင်သည့်အတွက် ဘုရင်ကာရာနေ့အပါအဝင် တိုင်းရင်းသားလူမျိုးစုတို့ကလည်း ကျွန်ုပ်ကို သတ်ဖြတ်ပစ်မည်မှာ သေချာနေတော့သည်။

ကျွန်ုပ်အဖို့ မလူးသာမလွန့်သာ မလှုပ်သာသော အကြပ်အတည်း

အခက်အခဲကို ရင်ဆိုင်နေရပေပြီ။ သို့သော် ထိုအကြပ်အတည်း အခက်အခဲမှ လွတ်မြောက်နိုင်မည့် လမ်းစကား ရှိပါသေး၏။ ထိုလမ်းစကား ဘုရင်ခံချုပ်ကတော် ကော်နီလီယာကို အမြန်ဆုံးသွားတွေ့ကာ ကော်နီလီယာ၏ အကြံဉာဏ်ကို သဘောတူလက်ခံပါကြောင်း ပြောကြားခြင်းပင်ဖြစ်ပါ၏။ ထို့နောက် ဘုရင်ခံချုပ်ဖလာဗီးယပ်ကို လုပ်ကြံသတ်ဖြတ်ပြီး မိမိကိုယ် မိမိ ဗြိတိန်ကျွန်းစု၏ ဘုရင်ခံချုပ်အဖြစ် ကြေညာရမည်။ ထို့နောက် ရောမစစ်သည်တော်များကို ဦးဆောင်ပြီး ရောမရွှေမြို့တော်ကို ဝိုင်းရံတိုက်ခိုက်ရမည်။ ထို့နောက် ရောမဧကရာဇ် ဟောနိုးရီးယပ်ကို သုတ်သင်ပြီး ရောမဧကရာဇ်အဖြစ် ခံယူရမည်။

ကျွန်ပ်လည်း ကိုယ်ရံတော် စစ်ဗိုလ်လေး ထွက်ခွာသွားပြီးနောက်၊ တစ်ယောက်တည်း ငေးငိုင်ကာ ရှေ့ရေးကို စဉ်းစားတွေးတောနေမိသည်။ ထို့နောက် မိမိ၏ ဘဝကံကြမ္မာကို တွေးကာ ခြောက်ကပ်ကပ်အသံကြီးဖြင့် ရယ်မောပြီး အိပ်ခန်းရှိရာသို့ ပြန်လျှောက်လာခဲ့သည်။ ထိုအခိုက်တွင် လူယုံတော်ကြီး ဗြိတကပ်နှင့် အိမ်တော်ကျွန်များလည်း ကြောက်ရွံ့တုန်လှုပ်သော အမူအရာဖြင့် ကျွန်ပ်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

ကျွန်ပ်၏ အိပ်ခန်းသို့ရောက်သောအခါ ကုတင်ပေါ်၌မှောက်ပြီး အီဂျစ်သူ မိန်းမလှလေး မီနာရှိုက်ငိုနေသည်ကို တွေ့ရသည်။ ကျွန်ပ်ကို မြင်သောအခါ မီနာက မျက်ရည်တတွေတွေ စီးကျနေရာမှ

"သခင်ရယ် . . . ကျွန်မစိတ်တွေ လေးလံလိုက်တာ။ အိပ်မက်ဆိုးတွေလည်း မက်နေပါတယ်။ သခင့်အပေါ်ကို မကောင်းတဲ့ ဘေးဆိုးအန္တရာယ်ဆိုးတော့ ကျတော့မယ်ထင်ပါရဲ့ သခင်မရှိရင် ကျွန်မဟာ သခင်သစ်ရဲ့ လက်ထဲကို ရောက်တော့မှာပဲ။ အဲဒီ သခင်သစ်ကလည်း ကျွန်မကို သခင့်လို သနားကြင်နာမှာ မဟုတ်ဘူး၊ ရက်စက်မှာ၊ နှိပ်စက်မှာပါ၊ ဒါကြောင့် သခင်မရှိရင် ဟောဒီ လောကကြီးမှာ ကျွန်မတစ်ယောက်တည်း မနေတော့ပါဘူး။ သခင့်နောက်ကိုပဲ ကျွန်မလိုက်ခဲ့ပါတော့မယ်"ဟု ပြောကြားရာ၊ ကျွန်ပ်က မီနာ၏ ကျောကို သပ် ရင်း

"မစိုးရိမ်ပါနဲ့ အချစ်လေးရယ်။ မင်းကိုခွဲပြီး သခင်တစ်ယောက်တည်း မသွားပါဘူးကွယ်။ မရဏပြည်ကို သခင်သွားရင်လည်း မင်းကို ခေါ်သွားပါ့မယ်"ဟု ဖြေသိမ့်လိုက်ရပါတော့သည်။

## ၁၁

# အမှု စစ်ဆေး ဆုံးဖြတ်ခြင်း

အချိန်ကားနေ့လယ်ခင်းဖြစ်ပြီး၊ နေရာကား ဘုရင်ခံချုပ် ဖလာဗီးယပ်၏ စံနန်းတော်အတွင်းရှိ တရားစီရင်ရာခန်းမကြီး၌ ဖြစ်သည်။ ထိုခန်းမကြီးတွင်းသို့ ကျွန်ုပ်ဝင်ရောက်လာချိန်၌ အခန်းတစ်ခုလုံး လူသူပရိသတ်တို့ဖြင့် ပြည့်ညပ်ပြွတ်သိပ်နေပြီး၊ တရားစီရင်ရာ ပလ္လင်ထက်၌ ဖလာဗီးယပ်သည် ခန့်ခန့်ကြီး ထိုင်နေလေသည်။ အပါးရှိ ထိုင်ခုံထက်၌ ကော်နီလီယာသည် နွဲ့နွဲ့လေး ထိုင်နေသည်။

ကျွန်ုပ်ဝင်ရောက်ချိန်တွင် အိမ်တော်ကျွန်နှစ်ယောက်သည် ကျွန်ုပ်စံအိမ်တော်မှ သိမ်းယူသွားသော သက်သေခံ စာရွက်စာတမ်းများကို သယ်ယူလာကြပြီးနောက်၊ ဘုရင်ခံချုပ်၏ရှေ့၌ သစ်သားစားပွဲနက်ကြီးပေါ်သို့ အသာတင်လိုက်ကြသည်။ ထိုအခိုက်တွင်ပင် ဝတ်ရုံဖြူကို ဆင်မြန်းထားသော အစိုးရရှေ့နေကြီးသည် ဘုရင်ခံချုပ်၏ ရှေ့တော်မှောက်သို့ ကြွကြွ ကြွကြွနှင့် လျှောက်လာပြီးနောက်၊ ဟန်ပါပါနှင့် ဦးညွတ် အရိုအသေပြုလိုက်သည်။

အစိုးရရှေ့နေကြီးကား တရားဥပဒေရေးရာနှင့် ပတ်သက်၍ ပြိုင်ဘက်ကျွန်း၌ အတော်ဆုံးဟု နာမည်ကျော်နေသော **နီစီယပ်** ပင် ဖြစ်သည်။ ရှေ့နေကြီး နီစီယပ်လည်း ကျွန်ုပ်ကို စေ့စေ့ကြည့်ပြီးနောက်

"မားကပ် မာရီယန်၊ ခင်ဗျားရဲ့ စံအိမ်တော်ကို ရှာဖွေပြီး ခင်ဗျား စာရွက်စာတန်းများကို သိမ်းဆည်းသွားတယ်လို့ ခင်ဗျား ဆိုခဲ့တယ်။ ဟောဒီ စာရွက်စာတန်းတွေဟာ ခင်ဗျား စံအိမ်တော်က သိမ်းသွားတယ်ဆိုတဲ့ စာရွက်

စာတန်းများ ဟုတ် မဟုတ်ကို သေသေချာချာ ကြည့်ပေးစမ်းပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကျွန်ုပ်လည်း စားပွဲပေါ်မှ စာရွက်စာတန်းများ အားလုံးကို တစ်ရွက်ချင်း စေ့စေ့စပ်စပ် ကြည့်ရှုလိုက်သည်။ စာရွက်စာတန်းများ အားလုံးပင် ကျွန်ုပ်ထံမှသိမ်းသွားသောစာရွက်စာတန်းများ မဟုတ်ကြပါပေ။ ကျွမ်းကျင်လိမ်မာစွာဖြင့် အတုပြုလုပ်ထားသော စာရွက်စာတန်းတုများ ဖြစ်ကြပါပေ၏။

ထို့ကြောင့် ကျွန်ုပ်က

"ဒီစာရွက်စာတန်းတွေဟာ ကျွန်ုပ်ဆီက သိမ်းသွားတဲ့ စာရွက်စာတန်းတွေ မဟုတ်ဘူး။ အားလုံး အတုအလိမ်တွေချည်းပဲ"ဟု ပြောကြားလိုက်ရာ၊ ရှေ့နေကြီး နီစီယပ်က သိမ်မွေ့သော အမူအရာဖြင့်

"ဒါဖြင့် စာရွက်စာတန်းတွေကို ရှာဖွေသိမ်းဖို့ တာဝန်ကျတဲ့ ကိုယ်ရံတော် စစ်ဗိုလ်လေး လာရောက်ပြီး အစီရင်ခံပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ အသင့်စောင့်ဆိုင်းနေသော ကိုယ်ရံတော် စစ်ဗိုလ်လေး ရှေ့သို့ တိုးလာပြီးနောက်၊ 'ယခု တင်ပြထားသော စာရွက်စာတန်းများအားလုံးမှာ ကျွန်ုပ်၏ စားပွဲမှ ရှာဖွေ သိမ်းဆည်းလာခဲ့သော စာရွက်စာတန်းများအားလုံး ဖြစ်ပါကြောင်း' ပြောကြား အစစ်ခံသည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း ရန်သူတော်ကြီးဖြစ်သော တပ်ပေါင်းဗိုလ်ချုပ် တီတပ်ကို တရားစီရင်ရာခန်းမကြီး၌ ရှိ မရှိ မသိမသာ စောင်းငဲ့ကြည့်လိုက်မိသည်။ ထိုအခါ ကျွန်ုပ်၏ စိတ်ထားကို အကဲခတ်မိဟန်တူသော ဘုရင်ခံချုပ် ဖလာဗီးယပ်က နှုတ်ခမ်းထူကြီးကို တွန့်ကာ

"တီတပ်ကို ရှာနေတာလား မားကပ်၊ တပ်ပေါင်းဗိုလ်ချုပ် တီတပ်ဟာ ရောမတပ်မဟာခြောက်ကို ဦးဆောင်ပြီး ဟာဒရီယန် တံတိုင်းကြီးကို ဒီနေ့မနက်မှာပဲ ချီတက်ထွက်ခွာသွားပါပြီ"ဟု ပြောကြားပြီးနောက်၊ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ထိုအခါ တရားစီရင်ရာ ခန်းမကြီးအတွင်းရှိ လူအချို့လည်း သံယောင်လိုက်ကာ ရယ်မောလိုက်ကြသည်။ လူအများစုမှာမူ အဘယ်ကြောင့် တပ်မဟာခြောက်ကို ဟာဒရီယန်တံတိုင်းကြီးရှိရာသို့ အဆောတလျင် စေလွှတ်လိုက်ကြောင်းကို သိရှိရိပ်စားမိကြသည်။

ရောမတပ်မဟာခြောက်ရှိ စစ်သည်တော်အားလုံးပင် သူရဲကောင်းကြီးအဖြစ် ကျွန်ုပ်ကို ကြည်ညိုလေးစားနေကြပေရာ၊ ကျွန်ုပ်ကို အပြစ်ဒဏ်ပေးပါက လက်ပိုက်ကြည့်နေကြမည်မဟုတ်။ ဘုရင်ခံချုပ်ကိုပင် အာခံရန်ပြုကြမည်ဖြစ်သည်။ ထို့ကြောင့်လည်း ဘုရင်ခံချုပ် ဖလာဗီးယပ်သည် စိတ်မချရ

သော တပ်မဟာခြောက်ကို လန်ဒီးနီးယမ်းမြို့တော်တွင် မထားဘဲ ဟာဒရီယန် တံတိုင်းကြီးရှိရာသို့ အချိန်မီ စေလွှတ်လိုက်ခြင်း ဖြစ်သည်တကား။

ကျွန်ုပ်လည်း ဉာဏ်များလှသော ဖလာဗီးယပ်ကိုစေ့စေ့ကြည့်လိုက်ရာ ဘုရင်ခံချုပ် ဖလာဗီးယပ်လည်း အောင်ပွဲခံရသော သူ၏မျက်နှာထားမျိုးဖြင့် ကျွန်ုပ်ကို ခပ်ပြုံးပြုံး ပြန်ကြည့်နေသည်။

ထိုနေ့မှစ၍ ကျွန်ုပ်၏အမှုကို ဆက်တိုက်စစ်လာခဲ့ရာ၊ ငါးရက်မြောက်သောနေ့တွင် ရောက်လာခဲ့ပေပြီ။ အမှုစစ်နေချိန်တွင် အစောင့်စစ်သည်များ ခြံရံပြီး တရားစီရင်ရာခန်းမသို့လာရသော်လည်း အမှုစစ်ပြီးသော ကျန်အချိန်များတွင်မူ ကိုယ့်အိမ်ကိုယ့်ယာ၌ပင် နေခွင့်ရပေသည်။ သို့သော် ကျွန်ုပ်၏စံအိမ်တော်၌ စစ်သည်အစောင့်များ ချထားပြီး လူအဝင်အထွက်ကို စစ်ဆေးစောင့်ကြပ်နေကြပေသည်။

ငါးရက်မြောက်သောနေ့တွင်မူ ကျွန်ုပ်ခုခံကာကွယ်လျှောက်လဲနေသည့်ကြားမှ ရှေ့နေကြီး နီစီယပ်က ကျွန်ုပ်ကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် စွဲချက်အမျိုးမျိုး တင်ပါတော့သည်။ ဖလာဗီးယပ်လည်း ရှေ့နေကြီး နီစီယပ်၏ စွဲချက်များကို စိတ်ဝင်စားစွာ နားထောင်နေပြီးမှ ကျွန်ုပ်ကို အေးစက်မာကျောသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ပြီးနောက်

"ဒီမှာ မားကပ်။ ခင်ဗျားဟာ နိုင်ငံတော် သစ္စာဖောက်မှုကို အမှန်တကယ်ကျူးလွန်ခဲ့ကြောင်း ထင်ရှားပေါ်လွင်နေတယ်။ ဒီအတွက် ခင်ဗျားကို ထိုက်သင့်တဲ့ အပြစ်ဒဏ် စီရင်ချမှတ်ရလိမ့်မယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ တရားစီရင်ရာ ခန်းမကြီး၌ ရှိနေသော မိန်းမတစ်ယောက်က

"ဈေးကွက်လပ်မှာ တစ်ကိုယ်လုံး အဝတ်အစားချွတ်ပြီး ကြိမ်ဒဏ်ပေးပြီး သတ်ပါ"

ဟု ဟစ်အော်လိုက်ပြီး၊ အခြားမိန်းမတစ်ယောက်က

"မဟုတ်သေးဘူး။ အရီနာတိုက်ပွဲကွင်းကြီးမှာ ဓားသမားတွေနဲ့ ယှဉ်ပြီးသေတဲ့အထိ အတိုက်ခိုင်းပါ"

ဟု ဟစ်အော်ပြောကြားသည်။

ထိုအခိုက်တွင် ဖလာဗီးယပ်လည်း အပေါ်းရှိ ကော်နီလီယာကို ပြုံးကြည့်လိုက်ပြီး

"ခင်ရေ . . . ခင်ဟာ မောင်တော်နဲ့အတူ ဗြိတိန်ကျွန်းကြီးကို ပူးတွဲအုပ်ချုပ်နေတဲ့သူ ဖြစ်တယ်။ ဒီတော့ မားကပ်ကို ဘယ်လို အပြစ်ဒဏ်ပေးသင့်

သလဲ။ မောင်တော်ကို အကြံပေးစမ်းပါဦး"ဟု ပြောကြားလိုက်ရာ၊ ကော်နီလီယာက တည်ငြိမ်အေးစက်သော မျက်လုံးအစုံဖြင့် အတန်ကြာအောင် ကျွန်ပ်ကို စိုက်ကြည့်နေသည်။ ထို့နောက်

"နိုင်ငံတော် သစ္စာဖောက်မှုကို ကျူးလွန်တဲ့သူမှန်ရင် နိုင်ငံတော် သစ္စာဖောက်မှုအတွက် ကျခံသင့်တဲ့ အပြစ်ဒဏ်ကို ကျခံရမှာပေါ့ မောင်တော်" ဟု ပြောကြား အကြံပေးလိုက်ရာ၊ ဖလာဗီးယပ်က ပြုံးပြီး

"ဟုတ်တယ်၊ နိုင်ငံတော် သစ္စာဖောက်မှုအတွက် ကျခံသင့်တဲ့ အပြစ်ဒဏ်ကို မားကပ်ကျခံရလိမ့်မယ်"ဟု ပြောကြားလိုက်သည်။

နိုင်ငံတော်သစ္စာဖောက်မှုအတွက် ကျခံသင့်သော အပြစ်ဒဏ်ကား **'သေဒဏ်'**ပင် ဖြစ်ပါ၏။ ဘုရင်ခံချုပ် ဖလာဗီးယပ်ရော၊ ကော်နီလီယာတို့ နှစ်ဦးစလုံးပင် ကျွန်ပ်ကို သေဒဏ်အပြစ်ပေးချင်နေကြပါ၏။ သို့သော် . . . သို့သော် . . . ကျွန်ပ်မျိုးရိုးကား ရောမရွှေမြို့တော်၌ တန်ခိုးသြဇာကြီးမားလှသော မျိုးရိုးဖြစ်ရုံမက၊ ကျွန်ပ်ကို ချစ်ခင်လေးစားသူများလည်း အမြောက်အမြားရှိနေပေသည်။ ကျွန်ပ်ကိုသာ ဘုရင်ခံချုပ် ဖလာဗီးယပ်က 'သေဒဏ်' အပြစ်ပေးလိုက်ပါက လူအများပင် မကျေမနပ်ဖြစ်လာကြမည်။ ဆူပူအော်ဟစ်လာကြမည်မှာ သေချာလှပေသည်။ ထိုသို့ဖြစ်လာပါက ရောမဧကရာဇ် ဟောနိုးရီးယပ်သည် လူထု၏ ဆန္ဒကို လေးစားသောအားဖြင့် ဘုရင်ခံချုပ် ဖလာဗီးယပ်အား မေးမြန်းစစ်ဆေးပြီး အပြစ်ဒဏ်ပင် ပေးပေတော့မည်။ ထို့ကြောင့် ကျွန်ပ်ကို သေဒဏ်အပြစ်ပေးရေးသည် ဖလာဗီးယပ်နှင့် ကော်နီလီယာတို့အဖို့ စွန့်စားပြီး ဆောင်ရွက်ရမည့်အရေးပင်ဖြစ်တော့သည်။

ထိုအချက်ကို ကျွန်ပ်တွေးတောဆင်ခြင်မိသကဲ့သို့ ကော်နီလီယာလည်း တွေးတောဆင်ခြင်မိဟန်တူသည်။ ထို့ကြောင့် ကော်နီလီယာလည်း ဖလာဗီးယပ်ဘက်သို့ လှည့်ကာ

"မောင်တော်ရယ် . . . မားကပ်ကို အပြစ်ဒဏ်ပေးဖို့အရေးမှာ အိုက်နီအကြီးအကဲဆီက အကြံကောင်း ဉာဏ်ကောင်းရမယ်ဆိုရင် မောင်တော်အဖို့ သိပ်ကောင်းမှာပဲ။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ညီမတော်ကို ရအောင် မကယ်နိုင်တဲ့အတွက် အိုက်နီအကြီးအကဲက မားကပ်အပေါ် သိပ်ကို ဒေါသအမျက်ထွက်နေမှာကိုး"ဟု ပြောကြားလိုက်သည်။

ထိုအခါ ဖလာဗီးယပ်လည်း ကော်နီလီယာ၏ စကားအသွားအလာကို ရိပ်စားမိသွားပြီး၊ စိတ်သက်သာရာရဟန်ဖြင့် အားရပါးရ ပြုံးလိုက်သည်။

ထိုအခိုက်တွင် ကော်နီလီယာလည်း ကျွန်ပ်ကို အငြိုးကြီးကြီးဖြင့် မုန်းတီးစက်ဆုပ်စွာ စိုက်ကြည့်နေသည်။ ထိုနောက် မထီတရီပြုံးကာ

"ဒီမှာ မားကပ်။ ဗြိတိန်ကျွန်းက တိုင်းရင်းသား လူမျိုးစုတွေရဲ့ ယဇ်နတ်ဆရာကြီးတွေဟာ သူတို့ရဲ့ နတ်ဘုရားတွေကို ပူဇော်တဲ့အနေနဲ့ လူသားတွေကို သံလျှောင်အိမ်ထဲထည့်ပြီး အရှင်လတ်လတ် မီးမြှိုက်သတ်တယ် ဆိုတာ အမှန်ပဲလား"

ဟု မေးလိုက်ရာ၊ ကျွန်ုပ်က "အမှန်ပါပဲ" ဟု ဖြေလိုက်သည်။

ထိုအခါ ကော်နီလီယာက အသာပြုံးလိုက်ပြီး

"ပြီးတော့ ယဇ်ကောင်ဖြစ်တဲ့ လူသားတွေကို မြေကြီးပေါ် ကားကြက်သလို ခြေရောလက်ပါ လေးဖက်လေးတန် တုပ်နှောင်ထားတယ်။ ပြီးတော့ အဲဒီလူသားရဲ့ ဗိုက်ပေါ်ကို အစာငတ်နေတဲ့ ကြွက်တစ်ကောင်တင်ပြီး အပေါ်က ကြေးအိုးကြီး အုပ်ထားတယ်။ အဲဒီကြေးအိုးကြီးအပေါ်ကလည်း မီးကျီးခဲတွေ တင်ထားတယ်။ ဒါကြောင့် ကြေးအိုးအောက်မှာ လှောင်ပိတ်ခံရတဲ့ ကြွက်ဟာ ကြောက်လန့်တကြား ပြေးပေါက်ရှာတဲ့အနေနဲ့ အဲဒီလူသားရဲ့ ဗိုက်သားကို ကိုက်ဖြတ်တတ်တယ်။ ဒီလိုနည်းမျိုးနဲ့လည်း လူသားတွေကို ယဇ်ပူဇော်တယ် ဆိုတာ အမှန်ပဲလား"ဟု ထပ်မံ မေးပြန်သည်။

ထိုအခါ ကျွန်ုပ်က ရုတ်တရက်မဖြေဘဲ နှုတ်ဆိတ်နေလိုက်ရာ ဖလာဗီးယပ်က

"အကျဉ်းသား ဖြေစမ်း။ အဲဒါဟာ အမှန်ပဲလား"ဟု ဒေါသတကြီး မေးလိုက်ရာ၊ ကျွန်ုပ်က

"အမှန်ပါပဲ"ဟု ဖြေလိုက်သည်။ ဤတွင် ဖလာဗီးယပ်လည်း ကိုယ်ကို မတ်မတ်ကြီး ပြင်ထိုင်လိုက်သည်။ ထို့နောက် ခန့်ထယ်သော အမူအရာဖြင့်

"နိုင်ငံတော်အား သစ္စာဖောက်သည့်အဖြစ်ကို ကျူးလွန်သော အသင်မားကပ် ဩရီယပ် ဗာရီယန်။ မောင်မင်း၏ ပြစ်မှုအတွက် ကျွန်ုပ်တရားစီရင်ပေတော့အံ့။ နားဆင်လော့။ မောင်မင်းအား ကျွန်ုပ်သည် သေဒဏ်အပြစ်မပေးလို။ ပြည်နှင်ဒဏ်သာ ပေးပါအံ့။ မောင်မင်းသည် ယနေ့နေဝင်ချိန်ကို နောက်ဆုံးထားပြီး လန်ဒီးနီးယမ်းမြို့တော်မှ ထွက်ခွာသွားလော့။ ထိုသို့ ထွက်ခွာသွားချိန်၌ မည်သည့် ဥစ္စာပစ္စည်းကိုမှ ယူဆောင်မသွားရ။ ယခု ဝတ်ဆင်ထားသော အဝတ်အစားနှင့်သာ ထွက်ခွာသွားရမည်။ နိုင်ငံတော်အား သစ္စာဖောက်သည့် မောင်မင်းပိုင်ဆိုင်သမျှသော ဥစ္စာပစ္စည်းအားလုံးကို နိုင်ငံတော်က သိမ်းယူခွင့်ရှိလေရာ၊ မောင်မင်း၏ ဥစ္စာပစ္စည်းအားလုံးကို ကျွန်ုပ် စာရင်းဇယားနှင့်တကွ သိမ်းယူပြီးနောက် ရောမဧကရာဇ် ဟောနိုးရီးယပ်ထံသို့ သွားရောက်ပို့ဆက်ပါအံ့"ဟု စီရင်ချက်ချမှတ်လိုက်သည်။ ထို့နောက် ကျွန်ုပ်ကို ခပ်ပြုံးပြုံးကြည့်ရင်း

"အိုဘယ့် မိတ်ဆွေဟောင်းကြီး မားကပ်၊ နေမဝင်အချိန်အထိတော့ လန်ဒီးနီးယမ်းမြို့တော်မှာ နေခွင့်ရှိပါသေးတယ်"ဟု ခပ်ထေ့ထေ့ပြောလိုက်သည်။

ဘုရင်ခံချုပ် ဖလာဗီးယပ်ကား ကောက်ကျစ်စဉ်းလဲသည်နှင့်အမျှ လိမ္မာပါးနပ်ပါပေစွ။ ကျွန်ုပ်ကို သေဒဏ်မပေးရဲသည့်အတွက် အိုက်နီတို့၏ လက်တွင်း၌ အသေဆိုးနှင့် သေဆုံးရလေအောင် ပြည်နှင်ဒဏ်ပေးလိုက်ခြင်းသာ ဖြစ်သည်တကား။ ထိုသို့ ပြည်နှင်ဒဏ်ပေးသည့်အတွက် မိမိအပေါ်သို့ ရောမကေရာဇ် ဟောနိုးရီးယပ် အမျက်မထွက်ရလေအောင် ကျွန်ုပ်ပိုင်သမျှသော ဥစ္စာပစ္စည်းတို့ကို ပေးဆောင်ခြင်းဖြင့် မျက်တော်ဖြေခြင်းသာ ဖြစ်သည်တကား။

တရားစီရင်ရာ ခန်းမကြီးမှာ ကျွန်ုပ်၏ စံအိမ်တော်သို့ ကျွန်ုပ်လည်း လေးကန်သော ခြေလှမ်းဖြင့် လျှောက်လာခဲ့သည်။

စံအိမ်တော်ရှိ ကျေးကျွန်များအားလုံးပင် ယနေ့နံနက်၌ ကျွန်ုပ်၏ အမှုကို အပြစ်ဒဏ်စီရင်တော့မည်ဖြစ်ကြောင်း သိရှိနေခဲ့ကြသည်။ ဘုရင်ခံချုပ် ဖလာဗီးယပ်၏ စံနန်းတော်ရှိ အိမ်တော်ကျွန်တစ်ယောက်ထံမှ ကြိုတင် ကြားရသော သတင်းကြောင့် 'ကျွန်ုပ်ကို စီရင်မည့် ပြစ်ဒဏ်မှာ သေဒဏ်ဖြစ်လိမ့်မည်' ဟုလည်း သိရှိယုံကြည်နေကြသည်။ ထို့ကြောင့် တရားစီရင်ရာခန်းမကြီးသို့ ကျွန်ုပ်ထွက်ခွာချိန်တွင် စံအိမ်တော်ရှိ ကျေးကျွန်များအားလုံးပင် မျက်စိပျက် မျက်နှာပျက် ဖြစ်နေကြသည်။ သဘောသဘာဝ ကောင်းလှသော ကျွန်ုပ်၏ လက်တွင်းမှ သဘောသဘာဝ ဆိုးသောသူ၏ လက်တွင်းသို့ ကျရောက်ရမည့် အဖြစ်ကိုလည်း တွေးတောပူပန်နေကြဟန်ရှိသည်။

စံအိမ်တော်အပါးသို့ ကျွန်ုပ်ရောက်ချိန်၌ တစ်အိမ်လုံး တိတ်ဆိတ် ငြိမ်သက်နေသည့်အဖြစ်ကို တွေ့ရှိရသည်။ ထို့ကြောင့် ရင်ထဲ၌ ဒိတ်ခနဲ ခုန်သွားပြီး စံအိမ်တော်တွင်းသို့ ဒရောသောပါး ဝင်ရောက်လာခဲ့ရာ၊ လနတ်ဖုရားမ ဒိုင်ယာနာ၏ ရုပ်တုတော် ပလ္လင်ရှေ့တွင် လဲကျသေဆုံးနေသော လူယုံတော်ကြီး ဗြိတိကပ်ကို တွေ့မြင်ရသည်။ ဗြိတိကပ်၏ ရင်ညွန့်တွင်း၌ ကျွန်ုပ် လက်ဆောင်ပေးထားသော ငွေရိုးတပ် ဓားမြှောင်သည် စိုက်ဝင်နေသည်တကား။

ကျွန်ုပ်လည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် ဆက်လက်လျှောက်လာခဲ့ရာ၊ စားတော်ဆောင်အတွင်း၌ အဆိပ်သောက်ကာ သေဆုံးနေကြသော အိမ်တော်ကျွန် ဟော့တီးယားနှင့် လူစီကန်တို့ကိုလည်းကောင်း၊ ကျောဝတွင် ဓားတန်းလန်းနှင့် လဲကျသေဆုံးနေသော ပရီမိုကိုလည်းကောင်း တွေ့ရပေသည်။ အိမ်တော်ကျွန် ပရီမိုကား ကိုယ့်ကိုယ်ကို မသတ်သေဝံ့သောကြောင့် တစ်စုံ

တစ်ယောက်၏ အကူအညီကို ယူကာ လူ့ဘဝကို စွန့်ခွာသွားခြင်း ဖြစ်ဟန်တူပေသည်တကား။

ကျွန်ုပ်၏ စက်ခန်းဆောင်သို့ ရောက်သောအခါတွင်မူ အိပ်ရာညောင်စောင်းထက်၌ လဲလျောင်းအိပ်စက်နေဟန်ဖြင့် သေဆုံးနေသော ကျွန်ုပ်၏ အချစ်တော် အီဂျစ်သူမိန်းကလေး မီနာကို တွေ့မြင်ရသည်။ မီနာကား လူ့ဘဝကို မည်သည့်နည်းဖြင့် စွန့်ခွာသွားကြောင်း ကျွန်ုပ်မသိရပေ။ ကျွန်ုပ်ထင်အားဖြင့် အဆိပ်တစ်မျိုးသောက်ကာ လူ့ဘဝကို စွန့်ခွာသွားခြင်းဖြစ်သည်ဟု မှတ်ယူရသည်။ ဤသို့ လူ့ဘဝကို စွန့်ခွာသွားသည့်တိုင်အောင် မီနာ၏ ရုပ်ဆင်းသွင်ပြင်ကား ချောမောတင့်တယ် လှပဆဲပါတကား။ ထို့ပြင် မီနာ၏ မွတ်ညက်ထွေးအိနေသော ပါးပြင်ထက်၌လည်း မခြောက်သေးသော မျက်ရည်စတို့ တွဲခိုလျက် ရှိဆဲပါတကား။

ကျွန်ုပ်လည်း ကျွန်ုပ်အပေါ် အချစ်ကြီးချစ်ခဲ့သော မိန်းမလှလေး မီနာ၏ အဖြစ်ဆိုးကို အတန်ကြာအောင် တွေတွေကြီး ငိုင်ကြည့်နေမိခဲ့သည်။ ထိုအခိုက်တွင်ပင် နောက်ဘက်မှ ရှိုက်သံသဲ့သဲ့ကြားရသောကြောင့် အသာလှည့်ကြည့်လိုက်ရာ အခန်းထောင့်တစ်နေရာ၌ ခွေခွေလေး လဲနေသော မိန်းမချောလေး ဖွေးလက်ကို တွေ့မြင်ရသည်။

ဖွေးလက်၏ မျက်လုံးအစုံမှာ မျက်တောင်မခတ်ဘဲ ပြူးကြောင်ကြောင် ဖြစ်နေပေရာ၊ ကျွန်ုပ်လည်း 'မီနာနည်းတူ ဖွေးလက်လည်း လူ့ဘဝမှ အပြီးတိုင် စွန့်ခွာသွားခဲ့ပေပြီ"

ဟု မှတ်ထင်ယူဆမိသည်။

သို့သော် အတန်ကြာ အောင် စိုက်ကြည့်နေမိသောအခါ ဖွေးလက်၏ ကိုယ်လုံးလေး မသိမသာ လှုပ် နေသည်ကို တွေ့မြင် သတိပြုမိသည်။ ဤတွင် 'ကျွန်ုပ်စောစောက ကြားရသော ရှိုက်သံသဲ့သဲ့မှာ ဖွေးလက်၏ ရှိုက်သံပေတကား'ဟု တွေးမိပြီး ခွေခွေလေး လဲနေသော ဖွေးလက်အပါးသို့ လျှောက်သွားပြီး ကိုယ်ကို ပွေ့ထူလိုက်မိပေသည်။

ထိုအခါ ဖွေးလက်လည်း ကျွန်ုပ်ကို သနားစဖွယ် မော့ကြည့်ပြီးမှ ရှိုက်သံသဲ့သဲ့ဖြင့် "သခင်ရယ် ... ကျွန်မလေ မမီနာလိုပဲ လူ့ဘဝကို အပြီးတိုင် စွန့်ခွာ သွားချင်ပါတယ်။ ဒါပေမဲ့ ကျွန်မ . . . ကျွန်မ . . . ကိုယ့်ကိုယ်ကို သတ်ပြီး မသေနိုင်ပါဘူးရှင်၊ ကျွန်မကို ခွင့်လွှတ်ပါနော်။ ကျွန်မဟာ ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်နေပါတယ်။ ကျွန်မတို့ ဘာသာက ကိုယ့်ကိုယ်ကို သတ်သေတာကို ခွင့်မပြုပါဘူးရှင်"ဟု ပြောကြားတောင်းပန်ရာ၊ ကျွန်ုပ်လည်း ဖွေးလက်ကို ပိုက်ထွေးထားရာမှ

"သုခင့်ကိုတော့ ပြည်နှင်ဒဏ်ပေးလိုက်ပြီကွယ်။ သခင့်ရဲ့ ပစ္စည်းဥစ္စာအားလုံးကိုလည်း ဘုရင်ခံချုပ်က မင်းဘဏ္ဍာတော်အဖြစ် သိမ်းယူလိုက်ပါပြီ။ ဒီတော့ ဘုရင်ခံချုပ်ကတော် ကော်နီလီယာရဲ့ လက်ထဲကို မင်းပြန်သွားရလိမ့်မယ်"ဟု အမှန်အတိုင်း ပြောကြားလိုက်သည်။

ထိုအခါ မိန်းမချောလေး ဖွေးလက်လည်း ကျွန်ုပ်ကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ရင်း သည်းသည်းထန်ထန် ငိုကြွေးပါတော့သည်။ ထိုသို့ ငိုကြွေးနေရာမှ

"သခင်ရယ်၊ ဘုရင်ခံချုပ်ကတော်ဆီကိုတော့ ကျွန်မပြန်မသွားပါရစေနဲ့လားရှင်။ ဘုရင်ခံချုပ်ကတော် အကြောင်းကို သူ့ကျွန်ဖြစ်ခဲ့ဖူးတဲ့ လူတွေလောက် ဘယ်သူမှ တိတိကျကျ မသိပါဘူးရှင်။ ဘုရင်ခံချုပ်ကတော်ဟာ သိပ်ကို ရက်စက်၊ သိပ်ကို ယုတ်မာပါတယ်ရှင်။ သူ့လက်ထဲကို ကျွန်မရောက်သွားတာနဲ့ ကျွန်မကို နည်းမျိုးစုံနဲ့ ကမ်းကုန်အောင် ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းပါလိမ့်မယ်ရှင်"ဟု သနားစဖွယ် ပြောကြားအသနားခံပါတော့သည်။

ထိုအခိုက်တွင် ကျွန်ုပ်၏ ခေါင်းတွင်း၌ အတွေးတစ်ရပ် ဖျတ်ခနဲ ပေါ်ပေါက်လာသည်။ ထိုအတွေးကား 'ကျွန်ုပ်နှင့် ပတ်သက်၍ ချမှတ်ထားသော တရားစီရင်ချက်သည် ယနေ့ညနေ နေဝင်ပြီးသောအခါမှ တရားဝင် အတည်ဖြစ်လိမ့်မည်။ ယခုအတောအတွင်း၌ တရားဝင်အတည်မဖြစ်သေး။ ထို့ကြောင့် ယခုအချိန်တွင် ကျွန်ုပ်ပိုင်သော ပစ္စည်းဥစ္စာအားလုံးကို ကျွန်ုပ်စိတ်တိုင်းကျ ပြုဆောင်ခွင့်ရှိသည်'ဟူသော အတွေးပေတည်း။ ထို့ကြောင့် ကျွန်ုပ်လည်း ဖွေးလက်၏ ကျောပြင်ကို ပွတ်သပ်ဖြေသိမ့်နေရာမှ

"ထပါ ဖွေးလက်ရယ်။ ငိုမနေပါနဲ့တော့။ ပြည်နှင်ဒဏ်ကြောင့် ဟောဒီမြို့တော်က ကျုပ်မထွက်ခွာခင်လေးမှာ မင်းကို ကျွန်အဖြစ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါ့မယ်။ ပြီးတော့ ကျုပ်ပိုင်ဆဲဖြစ်တဲ့ ပစ္စည်းဥစ္စာတွေကိုလည်း မင်းသယ်ယူနိုင်သရွေ့ သယ်ယူသွားဖို့ ခွင့်ပေးခဲ့ပါ့မယ်။ ထကွယ် . . . ဖွေးလက်။ ကျုပ်ရဲ့ ဘဏ္ဍာတိုက်ကို ဖွင့်ပြီး အဖိုးတန်ကျောက်မျက်ရတနာတွေနဲ့ ရွှေပြားတွေကို မင်းသယ်နိုင်သမျှ သယ်ယူပေတော့"ဟု ပြောကြားလိုက်သည်။

ကျွန်ုပ်၏ စကားကို ကြားရသောအခါ ဖွေးလက်လည်း အလွန်အမင်း အံ့အားသင့်သွားဟန်ဖြင့် ကျွန်ုပ်ကို ငေးကြည့်ရင်း

"အို . . . သခင်ရယ်"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်ရာ၊

ကျွန်ုပ်က အသာပြုံးလိုက်ပြီး

"ဖွေးလက်ရေ . . . မင်းကို ကျွန်အဖြစ်က လွတ်မြောက်ခွင့်ပေး

ကြောင်းစာကို ကျုပ်အခုချက်ခြင်းရေးပါ့မယ်။ မင်းသာ ကျုပ်ပြောတဲ့အတိုင်း ဘဏ္ဍာတိုက်ကို သွားဖွင့်ပြီး အဖိုးတန်ကျောက်မျက်ရတနာတွေနဲ့ ရွှေပြားတွေကို သွားသယ်ပါကွယ်။ အေး . . . မင်းကိုလည်း ကျုပ်ကြိုတင်မှာကြား သတိပေးစရာ ရှိပါသေးပါတယ်။ အဲဒါကတော့ ဟောဒီ မြို့တော်မှာပဲ မင်းဆက်ပြီး နေလိုသေးရင်တော့ မင်းရဲ့အမည်ကို ချက်ချင်း ပြောင်းလိုက်ပါကွယ်။ ပြီးတော့ ကျုပ် ပေးသနားလိုက်တဲ့ ပစ္စည်းဥစ္စာတွေကို အရင်းအနှီးပြုပြီး ဆိုင်ကြီးတစ်ဆိုင် တည်ပါကွယ်။ ဒီလိုဆိုရင် မင်းရဲ့ဘဝရှေ့ရေးလည်း အေးအေးချမ်းချမ်း ဖြောင့်ဖြောင့်ဖြူးဖြူး သာသာယာယာရှိလိမ့်မယ်လို့ ကျုပ်ထင်ပါတယ်"ဟု ပြောကြားလိုက်ပေသည်။

ထိုအခါ ဖွေးလက်လည်း ကျွန်ုပ်၏ လက်နှစ်ဖက်ကို တမြတ်တနိုး ကိုင်ကာ အသာနမ်းလိုက်ပြီးနောက်

သခင့်ဘဝရှေ့ရေးလည်း သာယာဖြောင့်ဖြူးပါစေလို့ ကျွန်မ ဆုတောင်းလိုက်ပါတယ်ရှင်"ဟု ပြောကြားလိုက်ရာ၊ ကျွန်ုပ်က "သခင့်အတွက် ဆုတောင်းမနေပါနဲ့ကွယ်။ အေး မင်းဆုတောင်းချင်ရင်တော့ ဟောဒီဒုက္ခဘုံကြီးထဲက သခင်အမြန်ဆုံးလွတ်မြောက်ပါစေလို့ပဲ ဆုတောင်းပါတော့"ဟု ပြောကြားလိုက်သည်။

ထို့နောက် ကျွန်ုပ်လည်း စာရေးစားပွဲရှိရာသို့ လျှောက်သွားပြီး၊ ဖွေးလက်ကို ကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်း စာကို ထိုင်ရေးနေမိသည်။ ထိုအခိုက်တွင် 'ဘဝအခြေအနေပျက်စီးရှုံးနိမ့်ခြင်းကို ရင်ဆိုင်ကြုံတွေ့ရရှာသော ကျွန်ုပ်အနေနှင့် လူတစ်ယောက်၏ ဘဝနောင်ရေး သာယာဖြောင့်ဖြူးအောင် ပြုဆောင်နိုင်သေးသည့်အဖြစ်'ကို တွေးတောပြီး ကျေနပ်ပျော်ရွှင်နေမိပါသည်။ "မိန်းမချောလေး ဖွေးလက် အိုးအိမ်ထောင်ပြု၍ သားသမီးများ ထွန်းကားလာပါက ထိုသားသမီးတို့သည် ကျွန်ုပ်အား ထာဝရကျေးဇူးတင်ရှာပေလိမ့်မည်" ဟုလည်း တွေးတောနေမိသည်။

ဖွေးလက်အား ကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်စာကို ကျွန်ုပ်ရေးသားပြီးနောက် ဖွေးလက်၏ လက်တွင်းသို့ ထည့်ပေးလိုက်သည်။ ကျွန်ုပ်မှာကြားသည့်အတိုင်း အဖိုးတန်ကျောက်မျက်ရတနာများနှင့် ရွှေပြားများကို ထုပ်ပိုးသယ်ယူပြီးဖြစ်သော ဖွေးလက်လည်း ကျွန်ုပ်၏လက်မှ တုန်တုန်ရီရီနှင့် လှမ်းယူပြီးနောက် မျက်ရည်လည်ရွဲနှင့် ကျေးဇူးစကားကိုဆိုပြီး စံအိမ်တော်အတွင်းမှ လေးကန်သော ခြေလှမ်းဖြင့် တရွေ့ရွေ့ ထွက်ခွာသွားသည်။

မိန်းမချောလေး ဖွေးလက် ထွက်ခွာသွားသည်ကို ငေးကြည့်ပြီးနောက် ကျွန်ုပ်လည်း စံအိမ်တော်အတွင်းရှိ ကျွန်ုပ်၏ ဘိုးဘေးမိဘများ၏

ရုပ်တုများကိုလည်းကောင်း၊ လက်ရာမြောက်လှသော ပန်းပုရုပ်တုများကိုလည်းကောင်း၊ စိတ်ရှိလက်ရှိ ချေမွဖျက်ဆီးလိုက်သည်။

ထို့နောက် ကျွန်ုပ်တမြတ်တနိုး အစဉ်တစိုက် ကိုင်စွဲလာသော လက်သုံးတော် ဓားကို ကျောက်နံရံဖြင့် ရိုက်ပြီး ချိုးလိုက်ကာ ဓားကျိုးကို လွှင့်ပေါက်ချလိုက်သည်။ ထို့နောက် စံအိမ်တော်ကို ကျောခိုင်းကာ လန်ဒီးနီးယမ်းမြို့တော်တံခါးမှ ထွက်ခွာလာခဲ့ပါတော့သည်။

## ၁၂
## သေမင်းလက်တွင်းသို့

လန်ဒီးနီးယမ်း မြို့တော်တံခါးမကြီးမှ ထွက်ခွာလာခဲ့ပြီးနောက် ကျွန်ုပ်လည်း ကာမှုလိုဒူးနန်းမြို့တော်သို့ ရှေ့ရှုဦးတည်နေသည့် လမ်းကြီးအတိုင်း တစိုက်မတ်မတ် ခရီးဆက်လာခဲ့သည်။ ဤသို့ ခရီးဆက်လာခဲ့ရာ သုံးရက်မြောက်သောနေ့တွင် ရောမစစ်သချိုင်းတည်ရှိရာ အရပ်သို့ ရောက်ရှိလာတော့သည်။

စစ်သချိုင်း တည်ရှိရာ အရပ်ကား တောအုပ်တို့ဖြင့် မှိုင်းမှိုင်းညို့နေပြီး စစ်သချိုင်းအပါး၌ အလောင်းကောင်များကို ဖုတ်သင်းသင်္ဂြိုဟ်ကြရသော အသုဘရာဇာများ၏ တဲ ၁၅ တဲခန့် ရှိနေသည်ကို တွေ့ရသည်။ ကျွန်ုပ်လည်း ထိုတဲအိမ်များရှိရာသို့ လျှောက်သွားရာ အသုဘရာဇာများလည်း ကျွန်ုပ်ကို တအံ့တသြ ငေးကြည့်နေကြသည်။

အသုဘရာဇာတို့ကား လူလုံးလူထည် သေးကွေးပုညက်သော လူပုများဖြစ်ကြပြီး ကျားသစ်ရေ၊ ဝက်ဝံရေများကို ဆင်မြန်းထားကြသည်။

ထိုအသုဘရာဇာတို့လည်း ကျွန်ုပ်ကို တအံ့တသြ ငေးကြည့်နေရာမှ အသုဘရာဇာတစ်ယောက်လည်း ရုတ်တရက်လက်ခေါက်မှုတ်ပြီး အချက်ပေးလိုက်သည်။ ထိုအခါ တဲကြီးတစ်တဲအတွင်းမှ အရပ်အမောင်း ထွားကျိုင်းတုတ်ခိုင်လှသော တိုင်းရင်းသားကြီးတစ်ယောက်လည်း ချက်ချင်းထွက်လာခဲ့သည်။ ထိုတိုင်းရင်းသားကြီးကား သိုးမွေးအင်္ကျီကို ဝတ်ဆင်ထားပြီး လက်တစ်ဖက်က ဒိုင်းလေးကို ကိုင်စွဲကာ၊ လက်တစ်ဖက်က လှံရှည်ကို ကိုင်စွဲထားသည်။

ထိုတိုင်းရင်းသားကြီးလည်း ကျွန်ုပ်ကို စူးစူးဝါးဝါး စိုက်ကြည့်နေရာ၊ ကျွန်ုပ်က

"ကျုပ်အမည်က မားကပ်ပါပဲ၊ မင်းတို့အရှင် ကာရာနေ့နဲ့ တွေ့ဆုံဖို့ လာခဲ့တာပဲ"

ဟု ပြောကြားလိုက်သည်။

ထိုအခါ တိုင်းရင်းသားကြီးက

"ရောမကောင်ပါလား"ဟု ရေရွတ်ကာ ထွီခနဲ တံတွေးထွေးလိုက်သည်။ ထို့နောက် ကျွန်ုပ်ကို စိန်းစိန်းကြည့်ကာ

"ကျွန်ုပ်တို့အရှင် ဘုရင်ကာရာနေ့ရဲ့ ညီမတော် မင်းသမီးလေး အီဒိန်းကို ခင်ဗျားရအောင် မဆောင်ကျဉ်းလာနိုင်ဘူးပေါ့။ ဒီအကြောင်းကိုသာ ကာရာနေ့ သိသွားရင်တော့ ခင်ဗျားရဲ့ ရှေ့ရေးဟာ အတော့်ကို ရင်လေးစရာ ကောင်းနေပြီ"ဟု ပြောကြားရာ၊ ကျွန်ုပ်က

"ကာရာနေ့ တစ်ယောက် ဘယ်မှာလဲ။ ဟောဟို တဲတွေမှာများ ရှိနေသလား။ ကာရာနေ့နဲ့ ကျုပ် အကြေအလည် ပြောစရာ စကားတွေရှိနေတယ်" ဟု ပြောလိုက်သည်။

ထိုအခါ တိုင်းရင်းသားကြီးက ကျွန်ုပ်၏ အမေးကို မဖြေဘဲ

"ခင်ဗျားဟာ သေမင်းရှိရာကို ဇွတ်ပြေးဝင်လာတဲ့ လူမိုက်ပါလား" ဟု ရေရွတ်လိုက်ရာ၊ ကျွန်ုပ်က ပြုံးလိုက်ရင်း

"လူတွေ အားလုံးဟာ သေမျိုးချည်းပါပဲ။ ဘယ်သူမှ အသက်မသေဘဲ ထာဝရ အသက်မရှင်နိုင်ပါဘူး"ဟု ပြောကြားလိုက်သည်။

ထိုအခါ တိုင်းရင်းသားကြီးလည်း ကျွန်ုပ်ကို အထူးအဆန်းသဖွယ် စိုက်ကြည့်နေရာမှ မိမိနောက်မှ လိုက်ခဲ့ရန် အချက်ပေးပြီးလျှင် ကျဉ်းမြောင်းသော တောလမ်းကလေးအတိုင်း ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားသည်။ ထိုသို့ ခပ်သုတ်သုတ်သွားနေခိုက်တွင် အထူးသတိဝီရိယကြီးစွာဖြင့် ဘေးပတ်ဝန်းကျင်သို့ စောင်းငဲ့ပြီး ဖျတ်ခနဲ ကြည့်နေလေသည်။ ထို့ကြောင့် ကျွန်ုပ်က

"သိပ်လည်း မစိုးရိမ်ပါနဲ့လေ။ ကျုပ်တို့ကို ချောင်းမြောင်းတိုက်ခိုက်မယ့် ရောမကင်းလှည့်စစ်သည်တွေ မရှိပါဘူး"ဟု ပြောလိုက်ရာ တိုင်းရင်းသားကြီးက

"ရောမကင်းလှည့်စစ်သည်တွေကို ကျုပ်ဂရုပြုနေတာ မဟုတ်ပါဘူး။ တောဝက်ရိုင်းတွေကို သတိပြုနေတာပါ။ ဒီအရပ်မှာ တောဝက်ရိုင်းတွေ သိပ်ပေါတယ်။ ပြီးတော့ တောဝက်ရိုင်းတွေကလည်း လျှပ်ပြက်သလို တစ်ဟုန်ထိုးဝင်ပြီး တိုက်တတ်တယ်လေ"ဟု ပြောကြားသည်။

ဤတွင် ကျွန်ုပ်လည်း မည်သို့မှ ပြန်မပြောတော့ဘဲ တိုင်းရင်းသားကြီးနောက်မှ တိတ်ဆိတ်ငြိမ်သက်စွာ ခပ်သုတ်သုတ်လျှောက်လာသည်။

ဤသို့ လျှောက်လာရာ နာရီဝက်ခန့်အကြာတွင် တဲအိမ် ၁၅ လုံးခန့် စုဆောက်ထားသော ရွာငယ်လေးသို့ ရောက်လာခဲ့သည်။ ထိုတဲအိမ်များရှေ့တွင် မီးဖိုများအသီးသီး ဖိုထားပြီး ထိုမီးဖိုများပေါ်၌ ထမင်းအိုး၊ ဟင်းအိုးများ တည်ထားကြသည်။ ထို့ပြင် လူတစ်ရာကျော်လည်း ထိုမီးဖိုများ အနီးတွင် ဝိုင်းဖွဲ့ပြီး စားသောက်နေရာမှ အချင်းချင်း စကားစမြည် ပြောနေကြသည်။

ထိုတဲအိမ်များအနီးတွင် မြင်းရထားများ အစီအရီ စီတန်းတည်ရှိနေပြီး၊ ထိုမြင်းရထားတန်းရှေ့၌ မိန်းမချောတစ်ဦး မားမားမတ်မတ်ရပ်နေသည်။ ထိုမိန်းမချောလည်း ကျွန်ုပ်အလာကို စောင့်ကြည့်နေရာမှ ခါးကြားရှိ ဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်သည်။ ထိုမိန်းမချောကား အခြားမဟုတ်။ မင်းသမီးလေး ဒါဒရီပေတည်း။

မင်းသမီးလေး ဒါဒရီသည် ရွှေရောင် အနားကွပ်ထားသော ဝတ်ရုံဖြူကို ဆင်မြန်းထားပြီး၊ နက်မှောင်သော ဆံကေသာထက်၌ သေးမျှင်သော ရွှေပြားလေးကို ခေါင်းစည်းအဖြစ် စွပ်ထားသည်။ ခါးတွင်လည်း ရွှေပြားခါးပတ်ကို ပတ်ထားသည်။ မင်းသမီးလေး ဒါဒရီ၏ မျက်ဝန်းအစုံမှာ ပြာလဲ့နေပြီး၊ နှုတ်ခမ်းအစုံမှာ နီထွေးပြည့်တင်းနေသည်။ မျက်ခုံးအစုံမှာ နက်မှောင်ကော့ညွတ်နေပြီး၊ အသားအရေမှာ နို့နှစ်အဆင်း ဖြူဝင်းနေသည်။ သြော်. . . မင်းသမီးလေး ဒါဒရီ၏ အလှအပနှင့် နှိုင်းယှဉ်စံထားရမည့်သူဟူ၍ ရောမအင်ပါယာအတွင်းမှာ တစ်စုံတစ်ယောက်မပေါ်ပေါက်၊ မထွက်ပြူလာသေးပါတကား။ ဤသို့ မင်းသမီးလေး ဒါဒရီ၏အလှကို တရှိုက်မက်မက် ရှုကြည့်ငေးမောတွေးတော စိတ်ကူးယဉ်နေခိုက်တွင် မင်းသမီးလေး ဒါဒရီက အပါးသို့ ရောက်ရှိလာသော ကျွန်ုပ်ကို စိန်းစိန်းကြည့်ရင်း

"ဒီမှာ ရောမလူကြမ်းကြီး။ ကာရာနေ့ရဲ့ ညီမတော်အီဒိန်းကောရှင်နဲ့အတူ ပါမလာဘူးလား။ အီဒိန်းကိုအပါ ရှင်မဆောင်ကျဉ်းနိုင်ရင်တော့ ကာရာနေ့က ရှင့်ကို အကြီးအကျယ် ဒေါသအမျက်ထွက်တော့မှာ သေချာတယ်။ ပြီးတော့ အသေဆိုးနဲ့သေအောင် တဖြည်းဖြည်း ညှဉ်းဆဲသတ်ဖြတ်ပစ်မှာလည်း သေချာတယ်"ဟု ပြောကြားသည်။ ထိုအခါ ကျွန်ုပ်က ဘုရင်ခံချုပ်ကတော် ကော်နီလီယာအကြောင်းနှင့် ကော်နီလီယာ၏ အကြံကို ကျွန်ုပ်လက်မခံသည့်အတွက် ကော်နီလီယာက အီဒိန်းကို မရောင်းရန် ငြင်းဆန်လိုက်သည့်အကြောင်းတို့ကို စေ့စေ့စုံစုံ ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက အသာပြုံးရင်း

"ဒီရောမ မိန်းမပျက်က ရှင့်ကို စွဲစွဲလန်းလန်း ချစ်ခင်စုံမက်နေတာ ကိုး။ ရှင်က သူ့ရဲ့ ချစ်ခြင်းမေတ္တာကို အသိအမှတ်မပြုတဲ့အတွက် ရှင့်အပေါ်မှာ ခါးခါးသည်းသည်း နာကျည်းမုန်းတီးသွားတာ ဖြစ်မှာပေါ့"ဟု ပြောလိုက်ရာ၊ ကျွန်ုပ်က

"မင်းက မိန်းမချင်းဆိုတော့ ကိုယ်ချင်းစာတတ်မှာပေါ့။ ကျွန်ုပ်အနေနဲ့ကတော့ ပေးထားခဲ့တဲ့ ကတိစကားကို ဘယ်နည်းနဲ့မှ အဖျက်မခံနိုင်ပါဘူး။ ယောကျ်ားတို့ ဂုဏ်သိက္ခာကို လေးစားရမယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"ရှင်တို့ ရောမတွေမှာ ယောကျ်ားတို့ ဂုဏ်သိက္ခာဆိုတာ ရှိကောရှိရဲ့လား။ စောင့်စည်းထိန်းသိမ်းမှုဆိုတာကော ရှိရဲ့လား"ဟု ပြောလိုက်ရာ၊ ကျွန်ုပ်က

"ကျုပ် စိတ်မထိန်းနိုင်ဘဲ မင်းအပေါ် ပြုမှားမိတဲ့ ကိစ္စကို မင်းအခုထက်ထိ မမေ့နိုင်သေးဘဲကိုး"ဟု ခပ်ထေ့ထေ့ ပြောလိုက်မိပေသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီလည်း ခါးကြားမှ ဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်ကာ ကျွန်ုပ်၏ ရင်ညွန့်တည့်တည့် ထောက်ထားလိုက်သည်။ ထိုအခိုက်တွင် ကျွန်ုပ်အပါးရှိ တိုင်းရင်းသားကြီးကလည်း ကျွန်ုပ်လှုပ်လှုပ်ရှားရှားပြုသည်နှင့် တစ်ပြိုင်နက် ထိုးနှစ်ရန်အတွက် လက်တွင်းရှိ လှံရှည်ကြီးဖြင့် ကျွန်ုပ်ကို ချိန်ရွယ်ထားသည်။

ထိုအခါ ကျွန်ုပ်က မထီတရီပြုံးကာ

"မင်းသမီးလေး။ ကျုပ်ကို သတ်ချင်ရင် သတ်လိုက်ပါ။ ကာရာနေ့ရဲ့လက်ချက်နဲ့ အသက်ဆုံးရမှာထက် မင်းသမီးလေးရဲ့ လက်ချက်နဲ့ အသက်ဆုံးရမှာက ကျုပ်အဖို့ ပိုပြီး ကောင်းပါတယ်"ဟု ပြောကြားလိုက်သည်။

မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်ကို စိန်းစိန်းကြည့်ရင်း အတန်ကြာအောင် အသက်ပြင်းပြင်း ရှူနေသည်။ ထို့နောက် ဓားမြှောင်ကို ဓားအိမ်တွင်းသို့ ပြန်ထည့်ရင်း အပါးရှိ တိုင်းရင်းသားကြီးအား

"ဒီရောမလူကြမ်းကြီးကို ဟောဟိုထဲကို ခေါ်သွား။ ပြီးတော့ အစားအစာလည်း ကျွေးလိုက်။ သူ့ကိုစောင့်ကြည့်ဖို့အတွက် စစ်သည်တော်နှစ်ဦးကို အခုချက်ချင်း လွှတ်လိုက်မယ်"ဟု ပြောကြားလိုက်သည်။

တိုင်းရင်းသားကြီးလည်း ကျွန်ုပ်တို့ တဲအိမ်များရှိရာသို့ ခေါ်သွားပြီး ယုန်ကင်နှင့် အသားကင်များဖြင့် ကောင်းကောင်းမွန်မွန် ကျွေးမွေးဧည့်ခံရာ၊

ကျွန်ုပ်လည်း မြိန်ရေရှက်ရေ အားပါးတရ စားသောက်လိုက်သည်။ ထိုအခိုက်တွင် အနီးဝန်းကျင်ရှိ တိုင်းရင်းသား လူမျိုးစုတစ်ရာကျော်တို့လည်း ကျွန်ုပ်ကို စိတ်ပါဝင်စားစွာဖြင့် ငေးစိုက်ကြည့်နေကြသည်။

တိုင်းရင်းသား လူမျိုးစု တစ်ရာကျော်ကျော်အနက် အိုက်နီတို့မှာ အနည်းအကျဉ်းသာပါရှိပြီး၊ လူမျိုးစု အများအပြားမှာ ဗြိတိန်ကျွန်းရှိ အရပ်ဒေသအသီးသီးမှ တိုင်းရင်းသား လူမျိုးစုတို့သာ ဖြစ်ကြသည်။ ထို့ပြင် ထိုလူမျိုးစုများမှာလည်း စစ်ပွဲအတွေ့အကြုံမရှိသလောက် နည်းပါးလှသော လယ်သမား၊ ယာသမား၊ ကျေးတောသားများသာ ဖြစ်ကြဟန်တူသည်။

ကျွန်ုပ်လည်း ပတ်ပတ်လည်ရှိ တိုင်းရင်းသား လူမျိုးစုများကို ခပ်ပြုံးပြုံးကြည့်ရင်း

"ခင်ဗျားတို့တစ်တွေဟာ ရောမတွေကို ရင်ဆိုင်တိုက်ခိုက်မယ့် စစ်သည်တော်တွေဖြစ်တယ်။ ဒါပေမဲ့ ခင်ဗျားတို့မှာ ဘာလက်နက်မှလည်း ပြည့်ပြည့်စုံစုံမရှိကြပါကလား"ဟု ပြောလိုက်ရာ မုတ်ဆိတ်ဖွားဖွားနှင့် တိုင်းရင်းသားကြီးတစ်ယောက်က

"ကျုပ်တို့မှာ လှံရှည်ကြီးတွေ ရှိပါတယ်။ ခြေထောက်ကျိုး အက်ဗင်က ကျုပ်တို့ကို လုပ်ပေးပါတယ်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"ကောင်းပါပြီ၊ ခင်ဗျားတို့မှာ ရှိတဲ့ လှံရှည်ကြီးတွေကိုကော ကောင်းကောင်းအသုံးပြုတတ်ကြရဲ့လား။ တိုက်တတ် ခိုက်တတ်ရဲ့လား။ အထူးသဖြင့် ရောမတပ်နဲ့ ရင်ဆိုင်မြီးကော တိုက်ပွဲဝင်ဖူးရဲ့လား"ဟု ပြောလိုက်ရာ၊ ကျွန်ုပ်ကို ရောမစစ်သချိုင်းရှိရာမှ လမ်းပြခေါ်ဆောင်လာခဲ့သော တိုင်းရင်းသားကြီးက

"ခင်ဗျားဟာ အတော့်ကို အာကျယ်ပြီး လေလုံးထွားလှတယ်။ ခင်ဗျားက စားရေးမှာ သိပ်တော်လို့လား"ဟု ဝင်ရောက် ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က ဟက်ဟက်ပက်ပက်ရယ်ရင်း

"အပြောမဟုတ် အလုပ်နဲ့ တကယ်လက်တွေ့ပြပါ့မယ်။ ခင်ဗျားလှံရှည်ကြီးကို ယူလိုက်ပါ။ ကျုပ်ကတော့ တုတ်ချောင်းတစ်ချောင်းလောက်ရရင် တော်ပါပြီ။ ရောမစစ်သည်တွေနဲ့ နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရတဲ့အခါ ဘယ်လိုအဖြစ်မျိုး ကြုံတွေ့ရမယ်ဆိုတာကို မျက်ဝါးထင်ထင် မြင်ရပါစေမယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ တိုင်းရင်းသားကြီးလည်း လှံရှည်ကြီးတစ်ချောင်းကို သွားရောက်ကိုင်စွဲလိုက်သည်။ ထိုအခိုက်တွင် အခြားတိုင်းရင်းသားများက ကျွန်ုပ်အတွက် ဆိုက်ပရပ်သား သစ်သားတုတ်ကြီးတစ်ချောင်းကို ယူပေးသည်။

ကျွန်ုပ်က မတ်တတ်ရပ်ပြီး သစ်သားတုတ်ကြီးကို ခပ်ဆဆကိုင်ထားခိုက်တွင် လုံရှည်ကြီးကို ကိုင်စွဲထားသော တိုင်းရင်းသားကြီးက တံတွေးကို ထွီခနဲ ထွေးရင်း

"လေလုံးမိုးလုံးကြီးတဲ့ ရောမကောင်၊ ကျုပ်ရဲ့ လှံဖျားမှာ မင်းကားခနဲ အသက်ပျောက်စေမယ်"ဟု ပြောကြားသည်။ ထို့နောက် လှံရှည်ကြီးကို ချိန်ရွယ်ကာ ကျွန်ုပ်ရှိရာသို့ တဟုန်ထိုး ပြေးဝင်လာသည်။

ကျွန်ုပ်လည်း ဣန္ဒြေမပျက်စောင့်ကြည့်နေရာမှ ကျွန်ုပ်အပေါ်သို့ တိုင်းရင်းသားကြီး နီးကပ်လာခိုက်တွင်၊ ခြေတစ်လှမ်း ဆုတ်ကာ ကိုယ်ကို ယို့ပြီး ရှောင်လိုက်သည်။ ထို့နောက် ကျွန်ုပ်အပေါ်မှ အရှိန်နှင့် ပွတ်ကျော်သွားသော တိုင်းရင်းသားကြီး၏ ခေါင်းကို သစ်သားတုတ်ကြီးဖြင့် ခပ်ဆတ်ဆတ် ရိုက်ချလိုက်ရာ၊ တိုင်းရင်းသားကြီးလည်း မြေကြီးပေါ်သို့ တစ်ပတ်ဂျမ်း လိမ့်ဆင်းသွားသည်။ ထို့နောက် အားယူကာ ဒူးထောက်လိုက်ပြီးလျှင် ဦးခေါင်းကို ခါရမ်းနေသည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"ကျုပ်ကိုင်တာ တုတ်မဟုတ်ဘဲ ဓားသာဆိုရင် ခင်ဗျားရဲ့ ခေါင်းဟာ အခုအခါမှာ နှစ်ခြမ်းကွဲနေမှာ သေချာပါတယ်"ဟု ပြောကြားလိုက်သည်။

အနီးရှိ တိုင်းရင်းသား လူမျိုးစုများလည်း ကိုယ်ခန္ဓာထွားကျိုင်း တုတ်ခိုင်ပြီး တိုက်ရည်ခိုက်ရည်နှင့် ပြည့်ဝသည်ဟု ကျော်စောသော မိမိတို့ သူရဲကောင်းကြီးအဖြစ်ကို မင်သက်မိသကဲ့သို့ တအံ့တသြ ငေးကြည့်နေကြသည်။ ထိုအခိုက်တွင် အားယူပြီး ဒူးထောက်နေသော တိုင်းရင်းသားကြီးသည် အားတင်းကာ မတ်မတ်ရပ်လိုက်သည်။ ထို့နောက် လက်နှစ်ဖက် ဆန့်တန်းပြီး ကျွန်ုပ်ရှိရာသို့ တစ်ဟုန်ထိုး ပြေးဝင်လာတော့သည်။

ကျွန်ုပ်ကား လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အကောင်းဆုံး ဓားသိုင်းကျောင်းများ၊ လက်ဝှေ့ကျောင်းများ၌ အပင်ပန်း အဆင်းရဲခံပြီး ထူးချွန်သည့်သူအဖြစ် ထင်ရှားသည်အထိ လေ့ကျင့် သင်ကြားခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်ုပ်ရှိရာသို့ လက်ကားယားခြေကားယားဖြင့် ပြေးဝင်လာသော တိုင်းရင်းသားကြီးကို လုံးဝအမှုမထားပါပေ။ ထိုတိုင်းရင်းသားကြီးက ကျွန်ုပ်ကို လာရောက်ဖမ်းဆုပ်သည့်အခါမှ တိုင်းရင်းသားကြီး၏ ညာလက်မောင်းကို အမိအရ ဖမ်းဆွဲပြီးလျှင် ပခုံးဖြင့် ဆတ်ခနဲ ထမ်းကာ တအား ကိုင်ပေါက်ချလိုက်သည်။ တိုင်းရင်းသားကြီးလည်း မြေကြီးပေါ်သို့ အုန်းခနဲ မြည်အောင် ပစ်ကျသွားပြီးနောက်၊ မလှုပ်မယှက် ငြိမ်သက်စွာ မေ့မျောသွားတော့သည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"ကျုပ်ဟာ ရောမစစ်သည်တော်တွေထဲမှာ အပျော့ဆုံး အညံ့ဆုံး လူတစ်ယောက်ပဲ။ ဒီတော့ ကျုပ်ထက် အဆမတန် ကြမ်းတမ်းရက်စက်တဲ့ ရောမစစ်သည်တော်တွေနဲ့ ခင်ဗျားတို့ ကြုံတွေ့ ရင်ဆိုင်ကြရတဲ့အခါမှာ ခင်ဗျားတို့ ဘယ်လိုအဖြစ်ဆိုးတွေကို ကြုံတွေ့ရမယ်ဆိုတာကို တွေးသာ ကြည့်ကြပေတော့" ဟု ပြောကြားလိုက်ရာ၊ အနီးပတ်ပတ်လည်ရှိ တိုင်းရင်းသား လူမျိုးစုအပေါင်းတို့လည်း ကျွန်ုပ်ကို လေးစားအထင်ကြီးစွာဖြင့် ငေးကြည့်နေကြရာမှ

"ကျုပ်တို့ကို ကိုယ်ခံပညာသင်ပေးပါ . . . "

"ကျုပ်တို့ကို ဓားရေးလှံရေး သင်ပေးပါ . . . "

"ကျုပ်တို့ကို ခေါင်းဆောင်ပါ"စသည်ဖြင့် တစ်ယောက် တစ်ပေါက် ဆူညံစွာ ဟစ်အော် ပြောကြားတော့သည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း ရေအိတ်တစ်အိတ်ကို ဆွဲယူကာ သတိမေ့နေသော တိုင်းရင်းသားကြီး၏ မျက်နှာပေါ်သို့ တဖြည်းဖြည်း လောင်းချပေးလိုက်ရာ၊ သတိမေ့နေသော တိုင်းရင်းသားကြီးလည်း သတိပြန်ရလာပြီး မျက်လုံးဖွင့်ကြည့်သည်။ ကျွန်ုပ်လည်း တိုင်းရင်းသားကြီးကို ဆွဲထူရင်း

"ကျုပ်ကို ဓားတစ်စင်းနဲ့ ဒိုင်းတစ်လက်သာ ပေးပါ။ ခင်ဗျားလို လက်ရွေးစင် လူတစ်ကျိပ်နဲ့ ကျုပ်တစ်ယောက်တည်း နိုင်အောင်တိုက်ပါ့မယ်"

ထိုအခါ ပတ်ပတ်လည်ရှိ တိုင်းရင်းသား လူတစ်ရာကျော်လည်း မည်သို့မျှ စကားမဆိုဘဲ ကျွန်ုပ်ကိုသာ ချီးကျူးလေးစားသော အကြည့်ဖြင့် ကြည့်ရင်း နှုတ်ဆိတ်နေကြသည်။ အတန်ကြာသောအခါမှ ဆံပင်ဝါဝါနှင့် တိုင်းရင်းသားကြီးက အသာပြုံးပြီး

"ရောမ ရဲဘော်ကြီး၊ ခင်ဗျားဟာ တိုက်ရည်ခိုက်ရည်နဲ့ ပြည့်စုံတဲ့ လူတော်တစ်ယောက်ပါပဲ။ ခင်ဗျားနဲ့ ရဲဘော်ရဲဘက်အဖြစ် ပခုံးချင်းယှဉ်ပြီး စစ်ပွဲတွေကို အတူဆင်နွဲတိုက်ခိုက်ချင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားကို ကာရာနေ့ကတော့ ခွင့်လွှတ်မယ်မထင်ဘူး။ ခင်ဗျားလို လူမျိုး အသက်ဆုံးရှုံးရတာ ဝမ်းနည်းစရာကောင်းပါတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင်ပင် ပေနစ်ဆယ်အကွာမှနေ၍ အဖြစ်အပျက်အလုံးစုံကို စိတ်ဝင်စားစွာ ငေးကြည့်နေသော မင်းသမီးလေး ဒါဒရီက ကျွန်ုပ်ကို ခပ်ထေ့ထေ့ ပြုံးရင်း

"ရောမလူကြမ်းကြီးရယ် . . . ရှင့်ကိုယ်ရှင် အထင်ကြီးမနေစမ်းပါနဲ့။ ကျွန်မတို့ အိုင်းရစ်လူစွမ်းကောင်းနဲ့သာ ရှင်တိုက်ရရင် ရှင်ဒီလို အနိုင်ရဖို့ မလွယ်ပါဘူး"ဟု ပြောကြားလိုက်သည်။

ကျွန်ုပ်ကလည်း ထောင်းခနဲ ဒေါသထွက်လာသောကြောင့် မင်းသမီးလေး ဒါဒရီကို စူးစူးဝါးဝါးကြည့်ရင်း

"ဒါဖြင့်ရင် ခင်ဗျားတို့ လူစွမ်းကောင်း ထွက်လာပါစေ။ ကျုပ်အနိုင်တိုက်ပါ့မယ်"ဟု ပြောလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက ဦးခေါင်းကို အသာ ရမ်းပြလိုက်သည်။

## ၁၃
## သေနင်္ဂဗျူဟာ ပါရဂူ

ထိုအခိုက်တွင် တောအုပ်ကြီးအတွင်းမှ မြင်းလေးကောင် ကသည့် ရထားတစ်စင်းသည် တရကြမ်းဖြတ်မောင်းလာပြီး ကျွန်ုပ်တို့အပါးတွင် တုန့်ခနဲ ရပ်လိုက်သည်။ မြင်းရထားကို မောင်းနှင်လာသူကား ဘုရင်ကာရာနေ့ ပေတည်း။

ကျွန်ုပ်ကို တွေ့တွေ့ချင်း ကာရာနေ့က အသံပြတ်ဖြင့်

"ညီမတော် အီဒိန်းကော"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က မင်းသမီး ဒါဒရီကို ပြောပြခဲ့သည့် အကြောင်းအရာကို ပြန်ပြောင်းပြောပြပြီးနောက်

"ခင်ဗျားရဲ့ ညီမတော်ကို အခု ဘုရင်ခံချုပ်ကတော် ပိုင်ဆိုင်နေပါတယ်။ အဲဒီ ဘုရင်ခံချုပ်ကတော်ဆီက ခင်ဗျားညီမတော်ကို ဝယ်ယူဖို့ အမျိုးမျိုးကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီကြိုးစား မအောင်မြင်ခဲ့ပါဘူး။ ပြီးတော့ ကျုပ်ကိုလည်း ပြည်နှင်ဒဏ်ပေးလိုက်ကြတယ်။ ကျုပ်ရဲ့ ပစ္စည်းဥစ္စာအားလုံးကိုလည်း နိုင်ငံတော်ပိုင်အဖြစ် သိမ်းလိုက်ကြတယ်။ ဒါကြောင့် ကျုပ်ရဲ့ ကျွန်တွေအားလုံးဟာ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ကြပါတယ်"ဟု ပြောကြားလိုက်သည်။ ထိုအခါ ဘုရင်ကာရာနေ့က

"ဒါဖြင့်ရင် ခင်ဗျားတစ်ယောက်ပဲ အသက်ရှင်ကျန်တော့တယ်ဆိုပါတော့။ ကတိအတိုင်း ညီမတော် အီဒိန်းကို အပါမဆောင်ကျဉ်းနိုင်တဲ့ ခင်ဗျားကို ကျုပ်ဘယ်လို စီရင်ရမလဲ။ ဘယ်လို အသေဆိုးနဲ့ သေချင်သလဲ"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"ခင်ဗျား စီရင်ချင်သလို စီရင်ပေါ့။ ကျုပ်ကို အသေဆိုးနဲ့ အဆုံးစီရင်ချင်တဲ့ ခင်ဗျားကော အသေဆိုးနဲ့ မသေဘဲ မနေပါဘူး။ ရောမတွေက ခင်ဗျားနဲ့ ခင်ဗျားရဲ့ နောက်လိုက်နောက်ပါ သူပုန်သူကန်တွေကို ကားစင်တင်ပြီး သတ်ပစ်မှာ သေချာပါတယ်"

ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က

"ကျုပ်လူတွေဟာ အောင်ပွဲဆင်မယ့် လူတွေ ဖြစ်တယ်။ လန်ဒီးနီးယမ်း မြို့တော်ကို သိမ်းပြီး မီးလောင်တိုက်သွင်းမယ့်လူတွေ ဖြစ်တယ်"ဟု ပြောကြားရာ၊ ကျွန်ပ်က

"ခင်ဗျားလူတွေလား အောင်ပန်းဆင်မယ့်လူတွေ။ ခင်ဗျားလူတွေဟာ လယ်သမားတွေ ယာသမားတွေ။ ရောမအရှင်သခင်တွေရဲ့ လက်ထဲက ထွက်ပြေးလာတဲ့ ကျွန်ပြေးတွေပဲ။ ဒီလို လူမျိုးတွေကို ရောမတွေက အလွယ်တကူ နှပ်နှပ်စဉ်းပစ်နိုင်တယ်"ဟု ပြောကြားလိုက်သည်။

ထိုအခိုက် မင်းသမီးလေး ဒါဒရီသည် ရှေ့သို့ တိုးလာပြီးနောက်

"ကျွန်မ ဦးဆောင်တဲ့ မြင်းရထားတပ်ကတော့ ရှင်တို့ ရောမစစ်တပ်ကို ကစဥ့်ကလျား ဖြစ်သွားအောင် တိုက်ခိုက် နှိမ်နင်းနိုင်ပါတယ်။ ကျွန်မတို့ ဓားသမားတွေကလည်း ရှင်တို့ရောမစစ်သည်တွေ အတုံးအရုံး လဲကျသေဆုံးအောင် တိုက်ခိုက်ပစ်နိုင်ပါတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကျွန်ပ်က မထီတရီပြုံးပြီး

"ကျုပ်တို့ ရောမတပ်မတော်ကြီးကို တစ်ခုတည်းသော နည်းလမ်းက လွဲပြီး ဘယ်လိုမှ ဖြိုခွဲလို့ မရနိုင်ပါဘူး"ဟု ပြောလိုက်ရာ၊ ဘုရင်ကာရာနေ့လည်း အလွန်တရာ စိတ်ပါဝင်စားသည့် အမူအရာဖြင့်

"ဒီမှာ ရောမကြီး၊ အဲဒီတစ်ခုတည်းသော နည်းလမ်းက ဘာလဲ"ဟု မေးလိုက်သည်။

သို့သော် ကျွန်ပ်က မည်သို့မျှမဖြေဘဲ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးလျှင်၊ ကျွန်ပ်ဆင်မြန်းထားသော ချပ်ဝတ်တန်ဆာတို့ကို တစ်ခုချင်း ချွတ်နေလိုက်သည်။ ထိုအခါ မင်းသမီးလေး ဒါဒရီက ကျွန်ပ်ကို အတန်ကြာအောင် စိုက်ကြည့်ပြီးနောက် ဘုရင်ကာရာနေ့အား

"ဟောဒီ ရောမကြီးဟာ ပြည်နှင်ဒဏ်ပေးခြင်း ခံရတဲ့သူဖြစ်တယ်။ ဒီတော့ သူ့အသက်ကို အဆုံးမစီရင်ဘဲ အသက်ကလွှတ်လိုက်ပြီး ကျွန်မတို့ ဘက်မှာ ပါဝင်အမှုထမ်းခိုင်းရင် ကောင်းမယ်ထင်တယ်"ဟု ပြောကြားလိုက်ရာ ဘုရင်ကာရာနေ့က

"မဖြစ်နိုင်ပါဘူး။ ဒီရောမကြီးဟာ ပေးထားတဲ့ ကတိအတိုင်း ညီမတော် အီဒိန်းကို တစ်ပါတည်း မဆောင်ကျဉ်းနိုင်ခဲ့ဘူး"ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"ရှင့်ရဲ့ ညီမတော်အတွက် စိုးရိမ်မနေပါနဲ့ရှင်။ ဘုရင်ခံချုပ်ကတော်က ရှင့် ညီမတော်ကို ကောင်းကောင်း ပြုစုစောင့်ရှောက်ထားတာပဲ။ ပြီးတော့ ဒီရောမကြီးကိုလည်း ရှင့်ညီမတော်ကို ကယ်တင်ဖို့အတွက် ဒုတိယအကြိမ် မြောက် စေလွှတ်နိုင်သားပဲ။ ပထမအကြိမ်မှာ မအောင်မြင်ပေမဲ့ ဒုတိယအကြိမ်မှာတော့ အောင်မြင်လာမှာပေါ့"ဟု ပြောကြားပြီးနောက်

"ဒီရောမကြီးဟာ စစ်နတ်ဘုရားတွေက ကျွန်မတို့ကို ကူညီဖို့ အထူးစေလွှတ်လိုက်တဲ့ တမန်တော်တစ်ယောက်ပါ။ ရှင့်ညီမတော်အတွက် လက်စားချေတဲ့အနေနဲ့ သူ့ကို သတ်မပစ်ဘဲ ကျွန်မတို့အားလုံး အကျိုးရှိရာရှိကြောင်းကိစ္စတွေမှာ အသုံးချစေချင်ပါတယ်"ဟု ပြောကြားလိုက်သည်။

ဤတွင် ကာရာနေ့လည်း မင်းသမီးလေး ဒါဒရီကို ဒေါသတကြီး စိုက်ကြည့်ရင်း

"ဒီရောမကောင်က ကျုပ်တို့ဘက်မှာ အမှုထမ်းမတဲ့လား"ဟု မေးလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက

"အမှုထမ်းမှာပေါ့" ဟု ပြောလိုက်သည်။ ထိုအခါ ကာရာနေ့က

"မင်းက ဒီရောမကောင်ဘက်က သိပ်ပြီး ရှေ့နေလိုက်တယ်။ ဒီရောမကောင်ကို သိပ်ပြီး အသက်ရှင်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ မင်းက ရောမကောင်တွေနဲ့ မြူးထူးပျော်ပါးရတဲ့ ကာမဂုဏ်အရသာကို မခံစားရသေးဘူးမဟုတ်လား"ဟု ပြောချလိုက်ရာ၊ မင်းသမီးလေး ဒါဒရီ၏ မျက်နှာလည်း ရဲခနဲ နီထွေးသွားသည်။ ထို့နောက် ရင်ကိုကော့လိုက်ပြီးလျှင် မင်းသမီးလေး ဒါဒရီက

"ဒီမှာ ကာရာနေ့။ ရှင် စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ။ ကျွန်မဟာ ကာမဂုဏ်မှာ မွေ့ပျော်တတ်တဲ့ မိန်းမစား မဟုတ်ဘူး။ အခုထက်ထိ ဘယ်ယောကျ်ားနဲ့မှ မြူးထူးပျော်ပါးပြီး ကာမဂုဏ်အရသာကို မခံစားခဲ့ဘူး။ ရှင်တို့ဆီကို ကျွန်မလာရောက်ရတဲ့ အကြောင်းကိုလည်း ရှင်သိပြီးသားပါ။ ကျွန်မရဲ့ အစ်ကိုတော်က 'ညီမလေးရေ၊ ဗြိတိန်ကျွန်းကြီးကို သွားပြီး တစ်ဗိုလ်တစ်မင်းနဲ့ လူစုအမြွှာမြွှာကွဲနေတဲ့ တိုင်းရင်းသားလူမျိုးစုတွေကို တစ်စုတဝေးတည်း ဖြစ်အောင် သိမ်းသွင်းစည်းရုံးပါ။ ပြီးတော့ ဗြိတိန်ကျွန်းကြီးပေါ်ကို လာရောက်အုပ်စိုးနေတဲ့ ရောမကောင်တွေကို တိုက်ထုတ် မောင်းနှင်ပစ်ပါ'လို့ မိန့်ကြားတဲ့အတွက် လာရတာပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့လည်း မိမိ၏ နှုတ်ကျွံမှုကို သိရှိကာ မျက်နှာကို ငုံ့ထားလိုက်သည်။ ထို့နောက်မှ လေသံပျော့ပျော့နှင့်

"ဒီရောမကြီးဟာ ကျုပ်တို့တစ်တွေအတွက် အသုံးကျပါ့မလား"ဟု မေးလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက

"သိပ်အသုံးကျတာပေါ့။ ရှင်တို့ လူစွမ်းကောင်း **ဘရက်ဝင်းကိုတောင်** ဒီရောမကြီးက အလွယ်တကူ အနိုင်တိုက်နိုင်ခဲ့ပါတယ်"ဟု ပြောကြားလိုက်သည်။

ဤတွင် ကာရာနေ့လည်း အလွန်အံ့အားသင့်သော အမူအရာဖြင့် အပါးရှိ တိုင်းရင်းသား လူထွားကြီးကို ငေးကြည့်ရင်း

"ဘရက်ဝင်း။ အမှန်ပဲလား"ဟု မေးလိုက်ရာ၊ တိုင်းရင်းသား လူထွားကြီးက

"အမှန်ပါပဲ အရှင်။ ကျွန်တော်မျိုးက လုံရှည်ကြီး ကိုင်ပြီး၊ ဟောဒီ ရောမကြီးက ဆိုက်ပရပ်သား သစ်သားတုတ်ကြီး ကိုင်ပြီး တိုက်ကြပါတယ်။ အဲဒီတိုက်ပွဲမှာ ရောမကြီးက ကျွန်တော်မျိုးကို အလွယ်တကူပဲ အနိုင်ယူသွားပါတယ်။ သစ်သားတုတ်မဟုတ်ဘဲ ဓားသာဆိုရင် ကျွန်တော်မျိုးရဲ့ ခေါင်းဟာ နှစ်ခြမ်းကွဲပြီး ပွဲချင်းပြီးသေမှာ အမှန်ပါပဲ"ဟု ဖြေကြားလိုက်သည်။

ထိုအခါ ကာရာနေ့လည်း ကျွန်ုပ်ကို စိတ်ဝင်စားစွာ စိုက်ကြည့်ရင်း

"ဒီမှာ ရောမကြီး၊ ကျုပ်ရဲ့ နောက်လိုက်နောက်ပါတွေကို တိုက်ခိုက်ခိုက်ရည် အစွမ်းထက်လာအောင် ခင်ဗျား လေ့ကျင့် သင်ကြားပေးနိုင်ပါသလား"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က "လေ့ကျင့်သင်ကြားပေးနိုင်ပါတယ်"ဟု ဖြေလိုက်သည်။

ထိုအခါ ကာရာနေ့က

"ဒါဖြင့်ရင် ကောင်းပြီ။ ကျုပ်ရဲ့ နောက်လိုက်နောက်ပါတွေ အားလုံးကို တိုက်ရည်ခိုက်ရည် အစွမ်းထက်လာအောင် လေ့ကျင့်သင်ကြားပေးပါ။ ပြီးတော့ ရောမတပ်ကြီးနဲ့ ရင်ဆိုင်တိုက်ခိုက်ရတဲ့အခါမှာလည်း အောင်ပန်းဆင်နိုင်အောင် လေ့ကျင့်သင်ကြားပေးပါ"ဟု ပြောကြားရာ၊ ကျွန်ုပ်က

"ခင်ဗျား ပန်ကြားတဲ့အတိုင်း ဆောင်ရွက်ပေးစေချင်ရင်တော့ ခင်ဗျားနဲ့ မင်းသမီးလေး ဒါဒရီတို့လိုပဲ ကျုပ်ကို တန်းတူအဆင့်အတန်းနဲ့ အခွင့်အရေးတော့ ပေးရလိမ့်မယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က ဟက်ဟက်ပက်ပက်ရယ်မောပြီး ချာခနဲ လှည့်ထွက်သွားမည်ပြုရာ၊ ကျွန်ုပ်က ဆက်၍

"ဒီမှာ ကာရာနေ့၊ ရောမတွေကို ခင်ဗျား ခါးခါးသီးသီး မုန်းတယ်။

ရောမတွေကို ဗြိတိန်ကျွန်းပေါ်က ခင်ဗျား မောင်းထုတ်ချင်တယ်လို့ပြောခဲ့တယ်။ ကျုပ်ဟာလည်း ခင်ဗျားလိုပဲ ရောမတွေကို ခါးခါးသည်းသည်းမုန်းတီးတဲ့လူတစ်ယောက်ပါပဲ။ ဘာကြောင့်လဲဆိုတာကို ခင်ဗျားသိထားရအောင် ပြောရသေးတာပေါ့။ ရောမကေရာဇ် ဟောနိုးရီးယပ်ဟာ ကျုပ်ရဲ့ဆရာရင်း စစ်သေနာပတိ စတီလီချိုကို အပြစ်ရှာပြီး လုပ်ကြံသတ်ဖြတ်ခဲ့ရုံမကဘူး၊ ကျုပ်ရဲ့အသက်ကိုလည်း အပြစ်ရှာပြီး လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့တယ်။ ပြီးတော့ ဗြိတိန်ကျွန်းဘုရင်ခံချုပ် ဖလာဗီးယပ်ကလည်း သူ့ဇနီးနဲ့ ကျုပ် ငယ်ငယ်တုန်းက ချစ်ကြိုက်ကျူးလွန်ခဲ့တာကို သိသွားတဲ့အတွက် ကျုပ်အပေါ် ခါးခါးသီးသီး မုန်းတီးနေတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီသည် ဆတ်ခနဲ ဖြစ်သွားပြီးမှ ကျွန်ုပ်ကို မျက်ဝန်းလဲ့ပြာပြာနှင့် အတန်ကြာအောင် စိုက်ကြည့်ပြီးမှ၊ ကာရာနေ့ဘက်သို့ လှည့်ကာ "ဒီမှာ ကာရာနေ့၊ ဒီရောမကြီးရဲ့ တောင်းဆိုချက်ကို လိုက်လျောသင့်တယ်လို့ ထင်ပါတယ်။ သူ့ကို ကျွန်မတို့နဲ့ တန်းတူအဆင့်အတန်းနဲ့ အခွင့်အရေးပေးရတဲ့အတွက် ကျွန်မတို့အဖို့ ထူးထူးခြားခြား မနစ်နာနိုင်ပါဘူး။ သူပေးတဲ့အမိန့်တွေကို ကျွန်မတို့ သဘောမတူဘူးဆိုရင် ကျွန်မတို့ ချက်ချင်းပယ်ဖျက်နိုင်တာပဲ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က မင်းသမီးလေး ဒါဒရီကို စိုက်ကြည့်ပြီးနောက် ကျွန်ုပ်ကို တစ်ဖန် စိုက်ကြည့်ကာ

"ကျုပ်ဟာ ဟောဒီ ဗြိတိန်ကျွန်းကြီးပေါ်က ရောမတွေ တစ်ယောက်မကျန် တိုက်ခိုက်မောင်းထုတ်ပစ်ချင်တဲ့ဆန္ဒ ပြင်းပြင်းထန်ထန်ရှိနေခဲ့တယ်။ ဒီဆန္ဒကို တစ်စိတ်တစ်ဒေသ ဖြည့်ဆွမ်းကူညီပေးမယ့် ဟောဒီရောမကို ကျုပ်တို့နဲ့ တန်းတူအဆင့်အတန်းနဲ့ အခွင့်အရေးပေးဖို့ ဝန်မလေးပါဘူး။ ပြီးတော့ ကျုပ်အနေနဲ့က အလွယ်တကူ ကတိပေးသလို ပေးထားတဲ့ ကတိကိုလည်း အလွယ်တကူဖျက်နိုင်သားပဲ"ဟု ပြောရင်း ပြုံးလိုက်သည်။ ကာရာနေ့၏ အပြုံးနှင့်အကြည့်တွင် မနာလို ဝန်တိုခြင်း၊ မုန်းတီးခြင်း၊ မလွဲသာ မကင်းသာ၍ လိုက်လျောရခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်းတို့သည် အထင်းသား ပေါ်ထင်နေသည်။ ဤသို့ ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီးနောက် ကာရာနေ့က

"ကျုပ်တစ်ချက်တော့ ကြိုကြိုတင်တင် ပြောထားချင်တယ်။ အဲဒါကတော့ ညီမတော် အီဒိန်းကို ကျုပ်ဆီကို ချောချောမောမော ပြန်ရောက်အောင် မဆောင်ကျဉ်းနိုင်ဘူးဆိုရင်၊ ဒါမှမဟုတ် ရောမတွေ လက်ချက်ကြောင့် ညီမတော် အီဒိန်းကွယ်လွန်သွားတယ်ဆိုရင်တော့ ဟောဒီရောမကြီးကို ကျုပ်ချမ်း

သာမပေးနိုင်ဘူး။ အဆုံးစီရင်ရလိမ့်မယ်။ ဒါပါပဲ"ဟု ပြောကြားသည်။

ထို့နောက် ကာရာနေ့သည် မိမိလည်ပင်း၌ ဆွဲထားသော အမှတ်တံဆိပ်ပါသည့် ရွှေကြိုးကို ဖြုတ်ပြီးလျှင် ကျွန်ုပ်အား ပစ်ပေးရင်း

"ဟောဒီ ရွှေဆွဲကြိုးဟာ တန်ခိုးအာဏာရဲ့ သင်္ကေတပဲ။ ဒီတော့ အကျိုးရှိရှိ အသုံးပြုပေတော့။ ခင်ဗျားအတွက် မြင်းရထားနှစ်စင်းနဲ့ ကျုပ်တပည့်တချို့ကို ပေးအပ်ထားမယ်။ ခင်ဗျားအလိုရှိသလို သုံးပေတော့"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်လည်း အသာရယ်မောရင်း ရွှေကြိုးကို လည်တွင်ဆွဲရာမှ

"ကောင်းပြီလေ။ ကျုပ်အတွက် ချပ်ဝတ်တန်ဆာတွေနဲ့ အဝတ်အစားတွေလည်း ပေးပါဦး။ ကျုပ်ဟာ ဒီနေ့ကစပြီး ရောမတစ်ယောက်မဟုတ်တော့ဘဲ၊ ခင်ဗျားတို့ကို ဗြိတိန်ကျွန်းသားဖြစ်သွားပြီမဟုတ်လား"ဟု ပြောကြားလိုက်ရာ အပါးရှိ မင်းသမီးလေး ဒါဒရီက

"ရှင့်အတွက် ချပ်ဝတ်တန်ဆာနဲ့ အဝတ်အစားအားလုံးကို ကျွန်မရဲ့လူများက ပေးပါ့မယ်။ ကျွန်မတို့ နောက်ကသာ လိုက်ခဲ့ပါ"ဟု ပြောကြားလိုက်သည်။

ကျွန်ုပ်လည်း မင်းသမီးလေး ဒါဒရီနောက်သို့ လိုက်သွားပြီးလျှင် ထုတ်ပေးသော ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်လိုက်ရာ မင်းသမီးလေး ဒါဒရီက ကျွန်ုပ်ကို စေ့စေ့ကြည့်ပြီး တခစ်ခစ် ရယ်မောသည်။

"အင်း ဒီလို ဝတ်ဆင်လိုက်တော့လည်း ရှင်ဟာ ကျွန်မတို့ လူမျိုးအိုင်းရစ်တစ်ယောက်နဲ့ တူသွားပါကလား။ ရှင့်ရဲ့ ဆံပင်သာ နည်းနည်းပိုရှည်မယ်ဆိုရင် ရှင်ဟာ ကျွန်မရဲ့ အစ်ကိုတော် ဘုရင် ဒါထီနဲ့ အတော့်ကို တူမှာပဲ"ဟုလည်း ပြောကြားသည်။ ထို့နောက်

"ရှင့်မှာ ဓားလည်း မမြင်ပါလား"ဟု ပြောကြားလိုက်ရာ၊ ကျွန်ုပ်က

"ကျုပ်ရဲ့ လက်သုံးတော်ဓားကို စံအိမ်တော်မှာပဲ ရိုက်ချိုးပြီး လွှင့်ပစ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်ရဲ့ ဘဝတစ်သက်မှာ ရောမတွေအတွက် ဒီဓားကို လုံးဝအသုံးမပြုတော့ပါဘူးလို့ သန္နိဋ္ဌာန်ချထားခဲ့လို့ပါပဲ"ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက သက်ာမကင်းဟန်ဖြင့်

"ရောမတွေကို ဆန့်ကျင်ရမယ့် အရေးအခင်းမှာတော့ ရှင့်ဓားကို အသုံးပြုမှာလား"ဟု မေးလိုက်ရာ ကျွန်ုပ်က

"ဒီမှာ မင်းသမီးလေး၊ ကျုပ်ဟာ ကာရာနေ့ရဲ့ သနားကရုဏာတော်ကို ငံ့မျှော်နေတဲ့လူ မဟုတ်ပါဘူး"ဟု ခပ်ဆတ်ဆတ်ပြောလိုက်သည်။

မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်အဖြေစကားကို ကျေနပ်သွားသဖြင့် လက်ကို ဆန့်တန်းကာ ကျွန်ုပ်ကို ခေါ်ပြီးလျှင် ကျွန်ုပ်နှင့်အတူ ကာရာနေ့တို့ လူစု ဝိုင်းဖွဲ့ထိုင်နေသည့် မီးပုံကြီးရှိရာသို့ လျှောက်လာခဲ့ကြသည်။

မီးပုံကြီးအပါးသို့ ရောက်လာသောအခါ ဘုရင်ကာရာနေ့လည်း ကျွန်ုပ်ကိုတွေ့မြင်သွားပြီး အံ့တစ်ချက် ကြိတ်လိုက်သည်။ ထို့နောက် မျက်နှာထားပြင်ကာ

"အင်း ဒီလိုဆိုတော့လည်း ခင်ဗျားက ကျုပ်တို့တစ်တွေနဲ့ အတော့်ကို ရပ်ချင်းဆင်သွားပါကလား"ဟု ပြောကြားပြီးနောက် မိမိဘေးရှိ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့် မိတ်ဆက်ပေးသည်။

ထိုသို့ မိတ်ဆက်ပေးသည့် သူများအနက် ကျွန်ုပ်နှင့် တစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သော သိမ်းမြစ်နောက်ဘက်ရှိ ကင်တီးတိုင်းရင်းသားလူမျိုးစုခေါင်းဆောင် **ဘရက်ဝင်း**၊ ပြတိန်ကျွန်းတောင်ဘက်ပိုင်း၌ နေသော ဒူရိုထရိုတ် တိုင်းရင်းသား လူမျိုးစုခေါင်းဆောင် **အာဒူရ**၊ အနောက်ဘက်တောင်တန်းများ၌နေသော ပိုဝစ်လူမျိုးစုခေါင်းဆောင် **လိုင်ဝယ်လင်နှင့် မော်ဒရင်**၊ ထင်ရှားသော အက်ထရီဘိတ် လူမျိုးစုခေါင်းဆောင် **အယ်ဗတ်တို့** ဖြစ်ကြ သည်။ ထိုထင်ရှားသော လူမျိုးစုခေါင်းဆောင်ကြီးများသည် ကျွန်ုပ်ကို ယုံမှားသင်္ကာမကင်းသော အမူအရာဖြင့် စူးစူးဝါးဝါးစိုက်ကြည့်နေကြသည်။ အတန်ကြာသောအခါ မျက်လုံးတစ်လုံးသာရှိသော အာဒူရက

"ကျုပ်တို့တစ်တွေကို တိုက်ရေး ခိုက်ရေး စွမ်းရည် ထက်မြက်အောင် လေ့ကျင့် သင်ကြားပေးဖို့ ဘယ်ရောမကောင်မှ မလိုပါဘူး"ဟု ရုတ်တရက် ပြောလိုက်ရာ၊ ကျွန်ုပ်က

"တိုက်ရေး ခိုက်ရေး စွမ်းရည်ထက်ဖို့ သက်သက်တင် မဟုတ်ပါဘူး။ တကယ် ရင်ဆိုင်တိုက်ခိုက်တဲ့အခါမှာ အောင်ပွဲရဖို့ပါ"ဟု ပြောလိုက်သည်။

ထိုအခါ အက်ထရီဘိတ် လူမျိုးစုခေါင်းဆောင် အယ်ဗတ်လည်း ထိုင်ရာမှ ဝုန်းခနဲထကာ လက်တွင်းရှိ ပုဆိန်ကြီးကို ကျွန်ုပ် မျက်နှာနား ဝှေ့ရမ်းပြရင်း

"ကျုပ်ဟာ ဟောဒီပုဆိန်ကြီးနဲ့ ရောမပေါင်းမြောက်မြားစွာကို သုတ်သင်ခဲ့ပြီးပါပြီ"ဟု ပြောကြားရာ၊ ကျွန်ုပ်က

"ခင်ဗျား_သုတ်သင်ခဲ့တဲ့ ရောမတွေက ကိုယ့်အိမ်ကိုယ်ယာမှာ

အေးအေးလူလူနေတဲ့ ရောမမိန်းမတွေ၊ ကလေးတွေနဲ့ ကျေးကျွန်တွေပဲ ဖြစ်ပါလိမ့်မယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ အယ်ဗတ်လည်း ထောင်းခနဲ ဒေါသအမျက် ထွက်သွားဟန်ဖြင့် ကျွန်ုပ်ကို တိုက်ခိုက်တော့မည် ပြုရာ၊ ကာရာနေ့က လက်ပြတားဆီးလိုက်ရင်း "မင်းတို့အားလုံး ဟောဒီရောမကြီး ပြောတာကို နားထောင်ပါဦး"ဟု ပြောကြားပြီးမှ

"ဟုတ်ရဲ့ မဟုတ်လား မော်ဒရင်"ဟု ထောက်ခံချက် တောင်းလိုက်ရာ၊ ပိုးဝစ်လူမျိုးစုခေါင်းဆောင် မော်ဒရင်လည်း လိုင်ဝယ်လင် နည်းတူ ပခုံးကို ဟန်ပါပါ တွန့်ရင်း

"ကျုပ်ကို နိုင်အောင် တိုက်နိုင်စွမ်းရှိရင်တော့၊ ဒီရောမကြီးက ကျုပ်ရဲ့ တိုင်းရင်းသား လူမျိုးစုကို ခေါင်းဆောင်နိုင်ပါတယ်"ဟု ပြောလိုက်သည်။

ထိုအခါ ကာရာနေ့က ကျွန်ုပ်ကို စူးစူးဝါးဝါး စိုက်ကြည့်ရင်း

"ဒီမှာ ရောမကြီး။ ကျုပ်ရဲ့ မဟာမိတ်ခေါင်းဆောင်တွေက ခင်ဗျားကို မထောက်ခံဘဲ ကန့်ကွက်နေပြီ။ မင်းသမီးလေး ဒါဒရီကို သက်ညှာထောက်ထားတဲ့အနေနဲ့ ကျုပ် မကန့်ကွက်တောင် ခင်ဗျားရှုံးသွားပြီ"ဟု ခပ်ထေ့ထေ့ ပြောလိုက်ရာ၊ ကျွန်ုပ်က တည်ငြိမ် အေးဆေးသော အမူအရာဖြင့်

"ခင်ဗျားတို့ အားလုံး အရူးတွေချည်းပဲ။ ခင်ဗျားတို့ဟာ တောထဲ တောင်ထဲမှာ ပုန်းအောင်းခိုလှုံနေကြရတဲ့ လူချည်းပဲ။ ပြီးတော့ တိုက်ခိုက်ရေး စွမ်းရည်ထက်အောင် လေ့ကျင့်မှုလည်း မရှိကြဘူး။ ဒါနဲ့များ ခင်ဗျားတို့ တစ်တွေ စနစ်တကျလေ့ကျင့်ထားတဲ့ ရောမတပ်ကြီးကို ယှဉ်ပြိုင်တိုက်ခိုက် အနိုင်ယူမယ်လို့ စိတ်ကူးယဉ်ကြသေးတယ်၊ ရှေးအခါကလည်း ခင်ဗျားတို့လိုပဲ စိတ်ကူးယဉ်ပြီး ရောမတွေကို ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြတယ်။ အဲဒီလူတွေ ဘာဖြစ်ကုန်တယ်ဆိုတာကို ခင်ဗျားတို့ အားလုံး သိပြီးသားပါ"ဟု ပြောကြားပြီးနောက်

"ဒီမှာ အာဒူရ။ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးရာတုန်းက ရောမတွေကို ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြတဲ့ ခင်ဗျားတို့ တောင်ဘက်ပိုင်း ဒူရိုထရိတ် လူမျိုးစုတွေကို ရောမတွေက ဘယ်လိုတိုက်ခိုက် ချေမှုန်းပစ်တယ်ဆိုတာ ခင်ဗျား အမှတ်ရသေးရဲ့လား။

"ဒီမှာ အယ်ဗတ်၊ ခင်ဗျားတို့ အက်ထရီဘိတ် လူမျိုးစုတွေဟာ သက္ကရာဇ် ၆၂ ခုနှစ်တုန်းက အိုက်နီဘုရင်မကြီး ဘိုဒေးစီးယားရဲ့ ခေါင်းဆောင်မှုကို ခံယူပြီး ရောမတွေကို အင်ကြီးအားကြီးနဲ့ တော်လှန်တိုက်ခိုက်ခဲ့တယ် မဟုတ်လား။ အဲဒီလို တိုက်ခိုက်တုန်းကကော အနိုင်ရဖူးရဲ့လား။ ရောမတွေက

ခင်ဗျားတို့ကို အလွယ်တကူ နှိမ်နင်းလိုက်တယ် မဟုတ်လား။ အိုက်နီဘုရင်မကြီးလည်း နောက်ဆုံးမှာ အဆိပ်သောက်ပြီး အရှုံးပေးသွားရတယ် မဟုတ်လား"ဟု ပြောကြားလိုက်သည်။ ထို့နောက်

"ကျုပ်ပြောတာတွေ ဟုတ်မဟုတ်ကို ခင်ဗျားတို့ ခေါင်းဆောင်ကြီး ကာရာနေ့ကို မေးကြည့်ပါ။ အကြောင်းမဲ့ စိတ်ကူးယဉ်မနေကြဘဲ သမိုင်းသင်ခန်းစာကို ယူပြီး ပြင်သင့်တာကို ပြင်ကြပါ။ ဒါမှ ခင်ဗျားတို့တစ်တွေ အရင်ကလို အရှုံးနဲ့ ရင်မဆိုင်ရဘဲ အောင်ပွဲရမှာ ဖြစ်တယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က သက်ပြင်းချလိုက်ရင်း ဘေးပတ်ပတ်လည်ရှိ ခေါင်းဆောင်များကို လှည့်ကြည့်ကာ

"ဒီရောမကြီး ပြောတဲ့ စကားက ကြမ်းပေမဲ့ ပြောတဲ့အချက်အလက်တွေကတော့ အမှန်ချည်းပါပဲ။ စဉ်းစားစရာချည်းပါပဲ"ဟု ပြောကြားလိုက်ရာ၊ အာဒူရက

"ဒီရောမကြီးဟာ သူပြောတဲ့အတိုင်း တိုက်ရည် ခိုက်ရည်နဲ့ ပြည့်စုံ မပြည့်စုံ သိရအောင် ကျုပ်တို့ ရွေးချယ်တဲ့ သူနဲ့ ဦးစွာ တိုက်ခိုင်းကြည့်မယ်။ ဆိုပါတော့ဗျာ၊ ဘရက်ဝင်းနဲ့ နှစ်ဦးချင်း တိုက်ခိုင်းမယ်"ဟု ပြောကြားလိုက်သည်။ ထိုအခါ ဘရက်ဝင်းက ရယ်မောရင်း

"အာဒူရရေ။ ဒီရောမကြီးနဲ့ ကျုပ်နှစ်ဦးချင်း တိုက်ပြီးပြီဗျ"

ဟု ပြောကြားပြီးနောက်၊ တိုက်ပွဲအကြောင်းကို အသေးစိတ်ပြောကြားသည်။ ထို့နောက်

"ကျုပ်ကတော့ မင်းသမီးလေး ဒါဒရီနဲ့ သဘောချင်း တူသဗျို့။ ဒီရောမကြီးဆီက အကူအညီတွေ အများကြီးလိုတယ်။ ပညာတွေ သင်ယူဆည်းပူးဖို့လည်း အများကြီးလိုတယ်။ ဒီရောမကြီးက ကျုပ်တို့ကို အန္တရာယ်ပြုဖို့ထက် အကျိုးပြုဖို့က များပါတယ်ဗျာ"ဟု ပြောကြားသည်။

ထိုအခါ မော်ဒရင်လည်း အပါးရှိ လိုင်ဝယ်လင်၏ မျက်နှာကို လှမ်းကြည့်ရင်း

"ဟုတ်တယ်ဗျို့။ ဒီရောမကြီး သဘောတူရင် သေနင်္ဂဗျူဟာ ပါရဂူအဖြစ် ခန့်ချင်တယ်။ ကျုပ်တို့ လူမျိုးစုတွေ တိုက်ခိုက် ခိုက်ရည်တက်လာအောင် လေ့ကျင့်သင်ကြားပေးစေချင်တယ်"ဟု ပြောကြားလိုက်သည်။

ဤသို့ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များက ကျွန်ုပ်ကို ထောက်ခံသည့်စကားများ အသီးသီး ပြောကြားလာသောအခါ၊ ကာရာနေ့လည်း မျက်နှာထားကို ပြင်ကာ ပြုံးလိုက်ပြီး

"ဒီမှာ ရောမကြီး၊ ခင်ဗျားရဲ့ အကူအညီကို ကျုပ်တို့အားလုံး လက်ခံဖို့ သဘောတူညီကြပြီ။ ဒီတော့ ခင်ဗျားအနေနဲ့ ဘာတွေများ လိုအပ်သလဲ"ဟု မေးလိုက်သည်။

ထိုအခါ ကျွန်ုပ်က ပြုံးပြီး

"တောင့်တင်းကြံ့ခိုင်တဲ့ ချပ်ဝတ်တန်ဆာတွေ လိုတယ်။ တောင့်တင်းကြံ့ခိုင်တဲ့ မြင်းတွေလည်း လိုတယ်"ဟု ပြောလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက ကြားဝင်ပြီး

"ဟုတ်တယ်။ မြင်းရထားတပ်အတွက် တောင့်တင်းကြံ့ခိုင်တဲ့ မြင်းတွေ လိုတယ်"ဟု ဝင်ရောက် ထောက်ခံလိုက်သည်။

အိုင်ယာလန်ကျွန်းရှိ စစ်သည်တော်များသည် မြင်းရထားတပ်ကို ရှေးဘိုးဘေးမဆွကပင် အသုံးပြုခဲ့ကြသော သူများဖြစ်သည်။ သို့သော် ရောမတို့ကား မြင်းရထားတပ်ကို ကောင်းစွာ အသုံးမပြုကြသေးပေ။ ရောမတို့သည် ခိုင်ခံ့တောင့်တင်းသော ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီး၊ လှံရှည်နှင့် ဒိုင်းကြီးကို ကိုင်စွဲတိုက်ခိုက်သော ခြေလျင်တပ်ကိုသာ အားထားကြပေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်၏ ဆရာ စစ်သေနာပတိ စတီလီချိုက 'ရောမတပ်မဟာသည် ခြေလျင်တပ်ကိုသာ အားမပြုသင့်ကြောင်း၊ မြင်းရထားတပ်ကိုလည်း အားထားသင့်ကြောင်း၊ ရန်သူကို ချေမှုန်းရာ၌ လျင်မြန်ပေါ့ပါးသော မြင်းရထားတပ်ကို အဓိက အသုံးပြုသင့်ကြောင်း၊ ရန်သူနယ်မြေကို သိမ်းပိုက်အုပ်ချုပ်ရာ၌မူ ခြေလျင်တပ်ကို အဓိက အားထားသင့်ကြောင်း'မိန့်ကြားခဲ့ဖူးသည်။ သို့သော် ကျွန်ုပ်၏ ဆရာ စစ်သေနာပတိ စတီလီချိုသည် မိမိ၏ သေနင်္ဂဗျူဟာကို အကောင်အထည် ဖော်မသွားနိုင်ခဲ့ပေ။ ယခုအခါ၌မူ ကျွန်ုပ်ဆရာ၏ သေနင်္ဂဗျူဟာကို ကျွန်ုပ်လက်တွေ့ အကောင်အထည် ဖော်ကြည့်ရပေတော့မည်။

အိုက်နီတို့အား ဗြိတိန်ကျွန်း၏ အကောင်းဆုံး မြင်းသည်တော်များဖြစ်ရာ၊ ကျွန်ုပ်အလိုရှိသည့်အတိုင်း မြင်းတို့ကို လေ့ကျင့်သင်ကြားနိုင်မည်မှာ သေချာသည်။ ထို့ပြင် ခိုင်ခံ့တောင့်တင်းသော သံချပ်ဝတ်တန်ဆာများအတွက်လည်း ကျွန်ုပ်ပူပင်စရာ မရှိပေ။ ဘရိဂင်တီတို့ကား အတော်ဆုံး ပန်းပဲဆရာတို့ဖြစ်လေရာ၊ ကျွန်ုပ်အလိုရှိသည့် ချပ်ဝတ်တန်ဆာတို့ကို လုပ်ဆောင်ပေးနိုင်မည်မှာ သေချာပေတော့သည်။

## ၁၄
## နတ်ဘုရားများပွဲတော်

တိုက်ရည်ခိုက်ရည် အစွမ်းထက်ရန်အတွက် စစ်ရေးလေ့ကျင့်ခန်းများကို နောက်တစ်နေ့နံနက်တွင်ပင် ကျွန်ုပ်စတင်ပါတော့သည်။ လက်ထောက်ဆရာများအဖြစ် မြင်းစီးကျွမ်းကျင်လှသော မင်းသမီးလေး ဒါဒရီ၏ လူယုံတော်တစ်ကျိပ်နှင့် ဝဲ့တောင်ကုန်းဒေသသား မြင်းစီးအကျော် အချို့ကို ခန့်ထားပြီးနောက် ထိုလက်ထောက်ဆရာများနှင့်အတူ မြင်းစီးအတတ်ကို စတင်သင်ကြားပေးပါသည်။

ကျွန်ုပ် လေ့ကျင့်သင်ကြားပေးရသော သူများမှာ လယ်သမား၊ ယာသမားနှင့် ကျွန်ပြေးများသာ ဖြစ်လေရာ၊ သင်ကြားကာစက အချိုးမကျကြပေ။ အလွဲလွဲအချော်ချော် အမှားမှားအယွင်းယွင်း ဖြစ်ကြသည်။ ထိုအခါ တောင်ပေါ်တိုင်းရင်းသားလူမျိုးစု စစ်သည်တော်များက ရယ်မောပြောင်လှောင်ကြသည်။ သရော်ရွံ့ချကြသည်။ သို့သော် ကျွန်ုပ်၏ လူများကား စိတ်ဓာတ်မကျရုံမက၊ မခံချင်စိတ်ဖြင့် တိုး၍ ကြိုးစားဆောင်ရွက်ကြသည်။ ဤသို့အားဖြင့် ရက်များမကြာမီ မြင်းစီးအတတ်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာကြသည်။

ထိုအခါ ကျွန်ုပ်သည် လှံရှည်အစစ်လည်း မရသေးသောကြောင့် တုတ်ရှည်ကြီးများကိုသာ လှံရှည်အဖြစ် ကိုင်စွဲစေပြီး လေ့ကျင့်စေပါသည်။ လက်ငြိမ်လာသောအခါတွင်မူ ကျွန်ုပ်တို့လည်း သစ်သားတိုင်ကြီးများပေါ်တွင် ပန်းခွေများ ချိတ်ထားပြီး မြင်းကို ကဆုန်စိုင်း စီးလာရာမှ ထိုပန်းခွေများကို ထိအောင် ထိုးခိုင်းပါသည်။ ထို့နောက်တွင်ကား ကျွန်ုပ်သည် လှံတံအစစ်ကို

အသုံးပြုကာ လေ့ကျင့်စေပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် စစ်ရေး လေ့ကျင့်ခန်းအမျိုးမျိုးကို နေ့စဉ်ရက်ဆက် မရပ်မနား ပင်ပင်ပန်းပန်း လေ့ကျင့် သင်ကြားပေးခဲ့ကြသည်။ ထိုသို့ ကျွန်ုပ် အထူးလေ့ကျင့်သင်ကြားပေးခဲ့သော သူများကို နောက်ဆုံး၌ တိုင်းရင်းသားလူမျိုးစုစစ်သည်တော်များက 'သံမဏိ မြင်းသည်တော်များ'ဟုပင် တလေးတစား ခေါ်ဝေါ်လာခဲ့ကြပေသည်။

အချိန်ကား တရွေ့ရွေ့ ကြာညောင်း၍ နွေဦးရာသီသို့ပင် ရောက်ရှိ လာခဲ့ပေပြီ။ ဗြိတိန်ကျွန်း မြောက်ပိုင်းရှိတိုင်းရင်းသား လူမျိုးစုများထံ သွား ရောက်စည်းရုံးရေး ဆင်းနေသော ကဲ့ဘုရင် ကာရာနေ့တို့လူစုသည် မင်းသမီး လေး ဒါဒရီနှင့်အတူ ကျွန်ုပ်တို့ စခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပေပြီ။

ကျွန်ုပ်လေ့ကျင့်သင်ကြားပေးထားသော သူများ၏ ဟန်ပန်မူရာနှင့် လှုပ်ရှားမှုတို့ကို မျက်ဝါးထင်ထင် မြင်ရသောအခါ မျက်လုံးပြူးသွားပြီး

"သူတို့ဟာ လယ်သမား ယာသမားတွေ ကျွန်ပြေးတွေမှ ဟုတ်ပါ လေစ"ဟု တအံ့တဩ ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ကျွန်ုပ်က မြင်းကို ကဆုန်စိုင်းစီးနင်းရာမှ လိုရာ ပစ်မှတ်ကို လှံရှည်ကြီးများဖြင့် မလွဲအောင် ထိုးခိုင်းပြန်ရာ၊ မိမိတို့အစွမ်းကို ပြချင်နေကြသော ဖိုးပြချင်တို့ကလည်း ကျွန်ုပ်ခိုင်းသည့်အတိုင်း တစ်သဝေ မတိမ်းပြုလုပ်ပြရာ၊ ကာရာနေ့နှင့်တကွ ရှုကြည့်သူအပေါင်းတို့လည်း သဘော အကျကြီးကျကာ လက်ခုပ်သံ တဖျောင်းဖျောင်းနှင့် ဩဘာပေးကြသည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"သူတို့ ကိုင်စွဲထားကြတဲ့ လှံရှည်ကြီးတွေက ခြေထောက်ချိုး အက်ဗင် တို တောင်းပန်ပြီး ပြုခိုင်းထားတာပါ။ အခု ကျုပ်လူတွေအတွက် သံချပ်ဝတ် တန်ဆာတွေနဲ့ ဓားတွေ လိုနေပါတယ်"ဟု ကာရာနေ့အား ပြောကြားလိုက် သည်။

ကာရာနေ့လည်း ကျွန်ုပ်လူများ ကိုင်စွဲသော လှံရှည်ကြီးတစ်ချောင်း ကို တောင်းယူကာ လက်ဖြင့် ချိန်ဆကြည့်ပြီးနောက်

"လက်နက်ကောင်းတစ်ခုပဲ။ ဒါပေမဲ့ မြင်းစီးသူရဲကောင်းအတွက် တော့ အသုံးမဝင်လှပါဘူး"ဟု မှတ်ချက်ချလိုက်ရာ၊ ကျွန်ုပ်လည်း ထောင်းခနဲ စိတ်ထွက်လာသောကြောင့် အပါးရှိ ကျွန်ုပ်၏ လူတစ်ယောက်အား လှံရှည် ကြီးကို ကမ်းပေးပြီး

"ဟောဟို ခပ်ဝေးဝေးနံရံမှာ ချိတ်လှန်းထားတဲ့ အကျီကို ထိအောင် ပစ်စမ်းကွာ"ဟု စေခိုင်းလိုက်သည်။

တပည့်ကျော်လည်း အသာပြုံးလိုက်ပြီးလျှင် လှံရှည်ကြီးကို ကိုင်စွဲကာ နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်၍ အားယူပြီးနောက် လှံရှည်ကြီးကို ထိုးလွှတ်လိုက်သည်။ လှံရှည်ကြီးလည်း ဝှီးခနဲ မြည်ကာ တဲနံရံ၌ ချိတ်လှန်းထားသော အင်္ကျီကို သွားရောက် စိုက်နေရာ. ကာရာနေ့လည်း အလွန်အမင်း အံ့အားသင့်ဟန်ဖြင့် လွှတ်ခနဲ အော်လိုက်သည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"ရောမတွေရဲ့ ချပ်ဝတ်တန်ဆာကို ဖောက်ထွင်းဖို့ဆိုရင်တော့ လှံသွားဟာ ဒီထက်ပိုပြီး လေးဖို့လိုတယ်"ဟု ပြောကြားလိုက်ရာ၊ ကာရာနေ့က

"လူတိုင်း ဒီလို လှံရှည်မျိုး လိုသလား"ဟု မေးလိုက်သည်။

ထိုအခါ ကျွန်ုပ်က ခေါင်းရမ်းပြရင်း

"လူတိုင်း မလိုပါဘူး။ တချို့ပဲလိုမယ်။ တချို့ကတော့ ဓားရှည်လောက်နဲ့ လုံလောက်ပါတယ်"ဟု ပြောကြားပြီးနောက်

"ကျုပ် စိတ်တိုင်းကျ လေ့ကျင့်ထားတဲ့ သံမဏိမြင်းသည်တော် တစ်သောင်းသာ ရပါစေ။ ဗြိတိန်ကျွန်းကြီးကို ကျုပ်လက်အောက် ရောက်အောင် ဒီလူတွေနဲ့ ကျုပ်အနိုင်တိုက်နိုင်ပါတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က မျက်စိမျက်နှာ ပျက်သွားပြီး၊ စိုးရိမ်ကြောင့်ကြဟန်ဖြင့်

"ခင်ဗျားက ဗြိတိန်ကျွန်းရဲ့ အရှင်သခင် ဖြစ်ချင်နေပြီလား"ဟု မေးလိုက်ရာ ကျွန်ုပ်က

"မဖြစ်ချင်ပါဘူးဗျာ။ ကျုပ်ပြောချင်တာက ကျုပ်စိတ်တိုင်းကျ လေ့ကျင့်ထားတဲ့ သံမဏိမြင်းသည်တော်နဲ့သာ တိုက်မယ်ဆိုရင် ဘယ်သူပဲဖြစ်ဖြစ်၊ ဗြိတိန်ကျွန်း တစ်ကျွန်းလုံးကို ရအောင်တိုက်နိုင်တယ်ဆိုတဲ့ အချက်ပါ"ဟု ပြောကြားပြီးနောက်

"ဒီမှာ ကာရာနေ့။ မနာလိုဝန်တိုလည်း မဖြစ်နေပါနဲ့။ စိုးရိမ်ကြောင့်ကြလည်း ဖြစ်မနေပါနဲ့။ ကျုပ်က ဗြိတိန်ကျွန်းရဲ့ အရှင်သခင်အဖြစ်သာ မကဘူး။ ရောမအင်ပါယာရဲ့ အရှင်သခင်အဖြစ်ကိုတောင် မလိုလားမတပ်မက်ခဲ့တဲ့သူပါ"ဟု ပြောကြားလိုက်သည်။ ထို့နောက် ဘုရင်ခံချုပ်ကတော် ကော်နီလီယာ၏ အကြံအစည်နှင့် ပန်ကြားချက်အကြောင်းကို အတော်အသင့်ဖွင့်ဟ ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီး ဒါဒရီက

"ရှင်ဟာ လူထူးလူဆန်းတစ်ယောက်ပဲ"ဟု တအံ့တဩ မှတ်ချက်ချပြီး၊ ကာရာနေ့က

"ခင်ဗျားဟာ စစ်သည်တော်ကောင်းတစ်ယောက်ပဲ။ ပြီးတော့ ခင်ဗျားဟာ လူပျော့လူညံ့တွေကို အရည်အသွေး ပြောင်းမြောက်တဲ့ စစ်သည်တော်ကောင်း ဖြစ်အောင်လည်း ပြုဆောင်နိုင်စွမ်း ရှိပါပေတယ်။ ဒါကြောင့်လည်း ခင်ဗျားကို စစ်သည်တော်တိုင်းက ရိုသေလေးစားပြီး၊ စစ်နတ်ဖုရားလို အထင်ကြီးကြတာ ဖြစ်လိမ့်မယ်"ဟု မှတ်ချက်ချသည်။ ထို့နောက်

"ခင်ဗျား လိုချင်တဲ့ သံချပ်ဝတ်တန်ဆာတွေကော၊ ဓားတွေ၊ လှံတွေ၊ ဒိုင်းတွေရော မကြာခင် ရရပါစေ့မယ်"ဟု ပြောကြားပြီးနောက်၊ ကျွန်ုပ်လည်ပင်းကို လှမ်းကြည့်ကာ

"ခင်ဗျားကို ပေးထားတဲ့ ရွှေကြိုးကော"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က အသာပြုံးပြီး

"ကာမူးလိုဒူးနန်းမြို့က ကုန်သည်ကြီး **ယူပီးယပ်**ကို ပေးထားရတယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်လူတွေအတွက် ဝိုင်အရက်တွေနဲ့ အစားအစာတွေကို သူ့ဆီက မှာယူနေရတာကိုး။ ကုန်သည်ကြီး ယူပီးယပ်က ကျုပ်ရဲ့ မိသားစုနဲ့ ရှေးကတည်းက အဆက်အဆံပြုခဲ့တဲ့ မိတ်ဟောင်းကြီးပါပဲ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့လည်း ကျေနပ်ဝမ်းမြောက်သွားသော အမူအရာဖြင့် ပြုံးရင်း

"အေးဗျာ၊ ခင်ဗျားတို့လူစု သုံးစွဲဖို့အတွက်လည်း ကျုပ်က စီမံပေးပါမယ်။ လူတိုင်းလူတိုင်းကို လခပေးဖို့ စီမံပါ့မယ်"ဟု ပြောကြားရာ၊ ကျွန်ုပ်က

"ကျုပ်လူတွေအတွက် သံချပ်ဝတ်တန်ဆာတွေ၊ ဓားတွေ၊ ဒိုင်းတွေသာ အပြည့်အစုံပေးပါဗျာ။ လခပေးဖို့ မလိုပါဘူး။ ကျုပ်တို့နည်းနဲ့ ကျုပ်တို့ ရှာဖွေနိုင်ပါတယ်"ဟု ပြောကြားလိုက်သည်။

ထိုစကားကို ကြားလျှင် ကာရာနေ့လည်း အလွန်အံ့ဩသော အမူအရာဖြင့် ငေးကြည့်ရင်း

"ဘယ်လိုလဲဗျ။ ကြားစမ်းပါရစေ"ဟု ပြောကြားလိုက်ရာ

"အခြား မဟုတ်ပါဘူးဗျာ။ ကျုပ်ကိုသာ တိုက်ပွဲတစ်ပွဲလောက် ဆင်နွှဲခွင့်ပေးစမ်းပါ။ အားလုံး အဆင်ပြေသွားရစေ့မယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က

"ခင်ဗျားက ရောမမြို့ငယ်ရပ်ငယ်တွေကို ဝင်စီးမလို့လား"ဟု ထပ်မေးရာ၊ ကျွန်ုပ်က

"မဟုတ်ပါဘူးဗျာ။ ရောမမြို့ငယ်ရွာငယ်တွေကို ဝင်မစီးဘဲနဲ့ ကျုပ်လူတွေ ရွှေတွဲလွဲ ငွေတွဲလွဲ ဖြစ်ရပါစေ့မယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက ကျွန်ုပ်ကို စေ့စေ့ကြည့်ကာ ဟက်ဟက်ပက်ပက်ရယ်ရင်း

"သြော် . . . မားကပ်၊ မားကပ်၊ ရှင်ဟာ တဖြည်းဖြည်းနဲ့ အင်အားတောင့်တင်းကြီးမားပါပကော"ဟု ပြောကြားပြီး

"ရှင်ရဲ့ ရုပ်ဆင်းသွင်ပြင်လည်း အတော့်ကို ပြောင်းလဲနေတယ်။ ရှင့်ကိုယ်ခန္ဓာဟာ သံမှုန့်စားထားသလို တောင့်တင်းခိုင်ကြံ့နေပြီး ရှင့်အသားအရေကလည်း ညိုမှောင်နေပါကလား"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကျွန်ုပ်က

"ကျုပ်လူတွေနဲ့အတူ ကျုပ်က အမြဲမပြတ် စစ်ရေးလေ့ကျင့်နေတာကိုး။ ပြီးတော့ ကျုပ်လူတွေလိုပဲ ကျုပ်က သစ်ပင်အောက်ရော၊ ကျောက်ဂူတွေထဲမှာရော နေရာမရွေးဘဲ အိပ်တယ်လေ"ဟု ပြောကြားရာ၊ မင်းသမီးလေး ဒါဒရီက

"ဒီနေ့ညမှာ နတ်ဖုရားများ ပွဲတော်ရှိပါတယ်။ အဲဒီပွဲတော်ကို ရှင်တက်ဖြစ်အောင် တက်စမ်းပါ။ ရှင်နဲ့အတူ အေးအေးလူလူ စကားစမြည် ပြောချင်ပါတယ်"ဟု ပြောကြား ဖိတ်ခေါ်လိုက်သည်။

နေဝင်ခဲ့လေပြီ။ နွေဦးရာသီ၌ ကျင်းပမြဲဖြစ်သော နတ်ဖုရားများပွဲတော်ကြီးကို စတင်သောအားဖြင့် ယဇ်မီးပုံကိုပင် ထွန်းညှိနေပေပြီ။ ဗြိတိန်ကျွန်း နေရာအနှံ့အပြား၌နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု အသီးသီးတို့လည်း ကောက်ပဲသီးနှံတို့ဖြစ်ထွန်းရန်အတွက် နတ်ဘုရားများကို ပူဇော်ပသသော နတ်ဘုရားပွဲတော်ကြီးသို့ တပျော်တပါး တစ်သုတ်ပြီး တစ်သုတ်လာရောက်ကြပေရာ၊ လူများ တိုးမပေါက်အောင် စည်ကားပြည့်နှက်နေပေတော့သည်။

ကျွန်ုပ်လည်း မင်းသမီးလေး ဒါဒရီနှင့် လက်ချင်းတွဲပြီး ပွဲခင်းဘက်သို့ အတူတကွ လျှောက်လာရာ၊ ယဇ်နတ်ဆရာကြီး တဲတိန်းနှင့် လမ်းတွင်တွေ့ဆုံသည်။ ထိုအခိုက် မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်လက်ကို အတင်းဆွဲပြီး ယဇ်နတ်ဆရာကြီးဆီသို့ ခေါ်သွားပြီး

"ဆရာကြီး . . . မားကပ်အတွက် ဆုမွန်ကောင်း ပေးသနားပါ။ ရှေ့ဖြစ်လည်း ဟောစမ်းပါ"ဟု ပြောကြားသည်။

ယဇ်နတ်ဆရာကြီး တဲတိန်းလည်း ကျွန်ုပ်ကို ချက်ချင်း မှတ်မိသွားပြီး

"သြော် မောင်ကိုး။ ဘားလ်နတ်ဘုရားကြီးက မောင့်ရဲ့ အကူအညီကို

နောင်အခါမှာ လိုအပ်လိမ့်မယ်လို့ ကြိုတင် သိတော်မူတဲ့အတွက် မောင့်အသက်ကို ချမ်းသာခွင့်ပေးလိုက်ခြင်းဖြစ်တယ်"ဟု ပြောကြားပြီးနောက်၊ ကျွန်ုပ်၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ထို့နောက် ရီဝေသော မျက်လုံးအစုံဖြင့် ရွေ့တူရှုသို့ မျက်တောင်မခတ်ဘဲ ငေးကြည့်ရင်း

"မားကပ် . . . မားကပ်။ မောင်ဟာ တဖြည်းဖြည်း တန်ခိုးအင်အား ကြီးမားလာတယ်။ ပြီးတော့ မောင်နဲ့ မင်းသမီးလေး ဒါဒရီတို့ကြောင့် တိုက်ပွဲ ခိုက်ပွဲတွေ၊ သတ်ပွဲ ဖြတ်ပွဲတွေ အမြောက်အမြား ဖြစ်ပေါ်လာတာကို တွေ့ တယ်။ ပြီးတော့ ကျုပ်တို့တစ်တွေ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်လာတဲ့ နတ် ဘုရားတွေကို မကိုးကွယ်ကြတော့ဘဲ၊ ကောင်းကင်ပြင်က သူရိယနေမင်းထက် ထွန်းလင်းတောက်ပပြီး ကြီးကျယ်မြင့်မြတ်တဲ့ ဘုရားတစ်ဆူကို ပြောင်းလဲ ကိုးကွယ်တာကိုလည်း တွေ့တယ်။ မောင်နဲ့ မင်းသမီးလေး ဒါဒရီတို့ရဲ့ နှစ်ဦး ကြားမှာ အခက်အခဲတွေ ပြဿနာတွေ အမြောက်အမြားရှိနေပေမဲ့ နောက်ဆုံး မှာ မောင်တို့နှစ်ဦး ပေါင်းဆုံကြလိမ့်မယ်"ဟု တတွတ်တွတ်ပြောကြားသည်။

မင်းသမီးလေး ဒါဒရီမှာ ယဇ်နတ်ဆရာကြီးများ၏ စကားကို အကြွင်းမဲ့ ယုံကြည်ရကား ယဇ်နတ်ဆရာကြီး တဲတိန်း၏ စကားကြောင့် မျက် နှာဖြူဖျော့သွားရှာသည်။ ထိုအခိုက်တွင် ယဇ်နတ်ဆရာကြီး တဲတိန်းလည်း သတိပြန်ရလာသူကဲ့သို့ မျက်တောင်ပုတ်ခတ် ပုတ်ခတ် ပြုနေပြီးမှ

"ကျုပ်ဘာတွေများ ဟောခဲ့မိသလဲ မသိဘူး။ ဘာပဲဖြစ်ဖြစ် စိတ် မကောင်း မဖြစ်ကြပါနဲ့။ စိတ်အနှောင့်အယှက်မဖြစ်ကြပါနဲ့။ မောင်တို့တစ်တွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ"ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီလည်း ယဇ်နတ်ဆရာကြီးကို ဒူး ထောက်အရိုအသေပြုပြီးနောက်၊ ကျွန်ုပ်၏လက်ကို ဆွဲကာ အတူတကွ ထွက် ခွာလာခဲ့ကြသည်။

မှောင်ရိပ်တစ်နေရာသို့ရောက်သောအခါ ကျွန်ုပ်လည်း မင်းသမီး လေး ဒါဒရီကို တင်းတင်းကြပ်ကြပ်ပွေ့ဖက်ကာ နီထွေးပြည့်တင်းသော နှုတ် ခမ်းအစုံကို တမြတ်တနိုး နမ်းလိုက်သည်။ ထိုအခါ မင်းသမီးလေး ဒါဒရီက ကျွန်ုပ်၏ ရင်ခွင်တွင်းမှ အတင်းရုန်းထွက်ပြီးနောက်

"မဖြစ်ဘူး မားကပ်၊ ရှင်နဲ့ ကျွန်မတို့ဟာ ဒီဘဝမှာ ဘယ်နည်းနဲ့မှ ပေါင်းဆုံလို့ မဖြစ်ပါဘူး။ ရှင်တို့ရောမတွေရဲ့ လက်ချက်ကြောင့် ကျွန်မရဲ့ ဖခမည်းတော် နီအောဘုရင်မင်းမြတ်ဟာ နတ်ရွာစံ ကံတော်ကုန်ခဲ့ရတယ်။ ပြီးတော့ ရှင်တို့ ရောမတွေဟာ အခွင့်သာတာနဲ့ တစ်ပြိုင်နက် ကျွန်မတို့ ဇာတိ ရပ်မြေဖြစ်တဲ့ အိုင်ယာလန်ကျွန်းကို တိုက်ခိုက်သိမ်းယူဖို့ အသင့်ဖြစ်နေတယ်။

တကယ်တော့ ရှင်နဲ့ ကျွန်မဟာ အမျိုးဇာတ်ချင်း လုံးဝ ကွဲပြားခြားနားပါတယ် ရှင်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်လည်း မင်းသမီးလေး ဒါဒရီကို ပြန်လည်ပွေ့ဖက်ရင်း

"ဒါဒရီရယ်။ ကျုပ်ကို အခုတိုင် ရောမတစ်ယောက်ကို မှတ်ယူထားတုန်းပဲလားဗျာ။ အမှန်တော့ ကျုပ်ဟာ ရောမတွေက ပြည်နှင်ဒဏ်ပေးလိုက်တဲ့သူပါ။ ရောမတွေဆီကို ကျုပ်ပြန်သွားတာနဲ့ တစ်ပြိုင်နက် ရောမတွေက ကျုပ်ကို သတ်ပစ်မှာ သေချာပါတယ်။ ကျုပ်လေ . . . ကျုပ် . . . မင်းရဲ့တိုင်းပြည်မှာပဲ ခေါင်းချပြီး မင်းရဲ့ ရင်ခွင်မှာပဲ အမြဲခိုလှုံမှေးစက်ဖို့ ဆုံးဖြတ်ထားပါတယ်။ မင်းကို ကျုပ်တကယ်ပဲ လှိုက်လှိုက်လှဲလှဲ မြတ်မြတ်နိုးနိုးချစ်ပါတယ်ကွယ်"ဟု ပြောကြားရာ၊ မင်းသမီးလေး ဒါဒရီက မယုံနိုင်သော အမူအရာဖြင့်

"ရှင်က အိုင်ယာလန်ပြည်သားအဖြစ် ခံယူမယ် ဟုတ်လား။ မဟုတ်လိုက်တာရှင်ရယ်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"ဟုတ်ပါတယ် ဒါဒရီ။ ကျုပ်မြတ်နိုးစုံမက်တဲ့ ချစ်သူရှိရာမြေမှာပဲ ကျုပ်ရာသက်ပန်နေဖို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောကြားရာ မင်းသမီးလေး ဒါဒရီက လေးလေးတွဲတွဲ ခေါင်းခါသည်။ ထိုနောက် ကျွန်ုပ်၏ ရင်ခွင်တွင်းမှ ရုန်းထွက်ပြီး အမှောင်ထုတွင်းသို့ ထွက်ခွာပျောက်ကွယ်သွားတော့သည်။

ကျွန်ုပ်လည်း မင်းသမီးလေး ဒါဒရီကို ငေးကြည့်ရင်း အသည်းနှလုံးနာကျင်ကာ ကြေကွဲဝမ်းနည်းနေမိသည်။

ကျွန်ုပ်လည်း အတန်ကြာအောင် ငေးငိုင်နေပြီးမှ ပွဲခင်းရှိရာသို့ လျှောက်လာခဲ့ သည်။

ပွဲခင်းအလယ်၌မူ ဝက်ဆယ့်ငါးကောင်နှင့် နွားကြီး ဆယ်ကောင်ကို မီးကျီခဲများနှင့် ရဲနေအောင် ကင်နေသည်ကို တွေ့ရသည်။ မီးပုံကြီးများဘေးတွင် ပွဲတော်လာတို့နှင့် စည်ကားနေပြီး၊ ပွဲတော်လာ ယောကျ်ား မိန်းမတိုင်းပင် သေခွက်များ ကိုယ်စီကိုင်ကာ သောက်စား မူးယစ်နေကြသည်ကို တွေ့ရသည်။

ကျွန်ုပ် ရောက်လာသောအချိန်တွင်မူ မီးကျီခဲများနှင့် ရဲနေအောင် ကင်ထားသော ဝက်သား အမဲသားတို့မှာ ကျက်နေပြီဖြစ်ရုံမက ပွဲတော်လည်း စနေပြီဖြစ်ရကား လူတိုင်းပင် လက်တွင်းရှိဓားတို့ဖြင့် အသားများကို လိုသလောက် လှီးဖြတ်ယူပြီး အသားကင်ကိုစားလိုက်၊ သေရည်ကို သောက်လိုက်ဖြင့် အပျော်ကြီးပျော်နေကြသည်။

ထိုသို့ အပျော်ကြီးပျော်နေသော လူသိုက်ကို ကျွန်ုပ်ငေးကြည့်နေခိုက် ဝဲ့လူမျိုးစုမှ မိန်းမငယ်လေးတစ်ဦးသည် ကျွန်ုပ်အပါးသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာပြီး သေခွက်တစ်ခွက် ကမ်းပေးရင်း

"သောက်လိုက်စမ်းပါရှင်။ ကောက်ပဲသီးနှံများ ဖြစ်ထွန်းအောင် ဘားလ်နတ်ဘုရားကြီးကို ဆုမွန်ကောင်း တောင်းပြီး သောက်လိုက်စမ်းပါ"ဟု ပြောကြားရာမှ လက်တွင်းရှိသေခွက်ကိုလည်း မော့သောက်လိုက်သည်။

ကျွန်ုပ်လည်း သေခွက်ကိုယူကာ မော့သောက်လိုက်ရာ၊ မိန်းမငယ်လေးက လှီးဖြတ်လာသော အသားကင်တစ်ကင် ကမ်းပေးပြန်သည်။ ကျွန်ုပ်လည်း အသားကင်ကို ကိုက်စားလိုက်ရာ အလွန်အရသာရှိကြောင်း တွေ့ရှိရသောကြောင့် အသားကင်တစ်ကိုက်၊ သေရည်တစ်ကျိုက်နှင့် မူးသွားအောင် တစ်ခွက်ပြီးတစ်ခွက် မော့သောက်လိုက်မိတော့သည်။

သေရည်အတော်မူးလာသောအခါ အပါး၌ ရယ်ရယ်မောမောနှင့် ပူးကပ်နေသော မိန်းမငယ်လေးကို ကျွန်ုပ်လည်း ပွေ့ဖက်ပြီးနောက် မှောင်ရိပ်ရှိရာသို့ တွဲခေါ်လာခဲ့သည်။ မှောင်ရိပ်ထဲသို့ ရောက်ကာနီးတွင် ပခုံးကို နူးညံ့သော လက်တစ်ဖက်က အသာလာကိုင်သောကြောင့် ချာခနဲလှည့်ကြည့်လိုက်ရာ မျက်နှာထား သုန်မှုန်နေသော မင်းသမီးလေး ဒါဒရီကို တွေ့မြင်ရသည်။

မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်နှင့် ပါလာသော မိန်းမငယ်လေးကို စိန်းစိန်းကြည့်ရင်း

"မင်း ထွက်သွားပါတော့ကွယ်။ မားကပ်နဲ့ မမတို့ ပြောစရာ စကားရှိတယ်"ဟု ပြောလိုက်ရာ၊ မိန်းမငယ်လေးလည်း ရုတ်တရက် ထွက်ခွာမသွားဘဲ နှုတ်ခမ်းကို စူပြီး တွေကြည့်နေသည်။ ထို့နောက်မှ မင်းသမီးလေး ဒါဒရီ၏ အေးစက်မာကျောသော အကြည့်ကို ကြာရှည် ရင်မဆိုင်ဝံ့သောကြောင့် ဗျစ်တောက်ဗျစ်တောက် ရေရွတ်ရင်း လှည့်ထွက်သွားရှာသည်။

ထိုအခါ ကျွန်ုပ်က

"ဘာကြောင့် ဒီမိန်းမငယ်ကို နှင်ထုတ်လိုက်ရတာလဲကွယ်၊ ကျုပ်ရဲ့ လေးလံနောက်ကျိနေတဲ့ အသည်းနှလုံးဟာ ဒီမိန်းမငယ်ကြောင့် အတန်ငယ် သက်သာရာရခဲ့ပါတယ်"ဟု ပြောကြားလိုက်ရာ၊ မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်ကို ဒေါသတကြီး လှမ်းကြည့်ရင်း လက်ထဲက သေခွက်ကို မော့သောက်လိုက်သည်။ ထို့နောက်

"မားကပ်ရယ် . . . ရှင်ပြောတဲ့ စကားတွေကို ကျွန်မ ထပ်တလဲလဲ ဦးစားခဲ့တယ်။ ရှင်တို့ ကျွန်မတို့ အားလုံးဟာ ကံကြမ္မာရဲ့ စီမံရာကို လိုက်နာကြရတဲ့သူများ ဖြစ်ပါတယ်"ဟု ပြောကြားရာ၊ ကျွန်ုပ်က ရယ်မောပြီး

"ဒီနေ့ည ဒီနေ့အခါမှာ ကျွန်ုပ်ကို တရားဓမ္မနဲ့ နားမချပါနဲ့ ဒါဒရီ။ အခု လောလောဆယ်မှာ ကျုပ်ရဲ့ သွေးတွေ ပွက်ပွက်ဆူနေတယ်။ ရာဂမီးတွေ ဟုန်းဟုန်းတောက်နေတယ်။ ကျုပ်ရဲ့ ရာဂမီးကို ငြိမ်းအေးစေမယ့် မိန်းကလေး တစ်ယောက်ပဲ ကျုပ်လိုချင်တယ်။ တရားဓမ္မစကားကို မကြားချင်ဘူး"ဟု ပြော ချလိုက်သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက ရယ်သံလွင်လွင်ဖြင့် ရယ်မော ပြီး ကျွန်ုပ်၏ ကိုယ်ကို သွယ်ပျောင်းလှပသော လက်မောင်းအစုံဖြင့် ရစ်ပတ် လိုက်ရင်း

"မားကပ်ရယ် . . . ရှင်က ကျွန်မကို ချစ်တတ်တဲ့ နှလုံးသားမရှိဘူး လို့များ မှတ်ထင်ယူဆနေသလား။ ရှင့်ရဲ့ ရာဂမီးကို ငြိမ်းအေးအောင် ပြုဆောင် နိုင်စွမ်း မရှိဘူးလို့များ ယူဆနေသလား"ဟု ပြောကြားပြီး ကျွန်ုပ်ကို တင်းတင်း ကြပ်ကြပ်ပွေ့ဖက်ရင်း

"ကျွန်မချစ်တဲ့သူကို ကျွန်မအစွမ်းကုန် ပြုစုရမှာပေါ့ရှင်"ဟု ပြော ကြားလိုက်ရာ ကျွန်ုပ်က အလွန်အမင်းဝမ်းမြောက်သွားပြီး

"ကျုပ်ကို မင်းချစ်တယ်ဆိုတာ အမှန်ပဲလားကွယ်၊ ဝမ်းသာလိုက် တာ"ဟု ပြောကြားလိုက်မိသည်။ ထိုအခါ မင်းသမီးလေး ဒါဒရီက

"အမှန်ပါပဲတဲ့ရှင်။ ဟောဒီ လူကြမ်း သူကြမ်းကြီးကို လှိုက်လှိုက် လှဲလှဲ မြတ်မြတ်နိုးနိုး ချစ်ပါသတဲ့"ဟု ရယ်ရယ်မောမော ပြောကြားလိုက်သည်။

အရုဏ်ကျင်း၍ အလင်းရောင်ပေါ်လာခဲ့ပေပြီ။ ထိုအခါမှ ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီတို့လည်း ဝက်သစ်ချတောအုပ်အောက်၌ ဝတ်ရုံကြီးကို ခြုံပြီး တစ်ဦးကို တစ်ဦး ပွေ့ဖက်အိပ်ပျော်နေရာမှ ပြိုင်တူနိုးလာခဲ့ကြသည်။ ထို့နောက်

"မားကပ်ရယ်။ ခင့်ကို မောင်တကယ်ပဲ မြတ်မြတ်နိုးနိုးချစ်ရဲ့လား ရှင်"ဟု စိုးရိမ်သံလေးဖြင့် မေးရာ၊ ကျွန်ုပ်က

"တကယ်ပဲ မြတ်မြတ်နိုးနိုးချစ်ပါတယ် ဒါဒရီရယ်။ မောင်ရဲ့ မေတ္တာ ကို ယုံမှားသံသယ လုံးဝမရှိပါနဲ့"ဟု ပြောကြားလိုက်သည်။ ထို့နောက် ကျွန်ုပ် ၏ သားရေအိတ်ကို ဖွင့်ကာ ရွှေလက်စွပ်လေးကို ထုတ်ယူပြီး

"ဒီရွှေလက်စွပ်လေးဟာ မောင့်မေမေ အမြဲဝတ်တဲ့ အဆောင်လက်စွပ် ပါပဲအချစ်ရယ်။ အမှတ်တရအနေနဲ့ အချစ်ကို မောင်လက်ဆောင်ပေးပါတယ်။ အချစ်ရဲ့လက်မှာ အမြဲဝတ်ထားပါနော်"ဟု ပြောကြားပြီး မင်းသမီးလေး ဒါဒရီ ၏ လက်တွင် တယုတယဝတ်ဆင်ပေးလိုက်သည်။

ထို့နောက် ကျွန်ုပ်တို့လည်း ကာရာနေ့ရှိရာသို့ နှစ်ယောက်အတူ လျှောက်လာခဲ့ရာ၊ ကာရာနေ့က ကျွန်ုပ်တို့ နှစ်ဦးကို စူးစူးဝါးဝါး စိုက်ကြည့်ပြီး နောက်

"ဒီမှာ မားကပ်၊ မနေ့ညက ရန်ပွဲတစ်ပွဲဖြစ်တယ်။ ရန်ဖြစ်တဲ့ သူတွေကတော့ ခင်ဗျားရဲ့ သံမဏိ မြင်းသည်တော်တွေနဲ့ တောင်ပေါ်သားလူမျိုးစုက လူတွေပါပဲ။ အဲဒီရန်ပွဲမှာ တောင်ပေါ်သား သုံးဦးသေဆုံးပြီး အမြောက်အမြား ဒဏ်ရာရသွားတယ်။ အဲဒီအတွက် တောင်ပေါ်သားခေါင်းဆောင်တွေက လျော်ကြေးပေးဖို့ တောင်းဆိုနေတယ်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"ကျုပ်လူတွေကော ဘာများဖြစ်သေးသလဲ"ဟု မေးလိုက်ရာ၊ ကာရာနေ့က

"ဘာမှ မဖြစ်ကြဘူး။ တစ်ယောက်တလေတောင် ဒဏ်ရာမရကြဘူး။ အင်းလေ ခင်ဗျားက သူတို့တစ်တွေကို စနစ်တကျ သင်ပေးထားတာကိုး"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"ကျုပ်လူတွေ တစ်ယောက်မှ ဒဏ်ရာမရကြဘူး။ ကျုပ်လူတွေကြောင့်သာ တခြားသူတွေ ဒဏ်ရာရကုန်တယ်။ သေဆုံးသွားကြတယ်ဆိုတာ အမှန်ဆိုရင်တော့ ကျုပ်လျော်ကြေးပေးပါ့မယ်။ ကျုပ်တို့လူစု ပထမဆုံးအကြိမ် စီးနင်းတိုက်ခိုက်လို့ရတဲ့ ရွှေငွေ ဘဏ္ဍာထဲက ကျုပ်ခွဲဝေပေးပါ့မယ်"ဟု ပြောကြားပြီးမှ

"ကျုပ်လူတွေကို စစ်ပညာသင်ကြားပေးတုန်းက ဒီတောင်ပေါ်သားတွေရာ၊ အခြားလူမျိုးစု စစ်သည်တွေပါ သရော်ပြောင်လှောင်ကြတယ်။ မခန့်လေးစား ပြောကြတယ်။ အခုအချိန်ကစပြီး ကျုပ်လူတွေကို ဘယ်သူမှ သရော်လှောင်ပြောင်ဝံ့တော့မှာ မဟုတ်ဘူး"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က

"ခင်ဗျားလူတွေကတော့ တကယ့်စစ်သည်တော်ကောင်းတွေ ဖြစ်ကုန်ပါပြီ။ ဒီလိုစစ်သည်ကောင်းတွေ အမြောက်အမြားလိုချင်ပါတယ်။ ခင်ဗျားပြောတဲ့အတိုင်း စစ်သည်တော်တစ်သောင်း ပြည့်အောင် လိုချင်ပါတယ်။ ဒါကြောင့်လည်း ဒီနေ့မနက်မှာ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်တွေဆီ ကျုပ်ကိုယ်တိုင်သွားပြီး တိုက်ရည်ခိုက်ရည် အစွမ်းထက်စေတဲ့ ခင်ဗျားရဲ့ စစ်ရေးသင်တန်းအတွက် စစ်သည်တော်တွေ စေလွှတ်ဖို့ ပြောကြားပါသေးတယ်။ ဒါပေမဲ့ တစ်ယောက်မှ မစေလွှတ်ကြသေးဘူး"ဟု ပြောကြားရာ၊ ကျွန်ုပ်က

"ဒီလို မစေလွှတ်တာက အဲဒီတိုင်းရင်းသား လူမျိုးစုခေါင်းဆောင်တွေက သဘောမပေါက်ကြသေးလို့ပါ။ ပြီးတော့ မနာလိုဝန်တိုစိတ်၊ မလိုမုန်းထားစိတ်တွေ များနေလို့ပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က

"ကျုပ်ကတော့ ခင်ဗျားရဲ့ လူတွေလို တကယ်အရည်အချင်းပြည့်တဲ့ စစ်သည်တော်တွေ အမြောက်အမြားလိုချင်သဗျာ"ဟု ပြောကြားရင်း ရှေ့တူရူသို့ ငေးကြည့်နေသည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"ခင်ဗျားလိုချင်တဲ့ စစ်သည်အရေအတွက်ရအောင် ကျုပ်ကြိုးစားပေးပါ့မယ်။ ပြီးတော့ ကျုပ်လူတွေအတွက်လည်း တောင်ပေါ်သား ခေါင်းဆောင်တွေကို လျော်ကြေးပေးပါ့မယ်။ ဒါကြောင့် ကျုပ်လေ့ကျင့်ထားတဲ့ သံမဏိမြင်းသည်တော်နှစ်ဆယ်နဲ့ အိုင်ယာလန်ကျွန်းသား အိုင်းရစ်နှစ်ဆယ်ကို ကျုပ်ဦးဆောင်ပြီး ခေါ်သွားချင်ပါတယ်။ မင်းသမီးလေး ဒါဒရီကိုလည်း ခေါ်သွားချင်တယ်"ဟု ပြောကြားလိုက်ရာ၊ ကာရာနေ့က

"ဒါဒရီကို ခေါ်သွားဖို့ မလိုပါဘူး"ဟု ဒေါသတကြီး ပြောကြားပါတော့သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"ဒီကိစ္စက ကျွန်မနဲ့ဆိုင်တဲ့ ကိစ္စပါ။ ကျွန်မလိုက်ချင်လိုက်မယ်။ မလိုက်ချင်လည်း နေခဲ့မယ်။ ဘယ်သူမှ ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူး"ဟု ပြောကြားလိုက်ရာ၊ ကာရာနေ့က

"ဒီမှာ ဒါဒရီ။ မင်းအနေနဲ့ တစ်ခုခုကိုတော့ ရွေးချယ်ရတော့မယ်။ ဗြိတိန်ကျွန်းရဲ့ သရဖူကို ဆောင်းမယ့် ကျုပ်ကိုပဲ ရွေးမလား။ အဝတ်တစ်ထည်ကိုယ်တစ်ခုသာရှိတဲ့ ခြေသလုံး အိမ်တိုင်သမားကိုပဲ ရွေးမလား"ဟု ပြောကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက ပြုံးပြီး

"ကာရာနေ့ရယ်၊ အချိန်တန်တော့မှ ဘယ်သူ့ကို ရွေးမယ်ဆိုတာ ဖွင့်ပြောတာပေါ့။ အခုလောလောဆယ်မှာ ကျွန်မဆာလောင်မွတ်သိပ်နေတယ်။ တစ်ခုခု သွားစားဦးမယ်"ဟု ပြောကြားရာ ကျွန်ုပ်ရော ကာရာနေ့ကိုပါ လုံးဝမကြည့်ဘဲ ချာခနဲ ထွက်ခွာသွားသည်။

၁၅
# ပွဲဦးထွက်အောင်ပွဲ

ရောမတို့ စိုးမိုးအုပ်ချုပ်သော ဗြိတိန်ကျွန်းကြီးရှိ လန်ဒီးနီးယမ်းမြို့တော်ကြီးတွင် ရောမစစ်သည်တော်များအား လခရိက္ခာပေးကမ်းရန်အတွက် ရတနာရွှေတိုက်ကြီးကို နီးရိုးဘုရင် (အေဒီ ၃၇–၆၈)လက်ထက်ကတည်းက ထားရှိခဲ့ပေသည်။ ထိုလန်ဒီးနီးယမ်းမြို့တော်ကြီးရှိရာ ရတနာရွှေတိုက်ကြီး၏ မြေအောက်တိုက်ခန်းများ၌ လုံခြုံစွာ သိမ်းဆည်းထားအပ်သော ရွှေသေတ္တာ၊ ငွေသေတ္တာတို့ကို အစောင့်အရှောက် အမြောက်အမြားစောင့်ကြပ်ခြံရံပြီး မြင်းလှည်းကြီးများဖြင့် တင်ဆောင်ကာ၊ ရောမတပ်မဟာ နှစ်စခန်းစိုက်ရာ **အစ်ကာ** (ယခု ကာလီရွန်)မြို့တော်နှင့် ရောမတပ်မဟာခြောက်စခန်းစိုက်ရာ **အိဗိုရာကမ်** (ယခု ယောက်)မြို့တော်တို့ကို အခါအားလျော်စွာ ပို့ဆောင်လေ့ရှိကြပေသည်။

ယခုအခါ၌လည်း လန်ဒီးနီးယမ်းမြို့တော်ရှိ ရတနာရွှေတိုက်မှ ရွှေသေတ္တာ၊ ငွေသေတ္တာ ကိုးလုံးတို့ဖြင့် မြင်းလှည်းသုံးစီးပေါ် တင်ဆောင်ကာ၊ ရောမစစ်သည်တော်တို့အား လခရိက္ခာပေးရန်အတွက် ရောမတပ်ဟာခြောက်စခန်းစိုက်ရာ အိဗိုရာကမ်မြို့တော်သို့ ပို့ဆောင်ရန်အတွက် ထွက်ခွာလာခဲ့ပေပြီ။

ရတနာသေတ္တာတို့ကို စောင့်ရှောက်လိုက်ပါလာသော စစ်သည်တော်ငါးရာတို့၏ ဒိုင်းများနှင့် ဓားများသည် ဝင်းပသောနေရောင်တွင် အရောင်တလက်လက်တောက်ပနေသည်။ ဦးဆောင်အုပ်ချုပ်လာသော ငါးရာမိုလ်လေးမှာ မြင်းဖြူကြီးကို ကြော့နေအောင် စီးထားပြီး၊ တသုန်သုန်တိုက်အပ်သောလေတွင် ဝတ်ရုံနီကြီးသည် တဖျပ်ဖျပ်လွင့်နေသည်။

ကျွန်ုပ်နှင့် နောက်လိုက်နောက်ပါ အပေါင်းတို့လည်း လမ်းဘေးရှိ တောအုပ်တွင်း၌ ပုန်းအောင်းရင်း ထိုရောမစစ်သည်တော်တို့ကို ချောင်းကြည့်နေကြသည်။ ထိုအခိုက်တွင် ကျွန်ုပ်၏ လက်ထောက် **လင်းနပ်က**

"အရှင်၊ သူတို့ကို အခုဝင်တိုက်တော့မှာလား"ဟု လေသံတိုးတိုးဖြင့် မေးလိုက်ရာ၊ ကျွန်ုပ်က

"ခဏဆိုင်းပါဦး ကျုပ်တို့က အလစ်ဝင်တိုက်ပြီး ပါလာတဲ့ ရွှေသေတ္တာတွေကို လုပြေးမှာပါ။ ကျုပ်တို့ အင်အားနည်းနေတော့ အကြာအရှည် ရင်ဆိုင်တိုက်လို့ မဖြစ်ဘူး"ဟု ပြောကြားလိုက်သည်။

ကျွန်ုပ်၏ လက်ထောက် လင်းနပ်ကား လူထွားကြီးတစ်ယောက်ဖြစ်ပြီး၊ အစ်ကာမြို့တော်၌ ကျွန်အဖြစ် ပင်ပင်ပန်းပန်း လုပ်ကိုင်နေရာမှ သခင်ဖြစ်သူ ညှဉ်းပန်းနှိပ်စက်လွန်းသောကြောင့် သခင်ကို သတ်ပြီးထွက်ပြေးလာခဲ့သော ကျွန်ပြေးတစ်ယောက်ဖြစ်သည်။ စိတ်ဆတ်သော်လည်း ကျွန်ုပ်အပေါ်၌ အလွန်တရာ သစ္စာရှိပြီး ခိုင်းသမျှကို တစ်သဝေမတိမ်း ဆောင်ရွက်တတ်သူဖြစ်သည်။ တောင်ပေါ်သားများနှင့် ကျွန်ုပ်၏ လူများ ခိုက်ရန်ဖြစ်ပွားစဉ်က ဤလူထွားကြီး လင်းနပ်၏ လက်ချက်ကြောင့်ပင် တောင်ပေါ်သားတစ်ယောက်သေဆုံးသွားပြီး၊ အခြားတစ်ယောက်၏ လက်မောင်းတစ်ဖက် ပြတ်သွားခဲ့လေသည်။

ကျွန်ုပ်နှင့် လင်းနပ်တို့လည်း ရောမစစ်သည်တော်တို့၏ မြင်းလှည်းသံတကျွီကျွီတို့ကို နားခံကာ အတန်ကြာအောင် စောင့်ဆိုင်းနေပြီးနောက်၊ ကျွန်ုပ်က ဓားကို ပင့်မြှောက်အချက်ပေးလိုက်ရာ၊ ကျွန်ုပ်၏ တပည့်ကျော် သံမဏိမြင်းသည်တော်များလည်း လှံရှည်ကြီးများကို အသင့်ချိန်ရွယ်ရင်း မြင်းများကို ကဆုန်စိုင်းစီးနင်းကာ ဝင်ရောက်တိုက်ခိုက်ပါတော့သည်။

ဤသို့ စီးနင်းဝင်ရောက်တိုက်ခိုက်လာသည့် အဖြစ်ကို မြင်းခွာသံ တဖြောင်းဖြောင်းကြောင့် ရောမစစ်သည်တော်များ သိရှိသွားကြပြီး အချင်းချင်း သတိပေးကြသည်။ ထိုအခိုက်တွင် ရှေ့မှ ဦးဆောင်လာသော သံမဏိမြင်းသည်တော်များလည်း မြင်းများကို ကဆုန်စိုင်းနှင်ရာမှ ရောမခြေလျင်စစ်သည်တော်တို့ကို လက်တွင်းရှိ လှံရှည်ကြီးများဖြင့် ထိုးနှစ်လိုက်ရာ၊ ရောမစစ်သည်တော်တို့လည်း မြေကြီးပေါ်သို့ အတုံးအရုံးထိုးကျသွားသည်။ ထိုအခိုက်တွင် ကျွန်ုပ်၏နောက်ဘက်ရှိ ဒုတိယအသုတ် မြင်းသည်တော်တစ်စုတို့လည်း ပုန်းကွယ်ရာမှ ကဆုန်စိုင်းစီးလာပြီး ရောမစစ်သည်တော်တို့ ဖရိုဖရဲအတုံးအရုံးဖြစ်အောင် ဝင်ရောက်တိုက်ခိုက်သည်။

ထိုအခိုက်တွင် ကျွန်ုပ်အထူးလေ့ကျင့်ထားသော လက်ရွေးစင် မြင်းသည်တော်ခြောက်ဦးလည်း မြင်းများကို လေးလေးမှန်မှန်စီးလာပြီး ရွှေသေတ္တာ

ငွေသေတ္တာကိုးလုံးကို တင်ဆောင်လာသော မောင်းနှင်မည့်သူ မရှိတော့သည့် မြင်းလှည်းသုံးစီးအပါးသို့ တစ်စီးလျှင် နှစ်ယောက်ကျ ချဉ်းကပ်သွားပြီး မြင်းဇက်ကြိုးကို အသီးသီး ကိုင်ထားလိုက်ကြသည်။ ထို့နောက် အသံနက်ကြီးဖြင့် အော်ဟစ်ကာ မြင်းများကို မောင်းနှင်ခြောက်လှန့်ပြီး ရတနာလှည်းသုံးစီးကို အဝေးသို့ ဆောင်ကျဉ်းသွားကြသည်။

ထိုအခိုက်တွင် အခြေအနေကို စောင့်ကြည့်အကဲခတ်နေသော ကျွန်ုပ်က "ဓားနဲ့တိုက်လော့"ဟု အမိန့်ပေးရင်း လက်ထောက်တပည့်ကျော် လင်းနပ်နှင့်အတူ တောအုပ်တွင်းမှ ကဆုန်စိုင်းထွက်လာပြီး ရောမခြေလျင် စစ်သည်တော်တို့ကို ဝင်ရောက်တိုက်ခိုက်ပါသည်။ ကျွန်ုပ်နှင့်အတူ စစ်ရေး လေ့ကျင့်ထားပြီးသော တပည့်ကျော် မြင်းသည်တော်များလည်း တစ်ပါတည်း လိုက်ပါလာခဲ့ရာ၊ ကျွန်ုပ်တို့လူအင်အားမှာ နှစ်ဆယ်မျှပင် ရှိခဲ့ပေပြီ။ ဤလူ အင်အားနှစ်ဆယ်ဖြင့် ရောမစစ်သည်တော်ငါးရာကို အကြာအရှည်ယှဉ်ပြိုင် တိုက်ခိုက်ခြင်းမှာ လုံးဝမဖြစ်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့လည်း တစ်ခဏကြာမျှ တိုက်ခိုက်ထိုးခုတ်ကြပြီးနောက် လင်းနပ်က အချက်ပေးကျွဲချိုကြီး မှုတ်သည်နှင့် တစ်ပြိုင်နက် နောက်သို့ လှည့်ပြီး ဆုတ်ခွာထွက်ပြေးပါတော့သည်။

ထိုအခါ ငါးရာဗိုလ်လေးအပါအဝင် ရောမစစ်သည်တော်များလည်း ညာသံပေးကာ ကျွန်ုပ်တို့နောက်မှ တစ်ဟုန်ထိုးပြေးလိုက်လာပါတော့သည်။ ထိုသို့ပြေးလိုက်လာခိုက်တွင် ဒိုင်းများမှာ ရောမစစ်သည်တော်တို့၏ နံဘေးတွင် ရောက်နေပြီး ရှေ့ရင်ဘတ်မှာ အကာအကွယ်ကင်းမဲ့နေပေတော့သည်။ ထိုအကွက်ကို ချောင်းနေသော ကျွန်ုပ်တို့လူသိုက်လည်း မြင်းကို တရကြမ်း စိုင်းနှင်ဆုတ်ခွာကြရာမှ ပြိုင်တူလှည့်ပြီး အသင့်ဆောင်ထားသော ဓားမြှောင်တို့ဖြင့် ပြိုင်တူ လှမ်းပစ်လိုက်ရာ၊ ရှေ့ဆုံးသို့ ရောက်နေသော ရောမစစ်သည်တော်များ အတုံးအရုံး လဲကျသေဆုံးပြန်တော့သည်။

ထိုအခိုက်တွင်ပင် စစ်တံပိုး ခရာသံများ ပေါ်ထွက်လာပြီး တောင်စောင်း၌ ပုန်းကွယ်နေသော အိုင်ယာလန်ကျွန်းသား အိုင်းရစ်တို့၏ စစ်မြင်းရထားတို့သည် ဖရိုဖရဲဖြစ်နေသော ရောမစစ်သည်တော်တို့ရှိရာသို့ ဦးတည်ပြီး တစ်ဟုန်ထိုး ပြေးဝင်လာပါတော့သည်။

အိုင်ယာလန်ကျွန်းသား အိုင်းရစ်တို့ကား လွန်ခဲ့သော နှစ်ငါးရာကပင် စစ်မြင်းရထားကို စနစ်တကျ သုံးစွဲတိုက်ခိုက်လာသူများ ဖြစ်ရာ၊ စစ်မြင်းရထားဖြင့် တိုက်ခိုက်ခြင်းအတတ်တွင် တစ်ဖက်ကမ်းခတ်နေပြီဖြစ်သည်။ တိုက်ခိုက်ရာ၌ ထိရောက်အောင်လည်း စစ်မြင်းရထားတိုင်းရှိ ပုန်းတောင်းတိုင်း၌ ငါးပေရှည်သော ဓားတို့ကို တပ်ဆင်ထားကြပေသည်။ ထို့ကြောင့်လည်း

ရောမစစ်သည်တော်တို့ အလယ်သို့ မြင်းရထားများ ဖြတ်ကျော်ပြီးသောအခါ ရောမစစ်သည်တော် အမြောက်အမြားမှာ မြေပြင်ထက်၌ အတုံးအရုံးလဲကျသေဆုံးနေပြီဖြစ်သည်။ အသက်မသေဘဲ ထွက်ပြေးလွတ်မြောက်သွားသော ရောမစစ်သည်တော်တို့ကား အနည်းအကျဉ်းသာရှိလေသည်တကား။

ကျွန်ုပ်လည်း သေလုမျောပါး ဒဏ်ရာရကြကုန်သော ရောမစစ်သည်တော်တို့၏ ညည်းသံ အော်သံ ဟစ်သံတို့ကို အဆက်မပြတ် ကြားနေရရာမှ 'ဤတိုက်ပွဲအကြောင်းကို အစီရင်ခံစာအရ ဗြိတိန်ဘုရင်ခံချုပ် ဖလာဗီးယပ်နှင့် တပ်ပေါင်းဗိုလ်ချုပ် တီးတပ်တို့ မကြာမီ ကြားသိသွားပြီး အကြီးအကျယ်ဒေါသူပုန်ထကြပေလိမ့်မည်'ဟု တွေးတော စဉ်းစားနေမိသည်။

ထို့နောက် ကျွန်ုပ်နှင့် လက်ထောက် လင်းနပ်တို့လည်း အနီးအနားရှိ တပည့်ကျော်တို့ကို စုရုံးပြီး အချိန်းအချက် ထားရာသို့ ထွက်ခွာလာခဲ့ကြသည်။ အချိန်းအချက်ထားရာကား **လင်ဒမ်း** (ယခု လင်ကွန်း၀)မြို့သို့ သွားရာလမ်းတွင် တည်ရှိပြီး ဆယ်မိုင်ခန့် ဝေးလေသည်။ ထိုနေရာမှာ ရှေးယခင်ကရောမတို့ နေထိုင်ဖူးရာ ဒေသဖြစ်ပြီး တိုက်ပျက်ကြီးများ အမြောက်အမြားရှိပေသည်။

ကျွန်ုပ်တို့လည်း မြင်းကိုယ်စီနှင့် ထိုအချိန်းအချက်နေရာသို့ ထွက်ခွာလာခဲ့ပြီး၊ တိုက်ပျက်ကြီးတစ်ခု ရှေ့၌ စုရုံးကာ တိုက်ခိုက်ရရှိခဲ့သော ရွှေသေတ္တာငွေသေတ္တာကိုးလုံးတို့ကို မားဖြင့် ကော်ဖွင့်လိုက်ရာ ဝင်လုဆဲ နေရောင်အောက်၌ ရွှေရောင် ငွေရောင်တို့ ပြိုးပြက်တောက်ပြောင်သွားတော့သည်။

ထိုအခိုက်တွင် မင်းသမီးလေး ဒါဒရီလည်း စစ်မြင်းရထားတစ်စီးကို အပြင်းနှင်ပြီး ကျွန်ုပ်တို့လူစုရှိရာသို့ ရောက်ရှိလာခဲ့သည်။ အပါးတွင် ရောက်သည်နှင့် တစ်ပြိုင်နက် ရထားပေါ်မှ လွှားခနဲ ခုန်ဆင်းကာ ကျွန်ုပ်၏ ရင်ခွင်တွင်းသို့ တိုးဝင်လာသည်။

"မားကပ်ရေ. . .မောင်တို့ဖက်က တစ်ယောက်မှ မကျဆုံးဘူး မဟုတ်လား။ ခင့်လူတွေလည်း တစ်ယောက်မှ ဒဏ်ရာအနာတရ မရဘူးမဟုတ်လား။ ဪ . . . ဒီလိုဆိုတော့ မောင်တို့ ပွဲဦးထွက် ကောင်းတာပေါ့။ အောင်ပန်းရတာပေါ့။ ဝမ်းသာလိုက်တာ မောင်ရယ်။ သိပ်ဝမ်းသာတာပဲ"ဟုလည်း တတွတ်တွတ် ပြောကြားသည်။

ကျွန်ုပ်လည်း မင်းသမီးလေး ဒါဒရီကို ပြန်လည်ပွေ့ဖက်ကာ နှုတ်ခမ်းအစုံကို အသာလေးနမ်းလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက ရှက်စနိုးအမူအရာဖြင့်

"အို . . . မောင်ရယ်။ လူတွေ ကြည့်နေကြတယ်"ဟု ပြောကာ ရယ်မောနေသည်။

လူအားလုံးပင် သွေးတစ်ပေါက်မှ မြေမကျရဘဲ အောင်ပန်းဆင်လာရသည့်အတွက် အပျော်ကြီးပျော်နေကြသည်။ ကျွန်ုပ်လည်း မင်းသမီးလေး ဒါဒရီကို ပွေ့ဖက်မြဲ ပွေ့ဖက်ထားရာမှ

"မောင်တို့ ရလာတဲ့ ရွှေတွေ ငွေတွေကို ကြည့်စမ်း။ ဒီရွှေတွေ ငွေတွေဟာ တပ်မဟာနှစ်ခုက စစ်သည်တော်တွေအတွက် နှစ်ဝက်စာ လခတွေပဲ" ဟု ပြောလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက

"မောင်တို့ ရလာတဲ့ ရွှေတွေ ငွေတွေက အများကြီးပဲနော်။ ဒီအတိုင်းဆိုရင် တောပုန်းဓားပြ လုပ်ရတာက ဘယ်ဆိုးလို့လဲ။ မောင်ရော ခင်ရော တောပုန်းဓားပြမောင်နှံလုပ်နေရရင် မကောင်းဘူးလား"ဟု ရယ်ရယ်မောမော ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"အချစ်ရဲ့စိတ်ပြောင်းသွားပြီလား။ ဗြိတိန်ကျွန်းကြီးမှာရှိတဲ့ တိုင်းရင်းသား လူမျိုးစုတွေကို စည်းရုံးပြီး၊ ရောမတွေကို တိုက်ခိုက်မောင်းထုတ်ဖို့ အချစ်ရဲ့ အစ်ကိုတော် ဒါထီဘုရင်က အချစ်ကို အထူးတာဝန်ပေးလိုက်တာ မေ့သွားပြီလား"ဟု ကျီစယ်ပြောကြားလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက ကျွန်ုပ်၏ ကိုယ်ကို ကန့်ကလျ မှီရင်း

"ဟုတ်တယ် . . . ဟောဒီ လူကြီးနဲ့ တွေ့လိုက်ရင် အားလုံးကို မေ့မေ့သွားတော့တာပဲ"ဟု ချစ်စဖွယ် ပြောကြားလိုက်သည်။

ကျွန်ုပ်တို့ ညစာစားပြီးနောက် စခန်းချထားသော ရောမတိုက်ပျက်ကြီးကို ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီတို့ နှစ်ယောက်သား လှည့်လည်ကြည့်ရှုကြသည်။

တိုက်ပျက်ကြီး၏ ပတ်ပတ်လည် အုတ်နံရံတို့မှာ မြင့်မားခိုင်ခံ့ပြီး၊ ဥယျာဉ်တွင်း၌ ရေပန်းအပျက်တစ်ခုကိုလည်း တွေ့ရလေရာ ဤတိုက်ပျက်ကြီးမှာ ရှေးယခင်က အထူးခန့်ညားထယ်ဝါမည်ဖြစ်ကြောင်း မှန်းဆသိမြင်ရသည်။ ရောမတို့သည် မိမိတို့နေရာကို အခိုင်အခံ့တည်ဆောက်လေ့ရှိရာ၊ ဤတိုက်ကြီးကိုလည်း အခိုင်အခံ့တည်ဆောက်ခဲ့ပေမည်။ သို့သော် ခရစ်နှစ် ၃၆၇ နှစ်က ပစ်လူမျိုးနှင့် **ဆက်ဆွန်**(Saxon) လူမျိုးတို့သည် ဗြိတိန်ကျွန်းကြီးကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့ဖူးပေရာ၊ ထိုစဉ်က ဤတိုက်ပျက်ကြီးရှိရာဒေသကိုလည်း ဖျက်ဆီးသွားကြဟန်တူသည်။

ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီလည်း တိုက်ပျက်ကြီးနေရာ အနှံ့နှံ့ ယောက်အတူလျှောက်ပြီး ကြည့်ရှုစရာများကို တမေ့တမောကြည့်ရှုကြသည်။ အမှောင်ကြီးစိုးလာသည့်တိုင်အောင် ကြည့်ရှုစရာတို့ကား မကုန်ခဲ့ပေ။ ထို့ကြောင့် ကျွန်ုပ်တို့လည်း မီးတုတ်များ ထွန်းကာ ဖွဲကောင်းကောင်းနှင့် ဆက်လက်လေ့လာကြည့်ရှုကြသည်။ ထိုသို့ ကြည့်ရှုနေခိုက်တွင် ကျွန်ုပ်လည်း ဖြတ်ခနဲ အမှတ်ရလာသောကြောင့်

"အချစ်ရေ။ ရောမတိုက်အိမ်ကြီးတိုင်းမှာ လျှို့ဝှက်နေရာတွေ ရှိတတ်ပြီး အဖိုးတန်ရတနာတွေကို မြှုပ်ထားတတ်တယ်ကွဲ့။ မောင်နဲ့အချစ်တို့ အပျော်သဘောလိုက်ရှာကြရအောင်လား"ဟု ပြောကြားလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက

"သိပ်ကောင်းတဲ့ အကြံပါပဲ မောင်ရယ်"ဟု ဝမ်းမြောက်ဝမ်းသာသဘောတူလိုက်သည်။

ထို့နောက် ကျွန်ုပ်တို့လည်း လျှို့ဝှက်နေရာကို စိတ်ရှည်လက်ရှည်လိုက်ရှာကြသည်။ အတော်မောအောင် ရှာကြပြီးသောအခါ အိပ်ခန်းတစ်ခန်း၏ ပြတင်းပေါက်အနီး၌ သေးငယ်သော အပေါက်နှစ်ပေါက်ကို တွေ့ရသည်။ ထိုအခါ ကျွန်ုပ်လည်း အမှတ်မထင် လက်သွင်းပြီး ဆွဲကြည့်ရာ လျှို့ဝှက်နေရာ၏ တံခါးလက်ကိုင်ဖြစ်နေကြောင်း တအံ့တဩ တွေ့မြင်ရသည်။ ဤတွင် ကျွန်ုပ်နှင့် မင်းသမီး ဒါဒရီလည်း တံခါးလက်ကိုင်ကို အားယူပြီး အမျိုးမျိုးကြိုးစားဖွင့်ကြရာ၊ နောက်ဆုံး၌ တံခါးပွင့်သွားပြီး၊ အုတ်နံရံ၌ ကပ်မြှုပ်ထားသော သေတ္တာကြီးနှစ်လုံးကို တွေ့မြင်ရသည်။

ထိုအခါ ကျွန်ုပ်လည်း ခါးတွင် ချိတ်ထားသော ဓားဦးဖြင့် သေတ္တာတစ်လုံးအဖုံးတို့ကို ခက်ရာခက်ဆစ်ကော်ဖွင့်ရာ နောက်ဆုံး၌ သေတ္တာတစ်လုံး၏ အဖုံးပွင့်သွားတော့သည်။ ဤတွင် မင်းသမီးလေး ဒါဒရီလည်း အဖုံးကိုဖွင့်လိုက်ရာ အတွင်း၌ ရွှေပြားများ အပြည့်ရှိနေသည်ကို တွေ့မြင်ကြရသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"မားကပ်ရယ် . . . ရွှေပြားတွေက အများကြီးပဲနော်။ ခင်တို့အိုင်ယာလန်မှာတောင် ဒီလောက်များတဲ့ ရွှေတွေကို ပိုင်တဲ့သူ သိပ်မများဘူး"ဟု ဝမ်းမြောက်ဝမ်းသာ ပြောကြားရာ၊ ကျွန်ုပ်ကလည်း

"ဒီရွှေတွေကို ဘဏ္ဍာတော်အဖြစ် ဆက်သပြီး အချစ်ရဲ့ အစ်ကိုတော် ဒါထီဘုရင်ဆီက အချစ်ကို မောင်တောင်းရမ်း ယူချင်ပါရဲ့"ဟု ပြောကြားလိုက်မိသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"မောင်ရယ် . . . ဒီရွှေတွေကို ခင် လုံးဝ မတပ်မက်ပါဘူး ရှင်။ ကာရာနေ့နဲ့ စုလျားရစ်ပတ်လက်ထပ်ပါ့မယ်လို့ ယဇ်နတ်ဆရာကြီး တဲတိန်းရဲ့ ရှေ့မှောက်မှာ ခင်ကျိန်ဆို သစ္စာပြုခဲ့မိပါတယ်။ ဒါကြောင့် ခင့်မှာ အခက်ကြုံရတယ်ကွယ်။ ခင်ရဲ့ သစ္စာကတိအတိုင်း ကာရာနေ့နဲ့ လက်ထပ်ပေမဲ့ ကာရာနေ့ကို ခင်မြတ်နိုးချစ်ကြင်လို့ ရမှာ မဟုတ်ပါဘူး မောင်ရယ်"ဟု သနားစဖွယ် ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"ယဇ်နတ်ဆရာကြီး တဲတိန်းကို ဒီရွှေတွေ လာဘ်ထိုးပြီး စေ့စပ်ပွဲကို ဖျက်ခိုင်းပါလား အချစ်ရယ်"ဟု အကြံပေးလိုက်ရာ၊ မင်းသမီးလေး ဒါဒရီက

"ယဇ်နတ်ဆရာကြီးတွေကို လာဘ်ထိုးလို့ မရပါဘူး မောင်ရယ်။ ဒါကြောင့် ခင့်မှာ အကြံရခက်နေပါတယ်။ ဒီတော့ မောင်ရယ်။ ဟောဒီရွှေတွေကို မောင်ပဲ သိမ်းထားပါ။ မောင့်စိတ်တိုင်းကျ သုံးပါ။ ခင်ကတော့ ကာရာနေ့နဲ့ မလွဲမသွေ စုလျား ရစ်ပတ်လက်ထပ်ရပါလိမ့်မယ်။ အဲဒီအခါမှာ မောင်လည်း ဒီရွှေတွေနဲ့ မိန်းမချောလေးတစ်ယောက်ကို ဝယ်ယူလိုက်ပေါ့။ ခင့်ကိုလည်း မေ့ပစ်လိုက်ပေါ့"ဟု ပြောကြားသည်။

ဤတွင် ကျွန်ုပ်လည်း စိတ်နှလုံး လေးလံနောက်ကျိသွားရာမှ အခြားသေတ္တာတစ်လုံး၏ အဖုံးကို ဓားဦးဖြင့် အမှတ်မထင်ကော်ဖွင့်လိုက်သည်။ အဖုံးပွင့်သွားသောအခါ၊ အဖုံးကို ဖွင့်ကြည့်လိုက်ရာ၊ သေတ္တာတွင်း၌ ရွှေပြားများကို လုံးဝမတွေ့ရဘဲ အဝတ်ဖြင့် အထပ်ထပ်ရစ်ပတ်ထားသော ဓားရှည်တစ်လက်ကိုသာ တွေ့ရသည်။

ကျွန်ုပ်လည်း အဝတ်များကို ဖယ်ရှားပြီး၊ မီးရောင်အောက်တွင် ကြည့်လိုက်ရာ ဓားသွားတစ်ဖက်ပေါ်၌ '**ရင်ညွန့်ရူး**'ဟူသော ကမ္ဗည်းအက္ခရာ ရေးထိုးထားသည်ကို တွေ့မြင်ရသည်။ အခြားဓားသွား တစ်ဖက်ပေါ်၌ လက်ဝါးကပ်တိုင် သင်္ကေတတစ်ခုနှင့် '**အေ**'ဟူသော အက္ခရာစာလုံးကို တွေ့မြင်ရသည်။

ထိုသို့ တွေ့မြင်ရသော ခဏ၌ ကျွန်ုပ်လည်း လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က ဂေါလ်ပြည်တစ်ဝှမ်း၌ အထူးနာမည်ကြီးလှသော ပန်းပုဆရာကြီးတစ်ဦးကို အမှတ်ရမိသည်။ ထိုပန်းပုဆရာကြီး၏အမည်မှာ **အေဖီလီးယပ်**ဖြစ်ပြီး၊ မိမိ၏ ဓားတိုင်းကို လက်ဝါးကပ်တိုင် အမှတ်အသားနှင့် မိမိအမည်အတိုကောက်ဖြစ်သော 'အေ'အက္ခရာ အမှတ်အသားရေးထိုးတတ်သည်။ ထိုဆရာကြီး၏ ဓားများမှာ အတုမဲ့ဓားများအဖြစ် ရောမအင်ပါယာတစ်ခွင်၌ ကျော်စောခဲ့သည်ကိုလည်း သတိရမိသည်။

ဤတွင် ကျွန်ုပ်လည်း အတိုင်းမသိ ဝမ်းမြောက်ပျော်ရွှင်သွားပြီးလျှင်

ခွားပေါ်ရှိ ဖုန်တို့ကို ဝတ်ရုံစဖြင့် တယုတယပွတ်သပ်ဖယ်ရှားလိုက်သည်။ ထိုအခါ ခွားရိုးမှာ ငွေသားအစစ်ဖြင့် ပြုလုပ်ထားကြောင်း တွေ့မြင်ရသည်။

ကျွန်ုပ်လည်း ရန်ညွန့်ခူးခွားကို မီးရောင်တွင် ထောင်ကာ ထောင်ကာ တစိမ့်စိမ့်ကြည့်နေပြီးမှ မင်းသမီးလေး ဒါဒရီအား

"အချစ်ရေ . . . မောင်တော့ ဒီနေ့အဖို့ သိပ်ကံကောင်းတာပဲ။ မောင် အလိုချင်ဆုံးဖြစ်တဲ့ ခွားကောင်းကို မောင်ရပြီကွဲ"ဟု ဝမ်းသာအားရပြောရင်း တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်လိုက်သည်။

ကျွန်ုပ်ကိုယ်တိုင်ကိုယ်ကျ စစ်ရေးလေ့ကျင့်ပေးသော သံမဏိမြင်းသည်တော်တပည့်ကျော်ကြီးများနှင့်အတူ ပွဲဦးထွက်အောင်ပန်းဆင်မြန်းခဲ့ပြီးနောက် ဘုရင်ကာရာနေ့အလိုရှိသည့် စစ်သည်တော်အရေအတွက် ရရှိလေအောင် ကျွန်ုပ်လည်း မနားမနေ ဆက်တိုက်ကြိုးပမ်းလှုပ်ရှားရသည်။

တိုင်းရင်းသား လူမျိုးစုတို့ကို နားဝင်သဘောပေါက်အောင် သဘောတရားတို့ကို အာပေါက်မတတ် ဟောသော်လည်း ဟောရင်းသာ အမောဆို့၍ သေချင်သေမည်။ နားမပေါက်ကြပေ။ အကျိုးမထူး အရာမထင်လှပါပေ။ ထိုအခါ ရွှေငွေများကို ကြိုတင် မက်လုံးပေးပြီး စည်းရုံးသိမ်းသွင်းကြည့်ရာ၊ အတော်အသင့်အောင်မြင်ကြောင်း တွေ့ရှိရသည်။ သို့သော် ထိုစည်းရုံးရေးမှာ ကြွယ်ဝချမ်းသာနေသော တချို့တိုင်းရင်းသားလူမျိုးစုတို့အပေါ်၌မူ မအောင်မြင်လှပေ။ ထိုအခါ ကြွယ်ဝချမ်းသာနေသော ထိုတိုင်းရင်းသာ လူမျိုးစုတို့ကား 'ဘုန်းစွမ်းနှင့် လူစ'ပြပြီး စည်းရုံးသိမ်းသွင်းရသည်။

တစ်နေ့တွင် အင်အားကြီးမားသော လူမျိုးစုတစ်စုသို့ ရောက်သွားသည်။ ထိုလူမျိုးစုခေါင်းဆောင်၏ အမည်မှာ မုတ်ဆိတ်နီကြီး **အင်ဒါ** ဖြစ်ပြီး၊ မုတ်ဆိတ်နီကြီး တဖားဖားနှင့် ထွားကျိုင်းတုတ်ခိုင်လှသည်။ တိုက်ရည်ခိုက်ရည်၌လည်း အလွန်တော်ကြောင်း ထင်ရှားကျော်ကြားသူဖြစ်သည်။

ထိုမုတ်ဆိတ်နီကြီး အင်ဒါလည်း ကျွန်ုပ်ဟောကြားသော သဘောတရားတို့ကို ခပ်ပြုံးပြုံးနားထောင်နေပြီးမှ

"ဒီမှာ ရောမကြီး၊ ကျုပ်လူတွေ တိုက်ရည်ခိုက်ရည် အစွမ်းထက်အောင် သင်ကြားပေးမယ့် ခင်ဗျားက တကယ်ပဲ အရည်အချင်းရှိရဲ့လား။ တိုက်ရည်ခိုက်ရည်မှာ အစွမ်းထက်ရဲ့လား။ အဲဒါကို ကျုပ်ကိုယ်တွေ သိချင်တယ်" ဟု ပြောကြားပြီးမှ

"ကိုင်း ဒီလို လုပ်ကြရအောင်။ ကျုပ်လူတွေကို တိုက်ရည်ခိုက်ရည် အစွမ်းထက်အောင် သင်ကြားပေးမဲ့ ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်ချင်း ယှဉ်ပြိုင်

ချင်တယ်။ ဒီပြိုင်ပွဲမှာ ခင်ဗျားအနိုင်ရရင် ကျုပ်လူတွေကို ခင်ဗျား တပည့်အဖြစ် ဝမ်းမြောက်ဝမ်းသာ ထည့်လိုက်ပါ့မယ်။ ကျုပ်ကို မနိုင်ဘူးဆိုရင်တော့ ကျုပ်လူတွေကို ခင်ဗျားတပည့်အဖြစ် တစ်ယောက်မှ မထည့်နိုင်ဘူး။ ဒီအချက်ကို ခင်ဗျားသဘောတူရဲ့မဟုတ်လား"ဟု ပြောကြားရာ၊ ကျွန်ုပ်က သဘောတူပါကြောင်း ပြောကြားလိုက်ရသည်။

ထို့နောက် မုတ်ဆိတ်နီကြီး အင်ဒါနှင့် ကျွန်ုပ်တို့လည်း နှစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ရန်အတွက် မြေကွက်လပ်ကျယ်ကြီးသို့ ထွက်လာရာ၊ မုတ်ဆိတ်နီကြီးအင်ဒါ၏ နောက်လိုက်နောက်ပါတပည့်များနှင့် ကျွန်ုပ်၏ လူယုံတော် တပည့်ကျော်များတို့လည်း နောက်မှ တပျော်တပါး တစုတဝေး လိုက်လာခဲ့ကြသည်။ မင်းသမီးလေး ဒါဒရီလည်း ပြုံးကြည်သော မျက်နှာထားဖြင့် ကျွန်ုပ်အပါးမှ လိုက်လာခဲ့သည်။

မြေကွက်လပ်ကျယ်ကြီးသို့ ရောက်ခဲ့ပြီ။ မုတ်ဆိတ်နီကြီး အင်ဒါသည် ကြီးမားလှသော ပုဆိန်ကြီးကို ကိုင်ကာ ကျွန်ုပ်ကို စူးစူးဝါးဝါး စိုက်ကြည့်နေပြီး၊ ကျွန်ုပ်ကမူ ရင်ညွန့်ခူးဓားကြီးကို ကိုင်ကာ ခပ်ပြုံးပြုံး ပြန်ကြည့်နေသည်။

ထိုအခိုက်တွင် မုတ်ဆိတ်နီကြီး အင်ဒါသည် ကျွန်ုပ်ရှိရာသို့ လွှားခနဲ ခုန်ဝင်ရင်း လက်တွင်းရှိ ပုဆိန်ကြီးဖြင့် ကျွန်ုပ်ကို မိုးပြီး ခုတ်ချလိုက်သည်။ ထိုအခါ ကျွန်ုပ်က ရယ်မောကာ ဘေးသို့ အသာလေး တိမ်းရှောင်ရင်း မုတ်ဆိတ်နီကြီး အင်ဒါ၏ ပုဆိန်ရိုးကို ဓားဖြင့် တွက်ပိုင်းပိုင်းလိုက်ရာ၊ ပုဆိန်ရိုးလည်း တိခနဲ ပြတ်သွားတော့သည်။

ထိုအခါ မုတ်ဆိတ်နီကြီးအင်ဒါသည် မြေကြီးထဲ၌ စိုက်ဝင်နေသော ပုဆိန်သွားကို တအံ့တသြ ငေးစိုက်ကြည့်နေပြီးမှ

"ဒါဟာ အလွန်ရိုးတဲ့ တိုက်ကွက်ပဲ။ ဘာမှ ပညာမပါဘူး"ဟု ပြောကြား ရေရွတ်လိုက်ရာ၊ ကျွန်ုပ်က

"ဒါဖြင့်ရင် ဓားတောင်းလိုက်ပါ။ ပြီးတော့ ကျွန်ုပ်နဲ့ ဓားစမ်းကြည့်ပေါ့"ဟု ပြောကြားလိုက်သည်။

ထိုအခါ မုတ်ဆိတ်နီကြီး အင်ဒါ၏ တပည့်တစ်ယောက်က ဓားကို ကပျာကယာယူပြီး ကမ်းပေးလိုက်ရာ မုတ်ဆိတ်နီကြီး အင်ဒါလည်း ဓားကို လှမ်းယူလိုက်သည်။ ထို့နောက် ကျွန်ုပ်ထံသို့ တစ်ဟုန်ထိုးပြေးဝင်ပြီး စလွယ်သိုင်း ခုတ်ချလိုက်သည်။ ထိုဓားချက်မှာ အလွန်ရိုးရကား ကျွန်ုပ်လည်း အသာလေး ဖယ်ရှားလိုက်ပြီးနောက်၊ မုတ်ဆိတ်နီကြီး အင်ဒါ၏ ပေါင်ကို ဓားပြားဖြင့် ဖြန်းခနဲ ရိုက်ချလိုက်သည်။

ထိုအခါ မုတ်ဆိတ်နီကြီးအင်ဒါလည်း ထောင်းခနဲ ဒေါသအမျက် ထွက်သွားဟန်ဖြင့် ကျွန်ုပ်ကို ဆင့်ဆင့်ပြီး ခုတ်ပါတော့သည်။ သို့သော် ကျွန်ုပ်က ထိုဓားချက်တို့ကို အလွယ်တကူ ဖယ်ရှားလိုက်နိုင်သည်။ ထိုသို့ ခံစစ်ကစားနေရာမှ

"အင်ဒါ . . . ဒါဟာ ခင်ဗျားရဲ့အစွမ်း အကုန်ပဲလား။ ကျုပ်ပြန်တိုက်ရင် ခံနိုင်ပါ့မလား"ဟုလည်း မထိတထိ စလိုက်ပါသည်။

မုတ်ဆိတ်နီကြီးအင်ဒါလည်း မိမိ၏ဓားချက်တိုင်းကို ကျွန်ုပ်က အလွယ်တကူ ဖယ်ရှားတွန်းလှန်နိုင်သည့်အတွက် ပို၍ မခံချိ မခံသာဖြစ်ပြီး၊ ပို၍ ဒေါသအမျက် ထွက်နေပေသည်။ ထို့ကြောင့် အားကြိုးမာန်တက် မရပ်မနား ဓယ်စက်ဘီသကဲ့သို့ တလစပ် တိုက်ခိုက်တော့ရာ၊ ပင်ပန်းမောဟိုက်ပြီး ချွေးဒီးဒီးကျနေတော့သည်။

ထိုအခါ ကျွန်ုပ်လည်း မုတ်ဆိတ်နီကြီး အင်ဒါ၏ လည်ပင်းကို ဓားဖြင့် ထိုးဟန်ဆောင်ပြီးနောက်၊ ဦးခေါင်းကို ဓားပြားဖြင့် ရိုက်ချလိုက်ရာ၊ မုတ်ဆိတ်နီကြီး အင်ဒါလည်း မြေကြီးပေါ်သို့ မှောက်လျက် လဲကျသွားတော့သည်။

ထိုအခါ ကျွန်ုပ်လည်း သတိမေ့နေသော မုတ်ဆိတ်နီကြီး အင်ဒါကို ရေလောင်းခိုင်းရာ၊ မုတ်ဆိတ်နီကြီး အင်ဒါလည်း ပြန်လည်သတိရလာပြီး ထထိုင်ကာ ဦးခေါင်းကို ရမ်းခါနေသည်။

ထိုအခိုက်တွင် ကျွန်ုပ်က မင်းသမီးလေး ဒါဒရီကို အချက်ပေးလိုက်ရာ၊ မင်းသမီးလေး ဒါဒရီလည်း မိမိကျွန်ယုံတော်အား ငွေသေတ္တာတင်ထားသော မြင်းရထားကို အပါးသို့ မောင်းလာခိုင်းသည်။ ထို့နောက် မုတ်ဆိတ်နီကြီး အင်ဒါ၏ ရှေ့တွင် ငွေသေတ္တာတစ်လုံးကို ချထားစေပြီးမှ ကျွန်ုပ်က

"ဖွင့်ကြည့်စမ်းပါ အင်ဒါ"ဟု ပြောကြားလိုက်ရာ မုတ်ဆိတ်နီကြီး အင်ဒါလည်း ငွေသေတ္တာကို ဖွင့်ကြည့်လိုက်သည်။

ငွေသေတ္တာတွင်း၌ ငွေများအပြည့်ရှိနေသည်ကို တွေ့ရသောအခါ မုတ်ဆိတ်နီကြီး အင်ဒါ၏ မျက်လုံးအစုံလည်း လောဘရမ္မက်ဖြင့် အရောင် တလက်လက်တောက်သွားသည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"ဒီငွေတွေကို ခင်ဗျား အပိုင်ယူထားပါ အင်ဒါ။ ဒီငွေတွေဟာ ခင်ဗျားရဲ့ လူတစ်ရာကို ကျုပ်ရဲ့တပည့်အဖြစ် တပည့်ခံခိုင်းတဲ့အတွက် ပေးတာလို့ သဘောထားပါ။ ခင်ဗျားရဲ့ လူတစ်ရာအတွက် လခရိက္ခာကိုလည်း သူတို့ကို ကျုပ် သီးသန့်ပေးပါမယ်"ဟု ပြောကြားလိုက်ရာ၊ မုတ်ဆိတ်နီကြီး အင်ဒါလည်း မိမိကြားရသော စကားတို့ကို မယုံနိုင်သည့်အသွင်ဖြင့် ငေးကြောင်

ကြည့်နေပြီးမှ ငွေသေတ္တာတွင်းက ငွေများကို လက်ဖြင့်ကျုံးယူကာ ဝမ်းသာအားရ ကြည့်နေသည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"ခင်ဗျားရဲ့လူတွေဟာ လခရိက္ခာအပြင် အပိုဆုလာဘ်တွေလည်း အချိုးကျရဦးမယ် အင်ဒါ။ သူတို့ အပိုဆုလာဘ်တွေ ရတိုင်း သူတို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ခင်ဗျားလည်း အပိုဆုလာဘ်တွေ ရပါစေမယ်။ ဒါကြောင့် ခင်ဗျားဟာ တစ်နှစ်အတွင်းမှာ လူချမ်းသာတစ်ယောက် ဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ မုတ်ဆိတ်နီကြီး အင်ဒါလည်း ကျွန်ုပ်၏ စကားကို စူးစူးစိုက်စိုက်နားထောင်နေပြီးနောက် ထိုင်ရာမှ ဒယိမ်းဒယိုင်ထလိုက်သည်။ ထို့နောက် ကျွန်ုပ်၏ လက်ကို ဖမ်းဆွဲရင်း

"စားရေးကျွမ်းလှတဲ့ ဝိဇ္ဇာကြီး။ ကျုပ်ရဲ့လူတွေကို ခင်ဗျား တပည့်အဖြစ် ကျုပ်ဝမ်းမြောက်ဝမ်းသာ ကြည်ကြည်ဖြူဖြူ ထည့်လိုက်ပါတယ်။ ကျုပ်ကိုယ်တိုင်လည်း ခင်ဗျားနဲ့အတူ ရဲဘော်ရဲဘက် ပခုံးချင်းယှဉ်ပြီး တိုက်ပွဲတွေမှာ ပါဝင်ဆင်နွှဲလိုပါတယ်"ဟု ပြောကြားလိုက်သည်။

ထိုနေ့ညက ကျွန်ုပ်တို့ လူစုလည်း မုတ်ဆိတ်နီကြီးအင်ဒါ၏ ကျေးရွာတွင် တည်းခိုစခန်းချပြီး တည်ခင်းဧည့်ခံသော ညစာကို တပျော်တပါး စားသောက် သုံးဆောင်ကြသည်။

ဤသို့ဖြင့် တိုင်းရင်းသား လူမျိုးစုများအကြား အနှံ့ရောက်သွားရင်း စစ်သည်တော်များကို စည်းရုံးရယူခဲ့ကြရာ တစ်နေ့တွင် **ကော်ရီတနိနီ** လူမျိုးစုတို့၏ ကျေးရွာသို့ ရောက်ခဲ့သည်။ လူမျိုးစုခေါင်းဆောင်၏ အမည်မှာ **ကက်စီလန်**ဖြစ်ပြီး၊ ကိုယ်ခန္ဓာတုတ်ခိုင် ထွားကျိုင်းသော လူကြမ်းကြီးတစ်ဦး ဖြစ်သည်။

မိမိ၏ အစွမ်းကို အလွန်ယုံကြည်သော ခေါင်းဆောင်ကြီး ကက်စီလန်ကလည်း "ကျွန်ုပ်နှင့် နှစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်မည်။ ကျွန်ုပ်အနိုင်ရပါက အလိုရှိနေသော သူ၏ နောက်လိုက်နောက်ပါ တပည့်များကို ပေးမည်"ဟု (မုတ်ဆိတ်နီကြီး အင်ဒါနည်းတူ)ပြောကြားသည်။ ထို့ကြောင့် ကျွန်ုပ်လည်း မလွှဲသာ မရှောင်သာတော့ဘဲ ခေါင်းဆောင်ကြီး ကက်စီလန်နှင့် နှစ်ဦးချင်း ယှဉ်ပြိုင်တိုက်ရပါတော့သည်။

စားချင်းယှဉ်မိသည်နှင့် တပြိုင်နက် ခေါင်းဆောင်ကြီး ကက်စီလန်ထက် ကျွန်ုပ်က စားရေးသာကြောင်း သိရှိရသည်။ ထိုသို့ စားရေးသာလင့်က

စား ကျွန်ုပ်တစ်ချက်လစ်သွားခိုက်တွင် ကက်စီလန်၏ ဓားချက်တစ်ချက်သည် နံကြားကို လှစ်ခနဲ ဝင်ရောက်လာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်နံဘေးမှ သွေးများ ဖြာခနဲ ထွက်သွားသည်။

မင်းသမီးလေး ဒါဒရီလည်း စိုးရိမ်တကြီး လွှတ်ခနဲ အော်လိုက်သည်။ ကျွန်ုပ်၏ တပည့်ကျော်များလည်း ဟာခနဲ ဖြစ်ကာ လုံရှည်ကြီးများကို ဆုပ်ကိုင်လိုက်ကြသည်။ ကော်ရီတန်နီလူမျိုးစုခေါင်းဆောင်ကြီး ကက်စီလန်လည်း နောက်သို့ ခုန်ပြီး ရှောင်လိုက်သည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း ထောင်းခနဲ ဒေါသထွက်လာပြီး ကက်စီလန်ကို တအားကုန်ခုတ်လိုက်ရာ ကျွန်ုပ်၏ ဓားရှိန်ကို မခံနိုင်ဘဲ ကက်စီလန်၏ ဓားလက်တွင်းတွင်းမှ ဓားလည်း ပေသုံးဆယ်အကွာသို့ လွင့်ကျသွားသည်။ ထိုအခါ ကျွန်ုပ်က ဓားပြားဖြင့် ကက်စီလန်၏ မျက်နှာကို ရိုက်ချလိုက်ရာ ကက်စီလန်လည်း မြေကြီးပေါ်သို့ ဝုန်းခနဲ လဲကျသွားပြီး သတိမေ့သွားပါတော့သည်။

ထိုအခါ ကော်ရီတန်နီလူမျိုးစုများလည်း သတိမေ့နေသော မိမိတို့ခေါင်းဆောင် ကက်စီလန်ကို စိုးရိမ်တကြီးကြည့်နေပြီးနောက် ကျွန်ုပ်တို့လူသိုက်အား ဒေါသတကြီး စိုက်ကြည့်နေကြသည်။ ထိုအခိုက်တွင် ခေတ္တသတိမေ့နေသော ခေါင်းဆောင်ကြီး ကက်စီလန်လည်း ထိုင်ရာမှ အားယူထလာပြီးနောက် ပါးစပ်တွင်းရှိ သွေးတို့ကို ထွီခနဲ ထွေးထုတ်လိုက်သည်။

ထို့နောက် လင်းနပ်ကို မှီပြီး ထိုင်နေသော ကျွန်ုပ်၏အပါးသို့ ဒယိမ်းဒယိုင်လျှောက်လာပြီး

"ကိုယ့်လူရေ . . . ကိုယ့်လူ ဆင်နွှဲခဲ့တဲ့ နှစ်ဦးချင်းတိုက်ပွဲ နှစ်ဆယ်အနက်မှာ ကိုယ့်လူကို ဒဏ်ရာအနာတရဖြစ်အောင် တိုက်နိုင်တာ ကျုပ်တစ်ဦးတည်းပဲ ရှိသေးတယ် မဟုတ်လား"ဟု ပြောကြားရာ၊ ကျွန်ုပ်က

"ဟုတ်ပါတယ်။ ခင်ဗျားဟာ ဓားရေးတော်တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကက်စီလန်က

"မဟုတ်တာ ကိုယ့်လူရယ် . . . ကိုယ့်လူက ကျုပ်ထက် ဓားရေးအများကြီးသာပါတယ်။ ကိုယ့်လူ ဒဏ်ရာအနာတရဖြစ်အောင် ကျုပ်ပြုနိုင်တာကလည်း မတော်တဆ ဖြစ်သွားတာပါပဲ။ ကျုပ်တော်လို့ မဟုတ်ပါဘူး။ တကယ်တော့ ဒီပွဲမှာ ကိုယ့်လူနိုင်ပါတယ်။ ကတိအတိုင်း ကျုပ်လူတွေကို ကိုယ့်လူခေါ်သွားနိုင်ပါပြီ"ဟု ပြောကြားသည်။ ထို့နောက်

"ကျုပ်တို့ရွာနဲ့ မလှမ်းမကမ်းက ဘုန်းကြီးကျောင်းမှာ ခရစ်ယာန်

ဘုန်းကြီးတစ်ပါး သီတင်းသုံးနေတယ်။ အဲဒီဘုန်းကြီးက ဆေးအလွန်စွမ်းသတဲ့။ ဒီတော့ ကျုပ်တပည့်တစ်ယောက် လွှတ်ပြီး အပင့်ခိုင်းလိုက်ပါမယ်"ဟု ပြောကြားသည်။

ထိုအခိုက်တွင် မင်းသမီးလေး ဒါဒရီသည် သွေးတစိမ့်စိမ့်စီးကျနေသော ကျွန်ုပ်နံဘေးက ဓားဒဏ်ရာကို အဝတ်စများဖြင့် ချည်နှောင်ကာ တယုတယပြုစုနေသည်။ ကော်ရီတန်နီလူမျိုးစုခေါင်းဆောင်ကြီး ကက်စီလန်လည်း ကျွန်ုပ်အပေါ်းတွင် ထိုင်ပြီး စိုးရိမ်မကင်းသော အမူအရာဖြင့် စောင့်ကြည့်ပေးနေသည်။

# ၁၆
# စားရေးကျွမ်းသော ဘုန်းကြီး

ကော်ရီတန်နီလူမျိုးစု ခေါင်းဆောင်ကြီး ကက်စီလန်စေလွှတ်လိုက်သော ရွာသားနှင့်အတူ ခရစ်ယာန်ဘုန်းကြီးလည်း အတန်ကြာသောအခါ ကြွရောက်လာခဲ့သည်။ ထိုဘုန်းကြီးမှာ အသက်အရွယ်မကြီးသေးရုံမက သန်မာဖျတ်လတ်သော အသွင်လည်းရှိပေသည်။

ထိုဘုန်းကြီးလည်း ကျွန်ုပ်တို့ရှိရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မျက်နှာစုတ်ပြဲ ယောင်ကိုင်းနေသော ကက်စီလန်၏ မျက်နှာကို ဆေးဝါးထည့်ပြီး အဝတ်စဖြင့် စည်းနှောင်ပေးသည်။ ထို့နောက် ကျွန်ုပ်၏ နံပါးမှ အနာကို ဆေးဝါးထည့်ပြီး အဝတ်ဖြင့် စည်းနှောင်ပေးသည်။ ထို့နောက် ကျွန်ုပ်အပါးတွင် စိုးရိမ်မကင်းသည့် အမူအရာဖြင့် စောင့်ကြည့်နေသော မင်းသမီးလေး ဒါဒရီနှင့် သိပောင်းကျွမ်းပောင်းများပမာ ရှေးပောင်း နှောင်းဖြစ်တို့ကို မေးမြန်းပြောကြားနေပါတော့သည်။

ထိုအခိုက်တွင် မင်းသမီးလေး ဒါဒရီက

"ဒီဘုန်းကြီးရဲ့အမည်က **ပက်ထရစ်**ပါတဲ့မောင်။ သာသနာ့ဘောင်မကူးခင်ကတော့ ခင်တို့ရဲ့ ကျွန်ဖြစ်ခဲ့ဖူးပါတယ်။ ခင်ရဲ့အစ်ကိုဝမ်းကွဲ **မီလစ်**ရဲ့ သိုးတွေကို ထိန်းရတဲ့ သိုးထိန်းပေါ့"ဟု ပြောကြားမိတ်ဆက်ပေးရာ ဘုန်းကြီး ပက်ထရစ်က အသာပြုံးပြီး

"ဟုတ်ပါတယ်ဗျာ။ ကျုပ်ဟာ အရင်တုန်းက သိုးထိန်းဖြစ်ခဲ့တာ အမှန်ပါပဲ။ သိုးတွေ ဝံပုလွေတွေကို အဖော်ပြုပြီး အချိန်ကုန်ခဲ့ရပါတယ်"ဟု

ပြောကြားသည်။ ထို့နောက် မိမိ၏အဖြစ်အပျက်ကို အကျဉ်းချုံး၍ ပြောကြားသည်။

ဘုန်းကြီး ပက်ထရစ်ကား မျိုးကောင်း ဆွေကောင်းမှ ဆင်းသက်ပေါက်ဖွားလာသူတစ်ဦးဖြစ်သည်။ ဖခင်မှာ ဗြိတိန်ကျွန်းကြီး၏ အနောက်တောင်ပိုင်းရှိ **ကွန်းဝဲ** နယ်သားဖြစ်ပြီး မိခင်မှာ ထင်ရှားသော သင်းအုပ်ဆရာကြီး၏ သမီးဖြစ်သည်။ ပက်ထရစ် လူငယ်ဘဝတွင် အိုင်ယာလန်ပြည့်ရှင် (မင်းသမီးလေး ဒါဒရီ၏ ဖခမည်းတော်) နီအောဘုရင်ကြီးသည် စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ဗြိတိန်ကျွန်းကြီးပေါ်သို့ ဝင်ရောက်တိုက်ခိုက်ပြီး၊ လူသူအမြောက်အမြားကို ဖမ်းဆီးခေါ်ဆောင်သွားပေသည်။ အိုင်ယာလန်ကျွန်းသို့ ရောက်သောအခါ ထိုလူများအားလုံးကို ကျွန်အဖြစ်စေခိုင်းတော်မူသည်။

လူငယ်လေး ပက်ထရစ်မှာ အဖမ်းခံရသည့်အထဲတွင် ပါဝင်သူဖြစ်ပြီး၊ နီအောဘုရင်ကြီး၏ အမျိုးတော် မီလစ်၏ ကျွန်အဖြစ်ပေးအပ်ခြင်းခံရသည်။ ထို့ကြောင့် မီလစ်၏ ကျွန်အဖြစ် ပက်ထရစ်သည် ခုနစ်နှစ်တိုင်တိုင် သိုးထိန်းအလုပ်ကို လုပ်ခဲ့ရသည်။ ထိုအခိုက်တွင် အိုင်ယာလန်ကျွန်းကို ဆိုက်ကပ်ပြီး ရေချိုဖြည့်နေသော သင်္ဘောတစ်စင်းနှင့် ကံအားလျော်စွာ တွေ့ရှိရသည်။ ထိုအခါ ကျွန်ဘဝကို မမွေ့လျော်သော ပက်ထရစ်လည်း ထိုသင်္ဘောပေါ်သို့ တိတ်တဆိတ်တက်ကာ ခိုပုန်းရင်း ကျွန်ဘဝမှ ထွက်ပြေးလာခဲ့သည်။

ထို့နောက် ပက်ထရစ်လည်း အမျိုးမျိုးသော ဒုက္ခသုခများကို တွေ့ကြုံပြီး သာသနာ့ဘောင်သို့ ဝင်ကာ ဘုန်းကြီးဝတ်နေသည်။ 'တစ်နေ့တွင် အိုင်ယာလန်ကျွန်းသို့ သွား၍ ခရစ်ယာန်သာသနာ ထွန်းကား စည်ပင်အောင် ပြုဆောင်မည်'ဟုလည်း ဆုံးဖြတ်ထားသည်။

ဘုန်းကြီးပက်ထရစ်လည်း ဤသို့သော အဖြစ်အပျက်တို့ကို ပြောကြားပြီးနောက် ထိုင်ရာမှ အသာထလိုက်ရင်း

"ဒါဒရီရေ . . . မင်းရော မင်းမိတ်ဆွေ ရောမကြီးပါ ကျုပ်ကျောင်းကို လာလည်ပါဦးကွာ။ မင်းတို့အကြောင်းတွေကို ကျုပ်အများကြီး ကြားထားသိထားပါတယ်။ မားကပ်ဆီမှာ အလွန်ထူးဆန်းတဲ့ ဓားတစ်လက်ရှိကြောင်းလည်း ကြားထားပါတယ်။ ကျုပ်ရဲ့ ဦးလေးတော်ဟာ အရင်တုန်းက ဓားသမားတစ်ယောက်ပေါ့။ ဒါကြောင့် ဓားအကြောင်းကို ကျုပ်တော်တော်သိပါတယ်။ မားကပ်ရဲ့ ဓားကို ကြည့်သွားချင်ပါတယ်"

ဟု မိန့်ကြားပေသည်။

ဤတွင် မင်းသမီးလေး ဒါဒရီက ရင်ညွန့်ရှူးဓားကို ယူပြီးပြရာ၊ ဘုန်းကြီး ပက်ထရစ်လည်း ဓားကိုကိုင်ကာ လက်ဖြင့် ဆကြည့်ခြင်း၊ ဓားသွား

ကို စောင်းငဲ့ကြည့်ခြင်းတို့ကို အတန်ကြာအောင် ပြုလုပ်ကြည့်ရှုနေသည်။ ထို့နောက် တဆတ်ဆတ် ခေါင်းညိတ်ရင်း

"မားကပ်ရဲ့ ဓားကတော့ ဓားကောင်းပဲ။ ကျုပ်တို့ ငယ်ငယ်တုန်းက ကြားဖူးတဲ့ နာမည်ကျော် ပန်းပဲဆရာကြီးရဲ့ လက်ရာနဲ့တူတယ်"ဟု မိန့်ကြားပြီး ဓားကို ပြန်ကမ်းပေးသည်။ ထို့နောက်

"ဒီဓားကို သုံးတဲ့အခါမှာ သတိထားပါ မားကပ်။ မတော်မတရား စော်ကားအနိုင်ကျင့်ခံရတဲ့ အားနည်းသူများဘက်က အမြဲရပ်တည်ပါကွယ်"ဟု မှာကြားပြီး ပြန်လည်ထွက်သွားသည်။

ကျွန်ုပ်လည်း တဖြည်းဖြည်း ဝေးသွားသော ဘုန်းကြီး ပက်ထရစ်၏ နောက်ကျောကို ငေးကြည့်ရင်း မင်းသမီးလေး ဒါဒရီအား

"အချစ်ရေ . . . အချစ်ရဲ့ မိတ်ဆွေဟောင်း ဘုန်းတော်ကြီးကတော့ ဓားအကြောင်းကို တော်တော်နားလည်ပုံရတယ်နော်"ဟု ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ကက်စီလန်က

"ကိုယ့်လူရေ၊ ကျုပ်ရဲ့ ကတိအတိုင်း ကျုပ်တပည့်တွေကို ကိုယ့်လူ လက်ကို ဝကွက်အပ်လိုက်ပါပြီ။ ကိုယ့်လူပဲ ခေါင်းဆောင်အဖြစ် ဦးဆောင်ပြီး ခေါ်သွားပါတော့။ အခု လောလောဆယ်မှာတော့ ကိုယ့်လူလည်း ခရီးမဆက်နိုင်သေးပါဘူး။ ဒီတော့ ကျုပ်ရဲ့ ဧည့်သည်တော်များအဖြစ် ဒီမှာပဲ နေကြပါနော်။ ဧည့်ဝတ်ကျေအောင် လိုလေသေးမရှိ ကျုပ်ဧည့်ခံပြုစုပါရစေ"ဟု ပြောကြားလိုက်သည်။

ဤသို့အားဖြင့် ကျွန်ုပ်တို့သည် ကော်ရီတန်နီကျေးရွာတွင် ဧည့်သည်တော်အဖြစ် တည်းခိုနေထိုင်ခဲ့ကြသည်။ အစပထမရက်များတွင် ကျွန်ုပ်၏ ဒဏ်ရာပျောက်ကင်းပြီး အားပြည့်အောင် အနားယူခြင်းဖြစ်ပြီး၊ နောက်ပိုင်းရက်များကား ရာသီဥတု ဆိုးဝါးလာခြင်းကြောင့် စောင့်ဆိုင်းနေထိုင်ခြင်းဖြစ်သည်။

ထိုသို့ ကော်ရီတန်နီကျေးရွာတွင် နေထိုင်ခိုက်တွင် ခေါင်းဆောင်ကြီး ကက်စီလန်ပေးခဲ့သော မြင်းများကို စီးပြီး၊ ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီတို့သည် အနီးဝန်းကျင်ရှိ တောတောင်များသို့ တပူးတွဲတွဲ မခွဲမခွာ လှည့်ပတ်သွားလာ ပျော်ရွှင်နေကြသည်။

ထိုသို့ နေထိုင်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကား ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီတို့အဖို့ မည်သည့်အခါတွင်မှ မေ့ပျောက်၍ မရနိုင်မည့် ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းလှသည့် မင်္ဂလာရက်များ ဖြစ်တော့သည်တကား။

ထိုသို့ ကော်ရီတန်နီကျေးရွာတွင် နေထိုင်ခဲ့စဉ် တစ်နေ့သော နံနက်ခင်းတွင် ကျွန့်ပ်နှင့် မင်းသမီးလေး ဒါဒရီလည်း ဘုန်းကြီး ပက်ထရစ် သီတင်းသုံးသော ဘုန်းကြီးကျောင်းအပါးသို့ ရောက်သွားခဲ့သည်။

ထိုအခါ ဘုန်းကြီး ပက်ထရစ်သည် တောအုပ်အနီးတွင် ဒူးထောက်ပြီး ဆုတောင်းနေသည်ကို တွေ့ရသည်။ ကျွန့်ပ်တို့ကို မြင်သောအခါ ဘုန်းကြီးပက်ထရစ်လည်း လက်ယပ်ခေါ်ပြီးနောက် အစားအစာများကို ထုတ်ကျွေးသည်။ ထို့နောက် ဘုရားသခင်၏ အကြောင်းနှင့် ဓမ္မတရားများကို ဟောကြားသည်။ ထို့နောက် မင်းသမီးလေး ဒါဒရီကို စိုက်ကြည့်ရင်း

"လွန်ခဲ့တဲ့ နှစ်ပေါင်း လေးရာလောက် အိုင်ယာလန်ကျွန်းက ကီးယားနတ်လို့ခေါ်တဲ့ လူတစ်ယောက်ကို ကျွန်သင်္ဘောတစ်စီးက ဖမ်းပြီး ရောမမြို့တော်ကို ခေါ်သွားတယ်။ ပြီးတော့ ကျွန်ဈေးမှာတင်ပြီး ရောင်းချတဲ့အခါမှာ ဆီးရီးယားက သူဌေးကြီးတစ်ယောက်က ဝယ်သွားပြီး ဆီးရီးယားကို ခေါ်သွားတယ်။ သူတို့တစ်တွေ ယေရုရှလင် မြို့တော်ကို ဖြတ်သွားတဲ့အချိန်ကတော့ ရောမစစ်သည်တော်တွေက ယေရှုခရစ်တော်ကို 'ဂေါလ် ဂေါသ'အရပ်မှာ လက်ဝါးကပ်တိုင်တင်ပြီး သုတ်သင်သတ်ဖြတ်လိုက်တဲ့ အချိန်အခါဖြစ်တယ်။ အဲဒီ ကီးယားနတ်ဟာ ကျွန်အဖြစ် နှစ်ပေါင်း အတော်ကြာ လုပ်ပြီးတော့၊ နောက်ဆုံးမှာ အိုင်ယာလန်ကျွန်းကို ထွက်ပြေးလွတ်မြောက်လာခဲ့တယ်။

"အိုင်ယာလန်ကျွန်းကို ရောက်တဲ့အခါမှာ ဘုရင်မင်းမြတ်ထံမှာ ဝင်ရောက်အမှုတော်ထမ်းတယ်။ အဲဒီအချိန်မှာ ကီးယားနတ်ဟာ စားရေးလုံရေးမှာ တစ်ဖက်ကမ်းခတ်နေတဲ့ သူရဲကောင်းတစ်ယောက်ဖြစ်နေပြီ။ ပြီးတော့ ယေရှုခရစ်တော်ရဲ့ အဆုံးအမ ဩဝါဒကို ယုံကြည်လိုက်နာတဲ့ ခရစ်ယာန်ဘာသာဝင်လည်း ဖြစ်နေပြီ။ အဲဒီ ကီးယားနတ်ဟာ အိုင်ယာလန်ဘုရင်မင်းမြတ်ကို သူ့ရဲ့ ဘဝအတွေ့အကြုံတွေကို လျှောက်တင်ရုံမကဘူး၊ ခရစ်ယာန်ဘာသာအယူဝါဒကိုလည်း လျှောက်တင်ခဲ့တယ်။ အိုင်ယာလန် ဘုရင်မင်းမြတ်ဟာလည်း ခရစ်ယာန်ဘာသာအယူဝါဒကို အလွန်အမင်းနှစ်ခြိုက်သဘောကျသွားတယ်။ သက်ဝင်ယုံကြည်သွားတယ်။ အဲဒီအချိန်ကစပြီး အိုင်ယာလန်ကျွန်းမှာ ခရစ်ယာန်ဘာသာ အယူဝါဒဟာ အခြေစိုက် အမြစ်တွယ်ခဲ့တယ်"ဟု မိန့်ကြားပြီးနောက်

"ဒါဒရီ . . . အိုင်ယာလန်ကျွန်းမှာ ထွန်းကားခဲ့ဖူးတဲ့ ခရစ်ယာန်ဘာသာအယူဝါဒ ပြန်လည်ထွန်းကားအောင် ကျုပ်အစွမ်းကုန် ကြိုးစားရမယ်"ဟု မိန့်ကြားလိုက်သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"တပည့်တော်မတို့ အိုင်ယာလန်ကျွန်းသားတွေက ရှေးမဆွ ဘေးဘိုးတွေ လက်ထက်တည်းက နတ်ဘုရားတွေကို ကိုးကွယ်လာခဲ့တာပါ။ အရှင်ဘုရား အမိန့်ရှိတဲ့ ခရစ်ယာန်ဘာသာ အယူဝါဒကို ဘယ်တုန်းကမှ မကိုးကွယ်ခဲ့ကြပါဘူး"ဟု ငြင်းဆန်သည်။

ထို့နောက် ဘုန်းကြီး ပက်ထရစ်နှင့် မင်းသမီးလေး ဒါဒရီတို့သည် ဘာသာအယူဝါဒနှင့် ပတ်သက်၍ စိတ်အားထက်သန်စွာ အကျိတ်အနယ်ပြောကြားငြင်းခုန်နေကြရာ၊ ကျွန်ုပ်လည်း ငြိမ်ငြိမ်လေးထိုင်ပြီး နားထောင်နေလိုက်သည်။

ထို့နောက် အတန်ကြာသောအခါမှ ကျွန်ုပ်က 'ကျွန်ုပ်၏ မိခင်မှာ ခရစ်ယာန်တစ်ယောက်ဖြစ်ကြောင်း'ဖွင့်ဟ ပြောကြားလိုက်သည်။ ထို့နောက် 'ခရစ်ယာန်ဘာသာမှာ မိမိအိမ်နီးနားချင်းကို ချစ်ခင်ရန်၊ ရန်သူကို ခွင့်လွှတ်ရန် ဟောကြားလေ့ရှိသည့်အတွက် မိန်းမသားများတို့သာ ကိုးကွယ်သင့်သော ဘာသာအယူဝါဒဟု မှတ်ထင်မိပါကြောင်း။ သန်မာကြံ့ခိုင်သော ယောကျာ်းများမှာမူ စစ်နတ်ဘုရားကို ကိုးကွယ်သင့်သည်ဟု မှတ်ထင်ပါကြောင်း'လျှောက်တင်လိုက်သည်။

ထိုအခါ ဘုန်းကြီးပက်ထရစ်က ကျွန်ုပ်ကို အေးဆေးတည်ငြိမ်စွာ ပြုံးကြည့်ရင်း

"ကျုပ်ဟာ မိန်းမသားတစ်ယောက် မဟုတ်ပါဘူးဗျာ။ ခင်ဗျားလို အားကောင်းမောင်းသန် ယောကျာ်းတစ်ယောက်ပါ"ဟု မိန့်ကြားချေပသည်။ ထို့နောက်

"မားကပ်ရယ်–ခင်ဗျားဟာ ဓားတစ်စင်းနဲ့ အနယ်နယ်လှည့်ပြီး နောက်လိုက်နောက်ပါတွေကို စုဆောင်း သိမ်းသွင်းနေတယ်လို့ သိရပါတယ်။ ဓားရေးမှာ အလွန်တော်တယ်လို့လည်း ကျော်ကြားနေပါတယ်။ ဒီတော့ ခင်ဗျားနဲ့ ကျုပ် ဓားရေးပြိုင်ကြည့်ချင်တယ်။ ခင်ဗျားကို ဒူးထောက်ပြီး လဲကျသွားအောင် ကျုပ်တိုက်နိုင်ရင် ခင်ဗျားပြောင်းလဲကိုးကွယ်မလား"ဟု မေးလိုက်သည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"အရှင်ဘုရားဟာ ဘုရားသခင်ရဲ့ တပည့်သားတော်တစ်ယောက်ပါ။ ဓားသမားတစ်ယောက် မဟုတ်ပါဘူး။ မားကပ်နဲ့ ဓားရေးမှာ မပြိုင်ချင်ပါနဲ့"ဟု စိုးရိမ်တကြီး ဝင်တားရာ၊ ဘုန်းကြီး ပက်ထရစ်က ပြုံးပြီး

"မစိုးရိမ်ပါနဲ့ ဒါဒရီ။ ဘုရားသခင်က ကျုပ်အနိုင်ရအောင် စောင်မတော်မူပါလိမ့်မယ်"ဟု မိန့်ကြားသည်။

"အရှင်ဘုရား စဉ်းစားပါနော်။ ဓားရေးမှာ တပည့်တော်ကို သာတဲ့ လူ မရှိသလောက် ရှားပါတယ်"ဟု လျှောက်တင်လိုက်ရာ၊ ဘုန်းကြီး ပက်ထရစ် က

"ခင်ဗျားရဲ့အနာ အကင်းမသေသေးရင်တော့ ကျုပ်ဆိုင်းပါရဲ့"ဟု မိန့်ကြားလိုက်သည်။

ဤတွင် ကျွန်ုပ်က

"တပည့်တော်ရဲ့ အနာအကင်းသေတာ ကြာပါပြီ"ဟု လျှောက် တင်လိုက်ရာ၊ ဘုန်းကြီး ပက်ထရစ်က

"ဒီလိုဆိုရင် အခုပဲ ဓားပြိုင်ပွဲ စရအောင်၊ ကျုပ်မှာလည်း ဓား တစ်လက် အသင့်ရှိနေပါတယ်။ ကျုပ်က ဘုန်းကြီးဆိုပေမဲ့ မိစ္ဆာ ဒိဋ္ဌိတွေလာပြီး အနှောင့်အယှက် ပြုလွန်းလို့ ဓားကိုဆောင်ထားရပါတယ်"ဟု မိန့်ကြားသည်။

ထိုအခါ ကျွန်ုပ်က

"တပည့်တော်ကို ဓားရေးမှာ လူမျိုးစုခေါင်းဆောင်တွေတောင် မနိုင် ကြဘူး"ဟု ထပ်မံလျှောက်တင်ရာ၊ ဘုန်းကြီး ပက်ထရစ်က

ကျုပ်အတွက် မပူပါနဲ့ဗျာ။ ခင်ဗျား အနိုင်ရအောင်သာ တိုက်ပါ"ဟု မိန့်ကြားလိုက်သည်။

ထို့နောက် ကျွန်ုပ်တို့လည်း နေရောင် ဝင်းပနေသော အနီးဝန်းကျင် ရှိမြေကွက်လပ်ကြီးသို့ အတူလျှောက်သွားကြပြီး၊ အသီးသီး ကိုင်ဆောင်လာ သော ဓားတို့ကို ထုတ်ကာ မျက်နှာချင်းဆိုင်ရပ်လိုက်ကြသည်။ ထို့နောက်တွင် ကား ဓားရေးပြိုင်ပွဲကြီး စတင်ပါတော့သည်။

ဓားချင်း ချွင်ခနဲ ထိလိုက်သည့်အချိန်တွင်ပင် ဘုန်းကြီးပက်ထရစ် သည် ဓားရေးမည့်ကြောင်းကို ကျွန်ုပ်ချက်ချင်း သိရှိသွားသည်။ ထို့ကြောင့် ကျွန်ုပ်လည်း ဘုန်းကြီး ပက်ထရစ်ကို ဓားချက်နှစ်ချက်ဆင့်ကာ ဖျတ်ခနဲ ဖျတ် ခနဲ သွင်းလိုက်သည်။ သို့သော် ဘုန်းကြီး ပက်ထရစ်က ရယ်မောပြီး အသာ လေး ဖယ်ရှားလိုက်သည်။ ဤသို့ ကျွန်ုပ်က အကျိတ်အနယ် အားကျိုးမာန် တက် ထိုးခုတ်နေသော်လည်း ဘုန်းကြီးပက်ထရစ်မှာမူ အရယ်အမောပင် မပျက်ပါပေ။

သုံးနာရီကြာအောင် ကျွန်ုပ်ကချည့် ဆက်တိုက်တိုက်ခိုက် ထိုးခုတ် ခဲ့ရာ ချွေးဒီးဒီးကျအောင် မောဟိုက်လာခဲ့ပေပြီ။ ထိုအခါတွင်မှ ဘုန်းကြီး ပက်ထရစ်သည် ကျွန်ုပ်ကို စတင်တိုက်ခိုက်တော့သည်။ ထိုအခါ ကျွန်ုပ်လည်း

ဘုန်းကြီး ပက်ထရစ်၏ ဓားချက် မထိအောင် အစွမ်းကုန် ရှောင်တိမ်း လှုပ်ရှား ခုခံနေရလေရာ၊ လက်များအံ့သေပြီး ခြေများ မလှုပ်ချင်တော့အောင် ပင်ပန်း နွမ်းနယ်လာပါတော့သည်။

ထိုအခိုက်တွင် ဘုန်းကြီးပက်ထရစ်သည် လျှပ်ပြက်ဘိသကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ကျွန်ုပ်၏ ဦးခေါင်းကို ဓားပြားနှင့် ဖြန်းခနဲ ရိုက်ချ လိုက်ရာ၊ ကျွန်ုပ်လည်း ထိုဓားချက်ကို မကာကွယ်နိုင်တော့ဘဲ မြေကြီးပေါ်သို့ ဒယိမ်းဒယိုင် ဒူးထောက်လဲကျသွားပါတော့သည်။ ပင်ပန်းမောဟိုက်လွန်းရ ကား ကျွန်ုပ်လည်း ဒူးထောက်လဲကျနေရာမှ ရုတ်တရက် မလှုပ်ရှားနိုင်ဘဲ အသက်ကိုသာ ခပ်ပြင်းပြင်း ရှူနေမိပါသည်။

ဤသို့ ကျွန်ုပ်ဓားရေးရှုံးနိမ့်သွားသည့်အဖြစ်ကို မင်းသမီးလေး ဒါဒရီ သည် မယုံနိုင်သော အမူအရာဖြင့် ငေးကြည့်နေရာမှ

"မှော်ပညာပဲ"ဟု ရုတ်တရက် ဟစ်အော်လိုက်ရာ၊ ကျွန်ုပ်က ခေါင်းကို ရမ်းလိုက်ရင်း

"ဒါဟာ မှော်ပညာမဟုတ်ပါဘူး၊ ဓားစွမ်းသက်သက်ပါပဲ။ ဘုန်းကြီး ပက်ထရစ်ဟာ မောင်မသိသေးတဲ့ ဓားကွက်အမြောက်အမြားကို ကျွမ်းကျွမ်း ကျင်ကျင်တတ်မြောက်နေတဲ့ ဓားဝိဇ္ဇာတစ်ယောက်ပါဖဲ"ဟု ဝန်ခံပြောကြား လိုက်သည်။ ထို့နောက် ဒူးထောက်လဲကျနေရာမှ အားယူထလိုက်ပြီးလျှင် ဘုန်းကြီး ပက်ထရစ်အား

"တပည့်တော်ကို အရှင်ဘုရား အနိုင်ရပါပြီ။ ဒါကြောင့် ပေးထားတဲ့ ကတိအတိုင်း ခရစ်ယာန်ဘာသာအယူဝါဒကို တပည့်တော် ကူးပြောင်းယူပါ့ မယ်"

ဟု လျှောက်တင်လိုက်သည်။

ထိုအခါ ဘုန်းကြီးပက်ထရစ်က တည်ငြိမ်လေးနက်သော အမူအရာ ဖြင့် ကျွန်ုပ်ကို စိုက်ကြည့်နေပြီးမှ

"ခင်ဗျားကို ကျုပ်အနိုင်ရတာဟာ ဓားရေးအစွမ်းကြောင့် အနိုင်ရတာ ပါ။ ခင်ဗျားရဲ့ အတွေးအခေါ် အယူအဆကို ပြောင်းလဲသွားအောင် တရားဓမ္မ ဟောကြားနိုင်စွမ်းတာကြောင့် အနိုင်ရတာမဟုတ်ပါဘူး။ ဒါကြောင့် ခင်ဗျားကို ခရစ်ယာန်အဖြစ် ကျုပ်ပြောင်းလဲပေးပြီး လက်မခံနိုင်သေးပါဘူး"ဟု ပြောကြား ရာ၊ ကျွန်ုပ်က

"ဒါကတော့ အရှင်ဘုရားရဲ့ အလိုတော်အတိုင်းပါပဲ။ တပည့်တော် ကတော့ အရှင်ဘုရားရဲ့ ဓားရေးကို မချီးကျူးမအံ့ဩဘဲ မနေနိုင်ပါဘူး။ အရှင် ဘုရားဟာ ဓားရေးအတတ်မှာ တစ်ဖက်ကမ်းခတ်တတ်မြောက်တဲ့ ဓားဝိဇ္ဇာ

တစ်ဦးပါပဲ။ အရှင်ဘုရားကို ဓားရေးနဲ့ ယှဉ်ပြိုင်နိုင်တဲ့သူဟာ မရှိသလောက် ရှားပါလိမ့်မယ်"ဟု ပြောကြားချီးကျူးလိုက်သည်။

ထိုနေ့မှစ၍ ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီတို့လည်း ဘုန်းကြီး ပက်ထရစ်၏ ကျောင်းသို့ နေ့စဉ် နေ့တိုင်းသွားရောက်လည်ပတ်ပြီး ဘာသာ အယူအဆနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုကြသည်။

ဘုန်းကြီးပက်ထရစ်သည် ကျွန်ုပ်အား ခရစ်ယာန်ဘာသာအယူအဆ နှင့် တရားဓမ္မတို့ကို ဟောကြားသွန်သင်ရုံမက၊ မိမိတတ်မြောက်ထားသော ဓားရေးဓားကွက်တို့ကိုလည်း ကိုယ်တိုင် ပြသသင်ကြားပေးသည်။

ထိုသို့ ဓားရေးသင်ကြားပေးခိုက်တွင် ဘုန်းကြီး ပက်ထရစ်က ညင် ညင်သာသာ သိမ်သိမ်မွေ့မွေ့ ပြုံးရင်း

"မေတ္တာတရားကို ဟောကြားဖြန့်ဖြူးနေတဲ့ ကျုပ်တို့ ဘုန်းကြီးတွေ အနေနဲ့ ဓားကို ဆောင်ထားရတာဟာ တကယ်တော့ မဆီလျော် မအပ်စပ်ပါ ဘူးကွယ်။ ဒါပေမဲ့ ကျုပ်တို့က သာသနာတော် စည်ပင် ပျံ့ပွားအောင် တော အနှံ့တောင်အနှံ့ မြို့အနှံ့ရွာအနှံ့ ခရီးသွားနေရတယ်မဟုတ်လား။ အဲဒီလို ခရီး သွားရတုန်းမှာ လူဆိုးသူခိုးတွေက သိပ်ပြီး အနှောက်အယှက်ပေးကြတယ်။ အနိုင့်အထက်လုယက်ချင်ကြတယ်၊ အဲဒီ လူဆိုးသူခိုးတွေ ရန်ကြောင့်သာမက ဓားကို ဆောင်ထားရတာပါ။ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ ဓားကို ဆောင်ထားရ တာပါ။ သူတစ်ပါးကို ရန်ပြုချင်လို့ မဟုတ်ပါဘူး"ဟု ပြောကြားရှင်းပြသည်။

ကျွန်ုပ်လည်း ဘုန်းကြီး ပက်ထရစ်၏ ကျောင်းသို့ နေ့စဉ်နေ့တိုင်း သွားပြီး ဘုန်းကြီး ပက်ထရစ်ဟောကြားသော တရားဓမ္မကို နားထောင်ပြီး ပြသသင်ကြားသွန်သင်သော ဓားရေးအတတ်တို့ကို စိတ်အားထက်သန်စွာ လေ့ ကျင့်မှတ်သားခဲ့သည်။

ကော်ရီတန်နီကျေးရွာမှ ကျွန်ုပ်တို့ ထွက်ခါနီးတစ်နေ့တွင်မူ ကျွန်ုပ် လည်း 'ခရစ်ယာန်ဘာသာ အယူဝါဒကို သက်ဝင်ယုံကြည်နေပြီဖြစ်ကြောင်း' ဖွင့်ဟ ပြောကြားလိုက်သည်။ ထိုအခါ ဘုန်းကြီး ပက်ထရစ်လည်း ကျွန်ုပ်၏ ခေါင်းပေါ်သို့ ရေစင်တော်ဖြန်းပေးရင်း ခရစ်ယာန်ဘာသာဝင်အဖြစ် လက်ခံ သွတ်သွင်းလိုက်သည်။

ကျွန်ုပ်တို့လည်း ကော်ရီတန်နီကျေးရွာမှ ထွက်ခွာလာကြပြီးနောက် ဘုရင်ကာရာနေ့ရှိရာ **ကာမူးလမ်း** မြို့သို့ ထွက်ခွာလာခဲ့ကြသည်။ ကာမူးလမ်း မြို့ရှိ ညီလာခံ ခန်းမကြီးတွင်းသို့ ကျွန်ုပ်တို့ ဝင်ရောက်သွားသောအခါ ညီလာခံ

ခန်းမကြီးအလယ်ရှိ ရာဇပလ္လင်ထက်၌ ကာရာနေ့သည် သုန်မှုန်သော မျက်နှာထားဖြင့် ခန့်ခန့်ကြီး ထိုင်နေသည်ကို တွေ့ရသည်။ ကာရာနေ့၏ အပါး၌လည်း စစ်ပုဆိန်ကြီးတစ်လက် အသင့်ထောင်ထားသည်ကို တွေ့ရပေသည်။

ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း ကာရာနေ့က မျက်နှာထားတင်းတင်းဖြင့်

"ရောမစစ်သည်တွေကို တိုက်ခိုက်လုယက်လို့ရတဲ့ ရွှေသေတ္တာ ငွေသေတ္တာ ကိုးလုံးကော၊ ခင်ဗျား ဘယ်မှာ ထားခဲ့သလဲ"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"လုံခြုံတဲ့ တစ်နေရာမှာ မြှုပ်ထားခဲ့ပါတယ်။ အခု သွားဖော်ပြီး ယူလာခဲ့ပါမယ်။ ပြီးတော့ ကျုပ်တို့ ဝေစုခွဲကြတာပေါ့။ နောက်လိုက်နောက်ပါ စစ်သည်တော်တွေကိုလည်း ဝေစုခွဲပေးဖို့ လိုပါတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က

"အဲဒီ ရွှေသေတ္တာ ငွေသေတ္တာကိုးလုံးကို သွားဖော်ဖို့ ကိစ္စကို မင်းသမီးလေး ဒါဒရီ ဦးစီးဆောင်ရွက်လိမ့်မယ်။ ခင်ဗျားအနေနဲ့ကတော့ လန်ဒီးနီးယမ်းမြို့တော်ကို ချက်ချင်းသွားရလိမ့်မယ်။ ဗြိတိန်ဘုရင်ခံချုပ်ဟာ အရီနာတိုက်ပွဲကွင်းကြီးမှာ ယှဉ်ပြိုင်တိုက်ခိုက်ပြီး အောင်ပန်းသရဖူဆွတ်တဲ့လူကို အီဒိန်းကို အောင်ဆုအဖြစ် ပေးသနားမယ်။ ပြီးတော့ ကျွန်ဖြစ်နေရင်လည်း ကျွန်အဖြစ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးမယ်"လို့ ကြေညာထားကြောင်း ကျုပ်အခုပဲ ကြားသိရတယ်"ဟု ဒေါ်ကြီးမောကြီးနှင့် ပြောကြားလိုက်သည်။

ဤတွင်မင်းသမီးလေး ဒါဒရီက

"မားကပ်ဟာ အီဒိန်းကို ပြန်လည်ရရှိဖို့အတွက် ကြိုးပမ်းပြီးပါပြီ။ အခုထပ်ပြီး ကြိုးပမ်းခိုင်းဖို့ မရှိပါဘူး"ဟု ဝင်ရောက်ပြောကြားရာ ကာရာနေ့က တင်းမာသော မျက်နှာထားဖြင့် မင်းသမီးလေး ဒါဒရီကို စိုက်ကြည့်ရင်း

"ဒီမှာ ဒါဒရီ၊ ကျုပ်ဟာ အိုက်နီလူမျိုးတွေရဲ့ ဘုရင်ပါ။ ပြီးတော့ ယဇ်နတ်ဆရာကြီးတွေရဲ့ ရှေ့မှာ မင်းနဲ့စေ့စပ်ကြောင်းလမ်းထားတဲ့ ခင်ပွန်းလောင်းပါ။ ပြီးတော့ ဟောဒီ ကာမူးလမ်းမြို့တော်မှာ ကျုပ်ဟာ အရှင်သခင်ပါ။ ကျုပ်ရဲ့ အမိန့်အာဏာကို လူတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရလိမ့်မယ်"ဟု ပြောကြားပြီးနောက် ခက်ထန်သော အမူအရာဖြင့်

"မားကပ်ဟာ လန်ဒီးနီးယမ်းမြို့တော်ကို သွားပြီး အရီနာတိုက်ပွဲကွင်းကြီးမှာ ဝင်ရောက် ယှဉ်ပြိုင်တိုက်ခိုက်ရမယ်။ အောင်ပန်းသရဖူရတဲ့အထိ ယှဉ်ပြိုင်တိုက်ခိုက်ပြီး အောင်ဆုအဖြစ် ရလာတဲ့ အီဒိန်းကို ကျုပ်ဆီ ဘေးမသီရန်မခဘဲ ရောက်ရှိလာအောင် ဆောင်ကျဉ်းလာရမယ်။ ဒီလိုမှ မဆောင်ကျဉ်း

နိုင်ဘူးဆိုရင်တော့ မားကပ်ရဲ့အသက်ကို ချမ်းသာခွင့်မပေးနိုင်ဘူး။ နည်းအမျိုးမျိုးနဲ့ နှိပ်စက်ညှဉ်းပန်းပြီး သတ်ဖြတ်ရလိမ့်မယ်"ဟု ဒေါ်သတကြီး ပြောကြားသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"မားကပ်ဟာ ကျွန်မတို့နဲ့ တန်းတူအခွင့်အရေးရော၊ တန်ခိုးအာဏာကိုပါ ရရှိထားတဲ့ သူတစ်ယောက်ဖြစ်တယ်။ ဟောဒီ ဗြိတိန်ကျွန်းကြီးကို ကျူးကျော်နယ်ချဲ့ပြီး အုပ်စိုးနေတဲ့ ရောမတွေကို တိုက်ခိုက်မောင်းထုတ်ရေးမှာ ကျွန်မတို့ကို အကူအညီပေးပါမယ်လို့ ကတိပြုထားတဲ့ စစ်ခေါင်းဆောင်တစ်ယောက်ဖြစ်တယ်"ဟု ဝင်ရောက်သတိပေးလိုက်ရာ၊ ကာရာနေ့က

"မားကပ်ဟာ ကျုပ်တို့ စစ်သည်တော်တွေအားလုံးကို စစ်ရေးလေ့ကျင့်သင်ကြားပြီးပေးပါပြီ။ မြင်းတပ်ကိုလည်း စနစ်တကျ လေ့ကျင့်ပြီးပါပြီ။ မားကပ်မရှိလည်း မားကပ်ရဲ့ တပည့်ကျော်တွေက အခြား စစ်သည်တော်တွေကို ဆက်လက် လေ့ကျင့်သင်ကြားလို့ ဖြစ်နေပါပြီ။ ဒီတော့ အခုအချိန်မှာ ကျုပ်တို့အနေနဲ့ မားကပ်ရဲ့ အကူအညီကို သိပ်မလိုတော့ပါဘူး"ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးလေး ဒါဒရီက

"ရှင်ဟာ ကျေးဇူးတရားမသိတဲ့ လူတစ်ယောက်ပဲ"ဟု ဒေါ်သတကြီး ဟစ်အော်လိုက်ရာ၊ ကာရာနေ့က မထီတရီ ပြုံးလိုက်ပြီး

"ဒါဒရီ၊ ဒေါသ သိပ်ကြီးမနေပါနဲ့။ မင်းရဲ့ချစ်သူကို ကျုပ် မတော်မတရားမပြုပါဘူး။ ညီမတော် အီဒိန်းကိုသာ ကျုပ်ဆီ ဘေးမသီရန်မခဘဲ ရောက်ရှိလာအောင် ဆောင်ကျဉ်းလာပါစေ။ မားကပ်ကို ကျုပ် ရန်မပြုရုံ မကဘူး။ အရင်အတိုင်း ဆက်လက်မြှောက်စားပါ့မယ်။ ကျုပ်တို့နဲ့ တန်းတူအခွင့်အရေးရော အဆင့်အတန်းကိုပါ ပေးပါ့မယ်"ဟု ပြောကြားသည်။ ထို့နောက် မင်းသမီးလေး ဒါဒရီအား စိမ်းစိမ်းကြည့်ရင်း

"ဒါဒရီ၊ မင်းနဲ့မားကပ်တို့အကြောင်းကို ကျုပ်မသိဘူးများ မှတ်ထင်နေသလား။ မင်းရဲ့ အရှက်မဲ့တဲ့ အကြောင်းတွေကိုသာ မင်းရဲ့အစ်ကိုတော်ဘုရင်ဒါထီဆီကို ရှေ့နားတော်ကြားလျှောက်တင်လိုက်မယ်ဆိုရင် မင်းဘယ်လိုအခြေအနေမျိုး မင်းကြုံရမယ်ဆိုတာကို သိတယ်မဟုတ်လား။ မင်းရဲ့အစ်ကိုတော်ဟာ မင်းကို နတ်ဘုရားကျောင်းကို ပို့ပြီး မြင့်မြတ်တဲ့ ယဇ်မီးတောက်ငြိမ်းမသွားအောင် အမြဲစောင့်ကြပ်ပြုစုရတဲ့ တာဝန်ကို ပေးအပ်မှာ သေချာတယ်။ ဒီတာဝန်ပျက်ကွက်တာနဲ့ ထုံးစံအတိုင်း မင်းကို အရှင်လတ်လတ်မီးလောင်တိုက်သွင်းပြီး သတ်မှာပဲ"ဟု ပြောကြားပြီးမှ

"ဒါပေမဲ့ ဒါဒရီ၊ မင်းအပေါ်မှာ ကျုပ်မရက်စက်ပါဘူး။ မင်းရဲ့ အပြစ်တွေကို ကျုပ်ခွင့်လွှတ်လိုက်ပါ့မယ်။ ဒါပေမဲ့ မင်းကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်တော့ဘူး။ အီဒိန်းကို ဘေးမသီရန်မခဘဲ ရောက်ရှိလာအောင် မားကပ်ဆောင်ကျဉ်းလာတဲ့အခါမှာ မင်းနဲ့ကျုပ် လက်ထပ်မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပရလိမ့်မယ်"ဟု ပြောကြားသည်။

ထိုအခါ မင်းသမီးကလေး ဒါဒရီက ငြင်းပယ်ကန့်ကွက်မည်ပြုပြီးမှ၊ ယဇ်နတ်ဆရာကြီးများရှေ့တွင် ထားခဲ့ရသော ကတိသစ္စာကို အမှတ်ရသွားဟန်ဖြင့် မျက်နှာကွက်ခနဲ ပျက်သွားတော့သည်။ ထို့နောက် ညှိုးငယ်သော မျက်နှာထားနှင့်

"ယဇ်နတ်ဆရာကြီးတွေရှေ့မှာ ထားခဲ့တဲ့ ကတိသစ္စာကို ကျွန်မမဖောက်ဖျက်ဝံ့ပါဘူးရှင်။ ရှင့်အလိုအတိုင်း လိုက်နာပါ့မယ်"ဟု ပြောကြားရာ၊ ကာရာ်နေ့က ကျေနပ်ဝမ်းမြောက်ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ ထို့နောက် ကျွန်ုပ်ကို စေ့စေ့ကြည့်ကာ

"ဒီမှာ မားကပ်၊ ခင်ဗျားမှာ အလွန်ထူးဆန်းတဲ့ ဓားကြီးတစ်လက်ကို ရရှိထားကြောင်း ကြားသိရတယ်။ အဲဒီဓားကြီးကို ကျုပ်အပိုင်လိုချင်တယ်။ ဒါပေမဲ့ ကျုပ်မယူသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ လန်ဒီးနီးယမ်းမြို့တော်က အရီနာတိုက်ပွဲကွင်းကြီးမှာ ခင်ဗျား ဝင်ရောက်ယှဉ်ပြိုင်တိုက်ခိုက်တဲ့အခါမှာ အဲဒီဓားကြီးဟာ အတန်အသုံးဝင်မယ်လို့ ထင်လို့ပါပဲ။ အဲဒီဓားကြီးကို အသုံးပြုပြီး အောင်ပန်းသရဖူကို ရယူနိုင်တဲ့အထိ တိုက်ပေတော့။ ဒါမှ ညီမတော် အီဒိန်းကို အောင်ဆုအဖြစ် ခင်ဗျားရရှိမှာ ဖြစ်တယ်။ အဲဒီ ဓားကြီးအပြင် ခင်ဗျားအလိုရှိမယ့် ချပ်ဝတ်တန်ဆာတွေနဲ့ ဒိုင်းကြီးကိုလည်း ခင်ဗျားစိတ်တိုင်းကျ ရွေးယူသွားပါ။ ခင်ဗျား အောင်ပန်းသရဖူရပါစေလို့လည်း ဆုတောင်းလိုက်ပါတယ်"ဟု ပြောကြားသည်။

ထိုနေ့ညက ကျွန်ုပ်နှင့်မင်းသမီးလေး ဒါဒရီတို့ တွေ့ဆုံကြရာ မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်၏ ရင်ခွင်တွင်း၌ ခေါင်းထားရင်း ရှိုက်ကြီးတငင်ငိုကြွေးရှာပါသည်။

## ၁၇
## အရိန္နာ တိုက်ပွဲကွင်း၌

လန်ဒီးနီးယမ်းမြို့တော်တွင်းသို့ ကျွန်ုပ်ဝင်ရောက်လာခဲ့သော အချိန်တွင် မြို့တွင်း၌ ထောင်ပေါင်းများစွာသော လူထုပရိသတ်ကြီးသည် အရောင်အမျိုးမျိုးသော အဝတ်အစားဆန်းတို့ကို ဝတ်စားဆင်ယင်ပြီး လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ ပြည့်ကြပ် ပြွတ်ထိုးနေအောင် မြူးထူးပျော်ရွှင်စွာ သွားလာလှုပ်ရှားနေသည်ကို တွေ့ရသည်။

ရောမအင်ပါယာအတွင်း၌ တစ်နှစ်လျှင် တစ်ကြိမ်ကျ လူထုပွဲတော်ကြီးကို ကျင်းပဆင်ယင်လေ့ရှိသည်။ ထိုပွဲတော်ကြီးမှာ အစပထမ ကျင်းပစဉ်အခါက နတ်ဘုရားများကို ပူဇော်ပသသော ဘာသာရေးပွဲတော်ကြီး ဖြစ်ခဲ့သော်လည်း ယခုအခါ၌ လူထုပျော်ပွဲရွှင်ပွဲကြီး ဖြစ်နေပေသည်။ ဤပွဲတော်အခါ၌ လူထုသာလျှင် အရှင်သခင်ဖြစ်ပြီး၊ လူထု၏ သဘောဆန္ဒကို ရောမကေရာဇ်ကိုယ်တိုင်ပင် မဆန့်ကျင်ဝံ့ဘဲ အလိုလိုက်ရရှာပေသည်။

ကျွန်ုပ်လည်း ပြည့်ကြပ်ပြွတ်သိပ်နေသော လူများစုကြားမှ တိုးဝှေ့ပြီး အရိန္နာတိုက်ပွဲကွင်းကြီးရှိရာသို့ လျှောက်လာခဲ့သည်။

လန်ဒီးနီးယမ်းမြို့တော်ရှိ အရိန္နာတိုက်ပွဲကွင်းကြီးကား မြစ်ကမ်း၏ တောင်ဘက်၌ တည်ရှိပြီး ကြီးကျယ်ခမ်းနားလှပေသည်။ လူထုပွဲတော်ကြီး ကျင်းပချိန်တွင် ဗြိတိန်ကျွန်းကြီးရှိ မြို့ရွာနယ်ပယ် ဒေသအသီးသီးတို့မှ လူများသည် အရိန္နာတိုက်ပွဲကွင်းကြီးသို့ လာရောက်ကာ မိမိတို့စွမ်းရည်ကို လာပြကြသည်၊ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်သူအများစုမှာ

ကျွန်ဘဝမှ လွတ်မြောက်လိုကြသော ကျေးကျွန်များ ဖြစ်ကြသည်။ ထိုသူများ အပြင် ဆုလာဘ်လာဘကို မျှော်ကိုးကြသော ကြေးစားသမားများလည်း လာရောက်ယှဉ်ပြိုင်လေ့ရှိပေသည်။

ပြိုင်ပွဲဝင်ရန်အတွက် စာရင်းပေးသွင်းရန် အရီနာတိုက်ပွဲကွင်းကြီးသို့ ကျွန်ုပ်ရောက်ရှိသွားသောအခါ၊ တိုက်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်တိုက်ခိုက်ရန် အတွက် စာရင်းပေးသွင်းရန် တန်းစီစောင့်ဆိုင်းနေကြသော လူတန်းရှည်ကြီးကို တွေ့ရသည်။ ကျွန်ုပ်လည်း ပါဝင်တန်းစီလိုက်ရာ၊ တန်းစီနေသော လူများ လည်း ပြိုင်ဘက်ဖြစ်လာမည့် ကျွန်ုပ်ကို စေ့စေ့စပ်စပ်ကြည့်ရှု အကဲခတ်နေကြ သည်။ အထူးသဖြင့် ကျွန်ုပ်၏ ခါးတွင် ချိတ်ထားသော ရင်ညွှန့်ခူးဓားကြီးကို စိတ်ဝင်တစား ကြည့်ရှုနေကြသည်။

ကျွန်ုပ်အလှည့်သို့ ရောက်၍ စာရင်းရေးမှတ်ရာ အခန်းကျဉ်းကလေး ထဲသို့ တစ်ယောက်တည်း ဝင်သွားသောအခါ စာရေးကြီးက ကျွန်ုပ်ကို မော့ ကြည့်ပြီး

"မားကပ်ဗာရီယန်"ဟု လွှတ်ခနဲ အော်လိုက်သည်။ ထို့နောက် ကျွန်ုပ် ပြည်နှင်ဒဏ်ပေးခြင်းခံရသည့်အဖြစ်ကို ရုတ်တရက်အမှတ်ရဟန်ဖြင့် မျက်နှာ ပျက်သွားသည်။ ထို့နောက် လေသံကို နှိမ့်ပြီး

"နှုတ်က လွှတ်ခနဲ ထွက်သွားတာကို ခွင့်လွှတ်ပါ အရှင်"ဟု ပြော ကြားရာ၊ ကျွန်ုပ်က

"လူထုပွဲတော်ရက်မှာ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ထားတယ် မဟုတ်လား။ ပြည်နှင်ဒဏ်အပေးခံရတဲ့လူတွေလည်း လာရောက်ယှဉ်ပြိုင်ခွင့် ရှိတယ်မဟုတ်လား"ဟု မေးလိုက်သည်။

ထိုအခါ စာရေးကြီးက

"ပြည်နှင်ဒဏ်အပေးခံရတဲ့ လူတွေလည်း လာရောက် ယှဉ်ပြိုင်ခွင့် ရှိပါတယ် အရှင်။ ဒါပေမဲ့ အရှင်က ထင်ရှားတဲ့သူတစ်ယောက် မဟုတ်လား။ အရှင့်ကို ဘုရင်ခံချုပ် ဖလာဗီးယပ်နဲ့ ဘုရင်ခံချုပ်ကတော် ကော်နီလီယာတို့က မှတ်မိချင် မှတ်မိသွားနိုင်တယ်။ ဒီလို မှတ်မိသွားရင် အရှင့်အတွက် အကျိုး ယုတ်သွားနိုင်ပါတယ်"ဟု ပြောကြားပြီးမှ

"အရှင်က ပြည်နှင်ဒဏ်အပြစ်ပေးခံရတဲ့ဘဝက လွတ်မြောက်ချင်လို့ လာရောက် ယှဉ်ပြိုင်တာလား။ အရှင် ယှဉ်ပြိုင်တိုက်ခိုက်ရမယ့်လူတွေက လူဆိုးတွေ၊ သူခိုးတွေနဲ့ လေ့ကျင့်ထားတဲ့ ဓားသမားတွေပဲ။ ဒီလိုလူတွေနဲ့ ပါဝင်ပြီး ယှဉ်ပြိုင်ရမှာ အရှင့်အတွက် မကောင်းပါဘူး အရှင်"ဟု ပြောကြား သည်။

ထိုအခိုက်တွင် ကျွန်ုပ်က ဘုန်းကြီး ပက်ထရစ်ပေးလိုက်သော ခရစ်ယာန်အမည်ကို အမှတ်ရပြီး

"ကျုပ်အမည်ကို စာရင်းသာ သွင်းလိုက်ပါဗျာ။ ဩော် . . . မတ်လို့ စာရင်း သွင်းနော်"ဟု ပြောကြားလိုက်ရာ၊ စာရေးကြီးလည်း ကျွန်ုပ်၏အမည်ကို တစ်လုံးချင်း လေးလေးတွဲ့တွဲ့ရေးသွင်းနေရာမှ

"ဟောဒီ ပွဲတော်ကြီးကို အနယ်နယ်အရပ်ရပ်က လူတွေလာပြီး ဝင်ရောက်ယှဉ်ပြိုင်ကြတယ်။ ကံကောင်းရင် ဟောဒီပြိုင်ပွဲမှာ အောင်ပန်းသရဖူဆွတ်နိုင်ပြီး ကျွန်ဘဝက လွတ်မြောက်လိမ့်မယ်။ ဆုလာဘ်ပဏ္ဏာများကို ရရှိပြီး ချမ်းချမ်းသာသာနေနိုင်လိမ့်မယ်ဆိုတဲ့ စိတ်ကူးလေးတယဉ်ယဉ်နဲ့ပေါ့လေ။ ဒါပေမဲ့ စိတ်ကူးယဉ်တဲ့အတိုင်း ဖြစ်လာဖို့ဆိုတာ ဖြစ်တောင့်ဖြစ်ခဲပါဗျာ"ဟု တတွတ်တွတ်ရေရွတ်ပြောကြားနေသည်။

ထိုအခိုက်တွင် ကျွန်ုပ်က သားရေအိတ်ထဲက ငွေပြားကို ထုတ်ပြီး ပေးမည်ပြုရာ၊ စာရေးကြီးက လက်ကာပြရင်း

"ဝင်ကြေးပေးဖို့ မလိုပါဘူးဗျာ၊ ဘုရင်ခံချုပ်က ဝင်ကြေးမယူရဘူးလို့ အမိန့်ထုတ်ထားပါတယ်။ ပြီးတော့ တစ်ခါက ကျွန်ုပ်အသက်ကို အရှင်ကယ်တင်ခဲ့တဲ့ ကျေးဇူးလည်း ရှိပါတယ်လေ"ဟု ပြောကြားသည်။ ထို့နောက် သက်ပြင်းတစ်ချက် ရှူလိုက်ရင်း

"အရှင်ကတော့ မှတ်မိချင်မှ မှတ်မိပါမယ်။ ဗင်တာ (ယခု ဝင်ချက်စတာ)မြို့ကို ဆက်ဆွန်တွေ ဝင်တိုက်တုန်းက ကျုပ်အသက်ကို အရှင် ကယ်တင်ခဲ့ဖူးပါတယ်။ ဒီကျေးဇူးကို ထောက်ထားပြီး မယှဉ်ပြိုင်မတိုက်ခိုက်ပါနဲ့ဗျာ။ အရှင် ပါဝင်တိုက်ခိုက်တာနဲ့ တစ်ပြိုင်နက် အရှင့်အသက် ဆုံးရှုံးသွားပါလိမ့်မယ်။ အရှင်စိတ်ပြောင်းသွားတယ်ဆိုရင် အရှင့်ရဲ့ အမည်ကို စာရင်းက အခုပဲ ကျုပ်ဖျက်ပေးရပါ့မယ်"

ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က

"ကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမဲ့ ဒီပွဲမှာ မပါဝင် မတိုက်ခိုက်ဘူးဆိုရင် ကျုပ်အသက်ဆုံးရှုံးမှာ လုံးဝသေချာနေပါတယ်။ ဒီပွဲမှ ပါဝင်တိုက်ခိုက်မှ ကျုပ်အသက် ချမ်းသာရဖို့ အကြောင်းရှိပါတယ်"ဟု ပြောကြားလိုက်ရာ၊ စာရေးကြီးလည်း ကျွန်ုပ်ကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေပါတော့သည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း စာရင်း ရေးမှတ်သည့် အခန်းကျဉ်းလေးထဲမှ ချာခနဲ ပြန်ထွက်လာသည်။ ထို့နောက် မြစ်ဆိပ်သို့သွားပြီး ပင်ပန်းနွမ်းနယ်နေသည့်အတွက် အိပ်ရာကောင်းကောင်းတွင် ခြေပစ်လက်ပစ် နှစ်နှစ်

ခြိုက်ခြိုက် အိပ်စက်လိုသောကြောင့် ကျွန်ုပ်လည်း တည်းခိုခန်းကောင်းကောင်း တစ်ခုကို လိုက်လံရှာဖွေနေမိသည်။

ကျွန်ုပ်မှာ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းပြီးသူဖြစ်ရကား အရီနာတိုက်ပွဲကွင်းကြီးရှိ ပြိုင်ပွဲဝင်တို့အတွက် ထားရှိသော တန်းလျားဆောင်၌ အိပ်စက်နိုင်ပါ၏။ သို့သော် ထိုတန်းလျားဆောင်မှာ အလွန်တရာ ညစ်ပတ်နေပြီး နွေရာသီ၌ပင် အေးစိမ့်စိုစွတ်နေရကား ထိုတန်းလျားဆောင်၌ မတည်းခိုဘဲ တည်းခိုခန်းကောင်းကောင်းကို လိုက်လံရှာဖွေနေမိခြင်း ဖြစ်ပါ၏။ တည်းခိုခန်းကောင်းကောင်းကို တွေ့သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်လည်း ခြေပစ်လက်ပစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အပန်းဖြေလိုက်ပါတော့သည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် တပြိုင်နက် ကျွန်ုပ်လည်း ယနေ့ ကျင်းပမည့် တိုက်ပွဲတွင် ပါဝင်ယှဉ်နွှဲရန်အတွက် အရီနာတိုက်ပွဲကွင်းကြီးသို့ ကမန်းကတန်း ထွက်ခွာလာခဲ့ပေသည်။ တာဝန်ကျ အရာရှိများလည်း ပြိုင်ပွဲဝင်မည့် လူတိုင်းကို နံပါတ်ရေးထားသော သံပြားလေးများကို ပေးအပ်ကြသည်။ ကျွန်ုပ်၏ နံပါတ်မှာ ငါးဆယ်ဖြစ်ပြီး၊ ထိုနံပါတ်ပြားလေးကို ကျွန်ုပ်၏ လည်ပင်းရှိ ဆွဲကြိုးတွင် ချိတ်ထားလိုက်သည်။

ပြိုင်ပွဲဝင်မည့် လူအားလုံးပင် အပေါ်ပိုင်းရှိ အဝတ်အားလုံးကို ချွတ်ထားရပြီး၊ ခါးတွင် ဘောင်းဘီတိုလေးများကိုသာ ဝတ်ဆင်ထားကြရသည်။ ခြေထောက်တွင်မူ ဒူးဆစ်အထိ ရှည်သော သားရေဘွတ်ဖိနပ်ကြီးများကို ဝတ်ဆင်ထားကြသည်။ ကျွန်ုပ်လည်း မဲနယ်တစ်မျိုးကို မျက်နှာတွင် လိမ်းကျံကာ ရပ်ဖျက်ပြီးနောက် ပြိုင်ပွဲဝင်များနှင့်အတူ သစ်သားခုံတန်းရှည်ကြီးပေါ်တွင် ထိုင်ရင်း ကျွန်ုပ်ပါဝင် ယှဉ်ပြိုင်ရမည့် အလှည့်ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေမိသည်။

အရီနာတိုက်ပွဲကွင်း၌ ယနေ့ကျင်းပမည့် ပွဲစဉ်မှာ ပြိုင်ပွဲဝင်များနှင့် ကျား၊ ကျားသစ်များတို့ ယှဉ်ပြိုင်တိုက်ခိုက်ရခြင်းဖြစ်၏။ ကျွန်ုပ်တို့ စောင့်ဆိုင်းနေစဉ် ကာလတွင် ကျွန်ုပ်တို့ထက် စောသော ပြိုင်ပွဲဝင်များသည် အရီနာတိုက်ပွဲကွင်းကြီးတွင်း၌ ကျားများ၊ ကျားသစ်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေကြပြီဖြစ်၏။ ထို့ကြောင့်လည်း ကျွန်ုပ်တို့သည် လက်ခုပ်သြဘာသံများ၊ ကျားများ၊ ကျားသစ်များတို့၏ ဟိန်းသံဟောက်သံ အော်သံများ၊ ပြိုင်ပွဲဝင်တို့၏ ကြိမ်းဝါးသံ ညည်းတွား အော်ဟစ်သံများတို့ကို အတိုင်းသားကြားနေရသည်။

ကျွန်ုပ်လည်း နားမချမ်းသာစရာ၊ စိတ်မချမ်းသာစရာအသံတို့ကို အဆက်မပြတ် ကြားနေရသောကြောင့် စိတ်နှလုံး တုန်လှုပ်ချောက်ချားလာကာ

မျက်နှာကို လက်ဝါးဖြင့် အုပ်ရင်း မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေမိသည်။ ထိုအခိုက်တွင် မင်းသမီးလေး ဒါဒရီ၊ ဘုရင် ကာရာနေ့နှင့် ဘုန်းကြီး ပက်ထရစ်တို့ကို အမှတ်ရနေမိသည်။ တွေးတော သတိရနေမိသည်။

ထိုအခိုက်တွင် ကျွန်ုပ်ရှိရာ သီးသန့် တန်းလျားသို့ လူငယ်တစ်ယောက် အပြေးအလွှားရောက်လာပြီး

"လက်နက်တွေ အသင့်ပြင်ကြ။ ခင်ဗျားတို့ အလှည့် ကျလာပြီ"ဟု အော်ဟစ်ပြောကြားသည်။

ဤတွင် ကျွန်ုပ်လည်း 'ရင်ညွန့်ခွူး'ဓားကြီးကို ကိုင်ကာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ အများလူများလည်း ဓားဆွဲသူ ဆွဲ၊ ပုဆိန်ကြီးကို ဆွဲသူဆွဲနှင့် မိမိတို့ သန်ရာ လက်နက်များကို အသင့်ကိုင်စွဲကြသည်။ ထို့နောက် ကျွန်ုပ်တို့လည်း တဖြည်းဖြည်း ကြွတက်လာသော သံတခါးမကြီးအောက်မှ ဖြတ်သန်းပြီး အရီနာတိုက်ပွဲကွင်းတွင်းသို့ စီတန်း ဝင်ရောက်လာခဲ့ကြသည်။

အေးစိမ့်မှောင်မည်းနေသော သီးသန့်တန်းလျားမှ နေရောင်ခြည်တောက်ပ ထိန်ဝင်းနေသော အရီနာတိုက်ပွဲကွင်းကြီးသို့ ဝင်ရောက်လာခဲ့ရသောကြောင့် ကျွန်ုပ်တို့၏ မျက်စိများမှာ စူးရှသော အလင်းရောင်ဒဏ်ကို မခံနိုင်ဘဲ ကျိန်းစပ် ပြာဝေသွားခဲ့ရသည်။ ထို့နောက် မျက်စိကျင့်သားရ၍ လှည့်ပတ်ကြည့်ရှုလိုက်ရာ၊ ပြီးခဲ့သော ပွဲစဉ်ကာလက သေဆုံးသွားသော ပြိုင်ပွဲဝင်များ၏ အလောင်းများ၊ ကျား ကျားသစ်တို့၏ အလောင်းများကို တာဝန်ကျ ကျေးကျွန်များတို့က ရှင်းလင်းဖယ်ထုတ်နေကြပြီး၊ သဲအသစ် ဖြန့်ခင်းနေသည်ကို တွေ့ရသည်။ ထို့ပြင် အရီနာတိုက်ပွဲကွင်းကြီးပတ်လည်ရှိ ထိုင်ခုံများနှင့် သီးသန့်အထူးတန်းရှိ ထိုင်ခုံများပေါ်၌ ပွဲကြည့်ပရိသတ်များ၊ ပြည့်ကြပ်ပြွတ်သိပ်နေသည်ကိုလည်း တွေ့ရသည်။ ထို့ပြင် သီးသန့်စင်မြင့်တစ်ခုပေါ်၌ မားမားမတ်မတ်ရပ်နေသော ဘုရင်ကာရာနေ့၏ ညီမတော် အီဒိန်းကိုလည်း တွေ့ရသည်။

မင်းသမီးလေး အီဒိန်း၏ တစ်ကိုယ်လုံးကို ဆေးပြာများ လိမ်းခြယ်ထားရာ၊ ရွှေရောင်ဝင်းနေသော ဆံပင်တို့ကြောင့် ယောကျ်ားတို့၏ စိတ်နှလုံးကို တုန်လှုပ်ချောက်ချား ယစ်မူးစေသော ထူးခြားသည့် အလှသည် ထင်းထင်းကြီးပေါ်ထင်နေပေသည်။ ထို့ပြင် မင်းသမီးလေး အီဒိန်း၏ ခြေထောက်တို့ကို ငွေကြိုးဖြင့် ချည်နှောင်ထားပြီး စင်မြင့်ထက်ရှိ တိုင်၌ တွဲခတ်ထားသည်ကိုလည်း တွေ့ရသည်။

မင်းသမီးလေး အီဒိန်းကား ပြိုင်ပွဲဝင်ကြသော ယောကျ်ားငါးရာအနက်မှ အသက်မသေဘဲ ကျန်ရှိမည့် တစ်ဦးတည်းသော ယောကျ်ားကောင်း

က အောင်ဆုအဖြစ် ရရှိမည့် ဆုလာဘ်ပင် ဖြစ်တော့သည်။ အီဒိန်းကိုသာမက အောင်ဆုအဖြစ် ရွှေပြားအပြည့်ထည့်ထားသော ရွှေအိတ်နှစ်လုံးကိုပါ ရဲဆုအဖြစ် ရရှိပေဦးမည်ဖြစ်ရာ၊ မင်းသမီးလေး အီဒိန်းသည် ကျွန်အဖြစ် ဒုက္ခခံနေကြရသော တစ်ပါးကျွန်များကို ကျွန်အဖြစ်မှ လွတ်မြောက်ခွင့်ပေးစေမည့်သူ၊ ဆင်းရဲနေသူများအား ရတ်တရက် ချမ်းသာစေမည့်သူ ဖြစ်တော့သည်။ ကျွန်ုပ်အဖို့တွင်မူ ကျွန်ုပ်၏အသက်ကို စိုးမိုးပိုင်ဆိုင်နေသောသူ၊ မရဏသေမင်းလက်မှ ဆွဲနှုတ်ကယ်မမည့်သူ သက်မှူးသူဇာပင် ဖြစ်တော့သည်။

ဤသို့ မင်းသမီးလေး အီဒိန်းကို ကြည့်ရှုရင်း ကျွန်ုပ်လည်း တွေဝေငေးမော တွေးတောနေမိသည်။ ထိုအခိုက်တွင်ပင် အရီနာတိုက်ပွဲကွင်းကြီးတွင်းသို့ ဝင်ရောက်လာကြသော ကျွန်ုပ်တို့ လူစုကို ပွဲကြည့်ပရိသတ်တို့က တစ်ခဲနက် လက်ခုပ်သြဘာပေးကြသံကြီးသည် မြည်ဟိန်းထွက်ပေါ်လာသည်။ ထိုအသံကြီးနှင့်အတူ ကျွန်ုပ်တို့ကို ကြည့်ရင်း အလောင်းအစား အငြင်းအဆန်ပြုကြသံတို့လည်း ကြိုကြား ကြိုကြား ထွက်ပေါ်လာခဲ့သည်။

ထိုအခိုက်တွင် ကျွန်ုပ်တို့၏ ရှေ့တူရူရှိ သံတံခါးကြီးသည် တဖြည်းဖြည်း ကြွတက်လာပြီးလျှင်၊ အရီနာတိုက်ပွဲကွင်းကြီးအတွင်းသို့ ကျားကြီးတစ်ကောင် ဝုန်းခနဲ ခုန်ဝင်လာသည်။ ထိုကျားကြီးနောက်မှ အခြား ကျားအကောင်လေးဆယ်သည်လည်း ဟိန်းဟောက်ရင်း ခုန်ဝင်လာခဲ့ကြသည်။ ထိုအခိုက်တွင်ပင် သံတံခါးမကြီးတစ်ခုသည် တဖြည်းဖြည်း ကြွတက်လာပြီးနောက် ဆာလောင်မွတ်သိပ်နေကြသော ကျားသစ်အကောင်လေးဆယ်လည်း တစ်ကောင်ပြီး တစ်ကောင်ထွက်လာကြသည်။

အရီနာတိုက်ပွဲကွင်းကြီးကား သဲသစ်များဖြင့် ဖြန့်ခင်းထားလင့်ကစား၊ သွေးကွက် သွေးအိုင်များဖြင့် ပြည့်နှက်လျက်ရှိပြီး သွေးညှီနံ့တို့ တထောင်းထောင်းထနေပေသည်။ ထို့ကြောင့် အရီနာတိုက်ပွဲကွင်းကြီးထဲသို့ ရောက်လာသော ကျားများ၊ ကျားသစ်များလည်း သွေးညှီနံ့တို့ကြောင့် အရိုင်းစိတ်များ တက်ကြွလှုပ်ရှားကာ ဒေါသအမျက် ချောင်းချောင်းထွက်နေပြီးလျှင် ဟိန်းလိုက် ဟောက်လိုက် ပြုနေကြတော့သည်။ ထို့နောက် အရီနာတိုက်ပွဲကွင်းကြီး တစ်ဖက်အစွန်းရှိ ကျွန်ုပ်တို့ လူစုအား မီးတဝင်းဝင်း တောက်နေသော မျက်လုံးတို့ဖြင့် ဒေါသတကြီး လှမ်းကြည့်နေကြသည်။

ထိုအခိုက်တွင် မချင့်မရဲဖြစ်နေကြသော ပွဲကြည့်ပရိသတ်လည်း တစ်ခဲနက် ဟစ်အော်ကြွေးကြော်ကြရာ၊ ကျားများ၊ ကျားသစ်များလည်း ပို၍ လှုပ်ရှား ထကြွလာကြသည်။ ဆောက်တည်ရာမရဖြစ်လာကြသည်။ ထို့နောက် ကျွန်ုပ်တို့ လူစုကို ရန်မူတိုက်ခိုက်ရန် လွှားခနဲ လွှားခနဲ ခုန်ဝင်လာကြတော့သည်။

ကျွန်ုပ်အပေါ်သို့ ကျားကြီးတစ်ကောင် လွှားခနဲ ခုန်ဝင်လာရာ၊ ကျွန်ုပ်လည်း ရင်ညွန့်ချွန်းဓားကြီးဖြင့် အောက်ဘက်မှ သိမ်းခုတ်ခုတ်လိုက်သည်။ ထို့ကြောင့် ကျားကြီးလည်း အူဟောင်းလောင်းဖြင့် ဘေးသို့ ထိုးကျသွားသည်။ ထိုအခါ ကျားသစ်ကြီးတစ်ကောင်က ခုန်အုပ်ပြန်ရာ ကျွန်ုပ်က ရင်ညွန့်ချွန်းဓားကြီးဖြင့် ရင်ညွန့်ကို လှမ်းထောက်လိုက်သည့်အတွက် အရှိန်နှင့် ခုန်ဝင်လာသော ကျားသစ်ကြီးလည်း ဓားချက်ကို မရှောင်နိုင်ဘဲ ဘေးသို့ လိမ့်ကျသွားသည်။ ထိုအခိုက်တွင် အခြားကျားကြီးတစ်ကောင်က ကျွန်ုပ်အပေါ်သို့ ခုန်အုပ်ရင်း ပခုံးကို လက်သည်းရှည်ကြီးဖြင့် လှမ်းပုတ်လိုက်ရာ ကျွန်ုပ်လည်း ကိုယ်ကို မဟန်နိုင်ဘဲ ဘေးသို့ လိမ့်ကျသွားသည်။ ထိုအခိုက်တွင် အခြားကျားကြီးတစ်ကောင်က ကျွန်ုပ်အပေါ်သို့ ခုန်အုပ်ရင်း ပခုံးကို လက်သည်းရှည်ကြီးဖြင့် လှမ်းပုတ်လိုက်ရာ ကျွန်ုပ်လည်း ကိုယ်ကို မဟန်နိုင်ဘဲ ယိမ်းယိုင်သွားခဲ့သည်။ သို့သော် ကိုယ့်ကိုယ်ကို ချက်ချင်းပြန်ထိန်းရင်း ထိုကျားကြီးကို ရင်ညွန့်ချွန်းဓားကြီးဖြင့် ဖျတ်ခနဲ လှမ်းခုတ်လိုက်သည်။

ထိုအခိုက်တွင် ကျွန်ုပ်၏ ပတ်ပတ်လည်ရှိ လူများတို့၏ အော်သံဟစ်သံ ညည်းသံ ညူသံတို့သည် နားကွဲမတတ် ပွက်ပွက်ညံ့ကြွက်ကြွက်ဆူနေပါတော့သည်။ ကျွန်ုပ်ဘေးရှိ လူတစ်ယောက်မှာ ကျားကုတ်ဖြဲလိုက်မှုကြောင့် ဝမ်းဗိုက်ပွင့်ကာ အူအခွေလိုက် ထွက်နေရာမှ 'အမလေး အဘလေး' ညည်းညူနေသည်။ အခြားလူတစ်ယောက်မှာ ကျားသစ်အပုတ်ခံရပြီး ကိုယ်တစ်ခြမ်းလုံး စုတ်ပြဲကာ မချိမဆန့် အော်ဟစ်နေပေသည်။

ယနေ့ပွဲစဉ်တွင် ကျားနှင့် ကျားသစ်ဦးရေမှာ ရှစ်ဆယ်ရှိပြီး ယှဉ်ပြိုင်တိုက်ခိုက်ရသည့် လူဦးရေမှာ လေးဆယ်သာရှိပေရာ၊ အသက်မသေဘဲ ရှင်ကျန်ရဖို့အရေးမှာ မတွေးဝံ့အောင် ဖြစ်တော့သည်။ ဤမျှ အခွင့်အရေး နည်းပါးလင့်ကစား ကျွန်ုပ်လည်း ကိုယ့်ကိုယ်ကို သေသူသဘောထားပြီး လွှားခနဲ လွှားခနဲ ခုန်ဝင်လာသမျှသော ကျားနှင့် ကျားသစ်တို့ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်တိုက်ခိုက်နေခဲ့ရာ၊ ပွဲကြည့်ပရိသတ်လည်း အထူးသဘောကျကာ နားကွဲမတတ် လက်ခုပ်ဩဘာပေးကြတော့သည်။

ဤသို့ဖြင့် ကျားများ ကျားသစ်များနှင့် ကျွန်ုပ်တို့ အကြိတ်အနယ် သူသေကိုယ်သေ ရင်ဆိုင်တိုက်ခိုက်လာခဲ့ရာ နောက်ဆုံး၌ ကျားနှင့် ကျားသစ် ခြောက်ကောင်သာ ကျန်ရှိပြီး အသက်မသေဘဲ ရှင်ကျန်ရစ်သူအဖြစ် ဂျာမန်မျိုးနွယ်ဝင် ဆံပင်နီ လူထွားကြီးတစ်ယောက်နှင့် ကျွန်ုပ်တို့ နှစ်ဦးသာ ကျန်ရှိနေပေတော့သည်။ ကျွန်ုပ်နှင့် ဆံပင်နီကြီးတို့လည်း တစ်ဦးကို တစ်ဦး ကြည့်ကာ ပြုံးလိုက်ကြသည်။ ထို့နောက် ကျွန်ုပ်က ဆံပင်နီကြီးအား

"ကျုပ်တို့ ကျောချင်း ကပ်ထားရအောင်။ ဒါမှနောက်ကြောင်းကို မစိုးရိမ်ရဘဲ စိတ်အေး လက်အေး တိုက်နိုင်မယ်"ဟု ပြောကြားလိုက်ရာ၊ ဆံပင်နီကြီးလည်း သဘောကျသွားဟန်ဖြင့် ကျောချင်းလာကပ်သည်။ ထို့နောက် သဲပေါ်၌ ကျနေသော တင်းပုတ်တစ်ခုကို ကောက်ယူလိုက်ရာ၊ ကျွန်ုပ်ကလည်း သဲပေါ်၌ ကျနေသော ပုဆိန်တစ်လက်ကို ကောက်ယူလိုက်သည်။

ထိုအခိုက်တွင် ဒဏ်ရာအနာတရဖြစ်ကာ နာကျင်ပြီး ဒေါသ အမျက်ချောင်းချောင်းထွက်နေကြသည့် ကျားများနှင့် ကျားသစ်များသည်လည်း အချင်းချင်း သတ်ပုတ်ကိုက်ခဲနေကြသည်။ နောက်ဆုံး၌ ကျားကြီးတစ်ကောင်သာ အသက်မသေ ရှင်ကျန်နေပြီး အခြားငါးကောင်တို့ သေဆုံးသွားတော့သည်။ အသက်မသေရှင်ကျန်နေသော ကျားကြီးသည်ပင် ဦးခေါင်းနှင့် ကိုယ်တို့၌ ဒဏ်ရာရကာ စုတ်ပြဲနေပေသည်။ ထိုကျားကြီးလည်း ရူးသွပ်သွားဟန်ဖြင့် အတန်ကြာအောင် ဟိန်းဟောက်နေပြီးမှ ကျွန်ုပ်တို့ရှိရာသို့ တစ်လှမ်းချင်း လှမ်းလာသည်။

ထိုအခါ ဆံပင်နီကြီးက

"ဒီအကောင်ကြီးအတွက် ကျုပ်တာဝန်ထားပါ"ဟု ပြောပြီး၊ တင်းပုတ်ကြီးကို ကိုင်ရင်း ကျားကြီးရှိရာသို့ လျှောက်သွားပြီး အသင့်စောင့်ဆိုင်းနေသည်။

ထိုအခိုက်တွင် ကျားကြီးလည်း ဆံပင်နီကြီးပေါ်သို့ လွှားခနဲ ခုန်အုပ်သည်။ ဆံပင်နီကြီးလည်း ကိုယ်ကို အသာတိမ်းပြီးလက်တွင်းရှိ တင်းပုတ်ကြီးဖြင့် ရိုက်ရန် ကြိုးစားသည်။ သို့သော် ဆံပင်နီကြီး၏ လှုပ်ရှားမှုမှာ အနည်းငယ်နှေးကွေးလေးလံသွားသည်။ ထို့ကြောင့် ကျားကြီးသည် ဆံပင်နီကြီးပေါ်သို့ မိမိရရ ခုန်အုပ်မိသွားပြီး ဆံပင်နီကြီးကို ဘယ်ပြန်ညာပြန် ပုတ်ခတ်တိုက်ခိုက်ရာ၊ ဆံပင်နီကြီး၏ မျက်နှာပြင်ရှိ အသားတစ်များသည် အတစ်လိုက် အတစ်လိုက် လွင့်စဉ်ပုံထွက်သွားတော့သည်။ ဆံပင်နီကြီးလည်း အသံနက်ကြီးဖြင့် အဆက်မပြတ် အော်ဟစ်ရင်း ပုံလဲကျသွားတော့သည်။

ပွဲကြည့် ပရိသတ်ကြီးလည်း တစ်ခဲနက် ဟစ်အော် ညည်းတွားလိုက်ကြသည်။ ထို့နောက် အရီနာတိုက်ပွဲကွင်းကြီးအလယ်၌ ကျားကြီးနှင့် ကျွန်ုပ်သာ ကျန်တော့သည့်အဖြစ်ကို ချက်ချင်း အမှတ်ရသွားကြသည်။

"ကျားဘက်က ငွေတစ်သောင်း"

"နံပါတ် ငါးဆယ်ဘက်က ငွေတစ်ထောင်"စသည်ဖြင့်လည်း ဆူညံစွာ အော်ဟစ်ပြီး အလောင်းအစားပြုတော့သည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း သွေးအိုင် သွေးကွက်များ ကင်းရှင်း

သည့် နေရာသို့ လျှောက်သွားပြီး၊ ပုဆိန်ကြီးကို အသင့်ကိုင်ကာ စောင့်ဆိုင်းနေသည်။ ကျားကြီးက လွှားခနဲ ခုန်အုပ်သည်နှင့် တပြိုင်နက် ပုဆိန်ကြီးကို လွှဲပြီး ခုတ်လိုက်သည်။ ကျွန်ုပ်၏ ပုဆိန်ချက်သည် ကျားကြီး၏ ဦးခေါင်းကို ခွပ်ခနဲနေအောင် တည့်တည့်ကြီး ထိမှန်သွားသည်။ ထို့အတူ ပြင်းထန်လှသော အရှိန်ကြောင့် ကျွန်ုပ်လည်း ဒူးထောက်ကျသွားသည်။

ကျွန်ုပ်လည်း အဆက်မပြတ် တိုက်ခိုက်လာခဲ့သည့်အတွက် ပင်ပန်းနွမ်းဟိုက်ကာ တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေရကား ဒူးထောက်လဲကျနေရာမှ ရုတ်တရက် မထနိုင်ပေ။ အကယ်၍သာ ထိုအချိန်၌ ကျားကြီးသာ ထပ်မံတိုက်ခိုက်ပါက ကျွန်ုပ်မှာ မည်သို့မျှ မခုခံ မကာကွယ်နိုင်ဘဲ လည်စင်းခံရမည်သာဖြစ်၏။ သို့သော် ကံအားလျော်စွာပင် ကျားကြီးမှာ ကျွန်ုပ်၏ ပုဆိန်ချက်ကြောင့် ဦးနှောက်ထွက်ကာ သေဆုံးသွားခဲ့ပေပြီ။ ကျွန်ုပ်တစ်ဦးတည်းသာ အရီနာတိုက်ပွဲကွင်းကြီး၌ အသက်မသေဘဲ ကျန်ရစ်ခဲ့ပေသည်တကား။

ပွဲကြည့်ပရိသတ်တို့လည်း မိုးမြေတုန်ဟည်းအောင် လက်ခုပ်သြဘာပေးကြတော့သည်။ ထိုအခိုက်တွင် တာဝန်ကျအစောင့်တစ်ယောက်လည်း အရီနာတိုက်ပွဲကွင်းကြီးအလယ်ရှိ ကျွန်ုပ်ထံ လာရောက်ပြီး သီးသန့်တန်းလျားသို့ ခေါ်ဆောင်လာခဲ့သည်။

သီးသန့်တန်းလျားရှိ ကျွန်ုပ်၏ အခန်းရှေ့တွင် လူငယ်လူရွယ် တစ်ကျိပ်ကျော်ကျော် အသင့်စောင့်ဆိုင်းနေကြပြီး၊ ကျွန်ုပ်ကို တွေ့သည်နှင့် တစ်ပြိုင်နက် လက်တွင်းရှိ စာများကို သူ့ထက်ငါ အလုအယက် ထိုးပေးကြသည်။ ထိုစာများအားလုံးမှာ ယနေ့အဖို့ အရီနာတိုက်ပွဲကွင်းကြီး၏ သူရဲကောင်းဖြစ်သွားသော ကျွန်ုပ်နှင့် တွေ့ဆုံပျော်မွေ့လိုသည့်အတွက် အချိန်းအချက် ပြုကြသော အထက်တန်းလွှာက မိန်းမပျိုများ၏ စာများသာ ဖြစ်ကြောင်းကို ကျွန်ုပ်ကောင်းကောင်းကြီး သိရှိပြီးဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုစာများကို မဖတ်ဘဲ တွန်းဖယ်ပစ်လိုက်ရာ၊ လူရွယ်တစ်ယောက်က

"ဟောဒီ စာက မိန်းမချောလေး တာတီရဲ့စာပါ"ဟု ပြောကြားပြီး အခြားတစ်ယောက်က

"ကျွန်တော့် သခင်မ လူစီလာကိုသာ ဒီည လာတွေ့ပါ။ သခင်မက မိတ်ဆွေကြီးကို ငွေတစ်သောင်း ချီးမြှင့်ပါလိမ့်မယ်"ဟု ပြောကြားသည်။ အခြားတစ်ယောက်က

"မိတ်ဆွေကြီးကို မိန်းမလှလေး ဖွေးလက်က ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ သူ့ဆီလာတွေ့ရင် မိတ်ဆွေကြီး အကျိုးထူးပါလိမ့်မယ်"ဟု ပြောကြားပြီး၊ အခြားတစ်ယောက်က

"သခင်မမာဂရက်နဲ့ သွားတွေ့စမ်းပါ။ ကာမဂုဏ်အရသာထူးကို မေ့မူးသွားအောင် ခံစားရပါလိမ့်မယ်"ဟု ပြောသည်။

ထိုအခါ ကျွန်ုပ်က ရယ်မောကာ လူငယ်လူရွယ်များကို ကြေးပြားအနည်းငယ်စီပေးပြီး တွန်းထုတ်ဖယ်ရှားပစ်လိုက်ရင်း

"မင်းတို့ သခင်မတွေကို ပြောလိုက်ပါကွာ။ ငါပင်ပန်းလွန်းလို့ နှစ်နာရီလောက် အိပ်စက်အပန်းဖြေဦးမယ်။ ငါအိပ်ရာက နိုးတဲ့အထိသာ စောင့်မျှော်နေကြပါလို့"ဟု ပြောကြားလိုက်သည်။

ထို့နောက် ကျွန်ုပ်လည်း အနီးရှိ ရေပန်းတစ်ခုသို့ သွားကာ ကိုယ်လက်သုတ်သင်ပြီးနောက် အခန်းသို့ ပြန်ကာ ကုတင်ပေါ်တွင် ပစ်လှဲလိုက်ရာ၊ ချက်ချင်းပင် အိပ်မောကျသွားပါတော့သည်။

ကျွန်ုပ်အိပ်ရာမှ နိုးသောအခါ၌ မှောင်ရည်သန်းနေပေပြီ။ ကျွန်ုပ်ရှိရာ သီးသန့်တန်းလျားရှိ စကြံလမ်း၌ပင် ဆီမီးများကို ထွန်းညှိထားပေပြီ။ အရီနာတိုက်ပွဲကွင်းကြီးကား အသံဗလံတစ်စိုးတစ်စိမှပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေပေသည်။

ကျွန်ုပ်လည်း အိပ်ရာမှ လူးလဲထပြီးနောက်၊ တံခါးမကြီးရှိရာသို့ လျှောက်လာရာ၊ ကိုယ်ခန္ဓာ သန်စွမ်းထွားကျိုင်းသော တံခါးစောင့်က ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း တံခါးဖွင့်ပေးသည်။ ထိုသို့ ဖွင့်ပေးရင်း

"နံပါတ် ငါးဆယ်။ ခင်ဗျားဘက်က ကျုပ်လောင်းတာ အနိုင်ရတယ်ဗျို့။ ဒါကြောင့် ခင်ဗျားကို ကျေးဇူးအထူးတင်ပါတယ်"ဟုလည်း ပြောကြားလိုက်သည်။

ကျွန်ုပ်လည်း တံခါးမကြီးမှထွက်ကာ၊ မင်းလမ်းမကြီးရှိရာသို့ လျှောက်မည်အပြုတွင် အမှောင်ရိပ်တွင်းမှ

"နံပါတ်ငါးဆယ်"ဟု ခပ်တိုးတိုး ခေါ်လိုက်သော ချိုသာလှသည့် အသံကို ကြားရသည်။ ထို့ပြင် ကျွန်ုပ်၏ လက်မောင်းကိုလည်း နူးညံ့သိမ်မွေ့လှသော လက်တစ်ဖက်က ဆုပ်ကိုင်လိုက်သည်ကို ခံစားရသည်။ ကျွန်ုပ်က လှည့်ကြည့်လိုက်ရာ၊ ချောမောလှပလှသည့် မိန်းမပျိုတစ်ဦးကို တွေ့မြင်ရသည်။

ကျွန်ုပ်လည်း ထိုမိန်းမပျိုကို မြင်ဖူးပါသည်ဟု တွေးတောကာ အတန်ကြာအောင် ငေးစိုက်ကြည့်နေပြီးမှ

"ဖွေးလက်"ဟု ဝမ်းသာအားရခေါ်လိုက်သည်။ ထိုအခါ ဖွေးလက်လည်း မြစ်ကူးတံတားကြီးရှိရာသို့ ကျွန်ုပ်၏လက်ကိုဆွဲပြီး ခေါ်လာရာမှ

"အရှင့်အကြောင်း သတင်းစကားတွေကို ကျွန်မအမြဲနားစွင့်နေပါ

တယ်။ ဒါကြောင့် အရှင်ခရစ်ယာန်ဘာသာထဲ ဝင်သွားတာကိုလည်း ကြားရပါတယ်။ အိုက်နီဘုရင်ရဲ့ ညီမတော်ကို ရယူဖို့အတွက် အရီနာတိုက်ပွဲကွင်းကြီးမှာ လာရောက်ယှဉ်ပြိုင်မယ့် အကြောင်းကိုလည်း ကြားရပါတယ်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်လည်း 'ဤအကြောင်းများကို မင်းသမီးလေး ဒါဒရီက ဖွေးလက်ကြိုတင်သိရလေအောင် တိတ်တဆိတ်အကြောင်းကြား ထားခဲ့လေသလော'ဟု တွေးတော စဉ်းစားမိသည်။

ထိုအခိုက်တွင် မိန်းမချောလေး ဖွေးလက်က

"အရှင် ပေးသနားလိုက်တဲ့ ကျောက်မျက်ရတနာတွေ၊ ရွှေတွေ၊ ငွေတွေနဲ့ ကျွန်မဟာ အိမ်လေးတစ်လုံးကို ဝယ်ပြီး မုန့်ဆိုင်လေးတစ်ဆိုင်ဖွင့်ထားပါတယ်။ ဝင်ငွေလည်း အတော်ကောင်းပါတယ်။ လန်ဒီးနီးယမ်းမြို့တော်မှာ အရှင်ရှိနေသရွေ့ ကျွန်မရဲ့ အိမ်မှာပဲ အရှင်တည်းခိုနေထိုင်ပါနော်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က အသာပြုံးပြီး

"ဖွေးလက်ရေ၊ မင်းအိမ်ထောင်ကျနေပလား"ဟု မေးလိုက်ရာ၊ ဖွေးလက်က

"အိမ်ထောင် မကျသေးပါဘူးရှင်။ အိမ်ထောင်ပြုဖို့လည်း စိတ်မကူးသေးပါဘူး။ ဒါပေမဲ့ ကျွန်မရဲ့ အိမ်မှာ အရှင်တည်းခိုနေတဲ့ အခိုက်မှာတော့ အရှင့်ရဲ့ ကျေးဇူးဟာ ကျွန်မအဖို့ ဆပ်မကုန်အောင် ကြီးမားလှပါတယ်"ဟု ပြောကြားသည်။

ထိုအခါ ကျွန်ုပ်က ရယ်မောလိုက်ပြီး၊ ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီတို့အကြောင်းကို ဖွင့်ဟပြောကြားလိုက်သည်။

ဤသို့ဖြင့် ကျွန်ုပ်နှင့် မိန်းမချောလေး ဖွေးလက်တို့လည်း စကားတပြောပြောနှင့် လျှောက်လာကြရာ၊ နောက်ဆုံး၌ ဖွေးလက်၏ အိမ်သို့ ရောက်ခဲ့သည်။

ဖွေးလက်၏ အိမ်လေးကား ကျွန်ုပ်ထင်မှတ်ထားသည်ထက် ကြီးမားကျယ်ဝန်းပြီး သန့်ရှင်း သပ်ရပ်လှပေသည်။ အိမ်ရှေ့ရှိ မုန့်ဆိုင်တွင်ကား မုန့်မျိုးစုံရှိနေပြီး၊ အဘွားအိုတစ်ယောက်ထိုင်ကာ ဈေးဝယ်တို့ကို ရောင်းချနေပေသည်။ ဖွေးလက်လည်း ကျွန်ုပ်ကို မလွှယ်ပေါက်မှနေပြီး အိမ်တွင်းသို့ ခေါ်လာခဲ့သည်။

အိမ်တွင်းသို့ ရောက်သောအခါ ဖွေးလက်က ကျွန်ုပ်ကို သိုးသားစွပ်ပြုတ်နှင့် အကောင်းစား ဝိုင်အရက်ကို တည်ခင်းဧည့်ခံရာ ကျွန်ုပ်လည်း

မြိန်ရေရှက်ရေ စားသောက် သုံးဆောင်လိုက်သည်။ ထို့နောက် ဖွေးလက် အသင့်ပြင်ပေးသော ကြိုးခုတင်ထက်၌ လဲလျောင်းလိုက်ရာ၊ မကြာမီ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားပါတော့သည်။

## ၁၈
# အောင်ပန်းသရဖူ

"အို အရှင် . . . မကြာခင် သေဆုံးသွားတော့မည့် ကျွန်ုပ်တို့က အရှင့်အား အရိုအသေပြုပါ၏" ဟူသော ကြွေးကြော်သံတို့သည် အရီနာတိုက်ပွဲကွင်းကြီးအတွင်း၌ မြည်ဟိန်း ထွက်ပေါ်လာသည်။

ထိုသို့သော ကြွေးကြော်သံတို့ကား အရီနာတိုက်ပွဲကွင်းကြီးအတွင်း၌ သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ကြမည့် ပြိုင်ပွဲဝင်များတို့က နှုတ်ဆက်ကြွေးကြော်သံတို့သည် ရောမအင်ပါယာကြီးအတွင်း၌ နှစ်ပေါင်းများစွာ ကျယ်ကျယ်လောင်လောင် မြည်ဟိန်းနေပေသည်။ ရောမလူထုကြီးသည် သွေးထွက်သံယိုတိုက်ပွဲ ခိုက်ပွဲ သတ်ပွဲဖြတ်ပွဲတို့ကို အရသာခံပြီး ကြည့်လိုကြသော သွေးဆာနေသည့် သူများဖြစ်ကြရာ၊ ရောမလူထုကြီး၏ အလိုအတိုင်း အရီနာတိုက်ပွဲကွင်းကြီး၌ မရေမတွက်နိုင်သော တိုက်ပွဲခိုက်ပွဲ သတ်ပွဲဖြတ်ပွဲပေါင်းတို့ဖြစ်လာပြီး လူများ သေကြေဆုံးရှုံးကာ သွေးချောင်းစီးခဲ့ပေတော့သည်။

ဒုတိယနေ့တွင်လည်း ကျွန်ုပ်တို့သည် ဗြိတိန်ကျွန်း ဘုရင်ခံချုပ် ဖလာဗီးယပ်အား ထုံးစံအတိုင်း ကြွေးကြော် နှုတ်ဆက်ကြပြီးနောက် ပွဲစဉ်အတိုင်း ယှဉ်ပြိုင်တိုက်ခိုက်ကြသည်။ ဒုတိယနေ့ပွဲစဉ်မှာ ပြိုင်ပွဲဝင် ဆယ်ယောက်တစ်စု ဆယ်ယောက်တစ်စုချင်း ယှဉ်ပြိုင်တိုက်ခိုက် ထိုးခုတ် သတ်ဖြတ်ရခြင်းဖြစ်ပြီး၊ မနက်ခင်းတွင်တစ်ပွဲ၊ နေ့လယ်ခင်းတွင်တစ်ပွဲ၊ ပေါင်းနှစ်ပွဲ ကျင်းပပေသည်။ ထိုနှစ်ပွဲစလုံး၌ပင် ကျွန်ုပ်တစ်ဦးတည်းသာ အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့သည်။ ပွဲကြည့်ပရိသတ်ကြီးလည်း ကျွန်ုပ်ကို အထူးသဘောကျ

နစ်ခြိုက်ကာ "နံပါတ်ငါးဆယ်၊ နံပါတ်ငါးဆယ်၊ နံပါတ် ငါးဆယ်"ဟူ၍ ကျွန်ုပ်၏ နံပါတ်ကို တအားကုန် ဟစ်အော်ကြွေးကြော် အားပေးကြပေသည်။

ဒုတိယနေ့ ပြိုင်ပွဲပြီး၍ ညနေစောင်းအခါတွင် ကျွန်ုပ်လည်း အရီနာတိုက်ပွဲကွင်းရှိ သီးသန့်တန်းလျားမှ အခန်းတွင် မအိပ်ဘဲ မိန်းမချောလေးဖွေးလက်အိမ်သို့ ထွက်ခွာလာခဲ့သည်။

ထိုသို့ ထွက်ခွာလာခိုက်တွင် လမ်းခရီးတစ်လျှောက်၌ အဝတ်အစားလုံးဝမကပ်သော မိန်းမပျို မိန်းမရွယ် အမြောက်အမြားတို့ ဝိုင်အရက်နီနီတို့ကို မော့သောက်ပြီး ယောကျ်ားများကို ဖက်ကာ ကခုန်မြူးထူးနေသည်ကို တွေ့မြင်ရသည်။ ထို့ပြင် ယောကျ်ားတို့ကို မြှူပ်ဆွယ်ရင်း လမ်းသလားနေကြသော မိန်းမပေါ့များကိုလည်း အမြောက်အမြား တွေ့ရမြင်ရသည်။ မြို့စောင့်စစ်သည်တော်များသည်လည်း မိမိတို့တာဝန်ကို အလေးအနက်မထားကြဘဲ ထိုမိန်းမပေါ့များနှင့် လုံးလား ထွေးလားဖြစ်နေကြသည်။

ထိုအဖြစ်အပျက်များကိုကြည့်ရင်း ရောမအင်ပါယာကြီး၏ နောင်ရေးအတွက် စိတ်နှလုံး လေးလံ နောက်ကျိလာမိတော့သည်။

"ကာမှုလမ်း တောအုပ်ကြီးအတွင်း၌ ဘုရင်ကာရာနေ့ဦးဆောင်သော တိုင်းရင်းသား လူမျိုးစု တပ်မဟာကြီးက လန်ဒီးနီးယမ်းမြို့တော်ကို ဝင်ရောက်တိုက်ခိုက်စီးနင်းရန် အချိန်အခါကောင်းကို ငံ့လင့် ချောင်းမြောင်းနေခိုက်တွင် လန်ဒီးနီးယမ်းမြို့တော်ရှိ ရောမတို့သည် အပျော်ကျူးမြဲ ကျူးနေကြပါတကား။ အကျင့်ပျက်မြဲ ပျက်နေကြပါတကား"ဟုလည်း တွေးတော ဆင်ခြင်နေမိပါသည်။

ထို့အတူ 'ရောမအင်ပါယာကြီး ပတ်ပတ်လည်၌ တည်ရှိကြသော ဂေါလ်လူမျိုး၊ ဆက်ဆွန်လူမျိုး၊ ဂျူးလူမျိုး၊ အလန်လူမျိုးစသော လူမျိုးပေါင်းစုံတို့ကလည်း အခွင့်သာပါက ရောမအင်ပါယာကြီးကို ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးရန် တာစူနေသည့်အဖြစ်'ကိုလည်း တွေးတောဆင်ခြင်နေမိသည်။

ဤသို့ တွေးတောရင်း စိတ်နှလုံးလေးလံစွာဖြင့်ပင် မိန်းမချောလေးဖွေးလက်၏ အိမ်သို့ လာရောက်ခဲ့သည်။ ဖွေးလက်၏ အိမ်သို့ရောက်သောအခါ အသင့်ပြင်ဆင်ထားသော စားကောင်းသောက်ဖွယ်တို့ကို စားသောက်ပြီးနောက်၊ ကြိုးကုတင်ထက်သို့ တက်ကာ အိပ်လိုက်သည်။

တတိယနေ့ နေ့လယ်ခင်းသို့ ရောက်လာခဲ့ပေပြီ။ ယခုအချိန်၌ အရီနာတိုက်ပွဲကွင်းကြီး၌ အသက်မသေဘဲ ရှင်ကျန်နေသူဟူ၍ ဆယ်ယောက်သာ ကျန်ရှိပေတော့သည်။ ထိုသို့ အသက်မသေဘဲ ရှင်ကျန်နေသူ ဆယ်ယောက်မှာ

လည်း တစ်ကိုယ်လုံး ချွေးစီးများ၊ သွေးစီးများဖြင့် ညစ်ပေနေပြီး ပင်ပန်းမောဟိုက်နေကြသည်။

ထိုအခိုက် သီးသန့် စင်မြင့်ထက်၌ အခန့်သားထိုင်ကာ ရှုစားနေကြသော ဘုရင်ခံချုပ် ဖလာဗီးယပ်၊ ဘုရင်ခံချုပ် ကတော် ကော်နီလီယာနှင့် တပ်ပေါင်း ဗိုလ်ချုပ် တီတပ်ဆိုလီနပ်တို့ သုံးဦးသားလည်း ကျွန်ုပ်တို့ ဆယ်ယောက်ကို အလွန်အမင်း စိတ်ဝင်စားသော အမူအရာဖြင့် လှမ်းကြည့်နေကြသည်။ တပ်ပေါင်း ဗိုလ်ချုပ်၏အဆောင်အယောင် စစ်ဝတ်တန်ဆာတို့ဖြင့် ခန့်ညားတောက်ပြောင်နေသော တီတပ်ဆိုလီနပ်ကို မြင်ရသောအခါ 'ကျွန်ုပ်လည်း ဤလူယုတ်မာကြောင့် ကျွန်ုပ်သည် ဤကဲ့သို့သော အဖြစ်ဆိုးကို တွေ့ရကြုံရခြင်းဖြစ်သည်တကား'ဟုတွေးတောကာ ဒေါသအမျက် ချောင်းချောင်းထွက်လာမိသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ်ကတော် ကော်နီလီယာသည် အပါးရှိကျွန်မလေးများ ကိုင်ထားသော ငွေလင်ပန်းထက်မှ သားရေအိတ်ငယ်ဆယ်လုံးကို တစ်လုံးပြီးတစ်လုံး ကောက်ယူကာ ကျွန်ုပ်တို့ရှိရာသို့ လှမ်းပစ်ပေးသည်။ ထိုသို့ ပစ်ပေးရင်း

"ရဲစွမ်းသတ္တိရှိကြတဲ့ ပြိုင်ပွဲဝင်ဆယ်ဦးအတွက် ရဲဆုဖြစ်တယ်။ မနက်ဖြန်ဆိုရင် မောင်မင်းတို့ ဆယ်ဦးအနက် အကောင်းဆုံးတစ်ဦးပဲ အသက်ရှင်ကျန်ပေတော့မယ်။ ဒီတော့ ဒီညမှာ ဟောဒီငွေတွေနဲ့ အဇွမ်းကုန် ပျော်ပျော်ပါးပါးနေကြပေတော့"ဟုလည်း မိန့်ကြားလိုက်သည်။

ကျွန်ုပ်တို့အားလုံးပင် ပစ်ပေးသော သားရေအိတ်လေးများကို ဝမ်းမြောက်ဝမ်းသာ ဖမ်းယူလိုက်ကြသည်။ သားရေအိတ်လေးများအားလုံးပင် ငွေပြားတို့အပြည့်ရှိနေရာ၊ ထိုငွေများဖြင့် အကောင်းဆုံးတည်းခိုခန်းတွင် တည်းပြီး အပျော်ကြီးပျော်နိုင်ရကား လူအားလုံးပင် ဝမ်းမြောက်ပျော်ရွှင်သွားကြသည်။ ထို့နောက် ယနေ့အဖို့ တိုက်ပွဲပြီးဆုံးသွားပေပြီ။ ကျွန်ုပ်တို့ အနားရတော့မည်ဟုလည်း တွေးတော ဝမ်းမြောက်နေရာမှ ဆယ်ယောက်သား တန်းစီကာ ဘုရင်ခံချုပ်ဖလာဗီးယပ်ထံမှ အမိန့်ကို နာခံစောင့်မျှော်နေကြသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ်ကတော် ကော်နီလီယာသည် မဲနယ်ပြာလိမ်းခြယ်ထားသော ကျွန်ုပ်၏မျက်နှာကိုလည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်တို့ကိုလည်းကောင်း စေ့စေ့စပ်စပ် စူးစူးစိုက်စိုက် စိုက်ကြည့်နေရာမှ ကျွန်ုပ်ကို မှတ်မိသွားဟန်ဖြင့် မျက်လုံးအရောင်လက်ခနဲ တောက်သွားသည်။ သို့သော် အမူအရာကား လုံးဝမပြောင်းသွားပေ။ မိမိထိုင်ခုံထက်၌သာ ခန့်ခန့်ထည်ထည်ကြီး ထိုင်မြဲထိုင်နေသည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ် ဖလာဗီးယပ်သည် ကျွန်ပ်တို့ ဆယ်ယောက်ကို နားခွင့်အမိန့်မပေးသေးဘဲ၊ ခေတ္တမျှ စူးစိုက်ကြည့်နေသည်။ ထို့နောက် ကော်နီလီယာဘက်သို့ လှမ်းကြည့်ကာ

"ခင်ဗျာ။ ဟောဒီ ဆယ်ယောက်ထဲက ဘယ်သူ့ကို ရွေးပြီး လောင်းမလဲ"ဟု မေးလိုက်သည်။ ထိုအခါ ကော်နီလီယာက

"ခင်တော့ နံပါတ် ငါးဆယ်ကို လောင်းမယ်"ဟု ပြောရာ၊ ဖလာဗီးယပ်လည်း တီးတပ်ဘက်သို့ လှည့်ပြီး

"တီတပ်ရေ . . . ခင်ဗျားကကော ဘယ်သူ့ကို ရွေးပြီး လောင်းမလဲ" ဟု မေးပြန်သည်။

ထိုအခါ တီတပ်က

"ကျွန်တော်ကတော့ ဂဲလစ် လူမျိုး ပုဆိန်သမားကြီးကို လောင်းမယ်" ဟု ဖြေလိုက်ရာ၊ ဖလာဗီးယပ်က

"ကောင်းပြီးလေ၊ ကျုပ်ကတော့ ဓားသမား **ခရစ်ပတ်** ကို ရွေးပြီး လောင်းမယ်"ဟု မိန့်ကြားလိုက်သည်။

ဓားသမားကြီး ခရစ်ပတ်ကား လွတ်ငြိမ်းချမ်းသာခွင့်ရပြီးသော ကျွန်တစ်ယောက်ဖြစ်သည်။ အရပ်အမောင်းမြင့်မားပြီး ကိုယ်ခန္ဓာကြီးမား တုတ်ခိုင်လှရာ၊ လူ့ဘီလူးကြီးနှင့် တူလှပေသည်။ ထို့ပြင် ဓားရေး၌ အထူးကျွမ်းကျင်ပြီး အရီနာတိုက်ပွဲကွင်းကြီးရှိ ပြိုင်ပွဲများ၌ သုံးနှစ်တိုင်တိုင် ဗိုလ်စွဲလာခဲ့သောသူဖြစ်ပေသည်။

ဂဲလစ် ပုဆိန်သမားကြီးသည်လည်း ဓားသမားကြီး ခရစ်ပတ်ကဲ့သို့ လူထွားကြီးတစ်ယောက်ဖြစ်သည်။ မူလက လူမျိုးစုခေါင်းဆောင်တစ်ယောက်ဖြစ်သော်လည်း ရက်စက်ကြမ်းကြုတ်လှသော အပြုအမူတို့ကြောင့် နောက်လိုက်ငယ်သားများက သည်းမခံနိုင်ဘဲ တော်လှန်ပုန်ကန်သည့်အတွက် တစ်ကိုယ်တော် လူစွမ်းကောင်းအဖြစ် လှည့်ပတ် တိုက်ခိုက် လုယက်နေသူဖြစ်သည်။

ဘုရင်ခံချုပ်၊ ဖလာဗီးယပ်၊ ကော်နီလီယာနှင့် တီးတပ်တို့လည်း ကျွန်ပ်တို့ ဆယ်ဦးကို ခေတ္တမျှ ဆက်လက်ငေးကြည့်နေကြသည်။ ထိုအခိုက်တွင် တီတပ်က ဘုရင်ခံချုပ် ဖလာဗီးယပ်၏ နားနားကိုကပ်ပြီး တိုးတိုးလျှောက်တင်လိုက်ရာ၊ ဖလာဗီးယပ်လည်း ကျေနပ်နှစ်သက်သွားဟန်ဖြင့် ပြုံးလိုက်သည်။ ထို့နောက်

"မနက်ဖြန်ပွဲစဉ်မှာ ဘယ်သူနဲ့ဘယ်သူ ယှဉ်ပြိုင်ပြီး တိုက်ရမယ်ဆိုတာကို အခုကတည်းက မဲနှိုက်ထားလိုက်မယ်"ဟု မိန့်ကြားလိုက်သည်။

ထို့နောက်တွင်ကား တာဝန်ကျ ကျေးကျွန်များသည် မဲနံပါတ်ရေးထားသော ကြေးပြားဆယ်ခုကို ယူလာပြီး ကျွန်ုပ်တို့ကို မဲနှိုက်ခိုင်းသည်။ ထိုအခါ ကျွန်ုပ်နှင့် ဖက်ပြိုင် တိုက်ခိုက်ရမည့်သူမှာ ဂဲလစ်ပုဆိန်သမားကြီး ဖြစ်နေပေသည်။

ဂဲလစ်ပုဆိန်သမားကြီးလည်း ကျွန်ုပ်ကို အထင်သေးသော မျက်လုံးအစုံဖြင့် လှမ်းကြည့်ရင်း ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရာ၊ တီးတပ်လည်း အသာပြုံးလိုက်သည်။ ထို့နောက်

"ပုဆိန်သမားကြီးရေ၊ ဗြိတိန်ကောင်ကို အနိုင်သတ်ပါ။ ကျုပ်နိုင်တဲ့ လောင်းကြေးတစ်ဝက်ကို မောင်မင်းကို ခွဲပေးပါ့မယ်"ဟု အော်ပြောလိုက်သည်။

ထိုအခါ ကော်နီလီယာက ပြုံးပြီး

"ဗြိတိန်လူရိုင်းကြီးရေ၊ တိုက်ပွဲမှာ ရှင်သာ အနိုင်ရအောင် တိုက်ပါ။ ကျွန်မကလည်း ကျွန်မအနိုင်ရတဲ့ လောင်းကြေးတစ်ဝက်ကို ခွဲပေးပါ့မယ်"ဟု အားကျမခံ မှာကြားလိုက်သည်။

ထို့နောက်တွင်ကား ဘုရင်ခံချုပ် ဖလာဗီးယပ်သည် တတိယနေ့ပွဲကို ရုပ်သိမ်းကြောင်း ကြေညာလိုက်ပြီး ကော်နီလီယာ၊ တီတပ်ဆိုလီနပ်တို့နှင့်အတူ ပြန်လည်ထွက်ခွာသွားသည်။ ပွဲကြည့်ပရိသတ်ကြီးလည်း ဆူညံစွာ အော်ဟစ်ပြောကြားရင်း အလုအယက် ထွက်ခွာသွားကြသည်။

ကျွန်ုပ်လည်း ထိုလူအုပ်ကြီးကို ငေးကြည့်နေရာမှ ဘုရင်ခံချုပ်ကတော် ကော်နီလီယာက ကျွန်ုပ်ကို မှတ်မိသွားသည့်အဖြစ်ကို တွေးတောအမှတ်ရကာ စိုးရိမ်ပူပန်နေမိသည်။

စတုတ္ထနေ့သို့ ရောက်ခဲ့လေပြီ။ အသက်မသေ ရှင်ကျန်နေသော ကျွန်ုပ်တို့ ဆယ်ယောက်လည်း ဘုရင်ခံချုပ် ဖလာဗီးယပ်ရှေ့သို့ သွားရောက်ပြီးလျှင်

**"အို အရှင်။ မကြာခင် သေဆုံးသွားတော့မည့် ကျွန်ုပ်တို့က အရှင့်အား အရိုအသေပြုပါ၏"**ဟူသော ကြွေးကြော် နှုတ်ဆက်စကားကို ထုံးစံအတိုင်း ပြိုင်တူကြွေးကြော် နှုတ်ဆက်ကြသည်။

ထိုသို့ ကြွေးကြော် နှုတ်ဆက်ပြီးပြီးချင်း ဂဲလစ်ပုဆိန်သမားကြီးသည် ကျွန်ုပ်ဘက်သို့ ဖျတ်ခနဲ လှည့်ကာ

"ဗြိတိန်ကြီး၊ မင်းနဲ့ငါက ပထမဆုံး တိုက်ရမှာနော်။ သေဖို့သာ ပြင်ထားပေတော့"ဟု ကြိမ်းဝါးလိုက်သည်။

ကျွန်ုပ်နှင့် ဂဲလစ်ပုဆိန်သမားကြီးတို့ နှစ်ယောက်ချင်း တိုက်ခိုက်ရန်

အတွက် မျက်နှာချင်းဆိုင်မိကြပြီ။ အခြားပြိုင်ပွဲဝင် ရှစ်ဦးလည်း လွတ်ကင်းရာသို့ ရှောင်ပေးကြပေပြီ။ ထိုအခါ ဂဲလစ်ပုဆိန်သမားကြီးလည်း မိမိအလေ့အထအတိုင်း ပုဆိန်ကြီးကို လေထဲသို့ မြှောက်တင်လိုက်ပြီး ပြန်အကျတွင် ကျွမ်းကျွမ်းကျင်ကျင် ပြန်ဖမ်းလိုက်သည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း လေထဲဝဲနေသော ပုဆိန်ကြီးကို လုံးဝမကြည့်ဘဲ ဂဲလစ်ပုဆိန်သမားကြီး၏ မျက်လုံးအစုံကိုသာ စိုက်ကြည့်နေမိသည်။ ဂဲလစ်ပုဆိန်သမားကြီးကား လွန်ခဲ့သည့် ညက အပျော်ကျူးထားဟန်ဖြင့် နီရဲနေပြီး ပင်ပန်းနွမ်းနယ်နေဟန်ရှိသည်။ သို့သော် ကျွန်ုပ်ကား ယမန်နေ့ညက မိန်းမချောလေး ဖွေးလက်၏ အိမ်၌ နှစ်နှစ်ခြိုက်ခြိုက် နားနေ အိပ်စက်ထားသောကြောင့် လန်းဆန်းပေါ့ပါးနေသည်။

ဂဲလစ်ပုဆိန်သမားကြီးလည်း ပုဆိန်ကြီးကို ကျွမ်းကျွမ်းကျင်ကျင် ပြန်ဖမ်းပြီးလျှင် ပြီးချင်း ကျွန်ုပ်ကို လျင်မြန်စွာ လှမ်းခုတ်လိုက်သည်။ သို့သော် အသင့်ပြင်ထားသော ကျွန်ုပ်လည်း ဘေးသို့ ခုန်ကာ ရှောင်လိုက်ရင်း ဓားကို ပင့်တွက်တွက်လိုက်သည်။ ကျွန်ုပ်၏ ဓားမှာ ဂဲလစ်ပုဆိန်သမားကြီး လက်မောင်းကို ထိသွားပြီး သွေးများ ဖြာခနဲ စီးကျလာရာ၊ ပွဲကြည့်ပရိသတ်တို့လည်း ဟာခနဲ ဖြစ်သွားကြသည်။ ထို့နောက် စိတ်လှုပ်ရှား တက်ကြွလာဟန်ဖြင့်

"နံပါတ် ငါးဆယ်ဟေ့။ နံပါတ်ငါးဆယ်ကွ"ဟု ဟစ်အော်ကြွေးကြော်ကြသည်။ ထိုအခိုက်တွင် ဂဲလစ်ပုဆိန်သမားကြီးလည်း ကျွန်ုပ်ကို စစ်မြှုသည့်အနေဖြင့် တစ်လှမ်းချင်း နောက်သို့ ဆုတ်ပေးသည်။

ထိုအခါ ကျွန်ုပ်လည်း ရှေ့သို့အရမ်းမတိုးသေးဘဲ သတိနှင့်တစ်လှမ်းချင်းတိုးခဲ့သည်။ ထိုအခိုက်တွင် ဂဲလစ်ပုဆိန်သမားကြီး၏ လက်မောင်းရှိဒဏ်ရာမှ သွေးတစက်စက်ကျနေရာ ဂဲလစ်ပုဆိန်သမားကြီးလည်း မိမိတဖြည်းဖြည်း အားဆုတ်လာမည့် အဖြစ်ကို တွေးမိဟန်ဖြင့် ကွက်ခနဲ မျက်နှာပျက်သွားသည်။ ထို့နောက် နောက်သို့ ဆုတ်ရာမှ ညာသံပေးပြီး ရှေ့သို့ ခုန်ကာ ပုဆိန်ကြီးဖြင့် လှမ်းခုတ်လိုက်သည်။ ထိုအခါ ကျွန်ုပ်လည်း ဘေးသို့ ဆတ်ခနဲ ခုန်ရှောင်လိုက်ပြန်သည်။

ထိုအခိုက်တွင် ဂဲလစ်ပုဆိန်သမားကြီးသည် ရှေ့သို့ ခုန်ဝင်ရာမှ ပြန်အကျတွင် ခြေခေါက်သွားသည်။ ထိုအခါ ကျွန်ုပ်လည်း ဟန်ချက်ပျက်သွားသော ဂဲလစ်ပုဆိန်သမားကြီး၏ နံဘေးကို ဆတ်ခနဲ ထိုးလိုက်ရာ၊ ဂဲလစ်ပုဆိန်သမားကြီးလည်း လုံးဝမရှောင်တိမ်းနိုင်ရှာဘဲ အသံနက်ကြီးဖြင့် ဟစ်အော်ရင်း ခေတ္တငေးကြောင်ကြောင်ရပ်နေပြီးမှ သဲမြေပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားတော့သည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ်ကတော် ကော်နီလီယာလည်း ဟက်ဟက်ပက်ပက်ရယ်မောရင်း

"တီတပ်ရေ၊ ကျွန်မအနိုင်ရသွားပြီ။ ရွှေပြားတစ်ရာသာ ပေးပေတော့"ဟု ပြောကြားသံကို ကြားလိုက်ရသည်။

ထို့နောက်တွင်ကား ကျွန်ုပ်တို့သည် ပွဲစဉ်အတိုင်း နှစ်ယောက်ချင်းဆက်ပြီး တိုက်ခိုက်ယှဉ်ပြိုင်ကြသည်။ ကျွန်ုပ်က ဘယ်ဂေး လူမျိုးစု လူထွားကြီးကို မိနစ်သုံးဆယ်အတွင်း တိုက်ခိုက်အနိုင်ယူလိုက်ပြီး ဓားသမားကြီး ခရစ်ပတ်က မိမိပြိုင်ဘက်ကို တစ်ခဏချင်း တိုက်ခိုက်အနိုင်ယူလိုက်သည်။

ဤသို့ဖြင့် ကိုယ့်ပြိုင်ဘက်နှင့်ကိုယ် တိုက်ခိုက်ခဲ့ကြရာ၊ နောက်ဆုံး၌ အရီနာတိုက်ပွဲကွင်းကြီးအလယ်၌ ကျွန်ုပ်နှင့် ဓားသမားကြီး ခရစ်ပတ်တို့နှစ်ဦးသာ မားမားမတ်မတ်ကျန်ရစ်တော့သည်။ ထိုအခါ ဓားသမားကြီး ခရစ်ပတ်က ကျွန်ုပ်ကို မထီလေးစားအသွင်ဖြင့် ခပ်ပြုံးပြုံးလှမ်းကြည့်လိုက်သည်။

ထိုအခိုက်တွင် နေ့ခင်း နားနေအပန်းဖြေစားသောက်ချိန်သို့ ရောက်ရှိနေပြီဖြစ်ရကား ကျွန်ုပ်နှင့် ဓားသမားကြီး ခရစ်ပတ်တို့မှာ ဆက်၍ တိုက်မရသေးဘဲ နားနေအပန်းဖြေစားသောက်ခွင့် ရရှိသည်။

ပွဲကြည့်ပရိသတ်တို့လည်း အရီနာတိုက်ပွဲကွင်းကြီးရှိ စားသောက်ဆိုင်များတွင် အစားအစာများကို အလုအယက် မှာယူစားသောက်ရင်း ကျွန်ုပ်နှင့် ဓားသမားကြီး ခရစ်ပတ်တို့ပွဲတွင် မည်သူအနိုင်ရနိုင်ကြောင်း ဆွေးနွေးငြင်းခုန်နေကြသည်။ အလောင်းအစားပြုနေကြသည်။ ကျွန်ုပ်လည်း မိန်းမချောလေး ဖွေးလက်ပို့ပေးသော အစားအစာများကို မြိန်ရေရှက်ရေ စားပြီးနောက် စိတ်အေးအေးဖြင့် အပန်းဖြေနေလိုက်သည်။

ထိုအခိုက်တွင် ကျေးကျွန်တစ်ယောက် ပြေးလာပြီးလျှင်

"ဘုရင်ခံချုပ်က ခင်ဗျားတို့ နှစ်ဦး ချပ်ဝတ်တန်ဆာတွေ ဝတ်ပြီးတိုက်ရမယ်လို့ အမိန့်ရှိတယ်။ လိုက်ခဲ့ပါ"ဟု ခေါ်ရာ၊ ကျွန်ုပ်လည်း နောက်ဘက်မှ အသာလိုက်လာခဲ့သည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ် ဖလာဗီးယပ်၏ ဉာဏ်များပုံကို တွေးပြီးပြုံးနေမိသည်။ ဖလာဗီးယပ်မှာ ဓားသမားကြီး ခရစ်ပတ်ဘက်မှ လောင်းထားသူ ဖြစ်သည်။ "ဓားသမားကြီး ခရစ်ပတ်မှာ ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ပြီး တိုက်ခိုက်လေ့ရှိသူဖြစ်ရာ (ချပ်ဝတ်ဆန်ဆာကိုသာ ဝတ်ပြီးတိုက်ရပါက) ချပ်ဝတ်တန်ဆာကို ဝတ်ပြီးတိုက်လေ့မရှိသော ဗြိတိန်လူရိုင်းကြီးထက် အခွင့်အလမ်း တစ်ပန်းသာနိုင်သည်"ဟု တွေးတောမိဟန်တူသည်။ ထို့ကြောင့် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ပြီး ကျွန်ုပ်တို့ကို တိုက်ခိုက်ခိုင်းခြင်း ဖြစ်ရာသည်။

သို့သော် ကျွန်ုပ်ကား ဖလာဗီးယပ် မှတ်ထင်ထားသကဲ့သို့ ချပ်ဝတ်တန်ဆာ ဝတ်ပြီး တိုက်လေ့မရှိသော ဗြိတိန်လူရိုင်းကြီးတစ်ယောက် မဟုတ်ဘဲ၊ ကိုယ်နှင့် ချပ်ဝတ်တန်ဆာ အမြဲမကွာ ကပ်နေခဲ့သော ရောမစစ်သည်တော်ဟောင်း တစ်ယောက်သာ ဖြစ်လေသည်တကား။

ထိုသို့ တွေးတောရင်း လက်နက်နှင့် အဝတ်အစားထားရာ အခန်းကြီးသို့ လိုက်လာခဲ့ရာ၊ ထိုအခန်းကြီး၌ ဓားသမားကြီး ခရစ်ပတ်အသင့်ရောက်နေသည်ကို တွေ့ရသည်။ ကျေးကျွန်များက ကျွန်ုပ်တို့ကို သံချပ်ဝတ်တန်ဆာများ ဆင်မြန်းပေးခိုက်တွင် ဓားသမားကြီး ခရစ်ပတ်က ကျွန်ုပ်ကို မိတ်ဆွေရင်းချာပမာ ပြုံးကြည့်ရင်း

"ဘာကြောင့်များ အရီနာတိုက်ပွဲကွင်းကြီးကိုလာပြီး ယှဉ်ပြိုင်ရတာလဲ ဗြိတိန်ကြီးရယ်။ ကိုယ့်ရပ်ကိုယ့်ရွာ တောမှာပဲ နေပါလား။ ခင်ဗျားက ကျေးကျွန်တစ်ယောက်လည်း မဟုတ်လေတော့ ကျွန်ဘဝက လွတ်မြောက်ခွင့်ရအောင် လာရောက်ယှဉ်ပြိုင်တာတော့ မဟုတ်နိုင်ဘူး။ ပြီးတော့ ရွှေငွေ လာဘ်လာဘကို မျှော်ကိုးလို့လည်း မဖြစ်နိုင်ဘူး"ဟု ပြောပြီးမှ

"တန်တော့ အိုက်နီမိန်းမချောလေးကို ရယူလိုချင်လို့နဲ့တူတယ်"ဟု ပြောကြားလိုက်ရာ၊ ကျွန်ုပ်က ပြုံးပြီး

"ဟုတ်တယ် ခရစ်ပတ်။ မိန်းမချောလေးအတွက် ကျုပ်လာပြီး ယှဉ်ပြိုင်ရတာပဲ။ မိန်းမချောလေးက အခြားလူလက်ထဲ ကျရောက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်ကိုယ်ကို သတ်သေမယ်လို့ ကြိမ်းဝါးနေတယ်။ ဒီအဖြစ်ဆိုးကို တားဆီးတဲ့အနေနဲ့ ခင်ဗျားကို အနိုင်တိုက်ရလိမ့်မယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ဓားသမားကြီး ခရစ်ပတ်လည်း နောက်ပြောင်ပြောကြားသည်ဟု မှတ်ထင်ပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ထို့နောက် ကျွန်ုပ်နှင့် ဓားသမားကြီး ခရစ်ပတ်တို့လည်း ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ပြီးဖြစ်၍ ဒိုင်းနှင့် ဓားကို ကိုင်စွဲကာ အရီနာတိုက်ပွဲကွင်းကြီးအလယ်သို့ ထွက်ခွာလာခဲ့ကြသည်။

ဤသို့ ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ပြီး တိုက်ခိုက်ကြမည့် အဖြစ်ကို တွေ့မြင်ကြရသောအခါ ပွဲကြည့်ပရိသတ်လည်း "မတရားဘူး။ မတရားဘူး"

"ချပ်ဝတ်တန်ဆာ မဝတ်ဘဲ တိုက်ပါ"ဟု ဟစ်အော်ဆူပူကြသည်။ သို့သော် ထိုအခိုက်တွင်ပင် တီတပ်က အချက်ပေးလိုက်ရာ၊ ကျွန်ုပ်နှင့် ဓားသမားကြီး ခရစ်ပတ်တို့လည်း မျက်နှာချင်းဆိုင်ကာ ရပ်နေရာမှ တိုက်ခိုက်ထိုးခုတ်ရန် စတင်လှုပ်ရှားတော့သည်။

ကျွန်ုပ်လည်း ဘယ်လက်က ဓားကို ကိုင်ကာ၊ ညာလက်ဖြင့် ရင်ညွန့်ခူးဓားကြီးကို ကိုင်ထားရာမှ ဓားသမားကြီး ခရစ်ပတ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ ထိုအခိုက်တွင် ဓားသမားကြီး ခရစ်ပတ်က

"ခင်ဗျားရှုံးရင် ခင်ဗျားဘက်က လောင်းထားတဲ့ ဘုရင်ခံချုပ်ကတော်က ခင်ဗျားကို ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်မှာ သေချာတယ်။ ဒါကြောင့် သနားညာတာ ကရုဏာထားတဲ့အနေနဲ့ ခင်ဗျားကို အသေသတ်ပေးပါ့မယ်"

ဟု ပြောကြားလိုက်ရာ၊ ကျွန်ုပ်က

"ဒီလို စေတနာထားတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမဲ့ ကျုပ်ဟာ ခင်ဗျားထင်ထားသလို ချပ်ဝတ်တန်ဆာဝတ်ပြီး တိုက်ခိုက်လေ့မရှိတဲ့ သူစိမ်းသက်သက်မဟုတ်ဘူးနော်။ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့သာ ပြင်ထားပါ"

ဟု ချေပပြောကြားသည်။

ထို့နောက် ဘယ်လက်က ဒိုင်းဖြင့် ကျွန်ုပ်၏ ပခုံးနှင့်နံဘေးကို ကာကွယ်ရင်း ညာလက်က ဓားကြီးဖြင့် ဝင်ရောက်ထိုးခုတ်နိုင်ရန် အသင့်ပြင်ပြီးကာ ရှေ့သို့ တစ်လှမ်းချင်း တိုးလာခဲ့သည်။ ထို့နောက် ကျွန်ုပ်၏ ဒိုင်းကြီးကို ခေတ္တနှိမ့်ပေးပြီး အဆုတ်နေရာကို ထိုးကွက်ပေးလိုက်ရာ၊ ဓားသမားကြီး ခရစ်ပတ်လည်း အခွင့်ကောင်းကိုလက်လွှတ်မခံဘဲ ဖျတ်ခနဲ ဓားချက်သွင်းလိုက်သည်။ သို့သော် ကျွန်ုပ်က ဒိုင်းကြီးဖြင့် လျင်မြန်စွာ ပြန်ခံလိုက်ပြီးနောက်၊ ဓားသမားကြီး ခရစ်ပတ်ကို အသင့်ကိုင်ထားသော ဓားဖြင့် တအားကုန်ပြန်ခုတ်လိုက်သည်။ ထိုအခါ ပွဲကြည့်ပရိသတ်ကြီးလည်း ဟာခနဲ ဖြစ်သွားသည်။ ဓားသမားကြီးခရစ်ပတ်လည်း နောက်သို့ ဆတ်ခနဲ ခုန်ဆုတ်လိုက်သည်။ ထိုအခိုက်တွင် ပွဲကြည့်ပရိသတ်တွင်းရှိ စစ်သည်တော်အိုကြီးတစ်ယောက်က

"နံပါတ်ငါးဆယ်ဟာ ဗြိတိန်လူရိုင်းတစ်ယောက် မဟုတ်ဘူး။ ရောမစစ်သည်တော်ဟောင်းတစ်ယောက် ဖြစ်မယ်"ဟု ဟစ်အော်ပြောကြားလိုက်သံကို ကြားလိုက်ရသည်။

ထိုအချိန်တွင် ကျွန်ုပ်နှင့် ဓားသမားကြီး ခရစ်ပတ်တို့သည် လက်ရည်ညီညီဖြင့် တစ်ဦးကို တစ်ဦး အပြင်းအထန် တိုက်ခိုက်ကြပါတော့သည်။ ဓားသမားကြီး ခရစ်ပတ်၏ ဓားချက်ကြောင့် ကျွန်ုပ်၏ ပေါင်တွင် ဓားဒဏ်ရာတစ်ချက် ရသွားပြီး၊ ကျွန်ုပ်၏ ဓားချက်ကြောင့် ဓားသမားကြီး ခရစ်ပတ်တွင် ဓားဒဏ်ရာ နှစ်ချက်ရသွားသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ နှစ်ဦးတွင် သတိကြီးစွာထားပြီး တစ်ဦး၏ လစ်ကွက်ဟာကွက်ကို ရှာကာ ချောင်းမြောင်းလှည့်ပတ် တိုက်ခိုက်ကြတော့သည်။

ကျွန်ပ်တို့တိုက်ပွဲကား အချိန်ကြာမြင့်လာသည်နှင့်အမျှ ပြင်းထန်သည်ထက် ပြင်းထန်လာခဲ့သည်။ ပွဲကြည့်ပရိသတ်လည်း အလွန်အမင်း စိတ်ဝင်စားစွာဖြင့် ငြိမ်သက်စွာ ငေးစိုက်ကြည့်နေကြသည်။

ဓားသမားကြီး ခရစ်ပတ်ကား ကြေးစား ဓားသမားတစ်ယောက်ဖြစ်သည်။ သို့သော် ကျွန်ပ်ကား ရောမစစ်သည်တော်ကောင်းတစ်ယောက်ဖြစ်သည်။ ဓားသမားကြီး ခရစ်ပတ်က ကျွန်ပ်ထက် ကိုယ်ခန္ဓာ တုတ်ခိုင်ထွားကျိုင်းပြီး အားအင်ပိုကောင်းသည်။ သို့သော် ကျွန်ပ်က ကိုယ်ခန္ဓာ ကျစ်လစ်တောင့်တင်းပြီး ပေါ့ပါးသွက်လက် ဖြတ်လတ်သည်။ ထို့ပြင် ဓားသမားကြီး ခရစ်ပတ်မှာ ယမန်နေ့ညက အပျော်ကျူးထားသည့်အတွက် အချိန်ကြာလာသည်နှင့်အမျှ ပင်ပန်းမောဟိုက်လာသည်။ ထိုင်းမှိုင်းလေးကန်လာသည်။ သို့သော် ကျွန်ပ်မှာ ယမန်နေ့ညက အိပ်ရေးဝဝ အိပ်စက်ခဲ့သည့်အတွက် အမောအပန်းကို ပိုပြီး ခံနိုင်သည်။ ပိုပြီးလန်းဆန်းသွက်လက်လာသည်။

ဓားသမားကြီး ခရစ်ပတ်လည်း အချိန်ကြာလာသည်နှင့်အမျှ မိမိအဖို့ အရေးမလှ ဖြစ်လာနိုင်သည်ကို တွေးမိဟန်ဖြင့် လက်တွင် ကိုင်ထားသော ဒိုင်းကြီးကို လွှတ်ချလိုက်ပြီးလျှင် ကျွန်ပ်ရှိရာသို့ တစ်ဟုန်ထိုး ပြေးဝင်ကာ ထိုးခုတ်ပါတော့သည်။ ထိုအခါ ကျွန်ပ်လည်း 'ဒိုင်းကြီးကို ဆက်လက် ကိုင်စွဲထားပါက ဓားသမားကြီး ခရစ်ပတ်ကဲ့သို့ သွက်သွက်လက်လက် လှုပ်ရှားနိုင်မည်မဟုတ်'ဟု တွေးတောပြီး ဒိုင်းကြီးကို လွှတ်ချလိုက်ပါတော့သည်။ ထို့နောက်တွင်ကား ကျွန်ပ်နှင့် ဓားသမားကြီး ခရစ်ပတ်တို့သည် ဒိုင်းအကာအကွယ်မရှိဘဲ ဓားကြီးသက်သက်ဖြင့် စတင်၍ သဲကြီးမဲကြီး ယှဉ်ပြိုင်တိုက်ခိုက်ကြပါတော့သည်။

ထိုအခါ ဓားသံတို့ တချွင်ချွင် မြည်လာပါသည်။ အဟုန်ပြင်းထန်လှသော ဓားချက်တို့မှ မီးဖွားတို့လည်း လက်ခနဲ လက်ခနဲ ဖြာထွက်လာပါတော့သည်။ ပွဲကြည့်ပရိသတ်အားလုံးပင် စိတ်လှုပ်ရှားတက်ကြွနေပြီး အဝီစိပွက်နေသည့်အလား ဆူညံစွာ ဟစ်အော်အားပေးနေကြပါသည်။ သို့သော် ကျွန်ပ်တို့ကား ဆူညံစွာ ဟစ်အော်အားပေးသံတို့ကို လုံးဝအမှုမထားနိုင်ကြပါ။ တစ်ယောက်၏ လှုပ်ရှားမှုကို တစ်ယောက် အလစ်မပေးဘဲ ကြည့်နေကြပါသည်။

ဓားသမားကြီး ခရစ်ပတ်၏ ပခုံးကို စလွယ်သိုင်းခုတ်ချလိုက်သော ကျွန်ပ်၏ ဓားချက်ကို ဓားသမားကြီး ခရစ်ပတ်က ခုခံဖယ်ရှားပြီးနောက် ကျွန်ပ်၏ ဦးခေါင်းကို ဓားဖြင့် လှမ်းပိုင်းလိုက်ပါသည်။ ထိုဓားချက်ကို ကျွန်ပ်က ဖျတ်ခနဲ ငုံ့ရှောင်ပြီးနောက် ဓားသမားကြီး ခရစ်ပတ်၏ ရင်ညွန့်ကို ဓားချက်တစ်ချက် လှမ်းသွင်းလိုက်ရာ၊ ဓားသမားကြီး ခရစ်ပတ်က နောက်သို့ အလန့်

တကြား ခုန်ပြီးရှောင်ထွက်သွားပါသည်။ ထို့နောက် အံ့ဩသော အမူအရာဖြင့်

"နံပါတ် ငါးဆယ်၊ ခင်ဗျား ဘယ်သူလဲ။ ဗြိတိန်တွေဟာ ခင်ဗျား လို မတိုက်တတ် မခိုက်တတ်ပါဘူး"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"ကျုပ်အမည်က မားကပ် ဗာရီယန်ပါ။ ကျုပ်ကို ဓားရေးပိုကျွမ်း အောင် ထပ်မံသင်ကြားပေးတဲ့သူကတော့ ခရစ်ယာန် ဘုန်းကြီးတစ်ပါးပါပဲ" ဟု ဖြေကြားလိုက်သည်။

ဓားသမားကြီး ခရစ်ပတ်လည်း 'မားကပ် ဗာရီယန်'ဟူသော ကျွန်ုပ် ၏ အမည်ကို ကြားရသော တုန်လှုပ်ချောက်ချားပြီး မျက်လုံးပြူးသွားတော့ သည်။ ထို့နောက် လျင်မြန်ဖျတ်လတ်သွက်လက်စွာဖြင့် ကျွန်ုပ်ကို စလွယ်သိုင်း ခုတ်ချလိုက်သည်။ ဓားချက်မှာ ပြင်းထန်ပြီး လျင်မြန်လွန်းရကား ကျွန်ုပ်လည်း ဖျတ်ခနဲ ဒူးတစ်ဖက်ထောက်ကာ ငုံ့တိမ်းရင်း ရင်ညွှန့်ခူးဓားကြီးဖြင့် ပင့်ကာ ကာလိုက်သည်။ ထို့နောက် ဒူးတစ်ဖက် ထောက်နေရာမှ အကာအကွယ်ကင်း ကာ လစ်နေဟာနေသော ဓားသမားကြီး ခရစ်ပတ်၏ မေးစေ့ကို ဓားဦးဖြင့် ပင့်ထိုးလိုက်ရာ၊ ဓားဦးသည် ဓားသမားကြီး မေးစေ့ကို နက်ရှိုင်းစွာ စိုက်ဝင် သွားတော့သည်။ သွေးများ တလဟော ပန်းထွက်ကျလာတော့သည်။

ကျွန်ုပ်က ဓားကို ဖျတ်ခနဲ ဆွဲနှုတ်လိုက်သောအခါ၊ မျက်လုံးအပြူး သားနှင့် မတ်တတ်ကြီး သေဆုံးနေပြီဖြစ်သော ဓားသမားကြီး ခရစ်ပတ်၏ ကိုယ်ခန္ဓာကြီးသည် သဲမြေပြင်ပေါ်သို့ ဖိုင်းခနဲ လဲကျသွားသည်။ ပွဲကြည့် ပရိသတ်အားလုံးလည်း နားကွဲမတတ် သောင်းသောင်းဖျဖျ ဆူဆူညံညံ တစ်ခဲ နက် လက်ခုပ်ဩဘာပေးကြသည်။

ထိုအခိုက်တွင် တာဝန်ကျစစ်သည်တော်များသည် သီးသန့်စင်မြင့် ထက်ရှိ မင်းသမီးလေး အီဒိန်းထံသို့ အပြေးအလွှား သွားရောက်ကြပြီး ချည် နှောင်ထားသော ငွေကြိုးကို ဖြုတ်ပေးကြသည်။ ထို့နောက် အရီနာတိုက်ပွဲ ကွင်း၌ တစ်ဦးတည်း အသက်မသေရှင်ကျန်နေသော အောင်ပန်းသရဖူကို ရရှိ ပြီးဖြစ်သော ကျွန်ုပ်ရှိရာသို့ မင်းသမီးလေး အီဒိန်းကို ခေါ်ဆောင်လာကြသည်။

ထိုအခိုက်တွင် ကျွန်ုပ်သည် ရင်ညွှန့်ခူးဓားကြီး၌ စွန်းပေနေသော သွေးတို့ကို သဲဖြင့် ပွတ်သပ် သန့်စင်လိုက်ပြီး အီဒိန်းကို စောင့်မျှော်နေသည်။ အစောင့်စစ်သားများက အီဒိန်းကို ကျွန်ုပ်၏ လက်သို့ ပေးအပ်ကြသောအခါ၌ ကျွန်ုပ်မှာ လှုပ်ချင်ရှားချင်စိတ်မရှိအောင် ပင်ပန်းနွမ်းနယ်နေပေပြီ။ ကျွန်ုပ် လည်း မင်းသမီးလေးအီဒိန်း၏ လက်ကို အသာလှမ်းကိုင်လိုက်ပြီးနောက် ထုံးစံအတိုင်း ဘုရင်ခံချုပ်ဖလာဗီးယပ်ကို နောက်ဆုံးအနေနှင့် အရိုအသေပြုရန်

နှင့် အောင်ဆုရွှေအိတ်ကို လက်ခံရန်အတွက် အရီနာတိုက်ပွဲကွင်းကြီးကို ဖြတ်ပြီး နှစ်ယောက်အတူ ထွက်လာခဲ့ကြသည်။

ထိုအခိုက်တွင် မင်းသမီးလေး အီဒိန်းသည် ကျွန်ုပ်၏မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ဤတွင် ကျွန်ုပ်မှာ မျက်နှာကို မဲနယ်ပြာလိမ်းခြယ်ထားသော်လည်း ဗြိတိန်ကျွန်းသားတစ်ယောက်မဟုတ်ကြောင်းကို ရိပ်စားမိသွားဟန်ဖြင့် ကွက်ခနဲ မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်းပင် ခေါင်းကို မတ်မတ်ထားလိုက်ပြီး ကျွန်ုပ်အပေါ်မှ ခန့်ထည်သော အမူအရာဖြင့် ဣန္ဒြေမပျက် လျှောက်လာခဲ့သည်။

ထိုသို့ လျှောက်လာခိုက်တွင် ကျွန်ုပ်တို့လည်း ဓားသမားကြီး ခရစ်ပတ်၏ အလောင်းအပေါ်မှ ဖြတ်ကျော်သွားရပေရာ၊ မင်းသမီးလေး အီဒိန်းသည် သဲမြေပြင်ပေါ်၌ ကျနေသော ဓားသမားကြီး ခရစ်ပတ်၏ ဓားကို အပြေးကောက်ပြီး ထိုဓားဖြင့် မိမိရင်ညွှန့်ပေါ်ထိုးစိုက်ပြီး အဆုံးစီရင်ရန် ကြိုးစားပါတော့သည်။ ထိုအခါ 'ညီမတော် အီဒိန်းသေဆုံးပါက ကျွန်ုပ်ကို နည်းအမျိုးမျိုးဖြင့် နှိပ်စက်ကာ အဆုံးစီရင်ပစ်မည်'ဟု ကြိမ်းဝါးလိုက်သော ဘုရင်ကာရာနေ့၏ အသံကို ကြားယောင်လာပြီး ကျွန်ုပ်လည်း မလှုပ်ချင် မရှားချင်အောင် ပင်ပန်းနွမ်းနယ်နေသည့်ကြားမှ မင်းသမီးလေး အီဒိန်း၏ ဓားကို ကိုင်ထားသောလက်ကို ဖျတ်ခနဲ လှမ်းဖမ်းပြီး မင်းသမီးလေး အီဒိန်းကို တအားကုန်ဆောင့်တွန်းပစ်လိုက်ရာ၊ အဝေးသို့ ဓားလွင့်ထွက်သွားရုံမက မင်းသမီးလေး အီဒိန်းလည်း သဲမြေပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားတော့သည်။

ထိုအခါ ကျွန်ုပ်လည်း မင်းသမီးလေး အီဒိန်းအပေါ်သို့ လျှောက်သွားပြီး ရွှေဝါရောင် ဆံပင်ကို လက်ဖြင့် စုဆွဲရင်း

"နင့်ကို ငါပိုင်နေပြီ။ ထစမ်း"ဟု အများပရိသတ် ကြားလောက်အောင် ဟစ်အော်ပြောကြားလိုက်သည်။

ထို့နောက်မှ လေသံသဲ့သဲ့ဖြင့်

"ကျုပ်ကို ကာရာနေ့က မင်းအသက်ကို ကယ်ဖို့ လွှတ်လိုက်တာကွဲ့ အရူးမလေးရဲ့။ ဒီတော့ ကျုပ်စကားကို နားထောင်။ အရင်အတိုင်း ဟန်မပျက်လုပ်ရှား"ဟု တိုးတိုးလေး ကပ်ပြောလိုက်သည်။

မင်းသမီးလေး အီဒိန်းမှာ ပါးရည်နပ်ရည်ရှိသူဖြစ်ရကား သဲမြေပြင်ပေါ်မှ လူးလဲထပြီးလျှင် ကျွန်ုပ်ကို ဟန်ဆောင်ပြီး တွန်းထိုး ကန်ကျောက်ပါတော့သည်။ ထိုအခါ ကျွန်ုပ်က အီဒိန်း၏ မျက်နှာကို လက်ပြန်ရိုက်လိုက်ရာ၊ အီဒိန်းလည်း သဲမြေပြင်ပေါ်သို့ ဒူးထောက်လဲကျသွားပြီး ရှိုက်ငိုနေပါတော့သည်။ ကျွန်ုပ်က ရွှေဝါရောင်ဆံပင်ကို ဆွဲကိုင်ပြီး ထပ်မံဆွဲမလိုက်သောအခါ

အိဒိန်းလည်း အလိုက်သင့်ထလာပြီးလျှင် ကျွန်ုပ်၏အပါးမှ ကြောက်ရွံ့သည့် အသွင်ဖြင့် ဦးခေါင်းငိုက်စိုက်ချပြီး လိုက်လာပါသည်။

ကျွန်ုပ်တို့ အဖြစ်အပျက်ကို စိတ်ဝင်စားစွာ လှမ်းကြည့်နေကြသော ပွဲကြည့်ပရိသတ်လူထုကြီးသည်လည်း အလွန်တရာ သဘောကျဟန်ဖြင့် တဟားဟား တဝါးဝါး ရယ်မောကြပြီး ဘုရင်ခံချုပ် ဖလာဇီးယပ်ကိုယ်တိုင် ပြုံးရယ်ကာ

"ဗြိတိန်လူရိုင်းကြီး၊ မိန်းမတစ်ယောက်ကို ဘယ်လို ယဉ်ကျေးအောင် ဆုံးမရတယ်ဆိုတာကို ခင်ဗျား နားလည်လှပါကလား"ဟု ဟစ်အော် မိန့်ကြား လိုက်သည်။

ယခုအခါ၌ အရီနာတိုက်ပွဲကွင်းကြီးရှိ ပွဲကြည့်ပရိသတ်တို့လည်း အလွန်တရာ ပျော်ရွှင်ဝမ်းမြောက်ကြဟန်ဖြင့် အော်ဟစ်မြူးထူးနေကြသည်။ 'အောင်ပန်းသရဖူကို ဆွတ်ခူးသော သူရဲကောင်းအား အောင်ဆုအဖြစ် ရွှေအိတ်များကို အမြန်ဆုံးပေးသနားပါရန်' ဟစ်အော် တောင်းဆိုနေကြသည်။

ဘုရင်ခံချုပ် ဖလာဇီးယပ်က အောင်ဆုရအဖြစ် ပေးသနားရန် ကြေညာထားသော ရွှေအိတ်နှစ်လုံးအပြင် ကျောက်စီရွှေလက်ကောက်တစ်ဖက်ကိုပါ ထပ်လောင်းပြီး အောင်ဆုအဖြစ် ကျွန်ုပ်ထံသို့ ပစ်ပေးရာ၊ ပွဲကြည့်ပရိသတ်လည်း ပို၍ နှစ်သက်သဘောကျဟန်ဖြင့် ထပ်မံ၍ လက်ခုပ်သြဘာပေးကြပြန်သည်။

ထိုအခိုက်တွင် ဘုရင်ခံချုပ်ကတော် ကော်နီလီယာသည် သီးသန့်စင်မြင့်ကြီး၏ ရှေ့သို့ တိုးကာ

"ရှင်တောင်းကတည်းက ဟောဒီ အိုက်နီမိန်းမပျိုကို ရှင့်ကိုပေးခဲ့ရင် လူငါးရာရဲ့အသက်ဟာ ဒီလိုဆုံးရှုံးရမှာမဟုတ်ဘူး"ဟု ကျွန်ုပ်အား လှမ်းပြီး ဟစ်အော်ပြောကြားလိုက်သည်။

ဤတွင် ဖလာဇီးယပ်နှင့် တီးတပ်တို့လည်း နားမလည်နိုင်သော အမူအရာဖြင့် ကော်နီလီယာကို လှမ်းကြည့်ရာ ကော်နီလီယာက ရယ်သံလွင်လွင်ဖြင့် ရယ်မောပြီးနောက်၊ ကျွန်ုပ်ကို လက်ညှိုးညွှန်ပြရင်း

"သူ့ကို ရှင်တို့ မမှတ်မိကြဘူးလား။ သူဟာ ရှင်တို့ မှတ်ထင်ထားသလို ဗြိတိန်လူရိုင်းကြီးတစ်ယောက်မဟုတ်ဘူးရှင့်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ဖလာဇီးယပ်နှင့် တီးတပ်တို့လည်း ကျွန်ုပ်ကို ခြေဆုံးခေါင်းဖျား စေ့စေ့ကြည့်ကြသည်။ ထို့နောက် တီတပ်က

"မားကပ်ဗာရီယန်ပါလား။ ပြည်နှင်ဒဏ်ပေးထားတဲ့ မားကပ်ပါ

လား"ဟု ပြောကြားရေရွတ်လိုက်ပြီး ဖလာဗီးယပ်က အစောင့်စစ်သည်တော်များဘက်သို့ လှည့်ကာ

"ဒီလိုဆိုရင် ဖမ်းကြပါတော့လား။ ဘာလို့ ရပ်ကြည့်နေကြတာလဲ"ဟု အမိန့်ပေးရင်း ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

ထိုအခါ ကော်နီလီယာက ဘုရင်ခံချုပ် ဖလာဗီးယပ်၏ လက်ကို အသာကိုင်ရင်း၊

"မောင်တော် သတိထားတော်မူပါ။ ဒီနေ့ဟာ လူထုပွဲတော်နေ့ဖြစ်ပါတယ်။ ရာဇဝတ်သားတွေကိုတောင် လွတ်ငြိမ်းချမ်းသာခွင့် ပေးရတဲ့အခါ ဖြစ်ပါတယ်"ဟု ပြောကြား ဖျောင်းဖျလိုက်ပြီး၊ ပွဲကြည့်ပရိသတ်ကြီးကလည်း

"လွတ်ငြိမ်းချမ်းသာခွင့်ပေးပါ၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးပါ"ဟု တစ်ခဲနက် ဟစ်အော်တောင်းဆိုနေကြရာ၊ ဖလာဗီးယပ်လည်း မျက်စိမျက်နှာ အပျက်ပျက်နှင့် ထိုင်ခုံပေါ်သို့ ပြန်ထိုင်ချလိုက်သည်။

ထိုအခါ တီတပ်က ဖလာဗီးယပ်၏ နားနားကိုကပ်ပြီး တိုးတိုးတိုးတိုး ပြောကြား အကြံပေးလိုက်ရာ၊ ဖလာဗီးယပ်လည်း ခေါင်းတစ်ချက် ညိတ်ပြီး နောက် ကျွန်ပ်ဘက်သို့ လှည့်ကာ

"ကျုပ် သတိမေ့သွားတာကို ခွင့်လွှတ်ပါ မားကပ်။ ခင်ဗျားဟာ အရီနာတိုက်ပွဲကွင်းကြီးမှာ တရားသဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ပြီးအောင်ပန်းသရဖူ ဆွတ်ခူးခဲ့တဲ့သူဖြစ်ပါတယ်။ ဒီမိန်းမပျိုကိုကော ရွှေအိတ်တွေကိုပါ ခင်ဗျား ပိုင်ဆိုင်ပါတယ်။ ခင်ဗျား လိုရာကို သွားနိုင်ပါပြီ"ဟု ပြောကြားလိုက်သည်။

ထိုနောက် ဘုရင်ခံချုပ် ဖလာဗီးယပ်နှင့် တီတပ်တို့သည် ကောက်ကျစ်စဉ်းလဲသော အမူအရာဖြင့် ကျွန်ပ်ကို ပြုံးကြည့်နေကြသည်။ ထိုသူတို့၏ အမူအရာကို ကြည့်ရင်း 'ကြောင်သည် မိမိဖမ်းထားသော ကြွက်ငယ်ကို ရုတ်တရက် ကိုက်မစားသေးဘဲ ပြန်လွှတ်လိုက် ပြန်ဖမ်းလိုက်ဖြင့် ဆော့ကစားသည့် နည်းတူ ကျွန်ပ်ကို ပြန်လွှတ်ပေးမည်၊ ပြန်ဖမ်းမည်ဖြစ်ကြောင်း ရိပ်စားသိရှိနေပါသည်။ ထို့ကြောင့် ကျွန်ပ်၏ စိတ်နှလုံးသည် အလိုလို လေးလံနောက်ကျိသွားပါတော့သည်။

## ၁၉
## ပြေးသူနှင့်လိုက်သူ

မင်းသမီးလေး အီဒိန်း၏ လက်ကို ကျွန်ုပ်ဆွဲပြီး အရီနာတိုက်ပွဲကွင်းကြီးတွင်းမှ ဒရောသောပါးထွက်ခွာလာချိန်၌ ည မှောင်ရည်သန်းနေပေပြီ။ သို့သော် လန်ဒီးနီးယမ်းမြို့ရှိ အိမ်တိုင်း လမ်းတိုင်းကား ထိန်ထိန်လင်းအောင် မီးများ ထွန်းညှိထားကြသည်။ လူထုပွဲတော်အခါ၏ နောက်ဆုံးရက်ဖြစ်သောကြောင့်လည်း လူထုပရိသတ်ကြီးသည် လမ်းကြီး လမ်းငယ်အသွယ်သွယ်တို့ ပြည့်ညှပ်ပြွတ်ထိုးနေအောင် ဥဒဟိုသွားလာပြီး ရယ်ကာမောကာ မြူးထူးပျော်ရွှင်နေကြသည်။ အပျော်ကျူးနေကြသည်။

ကျွန်ုပ်နှင့် မင်းသမီးလေး အီဒိန်းတို့လည်း ထိုသို့ ဥဒဟိုသွားလာမြူးထူးနေကြသော လူထုပရိသတ်ကြီးကြားမှ ခေါင်းငုံ့ကာ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ မိန်းမလှလေး ဖွေးလက်အိမ်သို့ ရောက်သောအခါ ကျွန်ုပ်တို့လည်း ကပျာကယာရေချိုးပြီး သာမန်ရောမအမျိုးသား၊ အမျိုးသမီးတို့ကဲ့သို့ ဝတ်စားဆင်ယင် ပြုပြင်ကြသည်။ ထိုသို့ ဝတ်စားဆင်ယင်ပြီးသောအခါတွင်ကား ကျွန်ုပ်တို့၏ ရုပ်ဆင်းသွင်ပြင်များမှာ လမ်းမပေါ်၌ ဥဒဟို သွားလာမြူးထူးနေသော လူထုပရိသတ်ကြီးထဲက အပျော်ကျူးတတ်သော လင်မယားနှင့်မကွာမခြား တူညီသွားတော့သည်။

ထို့နောက် မိန်းမလှလေး ဖွေးလက် တည်ခင်းကျွေးမွေးသော ညစာကို ကပျာကယာစားသောက်ကြသည်။

ထိုအခိုက်တွင် ကျွန်ုပ်က

"အီဒိန်းရေ၊ အခါသင့်လို့ အခွင့်သာတုန်းမှာ ကျုပ်တို့ ထွက်ခွာ ရှောင်တိမ်းကြမှ တော်မယ်။ အပျော်ကျူးနေတဲ့ လူအုပ်နဲ့ ရောပြီး အခု ထွက်ခွာရှောင်တိမ်းရင် လွတ်မြောက်စရာလမ်းရှိတယ်"ဟု ပြောလိုက်ရာ အီဒိန်းက ရယ်မောပြီး

"ကောင်းပါပြီတဲ့ရှင်"ဟု ပြောကြားလိုက်သည်။

ထို့နောက် ကျွန်ုပ်တို့လည်း မိန်းမလှလေး ဖွေးလက်ကို နှုတ်ဆက်ကာ အက်တံခါးမကြီးရှိရာသို့ ဦးတည်ပြီး ခပ်သုတ်သုတ်ထွက်ခွာလာခဲ့ကြသည်။

ထိုသို့ ထွက်ခွာလာ၍ အတော်ခရီးရောက်လာချိန်တွင် အပျော်ကြူးနေသော လူအုပ်ကြားမှ သေရည်မူးကာ ဒယိမ်းဒယိုင်ဖြစ်နေသော သေသောက်ကြူးတစ်ယောက်သည် ကျွန်ုပ်နှင့် လက်ချင်းချိတ်ထားသော မင်းသမီးလေး အီဒိန်း၏ လက်မောင်းကို အတင်းဆုပ်ကိုင်ပြီး မှောင်ရိပ်တွင်းသို့ ဒရွတ်တိုက်ဆွဲခေါ်သွားသည်။ ထိုအခါ ကျွန်ုပ်လည်း ထောင်းခနဲ ဒေါသအမျက်ထွက်လာပြီး ထိုသူကို ထိုးကျိတ်ဆုံးမရန် ဟန်ပြင်မိသည်။ သို့သော် လူထုပွဲတော်ရက်၌ ထိုသို့သော အပြုအမူမျိုးအတွက် ဒေါသမထွက်ရဘဲ သည်းခံခွင့်လွှတ်ရသော ထုံးစံဓလေ့ရှိကြောင်းကို အမှတ်ရပြီး၊ စိတ်ကို အနိုင်နိုင်ချုပ်တည်းထားရသည်။ မင်းသမီးလေး အီဒိန်းကို မှောင်ရိပ်တွင်းသို့ အတင်းဆွဲခေါ်သွားသော သေသောက်ကြူးလည်း လက်တွင်းရှိ သေရည်ကို အတင်းတိုက်ရုံမက ပွေ့ဖက်ရန် ကြိုးစားနေရာ အီဒိန်းနှင့် ထွေးလားလုံးလားဖြစ်နေရသည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း အီဒိန်း၏ လက်ကို ဆွဲကာ ထိုနေရာမှ အမြန်ဆုံးထွက်ခွာလာခဲ့ပါသည်။ ထိုအခိုက်တွင် အီဒိန်းကို မသိမသာ အကဲခတ်ကြည့်ရာ အဝတ်အစားတို့ စုတ်ပြဲနေပြီး စိတ်လှုပ်ရှားတက်ကြွသွားဟန်ဖြင့် မျက်လုံးများ အရောင်တောက်ကာ အသက်ရှူနေသည်ကို တွေ့ရပါသည်။

ကျွန်ုပ်က အီဒိန်း၏လက်ကို ဆွဲခေါ်လာခိုက်တွင် အီဒိန်းက ရယ်မောပြီး

"ရှင်တို့ ရောမသေရည်က တယ်ပြင်းတာကိုး။ ကျွန်မစိတ်တွေတောင် ဘယ်လိုဖြစ်သွားသလဲ မသိဘူး။ ရှင့်ရဲ့ ဇနီးမယားအဖြစ် ပွေ့ပွေ့ပိုက်ပိုက်နေချင်စိတ်တောင် ဖြစ်လာတယ်"ဟု ဖွင့်ဟ ပြောကြားပါသည်။ သို့သော် ကျွန်ုပ်က မည်သို့မျှ မပြောဘဲ မသိကျိုးကျွံနေလိုက်ပါသည်။

ကျွန်ုပ်နှင့် အီဒိန်းတို့လည်း တစ်ဦး၏ လက်ကို တစ်ဦးချိတ်ပြီး အပျော်ကြူးနေသော စုံတွဲပမာ လမ်းမကြီးပေါ်၌ ဥဒဟိုသွားလာ အပျော်ကြူး

နေကြသော လူအုပ်ကြီးကြားမှ နည်းအမျိုးမျိုးဖြင့် ရှောင်ကာတိမ်းကာ ကွေ့ကာပတ်ကာ အလိုက်သင့် လျှောက်လာခဲ့ကြရာ၊ နောက်ဆုံး အက်တံခါးမကြီးအပါးသို့ ရောက်လာခဲ့တော့သည်။

ထိုအခါ အက်တံခါးမကြီးကို ပိတ်ထားပြီး တံခါးမကြီးရှေ့တွင် ဒိုင်းနှင့်ဓားများကို အသင့်ကိုင်ထားသော ချပ်ဝတ်တန်ဆာအပြည့်အစုံနှင့် ရောမစစ်သည်တော်တစ်စု စောင့်ကြပ်နေသည်ကို တွေ့ရပါသည်။

ထိုအခါ အီဒိန်းက

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲရှင်"ဟု စိုးရိမ်တကြီး မေးလိုက်ရာ ကျွန်ုပ်က

"မင်းသမီးလေး . . . ဒီနေရာမှာ ခဏရပ်စောင့်နေနော်။ ကျုပ်သွားပြီး ကြံလိုက်ဖန်လိုက်ဦးမယ်"ဟု ပြောကြားလိုက်သည်။

ထို့နောက် ကျွန်ုပ်လည်း လမ်းဘေးဈေးသည်တစ်ဦးထံမှ သေရည်ဘူးကို ဝယ်ကာ အက်တံခါးမကြီးရှိရာသို့ သေသောက်ကြူးတစ်ဦးပမာ ဒယိမ်းဒယိုင်လျှောက်သွားရာ ရောမစစ်သည်များလည်း မသင်္ကာသော မျက်လုံးတို့ဖြင့် လှမ်းကြည့်နေကြသည်။

ကျွန်ုပ်က လက်တွင်းရှိ သေရည်ဘူးကို အစောင့်စစ်သည်တော်တစ်ဦး၏ မျက်နှာနားကို အတင်းထိုးကပ်ပေးရင်း လျှာလေး အာလေးကြီးဖြင့်

"ဒီမှာ မိတ်ဆွေ၊ 'ဒိုင်ယာနာ'နတ်ဘုရား မယ်တော်ကြီးအတွက် ဟောဒါလေး တစ်ကျိုက်လောက် မော့စမ်းပါ"ဟု ပြောကြားလိုက်ရာ၊ အစောင့်စစ်သည်တော်က

"သွားစမ်း သေသောက်ကြူး၊ မင်းသေရည်ဘူးကို ယူသွားစမ်း"ဟု ငေါက်ငမ်းပါတော့သည်။

ထိုအခါ ကျွန်ုပ်က ထွက်မသွားဘဲ သေရည်ဘူးကို အတင်းထိုးထိုးပြီး ပေးနေရာ အစောင့်စစ်သည်တော်လည်း စိတ်မရှည်ဟန်ဖြင့် သေရည်ဘူးကို ဓားဦးဖြင့် ထိုးခွဲလိုက်ပါသည်။ ထိုအခါ ကျွန်ုပ်က

"မင်းဟာ လူထုပွဲတော်ကြီးကို စော်ကားတယ်။ ဖျက်ဆီးတယ်"ဟု ဟစ်အော်ပြီး မလှမ်းမကမ်းရှိ သေရည်သောက်ရင်း ဝိုင်းဖွဲ့ထိုင်နေကြသော လူသိုက်ရှိရာသို့ ပြန်လျှောက်သွားပါသည်။ ထို့နောက် သေရည်ဘူးကို မြှောက်ပြရင်း

"ကြည့်ကြစမ်းပါဗျာတို့။ ကျုပ်ရဲ့ သေရည်ဘူးကို ရောမသတ္တိရှင် ရောမစစ်သည်တော်ကြီးက ဓားဦးနဲ့ ထိုးခွဲလိုက်ပါတယ်။ ဒါဟာ ကျုပ်တို့

လူထုပွဲတော်ကြီးကို ပျက်စီးအောင် ပြုလုပ်တာပဲ။ ကျုပ်တို့ကို စော်ကားလိုက်တာပဲ"ဟု ပြောကြားလျှောက်လိုက်ပါသည်။

ထိုအခါ သေရည်မူးနေကြသော ထိုလူသိုက်လည်း စိတ်လှုပ်ရှားသွားကြဟန်ဖြင့်

"ဟုတ်တယ်၊ မှန်တယ်၊ ဒါမတရားဘူး"စသည်ဖြင့် ဒေါသတကြီး ဟစ်အော်ပြောကြားတော့ရာ ကျွန်ုပ်က

"ကျုပ်တို့ လူထုပွဲတော်ရက်မှာ တံခါးမကြီးကို ဘာကြောင့် ပိတ်ထားရတာလဲ။ ဘာကြောင့် အစောင့်အကြပ်တွေ ချထားရတာလဲ။ ဒါဟာ နံပါတ်ငါးဆယ်ကို မြို့ထဲက ထွက်ခွာမသွားနိုင်အောင် မတရားသက်သက်ပြုတာပဲဖြစ်တယ်။ ဒီတော့ တံခါးမကြီးကို ဖွင့်ထားဖို့ ကျုပ်တို့တစ်တွေ ဆောင်ရွက်ရမယ်"ဟု ထပ်မံပြောကြားလျှောက်လိုက်ပါသည်။

ထိုအခါ သွေးကြွနေသော လူအုပ်ကြီးလည်း "ဟုတ်တယ်၊ မှန်တယ်။ တံခါးမကြီးကို ဘာကြောင့် ပိတ်ထားတာလဲ"ဟု ဒေါသတကြီး တစ်ယောက်တစ်ပေါက် အော်ဟစ်ကြသည်။ မိန်းမတစ်ယောက်ကမူ လူအုပ်ကြားမှ ရှေ့သို့ တိုးလာပြီး "ရှင်ပြောတဲ့ နံပါတ်ငါးဆယ်ဟာ အရီနာတိုက်ပွဲကြီးမှာ အောင်ပန်းသရဖူဆင်မြန်းသွားတဲ့ သူ့ရဲကောင်းမဟုတ်လား"ဟု မေးလိုက်ရာ ကျွန်ုပ်က

"ဟုတ်ပါတယ်၊ ဘုရင်ခံချုပ် ဖလာဗီးယပ်ဟာ နံပါတ် ငါးဆယ်ကြောင့် လောင်းကြေး ရှုံးရတယ်ဆိုပြီး နံပါတ်ငါးဆယ်ကို မကျေနပ်ဘူး။ ဒါကြောင့် နံပါတ်ငါးဆယ်ကို ဖမ်းဖို့ ကြိုးစားနေတယ်။ ဖမ်းမိရင် နံပါတ်ငါးဆယ်ကို သတ်ပစ်မှာ သေချာတယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ အပါးတွင် စုရုံးနေကြသော လူအုပ်ကြီးလည်း ဒေါသတကြီးဖြင့်

"အရီနာတိုက်ပွဲကွင်းကြီးမှာ အောင်ပန်းသရဖူ ဆင်မြန်းသွားတဲ့ သူ့ရဲကောင်းကို ဒီလိုလုပ်တာဟာ မတရားဘူး"

"လူထုပွဲတော်ရက်မှာ လူထုရဲ့ ဆန္ဒအတိုင်း လုပ်ပိုင်ခွင့်ရှိတယ်။ နံပါတ်ငါးဆယ် အဖမ်းမခံရအောင် အက်တံခါးမကြီးကို ကျုပ်တို့ ဖွင့်ပေးမယ်။ တံခါးကို သွားကြစို့ ရဲဘော်တို့"စသည်ဖြင့် အော်ဟစ်ပြီး အက်တံခါးမကြီးရှိရာသို့ အုပ်လိုက်စုပြီး သွားရောက်ကြပါတော့သည်။

ရောမလူထုကြီးကို ရောမအင်ပါယာများပင် ကြောက်ရွံ့ကြစမြဲဖြစ်လေရာ၊ ဤသို့ လူအုပ်အလုံးအရင်းနှင့် တက်လာသည်ကို မြင်တွေ့ရသောအခါ အစောင့်စစ်သည်တော်ကြီးလည်း အသင့်အနေအထားဖြင့် သတိကြီးစွာထားပြီး

စောင့်ဆိုင်းနေကြသည်။ မိမိတို့အပါးသို့ ကျွန်ုပ်တို့ လူအုပ်ကြီး ရောက်လာသောအခါ၊ အစောင့်စစ်သည်တော်တစ်ဦးက

"မင်းဟာ ကျုပ်ရဲ့သေရည်ဘူးကို ဓားဦးနဲ့ ထိုးဖောက်ပစ်ခဲ့တယ်။ ဒါဟာ ကျုပ်တို့ လူထုပွဲတော်ကို ဖျက်ဆီးလိုက်တာပဲ"ဟု ပြောကြားရင်း အစောင့်စစ်သည်တော်မျက်နှာကို သေရည်ဘူးဖြင့် တည့်တည့်ကြီး ပစ်ပေါက်လိုက်သည်။

အစောင့်စစ်သည်တော်မှာ သွေးဆူလွယ်သော လူရွယ်တစ်ယောက်ဖြစ်ဟန်ဖြင့် မိမိရဲမက်များဘက်သို့ လှည့်ကာ

"သေသောက်ကြူးတွေကို ဓားစာကျွေးလိုက်စမ်း သူငယ်ချင်းတို့"ဟု ဟစ်အော်ပြောကြားလိုက်ရာ၊ အစောင့်စစ်သည်များလည်း ဓားလွတ်များကို ကိုင်ရင်း ရှေ့သို့ တိုးလာပါတော့သည်။

ထိုအခါ ကျွန်ုပ်က ရယ်မောပြီး

"လမ်းဖယ်ပေးကြ ရဲဘော်တို့၊ မဟာ သူရဲကောင်းကြီးများအတွက် လမ်းဖယ်ပေးကြ"ဟု ပြောကြားလိုက်ရာ သေရည်မူးနေကြသော လူအုပ်ကြီးလည်း တအုန်းအုန်း ရယ်မောကြပြီး၊ လမ်းဖယ်ပေးကြသည်။ ဖယ်ပေးသည့်လမ်းအတိုင်း စစ်သည်တော်များ ဆက်လျှောက်လာရာ၊ လူအုပ်ကြီးလည်း ခေတ္တမျှစောင့်ဆိုင်းနေပြီးနောက်၊ စစ်သည်တော်များကို တစ်ပြိုင်နက် ဝိုင်းပြီး ပွေ့ဖက်ကြပါတော့သည်။ ထို့နောက် မိမိတို့ လက်တွင်းရှိ သေရည်ဘူးတို့ကို စစ်သည်တော်တို့၏ နှုတ်ခမ်းတွင် တေ့ပြီး အတင်းတိုက်ကြပါတော့သည်။

ထိုအခါ စစ်သည်တော်တို့လည်း အပျော်ကြူးနေသော လူအုပ်ကြီးကို မည်သို့ပြုမူရမှန်း မသိဟန်ဖြင့် ငေးကြောင်သွားပါသည်။ ထိုအခိုက်တွင် အစောင့်စစ်ဗိုလ်လည်း ရှန်းရင်းဆန်ခတ်နေရာသို့ ဒရောသောပါး ပြေးလာရာ၊ ကျွန်ုပ်ကို တွေ့မြင်သွားပါတော့သည်။ ထိုအခါ မျက်လုံးအပြူးသားနှင့်

"အောင်မယ် မင်းက ဒီမှာကိုး မပြေးနဲ့။ မင်းကို ကျုပ်ဖမ်းတယ်"ဟု ပြောကြားရာ၊ ကျွန်ုပ်လည်း မည်သို့မျှ မပြောကြားတော့ဘဲ မေးရိုးကို တအားကုန် စွတ်ထိုးချလိုက်ရာ ခွပ်ခနဲ မြည်သံကြီးနှင့်အတူ အစောင့်စစ်ဗိုလ်လည်း မြေကြီးပေါ်သို့ ဝိုင်းခနဲ လဲကျမေ့မျောသွားပါတော့သည်။

ထိုအခါ ကျွန်ုပ်လည်း ဆိုင်းငံ့ဖင့်နွှဲမနေဘဲ အီဒိန်းရပ်စောင့်နေရာသို့ တအားကုန်ပြေးသွားပြီး၊ အီဒိန်း၏ လက်ကို ဆွဲကာ အက်တံခါးမကြီးရှိရာသို့ ရှေ့ရှုပြေးသွားပါတော့သည်။ ထိုအခိုက်တွင် နှုတ်ကလည်း

"တံခါးကြီးကို ဖွင့်ကြဟေ့။ နံပါတ် ငါးဆယ် ထွက်ပြေးလွတ်မြောက်ဖို့ တံခါးကြီးကို အသင့်ဖွင့်ပေးကြဟေ့"ဟု ဟစ်အော်လှမ့်ဆော်လိုက်ပါသည်။

တံခါးမကြီးရှေ့တွင် အစောင့်တာဝန်ကျနေသော စစ်သည်တော်များမှာ အပျော်ကြူးနေသော လူအုပ်ကြီးနှင့် ထွေးလားလုံးလားဖြစ်နေသောကြောင့် တံခါးမကြီးတွင် အစောင့်စစ်သည်တော်များ ခေတ္တရှင်းနေပါသည်။ ထို့ကြောင့်လည်း လူအချို့လည်း တံခါးမကြီးကို အလွယ်တကူ ဖွင့်လိုက်နိုင်ကြပါသည်။ ဤသို့ဖြင့် အက်တံခါးမကြီး ပွင့်သွားပြီး တံခါးမကြီးရှေ့၌ လူအုပ်ကြီးပြည့်ကြပ်စုရုံးနေခိုက်တွင် မင်းသမီးလေး အီဒိန်းသည် လူအုပ်ကြားမှ အတင်းတိုးထွက်ကာ တစ်ဟုန်ထိုးထွက်ပြေးသွားပါတော့သည်။ ထို့နောက် အတန်ကြာသောအခါမှ ကျွန်ပ်လည်း လူအုပ်ကြီးကို တိုးဝှေ့ပြီး အီဒိန်း၏နောက်သို့ တအားကုန် ပြေးလိုက်လာနိုင်ခဲ့ပါသည်။

ထိုသို့ အက်တံခါးမကြီးမှ ကျွန်ပ်တို့ ထွက်ပြေး၍ အတန်ကြာသောအခါတွင် စစ်တံပိုး ခရာသံတို့ ကျည်ကျည်ကျာကျာ ထွက်ပေါ်လာပါသည်။ ထို့နောက် ရှန်းရင်းဆန်ခတ်ဖြစ်နေသော နေရာသို့ အကူအညီပေးရန် အမြန်ဆုံးလာရောက်သော ရောမအကူတပ်ကြီးသည် အက်တံခါးမကြီးသို့ ရောက်လာခဲ့ပါသည်။ ထိုအကူတပ်ကြီးနှင့်အတူ လေးသည်တော်များအပြည့်ပါလာသော ရောမစစ်ရထားနှစ်စင်းလည်း တစ်ဟုန်ထိုး မောင်းနှင်လိုက်ပါလာပါသည်။ ထိုရထားနှစ်စင်းအနက် ရှေ့ဆုံးမှ ရထားထက်တွင်ကား တပ်ပေါင်းမိုလ်ချုပ်တီတပ်ကိုယ်တိုင် မားမားမတ်မတ်ရပ်ရင်း အမိန့်အမျိုးမျိုး ထုတ်နေပါသည်။

အလွန်တရာ ပါးနပ်စဉ်းလဲလှသော တီတပ်လည်း အက်တံခါးကြီးပွင့်နေသည်ကို ကြည့်ပြီး 'ကျွန်ပ်တို့ ထွက်ပြေးလွတ်မြောက်သွားပြီဖြစ်ကြောင်း' ရိပ်စားမိရကား၊ စစ်ရထားနှင့် အပြင်းလိုက်ဖမ်းရန် ကြိုးစားအားထုတ်တော့သည်။ သို့သော် အက်တံခါးမကြီးရှေ့တွင် လူအုပ်ကြီး ပြည့်ညှပ်ပြွတ်သိပ်နေရကား ရုတ်တရက် မထွက်နိုင်ဘဲ ရှိနေပေသည်။ ထိုအခါ တီတပ်လည်း ခြေလျင်စစ်သည်တော်တို့ကို ကျွန်ပ်တို့နောက်သို့ အပြင်းလိုက်ဖမ်းရန် အမိန့်ပေးရုံမက၊ တံခါးရှေ့တွင် ပြည့်ညှပ်ပြွတ်သိပ်နေသော လူအုပ်ကြီးကို ငဲ့ညှာမနေတော့ဘဲ လူအုပ်ကြီးကို ဖြတ်ပြီး မောင်းနှင်ရန် ဒေါသတကြီး အမိန့်ပေးတော့သည်။

ဤတွင် ရထားမောင်းသမားတို့လည်း ရထားကို အပြင်းမောင်းတော့ရာ၊ လူအုပ်ကြီးလည်း အသက်ဘေးမှ ကင်းဝေးရန် ကြောက်လန့်တကြားဖြင့် ဘေးသို့ အလုအယက် ရှောင်တိမ်းပေးကြရတော့သည်။ မရှောင်နိုင်မတိမ်းနိုင်သော လူအမြောက်အမြားမှာမူ စစ်ရထားအကြိတ်ကို အလူးအလိမ့်ခံကြရပါသည်။

ကျွန်ပ်နှင့် အီဒိန်းတို့မှာ တစ်ဟုန်ထိုး ထွက်ပြေးလာသည့်အတွက် ခရီးအတော်ပေါက်လာခဲ့သော်လည်း 'ဤအတိုင်းသာ ဆက်ပြေးနေပါက စစ်ရ

ထားတို့ဖြင့် အပြင်းလိုက်လာသော တီတပ်၏ လက်တွင်းမှ မည်သည့်နည်းနှင့်မျှ လွတ်မည်မဟုတ်ကြောင်း သိရှိကြပါသည်။ တီတပ်၏ လက်တွင်းမှ လွတ်မြောက်နိုင်မည့် တစ်ခုသောနည်းမှာ မိုင်ဝက်အကွာတွင်ရှိသော ကာမူးလမ်းတောအုပ်ကြီးသို့ ရောက်အောင် ပြေးသွားပြီးတောအုပ်အတွင်း၌ ပုန်းအောင်းနေခြင်းသာ ဖြစ်တော့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တောအုပ်ကြီးရှိရာသို့ လမ်းကြောင်းပြောင်းပြီး ထွက်ပြေးကြရပြန်သည်။

ထိုအခိုက်တွင် တီတပ်ခေါင်းဆောင်လာသော စစ်ရထားနှစ်စင်းသည် အက်တံခါးမကြီးကို ဖြတ်ကျော်ကာ ကျွန်ုပ်တို့နောက်သို့ တစ်ဟုန်ထိုးမောင်းနှင်လာခဲ့ပေပြီ။ ထိုသို့ မောင်းနှင်ရာမှ တီတပ်၏ အမိန့်အရ လေးသည်တော်များသည် ကျွန်ုပ်တို့အား လေးများနှင့် လှမ်းပစ်ကြရာ ပြေးလွှားနေသော ကျွန်ုပ်တို့အပါးသို့ မြားတစ်စင်းပြီးတစ်စင်း လာစိုက်တော့သည်။

ကျွန်ုပ်တို့ကား အသက်ဘေးအတွက် အလွန်အမင်းစိုးရိမ်ထိတ်လန့်ရသော အခြေအနေဆိုးသို့ ရောက်လာခဲ့ပေပြီ။ ဤအတိုင်း ဆက်ပြေးနေ၍ မဖြစ်တော့ပြီ။ ထို့ကြောင့် ကျွန်ုပ်လည်း မုဆိုးအလိုက်ခံရသော သမင်မလေးကဲ့သို့ ကျွန်ုပ်၏ရှေ့မှနေ၍ တအားကုန်ပြေးလွှားနေသော အီဒိန်းအား

"မြောင်းဘက်ကိုပြေး။ မြောင်းဘက်ကိုပြေး"ဟု တအားကုန်ပြေးနေရာမှ လှမ်းပြီး သတိပေးလိုက်ရတော့သည်။

ထိုအခါ အီဒိန်းသည် ရှေ့သို့ တစ်ဟုန်ထိုးပြေးနေရာမှ မြောင်းဘက်သို့ လှည့်ပြီးပြေးပါတော့သည်။ မြောင်း၏တစ်ဖက်တွင် သစ်အယ်ခြုံများ၊ ပန်းနွယ်ခြုံများတို့ အထူအထပ်ပေါက်နေရကား မြောင်းတစ်ဖက်သို့သာ ကျွန်ုပ်တို့ ရောက်သွားပါက ကျွန်ုပ်တို့နောက်သို့ မည်သည့် စစ်ရထားမှ လိုက်နိုင်တော့မည်မဟုတ်ပေ။ စစ်ရထားများသာမက မြင်းသည်တော်များသည်ပင် လိုက်နိုင်တော့မည်မဟုတ်ပေ။

မင်းသမီးလေး အီဒိန်းလည်း မြောင်းရှိရာသို့အရောက် ပြေးသွားပြီးနောက် မြောင်းတစ်ဖက်သို့ ဖြတ်ကျော်တက်နေပါသည်။ ထိုအခိုက်တွင် ကျွန်ုပ်လည်း မြောင်းအနီးသို့ ရောက်လာခဲ့ပါသည်။ ထိုအခိုက်တွင် ကျွန်ုပ်တို့အပါးသို့ မြားတစ်စင်းပြီးတစ်စင်း ကျရောက်လာပါသည်။

ထိုသို့ တဖွဲဖွဲ ကျရောက်လာသော မြားများအနက် မြားတစ်စင်းသည် အီဒိန်း၏ နောက်ကျောကို ထိမှန်သွားပါတော့သည်။ ထိုအခါ အီဒိန်းသည် ကျောကော့သွားပြီးနောက် အရုပ်ကျိုးပြတ်ကျသွားဘိသကဲ့သို့ မြောင်းတစ်ဖက်တွင် ပုံလဲကျသွားတော့ သည်။

ကျွန်ုပ်လည်း လဲကျသွားသော အီဒိန်း၏အပါးသို့ တစ်ဟုန်ထိုး

ပြေးသွားပြီးနောက် အီဒိန်းကို ဆတ်ခနဲ ပွေ့ချီလိုက်ပါသည်။ အီဒိန်း၏ ဒဏ်ရာမှ သွေးတသွင်သွင် စီးဆင်းနေပြီး မျက်နှာမှာလည်း ဖြူဖျော့ အေးစက်နေသည်။

စိုက်နေသောမြားကို အမြန်ဆုံး နုတ်ပယ်ပြီး ဒဏ်ရာသွေးမထွက်အောင် အဝတ်စဖြင့် ချည်နှောင်ပေးဖို့ လိုအပ်ကြောင်းကို ကျွန်ုပ်ကောင်းစွာ သိပါ၏။ သို့သော် ထိုသို့ ပြုဆောင်နေပါက တပ်ပေါင်းဗိုလ်ချုပ် တီတပ်လက်တွင်းမှ လွတ်မြောက်တော့မည် မထင်ပါ။ ရန်သူ့လက်တွင်းသို့ သက်ဆင်းကျရောက်သွားမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်လည်း အီဒိန်းကို ပွေ့ချီထားရာမှ ဖင့်နွဲ့ဆိုင်းငံ့မနေတော့ဘဲ အနီးရှိ ပန်းနွယ်ခြုံများကို အတင်းတိုးဝှေ့ပြီး ဆက်လက်ပြေးလာခဲ့ပါသည်။

ဤသို့ ခြုံနွယ်ပင်များကို တိုးဝှေ့ပြီး ထွက်ပြေးလာခဲ့ရာ၊ နောက်ဆုံး၌ တောအုပ်ကြီးအစပ်သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုအခါ ကျွန်ုပ်လည်း ခလုတ်တိုက်မိပြီး အီဒိန်းကို ပွေ့ချီထားရင်း လဲကျသွားပါတော့သည်။ ထိုအခါ ကျွန်ုပ်လည်း လဲရာမှ ကုန်းရုန်းထပြီးလျှင် 'ကျွန်ုပ်တို့ ဖမ်းဆီးရန် ရောက်လာမည့် ရောမစစ်သည်တော်တို့ကို အစွမ်းကုန် တိုက်ခိုက်ပြီး အသေခံတော့မည်' ဟုလည်း ဆုံးဖြတ်ကာ မားမားမတ်မတ်ရပ်စောင့်နေလိုက်ပါသည်။ သို့သော် ကျွန်ုပ်တို့ကို ဖမ်းဆီးရန်အတွက် ရောမစစ်သည်တော်များ တစ်ဦးတစ်ယောက်မှပင် ရောက်မလာခဲ့ပေ။

ထိုအခိုက်တွင် အဟုန်ပြင်းစွာဖြင့် ဖြတ်မောင်းလာသော ရထားပေါင်းများစွာ၏ အသံကို ကြားရပါသည်။ ထိုရထားသံတို့ကား ကျွန်ုပ်တို့ကို ဖမ်းရန် လိုက်လာကြသော တီတပ်၏ ရောမရထားများအသံမဟုတ်ဘဲ၊ မင်းသမီးလေး ဒါဒရီခေါင်းဆောင်လာသော စစ်ရထားအသံသာ ဖြစ်နေပါသည်။ မင်းသမီးလေး ဒါဒရီသည် မိမိ၏ နောက်လိုက်နောက်ပါ အိုင်းရစ်များသာမက ကဲ့များ၊ အိုက်နီများပါ ဦးဆောင်ပြီးနောက် အထူးလေ့ကျင့်ပြင်ဆင်ထားသည့် စစ်ရထားများဖြင့် ကျွန်ုပ်တို့ကို ဖမ်းရန် ထွက်ခွာလာကြသော ရောမခြေလျင်စစ်သည်များကိုလည်းကောင်း၊ တပ်ပေါင်းဗိုလ်ချုပ် တီတပ် စီးနင်းဦးဆောင်လာသည့် ရောမရထားနှစ်စင်းကိုလည်းကောင်း အပြင်းအထန်တိုက်ခိုက်ချေမှုန်းနေလေပြီတကား။

ကျွန်ုပ်လည်း သွေးတသွင်သွင်ထွက်ကာ အားနည်းဖျော့တော့နေရှာသည့် အီဒိန်းကို ပန်းနွယ်ခြုံတစ်ခု နောက်သို့ ဆွဲသွင်းပြီးနောက် တိုက်ပွဲအခြေအနေကို လှမ်းမျှော်ရှုကြည့်လိုက်၏။

ထိုအခါ မင်းသမီးလေး ဒါဒရီ စီးနင်းနေသော ရထားဖြူကြီးသည်

ရှေ့တန်းစစ်မြေပြင်၌ တရိပ်ရိပ်ပြေးနေပြီး၊ နက်မှောင် သွယ်ပျောင်းသော ဆံပင်တို့ လေထဲ၌ တလူလူလွင့်နေသည်ကို လှမ်းမြင်ရသည်။ ထို့ပြင် မင်းသမီး ဒါဒရီဦးဆောင်တိုက်ခိုက်နေသော အထူးလေ့ကျင့်ပြင်ဆင်ထားသည့် စစ်ရထားတို့ကို ရောမခြေလျင်စစ်သည်တော်များက ထိရောက်အောင် တိုက်ခိုက်တွန်းလှန်နိုင်စွမ်းမရှိဘဲ ဗြိတိန်ကျွန်းသား တိုင်းရင်းသားလူမျိုးစု စစ်သည်တော်တို့၏ ဓားချက်လှံချက်အောက်တွင် အသက်ပျောက်သွားကြသည်ကို လှမ်းမြင်ရသည်။ အသက်မသေဘဲ ကျန်ရှိကြသော ရောမစစ်သည်တော်များလည်း (အက်တံခါးမကြီးသို့ နောက်ကြောင်းလှည့်ကာ ဆုတ်ခွာထွက်ပြေးသွားကြသော တပ်ပေါင်းဗိုလ်ချုပ် တီတပ်နည်းတူ) အက်တံခါးမကြီးရှိရာသို့ ကြောက်လန့်တကြား ထွက်ပြေးသွားကြသည်ကို လှမ်းမြင်ရသည်။

မင်းသမီးလေး ဒါဒရီတို့ လူစုလည်း ဆုတ်ခွာထွက်ပြေးသွားကြသော ရောမစစ်သည်တော်တို့နောက်သို့ လိုက်ပြီး တရကြမ်းတိုက်ခိုက် သုတ်သင်ကြရာ၊ လန်ဒီးနီးယမ်းမြို့တော်ကြီး၏ အဝင်တံခါးမကြီးဖြစ်သော အက်တံခါးမကြီး အနီး ရောက်လာသောအခါမှ မင်းသမီးလေး ဒါဒရီတို့လူစုလည်း ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ကြုံးဝါးပြီး နောက်ကြောင်းပြန်လှည့်လာခဲ့ကြသည်။

ကျွန်ပ်လည်း အောင်ပွဲခံလာခဲ့သော မင်းသမီးလေး ဒါဒရီတို့ လူစုရှိရာသို့ လျှောက်လာခဲ့ရာ၊ မင်းသမီးလေး ဒါဒရီလည်း ကျွန်ပ်ကို မြင်လျှင်မြင်ချင်း တစ်ဟုန်ထိုးပြေးလာပြီး ဝမ်းသာအားရပွေ့ဖက်ပါတော့သည်။ ထိုအခါ ကျွန်ပ်လည်း မင်းသမီးလေး ဒါဒရီကို တုံ့ပြန်ပွေ့ဖက်ပြီးနောက် မင်းသမီးကလေး အီဒိန်းကို ထားခဲ့သော ပန်းနွယ်ခြုံရှိရာသို့ ဆွဲခေါ်လာခဲ့သည်။

ပန်းနွယ်ခြုံသို့ ရောက်သောအခါ မင်းသမီးလေး ဒါဒရီလည်း အီဒိန်း၏ ဒဏ်ရာကို စေ့စေ့စပ်စပ်ကြည့်ရှုကာ အိတ်တွင်းမှ ဆေးမှုန့်တစ်မျိုးကို ထုတ်ပြီး ဒဏ်ရာပေါ်တွင် ဖြူးပေးလိုက်ပါသည်။ ထို့နောက် ကျွန်ပ်၏ အကူအညီဖြင့် ကျောတွင် စိုက်ဝင်နေသော မြားသွားကို ထုတ်ယူပြီးနောက် အဝတ်စတို့ဖြင့် ချည်နှောင်ပေးလိုက်ကြပါသည်။

ထို့နောက် မင်းသမီးလေး ဒါဒရီလည်း မိမိ၏ စစ်ရထားထက်၌ ကျွန်ပ်နှင့် အီဒိန်းကို တင်ဆောင်ပြီးနောက် ဘုရင်ကာရာနေ့တို့ လူစု တပ်စခန်းချရာသို့ ထွက်ခွာလာခဲ့ကြပါသည်။ ထို့နောက် မင်းသမီးလေး အီဒိန်းကို နောင်တော်ဘုရင် ကာရာနေ့၏ တဲနန်းတော်တွင်းသို့ ပွေ့ချီကာ ကုတင်တစ်လုံးပေါ်တွင် အသာတင်ပေးကြသည်။

ထို့နောက် ယဇ်နတ်ဆရာကြီးများလည်း အီဒိန်း၏ ကုတင်ကို ဝိုင်းရံကာ မားမားမတ်မတ်ရပ်ကြပြီးလျှင် ကျန်းမာစေကြောင်း ဆုတောင်းဂါထာများကို ခပ်တိုးတိုး ရေရွတ်နေကြသည်။

အီဒိန်းလည်း မျက်စိကိုမှိတ်ထားကာ အသက်မျှင်းမျှင်းရှူနေပေသည်။ အတန်ကြာသောအခါမှ မျက်စိကို အသာဖွင့်လိုက်ပြီး၊ ဘုရင်ကာရာနေ့အား

"အစ်ကိုတော်။ ကျွန်မရဲ့အသက်ကို မားကပ် ကယ်လာခဲ့ပါတယ်။ ကျွန်မကို ပိုင်ဆိုင်ဖို့အတွက် အရီနာတိုက်ပွဲကွင်းကြီးထဲမှာ လူငါးရာဟာ ကိုယ့်အသက်ကို မနှမြောကြဘဲ ပါဝင်တိုက်ခိုက်ခဲ့ကြပါတယ်။ အဲဒီ လူငါးရာအနက် မားကပ်တစ်ယောက်သာ အသက်မသေဘဲ ကျန်ပြီးအောင်ပန်းသရဖူကို ဆင်မြန်းနိုင်ခဲ့ပါတယ်"ဟု လေသံသဲ့သဲ့ဖြင့် ပြောကြားသည်။

ထိုအခါ ဘုရင်ကာရာနေ့က

"မောနေမယ် ညီမတော်။ အသာမှိန်းနေပါ"ဟု ပြောကြားလိုက်ရာ၊ မင်းသမီးလေး အီဒိန်းလည်း မျက်စိကို ပြန်မှိတ်လိုက်ပြီး အသက်ကို မျှင်းမျှင်းလေး ရှူနေရှာသည်။ မင်းသမီးလေး အီဒိန်း၏ အသက်ရှင်ရေးသေရေးကား မရေရာသေးပါတကား။

## ၂၀
## ကံကြမ္မာ လမ်းဆုံ

ထိုအခိုက်တွင် ကျွန်ုပ်တို့ တပ်စခန်းမှနေ၍ ရောမစစ်သည်တော်တို့၏ တံပိုးခရာသံတို့ကို ခပ်သဲ့သဲ့ကြားနေရပေသည်။ လန်ဒီးနီးယမ်းမြို့တော်ကြီးရှိ ရောမစစ်သည်တော် အပေါင်းတို့လည်း ဗြိတိန်တိုင်းရင်းသား လူမျိုးစုတပ်မဟာကြီး၏ အင်အားနှင့် တိုက်ရည်ခိုက်ရည်ကို နဖူးတွေ့ဒူးတွေ့ တွေ့ကြုံသိရှိကြရပြီး ဖြစ်၍၊ ယခင်ကကဲ့သို့ အထင်မသေးဝံ့ရုံမက အလန့်ကြီးပင်လန့်နေကြတော့သည်။ လန်ဒီးနီးယမ်းတစ်မြို့လုံးလည်း ထိတ်ထိတ်လန့်လန့်လှုပ်လှုပ်ရွရွ ဖြစ်နေပေတော့သည်။

တပ်ပေါင်းဗိုလ်ချုပ် တီတပ်ဆိုလီနပ်လည်း ဒေါသအမျက်ချောင်းချောင်းထွက်နေကာ 'ဗြိတိန်တိုင်းရင်းသား လူမျိုးစုတို့အား နောင်ကျဉ်အောင်ဆုံးမပစ်မည်'ဟု ကြိမ်းဝါးရင်း လန်ဒီးနီးယမ်းမြို့တော်ရှိ စစ်သည်တော်တို့ကို စည်းရုံးကွပ်ကဲကာ စစ်ချီရန်အတွက် ပြင်ဆင်တော့သည်။ ထို့နောက် လန်ဒီးနီးယမ်းမြို့တော်၌ရှိသော ရောမတပ်မဟာ ၂ နှင့် တပ်မဟာ ၆ တို့သာမက၊ ခြေလျင်တပ်၊ မြင်းတပ်၊ လောက်လွှဲတပ်တို့ကို ပေါင်းစုပြီးလျှင် ကိုယ်တိုင်ဦးဆောင်ပြီး အက်တံခါးမကြီးက ချီလာခဲ့ပါသည်။

ထိုသို့ ရောမတပ်ကြီး ချီတက်လာလာချင်း ကင်းထောက်အိုက်နီမြင်းသည်တော်များလည်း ကျွန်ုပ်တို့ကို အကြောင်းကြားရန် ကဆုန်စိုင်းလာခဲ့ကြတော့သည်။

ထိုအခိုက်တွင် မင်းသမီးလေး အီဒိန်းက

"အစ်ကိုတော် . . . မားကပ်ဟာ ညီမလေးအတွက် အစွမ်းကုန်ဆောင်ရွက်ခဲ့ပါတယ်။ မားကပ်ကြောင့် ညီမလေးဟာ အရီနာတိုက်ပွဲကွင်းကြီးထဲမှာ အသက်မဆုံးရှုံးခဲ့တာပါ။ မားကပ်ကြောင့် ညီမလေးမှာ မားသမားကြီး ခရစ်ပတ်ရဲ့ ကျွန်မိန်းမတစ်ယောက်မဖြစ်ခဲ့တာပါ။ ဒါကြောင့် မားကပ်ကို အစ်ကိုတော် ကျေးဇူးတင်ထိုက်ပါတယ်။ တကယ်လို့ ညီမလေး မတော်တဆ သေဆုံးသွားရင်တောင် မားကပ်အပေါ်မှာ အပြစ်မယူထိုက်ပါဘူး"ဟု လေသံသဲ့သဲ့ဖြင့် ပြောကြားလိုက်သည်။ ထို့နောက် အတန်ကြာ ရပ်နားနေပြီးမှ ဘုရင်ကာရာနေ့၏ လက်ကို အသာဖျစ်ညှစ်ရင်း

"အစ်ကိုတော်ရယ်၊ မားကပ်ရဲ့အသက်ကို ရန်မမူပါဘူးလို့ ညီမလေးကို ကတိပေးပါလားရှင်"ဟု တိုးတိုးလေး ပြောကြားလိုက်သည်။

ထိုအခိုက်တွင် ဘုရင်ကာရာနေ့၏ ရှေ့တော်မှောက်သို့ ကင်းထောက်အိုက်နီမြင်းသည်တော်တစ်ဦး ရုတ်တရက် ဝင်ရောက်လာပြီး

"ရောမတပ်တွေ ချီတက်လာကြပါပြီ အရှင်၊ နောက်ဆုံးက ခြေလျင်တပ်နဲ့ လောက်လွှဲတပ်။ နောက်က လေးသည်တော်တပ်တွေပါတဲ့ ရထားတပ်။ ဒီလိုတပ်ခင်းပြီး ချီတက်လာကြပါတယ်"ဟု ဒရောသောပါး လျှောက်တင်လိုက်သည်။

ထိုအခါညီမတော် မင်းသမီးလေး အီဒိန်းအပါးတွင် ထိုင်နေသော ဘုရင်ကာရာနေ့သည် အီဒိန်းကို အမှတ်မရနိုင်တော့ဘဲ ထိုင်ရာမှ ဝုန်းခနဲခုန်ထလိုက်သည်။ ထို့နောက် တဲနန်းတော်အတွင်းမှ ဒေါကြီးမောကြီးပြေးထွက်ကာ ချီတက်လာသော ရောမတပ်ကြီးကို တိုက်ခိုက်ချေမှုန်းရန်အတွက် ဟာစ်အော်စီစဉ်ပါတော့သည်။

ချီတက်လာသော ရောမတပ်ကြီးကို ရင်ဆိုင်တိုက်ခိုက်ချေမှုန်းရန်အတွက် တိုင်းရင်းသား လူမျိုးစု တပ်မကြီးသည်လည်း ယခုအခါ၌ အသင့်ပြင်ဆင်နေရာယူထားကြပေပြီ။ ထိုတိုင်းရင်းသား လူမျိုးစုတပ်မကြီးကို ဘုရင်ကာရာနေ့၊ မင်းသမီးလေး အီဒိန်းနှင့် ကျွန်ပ်တို့သာမက ကျွန်ပ်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ဖူးသော ကင်တီးလူမျိုးစုခေါင်းဆောင် သူရဲကောင်း 'ဘရက်ဝင်း'၊ ဒူရိုထရိတ်တိုင်းရင်းသား လူမျိုးစုခေါင်းဆောင် 'အာဒူရ'၊ ပိုးဝစ်လူမျိုးစု ခေါင်းဆောင် 'လိုင်ဝယ်လင်'နှင့် 'မော်ဒရင်'၊ အက်ထရီဘိတ်လူမျိုးစုခေါင်းဆောင် 'အယ်ဗတ်'တို့ပါ ကြီးကြပ်ကွပ်ကဲ ခေါင်းဆောင်ကြသည်။

စစ်ချီကာနီးတွင် ဘုရင်ကာရာနေ့က

"ကျုပ်တို့ဟာ ရောမတွေကို စစ်ရထားတပ်နဲ့ အရင်တိုက်မယ်။ ပြီးတော့ ခြေလျင်တပ်နဲ့ လှံတပ်ကို ထပ်ကြပ်မကွာ စေလွှတ်ပြီး တိုက်ခိုင်း ချေမှုန်း

ခိုင်းမယ်"ဟု ပြောကြားစီစဉ်ရာ၊ ကျွန်ုပ်က ဘုရင်ကာရာနေ့၏ မျက်နှာကို စေ့စေ့ကြည့်ရင်း

"ဒီအစီအစဉ်အတိုင်း တိုက်လို့မဖြစ်ဘူး။ ဒီလိုတိုက်ရင် ရောမတွေ အနိုင်ရသွားနိုင်တယ်။ အကောင်းဆုံးကတော့ ခင်ဗျားရဲ့ လေးသည်တော်တပ်ကို တောအုပ်ထဲမှာ စောင့်ဆိုင်းခိုင်းထားပြီး ရောမတွေ အနားရောက်တာနဲ့ မြားမိုးရွာခိုင်းပါ။ ပြီးတော့ ခင်ဗျားရဲ့ ရထားတပ်နဲ့ လှံတပ်ကို တစ်ပြိုင်တည်း တိုက်ခိုင်းပါ"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့က လှောင်ပြုံးပြုံးရင်း

"ခင်ဗျား လေ့ကျင့် သင်ကြားပေးထားတဲ့ သံမဏိမြင်းသည်တော်တွေကကော။ သူတို့ကို ဝင်မတိုက်ခိုင်းဘဲ အလှသက်သက်ထားမလား"ဟု ခနဲ့လိုက်ရာ၊ ကျွန်ုပ်က

"အချိန်ကျတဲ့အခါမှာ ကျုပ်ရဲ့ သံမဏိ မြင်းသည်တော်တွေ ဝင်တိုက်ပါ့မယ်။ ဝင်မတိုက်ခင်မှာ စိတ်မပူပါနဲ့။ အဲဒီ သံမဏိမြင်းသည်တော်တွေကို ကျုပ်နဲ့ မင်းသမီးလေး ဒါဒရီကိုယ်တိုင် ဦးဆောင်မှာပါ"ဟု ဖြေလိုက်သည်။

ထိုအခါ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များလည်း 'ကျွန်ုပ်၏ စကားကို ထောက်ခံရမည်လော။ ဘုရင်ကာရာနေ့၏ စကားကို ထောက်ခံရမည်လော'ဟု တွေဝေငေးငိုင်နေကြသည်။ ရှေးယခင်က ရောမတို့နှင့် ရင်ဆိုင်တိုက်တိုင်း မရှုမလှရှုံးကြရသည့် အဖြစ်ကိုလည်း ပြန်ပြောင်းတွေးတော အမှတ်ရနေဟန်တူသည်။ ထိုအခိုက်တွင် မင်းသမီးလေး ဒါဒရီက

"ကျွန်မတော့ မားကပ်ရဲ့ စကားကို သဘောကျတယ်။ ကျွန်မရဲ့ စစ်ရထားတပ်ဟာ မားကပ်နဲ့အတူ တိုက်မယ်"ဟု ပြောကြားလိုက်ပြီး၊ ဘရက်ဝင်းကလည်း

"ကျုပ်တို့ ကင်တီလူမျိုးစုတပ်ကလည်း မားကပ်နဲ့အတူ တိုက်မယ်" ဟု ဝင်ရောက်ပြောကြားလိုက်သည်။

ထိုအခါ အခြားသော စစ်ခေါင်းဆောင်များကလည်း ကျွန်ုပ်၏စကားကို နှစ်သက်သဘောကျကြကြောင်း တစ်ယောက်ပြီးတစ်ယောက် ထောက်ခံပြောကြားနေရာ၊ ဘုရင်ကာရာနေ့လည်း အားမတန်၍ မာန်လျှော့ရသည့် အသွင်ဖြင့်

"ခင်ဗျား အကြံအတိုင်း လိုက်နာရင် ရောမတွေကို ကျိန်းသေနိုင်ပါ့မလား"ဟု မေးလိုက်ရာ၊ ကျွန်ုပ်က

"ကိန်းသေ နိုင်ရပါစေ့မယ်"ဟု ရဲရဲကြီး ပြောကြားကတိပေးလိုက်သည်။

ရောမခြေလျင်တပ်သည် လေးလေးမှနတ်မှန်ကြီး ချီတက်လာခဲ့ရာ၊ တောအုပ်အနီးသို့ ရောက်လာခဲ့ပေပြီ။ ထိုအခါ တောအုပ်အတွင်း၌ အသင့်စောင့်ဆိုင်းပုန်းကွယ်နေကြသော ဘုရင်ကာရာနေ့၏ လေးသည်တော်များသည်း တစ်ပြိုင်နက် ပစ်ခတ်ကြရာ၊ ရောမစစ်သည်တော်အမြောက်အမြား လဲကျသေဆုံးသွားတော့သည်။

ကျန်နေသော ရောမစစ်သည်တော်များမှာ တိုက်ပွဲအတွေ့အကြုံရှိသူများဖြစ်ရကား ချက်ချင်းပင် ကိုယ့်ကိုယ်ကို မြားမထိရလေအောင် ဒိုင်းကြီးများဖြင့် ကာကွယ်လိုက်ကြသည်။ ထို့နောက် ကြောက်လန့်တကြားဖြင့် မမြင်ရသော ရန်သူကို လှည့်ပတ်ရှာဖွေနေကြသည်။

ထိုအခိုက်တွင် ဘုရင်ကာရာနေ့၏ ရထားတပ်ကြီးသည် အဟုန်ပြင်းစွာဖြင့် မောင်းနှင်လာပြီး ရောမစစ်သည်တော်များကို လှံဖြင့် ထိုးကြသည်။ ဓားဖြင့်ခုတ်ကြသည်။ ထို့ပြင် လှံတပ်ကလည်း နောက်မှ ထပ်ကြပ်မကွာ အပြေးလိုက်လာပြီး ရောမစစ်သည်တော်များကို ဝင်ရောက်တိုက်ခိုက်ကြသည်။

ထိုအခိုက်တွင် ရောမစစ်ကူတပ်လည်း ထပ်မံရောက်ရှိလာရာ၊ ရောမတပ်ကြီးနှင့်တိုင်းရင်းသား လူမျိုးစု တပ်မကြီးသည်လည်း ပြင်းပြင်းထန်ထန် သူနိုင် ငါနိုင် အနိုင်တိုက်ကြပါတော့သည်။

အာဒူရ၊ မော်ဒရင်၊ လိုင်ဝယ်လင်၊ ဘရက်ဝင်း၊ အဲဗတ် စသော စစ်ခေါင်းဆောင်များသည်လည်း မိမိတို့လူမျိုးစုတပ်ကို ခေါင်းဆောင်ပြီး ရှုပ်ရှုပ်ချွံချွံ ရဲရဲဝံ့ဝံ့ပြန်ပြီး တိုက်ခိုက်နေရာ၊ တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာရုံမက အရှုံးအနိုင်လည်း မသေချာဘဲ ရှိနေတော့သည်။ ထိုအခိုက်တွင် ကျွန်ုပ်အထူးလေ့ကျင့် သင်ကြားပေးထားသော လက်ရွေးစင် သံမဏိ မြင်းသည်တော်များလည်း တိုက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲလိုဟန်ဖြင့် မရိုးမရွဖြစ်နေကြသည်။ ထို့ကြောင့် ကျွန်ုပ်၏ ဘေးရှိ မင်းသမီးလေး အီဒိန်းလည်း မနေသာတော့ဘဲ

"မောင်ရဲ့ သံမဏိ မြင်းသည်တော်တွေကိုကော ဝင်ရောက် မတိုက်နိုင်သေးဘူးလား"ဟု မေးပါတော့သည်။

ထိုအခါ ကျွန်ုပ်က

"အချိန်မတန်သေးပါဘူးကွယ်။ ရောမတွေကို နိုင်အောင် တိုက်ကြည့်ကြပါစေဦး"ဟု ပြောကြားလိုက်သည်။

ဤသို့ အချိန်ဆွဲထားလိုက်ခြင်းမှာ တိုက်ပွဲအတွေ့အကြုံနှင့် တိုက်ပွဲအကြောင်းကို တိုင်းရင်းသား လူမျိုးစု ခေါင်းဆောင်များရရှိပြီး သင်ခန်းစာရယူနိုင်စေလိုသောကြောင့် ဖြစ်သည်။ ယခုအချိန်၌ ကျွန်ုပ်၏ သံမဏိမြင်း

သည်တော်များ ဝင်တိုက်ပါက ကျွန်ုပ်ဘက်မှ အရေးသာမည်မှာ မုချ ကိန်းသေဖြစ်ပေသည်။ ထိုသို့ အလွယ်တကူ အောင်ပွဲရသွားပါက တိုင်းရင်းသား လူမျိုးစုစစ်ခေါင်းဆောင်တို့သည် ကိုယ့်ကိုယ်ကို အထင်ကြီးသွားပေတော့သည်။ ဘဝင်မြင့်သွားပေတော့မည်။ ထိုဘဝင်မြင့် ရောဂါဆိုးစွဲကပ်သွားပါက ဘဝရှေ့ရေး ပျက်စီးဆုံးရှုံးခြင်းကို ရင်ဆိုင်ရပေတော့မည်။ ထို့ကြောင့် ကျွန်ုပ်လည်း အချိန်ဆွဲကာ အခြေအနေကို စောင့်ကြည့်နေမိသည်။

အခြေအနေကား ကျွန်ုပ်ကြိုတင်မှန်းဆထားသည့်အတိုင်း ဖြစ်လာခဲ့ပေပြီ။ ရောမစစ်သည်တော်တို့က အရေးသာစ ပြုလာပြီး တိုင်းရင်းသား လူမျိုးစုတပ်မဟာကြီးက ရှုံးနိမ့်ကာ နောက်သို့ ဆုတ်၍ ဆုတ်၍ ပေးနေကြရပေပြီ။ ရှေ့သို့ တိုး၍တိုး၍တက်လာသော ရောမစစ်သည်တော်တို့ကို ဦးဆောင်ကွပ်ကဲနေသည့် တပ်ပေါင်းဗိုလ်ချုပ် တီတပ်ဆိုလီနပ်၏ မျက်နှာသည်လည်း အလွန်တရာ ဝမ်းမြောက် အားတက်နေဟန်ဖြင့် ပြုံးရွှင်နေပေသည်။

ထိုသို့ ရောမစစ်သည်တော်များ အရေးသာပြီး ရှေ့တိုးလာခိုက်တွင် ကျွန်ုပ်က လက်ပြအချက်ပေးလိုက်ရာ အထူးလေ့ကျင့်သင်ကြားထားသော သံမဏိမြင်းသည်တော်များလည်း တစ်ပြိုင်နက် ဟစ်အော်ကြွေးကြော်ကြပြီး လျှင် မြင်းများကို ကဆုန်စိုင်း အပြင်းစီးရင်း ရောမစစ်သည်တော်များကို လှံရှည်ကြီးများဖြင့် ဝင်ရောက်တိုက်ခိုက်ပါတော့သည်။ ရောမစစ်သည်တော်တို့၏ ချပ်ဝတ်တန်ဆာများလည်း ပြင်းထန်လှသော လှံချက်တို့ကို ခံနိုင်စွမ်းမရှိကြရကား သံမဏိမြင်းသည်တော်များ၏ လှံချက်ကြောင့် တစ်ယောက်ပြီးတစ်ယောက် အတုံးအရုံး လဲကျသေဆုံးသွားတော့သည်။ စစ်မြေတစ်ခွင်လုံးလည်း သွေးချောင်းစီးကာ သွေးတို့ဖြင့် ရဲရဲနီသွားပါတော့သည်။

ထိုအခိုက်တွင် ကျွန်ုပ်လည်း ရှေ့တူရူရှိ ရောမစစ်သည်တော်တို့ကို ဓားတစ်စင်းဖြင့် လမ်းရှင်းပြီးနောက် ကျွန်ုပ်နှင့် စာရင်း ရှင်းစရာရှိနေသော တပ်ပေါင်းဗိုလ်ချုပ် တီတပ်ရှိရာသို့ ဦးတည်လာခဲ့ပါသည်။ ထိုသို့ ကျွန်ုပ် သဲကြီးမဲကြီးလိုက်ရှာနေသည့် အဖြစ်ကို တီတပ်လည်း ရိပ်စားမိသွားပြီး မျက်နှာဖြူလျော့သွားပါတော့သည်။ ထို့နောက် အားတင်းလိုက်ပြီးလျှင် တီတပ်လည်း မြင်းဖြူကြီးကို ကျွန်ုပ်ရှိရာသို့ ဦးတည်ကာ တည့်တည့်ကြီး စိုင်းဝင်လာပါသည်။ ထို့နောက် ကျွန်ုပ်အား ဓားဖြင့် မိုးပြီး စလွယ်သိုင်း ခုတ်ချလိုက်ရာ ကျွန်ုပ်က ထိုဓားချက်ကို ရင်ညွန့်ခူးဓားကြီးဖြင့် အသာလေး ဖယ်ရှားလိုက်ရင်း

"ဟေ့ သူရဲဘောနည်းတဲ့ တီတပ်။ မင်းသာ သတ္တိမကြောင်ဘူးဆိုရင် ငါဟာ အိုက်နီတွေရဲ့ အဖမ်းကို ခံရမှာ မဟုတ်ဘူးကွ။ မင်းသတ္တိကြောင်ပြီး ကယ်ဖို့ မကြိုးစားတဲ့အတွက် ငါဟာ အိုက်နီတွေရဲ့ အဖမ်းကို ခံရတယ်။ ဒီ

အဖြစ်မျိုးကိုလည်း ကြုံရတယ်။ ဒီအတွက်ကြောင့် မင်းကို ငါဆုံးမရလိမ့်မယ်" ဟု ပြောကြားကာ ရင်ညွန့်ခူးဓားဖြင့် လည်မျိုကို ဖျတ်ခနဲ ထိုးထည့်လိုက်သည်။ တီတပ်မှာ ကျွန်ပ်ကဲ့သို့ ဓားရေးမကျွမ်းကျင်ရကား ကျွန်ပ်၏ ဓားချက်ကို အချိန်မီ မကာကွယ်နိုင်ရှာပေ။ ထို့ကြောင့် ကျွန်ပ်၏ ရင်ညွန့်ခူးဓားကြီးသည် တပ်ပေါင်းဗိုလ်ချုပ် တီတပ်၏ လည်မျိုကို ခွတ်ခနဲ စိုက်ဝင်သွားရာ၊ တီတပ်လည်း မြင်းဖြူကြီးပေါ်မှ အောက်သို့ လိမ့်ကျသွားပါတော့သည်။

ဤသို့ တိုက်ပွဲ၌ တပ်ပေါင်း ဗိုလ်ချုပ် တီတပ်ကျဆုံးသွားသည်ကို မြင်ကြရသောအခါ၊ ရောမစစ်သည်တော်များလည်း အကြီးအကျယ် စိတ်ဓာတ်ကျကာ နောက်သို့ ပြန်လည်ဆုတ်ခွာသွားကြပါသည်။ ထိုသို့ ဆုတ်ခွာသွားကြသော ရောမစစ်သည်တော်များကို ကျွန်ပ်၏ သံမဏိမြင်းသည်တော်များက ထပ်ကြပ်မကွာ လိုက်လံထိုးခုတ် တိုက်ခိုက်ကြပါသည်။ ထို့အတူ တိုင်းရင်းသား လူမျိုးစု စစ်ခေါင်းဆောင်များသည်လည်း မိမိတို့ လူမျိုးစုတပ်ကို ဦးဆောင်ပြီး ဝမ်းသာအားရ လိုက်လံတိုက်ခိုက်ချေမှုန်းကြပါသည်။

ထိုအခိုက်တွင် ကျွန်ပ်လည်း သွေးစွန်းနေသော ရင်ညွန့်ခူးဓားကြီးမှ သွေးတို့ကို ဝတ်ရုံဖြင့် သုတ်ပစ်လိုက်ပါသည်။ ထို့နောက် မင်းသမီးလေး ဒါဒရီကို စိတ်နှလုံး ပေါ့ပါးစွာဖြင့် လိုက်လံရှာဖွေနေမိပါသည်။

ဗြိတိန်ကျွန်းကား တိုင်းရင်းသား လူမျိုးစု တပ်မကြီးကား အောင်ပွဲရသွားခဲ့ပေပြီ။ ရှေးယခင့် ယခင်အခါကာလက ရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်တိုင်း မိမိတို့ကို တိုက်ခိုက်ချေမှုန်းပြီး အနိုင်ယူလေ့ရှိသော ရောမတပ်ကြီးကို တိုင်းရင်းသား လူမျိုးစု တပ်မဟာကြီးသည် ယခုအခါ၌ တိုက်ခိုက်ချေမှုန်းပြီး အနိုင်ယူနိုင်ခဲ့ပေပြီ။

အကယ်၍ ဘုရင်ကာရာနေ့က တိုင်းရင်းသား လူမျိုးစုတပ်မဟာကြီးကို ဦးဆောင်ပြီး လန်ဒီးနီးယမ်းမြို့တော်ကို ဝင်ရောက်တိုက်ခိုက်စီးနင်းပါက အလွယ်တကူပင် လက်ရသိမ်းပိုက်နိုင်သည့် အခြေအနေသို့ပင် ရောက်လာခဲ့ပေပြီ။

ဘုရင်ကာရာနေ့သာ အမြော်အမြင် အဆင်အခြင်ရှိပါက အခွင့်သာသည့်အခိုက်တွင် လန်ဒီးနီးယမ်းမြို့တော်ကြီးကို ဝင်ရောက်တိုက်ခိုက်ပြီး သိမ်းပိုက်လိုက်မည်သာဖြစ်ပါသည်။ ထို့နောက် ဗြိတိန်ကျွန်းရှိ တိုင်းရင်းသားလူမျိုးစုအားလုံးတို့၏ အရှင်သခင် 'မင်းဧကရာဇ်'အဖြစ် ကြေညာပြီး ရာဇဘိသိက်ခံလိုက်မည်ဖြစ်သည်။ ထို့ပြင် ကျွန်ပ်နှင့် မင်းသမီးလေး ဒါဒရီတို့ကို စုလျားရစ်ပတ်လက်ထပ်ပေးပြီး မိမိ၏ လက်ရုံးများအဖြစ် သိမ်းသွင်းလိုက်မည်သာ

ဖြစ်သည်။ ထို့နောက် ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီတို့ကို လက်ရုံးများအဖြစ် ကောင်းစွာအသုံးချပြီး မိမိ၏ အာဏာစက် ကြီးမားကျယ်ပြန့်အောင် ကြိုးစားမည်သာဖြစ်သည်။

သို့သော် ဘုရင်ကာရာနေ့ကား အမြော်အမြင် အဆင်အခြင်ရှိသော သူတစ်ယောက်မဟုတ်ပေ။ အမြော်အမြင် အဆင်အခြင်နည်းရုံမက၊ ဒေါသ အမျက်ကိုလည်း မထိန်းသိမ်းနိုင်ရှာပါပေ။

ကျွန်ုပ်တို့ အောင်ပွဲရသည့်နေ့၊ နေဝင်ချိန်တွင် မင်းသမီးလေး အိဒိန်းသည် မြားဒဏ်ရာကြောင့်ပင် သေဆုံးသွားခဲ့ရှာသည်။ ထိုအခါ ယဇ် နတ်ဆရာကြီး တဲတိန်းသည် ဝင်နေဆဲ နေမင်းဘက်သို့ လှည့်ပြီး ဂါထာမန္တာန် များ တတွတ်တွတ်ရွတ်ပြီး ဘဝကူးကောင်းအောင် ဆုတောင်းနေသည်။ ဘုရင် ကာရာနေ့လည်း ညီမတော် အိဒိန်း၏ အလောင်းဘေးတွင် ဒူးထောက်ထိုင် နေရာမှ ရှေ့တူရူသို့ ကြောင်ငေးကြည့်နေသည်။

ထိုနောက် အတန်ကြာသောအခါ ဘုရင်ကာရာနေ့လည်း ထိုင်ရာမှ ဆတ်ခနဲ ထပြီးလျှင် ကျွန်ုပ်ကို မီးတဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ ထို့နောက် အသံနက်ကြီးဖြင့်

"ကျုပ်ညီမတော် အိဒိန်းကွယ်လွန်သွားပြီ။ ဒီတော့ မင်းအသက်ကို ကျုပ်ချမ်းသာမပေးနိုင်တော့ဘူး။ အသေဆိုးနဲ့ သေအောင် ညှဉ်းပန်းပြီး သတ်ရ လိမ့်မယ်"ဟု ဟစ်အော်ပြောကြားရာ၊ ကျွန်ုပ်က

"ကာရာနေ့၊ ခင်ဗျားဟာ အသိဉာဏ်အဆင်အခြင်မရှိတဲ့ အရူး တစ်ယောက်ပဲ"ဟု ပြန်ပြီး ပြောကြားလိုက်သည်။

ထိုအခိုက်တွင်ပင် ဘုရင်ကာရာနေ့ထံမှ တန်ခိုးအာဏာကို ကျွန်ုပ် အလွယ်တကူ သိမ်းယူနိုင်သည့်အဖြစ်ကို ဖျတ်ခနဲ တွေးတောလိုက်မိသည်။

ကျွန်ုပ် အထူးလေ့ကျင့်သင်ကြားပေးထားခဲ့သော သံမဏိမြင်းသည် တော်များကား ကျွန်ုပ်အပေါ်၌ အထူးသစ္စာရှိပြီး ကျွန်ုပ်၏ စကားကို တစ်သဝေ မတိမ်းလိုက်နာကြမည့် သူများဖြစ်ကြသည်။ ထို့ပြင် မင်းသမီးလေး ဒါဒရီနှင့် နောက်လိုက်နောက်ပါ အိုင်းရစ်စစ်သည်တော်များသည်လည်း ကျွန်ုပ်ပြုမူ ဆောင်ရွက်သမျှကို လိုက်နာထောက်ခံကြမည်သာဖြစ်သည်။ ထိုအင်အားစုဖြင့် ကျွန်ုပ်သည် ဘုရင်ကာရာနေ့ထံမှ တန်ခိုးအာဏာကို အလွယ်တကူ သိမ်းယူ နိုင်ပေသည်။

သို့သော် . . . သို့သော် . . . ကျွန်ုပ်ကား တန်ခိုးအာဏာကို မက်မော သူမဟုတ်ပေ။ ရောမအင်ပါယာ၏အရှင်သခင် အဖြစ်ကိုပင် လိုလားတပ်မက် ခြင်း မရှိခဲ့ပါပေ။ ယခုကဲ့သို့ ကျွန်ုပ်လှုပ်ရှားပြုမူနေခြင်းမှာ ရာဇပလ္လင်ကို

လိုလားတပ်မက်သောကြောင့် မဟုတ်ပါပေ။ ကျွန်ုပ် မြတ်မြတ်နိုးနိုး ဖွဲဖွဲလန်းလန်း စုံစုံမက်မက် အလေးအနက် ချစ်ကြင်နေသော မင်းသမီးလေး ဒါဒရီနှင့် ပျော်ရွှင်ချမ်းမြေ့စွာ မကွဲမကွာ အတူတကွ ပေါင်းသင်းနေလိုသောကြောင့်သာ ဖြစ်ပါ၏။ ဤသို့ ကျွန်ုပ်တွေးတောဆင်ခြင်နေခိုက်တွင် ဘုရင်ကာရာနေ့က ကျွန်ုပ်ကို မုန်းတီးစက်ဆုပ်သောအကြည့်ဖြင့် စူးစူးဝါးဝါးစိုက်ကြည့်နေရာမှ

"မင်းရဲ့အသက်ကိုဘယ်နည်းနဲ့မှ ကျုပ်ချမ်းသာမပေးနိုင်ဘူး။ ကျုပ် ညီမတော် အီဒိန်းသေတာနဲ့ မင်းကိုလည်း သတ်ပစ်မယ်လို့ အရင်ကတည်းက ကျုပ် ပြောကြားခဲ့ဖူးတယ်"ဟု ဒေါသတကြီးပြောကြားရာ၊ မင်းသမီးလေး ဒါဒရီလည်း ကျွန်ုပ်အပါးသို့ ကပ်ပြီးလာရပ်ရင်း

"မားကပ်ဟာ ရှင့်ညီမတော် အီဒိန်းကို အသက်စွန့်ပြီး သွားရောက်ကယ်တင်ခဲ့ပါတယ်။ ရှင့်လက်ထဲကို အီဒိန်းရောက်တုန်းကလည်း အီဒိန်းဟာ အသက်မသေသေးပါဘူး"ဟု ဝင်ရောက်ပြောကြားသည်။

ထိုအခိုက်တွင်ပင် ကျွန်ုပ်က

"ဒီမှာ ကာရာနေ့၊ အခုအချိန်ဟာ ခင်ဗျားအတွက် အချိန်ကောင်းအခါကောင်းပဲ။ လန်ဒီးနီးယမ်းမြို့တော်ကို အခုချက်ချင်း ဝင်ရောက်သိမ်းပိုက်ပါ။ အခုချက်ချင်း ဝင်ရောက်တိုက်ရင် လက်တစ်ဆုပ်စာလောက်သာ ကျန်ရှိတော့တဲ့ ရောမစစ်သည်တော်တွေဟာ ခင်ဗျားတို့ကို ခုခံတွန်းလှန်နိုင်မှာ မဟုတ်ပါဘူး။ ဒီတော့ လန်ဒီးနီးယမ်းမြို့တော်ကို ခင်ဗျားတို့ အလွယ်တကူ သိမ်းပိုက်နိုင်မှာ သေချာပါတယ်"

"လန်ဒီးနီးယမ်းမြို့တော်ကို သိမ်းပိုက်ပြီးတဲ့အခါမှာ ဘုရင်ခံချုပ် ဖလာဗီးယပ်နဲ့ ဘုရင်ခံချုပ်ကတော် ကော်နီလီယာတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ပါ။ ပြီးတော့ ဗြိတိန်ကျွန်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေကို စည်းလုံးပြီး အင်အားတောင့်တင်းကြံ့ခိုင်အောင် ပြုစုပျိုးထောင်ပါ။ **ဆက်ဆွန်**တွေဟာ ဗြိတိန်ကျွန်းကြီးကို မကြာခင်မှာပဲ လာပြီးတိုက်ကြပါလိမ့်မယ်။ အခုတည်းက ခင်ဗျားတို့ တိုင်းရင်းသားလူမျိုးစုတွေ သွေးစည်းညီညွတ်ပြီး အင်အားတောင့်တင်းကြံ့ခိုင်အောင် ပြုစုပျိုးထောင်ထားကြရင် ဒီလို ဆက်ဆွန်တွေ လာတိုက်တဲ့အခါမှာ ခင်ဗျားတို့တစ်တွေက ဆက်ဆွန်တွေကို အလွယ်တကူ တွန်းလှန် ဖယ်ရှားပစ်နိုင်ပါလိမ့်မယ်။ ကိုယ့်တိုင်းကိုယ့်ပြည်ကို ကာကွယ်နိုင်ပါလိမ့်မယ်။ ကိုယ့်လွတ်လပ်ရေး မပျောက်ပျက် မဆုံးရှုံးရအောင် ထိန်းသိမ်းနိုင်ပါလိမ့်မယ်"ဟု အကျယ်တဝင့် ပြောကြားလိုက်သည်။

ဤသို့ ပြောကြားလိုက်ခြင်းမှာ စေတနာကောင်းဖြင့် ပြောကြားလိုက်ခြင်းသာ ဖြစ်ပါ၏။ ရောမအင်ပါယာကြီးမှာ ပျက်စီးကာ ယိုယွင်း ဟောင်းနွမ်း

နေပြီ။ ရောမအင်ပါယာကြီးတစ်ခုသည် မကြာမီပေါ်ပေါက်လာရတော့သည်။ ထိုအင်ပါယာကြီးကို စတင်ထူထောင်သူအဖြစ် ကမ္ဘာ့သမိုင်း ရာဇဝင်တွင် အမွှည်းမော်ကွန်း ထိုးခြင်းခံရလေအောင် ဘုရင်ကာရာနေ့အား ကျွန်ုပ်က လမ်းခင်းပေးခြင်းသာ ဖြစ်ပါ၏။ နေရာပေးခြင်းသာဖြစ်ပါ၏။

ရောမရွှေမြို့တော်ကြီးသည် အနောက်ဂေါလ်လူမျိုးတို့၏ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခြင်းကို မကြာမကြာ ခံနေရသည်။ ထို့နည်းတူပင် ဤဗြိတိန်ကျွန်းကြီးကိုလည်း ဂျူများ(Jutes) နှင့် ဆက်ဆွန်များသည် မကြာမီ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးကြပေတော့မည်။ ဗြိတိန်ကျွန်းရှိ တိုင်းရင်းသားလူမျိုးစုများသာ တပေါင်းတစည်း သွေးစည်းညီညွတ်နေပါက ထိုသို့ ဂျူးများနှင့် ဆက်ဆွန်များဝင်ရောက်တိုက်ခိုက်ဖျက်ဆီးချိန်တွင် အလွယ်တကူ တိုက်ခိုက် မောင်းထုတ်နိုင်မည်သာဖြစ်သည်။ ကိုယ့်တိုင်းပြည် ကိုယ့်လွတ်လပ်ရေးတည်တံ့ခိုင်မြဲအောင် မဆုံးရှုံးရလေအောင် ကာကွယ်စောင့်ရှောက်နိုင်မည်သာဖြစ်သည်။

လွတ်လပ်ရေးဆုံးရှုံးမည်ကို ကြောက်ရွံ့သောကြောင့် အီဂျစ်သူမိန်းမလှလေး 'မီနာ'သည် အဆိပ်သောက်ကာ အသက်စွန့်စားခဲ့သည်။ လွတ်လပ်ရေးကို မြတ်နိုးသောကြောင့် မင်းသမီးလေး 'ဒါဒရီ'သည် ဇာတိချက်ကြွေ မွေးရပ်မြေကို စွန့်ခွာကာ ဤဗြိတိန်ကျွန်းကြီးဆီသို့ စွန့်စွန့်စားစား လာရောက်ခဲ့သည်။

**လွတ်လပ်ရေး။ လွတ်လပ်ရေး။ လွတ်လပ်ရေး။**

လွတ်လပ်ရေးကို လူတိုင်း မြတ်နိုးစုံမက်ကြရုံမက၊ လွတ်လပ်ရေး မဆုံးရှုံးရလေအောင်လည်း လူတိုင်း ကာကွယ်စောင့်ရှောက်ရမည့် ဝတ္တရားရှိပေသည်တကား။

တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်များလည်း ကျွန်ုပ်၏ စကားကြောင့် စိတ်လှုပ်ရှားသွားကြသည်။ နောင်အရေးကို တွေးပြီး တွေဝေငေးငိုင်သွားကြသည်။ အတန်ကြာသောအခါ ဒူရိုထရိတ် တိုင်းရင်းသား လူမျိုးစုခေါင်းဆောင်ကြီး 'အာဒူရ'လည်း ခေါင်းတဆတ်ဆတ် ညိတ်ပြီးနောက်

"မားကပ်ပြောတဲ့ စကားကို ကျုပ်တို့တစ်တွေ အလေးအနက် စဉ်းစားဆင်ခြင်ဖို့ ကောင်းတယ်။ ကျုပ်တို့တစ်တွေဟာ ကံကြမ္မာရဲ့ လမ်းဆုံကို ရောက်နေကြပြီလို့ ထင်တယ်။ ကျုပ်တို့ ရွေးတဲ့လမ်းဟာ လမ်းမှန်ဖြစ်ဖို့လိုတယ်"ဟု ပြောကြားလိုက်ပြီး၊ ပိုးစစ်လူမျိုးစုခေါင်းဆောင် 'မော်ဒရင်'ကလည်း

"မားကပ်အထူးလေ့ကျင့် သင်ကြားပေးထားတဲ့ သံမဏိမြင်းသည်တော်တွေကြောင့် ကျုပ်တို့ အောင်ပန်း ဆင်မြန်းနိုင်ခြင်းဖြစ်တယ်။ မားကပ်ရဲ့ ကျေးဇူးကို ကျုပ်တို့ မမေ့သင့်ဘူး"ဟု ဝင်ရောက်ပြောကြားသည်။

ထိုအခိုက်တွင် ကင်တီးလူမျိုးစုခေါင်းဆောင် 'ဘရက်ဝင်း'လည်း

ကျွန်ပ်သေးတွင် လာရပ်ရင်း "မားကပ်သေရင် ကျုပ်လည်း လိုက်သေမယ်"ဟု ပြောကြားလိုက်ရာ မင်းသမီးလေး ဒါဒရီကလည်း

"မားကပ်သေရင် ကျွန်မလည်း လိုက်သေမယ်"ဟု ပြောကြားလိုက်သည်။ ထိုအခိုက်တွင် မင်းသမီးလေး ဒါဒရီ၏ နောက်လိုက်နောက်ပါ အိုင်းရစ်များလည်း စစ်မြင်းရထားများကို မလှမ်းမကမ်းတွင် မောင်းနှင်နေရာမှ အခြေအနေကို စောင့်ကြည့် အကဲခတ်နေသည်။

ထို့အတူ ကျွန်ပ်အပေါ်၌ သစ္စာစောင့်သိကြသော သံမဏိမြင်းသည်တော်များလည်း လှံရှည်ကြီးများကို အသင့်ကိုင်ပြီး မလှမ်းမကမ်းမှ အသင့်စောင့်နေကြသည်။

ဘုရင်ကာရာနေ့လည်း အခြေအနေကို စောင်းငဲ့ အကဲခတ်ကြည့်လိုက်ရာ မိမိကို ထောက်ခံမည့်သူနည်း၍ ဆန့်ကျင်ကန့်ကွက်မည့်သူသာ များနေသည့်အဖြစ်ကို သိရှိသွားတော့သည်။ သို့သော် ကာရာနေ့မှာ မိမိ၏ စိတ်ဆန္ဒကို ချုပ်တည်းနိုင်စွမ်းရှိသူ မဟုတ်ရကား ခါးတွင်ချိတ်ဆွဲထားသည့် ဓားကို ဖျတ်ခနဲ ဆွဲထုတ်ပြီးလျှင် အသံနက်နက်ကြီးဖြင့် ဟစ်အော်ကြွေးကြော်ပြီး ကျွန်ပ်အား ထိုးစိုက်ချလိုက်ပါသည်။

ထိုအခါ သတိထားနေသော ကျွန်ပ်လည်း ကာရာနေ့၏ လက်ကောက်ဝတ်ကို ဖျတ်ခနဲ ဖမ်းဆုတ်လိုက်ပြီးလျှင် အသင့်ပင့်မြှောက်ထားလိုက်သော ဒူးနှင့် ဆတ်ခနဲ ရိုက်လိုက်ရာ၊ ဓားမြှောင်လည်း အောက်သို့ လွင့်ကျသွားပါသည်။ ဤတွင် ဒူရိုထရိတ်လူမျိုးစုခေါင်းဆောင်ကြီး အာဒူရလည်း ဓားမြှောင်ကို ကောက်ယူပြီး အဝေးသို့ လွှင့်ပစ်လိုက်ပါသည်။

ထိုအခိုက်တွင် ကျွန်ပ်က

"ကာရာနေ့၊ ခင်ဗျားဟာ ဒေါသအမျက်ကို ထိန်းနိုင်တဲ့သူ မဟုတ်ဘူး။ အမုန်းအတေးကို ဖျောက်နိုင်တဲ့သူ မဟုတ်ဘူး။ ကိုယ့်စိတ်ကိုကိုယ် ထိန်းနိုင်တဲ့သူမဟုတ်ဘူး။ ကိုယ့်ကိုယ်ကို မထိန်းနိုင်တဲ့သူဟာ ဘယ်နည်းနဲ့မှ သူတစ်ပါးကို မထိန်းနိုင်ဘူး။ မစည်းရုံးနိုင်ဘူး။ ဒါကြောင့် တိုင်းရင်းသား လူမျိုးစုတွေဟာလည်း ခင်ဗျားရဲ့ ခေါင်းဆောင်မှုအောက်က တစ်ယောက်ပြီး တစ်ယောက် စွန့်ခွာသွားကြလိမ့်မယ်။ ခင်ဗျားရဲ့ နောက်လိုက် နောက်ပါတွေဟာလည်း ခင်ဗျားကို ကြောက်ရွံ့ကြပြီး တစ်ယောက်ပြီးတစ်ယောက် စွန့်ခွာသွားကြလိမ့်မယ်"ဟု ပြောကြားလိုက်သည်။

ထိုအခါ ကာရာနေ့လည်း မည်သို့မှ ပြန်မပြောတော့ဘဲ ခေါင်းငိုက်စိုက်ချနေသည်။

ကာရာနေ့ကား ကံကြမ္မာက အခွင့်ပေး၍ အခွင့်ကောင်း အခါကောင်း

ကို ကြုံကြိုက်ခဲ့ပါလျက်နှင့် အခွင့်ကောင်းအခါကောင်းကို အမိအရ ဆုပ်ကိုင်အသုံးမပြုဘဲ လက်လွှတ်လိုက်သော သူမိုက်ပါတကား။ 'မည်သူမပြု၊ မိမိမှု' ဟူသော စကားအတိုင်း ကာရာနေ့၏ အပြုအမူကြောင့် ကာရာနေ့သည် ရရှိနိုင်သော တန်ခိုးအာဏာတို့ကို လက်လွှတ်ဆုံးရှုံးသွားရလေပြီတကား။

ကျွန်ုပ်နှင့် မင်းသမီးလေး ဒါဒရီတို့သည် ထိုနေ့ နေဝင်ချိန်တွင်ပင် တိုင်းရင်းသား လူမျိုးစု တပ်မဟာစခန်းမှ ထွက်ခွာလာခဲ့ကြသည်။ ထိုအခါ မင်းသမီးလေး ဒါဒရီ၏ နောက်လိုက်နောက်ပါ အိုင်းရစ်စစ်သည်တော်များအားလုံးသာမက ကျွန်ုပ်အထူးလေ့ကျင့်သင်ကြားပေးခဲ့သော သံမဏိမြင်းသည်တော်များအနက် လူတစ်ဝက်ကျော်ကျော်သည်လည်း ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာကြသည်။

ကျွန်ုပ်တို့လူစုလည်း အိုင်ယာလန်ကျွန်းကြီးဆီသို့ ကူးဖြတ်ရန် လွယ်ကူမည့် နယ်မြေဒေသကို ဦးတည်ပြီး ခရီးထွက်ခွာလာခဲ့ကြသည်။ ကျွန်ုပ်တို့အားလုံးပင် 'အိုင်ယာလန်ကျွန်းကြီး၌ သာယာချမ်းမြေ့သော ဘဝသစ်ကို ထူထောင်နိုင်ကြလိမ့်မည်'ဟု မျှော်လင့်ယုံကြည်နေကြသည်။

ထိုသို့ ခရီးဆက်ခိုက်တွင် မင်းသမီးလေး ဒါဒရီက ကျွန်ုပ်ကို ခပ်ပြုံးပြုံးကြည့်ရင်း

"မောင်ရေ။ ခင်တို့နဲ့အတူ လိုက်ပါလာတဲ့ လူသူလက်နက် အင်အားက အတော့်ကို များတယ်နော်။ ခင့်ရဲ့အစ်ကိုတော် အိုင်ယာလန်ပြည့်ရှင် ဒါထီကို အနိုင်တိုက်ပြီး နန်းချမယ်ဆိုရင်တောင် ရနိုင်လောက်တယ်"

ဟု ကျီစယ်လိုက်ရာ၊ ကျွန်ုပ်က

"အချစ်ရယ်။ မောင်ဟာ မင်းစကြာဇ်အဖြစ်ကိုတောင် မလိုလားမတောင့်တခဲ့ပါဘူးကွယ်။ ဒါကို အချစ် သိပါတယ်လေ"ဟု ပြန်လည် ပြောကြားလိုက်သည်။ ထိုအခါ မင်းသမီးလေး ဒါဒရီက ပြုံးပြီး

"ဒါဖြင့် ခင့်အသည်းနှလုံးရဲ့ မင်းစကြာဇ်အဖြစ်ကိုကော မောင်မလိုလားမတောင့်တဘူးလား"ဟု ထပ်မံမေးလိုက်ရာ၊ ကျွန်ုပ်က ပြုံးလိုက်ပြီး

"ဒါဒရီရယ် . . . အချစ်ရယ်။ အချစ်အသည်းနှလုံးရဲ့ မင်းစကြာဇ်အဖြစ်ကိုတော့ မောင် မလိုလားမတောင့်တဘဲ ရှိပါ့မလားကွယ်။ ဒါကို အချစ်သိပါတယ်လေ"ဟု စိတ်ရင်းအမှန်အတိုင်း အူလှိုက်သည်းလှိုက် ဖွင့်ဟပြောကြားလိုက်ပါသတည်း။

**အောင်ခန့်**